## လူထုချစ်သမျှ

# လူထုဦးလှ



www.myanmarcupid.net



# လူထုချစ်သမျှ လူထုဦးလှ

စာစီရိုက်သူ

ကိုဝက်ကြီး(Bigpig)

PDF Book Design – pcsp(SuuChit)

မြန်မာကျူးပစ်ဗိုရမ် – myanmarcupid.net

၂၅ – ၀၉ – ၂၀၀၈

(ပထမအကြိမ်)

www.myanmarcupid.net

# လူထုချစ်သမျှ လူထုဦးလှ

MMCP PDF Creater Group

မှတင်ဆက်သည်။

မြန်မာအီးဘုတ်ခ်အဖြစ်

ပထမအကြိမ်

၂၅ - ၀၉ - ၂၀၀၈

www.myanmarcupid.net

# နှုတ်ခွန်းဆက်လွှာ



ဒီနှစ် ဩဂုတ်လ ၇ရက်နေ့ဆိုယင် ဘဘလူထုဦးလှ ဆုံးတာ ၂၅ နှစ်ပြည့်ပါပြီ။ ဘဘရဲ့ မှန်ကန်တဲ့ စေတနာနဲ့ ရပ်တည်ချက်တွေကြောင့် လူထုရဲ့ အသည်းထဲမှာ ၂၅နှစ်မက နှစ်ပေါင်းရာထောင်ကြာအောင် သတိရနေကြဦးမှာပါ။ အခုလည်း ဘဘဆုံးပြီးစက ထုတ်တဲ့ "လူထုချစ်သမျှ လူထုဦးလှ" စာအုပ်လေး ကျူးပစ်က ညီအကိုမောင်နှမများ ဖတ်ကြရအောင် စာစီရိုက်တင်ပေးလိုက်ပါတယ်။

ကိုဝက်ကြီး

မြန်မာကျူးပစ်ဖိုရမ်

၀၇–၀၈–၂၀၀၇

www.myanmarcupid.net

# မာတိကာ


လူထုဒေါ်အမာ .......... ၁

တင်မိုး .......... ၁၈

ကြည်အောင် .......... ၃၁

ကိုလေး (အင်းဝဂုဏ်ရည်) .......... ၄၄

မောင်နွေထက် .......... ၅၀

ခင်ဆွေဦး .......... ၅၆

ဇဝန .......... ၇၀

မောင်မဲ .......... ၁၀၂

ဝင်းတင် .......... ၁၁၄

ကာတွန်းဦးဟိန်စွန်း .......... ၁၄၃

သခင်အောင်ဖေ .......... ၁၅၇

ကျော်ခေါင် .......... ၁၇၂

မောင်ထင် .......... ၁၉၁

တော်ဘုရားကလေး .......... ၂၀၁

ညိုမြ .......... ၂၂၁

မောင်ရဲ .......... ၂၃၉

ကလောင်ပျံ – ဦးဘကိုး .......... ၂၅၀

ပန်းချီ ဦးအုန်းလွင် ကာတွန်း ဖေသိန်း တင်ပြသည် .......... ၂၇၀


www.myanmarcupid.net

အုန်းမြင့် ............................................................ ၂၉၃
တက်တိုး............................................................ ၃၁၁
ဖွဲ့ဦးထွန်းရှိန် ........................................................ ၃၂၁
သုခ .................................................................. ၃၃၂
ဂါဒီယန် ဦးစိန်ဝင်း................................................ ၃၈၂
ဒဂုန်တာရာ ........................................................ ၃၈၆
သခ်ါ ................................................................ ၃၉၈
အုန်းမောင် (လေထီး).............................................. ၄၀၇
ပန်းချီ ဦးဘကြည် ................................................ ၄၃၃
မြသန်းတင့် ........................................................ ၄၄၁
ဝင်းဦး .............................................................. ၄၆၈
ကျော်ဇောနိုင် ...................................................... ၄၈၀
မောင်နေဝင်း...................................................... ၄၉၄
မောင်မိုးသူ ........................................................ ၅၁၃
မြန်မာ့လမ်းစဉ် ဦးစိန်ဝင်း........................................ ၅၂၆
မန်းနဲစံ (ဘားအံ)................................................ ၅၃၈
ကိုပညာ (အမရပူရ) .............................................. ၅၅၁
မောင်သာနိုး ........................................................ ၅၆၂
ဒေါက်တာ သန်းထွန်း.............................................. ၅၈၇

www.myanmarcupid.net

လင်းယုန်မောင်မောင် ........................................................ ၅၉၀
မောင်စွမ်းရည် ................................................................ ၆၁၆
ဦးထွန်းငြိမ်း ................................................................ ၆၅၈
မောင်သာရ ................................................................ ၆၆၆
တက္ကသိုလ် မောင်စောလွင် ........................................... ၆၈၆
ကေ ................................................................ ၇၀၄
ခင်မျိုးချစ် ................................................................ ၇၀၈
စိတ်ကြီးအောင် ................................................................ ၇၁၁

**This eBook is for the use of anyone anywhere at no cost. Commercial use of this book will be at your OWN RISK!**

www.myanmarcupid.net



# မွေးနေ့လက်ဆောင်

## လူထုဒေါ်အမာ

*အသက် ၇၄နှစ်ပြည့်တဲ့ ၇၅ ကြိမ်မြောက် သူ့မွေးနေ့မှာတော့ ဒီစာအုပ် ထုတ်ဝေမယ်။ သူ့မွေးနေ့ လက်ဆောင်ပဲ၊ သူ့အပေါင်းအသင်း ရောင်းရင်းတွေ ခင်မင်သူတွေ ရေးဘော်တွေရဲ့ မွေးနေ့လက်ဆောင်ပဲလို့ ကျွန်မက မှန်းထားမိပါတယ်။*

www.myanmarcupid.net

ကျွန်မတို့ မြန်မာအလေ့အထကတော့ ကိုယ့်မွေးနေ့ ရောက်ယင် ဥပုသ်သီတင်းဆောက်တည်တယ်။ သတိရှိယင် ကိုယ်အသက်ရှင်နေထိုင်ခဲ့တဲ့ နှစ်အတွင့် ရလာတဲ့ အသက်တာမှာ ဘာကောင်းမှု၊ ဘာကုသိုလ်တွေ များ ပြုခဲ့သလဲလို့ ပြန်လည်စဉ်းစားပွားများတယ်။ သေခြင်းတရား ဆိုတဲ့ မရဏာနုဿတိကိုလဲ တနေ့ဝင်လို့ တနေထွက်ယင် သေဘက်ကို တရက်နီးတာပဲရယ်လို့ ဆင်ခြင်တယ်။ ပေးကမ်းစွန့်ကြဲ လှူဒါန်းနိုင်တဲ့ အခြေ အနေရှိယင် ပေးတယ်၊ ကမ်းတယ်၊ ဆွမ်းကပ်တယ်၊ ဆွမ်းလောင်းတယ်ပေါ့။ မြန်မာမှာ မွေးနေ့ပွဲကျင်းပတယ်။ မွေးနေ့လက်ဆောင်ပေးတယ်ရယ်လို့ ထုံးစံမရှိဘူး။ ကျွန်မတို့ သမီးခင်ပွန်းလဲ ကိုယ့်မွေးနေ့တိုင်ယင် ဒီကနေ့ တော့ မွေးနေ့ပဲ။ ဒါမှမဟုတ် ဘယ်နေ့တော့ မြန်မာလိုမွေးနေ့၊ ဘယ်နေ့တော့ အင်္ဂလိပ်လို မွေးနေ့၊ ခု အသက် ဘယ်နှစ်နှစ် ပြည့်ပြီ စသဖြင့် တယောက်ကိုတယောက် အသိပေးပြီး ဥပုသ်စောင့်တယ်၊ ဆွမ်းလောင်းတယ်၊ ဆွမ်းကပ်တယ်၊ ဒီလိုလုပ်တာပါပဲ၊ တခါတလေ သားသမီးတွေတောင် သူတို့အမေအဖေ့ မွေးနေ့ကို သတိမထားလိုက်မိပါဘူး၊ ဒါကြောင့် သူကကျွန်မကို မွေးနေ့လက်ဆောင်ပေးတယ်ရယ်လို့လဲ မရှိစဖူးဘူး။ ကျွန်မက သူ့ကို မွေးနေ့လက်ဆောင်ပေးတယ်ရယ်လို့လဲ မရှိစဖူးဘူး။

www.myanmarcupid.net

အဲဒီလိုပြောလို့ မှသားမလွတ်ပဲနေမယ်။ တနှစ်တုန်းကတော့ ကျွန်မမွေးနေ့မှာ အလွတ်ကျက်ဖို့ ပါဠိဂါထာလေးတပုဒ်ကို ရေးပြီး မွေးနေ့လက်ဆောင်လို့ စာရေးပေးလာဖူးတယ်။ ကျွန်မလဲ ဒီဂါထာကလေးကို အိပ်ယာခေါင်းအုံးအောက်မှာ စာအိတ်ကလေးနဲ့ သိမ်းထားပါတယ်။ ခုတော့နှစ်တွေကြာလို့ ရှိမှရှိသေးရဲ့လားတောင်မပြောတတ်ဘူး။ ကျွန်မပြောချင် တာက ကျွန်မတို့မှာ မွေးနေ့လက်ဆောင်ပေးရိုးမရှိဘူးဆိုတာပါ။

သူမဆုံးခင်နောက်ဆုံးကြုံကြိုက်သွားရတဲ့ ကျွန်မမွေးနေ့ (အသက် ၆၆ နှစ်ပြည့်)တုန်းကတော့ ကျွန်မ သမီးအငယ်က "ရော့မေမေ့ဖို့တဲ့"ဆိုပြီး ပိုက်ဆံအိတ်တလုံး အဲဒီနေ့မှာ လာပေးတယ်။ "ဟဲ့–ဘယ်သူပေးတာလဲ၊ ဘယ်ကပေးတာလဲ" လို့မေးတော့ "ဖေဖေကပေးတာ၊ မေမေ့မွေးနေ့လက်ဆောင်တဲ့" လို့ ပြန်ဖြေပါတယ်။ ကျွန်မ ကလဲ ထူးထူးဆန်းဆန်းဖြစ်လို့ အံ့သြပြီး "နင့်အဖေက ဘာလုပ်တာလဲ"လို့ သမီးကိုမေးတော့ "ဖေဖေက နင့် အမေပေးဖို့ ပစ္စည်းတခုခု ဝယ်ခဲ့စမ်းလို့ စောစောကခိုင်းတယ်။ ကျွန်မက အဖေ့ရဲ့ ဒီနေ့ဥပုသ်နေ့ကြီး ဈေးမဖွင့် ဘူး။ ဘာဝယ်ချင်တာလဲ"မေးတော့ ဘာဖြစ်ဖြစ် ကောင်းကောင်းတခုခု မရှိရှိတာ ရှာဝယ်ခဲ့လို့ ပြောနေတယ်။ ဒါ့ကြောင့် မှောင်ခိုပစ္စည်းရှိတဲ့ ဆိုင်တဆိုင်မှာ သွားရှာတော့ ဒီပိုက်ဆံအိတ်ပဲတွေ့တယ်။ အဖိုးက များလိုက်တာ

www.myanmarcupid.net

တန်လဲမတန်ပါဘူးမေမေရယ်။ ကျွန်မက မတန်လို့ မဝယ်ချင်ဘူး။ ဖေဖေက ဝယ်သာဝယ်ခဲ့ဆိုလို့ ဝယ်ခဲ့ရတာ”လို့ ပြောပြပါတယ်။ ရွှေချည်နဲ့ ယက်ထားတဲ့ အဝတ်စနဲ့ချုပ်ထားတဲ့ လက်တွင်းကိုင် ပိုက်ဆံအိတ်ကလေးပါ။ ကျွန်မက ထူးထူးဆန်းဆန်း သူဘာစိတ်ဘာလက်ပေါက်လို့ ငါ့ကို ဒါပေးနေ တာပါလိမ့်လို့ အံ့ဩလိုက်မိပြီး ပြုံးမိသေးတယ်။ နောက်တော့ အော် ငါစိတ်ဆင်းရဲ ခဲ့ရတာတွေများလို့ စိတ်ချမ်းသာအောင်လို့များ အောက်မေ့လေသလားလို့ စဉ်းစား မိတယ်။ တခြား ထွေထွေထူးထူး ဘာမှမတွေးမိဘူး။ တကယ်ကတော့ ဒါဟာ သူနောက်ဆုံးကြုံရတဲ့ ကျွန်မမွေးနေ့ပါ။ ဒါကို သူလဲမသိ၊ ကျွန်မလဲမသိပေမယ့် သူ့မှာ အဲဒီလို မသိပဲနဲ့ သိသလိုလုပ်သွားတာတွေ တော်တော် များတယ်။ သူ့အကြောင်း ကျွန်မရေးတဲ့အခါ စုံစုံ ရေးပြပါဦးမယ်။ သူကကျွန်မကို အဲဒီလို မွေးနေ့လက်ဆောင် ပေးသွားခဲ့ပေမယ့် ကျွန်မကတော့ သူ့ကို ဘာတခုမှ မပေးမိပါဘူး။

ခုလိုဦးလှဆုံးသွားတော့မှသာ တသက်လုံးကအစဉ်အလာ ကိုဖျက်ပြီး ဦးလှအသက် ၇၄နှစ်ပြည့်တဲ့ ၇၅ကြိမ်မြောက် မွေးနေ့မှာ မွေးနေ့လက်ဆောင်တခု ပေးချင်နေမိတယ်လေ။ ကျွန်မပေးချင်တဲ့ လက်ဆောင်က ဦးလှကို ခင်မင်တဲ့မိတ်ဆွေ၊

www.myanmarcupid.net

ရေးဘော်ရောင်းရင်းတွေက ဦးလှအကြောင်း ဝိုင်းပြီးရေးကြတဲ့ ဆောင်းပါးတွေကို စုထုတ်မယ့် စာအုပ်တအုပ်ပါ။

ဦးလှသာ အသက်ရှင်လျက်ရှိသေးယင်တော့ သူ့မွေးနေ့မှာ သူကပုံပြင်စာအုပ်သက်စေ့ထုတ်ဖို့ ကြိုးစားမှာအမှန်ပါ။ သူက သူ့သက်စေ့ပုံပြင်တွေ ထုတ်သွားမယ်လို့ တကယ်ပဲကြုံးဝါးနေတာပါ၊ ခုသာရှိသေးယင် သူ့ ၇၅ကြိမ်မြောက်မွေးနေ့အထိမ်းအမှတ်အဖြစ်နဲ့ ကျွန်မက တစုံတရာ လှုသိရှင်ကြား လုပ်မယ်ဆိုယင်သူက သဘောကျမယ် မထင်ဘူး။ ဘာလို့လဲဆိုတော့ သူနဲ့ကျွန်မ နှစ်ယောက်စလုံး နားလည်ထားတာက သူ့အတွက်ရော၊ ကျွန်မအတွက်ပါ ကိုယ်ရေးကိုယ်တာကို ရေးကြီးခွင့်ကျယ် မလုပ်ထိုက်ဘူးလို့ သဘောရထားကြလို့ပါ။ သူအခု လို ရုတ်တရက် ဆုံးပါးသွားရတဲ့အခါ ကျန်ရစ်သူကျွန်မမှာ နှစ်ယောက် စီစဉ်ထားတဲ့ လုပ်ငန်းအစီအစဉ်တွေ ပျက်ကုန်တာမျိုး ရှိသလို၊ ကျွန်မတို့ရဲ့ အစဉ်အလာ ပျက်စီးတာတွေလဲ ရှိလာပါတယ်။

ဦးလှက ကျန်းမာရေးကို ဂရုစိုက်သူပါ။နို့ပေမယ့် လူကဝလာတော့ ဆီးချိုရောဂါရှိလာပါတယ်။ ဒီဆီးချိုရောဂါကို မျက်ခြည်မပြတ်ထားပြီး အစားအသောက်ကို အတတ်နိုင်ဆုံး ဆင်ခြင်ပါတယ်။ ဒါ့ကြောင့် အသက် ၇၀ ကျော်လာတော့ ကြုံရတဲ့အိုခြင်းဟာ အသက် ၆၀ ကျော်တော့

www.myanmarcupid.net

ကြုံရတဲ့ အိုမင်းခြင်းနဲ့မတူ၊ ပိုပိုပြီး အကျဘက်က များလာတာဖြစ်ပေမယ့် အသက် ၈၀ လောက်အထိတော့ နေရလိမ့်မယ်၊ အလုပ်အကိုင် (စာရေး တာမျိုး) များကိုလဲ လုပ်နိုင်လိမ့်ဦးမယ်လို့ သူကထင်ရှာတယ်။ ကျွန်မလဲထင်တယ်။ သူ့မှာ နှလုံးရောဂါမရှိဘူး။ သွေးတိုးလဲမရှိဘူး။ ဒါ့ကြောင့် နောက် ၄–၅နှစ်ဖြစ်မချည်း အလုပ်တွေလုပ်နေနိုင်မယ်လို့ တွက်ပါတယ်။ ဦးလှက ပရဟိတလုပ်ငန်းတွေကို အသက် ၇၅ နှစ်ရောက်ယင် လုံးလုံးလျှော့ပြီး စာရေးတာချည်း လုပ်တော့မယ်တဲ့လေ။ သူ့မှာ ပရဟိတအလုပ်တွေကလဲ တသက်လုံး လုပ်ခဲ့တာဆိုတော့ လျှော့တော့မယ် လျှော့တော့မယ် ဆိုပေမယ့် အမျှင်မပြတ်နိုင်တာလဲရှိ၊ သူက သံယောဇဉ် မဖြတ်နိုင်တာလေး တွေလဲ ရှိနေသေးတယ်။ ဒါ့ကြောင့် နည်းနည်းချင်းတော့ လျှော့နေရှာပါပြီ၊ နို့ပေမဲ့ လုံးလုံးမလုပ်ပဲ နေနိုင်မှာကတော့ ခုလောက်ကတဲကဖြတ်အုံး တော့ အသက် ၇၅ နှစ်လောက်မှပဲ ပြတ်လိမ့်မယ်တဲ့။

ဦးလှ အသက်၆၀ကျော်လာတော့ ကျွန်မတို့ နှစ်ယောက်စလုံးကိုပဲ သူများအကြောင်းတွေ ရေးတာလဲ ရေးပါ။ ကိုယ့်အကြောင်း ကိုယ့်အတ္ထုပ္ပတ္တိကိုလဲ ရေးကြပါတော့လို့ စာနဲ့တိုက်တွန်း၊ လူကိုယ်တိုင် တိုက်တွန်း တာတွေ ရှိလာပါတယ်။ ကျွန်မတို့ကလဲ တိုက်တွန်းဖန်များလာတော့

www.myanmarcupid.net

ရေးဖို့စိတ်ကူးမိပါတယ်။ ဦးလှ အသက် (၇၀)ကျော်တော့ ကျွန်မကပါတိုက်တွန်းလာပြီ။ ဒါ့ကြောင့်သူက သူ့အကြောင်း ရေးဖို့ အကြမ်းမျင်း ရာထားချက် ကလေးတွေ လုပ်နေပါပြီ။ နို့ပေမယ့် ပြီးမြောက်အောင်မြင် မသွားရှာဘူး။ ဒါ့ကြောင့် ခုများဖြင့် လူဆိုတာ ဘာကြီးကို ဘယ်လိုလုပ်လိုက်မယ်လို့ ဘယ်လောက်ပဲ စိတ်ကူးကြံစည်ကြုံးဝါးလို့ ထားထား၊ တကယ်ချပြီး လုပ်ပြီး ဖြစ်သွားမှ ဒီအလုပ် အကောင်အထည်ပေါ်ပြီး ကျန်ရစ်တယ်။ မဟုတ်ယင် သေရာပါသွားပြီး အလကား ဖြစ်ရတာပဲဆိုတဲ့ သင်ခန်းစာကြီးရနေပြီး အလုပ်တွေကို တွင်အောင်လုပ်ချင်တဲ့ လောဘထွက်လို့ချည်း နေပါ တော့တယ်။

ဦးလှမရေးဖြစ်ခဲ့တဲ့ သူ့အကြောင်းကို ကျွန်မရေးပါ လို့ဆောင်းပါးရှင် ကျော်ခေါင်နဲ့ မောင်မိုးသူတို့က ဒီစာအုပ်ထဲမှာ အတိအလင်း တိုက်တွန်းထားကြပါတယ်။ ဟုတ်ပါတယ်။ ကျွန်မရေးသင့်တာပေါ့။ တကယ် စဉ်းစားလိုက်တော့ ရေးလဲ ရေးရမှာပေါ့။ နို့ပေမယ့်....သူ့အကြောင်းရေးတယ်ဆိုယင် ကျွန်မနဲ့ သူနဲ့က ၄၃နှစ်လုံးလုံး ပေါင်းသင်းလာခဲ့ရုံမက နေရာပေါင်း တော်တော်များများမှာ နှစ်ကိုယ်တစိတ် ရှိခဲ့ကြတာမို့ သူ့ အကြောင်းဆိုပေမယ့် ကိုယ့်အကြောင်းတွေလဲ အများကြီး

www.myanmarcupid.net

ပါလိမ့်မယ်။ သူ့အကြောင်းရေးယင် ကိုယ့်အကြောင်း တောင်မှသီးခြားရေးဖို့ လိုမှလိုပါတော့မလားဆိုတဲ့အထိလဲ ရောက်သွားနိုင်တယ်။ ကျွန်မအခက်အခဲက ကိုယ့် အကြောင်းကို အလွန်အရေးနဲတဲ့ ကျွန်မတို့အဖို့ ရေးကြည့်လိုက်၊ ပြန်ဖြုတ်လိုက်၊ ရေးမယ်လို့စပြီးမှ ချုတ်တည်း မှုတွေကြောင့် မပီမပြည် ဖြစ်နေလိုက်ဆိုတဲ့ အခက်အခဲတွေလဲ ရှိလာပါတယ်။

နောက်ပြီး လူတယောက်အကြောင်း ရေးတာဆိုတာ အဲဒီလူ့အကြောင်းကို ရေးမယ့်လူက ကလပ်ပေါ် တင်ကြည့်လို့ဖြစ်ဖြစ် လက်ဝါးပေါ်ထားကြည့်လို့ဖြစ်ဖြစ်၊ အဖက်ဖက်က ခြုံငုံမိအောင် ကြည့်ပြီးမှရေးသလို ရေးရတာမျိုးကိုး။ ခု ဦးလှအကြောင်း ကျွန်မ ရေးတော့မယ် ဆိုတော့ ဦးလှက ကျွန်မနဲ့ နီးစပ်လွန်းအားကြီးလို့ သူ့ကိုတယောက်ထဲခွဲပြီး စေ့စေ့စုံစုံခြုံငုံမြင်ရတဲ့ အမြင်မျိုး ရအောင် မနည်းကြည့်ယူရပါအုံးမယ်။ ရမှရပါမလား လို့လဲ ပူပန်မိတယ်။ သူ့ရုပ်ပုံက ကိုယ်နဲ့နီးကပ်အားကြီး၊ ကိုယ့်အပေါ်မှာ လွှမ်းမိုးအားကြီးတာကိုး။

ဦးလှဆုံးပြီးစက ရေးဘော်မိတ်ဆွေတဦးက ကျွန်မကို ဦးလှအကြောင်းရေးပါတော့လို့ တိုက်တွန်း ပါတယ်။ ကျွန်မက ရေးဖို့နေနေသာသာ သူ့အကြောင်းရယ်လို့ ရင်ထဲ

www.myanmarcupid.net

ရောက်လာတာနဲ့ မျက်ရေ ပေါက်ပေါက် ကျလာရတဲ့အချိန်မျိုးမို့ ရေးလို့မဖြစ်နိုင်သေးပါဘူးလို့ ပြောတဲ့အခါ မျက်ရေနဲ့ပဲရေးပါ။ ဒါမှသာကောင်းမှာပါ လို့ သူကတိုက်တွန်းပြန်ပါတယ်။ ဒါလဲမဖြစ်နိုင်ပါဘူး။ ကျွန်မတို့မိတ်ဆွေ ဦးအေးကြည်က "ဒေါ်အမာ မခံနိုင် ဘူး၊ တငိုထဲငိုနေတာ သနားပါတယ်"လို့ ပြောပါသတဲ့၊ ဒီစကားအမှန်ပါ။ သူ့အကြောင်းရေးဖို့ ကျွန်မ အကြိမ်ကြိမ်စမ်းပြီးပါပြီ။ ကိုယ့်ရင်ထဲမှာ ဘောင်ဘင်ခတ်ရုံမက လှိုင်းတံပိုးကြီးတွေထနေတဲ့ ပရိဒေဝ သောက တန်းလန်းနဲ့ ဘာစာကောင်းမှ မထွက်နိုင်ပါဘူး။

ကျွန်မတို့ မြန်မာလူမျိုးက ချစ်တဲ့ခင်တဲ့ မိတ်ဆွေ တယောက် ရောဂါဝေဒနာတခုခုရတယ်ဆိုယင် ကိုယ် သောက်လို့ ပျော်ဖူးတဲ့ဆေး၊ သူများသောက်လို့ ပျောက်တယ် ကြားဖူးတဲ့ဆေးကို အဲဒီဝေဒနာသည် သောက် ပါလို့ ပေးကိုပေးချင်တယ်။ ဆေးမြီးတို၊ ဆေးမြီးရှည်၊ အင်္ဂလိပ်ဆေး၊ တရုတ်ဆေး၊ ကုလားဆေး၊ ပေးကိုပေးချင် တတ်ပါတယ်။ အဲဒါ ဒီလူမျိုးရဲ့ ချစ်စရာရော၊ မုန်းစရာပါ ရောထွေးနေတဲ့ အကျင့်တခုပါပဲ။ အဲဒီလိုပဲ၊ လူတယောက် သောကပရိဒေဝ တောက်လောင်နေတယ်ဆိုယင်လဲ ကိုယ်တတ်သလောက် မှတ်သလောက် တရားလေး ချလိုက်ချင်တယ်။ နေကိုမနေနိုင်ဘူး။ တရားစကားလေးတော့ ပြောလိုက်ရမှ။

www.myanmarcupid.net

ကျွန်မမှတ်မိနေသေး တယ်။ ကျွန်မတူမလေးတယောက် အရွယ်ကောင်းမှာ သားသမီး တအုပ်ကြီးနဲ့ မုဆိုးမဖြစ်ပြီး ကျန်ရစ်ရှာတော့ ကျွန်မကလူတတ်ကြီးလုပ်ပြီး "အလိုင်ရေ အားလဲမငယ်နဲ့၊ အားလဲမလျှော့နဲ့၊ ဒီကလေးတွေအားလုံး လူဖြစ် အောင် မွေးရမယ့် တာဝန်ကတော့ ကြီးသပေါ့။ နို့ပေမယ့် ကိုယ်တက်ရမယ့်တောင်ကို ထိပ်မော့မကြည့်နဲ့။ ရှေ့ တလှမ်းစာပဲကြည့်ပြီး ဖြည်းဖြည်းချင်းတက်ပေတော့"လို့ စာရေးပြီး နှစ်သိမ့်လိုက်တယ်။ စာရေးဆရာ တယောက်ရဲ့ စိတ်ကူးထဲ မြင်သလိုပေါ့လေ။

ဟော ကိုယ်မုဆိုးမဖြစ်ရတဲ့အချိန်ကျတော့ လား – လား ကိုယ့်မှာဥမမယ်စာမမြောက်သေးတဲ့ အရွယ် သားသမီးတွေလဲ မကျန်ရစ်ပါဘူး။ အားလုံးလူလားမြောက်ကုန်ကြပါပြီ။ ကိုယ့်နေရေးစားရေးကလဲ ဒီသားသမီး များ ရတတ်သမျှရှာကျွေးတာနဲ့ ဖြစ်တတ်သလို စားလို့ ရကောင်းပါတယ်။ နို့ပေမယ့် — နို့ပေမယ့်— နှစ်ယောက် တွဲပြီး စိတ်တူကိုယ်တူ ဘဝခရီးကို လျှောက်ခဲ့ကြတာက အကြာကြီးမို့ ခုလိုဖြုံးစားကြီး လက်တွဲဖြုတ်လိုက်တဲ့ အခါတော့ ဂယိမ်းဂယိုင် ဖြစ်သွားရုံမကပဲ ပြိုလဲကျန်ရစ်ပါတယ်။ နောက်ပြီး ကိုယ်တယောက်တည်း ဆက် လျှောက်ရမယ့် လမ်းကို ကြည့်လိုက်တော့လဲသူများအတွက် ကိုယ်ထင်ခဲ့တဲ့

www.myanmarcupid.net

တောင်တက်လမ်းမျိုး ဘယ်မှာဟုတ် လိမ့်မလဲ။ ကျွန်မတယောက်ထဲ ချောက်ကမ်းပါးပြတ်မှာ မတ်တတ် ရပ်နေရစ်ခဲ့ရတဲ့အဖြစ်၊ ကမ်းပါးပြတ် မတ် စောက်လိုက်ပုံကလဲ အထက်မော့ကြည့်လို့ မဖြစ်၊ အောက်ငုံ့မကြည့်ရဲ၊ လမ်းရယ်လို့မရှိ၊ ကမ်းရယ်လို့ မရှိတဲ့ ကျောက်ကမ်းပါးမှာ လက်နှစ်ဖက်ဆန့်ပြီး ကမ်းပါးပြတ်ကြီးကို ဖက်ရပ်နေရတဲ့ အဖြစ်လို ကြောက်ရွံ့ အားငယ် စရာ ကောင်းလိုက်တဲ့အမျိုး။ ဒီခရီးမျိုးကို ငါဘယ်ပုံဆက်လှမ်းနိုင်ပါ့မလဲလို့ တွေးတောင် မကြည့်ဝံ့တော့ဘူး။ ဒါ့ကြောင့် တန်ဟဲ့၊ နောက်များတော့ ငါဘယ်သူ့ကိုမှတရားမချ၊ တရားမပြတော့ဘူး။ ပြောတော့သာလွယ်တာ၊ ကြုံရတဲ့အခါတော့ ထွက်ပေါက် ဘယ်ရှာရမှန်းမသိဘူး။ သူများကို တရားချတတ်တဲ့ ငါ့အကျင့်ဖျောက်မှလို့ ပိုင်းဖြတ်မိတယ်။ ကိုယ်ကိုတိုင် ကြုံတွေ့ခံစားရတဲ့ အခါတော့ တကယ်ပဲမလွယ်ပါကလား။ အရင်ကတော့ ဘာကလေးမဆို တိုင်တိုင်ပင်ပင် သူမသိပဲ ကျွန်မဘာမှလုပ်လေ့မရှိသလို၊ ကျွန်မမသိပဲ သူဘာမှ မလုပ်ပါဘူး။ ဟောခုတော့ ငါ့လေ့ငါထိုး ပဲရိုး ရောက်ရောက်ဖြစ်ရပြီ။ ငါ့မြင်းငါစိုင်း စစ်ကိုင်း ရောက်ရောက်ပေါ့။

www.myanmarcupid.net

ဦးလှဆုံးပြီးတဲ့နောက် သူ့အသက် ၇၃နှစ်ပြည့်တဲ့ ဦးလှမွေးနေ့မှာတော့ ဦးလှရှိတုန်းကထဲက စီစဉ် ထားတဲ့ အလှူကိုဖြစ်မြောက်အောင် စိတ်ကိုတင်းပြီး လှူခဲ့ပါတယ်။ ဦးလှရဲ့ မွေးဇာတိရွာ ပုဇွန်မြောင်း (ညောင် လေးပင်နားက)မှာ သူ့မိဘတွေလှူထားခဲ့တဲ့ ဘုန်းကြီးကျောင်းက ဘုရားဆောင်တဆောင်ရှိပါတယ်။ ဒီဘုရား ဆောင်ကြီးက နှစ်ကာလကြာညောင်းလို့ ဆွေးတဲ့အပိုင်းကဆွေးနေပြီ။ ဒါကို ရပ်ရွာလူကြီးများက မိဘလက်ငုတ် အလှူကို ဦးလှတို့မိသားစုက ပြင်ဆင်လှူဒါန်းစေချင်သတဲ့။ ဒါ့ကြောင့် ဦးလှကို ဒီကိစ္စအကြောင်းကြားတဲ့အခါ ဦးလှက ကျွန်မသဘောကို မေးပါတယ်။ ကျွန်မက လှူကြတာပေါ့လို့ပြောတော့ ကျောင်းပြင်စားရိတ် ရွာက လူတွေကို ထုတ်ပေးလိုက်ပြီး အဲဒီကျောင်းဆောင်ပြင်ပြီးလို့ ရေစက်ချတဲ့အခါ ရွာကလူတွေကို “မင်းကျွေးချင် တယ်ဆိုတဲ့ မန္တလေးကြာဇံဟင်း ကျွေးကြတာပေါ့”လို့ ဦးလှက ပြောပါတယ်။ ကျွန်မကလဲ သူ့ရွာသွားပြီး ကြာဇံ ဟင်းတိုက်ကျွေးချင်တယ်လို့ သူ့ကို အခါခါပြောခဲ့ပြီး အခါအခွင့်ရှာနေတာမို့ ဒီလိုဆိုဟန်ကျတာပေါ့လို့ သူ့ကို ချက်ချင်းစကားပြန်ထားပါတယ်။ ကျောင်းစပြင်နေဆဲမှာ ဦးလှအနိစ္စရောက်သွားတာပါ။ ဒါ့ကြောင့် ကျွန်မက

www.myanmarcupid.net

ညောင်လေးပင်မှာရှိတဲ့ သူ့တူသားတွေကို ဦးလှရဲ့ မြန်မာလိုမွေးနေ့ တပို့တွဲလဆန်း ၁၀ ရက်နေ့မှာ ကျောင်းရေစက်ချနိုင်အောင် ပြင်ပေးကြပါလို့ မေတ္တာရပ်ရတယ်။ အချိန်မီပြီးရှာပါရဲ့။ ဒါ့ကြောင့် ဦးလှသူ့ရွာကို သွားချင် တဲ့ပုံစံအတိုင်း သားသမီးနဲ့ မြေးများကိုသာမက ကျွန်မအမ နဂါးဒေါ်ဦးနဲ့ ညီမဒေါ်တင်တင်တို့ကိုပါ ခေါ်သွားပြီး ပုဇွန်မြောင်းရွာမှာ သူ့အသက် ၇၃ နှစ်ပြည့်တဲ့ မွေးနေ့ကျောင်းရေစက်ချခဲ့ပါတယ်။ ဘုန်းကြီးတွေကို ဆွမ်းကပ်၊ ရွာသူရွာသားတွေကို ရွာလုံးကျွတ်မန္တလေးကြာဇံဟင်း မိုးဖြဲဒယ်နဲ့ ၂၇ ဒယ်ချက်ပြီးတိုက်ကျွေးခဲ့ပါတယ်။ ဦးလှ သာရှိယင် ဝမ်းပန်းတသာနဲ့ သူ့သူငယ်ချင်းတွေနဲ့ သူ့ရွာသူရွာသားတွေကို “စားကြကွာ၊ သောက်ကြကွာ”နဲ့ ဧည့်ခံပြီး တပြုံးပြုံးဖြစ်နေမှာကို မြင်ယောင်ယင်း ရေစက်ချ အမျှဝေခဲ့ပါတယ်။

အသက် ၇၄ နှစ်ပြည့်တဲ့ ၇၅ ကြိမ်မြောက် သူ့မွေးနေ့မှာတော့ ဒီစာအုပ် ထုတ်ဝေမယ်။ သူ့မွေးနေ့ လက်ဆောင်ပဲ၊ သူ့အပေါင်းအသင်း ရောင်းရင်းတွေ ခင်မင်သူတွေ ရေးဘော်တွေရဲ့ မွေးနေ့လက်ဆောင်ပဲလို့ ကျွန်မက မှန်းထားမိပါတယ်။ မွေးနေ့လက်ဆောင် စာအုပ်ဖြစ်ဖို့ချည်း လုံးပန်းနေတော့ သူ့ကိုချည်း သတိရနေ

www.myanmarcupid.net

တုန်းမှာပဲ နိုဝင်ဘာလထဲကတော့ ကျွန်မမွေးနေ့ တိုင်လာပါတယ်။ ဒါ့ကြောင့် ဟင်းဝယ်ပြီး သံဃာတွေကို အဲဒီ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့မနက်က သံဃိကဒါန ဆွမ်းလောင်းတယ်။ ဆွမ်းလောင်းပြီးတော့ ငါ့ အသက် ကနေ့ ၆၈ နှစ်ပြည့်ပြီ။ နောင် ဘယ်လောက်ကြာကြာနေရဦးမယ်မသိ။ သူများတွေ တချို့ ဒါလောက်မှ အသက်မရှည်ကြဘူး။ ငါမသေခင်ကျန်းမာတုန်း ငါလုပ်နိုင်သမျှ ခုပ်ထားခဲ့မှလို့ စဉ်းစားနေတုန်း မနက် ၁၀ နာရီလောက်မှာ ပန်းချီဦးဘရင်ကလေး ဂျစ်ကားတစီးနဲ့ ပေါက်လာပြီး ချိုင်းထောက်ကြီးနဲ့ ဆင်းလာပါတယ်။ သူ့နောက်ကလဲ တခြား ပန်းချီဆရာနှစ်ဦးက ဖုံးထားတဲ့ရုပ်ပုံကြီးကို မလို့။ ဒါဦးလှ ပုံတူဆီဆေးကားတဲ့။ သားသမီးအစုံအညီရှေ့မှာ ဖွင့်ကြည့်ဖို့တဲ့။ ဦးဘရင်ကလေးဆိုတာ ကမ္ဘာစစ်ကြီးပြီးစမှာ ဦးလှက လူထုဂျာနယ် စထုတ်မယ်ဆိုတော့ လူထုဆိုတဲ့ စာလုံးကိုရေးပေးတဲ့ ဦးလှရဲ့ အရင်းနှီးဆုံး ပန်းချီဆရာ တယောက်ပါ။ ကျွန်မ တို့လူထုစာလုံးဟာ ဦးဘရင်ကလေး စာလုံးပါ။

ဦးလှဆုံးတော့ ဦးဘရင်ကလေးက ဦးလှပုံကို သူဆွဲမယ်ဆိုပြီး ဦးလှဓါတ်ပုံ ၄–၅ပုံ ကျွန်မဆီက ယူသွားပါတယ်။ ဦးလှမှာ ပုံတူဆိုလို့ တပုံမှမရှိပါဘူး။

www.myanmarcupid.net

ဘယ်ပန်းချီ ဘယ်ကာတွန်းဆရာကမှ သူ့ပုံတူကို ဆွဲထားဖူးသည် မရှိဘူး။ သူအနိစ္စရောက်တော့ သူ့သူငယ်ချင်းနဲ့ ဆွေမျိုးစာရေးဆရာ ဦးသခ်ါက ပေးဖူးလွှာ မဂ္ဂဇင်းမှာ "သြော်–ကိုလှ"ဆိုတဲ့ဆောင်းပါးရေးတော့မှ ပန်းချီမှတ်သုန်က ဦးလှပုံတူတခုဆွဲပြီး ဖော်ပြလိုက်လို့ အဲဒီပုံတူဟာ ဦးလှရဲ့ ပထမဆုံး ပန်းချီပုံပါပဲ။

ဦးဘရင်ကလေးက ဦးလှကို ရုပ်တူအောင်ဆွဲဖို့တော့ လွယ်ပါတယ်။ ဒါပေမယ့် ဦးလှနေပုံထိုင်ပုံ၊ သူ့ ဟန်ပန်၊ သူ့အမူအကျင့်နဲ့ သူ့စိတ်နေစိတ်ထား ပေါ်လွင်အောင် ဒီပုံကို ကျွန်တော်အများကြီး ကြိုးစားပြီး ဆွဲထားတာပါတဲ့။ ဦးဘရင်ရဲ့ ပုံတူကြီးရောက်လာတော့ သမီးအကြီးကလဲ အလုပ်က မလာသေးဘူး။ သားအငယ်ဆုံးနဲ့ သမီးအငယ်ကလဲ ပုံနှိပ်စက်က မပြန်လာကြသေးဘူး။ ဒါ့ကြောင့် ပန်းချီဆရာရဲ့ ဆန္ဒအတိုင်း ကျွန်မ တယောက်ထဲမို့ မဖွင့်သေးပဲထားရတုန်း ဦးဘရင်ကလေးက သူဆွဲခဲ့တဲ့ပုံကို ကျွန်မကို ပြောပြနေပါတယ်။ ဓါတ်ပုံယူသွားပြီးတဲ့နောက် ၁နှစ်လောက်ကြာမှ ရောက်လာတဲ့ ပန်းချီကားပါ။ ဦးဘရင်လေးက ကျွန်မဆီက ယူသွားတဲ့ ဓါတ်ပုံတွေရယ်၊ သူ့ဆီမှာရှိတဲ့ ဦးလှပုံတွေရယ်၊ သူ့မျက်စိထဲက မှတ်မိနေပုံတွေရယ် ကိုပေါင်းပြီး ပထမ စကက်ချ်ခေါ်တဲ့ ပုံကြမ်းတွေထုတ်တယ်။



www.myanmarcupid.net

စိတ်တိုင်းမကျသေးသမျှ ဆုတ်ပစ်တယ်။ နောက်ဆုံးပုံကြမ်း ၂မျိုးစိတ်တိုင်းကျရတော့မှ ဦးဘီဟန်စိန်နဲ့ ဦးဘလှစိုးကို့ကို စံပြအဖြစ်နဲ့ အထိုင်ခိုင်းပြန်သတဲ့။ ဘီဟန်စိန်နဲ့ ဦးဘလှစိုးတို့က ဦးလှကို အားကစားသမား မဟုတ်ခဲ့တော့ ထိုင်သာခိုင်းရတယ် ကိုယ်လုံးကိုယ်ပေါက်ချင်း သိပ်မတူဘူးတဲ့။

ပန်းချီကားကို ပြီးခါနီးမှာ ရန်ကုန်က ပန်းချီဝသုန်၊ တင်လှဝင်းထင်၊ မောင်ကျော်ညွန့်၊ ဦးဘရင်လေးရဲ့ သားညိုဝင်း၊ မောင်မောင်သိုက်၊ မောင်ကျော်သောင်းစတဲ့ ပန်းချီဆရာတွေကို ခေါ်ပြသေးတယ်။ ဦးလှကို ရင်းရင်းနှီးနှီးသိကြတဲ့ သခင်လှကျွေနဲ့ ကိုအောင်ဘန်းတို့ကိုလဲခေါ်ပြတယ်။ ပြီးတော့ ကားကိုအဝေဖန်ခိုင်းတယ်။ မန္တလေးရောက်တော့လဲ ပန်းချီဆရာဦးအောင်ခင်၊ ဦးညိုလေး၊ ဦးကျော်မောင်၊ ဦးကျော်ညွန့်၊ ကိုဦး၊ မောင်အေးမောင်နဲ့ အပျော်တမ်း ပန်းချီဆရာ ကိုမောင်ကိုနဲ့ ကိုထွန်းဝေတို့ကို အကြည့်ခိုင်း၊ အဝေဖန်ခိုင်းခဲ့သေးတယ်။ ဦးလှပုံက လူပေါင်းများစွာ ကြည့်နေမှာ၊ ကားအပ်ပြီးမှ ဘာလိုတယ်ဆိုတာမျိုး မဖြစ်စေချင်လို့ အားမနာတန်း မြင်တဲ့အပြစ်ကို ပြောကြစမ်းပါလို့ ဖိတ်ခေါ်ခဲ့ အဝေဖန်ခံခဲ့ပါသတဲ့။

ဦးလှက နိုင်ငံရေးသမား ပုံစံမျိုးမဟုတ်ဘူး။ သူလုပ်တဲ့နိုင်ငံရေးက ငြိမ်းချမ်းဖို့၊ သာယာဖို့၊ ချစ်ကြည်



www.myanmarcupid.net

ရင်းနှီးကြဖို့၊ သူ့အတွင်းစိတ်က ငြိမ်းချမ်းရေးပဲ။ ဒါ့ကြောင့် ကျွန်တော်ပူတဲ့ အရောင်ကို မသုံးဘူး။ ခု ကျွန်တော် ဆေးပါးဆွဲထားတာ၊ ရေရှည်သုံးရအောင်လို့ တမင် ဒီလိုဆွဲတာဘဲ။ နိုင်ငံခြားကားတွေ ဆေးပါးဆွဲယင် ဒီထက်ပဲ ပါးသေးတယ်၊ ခုဆေးရောင်ဟာ နောက်တော့ တဖြေးဖြေးနဲ့ တက်လာလိမ့်မယ်လို့ ပြောပြနေပါတယ်။

သားသမီးတွေ အစုံရောက်လာတော့ လက်မ ၃၀× ၄၀၊ အရွယ်ကို ဘောင်သွင်းပြီး ယူလာတဲ့ သူ့ကားကြီးကို ဖွင့်လိုက်တဲ့အခါ စာတအုပ်ကို ပေါင်ပေါ်တင်ပြီး ဖွင့်ထားယင်း ကိုင်ထားတဲ့ ဦးလှရဲ့ ကိုယ်တ ပိုင်းပုံကြီး ပေါ်လာတယ်။ ကျွန်မရုတ်တရက် ဘာမှမပြောနိုင်ဘူး။ သူအသက်ရှိတုန်းက ကြည့်တတ်တဲ့ အကြည့် မျိုးနဲ့ ကြည်ကြည်လင်လင် ကြည့်နေတဲ့ သူ့မျက်နှာကိုပဲ အသက်မရှူမိပဲ ကြည့်နေမိတယ်။ ကြည့်ယင်းက ကျွန်မမွေးနေ့မှာ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာတဲ့ကားကြီးမို့ "မာရေ–ဒါမင့်မွေးနေ့လက်ဆောင်"လို့ သူရှိယင် ပြောလေမလားလို့ အောက်မေ့ပြီး ဟင်းကနဲ ပင့်သက်ကရှည်ကြီးတလုံး ချလိုက်မိပါတယ်။

လူထု ဒေါ်အမာ

www.myanmarcupid.net



# လွမ်းရိပ်ပုံလွှာ

## တင်မိုး

*မိုးတွေကရွာဆဲ။*

*ဩဂုတ်လ ဆန်းစမှာ*

*ကျွန်တော်နဲ့ မောင်စွမ်းရည်တို့*

*တက္ကသိုလ်စာကြည့်တိုက်မှာ–*

*ဦးလေးနဲ့ ဒေါ်ဒေါ်တို့ကို တွေ့လိုက်ရပါတယ်။*

www.myanmarcupid.net

(၁)

ဦးလေးနဲ့ မတွေ့ခင်

ဦးလေးရဲ့ 'ပန်းနဲ့စစ်သား'ကို တွေ့ရတယ်။

ဒုတိယကမ္ဘာစစ် ပြီးစကပေါ့။

(၂)

ဦးလေးနဲ့ မတွေ့ခင်

'လူထုသတင်းစာ'နဲ့ တွေ့ရတယ်။

ဦးလေးရဲ့ စာ၊ ဦးလေးရဲ့ ဓာတ်ပုံ

ဦးလေးရဲ့ ဘဝ

တစွန်းတစ သိရတယ်။

ဦးလေးကို ကျွန်တော်စိတ်ဝင်စားမိပါတယ်။

လွတ်လပ်ရေး ရအပြီးမှာပေါ့။

www.myanmarcupid.net

(၃)

ဦးလေးနဲ့ မတွေ့ခင်

ဒေါ်ဒေါ်ရဲ့ 'မြန်မာပြည်တွင် စစ်ဆေးခဲ့သော

အမှုအခင်းများ'နဲ့ တွေ့ရတယ်။

ဦးလေးဟာ ဒေါ်ဒေါ်ရဲ့ ဦးလေးမှန်း

ကျွန်တော် မသိခဲ့ပါဖူး။

သိတော့ ပိုစိတ်ဝင်စားမိပါတယ်။

ဦးလေးနဲ့ ဒေါ်ဒေါ်

နိုင်ငံ့အပေါ်မှာ တာဝန်ကျေကြပါကလား။

လက်တတွဲတွဲနဲ့

တသက်နွှမယ့် စာပေကြင်ဖော်ပါကလား။

ပီတိပွားခဲ့ရပါတယ်။

(၄)

ဦးလေးကို လှျပ်တပြက်မြင်ဖူးပြီ။

ဦးလေးဟာ ရုပ်ချောတယ်။

အသားဖြူတယ်၊ မွန်ရည်တဲ့ အသွင်ရှိတယ်။

နူးညံ့သိမ်မွေ့ပုံရတယ်။

စိတ်ထဲက ချစ်မိတယ်။

လှျပ်တပြက်ပါ။

လူထုတိုက် တံခါးဝမှာ –

မိတ်ဆက်ပေးစရာ မလိုပါ။

ကျွန်တော်က လမ်းပေါ်မှာ –

ဦးလေးမှန်း ကျွန်တော်သိပါတယ်။

ကျွန်တော်မှန်း ဦးလေးမသိနိုင်ပါ။

ကျွန်တော် ပျော်သွားတယ်။

www.myanmarcupid.net

"ငါ လူထုဦးလှကို မြင်ဖူးပြီ"လို့

ရွာကသူငယ်ချင်းတွေကို ပြောပြနိုင်ပြီ။

မမေ့နိုင်ပါ။ အာရုံထဲက မပျောက်နိုင်ပါ။

၁၉၅၀–ခုနှစ်က ရုပ်ပုံလွှာပါ။

(၅)

ဦးလေးဟာ ငယ်သေးတယ်။

ကျွန်တော်လည်း ငယ်သေးတာပေါ့။

ဦးလေးဟာ လူငယ်ပေမယ့် နာမည်ကဟိန်းလွန်းလို့

လုပ်ရပ်က ဟိန်းလွန်းလို့

ဦးလေးကို မြင်ဖူးရုံနဲ့ပဲ ကြက်သီးမွေးညှင်း ထမိတယ်။

ဦးလေးကို ကျွန်တော်ခင်နေပြီ။

ဦးလေးအကြောင်း၊ ဦးလေးသတင်း

ဦးလေးရဲ့ စာဆိုယင် စိတ်ဝင်တစား ပီတိပွားနေပြီ။

ဦးလေးရဲ့ လူထုသတင်းစာ

ဦးလေးရဲ့ လူထုဂျာနယ်

သံယောဇဉ် တွယ်နေပါပြီ။

(၆)

ဦးလေးရဲ့ လူထုဂျာနယ်ပြန်ထွက်စ

www.myanmarcupid.net

၁၉၅၀၊ ဩဂုတ်လထင်ပါ့။

ကျွန်တော်ကလဲ ကဗျာရေးစ

အမှတ်(၁)ကစပြီး ကဗျာပို့ခဲ့တယ်။

ဂျာနယ်ထွက်တော့ အပြေးကြည့်တယ်။

မပါပါ။ ကျွန်တော့်ကဗျာ မပါပါ။

ဂျာနယ်ကိုကြည့်တော့

လေးနက်တဲ့ ဝေဖန်စာတွေ –

လေးနက်တဲ့ ဆောင်းပါးတွေ –

ကမ္ဘာ့ရေးရာ၊ မြန်မာ့ရေးရာတွေ –

ကျွန်တော်လဲ အတော်တုန်သွားတယ်။

ကျွန်တော် ကဗျာသမား

ဘာကမှ နားမလည်ပါတကား။

အဆင့်အတန်း မြင့်လှပါတကား။

(၇)

ဘာပဲဖြစ်ဖြစ်ပေါ့

ကျွန်တော်ကတော့ ဖွဲ့မလျှော့

ဦးလေးတို့တိုက်ကို ကဗျာပို့မြဲ

ထည့်မယ် မထည့်မယ်လဲမသိ။

ပါ မပါလဲ မစဉ်းစား။

www.myanmarcupid.net

ခန့်ညားလေးနက်တဲ့ စာရွှေအိုးမှာ

ငါတိုးလို့ မလွယ်ပါလား။

ပါများ ပါယင်

ငါ့ကဗျာ လူရာဝင်ပြီလို့

ကိုယ့် အထင်နဲ့ ကိုယ် ပျော်ရွှင်နေမှာပဲ။

ဦးလေးရဲ့ လူထုဂျာနယ် အမှတ် (၁၃) မှာ

ကျွန်တော့်ကဗျာ ပါခဲ့ပါတယ်။

နောက်– ၂၅ မှာ ....

နောက် ....

နောက် ....

နောက် ....

လူထုရဲ့ ကဗျာဆရာဖြစ်လာရပါတယ်။

(၈)

ဦးလေးနဲ့ ကျွန်တော်တွေ့ရတယ်။

၁၉၅၇–ခုနှစ်မှာ –

ကိုမောင်မောင် (မန်နေဂျာ) က – –

တောကလာတဲ့ ကျွန်တော့်ကို

"ဘာကိစ္စရှိပါသလဲ"လို့ မေးတယ်။

ကျွန်တော်က "လူထုဦးလှနဲ့ တွေ့ချင်လို့" လို့

www.myanmarcupid.net

မရဲတရဲ ပြောမိတယ်။

ကိုမောင်မောင် စဉ်းစားပုံရတယ်။

တွေ့ပေးရ ကောင်းနိုးနိုး – –

ပြီးတော့ –

“ကိစ္စရှိယင် ကျွန်တော့်ကိုပြောခဲ့ပါ....

ကျွန်တော်ပြောပြပေါ့မယ်။ ဦးလေးစာရေးနေတယ်”တဲ့။

ကျွန်တော်က “ကိစ္စမရှိပါဘူး၊ ဦးလေးနဲ့ တွေ့ချင်တာ”

ကိုမောင်မောင်ဟာ အလွန်ယဉ်ကျေးရှာတယ်။

စဉ်းစားတယ်။ကျွန်တော့်ကို ထပ်လဲမမေးတော့ဘူး။

သူ့ဘာသာချိန်ဆပြီး ထိုင်ရာကထတယ်။

“ခဏနေနော်”တဲ့၊ ဦးလေး အခန်းထဲဝင်သွားတယ်။

ခဏကြာတော့ ပြန်ထွက်လာပြီး –

“ခဏစောင့်နော်”တဲ့။

ဦးလေးခများ အခန်းထဲကထွက်လာပြီ။

အားနာလိုက်တာ။ ကိုယ့်မှာက ပြောစရာစကားလဲမရှိ။

ဦးလေးဟာ သူ့ဧည့်သည်ကိုရှာတယ်။

တံခါးပေါက်ဝကို လှမ်းကြည့်တယ်။

ဦးလေးဟာ ကျွန်တော့်အနားမှာ။

ကျွန်တော်က ဦးလေးကိုမော့ကြည့်ပြီး စကားမဟ။

ဦးလေးက ကျွန်တော့်ကိုကျော်ပြီး သူ့ဧည့်သည်ကိုရှာ။

www.myanmarcupid.net

အားနာလိုက်တာ ဦးလေးရယ်။

အခန်းထဲမှာ၊ စာအုပ်တွေအနားမှာ

ကျွန်တော်ပဲ လူစိမ်းရှိတယ်။

သူ့ကိုတွေ့ချင်တဲ့ လူငယ် ဟုတ်ပုံမရဘူးလို့ ဦးလေးတွေးနေ

မိသလား။

ဦးလေးဟာ ဧည့်သည်မမြင်လို့ ပြန်ဝင်မလိုအလုပ်၊

ကိုမောင်မောင်လဲ ကြောင်ကြည့်နေရှာတယ်။

ပြီးမှ ကျွန်တော့ကို လက်ညှိုးညွှန်တယ်လို့ ထင်တယ်။

သည်တော့မှ–ဦးလေးဟာ ကျွန်တော့ကိုကြည့်မိပြီး–

"သြော်....ဦးလေးနဲ့ တွေ့ချင်တာ မင်းလား"တဲ့။

အသံက ချိုအေးလိုက်တာ၊ ရင်ထဲမှာ ရင်းနှီးသွားတယ်။

"ဟုတ်–ဟုတ်ကဲ့ပါ"

"ဘာကိစ္စရှိလဲကွဲ့"

"ဦး....ဦးလေးနဲ့ တွေ့ချင်လို့ပါပဲ....ကိစ္စ အထူးမရှိပါဘူး"

ဦးလေးဟာ ကျွန်တော့ကိုခွင့်လွှတ်တယ်၊ နားလည်တယ်၊

ကြင်နာတယ်၊ စာစာနာနာ ဆက်ဆံတယ်။

ပြုံးပြီး –

"အေး....အေး.....နောက်မှတွေ့ရ အောင်နော်....

ဦးလေးစာရေးစရာရှိသေးလို့....

အေး....အေး....နောက်လဲ လာခဲ့နော်"လို့

www.myanmarcupid.net

ယဉ်ကျေးဖွယ်ရာ ချိုသာတဲ့ အပြုံးရိပ်နဲ့

ဦးလေးဟာ သူ့အခန်းထဲ ပြန်ဝင်သွားခဲ့ပါတယ်။

ကျွန်တော်ပျော်တယ်။

ဦးလေးနဲ့ တွေ့ရပြီဗျာ။ တွေ့ဖူးပြီဗျာ၊ စကားပြောဖူးပြီဗျာ။

ပျော်ပြီပေါ့။

ကျွန်တော် ပေါ့ပါးစွာပြန်လာတယ်။

ကျွန်တော့ကို တက္ကသိုလ်လိုက်ပို့ဖို့ လိုက်လာတဲ့

ကျွန်တော့အဖေတည်းခိုရာ

ရွှေရေးဆောင်ကျောင်းတိုက်ကို ပြန်လာတယ်။။

တက္ကသိုလ်မသွားခင်

လူထုတိုက်ကိုဝင်ပြီး ကျွန်တော်ခင်တဲ့ ဦးလေးနဲ့တွေ့ခဲ့တယ်။

နောင်အခါ လူထုတိုက်ကိုလာ၊ ဦးလေးနဲ့ ဒေါ်ဒေါ်တို့နဲ့

ဆွေရင်းမျိုးရင်းလိုဖြစ်

အလွန် ချစ်ခင်ရင်းနှီးခဲ့ပါတယ်။

ဒါပေမယ့်

ဦးလေးနဲ့တွေ့ပြီး စကားတခွန်းမှ မပြောဖြစ်ခဲ့တဲ့

ဟိုနေ့ကသူငယ်ဟာ ကျွန်တော်ပါလို့

ကျွန်တော် ပြန်မပြောဖြစ်ခဲ့တော့ပါ။

အဲဒီအရသာ၊ အဲဒီလှို့ဝှက်ပီတိကို

ကျွန်တော် တိတ်တိတ်သိမ်းထားခဲ့ပါတယ်။

www.myanmarcupid.net

လူထုထဲက လူငယ်တဦးက

လူထုရဲ့ဦးလေးကို လာရောက်တွေ့ဆုံခြင်းဟာ

စင်းစင်းကလေးနဲ့ အလွန်လှပါတယ်။

(၉)

ဦးလေးနဲ့ ဒေါ်ဒေါ်ဟာ

စာပေအဖော် ဘဝအဖော်ပါ။

ကျွန်တော်တို့၊ ကိုသာနိုးတို့၊ ကိုဝင်းမောင်တို့၊

ကိုကြည်အောင်တို့၊ ကိုစွမ်းရည်တို့၊

ကိုသိန်းနိုင်တို့၊ ကိုရွှေသော်တို့၊ ကိုမိုးသူတို့၊

ကိုအောင်ခင်တို့၊ ကိုနီမောင်တို့၊ ကိုဘတုတ်တို့၊

ကိုလေးတို့၊ သန်းငွေးတို့၊ မျိုးမြင့်တို့၊

ပေါ်ဦးတို့၊ ဝင်းဖေတို့၊ ဂလိတင်ဝင်းတို့

....တို့၊ ....တို့၊ ....တို့

ကျွန်တော်တို့အားလုံးရဲ့

ဦးလေးနဲ့ ဒေါ်ဒေါ်ပါ။

ချစ်ခင်ရင်းနှီး သွေးစည်းညီညာ

ပျူငှာတဲ့ နှလုံးသားနဲ့

မိဘနဲ့မခြား ပြုစုပျိုးထောင်ပေးခဲ့တဲ့

ကျေးဇူးရှင်ပါ။

www.myanmarcupid.net

ဦးလေးကို မမေ့နိုင်ပါ။

ဦးလေးရဲ့စေတနာကို မမေ့နိုင်ပါ။

ဦးလေးရဲ့ လူငယ်တွေအပေါ်မှာ

သည်းခံခြင်း၊ လမ်းကောင်းညွှန်ခြင်း၊ ဆိုဆုံးမခြင်း၊

အကူအညီပေးခြင်းစတဲ့ အပြုအမူတွေနဲ့

ကမ်းလင့်ပေးခဲ့တဲ့

ဦးလေးနဲ့ ဒေါ်ဒေါ်တို့ရဲ့ နွေးထွေးတဲ့လက်ကို

ကျွန်တော်တို့ မမေ့နိုင်ပါ။

ဦးလေးရဲ့ ရုပ်ပုံလွှာဟာ

ကျွန်တော်တို့ နှလုံးသားထဲမှာ

ချိတ်ဆွဲထားလျက်ပါ။

(၁၀)

မိုးတွေကရွာဆဲ။

ဩဂုတ်လ ဆန်းစမှာ

ကျွန်တော်နဲ့ မောင်စွမ်းရည်တို့

တက္ကသိုလ်စာကြည့်တိုက်မှာ–

ဦးလေးနဲ့ ဒေါ်ဒေါ်တို့ကို တွေ့လိုက်ရပါတယ်။

မမျှော်လင့်ပဲ ဝမ်းသာအားရ ဆုံခဲ့ရတယ်။

ဦးလေးနဲ့ ဒေါ်ဒေါ်

www.myanmarcupid.net

ကုံ့ကော်ပင်ရိပ်.... မိုးမတိတ်တတိတ်.... မိုးစိပ်စိပ်
လက်ချင်းတွဲချိတ်ပြီး.... ဖေးဖေးမမ....
ယုယုယယ....
လှပတဲ့ ကဗျာတပုဒ်ပမာ.... မြင်လိုက်ရပါတယ်။

စာကြည့်တိုက်တံခါးဝက
လှပတဲ့ကဗျာတပုဒ်ကို
နောက်ဆုံးမြင်လိုက်ရခြင်းပါပဲ။
ရယ်သံလွင်လွင်၊ ကြင်နာသံချိုချို
နုပျိုရောင်သန်းတဲ့ အမူအရာ
နူညံ့တဲ့မေတ္တာနဲ့
ပန်းနှစ်ပွင့် သီကုံးထုံးဖွဲ့ထားတဲ့
လှပတဲ့ ကဗျာလေးတပုဒ်ဟာ
မိုးစက်တွေကြားမှာ မှုန်တဝါးဝါး ပျောက်ကွယ်
သွားပါတယ်။

နောက်....
ကဗျာတပုဒ်ထဲက ပန်းတပွင့်၊ ကာရံတစဟာ
ကြွေလွင့်သွားရှာပါတယ်။
ကဗျာတပုဒ်ထဲက ကျန်ခဲ့တဲ့ ပန်းတပွင့်ဟာ

www.myanmarcupid.net

ကြွေလွင့်သွားတဲ့ ပန်းကလေးကို ငေးမောကျန်ခဲ့တယ်။

ပန်းပွင့်ကလေးဟာ

သင်းပျံ့တဲ့ ရနံ့နဲ့အတူ

ဖြူဝင်းသော အသွေးအရောင်နဲ့အတူ

ဩဂုတ်လရဲ့ မိုးစက်တွေထဲမှာ မျောပါခဲ့ပြီ။

လွမ်းတယ် ဦးလေးရယ်။

တင်မိုး

www.myanmarcupid.net



ခင်လဝင်း ဆိုတဲ့
တက္ကသိုလ်ကျောင်းသူလေး
ဘာသာပြန်ပေးတဲ့
နေနီထောင်တွင်းက
နေရှုးရဲ့
သမီးထံပေးစာတွေကို
အယ်ဒီတာ ကြီးပွားရေး မောင်လှက
သူ့မဂ္ဂဇင်းမှာ
ထည့်သွင်း ဖေါ်ပြပေးခဲ့တယ်။

# ၃-နှစ် ၃-လ ၇-ရက်

## ကြည်အောင်

www.myanmarcupid.net

"ငါ့ဂုဏ်သတင်းဟာ

ရုရှားပြည်ကြီးတခုလုံး

ပြန့်နှံ့သွားကာ

နေထိုင်သသူ ပြည်သူအပေါင်းဟာ

ငါ့နာမည်ကို ပြောကြလိမ့်မယ်...."*

*ကဗျာဆရာ"ပုသျှကင်"

(၁၇၉၉-၁၈၃၇)

* Pushkin ရဲ့ Exegi Monumentum ကဗျာမှ

(၁)

လူသားတယောက်

ကြယ်ပြောက်လစိမ်း

ပိန်းပိတ်အမှောင်

ထောင်အတွင်း

တမ်းချင်းကဗျာ

ပေးစာပေါင်း ၅၁

၃-နှစ်၊ ၃-လ၊ ၇-ရက်အတွင်း

သော့နှင်အပြေး ရေးခဲ့တယ်။

www.myanmarcupid.net

(၂)

မှက်စ် အိန်ဂျယ်ပေးစာ

လီနင်ပေးစာ

ဂေါ်ကီပေးစာ

နေရှူးပေးစာ

ကမ္ဘာကျော်ကြား၊ လူသိများ

တရားဓမ္မသစ်၊ ဖြစ်တည်ခဲ့။

(၃)

ရွာက

အဘပေးပါ....

"ဗန်ကာ"*ဆိုတဲ့ ကောင်လေး

အဝေးက

ရေးလိုက်တဲ့ စာလေးတစောင်

အဘဆီမရောက်

ဘယ်ပျောက်သွားသလဲနော်....။

* Chekov ရဲ့ Vanka ဆိုတဲ့ ဝတ္ထုတိုတပုဒ်

(၄)

လူထုဦးလှရဲ့

www.myanmarcupid.net

ဇနီးနဲ့ သားသမီးများသို့

ပေးစာပေါင်း ၅၁-စောင်

ထောင် အကြောင်း

လူမျိုးစု အကြောင်း

နိုင်ငံ အကြောင်း

ပုံပြင် အကြောင်း

ဘကြီးဘဖေ အကြောင်း

သခင်ဖေဌေး အကြောင်း

လေထီးကိုအုန်းမောင် အကြောင်း

သခင်အောင်ဆန်း အကြောင်း

ဟိုချီမင်း အကြောင်း

ဗန်းမော်တင်အောင် အကြောင်း

မြို့မငြိမ်း အကြောင်း

ဆရာကြီးရွှေဥဒေါင်း အကြောင်း

အမရပူရမောင်ဖုန်း အကြောင်း

အညတြအောင်သန်း အကြောင်း

လွမ်းကြင်ငှက် အကြောင်း

သောင်းပြောင်းရောရှ

စာပန်းပု

ထု

www.myanmarcupid.net

အနုပညာ

ရုပ်ပုံလွှာအလှ

ရသမြောက်

(၅)

ကောက်ကြောင်းပုံကြမ်း

ဖမ်းပြီးကြည့်နိုင်တယ်....။

ပေးစာ (၁)

၃-၂-၅၄

နှုတ်ခမ်းမွှေးရှည်ရှည်နဲ့

ကြွက်အိုကြီးတွေ

ပိုးဟပ်ဖြူကြီးတွေ....လမ်းသလား

ဘားလမ်းအချုပ်

ရုပ်ပုံလွှာတချပ်

ကဗျာစပ် အုတ်နံရံရေး

လူငယ်လေးတယောက်....

ငရဲခန်းထဲ

ငရဲပန်းပန်

တေးသံတွေ အော်ဟစ်ဆို

ဟိုဟာလုပ်စားတဲ့



www.myanmarcupid.net

မိန်းကလေးတယောက်

စိတ်နောက် ဖေါက်ပြန်နေတယ်။

(၆)

ပေးစာ (၂၀)

၃၀-၅-၅၅

မြို့မဆရာငြိမ်း အနိစ္စရောက်တဲ့အကြောင်း

သတင်းစာတွေထဲမှာ တွေ့ရပါတယ်။

ရေဒီယိုကလဲကြားရတယ်။

အင်မတန် နှမြောစရာကောင်းတဲ့ ပညာရှင် ပုဂ္ဂိုလ်တဦးပဲ။

ဒီလိုလူ တော်တော်နဲ့မှ ပေါ်ပါဦးမလား။

ဘယ်သို့ဘယ်ညာ ပြောကြပေမယ့် ကိုငြိမ်းသေဆုံးရတာလဲစီးပွားရေးပဲ။ သူ့မှာ စီးပွားရေး ပြဿနာတွေ ရှိနေတယ်။ ဒီပြဿနာတွေနဲ့ သူ့ခမျာ တော်တော် လုံးလည်လိုက်နေရှာတယ်။ ဒီလိုကြားထဲကပဲ သူ့ရဲ့ ထူးချွန်မှုတွေ ထွက်ထွက်လာရတာပဲ။ တို့လူတွေမှာ မကောင်းသေးတဲ့ ယဉ်ကျေးမှု တခုရှိတယ်။ ပုဂ္ဂိုလ်တဦးကို သေမှပဲ ချီးကျူးကြတယ်။ မသေမီ ကတော့ များသောအားဖြင့် ဘာသိဘာသာပဲ။ နောက်ပြီး ပညာရှင် တွေကို သူတို့ပညာနဲ့

www.myanmarcupid.net

ဂုဏ်ရှိရှိ နေနိုင်စားနိုင်အောင် ချီးမြှင့် ထားဖို့အတွက်လဲ အားလုံးမှာ တာဝန်ရှိတာပဲ။ဒီလိုပုဂ္ဂိုလ် ဆိုတာ တိုင်းပြည်ရဲ့ဂုဏ်၊ တိုင်းပြည်ရဲ့ ကျက်သရေပဲ။ စက်နဲ့လုပ်ယူလို့လဲမရ၊ ကြက်ဥက ကြက်ကလေး ဖေါက်ယူသလို ဖေါက်ယူ လို့လဲမရ။ နိုင်ငံခြားက တင်သွင်း လို့လဲမရ။ ကျောက်သံပတ္တမြားတွင်းထဲက တူးဖော်ယူ လို့လဲမရ။ ဆရာငြိမ်းခများ တိုးတက်ပြောင်းလဲနေတဲ့ ခေတ်ကြီးမှာ ပြောင်းလဲတိုးတက် နေတဲ့ မြန်မာပြည်သူလူထု၊ ကမ္ဘာ့ပြည်သူလူထုကြီး များရဲ့ တိုးတက် ပြောင်းလဲမှုတွေကို သရုပ်ဖေါ် တဲ့ တေးဂီတတွေကိုမှ များများရေးမသွား ရရှာဘူး။ အခုမှ အသက် ၄၇နှစ် ရှိသေးတယ်။ ရှေ့ကို အသက် ၂၀ ကောင်းကောင်းနေနိုင်မှာပဲ။ သားသမီးတွေကလဲ အများကြီး ကျန်ခဲ့ရှာတယ်။

(၇)

ပေးစာ (၂၁)

၇-၁၀-၅၅

“ငှက်လွမ်းကြင်”တို့ရဲ့

ပုံပြင်ဆန်တဲ့ အချစ်

တရုတ်ကဗျာဆရာ



www.myanmarcupid.net

ကိုမိုးဂျိုးရဲ့
'ဖီတစ်ငှက်'တို့ရဲ့
သက်တမ်းထောင်ချီတဲ့အချစ်
လက်ဝဲသုန္ဒရ
မယ်ရွဲတို့ရဲ့
ကြေကွဲနွမ်းလျ၊ တမ်းတအားငယ်
ပူဗျာပါကြွယ်....
"ပင်လယ်ခြားရာ၊ ခရီးကွာသို့
မှာလည်းမကြား၊ သွားလည်းမသင့်
ဖြစ်သဖြင့်လျှင်
ပူခွင့်ရှည်ရေး၊ ရှိချေသေး၏
ရင်သွေးရွှေတောင်၊ သားမောင်နှမ
ဆင်းသိဂ်တို့
မွေးဖရင်ခွင်၊ ရွှေလက်တင်၍
ယူငင်ပိုက်ဖြား၊ ပျော်မည်များနှင့်
နှစ်ပါးမျက်ခြည်၊ သားနှင်းရည်သည်
ရွှေလည်ဆွဲချင်ရှာလိမ့်မည်...."*

* လက်ဝဲသုန္ဒရရဲ့ 'ဝေဿန်းစန္ဒာ'ချီ ရတုပိုဒ်စုံ

www.myanmarcupid.net

(၈)

ပေးစာ (၃၀)

၂၃-၃-၅၆

၁၉၃၇-အတွင်း

လမင်းလို

ပဝင်းတဲ့

ခင်လဝင်း ဆိုတဲ့

တက္ကသိုလ်ကျောင်းသူလေး

ဘာသာပြန်ပေးတဲ့

နေနီထောင်တွင်းက

နေရှုးရဲ့

သမီးထံပေးစာတွေကို

အယ်ဒီတာ ကြီးပွားရေး မောင်လှက

သူ့မဂ္ဂဇင်းမှာ

ထည့်သွင်း ဖေါ်ပြပေးခဲ့တယ်။

မန္တလေးသူ ခင်လဝင်းဟာ

အင်းလျားကျောင်းဆောင်

အခန်း ၄၈

ဘီအေ-နောက်ဆုံးနှစ်။

ညောင်လေးပင်မြို့နယ်

www.myanmarcupid.net

ပုဇွန်မြောင်းရွာသား
အယ်ဒီတာ ကိုလှဟာ
မောင်ဂိုမာရီလမ်း
အခန်း-၂၆
အမှတ်-၃၁၅
နေရှူးရဲ့ချစ်သမီး အင်ဒီရာနဲ့
'ခင်လဝင်း' လူထုဒေါ်အမာနဲ့
သက်တူရွယ်မျှ
မျက်လုံး မျက်ဖန်....လှပုံ
ကိုယ်လုံး...............လျပုံ
နှာတံ.....................မြပုံ
ဦးလေးလှရဲ့ ပေးစာ
(၃၈)ထဲမှာ-့။
အဂ္ဂါစနိုး
ဘိုးဝဇီရ
လူထု ဦးလှ
သတင်းစာက
သမိုင်းကို ပြောနေကြတယ်။
အင်္ဂလန်က ချောစား
ပြင်သစ်က လာဖေါင်တိန်

www.myanmarcupid.net

ဂရိက အီစွတ်

ဂျာမန်က ဂရင်းညီနောင်

ဒိန်းမတ်က အန်ဒါဆင်

မြန်မာပြည်က လူထုဦးလှ

ကလေးဘဝရဲ့

လောကမြေပြင်မှာ

ပုံပြင်ပန်းပွင့်လေးတွေ

တဝေဝေ....။

လူသားရဲ့

ပကတိတရား

ချဲ့ကားခြင်းမရှိ

အရှိအတိုင်း အဟုတ်

အနုပ္ပတ္တိဆန်ဆန်

သရုပ်မှန် ဖေါ်ပြ

အမြဲ

ချစ်သဲ

သံလွင်ထဲက ဖောင်စီးသမား

မြင်းသမား

စတီးပွဲစား....စတာတွေ

လူထုဦးလှရဲ့စာပေ

www.myanmarcupid.net

ကမ္ဘာမြေပေါ်

ခြေဆန့်ဆဲ။

လူသားဟာ

သတင်းစာဆရာဖြစ်စေ

စာရေးဆရာဖြစ်စေ

ကဗျာဆရာဖြစ်စေ

ဂီတဆရာဖြစ်စေ

ပန်းချီဆရာဖြစ်စေ

အများစုဖြစ်တဲ့

လူသားတွေအတွက်

တာဝန်ကျေကျေ

ထမ်းဆောင်ပြီးယင်....

ရုရှားကဗျာဆရာ

မာယာကော့ဖ်စကီ

ရေးခဲ့ဖူးတယ်။

အမ် (M) မာယာကော့ဖ်စကီနဲ့

ပီ (P) ပုသျှကင်တို့ကြား

ဘယ်စာလုံးနဲ့စတဲ့

ကဗျာဆရာတွေ

ရှိနိုင်ဦးမလဲ။

www.myanmarcupid.net

ကဲ....ဒါဖြင့်

လူထုဦးလှ

ဦးလှ(လူထု)

စာပေအဘိဓါန် ပြုစုသူတွေက

ဦးကြီးမှ....အရှင်မဟာရဋ္ဌသာရ

ပန်းတခြင်းနဲ့

လွမ်းချင်းသံဝေ

လေနဲ့အတူ...........

က မှ....အ အကြား

ဘယ်နေရာထားမလဲ။

သံမဏိသား စာလုံးထွင်း

ကြည်အောင်

www.myanmarcupid.net

ဩဘ် ကိုလှ

ဩဘ် ဦးလှ

ဩဘ် လူထုဦးလှ

ဩဘ် ဆရာလှ

ဩဘ် ဦးလေးလှ

တမ်းတ လွမ်းကြ

နှမ်းလျတဲ့ ဩဘ်

ဩဘ်

ဩဘ်....။



# လွမ်းခြင်း

## ကိုလေး (အင်းဝဂုဏ်ရည်)

www.myanmarcupid.net

၈၂–၈–၇–ရက်
မနက် (၈) နာရီကျော်
မန္တလေးမြို့ပေါ်မှာ
တော်လဲသံ လျှင်သံ
တောင်ပြိုသံ တုန်ဟည်းပြီး
ကြယ်ကြီးတပွင့် ကြွေခဲ့တယ်။

ပြည်ထောင်စု တနံတလျားသို့
ကြေးနန်းကြိုးများ ဝါယာကြိုးများ
မိုက်ကရိုဝေ့များမှတဆင့်
ထုတ်လွှင့် တုန်ခါလိုက်တယ်။

ဝမ်းနည်းပါသည်၊
ဝမ်းနည်းကြပါသည်၊
ထပ်တူထပ်မျှ ဝမ်းနည်းပါသည်၊
ထပ်တူထပ်မျှ ဝမ်းနည်းကြပါသည်၊
စသည် စသည် တို့
မန္တလေးမြို့သို့ တလေးတစား
အပြေးအလွှား လာနေကြပေါ့။

www.myanmarcupid.net

လေယာဉ်ပျံ မီးရထား
မော်တော်ကား သင်းဘော
တောတော မြို့မြို့
ပို့မလို့တဲ့ လာကြပြီ။
အလှဆုံး ပန်းကလေးများ
အမွှေးဆုံး ပန်းကလေးများ
အလန်းဆုံး ပန်းကလေးများ
သွားလေသူအတွက်
လွမ်းကြလျက်လေ။
ဩော် ကိုလှ
ဩော် ဦးလှ
ဩော် လူထုဦးလှ
ဩော် ဆရာလှ
ဩော် ဦးလေးလှ
တမ်းတ လွမ်းကြ
နွမ်းလျတဲ့ ဩော်
ဩော်
ဩော်....။

www.myanmarcupid.net

မဟာထေရ်ကြီးများ အစ

ဓာတ်ကတဲ့လူများ အလယ်

ပဲပြုတ်သည် အနှိပ်သည်များ အဆုံး

အပူလုံးကြွ

ယူကြုံးမရ

သင်္ခါရ သင်္ခါရ

သင်္ခါရတရားနဲ့ ဖြေကြရှာ။

မှတ်တမ်းစာအုပ်ထဲမှာ

ကဗျာဆရာ

စာရေးဆရာ

သတင်းစာဆရာ

ပန်းချီဆရာ

ကာတွန်းဆရာ

ဓာတ်ပုံဆရာ

ဘလောက်ဆရာ

ပုံနှိပ်ဆရာ

ကျောင်းဆရာ

ဆေးဆရာ

စစ်ပြန်ဆရာ

www.myanmarcupid.net

ဆိုင်းဆရာ

ဗာတ်ဆရာ

အငြိမ့်ဆရာ

ကားဆရာ

မြင်းလှည်းဆရာ

ဆိုက်ကားဆရာ

ဆရာပေါင်းစုံ

အလွှာပေါင်းစုံ

တုန်တုန် တုန်တုန်နဲ့

ရင်အုံထဲက စကား

စာသားအဖြစ် ဖန်တီး

မီးလောင်လျက်ပေါ့။

ပန်းတောင်အောက်ဦးလေး

လူထုကြားက ဦးလေး

ပြုံးပြုံး ပြုံးပြုံးနဲ့ ဦးလေး

မန္တလေးနဲ့ ကလောင်ကိုခွဲခွာ

ကြေးစည်သံ သာသာနဲ့

သွားရှာပြီ....။

www.myanmarcupid.net

ဈေးချိုတော်ကြီး၊ ရေစီးတန့်ရပ်
ပြသာဒ်ပေါက်နာရီစင်၊ မကြည်မလင်မှုန်ဝါး
ကျုံးရေများငြိမ်သက်
တိမ်များငံ့လျက်....
မီးသဂြိုလ်စက်
မဲနက်မီးခိုး
မိုးထဲလွင့်ပျံ
ပြန်မလာတော့ဖူးပေါ့နော်။

ဆယ်ချောင်းလက် ထိပ်မိုး
သုံးကြိမ်ပြည့် ရှိခိုးပါ့
ကျွန်တော်တို့ ဆိုးခဲ့တာ
ခွင့်လွှတ်ပါ ဦးလေး
ခွင့်လွှတ်ပါ ဦးလေးရယ်....။

ဆင်သွား လမ်းဖြစ်
ထင်းကျန်ရစ်တဲ့
လမ်းသစ်ပေါ်မှာ
ဆက်လျှောက်ပါအံ့
သစ္စာခိဋ္ဌာန် ပြုပါကြောင်း....။

ကိုလေး (အင်းဝဂုဏ်ရည်)

www.myanmarcupid.net



သတင်းကလောင်
အိပ်ထောင်အဖွင့်
ချွေးပွင့်မျက်လုံး
ရှုန်းကြွပျိုမျစ်
ချစ်ခဲ့ပါသည်
သတင်းစာများသည် သမိုင်းကို ပြောနေကြသည်....

# စာပေသမုဒ္ဒရာထဲက

# ပန်းပွင့်သတင်းစာ

## မောင်နွေထက်

လူထုဦးလေးလှသို့

(၁၉၁၀–၁၉၈၂)

www.myanmarcupid.net

ဧရာဝတီ

တည်သတဲ့

အဦးအစ

မေခ မေလိခ

စိမ်းမြရေစက်

ရွှေတခွက်

ငွေတခွက်

လှိုင်းဖွာယှက်ဖြာ

လှပစွာခိုဝင်

ကချင်ပုံပြင်

ရင်မှာပွင့်ဖူး

ဖတ်ခဲ့ဖူးတယ်....

လထဲကအရိပ်

အိပ်မက်ချို

ရေသူမ လိုပါလား

ရဝမ်ပုံပြင် တောင်ပံခပ်

နားနဲ့ဆတ်ဆတ် ကြားရတယ်....

လေစာကိုပုံနှိပ်တင်

www.myanmarcupid.net

အကန္တရာပင်လယ်

ရင်ဝယ်ရှထိ

ချို၏

မွှေး၏

မြ၏....

အညတြလူသား

နှလုံးသားစိုဝေ

**လေနှင့်အတူ**

ပွေ့ယူထူသွား

တရားအစစ်

လောကကို ချစ်ခဲ့တယ်....

**အက်တလင်းတား**

ရုပ်ထုနားက

စွန့်သွားအသက်

အချစ်လက်ရာ

စိမ်းပြက်စာသား

ခံစားမိတယ်....

www.myanmarcupid.net

သတင်းကလောင်

အိပ်ထောင်အဖွင့်

ရွေးပွင့်မျက်လုံး

ရှန်းကြွပျိုမြစ်

ချစ်ခဲ့ပါသည်

**သတင်းစာများသည် သမိုင်းကို ပြောနေကြသည်....**

ရင်ထဲလှုပ်ခတ်

မရပ်မနား

လှုပ်ရှားထန်ပြင်း

**ကျွန်တော်မြင်းသမား**

သူရေးသွားတယ်....

စာပေတွင်းတူး

ဥယျာဉ်မှူးလေ

စက်သံတွေကြား

သူပျော်ပါးတယ်....

သဇင်ထုံသင်း

မနက်ခင်းမှာ

www.myanmarcupid.net

နတ္တော်ကဗျာ

လွှမ်းစရာတွေ

သူပေးဝေတယ်....

စာသစ်သီးချို

နုပျိုစွာထုဆစ်

ပွင့်သစ်ပန်းများ

သူပျိုးသွားတယ်....

မြကျုံးရေရိပ်

ညှို့ဖိတ်စီးဝေ

စာပေသဘော

ဟောရင်း ပြောရင်း

မမောမပန်း

သူ့စာတန်းတွေ

ကမ်းလုံးပြည့် အိုးလုံးလျှံ

မက်ခွက်ထဲမှာ ညံနေတယ်....

**သံလွင်ဖောင်စီး**

**မနီးတဲ့ ဘဝခရီး**

www.myanmarcupid.net

ကျွန်တော် လေ့သူကြီး

စစ်ပြီးစ ထောင်တခါး

လှောင်ချိုင့်တွင်းမှ ငှက်ငယ်များ

ထောင်နဲ့ လူသား

ဘဝပန်းချီကားချပ်များ

လတ်ဆတ်ဆဲပါလား

ပန်းတခွေ

အလွမ်းပြေမဟုတ်

မြကျုပ်နှလုံးသား

ထားရစ်တဲ့လူ

စာရွက်ဖြူမှာ

မျက်စိနှင့် ဝေးသည်

နှလုံးသားနှင့် နီးသည်....တဲ့

ဤစာပိုဒ်

ရင်၌စိုက်ထူ

သူ....

သူ့ပန်းပွင့်အက္ခရာ

ကမ္ဘာမြေမှာ

သေခြင်းကင်းစွာ....။

မောင်နွေထက် (၁၉၈၃–ခု၊ ဩဂုတ် ၁၊ ည ၂–နာရီ)

www.myanmarcupid.net

# မျက်စိနဲ့ ဝေးပေမယ့်၊ နှလုံးသားနဲ့ နီးတယ်

**ခင်ဆွေဦး**

*“မကြာမီမှာပဲ ရှင်တို့ဟာ ကျွန်မတို့ကို ခွဲခွာသွားကြတော့မယ်၊ ဒါပေမယ့် မျက်စိနဲ့ ဝေးပေမယ့်၊ နှလုံးသားနဲ့ နီးနေမှာပါဆိုတဲ့ အင်ဒိုနီးရှား စကားတခုရှိ” သတဲ့။*

www.myanmarcupid.net

(၁)

တလောတုန်းက ရန်ကုန် သဃ်န်းကျွန်းနယ်မြေ၊ မေဃဝတီ ကျောင်းတိုက်၊ ကျောင်းထိုင်ဆရာတော် ဦးရေဝတက ကျွန်မကို မိန့်ကြားပါတယ်။

"ခင်ဆွေဦးရဲ့ လူ့ဘဝမှာ အလုပ်ဟာ အရေးကြီးတယ်၊ အလုပ်လုပ်မှ လူ့ဘဝဟာရှင်တယ်၊ အလုပ်မလုပ်ပဲ နေတဲ့ လူရဲ့ဘဝဟာ ဘာဖြစ်သလဲ"

"ဘဝသေပါတယ်ဘုရား"

"အေး–အလုပ်လုပ်မှ ဘဝရှင်တယ်၊ မှတ်ထားနော်"

ဆရာတော်က လောကကြောင်း၊ ဓမ္မကြောင်း နှစ်မျိုးစလုံးအတွက် ရည်ညွှန်းမြွက်ကြားသွားတာပါ။ ခုတလော အလုပ်ကို ငြီးငွေ့စပြုတဲ့အချိန်မှာ၊ ဒီစကားဟာ ကျွန်မအတွက် အားဆေးတခွက်ပါပဲ။ ကျွန်မကို နူတ်နဲ့ရော၊ စာနဲ့ရော မကြာမကြာ ဒီစကားမျိုးနဲ့ လမ်းညွှန်သတိပေးသူ ရှိခဲ့ပါတယ်။

ဘယ်သူရှိဦးမလဲ။

ကျွန်မတို့ရဲ့ ဦးလေးလှပေါ့။

www.myanmarcupid.net

တခါတုန်းကများ၊ မှတ်မှတ်ရရ ၁၉၇၅–ခုနှစ်တုန်းက မဟာဆွေမွေးနေ့ (၇၅)နှစ်မြောက် အထိမ်းအမှတ်ပွဲမှာ ဦးလေးလှဟာ ဟောပြောပွဲ မှာတောင်

"ခင်ဆွေဦးရဲ့ ဝိရိယဟာ ကျွန်တော်တို့ရဲ့ နောင်တော်ကြီးမဟာဆွေရဲ့ ဝိရိယကိုမှီမယ် မထင်ပါဘူး" လို့ထုတ်ဖော် သတိပေးဘူးပါတယ်။ ဦးလေးလှက ဝိရိယရဲ့ တန်ဘိုးကို အဲ့သလောက် အလေးအနက် ထားတဲ့သူပါ။ အဘယာရာမဆရာတော် နှစ်(၁၀၀)ပြည့် ဆောင်းပါးကို ၁၉၇၉–ခုနှစ် ဇူလိုင်လထုတ် ရှုမဝမှာ ဦးလေးလှ ရေးတော့လဲ–

"အဘယာရာမဆရာတော် ဟာ မနက်၄နာရီ မထိုးခင်ထတယ်။ ကမ္မဋ္ဌာန်းတရား အားထုတ်တယ်"

ဆိုတာကနေ ရေးလိုက်တာ၊ ဆရာတော် ရဲ့ အလုပ်၊ ကျင့်စဉ်အချိန် ကို အသုံးချပုံတွေဟာ တကယ့်ကို အသေးစိတ် ပါပဲ။ အင်မတန် အားကျစရာ အတုယူစရာကောင်းပါတယ်။ အချိန်ကို အကျိုးရှိရှိ အသုံးမချသူများကို သဘောမကျ။ ဆရာတော့် အချိန်တွေ လာဖြုန်း နေသူများကိုလဲ အားမနာဘူး "ကာလကုန်တယ်၊သွား" လို့ ပြောလွှတ် လိုက်တာပဲလို့ စာတန်းများကို နာကြားရရာမှ သိရပါတယ်။ အဲလိုရေးထားပါတယ်။



www.myanmarcupid.net

(၂)

ကမ္ဘာပေါ်မှာ ကျွန်မတို့တတွေ အားကျစရာ ကောင်းလောက်အောင် အလုပ်လုပ်နိုင်တဲ့ လူတွေထဲမှာ၊ ဦးလေးလှ လဲ ထိပ်ဆုံးကပါလေရဲ့ လို့ ကျွန်မပြောရဲပါတယ်။

တကယ့်ကို အလုပ်ကိုခုံမင်မြတ်နိုးတဲ့ အလုပ်သမားစစ်စစ်ပါ။ အထူးပြောစရာ မလိုပါဘူး။ သူ့စာအုပ်တွေ၊ သူ့စာပေကဏ္ဍ၊ သတင်းစာကဏ္ဍ၊ လူမှုရေးကဏ္ဍ လှုပ်ရှားမှုတွေဟာ သက်သေခံနေပြီပဲ။

အကြမ်းဖျင်းဥပမာပေးရယင်–

ထောင်နှင့်ပတ်သက်တဲ့ ဝတ္ထုတွေ ကြည့်ဦးမလား။ လေနှင့်အတူ၊ ထောင်နှင့်လူသား၊ လှောင်ချိုင့်တွင်း မှ ငှက်ငယ်များ၊ စစ်အချစ် နှင့် ထောင် စသဖြင့်ပေါ့။ ဇနီး နဲ့ သားသမီးများ သို့ ထောင်တွင်း မှပေးစာများလို မြန်မာပြည်မှာ ရှားရှားပါးပါး စာအုပ်မျိုးလဲ စိတ်ဝင်စားဖွယ် ရေးဖွဲ့ခဲ့သေးတယ်။

"ကျွန်တော်" နဲ့ စတဲ့၊ မြန်မာပြည်မှာရှိနေတဲ့ ဘဝအသီးသီး၊ ကဏ္ဍအထွေထွေ လူသားတွေရဲ့ လှုပ်ရှားမှု တွေကို၊ ကျွန်တော်လှေသူကြီး၊ ကျွန်တော်စတီးလ်ပွဲစား၊

www.myanmarcupid.net

ကျွန်တော်ဖြူရိုကရက်၊ ကျွန်တော်မြင်းသမား၊ ကျွန်တော်ဇာတ်ဆောင်နဲ့ စာအုပ်တွေရော ဖတ်ဦးမလား။

တိုင်းရင်းသားပုံပြင်တွေကို လေ့လာဦးမလား။ ကာလီဒါသကအစ ခရီးသွားဆောင်းပါးအဆုံး နည်းတဲ့ စာအုပ်တွဲတွေ မဟုတ်ဘူး။ အကြောင်းအရာ တမျိုးစီကို စာအုပ်တစ်အုပ်နှစ်အုပ်ဖြစ်ဖို့ အင်မတန်ခဲယဉ်းတဲ့ကိစ္စ၊ ဦးလေးလှ လုပ်သွားလိုက်တာ တမျိုးကို ၅ အုပ်၊ ၆အုပ်တွဲမက တထမ်းတပိုး တသီကြီးပဲ။ သတင်းစာများသည် သမိုင်းကို ပြောနေကြသည် ကနေ သူ့စာကပြောတဲ့ သိပ္ပံမောင်ဝ၊ စစ်တွင်းမြန်မာပြည်နဲ့ စစ်ပြီးစ မြန်မာပြည်တွေကလည်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ အတွဲလိုက်။ ဒါကြောင့်လဲ ဆရာဇဝန (ဦးလေးလှနဲ့ မရှေးမနှောင်း ကွယ်လွန်သွားရှာသူ) ရေးခဲ့တဲ့ ၁၉၈၂–ခု စက်တင်ဘာလထုတ် သွေးသောက်မဂ္ဂဇင်းထဲက "ပြည်သူချစ်သော ပုံပြောဆရာ" ဆိုတဲ့ ဆောင်းပါးထဲမှာ–

ကျွန်တော်တို့သည် မေမြို့တွင် အပန်းဖြေရန်ဆိုသော်လည်း ကျွန်တော် သာလျှင် အိပ်လိုက်စားလိုက်၊ အဖော်လူငယ်လေးနှင့် မနက်ထ လမ်းလျှောက်၊ စွပ်ပြုတ်သောက်လိုက်နှင့် ပြည့်ပြည့်ဝဝ အငြိမ်းယူ အပန်းဖြေခဲ့ ရပါသည်။ ကိုလှ နှင့်

www.myanmarcupid.net

ဒေါ်အမာ တို့ကတော့ အနားယူသည့် အချိန်ထက် စာရေးသည့်အချိန်က များနေ သည်ဆိုတာအမှန်ပါပဲ။

မန္တလေးမြို့ကို ခဏခဏရောက်ပြီး ဦးလေးလှ၊ ဒေါ်ဒေါ်မာဆီမှာ တည်းခဲ့ဘူးတဲ့ ကျွန်မမျက်မြင်မှာ ဦးလေးလှဟာ စာရေးစားပွဲမှာ ထိုင်ရင်ထိုင်၊ ဒါမှမဟုတ် စာပေကိစ္စတွေ လုပ်နေတာပဲ။ အစည်းအဝေးဆွေးနွေးပွဲ၊ ဟောပြောပွဲစသည်တို့ပေါ့။ လူမှုရေး ကိစ္စတွေမှာလဲ တာဝန်ကြေကြေ ထမ်းဆောင်နေတာကို တွေ့ရဘူး တယ်။ လူတယောက်ထဲ ရေအိုးသုံးလုံး ရွက်နေသလိုပဲ။

ဒါကြောင့် ဦးလေးလှကို ပုံပြောဆရာရယ်လို့ ခေါ်တာတောင် ကျွန်မစိတ်ထဲ အားမရချင်ပါဘူး။ ဦးလေးလှကို ချစ်ကြည်ညိုတဲ့ စိတ်ဖယ်ထား၊ ဓမ္မဓိဋ္ဌာန်ကျကျပဲတွေးဦး- ဦးလေးလှဟာ တချိန်တုန်းက ကြီးပွားရေးမဂ္ဂဇင်း ထုတ်လုပ်သူနဲ့ တာဝန်ခံအယ်ဒီတာ၊ နောက် လူထု ဂျာနယ်နဲ့ လူထုသတင်းစာ ဖခင်ကြီး၊ ပြီးတော့ ထောင်မှတ်တမ်း၊ ထောင်ဝတ္ထုတွေ ရေးခဲ့သူ၊ ဟိုလွန်ခဲ့တဲ့ ၁၉၅၅ က ၁၉၆၀ လောက်အထိ ဦးလေးလှ ရုပ်ပုံလွှာကို သရုပ်ဖော်ယင် “ပြည်သူချစ်သောထောင်ဝတ္ထုရေးဆရာ” လို့ ပြောရ မလားပဲ။ နောက် ၇၀-ခုနှစ်တွေကျတော့ ပြည်သူချစ်သော ကျွန်တော်ဇာတ်ဆောင်များရေးဖွဲ့သူ၊ စာပေစာတန်းပြုစုသူ၊



www.myanmarcupid.net

သတင်းစာ များကသမိုင်းကိုပြောနေကြသည်၊ သူ့စာတွေကပြောတဲ့ သိပ္ပံမောင်ဝ ဘာညာ ဆိုတာတွေလဲ ရှိသေးတယ်၊ အင်ဒိုနီးရှား အနောက်မှအရှေ့သို့၊ ဂျပန်ပြည်တခေါက်စတဲ့ ခရီးသွား ဆောင်းပါး စာအုပ်တွေလဲ ပြုစုခဲ့သေးတယ်၊ ကျွန်မဖြင့် ဦးလေးလှလိုသာ စာအုပ်တွေရေးရယင် တဘဝထဲနဲ့မှ လုံလောက်ပါ့မလား အရင်ဘဝ၊ ခုဘဝ၊ နောက်ဘဝ ဘဝသုံးခု ပေါင်းရေးယင်တောင် မှီနိုင်ပါ့မလားလို့ အတွေးပေါက် မိသေးတယ်။

(၃)

၁၉၇၆–နှစ်ဇွန်လ ၁၈ရက်နေ့တုန်းက ဦးလေးလှတယောက် ကျွန်မတို့အိမ်ကို ဖြုံးစားကြီးရောက်လာ ခဲ့တယ်။ ဘယ်လို ဝမ်းသာမိမှန်း မသိဘူး။ ဦးလေးလှ–ဒေါ်ဒေါ်မာ ရန်ကုန်လာတာကို ခဏခဏကြားပါရဲ့၊ တဦးနဲ့တဦး မဆုံဖြစ်ကြဘူး။ ဦးလေးလှတို့မှာ အစီအစဉ်တွေနဲ့ အမြဲကြပ်နေတာပဲ။ ခုလဲသူ့မှာ အလုပ်တွေ၊ အစီအစဉ်တွေနဲ့ ရက်ကြပ်ပဲ၊ မိတ်ဆွေတွေနဲ့ တွေ့ဘို့ကိစ္စ၊ စာပေစီစစ်ရေး ရုံးသွားရေးကိစ္စ၊ စာပေလုပ်သား အဖွဲ့အစည်းကိစ္စ၊ ကိစ္စတွေ၊ ကိစ္စတွေ တန်းစီနေတာပဲ၊ ခုလဲ မနက်ဖြန် (ဇွန်လ ၁၉–ရက်) ပြန်မှာတဲ့။ မပြန်ခင်လေးမှာ လုပ်စရာတွေတပုံကြီး၊ ရင်မောစရာပဲ။ ကျွန်မတို့အိမ်မှာ နာရီဝက်လောက်ပဲ

www.myanmarcupid.net

နေသွားနိုင်ရှာပါတယ်။ မပြန်ခင်နှုတ်ဆက်တာမို့ ဝင်ဖြစ်အောင် ဝင်တာတဲ့။ အသားတွေကဖြူလို့ ဝဝစိုစိုပြေပြေပဲ– ဒါဦးလေးရဲ့ ရှိနေတဲ့ ပင်ကိုယ်ရုပ်ရေပါပဲ။ အဲဒီတုန်းက ဦးလေးလှရဲ့ အသက်က (၆၇) နှစ်လောက်ပဲ ရှိသေးတယ်။ ကျန်းမာရေး အစားအသောက် အနေအထိုင် ဂရုစိုက်သူမို့ အရွယ်ကလဲ အတော်တင်ပါတယ်။ ပန်းချီဆရာကြီး ပီကာဆိုတို့လို အသက် ၉၀ နေရမလား၊ ဆရာကြီးရွှေဥဒေါင်းတို့လို အသက် ၈၀ ကျော်ထိနေရမလား။ အဲဒီတုန်းက ကျွန်မ တွေးနေမိပါတယ်။ ဦးလေးလှ အသက်ရှည်ရှည် နေသလောက် ကျွန်မတို့တိုင်းပြည် အကျိုးရှိမယ်ဆိုတာ ကျွန်မ ဦးနှောက်ထဲ စွဲနေတာကိုး။

ကမန်းကတန်းအစီအစဉ်နဲ့ ဦးလေးလှကို ကျွန်မတို့မေမေက နံနက်စာကျွေးဖို့ စီမံပါတယ်။ အချိန် ကလည်း ၁၀နာရီ၊ ၁၁ နာရီလောက်ဆိုတော့ အချိန်တော်ပါပဲ။

မှတ်မိပါသေးတယ်။

ဦးလေးလှက ကိုယ်အလေးချိန်လျှော့နေလို့ ထမင်းမစားဘူး၊ ပေါင်မုံ့ပဲ စားတယ်။ ဟင်းသီးဟင်းရွက် အသားငါးစတဲ့ ကဇီဓါတ်နည်းပါးတဲ့ အစားအသောက်တွေစားတယ်။ ဆိတ်သား တောက်တောက်စင်း၊ အာလူး၊ ဘိုစားပဲ၊ ခရမ်းချဉ်သီးစတဲ့ အရံတွေနဲ့ ဘီးစတိတ်လိုမျိုးတခွက်၊ ကြက်ဥကြော်၊ ပေါင်မုံ့၊ ကော်ဖီမဲ၊ အဲဒါတွေ ကျွေးတော့



www.myanmarcupid.net

'ဒါတွေဦးလေးစားဖို့ကောင်းတာတွေပဲကွ' လို့ပြောပြီး မြိန်ရေယှက်ရေ စားပါတယ်။ ဒီအချိန်မှာ ဆာလဲဆာနေပုံရတယ်။ ဒါပေမယ့် သံတမန်များစားသောက်သလို အင်မတန် သေသေသပ်သပ် လဲစားလို့၊ ကျွန်မ လဲအားကျပြီး ငေးကြည့်နေမိတယ်။ ဒါဦးလေးရဲ့ တမင်လုပ်ဟန်မဟုတ်ဘူး၊ ပင်ကိုယ်ဟန်ပါပဲ။ အနေသပ်ယပ်၊ အပြောသပ်ယပ်၊ အလုပ်သပ်ယပ်ဆိုတဲ့ လူမျိုးအဖြစ် ဦးလေးလှကို သတ်မှတ်ခဲ့တာလဲ ခင်လို့ ချစ်လို့ လေးစားလို့ ဆိုတဲ့ စိတ်နဲ့မဟုတ်ပါဘူး။ ကျွန်မပြောရဲပါတယ်၊ အဘိဇ္ဈာစိတ်ထားသာ နှုတ်ပယ်လိုက်ကြယင် ဘယ်သူမဆို ဦးလေးလှကို ကျွန်မမြင်သလိုပဲ မြင်လိမ့်မယ်လို့ထင်ပါတယ်။

ကျွန်မမှာ တခါတခါစကားအပြောအဆို ခက်ထန်မာကျောလို့ ဦးလေးလှဆီက သိမ်မွေ့တာ၊ နူးညံ့တာ ကို အတုယူရပါတယ်။ ဒါလဲဦးလေးလှရဲ့ စိတ်နှလုံးသားနဲ့ သက်ဆိုင်မယ်လို့ထင်ပါတယ်။

ဦးလေးလှရေးခဲ့တဲ့ အင်ဒိုနီးရှား အနောက်မှအရှေ့သို့ဆိုတဲ့ စာအုပ်မှာ မျက်စိနှင့် ဝေးပေမင့် နှလုံးသား နှင့်နီးသည်ဆိုတဲ့ စကားဟာ ကနေ့ထိကျွန်မရင်ထဲမှာ ရိုက်ခတ်တုံးပါပဲ။

မျက်စိနှင့်ဝေးသည်၊ နှလုံးသားနှင့်နီးသည်တဲ့။



www.myanmarcupid.net

"မကြည်ကြည့်ရဲ့ ကျန်းမာရေး ကောင်းတယ်နော်– သွေးတိုးရှိသလား၊ ခင်ဆွေဦးရော" အဲလိုမေးပြီး ဖေဖေရဲ့ ပုံတူပန်းချီကားကို လှမ်းမော့ ကြည့်လိုက်တဲ့ ဦးလေးလှရဲ့ မျက်လုံးတွေဟာလဲ အကြင်နာရိပ်တွေ ယှက်သန်းနေပါတယ်။

"ခုဘာတွေရေးနေသလဲ"

"အရှက်ဦးမှာ ပန်းသစ်ပွင့်သည် လုံးချင်းဝတ္ထုပါ"

"စက္ကူတွေကောရရဲ့လားကွဲ့"

"လေလံစက္ကူနဲ့ရိုက်မှာပါ"

"ဈေးကြီးမှာပေါ့"

"တထုပ် ၂၅ဝ ကျော်ပါတယ်"

"ထုတ်ခွင့်ကောရှိရဲ့လား"

"ဒီလိုပဲနားလည်မှုနဲ့ပါပဲ၊ စာအုပ်ဖြစ်ယင်စီစစ်ရေးတင်ပြီး ထုတ်ယူ ခွင့်ယူပြီးမှထုတ်မှာပါဦးလေး"

"အေး–အေး ဟုတ်တယ်၊ ဒီလိုပဲ လုပ်စရာရှိတာတွေတော့ လုပ်သွားရမှာပဲ၊ ဒါမှန်တယ်"

"စာအုပ်အထွက်ကျဲနေလို့ထွက်လဲထွက်ချင်နေတယ်"

www.myanmarcupid.net

"အကျိုးအမြတ်တော့နဲမှာပေါ့"

"ရှုံးယင်တောင် ရှုံးမှာပါ၊ ထုတ်ဝေတဲ့လူရော၊ စာရေးဆရာကော အနာခံရမှာပေါ့၊ ထုတ်ဝေသူက စီးပွားရေးသမား မဟုတ်တော့လဲ လုပ်ဖြစ်သွားတာပါ"

နောက်ဦးလေးလှလဲ မိုင်းကိုင်စက္ကူနဲ့ "လူတလုံး" ဆိုတဲ့စာအုပ် လေးတအုပ် ဖြုန်းစားချည်း ထွက်လာ ပါတယ်။ ဒီစာအုပ်လေးကို မြင်လိုက်ရတော့ ဦးလေးလှတယောက် အခက်အခဲတွေကို ဖျတ်ကနဲဖြေရှင်းပုံ ကို သိပ်သဘောကျပြီး စိတ်ထဲကြည်နူး နေမိတယ်။ ဒီစာအုပ်လေးထဲမှာ ဦးလေးရဲ့ အတွေးတွေဟာ မျဉ်းသားစရာ ပြည့်နှက်နေခဲ့ပါတယ်။

အစီအစဉ် ရေးဆွဲထားတဲ့အတိုင်း မရပ်မနား အားထုတ်ကြိုးစားတာဟာ တကယ့်အောင်မြင်ရေးအတွက် အရေးကြီးတယ် ဆိုတာပါပဲ။

တကယ်ကတော့ ရည်မှန်းချက်ဆိုတာ အဆက်မပြတ် လုပ်ဆောင် နေရမယ့် အလုပ်ပဲ။ အပျက်အစီးနဲ့ ကြုံရပေမယ့် ရည်မှန်းချက်ကတော့ စိတ်သစ် ဉာဏ်သစ် တက်ကြွမှု အသစ်နဲ့ ရှိမြဲရှိနေရမှာပဲ။

လူ့လောကမှာ တကယ် အောင်မြင်ချင်ရင် နေ့တိုင်းကို စာမေးပွဲ

www.myanmarcupid.net

ဖြေနေတဲ့နေ့ လို့ မှတ်ယူရပါမယ်။ ဦးလေးလှရဲ့ စကားလုံးတိုင်း ဟာ ကျွန်မတို့ ဘဝအတွက် လမ်းညွှန်တာတွေချည်းပါပဲ။

(၄)

၁၉၇၉–ခုနှစ်ပိုင်းလောက်၊ ဒီဇင်ဘာလ စာပေဟောပြောပွဲအပြီး မိုးမိတ်မြို့ကအပြန် ကဗျာဆရာကိုတင်မိုး၊ ဆရာမောင်စွမ်းရည် တို့နဲ့အတူ ဦးလေးလှ–ဒေါ်ဒေါ်မာတို့ တိုက်ကို ဝင်တော့ ဦးလေးလှကို စာရေးစာပွဲက ထလာတာ တွေ့ရပါတယ်၊ လက်က ကလောင်ကိုင်လျှက်၊ ပိန်ပြီးအသားညိုနေတယ်၊ မျက်နှာလဲခါတိုင်းလို ရွှင်ရွှင်ပျပျမရှိဘူး၊ ဒီလိုတွေ့ရလိမ့်မယ်လို့ ကျွန်မတို့လဲ မြှော်လင့် ထားပါတယ်။ ဒေါ်ဒေါ်မာမှ အိမ်မှာမရှိပဲကိုး။ "အဖေါ်မရှိတော့လဲအလုပ်မတွင်ဘူးကွ" လို့ရယ်ပြီး ပြောတယ်။ ဦးလေးရဲ့ရယ်သံဟာခါတိုင်းလိုအသက်မပါဘူး။ ကျွန်မတို့ သုံးယောက် စလုံး ငိုင်နေကြလို့ထင်ပါရဲ့ ချက်ချင်းမျက်နှာ အမူအရာ ပြောင်းပြီး ရယ်စရာတွေရှာဖွေပြီး ဟိုပြောဒီပြော ပြောလာရှာပါတယ်။ ကျွန်မတို့လဲတသံတည်းပဲ။

"ဒေါ်ဒေါ်မာ နေကောင်းလား" လို့မေးတယ်။

"နေကောင်းပါတယ်၊ ဝတောင်နေတယ်ကွ"။

www.myanmarcupid.net

အဲလိုပြောပြီး ကျွန်မတို့ပြန်ခါနီးတော့ “မင်းတို့ဒေါ်ဒေါ်မာကလေ ဦးလေး သွားလေရာတိုင်း လိုက်ချင်တာကွ။ သိလား၊ ခုတော့ ဒို့နောက် သူလိုက် မလာနိုင်ရှာဘူး”

သူတို့နှစ်ယောက် အထိန်းသိမ်းခံရပြီး၊ ဦးလေးလှက အရင်လွတ် လာတာကို ရည်ရွယ်ပြီးပြောတာပါ။ ပြောတာက ရီရီမောမော ပေမယ့် မျက်လုံး အရောင်တွေက မှိန်နေတယ်။ ကျွန်မတို့ သုံးယောက်စလုံး မျက်ရည်တွေ တလည်လည်နဲ့ ဦးလေးလှကို ကြာကြာ မကြည့်ရက်လို့ ကဗျာကရာ နှုတ်ဆက်ထွက်ခွာခဲ့ကြတယ်။

(၅)

ဦးလေးလှ ရဲ့ ရုပ်အလောင်းရှေ့မှာ ဒီစကားကိုပဲ ထပ်ခါတလဲလဲ သတိရနေတယ်။

“မင်းတို့ဒေါ်ဒေါ်မာကလေ၊ ဦးလေးသွားလေရာတိုင်း လိုက်ချင်တာကွ၊ သိလား၊ ခုတော့ ဒို့နောက် သူလိုက်မလာနိုင်ရှာဘူး”။

အလို ငါဘာတွေ တွေးနေမိပါလိမ့်မလဲ၊ ကိုယ့်အတွေးကို ကိုယ်ဟန့်တားပြီး အထိတ်တလန့်နဲ့ ဒေါ်ဒေါ်မာ့ပုခုံးကို

www.myanmarcupid.net

လှမ်းဖက်မိ လိုက်တယ်။ ဒေါ်ဒေါ်မှာ မျက်နှာကို မကြည့်ရက်လို့ ကြမ်းပြင် ပေါ်စိုက်ငေးပြီး ဒေါ်ဒေါ် နေကောင်းလားလို့ မေးလိုက်မိတယ်။ ဒေါ်ဒေါ်က "ဒေါ်ဒေါ်လား၊ လူက နေကောင်းပါတယ်–ကွယ်" ပြောပြီး မျက်ရေတွေ ဖြိုင်ဖြိုင်ကျလာတော့၊ ကျွန်မလဲ ကွယ်လွန်သွားတဲ့ ဖေဖေ့ရုပ်အလောင်း၊ ဦးလေးလှ ရုပ်အလောင်း တွေ ထပ်ထပ်မြင်ပြီး လူ့လောက၊ လူ့ဘဝမှာ ဆက်ပီးနေချင်တဲ့စိတ်ဟာ တခါထဲကုန်ခန်း သွားပါတယ်။ဒါပေမယ့် ကျွန်မတို့ဦးလေးလှလိုပဲ အလုပ်တွေ အများကြီးလုပ်စရာရှိသေးတယ်လေ။ ဦးလေးလှရဲ့ အင်ဒိုနီးရှား ဆောင်းပါးထဲက သမတကတော် မဒမ်ဟာတီနီ စကားလိုပေါ့–

*"မကြာမီမှာပဲ ရှင်တို့ဟာ ကျွန်မတို့ကို ခွဲခွာသွားကြတော့မယ်၊ ဒါပေမယ့် မျက်စိနဲ့ ဝေးပေမယ့်၊ နှလုံးသားနဲ့ နီးနေမှာပါဆိုတဲ့ အင်ဒိုနီးရှား စကားတခုရှိ"* သတဲ့။

ခုလဲဦးလေးလှနဲ့ကျွန်မတို့ ဒီစကားအတိုင်းပဲပေါ့၊ ဦးလေးလှဟာ ကနေ့ထိအသက်ရှင်လျက်ပါပဲ။

ခင်ဆွေဦး

www.myanmarcupid.net



# ပြည်သူချစ်သော ပုံပြောဆရာ

ဇဝန

*မေ–ငါ့အား၊ သဗ္ဗေဟိ–ခပ်သိမ်းကုန်သော၊ ပိယေဟိ–*
*ချစ်နှစ်လိုအပ်ကုန်သော၊ မနာပေဟိ–နှလုံးကို ပွားစေတတ်သော*
*အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့နှင့်၊ နာနာဘာဝေါ–*
*အရပ်တပါးသို့ပြောင်းသွားသဖြင့် ရှင်ကွဲကွဲရခြင်း*
*သည်လည်းကောင်း၊ ဝိနာဘာဝေါ–ဘဝတပါးသို့ပြောင်းသွား*
*သဖြင့် သေကွဲ ကွဲရခြင်းသည် လည်းကောင်း၊အမှိ–*
*ဖြစ်တတ်ချေ၏။ ဣတိ–ဤသို့၊ အဘိဏှံ–နေ့ညမပြတ်၊*
*ပစ္စဝေက္ခိတဗ္ဗံ–ဆင်ခြင်အပ်၏။*

www.myanmarcupid.net

"ကိုသိန်းလား၊ ကျွန်တော် ကိုသုခပါ၊ ခင်ဗျား ကိုလှ အကြောင်း ကြားပြီး ပြီလား"

"မကြားရသေးဖူးဗျ၊ ဘာများထူးသလဲ"

"ကိုလှ ဆုံးပြီ"

"ဟိုက်"

ကျွန်တော့် တကိုယ်လုံး ကတုန်ကယင်ဖြစ်ကာ လက်ထဲက တယ်လီဖုန်းခွက် လွတ်ကျမတတ် ဖြစ်သွားပါသည်။ ကိုသုခမှာ နောက်ပြောင်တတ်သူ မဟုတ်သည့်အတွက်ကြောင့်သာ သူ့စကားကို ကျွန်တော် ယုံကြည်စွာ လက်ခံမိသည်။ အခြားသူ တယောက်က ကိုလှဆုံးကြောင်းပြောလာလျှင် ကျွန်တော် ယုံချင်မှ ယုံမည်။ ထိုသို့ မယုံနိုင်ခြင်းမှာ တနေ့မနေ့ကပဲ ရန်ကုန်သို့ ကိုလှ ရောက်လာပြီး ကျန်းကျန်းမာမာနှင့် တွေ့လိုက်ရသေးသော ကြောင့်ဖြစ် ပါသည်။ ကိုသုခက မနက် ၈နာရီ၁၅မိနစ်က ကိုလှဆုံးကြောင်း၊ ည ၇နာရီ အမြန်ရထားဖြင့် မန္တလေးသို့ လိုက်ကြမည် ဖြစ်ကြောင်း ပြောပြီး ဆက်လက်၍ "အေးဗျာ၊ စိတ်မကောင်းစရာပဲ၊ တကယ်တော့ ခုလိုဖြစ်ရတာ ကျွန်တော့် ကြောင့်လို့ ပြောချင်တယ်ဗျာ" ဟုဆိုပါသည်။

ကိုသုခက ဘာကြောင့် သူ့အပြစ်လည်း ပါသည် ဆိုခြင်းကို အကြောင်းမသိလျှင် နားလည်နိုင်ကြမည် မဟုတ်ပေ။ လွန်ခဲ့သည့် မေလအတွင်းက မေမြို့သို့ ကျွန်တော်တို့



www.myanmarcupid.net

အပန်းဖြေအနားယူရန် သွားခဲ့ကြစဉ်က အကြောင်းကို အစချီ၍ ပြန်လည်ပြောပြမှ လိပ်ပတ် လည်နိုင်ကြလိမ့်မည်။ ကျွန်တော်နှင့် ကိုလှတို့သည် နွေရာသီတွင် အခွင့်အရေးပေးလျှင် ပေးသလို မေမြို့သို့ သွားရောက် တတ်ကြပါသည်။ လွန်ခဲ့သည့် ၈၁ ခုနှစ် မတ်လတတိယပတ် လောက်တွင် ကိစ္စတခုဖြင့် ကိုလှ ရန်ကုန်သို့ရောက်လာသည်။ သူအပြန်တွင် ကျွန်တော့်ကို သူနှင့်အတူ မေမြို့သွား၍ အနားယူရန် ခေါ်သဖြင့် ကျွန်တော်က သကြ်န်လွန်လျှင်လာမည်ဟု ကတိပြုလိုက် ပါသည်။ သူ မန္တလေး ပြန်ရောက်သွားပြီးနောက် ကျွန်တော့ထံစာတစောင် ရေးလိုက်ပါသည်။

*ကိုသိန်းခင်ဗျား....*

*၂၅ ရက်နေ့ ည ၇ နာရီ ၁၅ မိနစ်မှာ ကျွန်တော်တို့ မန္တလေးကို ရောက်ကြပါတယ်။ ရန်ကုန်မှာ ၆ ရက်လောက် နေခဲ့ရပေမယ့် ကိုသိန်းတို့နဲ့ စကားတောင် အားရပါးရ မပြောရဘူး။ ကိုသိန်း မေမြို့လာယင်တော့ ကျွန်တော်တို့ စိတ်လွတ်လက်လွတ် နေကြတာပေါ့။ မေမြို့မှာ ကျွန်တော်တို့ နေလို့ဖြစ်မယ့် နေရာ ၃နေရာလောက်တော့ ရှိပါတယ်။ ကျွန်တော်တို့ ကြိုက်တဲ့နေရာ နေတာပေါ့။ မီးရထားစီးရတာ ကြာလို့လားမသိဘူး။ ကျွန်တော်လဲ ခါးနာနေပါတယ်။ သုံးလေးရက်လောက်*



www.myanmarcupid.net

*ကြာယင်တော့ ပျောက် ကောင်းပါရဲ့။ မန္တလေးနဲ့ မေမြို့ကို သကြီးနဲ်ပြီးပြီးချင်း မလာပါနဲ့။ ၇ ရက်လောက် ခွါလာမှ ကောင်းပါတယ်။ ကိုသိန်း ကျန်းမာရေး ကောင်းတာတွေ့ရလို့ ဝမ်းသာပါတယ်။*

*မောင်လှ*

သူ့စာအရ ဧပြီလကုန်ခါနီးမှ ကျွန်တော် မန္တလေးသို့သွားပါသည်။ ရောက်ရောက်ချင်း မေမြို့သို့ ကျွန်တော်တို့ မသွားဖြစ်ကြသေးပဲ မေမြို့တွင်နေဖို့ အိမ်ကိုစီစဉ်ယင်း နှစ်ရက် သုံးရက်ခန့်မျှ မန္တလေးမှာပဲ နေရသေးသည်။ ထိုအချိန်သည် မန္တလေးတွင် အပူဆုံးအချိန်ဖြစ်ရာ ဝရန်တာတွင် ခင်းထားသော ကွပ်ပျစ်ပေါ်တွင် နှစ်ယောက်သား ယပ်တဖျပ်ဖျပ်နှင့် လဲလျောင်း လူးလိမ့်ယင်း ညဥ့်သန်းခေါင်လောက် ရောက်သည့်တိုင်အောင် ရှေးဟောင်းနှောင်းဖြစ်များကို စားမြုံ့ ပြန်ကြပါသည်။ ထိုသို့ပြောကြသည်မှာ တညလည်းမဟုတ်။ နှစ်ညလည်း မဟုတ် ညတိုင်းလို ဖြစ်နေသဖြင့် ဒေါ်အမာက "ရှင်တို့မှာ ပြောစရာတွေမကုန်နိုင်ကြသေးဘူးလား၊ များပဲ များလွန်းလှတယ်" ဟူ၍ပင် ပြောယူရပါသည်။ ဟုတ်ပါသည်။ ပြောစရာတွေကလည်း များပဲများလွန်းလှ ပါသည်။ ကိုလှနှင့် ကျွန်တော်မှာ ရာစုနှစ်ထက်ဝက်နီးပါး ရင်းရင်းနှီးနှီး

www.myanmarcupid.net

ပေါင်းသင်းဆက်ဆံလာခဲ့ကြသူတွေ ဖြစ်ရာ ပြောစရာစကားတွေ ဘယ်မှာကုန်နိုင်ပါမည်နည်း။ သည်အတွင်း စာထဲထည့်ရေး၍ မကောင်းသည့် ဖြစ်ရပ်များကိုလည်း ပြောစရာတွေက ရှိနေခဲ့လေတော့ လူချင်းတွေ့ကြတော့မှပဲ ပြောပြနေကြရပါသည်။

ကျွန်တော်တို့သည် မေမြို့တွင်နေထိုင်ရန် မန္တလေးမှ ဦးလှ၏ မိတ်ဆွေ ဦးကွမ်းစိန်က မေမြို့ ဟော်ကုန်းရှိ သူဆောက်လုပ်ထားသော အေးသုခအိမ်တွင် စိတ်တိုင်းကျ နေနိုင်ရန် သော့ပါပေးလိုက်သဖြင့် ကိုလှ–ဒေါ်အမာနှင့် ကျွန်တော်ပါသုံးယောက်သား ကားမောင်းသူ လူငယ် တယောက်နှင့် သွားကြပါသည်။ သည်တခါတော့ ယခင်က ဦးလှနှင့် ကျွန်တော်တို့ သွားခဲ့ကြသလို တရက်နှစ်ရက်မျှသာ မဟုတ်ပဲ ရက်အတန် ကြာခဲ့ပါသည်။ ကျွန်တော်တို့သည် မေမြို့တွင် အပန်းဖြေရန်ဆိုသော်လည်း ကျွန်တော်သာလျှင် အိပ်လိုက် စားလိုက်၊ အဖော်လူငယ်လေးနှင့် မနက်ထ လမ်းလျှောက်၊ စွပ်ပြုတ်သောက် လိုက်နှင့် ပြည့်ပြည့်ဝဝ အငြိမ်းယူ အပန်းဖြေခဲ့ ရပါသည်။ ကိုလှနှင့် ဒေါ်အမာကတို့ကတော့ အနားယူသည့် အချိန်ထက် စာရေးသည့်အချိန်က များနေသည်။ 'ဝိုင်အမ်ဘီအေ' ခန်းမတွင်လည်း ဟောပြောပွဲလေး



www.myanmarcupid.net

တပွဲကျင်းပလိုက်ကြသေးသည်။ ကိုလှမှာ ဆီးချိုရောဂါရှိသဖြင့် အစားအသောက်ဆင်ခြင်ရသည်မှတပါး ကျန်းမာရေး ကောင်းလျက် ရှိသဖြင့် ပျော်ရွှင် နေသည်။

"နောင်နှစ်တော့ ကိုသုခပါ ခေါ်မယ်ဗျာ"

ကိုလှက သူစီစဉ်ထားသည့်အတိုင်း ယခုနှစ် ဩဂုတ်လ ၁၄ရက်နေ့အရောက် မန္တလေးသို့လာရန် စာရေးလိုက်သည်။ ထိုအချိန်တွင် ရန်ကုန်တွင် မိုးဦးကျကာ အေးစ ပြုလာပြီ ဖြစ်သော်လည်း ယခင်ကပင် သဘောတူ ထားခဲ့ပြီးဖြစ်သဖြင့် ကျွန်တော်သည် သူမှာလိုက်သည့်နေ့အရောက် မန္တလေးသို့ လိုက်သွားသည်။ ကိုသုခကတော့ မင်္ဂလာဆောင်ကိစ္စ တခု ရှိနေသဖြင့် ထိုကိစ္စပြီးမှ လာနိုင်မည်။

ယခုအကြိမ် ကိုလှကိုတွေ့ရာတွင် သူ့မျက်နှာမှာ ခါတိုင်းနှင့်မတူ အတော်ကျ သွားသည်ကို တွေ့ရသည်။ အစားအသောက်လည်း ပျက်သည်ဟုဆိုသည်။ ကျွန်တော်ရောက်သွားတော့ သူကျောနာသည် ဆိုကာ အနှိပ်ခံ နေသည် ကိုတွေ့ရသည်။ သူခါးနာနေသည်မှာ ယခုမှဖြစ်လာသည်မဟုတ်။ ယခင်နှစ် မတ်လကုန် လောက်က ကျွန်တော့်ထံပေးလိုက်သည့် စာထဲတွင် "မီးရထား စီးရတာ ကြာလို့လားမသိဘူး၊ ကျွန်တော်ခါးနာ နေပါတယ်၊ သုံးလေးရက် လောက်ကြာယင်တော့ ပျောက်ကောင်းပါရဲ့"ဟူ၍ ရေးသား ခဲ့သည့်အတိုင်း ထိုကတည်း

www.myanmarcupid.net

ကစတင် ဖြစ်နေခဲ့မည် ထင်ပါသည်။ ထိုကတည်းက ကြပ်ကြပ်မတ်မတ် ဂရုပြုပြီး ကုသလိုက်လျှင် တခါတည်း ပျောက်ကင်းခဲ့မှာပဲဟု ကျွန်တော်ထင်မြင်မိသည်။ သို့သော် သူသည် သူ့ကျောနာခြင်းကို ခပ်ပေါ့ပေါ့ နေခဲ့မိဟန် တူသည်။ သက်သာသည့်အခါ သက်သာနေခဲ့သဖြင့် ထိုသို့ပေါ့လျော့ခြင်း ဖြစ်ကောင်းဖြစ်မည်။ သူ့ခါးနာ သက်သာနေပြီဟူ၍ပင် ကျွန်တော့်ထံ စာတစောင် ရေးလိုက်သေးသည်။ သို့ရာတွင် သည်နှစ်ဦးပိုင်း လောက်က စပြီး သူ့ဝေဒနာ အတော်ပင် မသက်မသာဖြစ်လာသည်။ ဒီဇင်ဘာလ မကုန်မီလောက်က ကျွန်တော်သည် အထက်မြန်မာပြည်သို့ မော်တော်ကားဖြင့် သမီးသမက်တို့နှင့်အတူ ခရီးထွက်ကာ မန္တလေးသို့ ရောက်သွားစဉ်က သူ့မှာ ကျောက်ကပ်တွင်း၌ ကျောက်တည် နေသည့်ရောဂါဖြစ်နေကြောင်း သိခဲ့ရသည်။

သည်နှစ်ဧပြီလဆန်းတွင် ကိုလှနှင့် ဒေါ်အမာတို့ ကိုလှ၏ ကျောက်ကပ်ရောဂါကို အထူးကု သမားတော်ကြီးများနှင့် ပြသ စစ်ဆေးရန် ရန်ကုန်သို့ရောက်လာကြပြီး မော်လမြိုင်ဘက်သို့ ခရီးဆက်လိုက်ကြ သေးသည်။ သည်အချိန်အထိ သူသည် ပြည့်ပြည့်ဖြိုးဖြိုး ပျော်ပျော်ရွှင်ရွှင် ရှိနေပြီး သူ့ကိုမြင်လျှင် ရောဂါ ဝေဒနာရှင်တဦးလို့ မည်သို့မျှမထင်နိုင်ပေ။ သူမန္တလေးသို့ ပြန်၍ ရောက်သွားပြီးနောက် ရာသီဥတု



www.myanmarcupid.net

ပူပြင်းလှသဖြင့် မေမြို့သွားဖို့ စီစဉ်ပြီး ကျွန်တော် နှင့် ကိုသုခကို ခေါ်လိုက်လေသည်။ ကျွန်တော်မန္တလေးသို့ ရောက်သွားသည့်နေ့မှာပင် မန္တလေး၏ရာသီဥတု အပူဒဏ်ကို မခံရအောင် ထိုနေ့ညမှာပဲ မေမြို့သို့တက်ကြပြီး ယခင်တည်းခိုသည့် 'အေးသုခ' အိမ်မှာပင် တည်းကြသည်။ သည်တခါတော့ ကျွန်တော်တို့ သုံးယောက်တည်း မဟုတ်ကြတော့ပဲ ဒေါ်အမာ၏ ဖခင် အသက် ၉၃ နှစ်ရှိ ဦးထင်နှင့် သားအငယ်ဆုံး ဗိုလ်ညိုကမွေးသော ၆ လသမီးမြေးမကလေးလည်း သူ့အမေနှင့်အတူ ပါလာကြသည်။ ဗိုလ်ညိုမှာ တယောက်တည်း အိမ်မှာ ကျန်တော့သော သူတို့၏အချစ်ဆုံးသားဖြစ်ရာ ဗိုလ်ညိုကလေးရတော့ ဒေါ်အမာက "မြေးကလေး တယောက် တိုးပြန်ပြီ။ ကိုညိုက ၁၈–၁၁–၈၁ နေ့က သမီးကလေးရတယ်။ ဒီကောင်လဲ ကလေးအဖေဖြစ်ပြီ။ မြေးကတော့ ၃ ယောက်ပေါ့" ဟု ရေးလိုက်ပါသည်။ ထိုမြေးမကလေးမှာ သူတို့နှင့်အတူနေသဖြင့် ဘိုးဘိုးဘွားဘွားတို့၏ အသည်းဖြစ်နေသည်။ ယင်းသို့ အသည်းကျော်ဖြစ်သည့်အပြင် မန္တလေးတွင် ပူပြင်းလှသဖြင့် မိတ်တွေထွက်နေ သည့်အတွက် အဘိုးရော အဘိုး၏မြစ်ပါ မေမြို့သို့ ခေါ်လာရခြင်းဖြစ်ပေသည်။ မေမြို့သို့ ရောက်ကြသည့် အခါ ကိုလှမှာ အတော်ပင် ရွှင်လန်းလာသည်။

www.myanmarcupid.net

စားကောင်းသောက်ကောင်း ဖြစ်လာပြီး မန္တလေးမှာကနှင့် မတူ၊ မျက်နှာ ပြည့်ဖြိုးလာသည်။ မေမြို့မှ စာပေမိတ်ဆွေများနှင့် တွေ့ရပြုရသဖြင့် ဝမ်းသာ ပျော်ရွှင်လာသည်။ ၃– ရက်လောက် ကြာသည့်အခါ ကိုသုခရောက်လာလေသည်။

သို့ဖြစ်၍ ကျွန်တော်တို့လေးယောက် နံနက်စောစော လမ်းလျှောက် ဖြစ်ကြသည်။ ကိုလှသည် ရန်ကုန် တုန်းက သူလမ်းလျှောက် သည့်အခါစီးရန် သူနှင့်တော်သည့်ရှူးဖိနပ်ကို လိုက်၍ရှာရာ ဘယ်မှာမှ ဝယ်၍ မရခဲ့။ ဇန်နဝါရီလတုန်းက သူတို့ဇနီးမောင်နှံနှင့် ကိုသုခတို့စုံတွဲမြိတ်သို့သွားကြစဉ်က တဘက်နိုင်ငံမှ သွင်းလာသည့် ဖိနပ်များ ရလိုရငြား ရှာသော်လည်း မရခဲ့။ ရှမ်းဘောင်းဘီလို လမ်းလျှောက်သည့်အခါ ဝတ်၍ကောင်းသည့် တန်ကေးဘောင်းဘီသာ တစ်ယောက်တထည်စီ ရလာခဲ့သည်။ ကံအားလျော်စွာ စက်ာပူမှ မိတ်ဆွေဦးကြည်ရှန်းက ကိုလှနှင့်တော်သည့် လမ်းလျှောက် ဖိနပ်တရံ ပို့လိုက်ရာ မေမြို့သို့ထွက်မလာခင် အချိန်မီ ရလိုက်လေသည်။ သို့ဖြင့် ကိုလှနှင့်ကိုသုခတို့မှာ လမ်းလျှောက် ကြရာတွင် တန်ကေးဘောင်းဘီ ကိုယ်စီနှင့် စမတ်ကျနေကြ လေသည်။ ကိုလှ၏ ရှူးဖိနပ်မှာ တိုင်းယက်သည့်ပက္ကလာ မိုးရွာတာနှင့် အဆင်သင့်ဆိုသလို တိုင်းပြီးချုပ်ထား သည့်အလား ဖစ်ဆိုက်

www.myanmarcupid.net

ဖြစ်နေသည်သာမက နူးလည်းနူးညံ့သည်။ မြန်မာပြည်တွင် မမြင်ဘူး ကြသေးသော ပုံစံသစ် ပုံဆန်းလည်းဖြစ်နေသည်။ သို့ဖြစ်ရာ ကျွန်တော်တို့ လမ်းလျှောက်ကြသည့် အခါတွင် ကျွန်တော်တို့ကို ဘယ်သူမျှမကြည့်၊ သူ့ဖိနပ်ကိုသာ ကြည့်ကြည့်သွားသဖြင့်ဖိနပ်ကိုပင် မနာလိုချင်စရာ ဖြစ်ရလေသည်။

ကျွန်တော်နှင့် ကိုသုခတို့သည် တခါတရံ လမ်းလျှောက်ရန် ပျက်ကွက်ကြသော်လည်း ကိုလှနှင့် ဒေါ်အမာကမူ ဝတ်မပျက်ကြချေ။ သူတို့သည် မြို့ပတ်လမ်းမှနေ၍ စစ်တပ်ဈေးအထိ လျှောက်ပြီး အောင်ဇေယျ လမ်းမှပြန်ကာနေ့စဉ်သုံးမိုင်ကျော်လောက် မှန်မှန် လျှောက်ကြလေသည်။ ဒေါ်အမာက ကျွန်တော်တို့အားလုံး စားသောက်ကောင်းအောင် သူကိုယ်တိုင်ဈေးဝယ်၊ သူကိုယ်တိုင် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးရှာသည်။ သည်တကြိမ်မှာတော့ ကိုလှ ဘာစာမျှမရေး၊ မနက်လမ်းလျှောက် ပြီးသည့်နောက် ကောင်းကောင်းစား၊ ကောင်းကောင်းအနားယူသည်။ ဒေါ်အမာမှာ စာရေးရန် အလုပ်ကြီး တခုပါလာသည်။ သူသည် ကိုသုခ ၏တိုက်တွန်း ချက်အရ မင်းကွန်းဆရာတော် အသျှင်ဝိစိတ္တသာရာဘိဝံသ ၏ 'တိပဋကဓရနိကာယ သာသနာပြုသုံးနှစ်ခရီး' စာအုပ်တွင် ထည့်သွင်းရန်



www.myanmarcupid.net

ဆရာတော်၏ မယ်တော်သီလရှင်ဆရာကြီး ဒေါ်ခမ္မစာရီ၏ အကြောင်းကို ရေးသားရန် တာဝန်ယူထားသည်။ ထိုဆောင်းပါးကို ကျွန်တော်တို့ မေမြို့ကမပြန်မီ အပြီးရေးရန်လိုကာ ကိုးကားစရာ အချက်အလက် ပြည့်ပြည့်စုံစုံ ရှာဖွေစုဆောင်းပြီး ရေးနိုင်ရန် ထမင်းချက်ဖို့နှင့် အဝတ်လျှော်ဖို့အတွက် အိမ်ဖော် အမျိုးသမီးတယောက်ကို နေ့စားငှားရမ်းပြီး မီးဖိုချောင်တာဝန် လွှဲပြောင်းပေးကာ ဆောင်းပါးအတွက် အချိန်ပြည့်ယူ၍ ရေးသား ရလေသည်။ သည်ကြားထဲတွင်ဟောပြောပွဲ နှစ်နေရာနှင့်ဆွေးနွေးပွဲတနေရာ နွှဲလိုက် ရသေးသည်။ ဒေါ်အမာ၏ ဆောင်းပါးကို ကိုသုခက ဖတ်ကြည့်ပြီးနောက် နှစ်ခြိုက်လှသဖြင့် လမ်းတွင်မပျောက်ပျက်ရအောင် သူကိုယ်တိုင် ဆရာတော်၏လက်ထဲအရောက် ဆက်ကပ်မည်ဆိုကာ ဆောင်းပါးကိုယူ၍ ပြန်နှင့်လေသည်။ ကျွန်တော်တို့ မေမြို့ကပြန်လာခဲ့ကြခါနီးတွင် ကိုလှမှာ ရောက်စတုန်း ကလိုမဟုတ်တော့ပဲ နေရထိုင်ရမသက်မသာ ဖြစ်လာ သည်။ သို့ဖြစ်၍ မန္တလေးသို့ ကားဖြင့်ပြန်လျှင် ကသိကအောက်ဖြစ်မည်စိုး၍ ကိုလှနှင့် ကျွန်တော်တို့က ဒေါ်အမာ တို့နှင့်အတူ မော်တော်ကားနှင့် မပြန်ကြပဲ မီးရထားနှင့်ပြန်ကြရန်စီစဉ်ရသည်။ မေမြို့စာပေလုပ်သား တဦး

www.myanmarcupid.net

ဖြစ်သူ မီးရထားရုံပိုင်ကြီး ဦးလှဒွေးကလည်း ဦးလှ သက်သက်သာသာ လိုက်နိုင်အောင်ဆိုကာ သီးသန့်ရထားတွဲဖြင့် ထည့်ပေးလိုက်သည်။ မန္တလေးသို့ပြန်၍ရောက်ကြသည့်အခါ ကိုလှ၏ အခြေအနေမှာ အားရစရာမရှိ၍ သမီးဖြစ်သူ ဒေါက်တာသန်းယဉ်မာက စမ်းသပ်ကြည့်ပြီး ကျွန်တော့ကိုလည်း စမ်းသပ်စစ်ဆေးသည်။ မသန်းယဉ်မာသည် ကျွန်တော်၏နှလုံးသွေး လှည့်ပတ်ပုံကို အားမရချေ။

"ဦးလေး နှလုံးသွေးကြောတွေဟာ ကျဉ်းနေတယ်။ အဖေ့သွေးကြောတွေလည်း ကျဉ်းတာပဲ။ ဒါပေမယ့် ဦးလေးက ပိုဆိုးတယ်။ ဦးလေးမောမယ့် ပန်းမယ့်အလုပ် ဘာမှမလုပ်ပါနဲ့"

မသန်းယဉ်မာ၏ စကားကြောင့် ကိုလှက သူ့ဝေဒနာထက် ကျွန်တော့်ကျန်းမာရေး အတွက် ပို၍စိုးရိမ် လေသည်။ ကျွန်တော်ကတော့ တသက်လုံး ဘာတခုမျှ ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့သူမဟုတ်သည့်အတွက် မောပန်းမှုကိုမပူပဲ မန္တလေး၏ အပူကိုသာ ကြောက်ပြီးထိုနေ့ညမှာပင် ရန်ကုန်ပြန်ခဲ့သည်။ အပြန်တွင်ခါတိုင်းလို ကိုလှနှင့် ဒေါ်အမာတို့ ဘူတာလိုက် မပို့နိုင်ကြချေ။ ဗိုလ်ညိုလိုက်ပို့ပြီး ရထားတွဲပေါ်တွင် ဒုလ္လဘရဟန်းခံသူ တဦးနှင့် တခုံတည်းကျသဖြင့် ဗိုလ်ညိုကကျွန်တော်အား

www.myanmarcupid.net

စောင့်ရှောက်သွားရန် ထိုကိုယ်တော်ထံ အပ်နှံသွားခဲ့သေးသည်။ သို့သော် ဒုလ္လဘကိုယ်တော်သည် ရထားထွက်ကတည်းကကျိန်းစက်တော်မူလာရာ သူ့ကို ကျွန်တော်ကပဲ စောင့်ရှောက်လာခဲ့ရသည်။ ထိုအကြောင်းကို ကျွန်တော်က ကိုလှထံသို့ ခပ်ရွှန်းရွှန်းရေး၍ စာထည့်လိုက်သည်။ အခါတိုင်း၌ ကိုလှသည် သူကိုယ်တိုင်စာပြန်သည်။ သည်တခါတော့ ဒေါ်အမာက စာပြန်လိုက်သည်။ သူ့စာထဲမှ ကောက်နုတ်ချက် အချို့ကို ဖော်ပြပါရစေ။

*ကိုသိန်း*

*ချောချော မောမော 'ဖွန်းဖွန်းရဲ့ အစောင့်အရှောက်' နဲ့ ရန်ကုန်ပြန်ရောက်တယ် သိရလို့ ဝမ်းသာတယ်။ ကိုသုခကလဲ ဖုံးနဲ့ပြောတယ်။ မန္တလေးမှာတော့ မိုးနည်းနည်းရွာပါပြီ။ ပူတော့ ပူတုန်းပဲ။ မေမြို့ကို တလွမ်းလွမ်း တတတနဲ့ နေကြရပါတယ်။ ဦးလှလဲဗိုက်နာမပျောက်သေးဘူး။ ကိုသိန်းတော့ (Still Going Strong) ပေါ့နော်။ ကြည့်လုပ်။ အပင်ပန်းလဲမခံနဲ့။ မသန်းယဉ်မာက ကိုသိန်း မောတဲ့ပန်းတဲ့ အလုပ်တွေမလုပ်စေချင်ဘူး။ မန္တလေးမှာ ဝမ်းသွားကြ၊ အသားဝါကြနဲ့ မမဦးတောင်(Jaundice)ဖြစ်နေတယ်။ ဆရာဝန်တွေများ အသုဘမှာ လူတော်တော် စုံတယ်ဆို။*



www.myanmarcupid.net

*ကျွန်မတို့လည်း မလာနိုင်တာနဲ့ ကြေးနန်းပဲ ရိုက်လိုက်ရတယ်။*

*ကျန်းမာရေး ဂရုစိုက်ပါ*

*အမေ*

*(သည်စာအောက်မှာမှ ကိုလှက စာတကြောင်း ရေးထည့်လိုက်သည်)*

*သီတင်းကျွတ်လ ကိုကျော်သိန်းသား မင်္ဂလာဆောင်အတွက် လာယင် ကိုဝင်းတင်ပါ ခေါ်ခဲ့ပါ။*

*မောင်လှ*

ကိုလှသည် ထိုစာတကြောင်းပင် အနိုင်နိုင်ကြိုးစားကာ ရေးသားလိုက်ရဟန် တူသည်။ ထိုစာမှာ ကိုလှလက်ရေးဖြင့် ကျွန်တော့ထံ နောက်ဆုံး ရေးလိုက်သည့် စာဖြစ်ပါသည်။ ကိုလှက သူ့စာတွင် ပါသည့်အတိုင်း ကျွန်တော်တို့နှင့် သီတင်းကျွတ်လလောက်တွင် ထပ်မံတွေ့ရဖို့ မျှော်လင့်ခဲ့သည်။ သူသည် သည့်ထက်စောစော တွေ့ချင်ဦးတော့ အကြောင်းတစုံတရာ မရှိပဲနှင့် တွေ့ဖို့ရန်မလွယ်။ ထို့ကြောင့်အနီးကပ်ဆုံး သီတင်းကျွတ်လလောက်မှာမှ တွေ့နိုင်လိမ့်မည် မျှော်မှန်းဟန်တူသည်။ သို့သော် ထို့ထက်စောပြီး တွေ့ဖို့ရန် အကြောင်းဖန်လာခဲ့လေသည်။ ထိုသို့ တွေ့ဖို့ရန်ဖြစ်လာသည့် အကြောင်းမှာ

www.myanmarcupid.net

မင်းကွန်းဆရာတော်က ဒေါ်အမာ့ဆောင်းပါးကို သဘောကျလှသဖြင့် ထိုဆောင်းပါးပါသော စာအုပ်ကို ဆရာတော်ကိုယ်တိုင် ဒေါ်အမာလက်ထဲသို့ ပေးအပ်လို သည်ဟု ကိုသုခက ဒေါ်အမာထံအကြောင်းကြားလိုက်သဖြင့် စာအုပ်လှူဒါန်းပွဲ ကျင်းပမည့် ယခုဩဂုတ်လ ၁–ရက်နေ့အမီ ရန်ကုန်သို့ ဒေါ်အမာလာရာတွင် ကိုလှလည်း ဒေါ်အမာနှင့်အတူ လိုက်ပါလာခဲ့လေသည်။ သို့ဖြင့် သီတင်းကျွတ်အောင်ပင် မစောင့်ရတော့ပဲ ကျွန်တော်တို့နှင့် ထပ်မံ တွေ့ကြရလေသည်။

ထိုသို့ ကိုလှလည်း ရန်ကုန်သို့ လိုက်မည်ဆိုသည့်အခါ သမီးဖြစ်သူ ဒေါက်တာသန်းယဉ်မာက သဘောမတူချေ။ "အဖေ နေလို့မှ မကောင်းတာ မလိုက်ချင်ပါနဲ့" ဟုတားသည်။ ကိုလှနှင့် ဒေါ်အမာတို့သည် အိမ်ထောင်သက် ၄၀– ကျော်အတွင်း ဘယ်အခါမဆို သွားအတူ၊ လာအတူ၊ စာပေခရီးဖြစ်ဖြစ်၊ လူမှုရေးကိစ္စ ကြောင့်ဖြစ်ဖြစ်၊ ခရီးနီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ၊ မခွဲမခွါ သွားလာလေ့ရှိကြသည်။ ယခုလို အသက်ကြီး လာကြသည့်အခါ တယောက်ကိုတယောက် အမှီသဟဲပြုကာ အတွယ်အတာ ကြီးမားလာကြသည်။

www.myanmarcupid.net

ကိုလှ၏အသက်မှာ ၇၃–နှစ်ရှိပြီ။ သူသည် ၁၉၁၀–ခုနှစ် ဇန်နဝါရီလ ၁၉–ရက်နေ့ နံနက် ၇–နာရီ၅၄–မိနစ်တွင် ညောင်လေးပင် (ပုဇွန်မြောင်း) မှာမွေးသည်။ ကိုသုခအောက် ၅–ရက်မျှငယ်သည်။ ဒေါ်အမာခေါ် မခင်စုမှာ ၆၇–နှစ်ရှိပြီ။ ၁၉၁၅–ခုနှစ် နိုဝင်ဘာလ ၂၉–ရက်၊ တနင်္လာသမီးဖြစ်သည်။

သူတို့သည် ဘဝခရီးတလျှောက် အနုအကြမ်းကို လှမ်းခဲ့ကြရာက မကြာဝေးတော့သော ကာလတွင် လက်တွဲဖြုတ်ကြရမည်ဖြစ်ရာ အသက်ကြီးလေ ပို၍တွယ်တာလေ ဖြစ်လာကြသည်။ ထို့ကြောင့် ကိုလှကို သူ့သမီးက တားသော်လည်း မရချေ။ ထိုအခါ သမီးဖြစ်သူမှာ မတတ်သာတော့ပဲ လမ်းခရီးတွင် အားအင်ရှိ စေရန် မိုရီယာမင်း ဆေးသွင်းပေးလိုက်ရသည်။ ကိုလှလိုက်လာသည်မှာ ရန်ကုန်မြို့ရှိ ရင်းနှီးချစ်ခင်သာ မိတ်ဆွေများအား နောက်ဆုံးနှုတ်ဆက်ရန် လာရောက်ခြင်း ဖြစ်သည်နှင့် မခြားလှချေ။ သို့သော် သူ့မှာ အခြားကိစ္စလေးတခု ဆောင်ရွက်ရန်လည်း ပါလာလေသည်။ ထိုကိစ္စမှာ သူရေးသားခဲ့သည့် 'လေနှင့်အတူ' ဝတ္ထုကို ဂျပန်လူငယ်တဦးက ဂျပန်ဘာသာသို့ ပြန်လျက်ရှိရာ ထိုစာအုပ်ထဲတွင်ပါရှိသော ကဏ္ဍတခု၏ ခေါင်းစဉ်တွင် 'ဆာပေါ်ထွန်းနှင့် ဘုရင်ခံခေတ်' ဆိုသည်ကို သဘောမပေါက်သဖြင့် ရှင်းပြပေးပါရန် သူ့ထံ

www.myanmarcupid.net

စာရေးတောင်းပန်လိုက်သဖြင့် ထိုကိစ္စကို ရှင်းပြဖို့ရန် သူ့မှာတာဝန် ရှိလာသည်။

သို့ဖြစ်၍ သူသည် ကျွန်တော်နှင့်တွေ့သည့်အခါ သူရေးခဲ့သည့် လေနှင့်အတူ စာအုပ် ရှိမရှိကို လည်းကောင်း၊ ကျွန်တော်ရေးသည့် ဘုရင်ခံစာအုပ် ကိုလည်းကောင်း မေးသည်။ ကျွန်တော်ဆိုသည့် ကျွန်တော် ကလည်း စာအုပ်များကို စနစ်တကျ သိမ်းသူမဟုတ်သည့်အပြင် စာအုပ်ငှားသွားပြီး ပြန်၍မပေးသူများနှင့် ပိုးဟပ်များ ကြွက်များကို နှစ်စဉ်အလှူကြီးပေးနေသူ တယောက်ဖြစ်ရာ ကိုလှကြည့်လိုသော စာအုပ်များကို အလွယ်တကူ ရှာမရသဖြင့် တက္ကသိုလ်စာကြည့်တိုက်သို့ သွား၍ရှာကြရသည်။ အဲဒီညနေ ကစပြီး တယောက်နဲ့ တယောက်ခွဲခွာ လိုက်ကြရာက နောက်ထပ် သူနှင့် ကျွန်တော် ပြန်ပြီး မတွေ့ဖြစ် ကြတော့ချေ။

ဩဂုတ်လ ၁–ရက်နေ့တွင် ကျွန်တော်ကလည်း အိမ်မှာ ကျွန်တော်၏ ၁၄ ယောက်မြောက် မြေး ကလေး၏ တနှစ်ပြည့်မွေးနေ့မင်္ဂလာ လုပ်နေသည်။ ကိုလှနှင့် ဒေါ်အမာတို့ကလည်း မင်းကွန်းဆရာတော်၏ စာအုပ်အပ်နှင်းပွဲသို့ တက်နေကြသည်။ သို့ဖြစ်၍ ကျွန်တော့်ထံလည်း သူမလာနိုင်၊ သူ့ထံလည်း ကျွန်တော် မရောက်နိုင်ခဲ့ပေ။ ဩဂုတ်လ ၂ ရက်နေ့နံနက်တွင်

www.myanmarcupid.net

သူတို့မန္တလေးသို့ ပြန်ကြလေသည်။ ကိုလှသည် သူပြန်ဖြစ်လျှင်ကျွန်တော့်ကို အကြောင်းကြားလေ့ရှိသည်။ ယခုမူ သူကျွန်တော့်ထံ တယ်လီဖုန်းမဆက်၊ ထိုသို့မဆက် ခြင်းမှာ ကျွန်တော်သူ့ကို သူတာရှုံသို့ လိုက်ပို့ရသည့် 'ဒုက္ခ'ကို မပေးလို၍ ဖြစ်သည်။ သူအပြန်တွင် ကျွန်တော် မတွေ့လိုက်ရသော်လည်း သူပြန်မည်ကိုသိ၍ သူ့ကိုလိုက်ပို့ဖြစ်ခဲ့သူ ကိုဝင်းတင်က "ဦးလေးလှ အပြန်မှာ ဆရာ မြင်လိုက်ရယင် သိပ်စိတ်မကောင်းဖြစ်ရမှာပဲ။ ဘူတာကိုဆင်းတော့ သူလမ်းလျှောက်တုတ် တချောင်းကို ထောက်ပြီး လာရတယ်။ မျက်နှာလဲ ရောက်စကနဲ့ မတူတော့ဘူး။ သိပ်ကျသွားတာပဲ" ဟု ပြောပါသည်။ သူ့ရောဂါ အဆောက်အအုံမှာ အတော်ကြီးရင့်နေပါပြီ။ သူ့ကိုယ်သူလည်း ကြာကြာနေရလိမ့်မည် မဟုတ် လို့တော့ တွေးမိမှာပါ။ ထို့ကြောင့် မိတ်ဆွေဟောင်းများထံ သူစာမပြတ်ရေးသည်။ ရန်ကုန်ရောက်လာ သည့်အခါ လူစုံအောင်ကြိုးစားပြီး လိုက်လံတွေ့သည်။ သူရန်ကုန်ရောက်လို့ ထမင်းတနပ်လာ၍ မစားလျှင်၊ တညဖြစ်စေ လာပြီးမတည်းလျှင် စိတ်ကောက်တတ်သူများ၊ စိတ်မကောင်းဖြစ်တတ်သူများ ကျေနပ်အောင် တညစီလှည့်အိပ်၊

www.myanmarcupid.net

တနပ်စီ လှည့်စားရရှာသည်။ မန္တလေးသို့ လာကြရန်ကိုလည်း အတန်တန် ဖိတ်ခေါ်သည်။

သူသည် မသေခင် တနှစ်ဖြစ်စေ၊ နှစ်နှစ်ဖြစ်စေ သူနေရသလောက် ကာလအတွင်း သူနဲ့ ချစ်ကျွမ်းဝင် ခဲ့သူ အားလုံးကို တွေ့သွားချင်သည်။ သို့သော် သူသည် ယခုလောက် မြန်မြန်ဆန်ဆန် သေဆုံးလိမ့်မည်ဟု မျှော်လင့်မည် မဟုတ်ပေ။ ကျွန်တော်တို့ကလည်း ထိုသို့ဖြစ်လိမ့်မည် မထင်ကြပါ။ အနည်းဆုံး ငါးနှစ်ထိတော့ နေရလိမ့်ဦးမည်လို့သာ တွက်မိကြပါသည်။ သို့ရာတွင် သူရန်ကုန်က ပြန်သွားပြီး ငါးရက်အကြာမှာပင် မည်သူမျှ မမျှော်လင့်ခဲ့သည့်ကြားက သူအင်မတန် ချစ်ခင်တွယ်တာခဲ့သော မိသားစုနှင့် ချစ်မိတ်ဆွေအပေါင်းကို အပြီးသတ် ခွဲခွာသွားလေသည်။ ကိုသုခက ကျွန်တော့်ထံ တယ်လီဖုန်းဆက်စဉ်က ကိုလှ သေဆုံးရခြင်းသည် သူ့အပြစ် မကင်းပါဟု ဆိုလိုက်ခြင်းမှာ မိမိနှင့် လွန်စွာချစ်ခင်သူတဦး ဆုံးရှုံးရခြင်းအတွက် ရင်ထုမနာ ဖြစ်ပြီး အားလုံးအတွက် သူတဦးထဲက အပြစ်ခံယူလိုခြင်းဖြစ်သည် ဟူ၍သာ ကျွန်တော် သဘောရပါသည်။ စင်စစ်အားဖြင့် ကိုလှမှာ ရောဂါဝေဒနာ ကြီးလေးစွာ ခံစားနေရပြီဖြစ်ရာ ကြီးမားလေးလံသော ဝန်ထုပ်ကြီးကို ထမ်းနေရသည့် ကုလားအုတ်ပေါ်တွင်

www.myanmarcupid.net

နောက်ဆုံးတင်လိုက်သော တမျှင်သော ကောက်ရိုး ကြောင့် ကုလားအုတ်ခါးကျိုးရခြင်းဖြစ်သည် ဆိုသကဲ့သို့ နောက်ဆုံးတင်မိသည့် ကောက်ရိုးက ပြောစရာ ဖြစ်ခဲ့ခြင်းသာပါတည်း။ ကိုသုခထံမှ ကိုလှဆုံးကြောင်း တယ်လီဖုန်းထဲမှ ကြားလိုက် ရပြီးနောက် စိတ်တုန်လှုပ်ချောက်ချားမှု အနည်းငယ်ပြေသွားသည့်အခါ ကိုလှကျွန်တော့်ထံပေးသည့် စာများ၊ သူ့သား,သမီးများနှင့် မိသားစုတို့၏ ဓါတ်ပုံများကို မွှေနှောက် ရှာဖွေရာ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ခန့်က ကျွန်တော်တို့နှင့် ရင်းနှီးသော မိတ်ဆွေတစု ဘားလမ်းနှင့် မောင်ဂိုမာရီလမ်းထိပ်က ကြီးပွားရေး မဂ္ဂဇင်းတိုက်ပေါ်တွင် ရိုက်ကူးထားသည့် ဓာတ်ပုံတခုကို တွေ့ရ ပါသည်။

(မှတ်ချက်။ ။ကြီးပွားရေး မဂ္ဂဇင်းကို ထိုတိုက်ပေါ်မှ စတင်ထုတ်ဝေ ခြင်းဖြစ်သည်။ နောင်မှ ၃၈ လမ်းသို့ ပြောင်းရွှေ့ ထုတ်ဝေသည်။ ၃၇ လမ်းမဟုတ်ပါ။)

ထိုဓာတ်ပုံထဲတွင်ပါဝင်သူတို့မှာ ဝဲမှယာသို့ ကိုလှ၊ ကျွန်တော်၊ ကိုသန်းထွန်း၊ ကိုဘရှိန်(မဟာဆွေ)၊ သူရိယ ဦးသိမ်းမောင်(မြို့သား)၊ သူရိယဦးသိန်း(မြို့သူ) တို့ဖြစ်ကြပါသည်။ ထိုဓာတ်ပုံတွင် ပါဝင်သူတို့မှာ လက်ယာမှ လက်ဝဲသို့ အစဉ်အလိုက် တယောက်ပြီးတယောက်

www.myanmarcupid.net

သေဆုံးခဲ့ကြရာ ကျွန်တော်နှင့် ကိုလှတို့ နှစ်ဦးသာ ကျန်ကြတော့သည့်အခါ ထိုဓာတ်ပုံကပ်ထားသည့် စာမျက်နှာအောက်တွင် တရားစာတပုဒ်ကို ကျွန်တော် ရေးထား လိုက်မိသည်။

*မေ–င့်အား၊ သဗ္ဗေဟိ–ခပ်သိမ်းကုန်သော၊ ပိယေဟိ–ချစ်နှစ်လိုအပ်ကုန်သော၊ မနာပေဟိ–နှလုံးကို ပွားစေတတ်သော အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့နှင့်၊ နာနာဘာဝေါ–အရပ်တပါးသို့ပြောင်းသွားသဖြင့် ရှင်ကွဲကွဲရခြင်း သည်လည်းကောင်း၊ ဝိနာဘာဝေါ–ဘဝတပါးသို့ပြောင်းသွား သဖြင့် သေကွဲ ကွဲရခြင်းသည် လည်းကောင်း၊အမှိ–ဖြစ်တတ်ချေ၏။ ဣတိ–ဤသို့၊ အဘိဏှံ–နေ့ညမပြတ်၊ ပစ္စဝေက္ခိတဗ္ဗံ–ဆင်ခြင်အပ်၏။*

ဓာတ်ပုံထဲက ဖယောက်အနက် ၄ယောက်မှာ ဘဝတပါး ပြောင်းသွား ခဲ့ကြလေပြီ။ ကျန်ရှိနေသော ကိုလှနှင့် ကျွန်တော်မှာကား တကွဲတပြား ဖြစ်နေကြပေ၏။ ကျွန်တော်တို့နှစ်ယောက်အနက် ကိုလှမှာ ကျွန်တော့် ထက်အသက်ကြီးသော်လည်း ကျန်းမာရေးနှင့် ပြည့်စုံသူဖြစ်သည်။ ကျွန်တော်က သူ့အောက်ငယ်သူ ဖြစ်စေကာမူ အလွန်တေပေသူ၊ ကျန်းမာရေးကို ဂရုမစိုက်သူဖြစ်၍ သေစရာရှိလျှင် ကျွန်တော်က အရင်သေမည်။

www.myanmarcupid.net

ခာတ်ပုံထဲမှာလည်း ဝဲမှယာသို့ အစဉ်လိုက် သေသွားခဲ့ကြရာ နောက်ဆုံးသေဆုံးသူမှာ ကိုသန်းထွန်း ဖြစ်၍ သူပြီးလျှင် ကျွန်တော့်အလှည့် ရောက်လာမည် ဖြစ်သည်။ ဤအကြောင်းကို စဉ်းစားယင်း ခာတ်ပုံစာအုပ်ကို လှန်လှော ကြည့်ရာတွင် ထိုစာအုပ်ထဲ၌ ညှပ်ထားသော စာနှစ်စောင် ထွက်လာသည်။ ထိုစာနှစ်စောင်လုံးမှာ ကိုလှပေးပို့သည့် စာများ ဖြစ်သည်။ ထိုစာနှစ်စောင်အနက် ပထမစာထဲမှာ ကောက်နှုတ်ချက်ကို ဦးစွာ ဖော်ပြပါမည်။

*ကိုသိန်းခင်ဗျား*

*ကျွန်တော် သတိရနေပါတယ်။ စာရေးချင်နေတယ်။ မရေးဖြစ်လို့ပါ။ ကျွန်တော် အိမ်ပြန်ရောက်တာ ၃လ ကျော်ပါပြီ။ ကိုသိန်း ဆောင်းပါး ဖတ်ပြီး ဆက်ရက်တွေ၊ စာကလေးတွေ အများကြီးရှိတဲ့ နေရာသစ်ကို ကျွန်တော် ရောက်သွားတာပဲ။ အဲဒီမှာ သူတို့ကို ကျွန်တော်ရတဲ့ ထမင်းတွေ ကျွေးရတယ်လေ။ ဖိုလ်ညိုနဲ့ကျွန်တော် ကိုသိန်း ဆောင်းပါး အကြောင်းပြောလိုက်ကြ၊ ကျွေးလိုက်ကြပေါ့။ ညနေခင်းမှာ ထန်းလက်တွေပေါ်မှာ ဆက်ရက်တွေ တန်းစီနေတာ အကောင် ၂ဝဝ လောက်တော့ ရှိလိမ့်မယ်။ ကိုသိန်း ကျန်းမာရေး ကောင်းကြောင်းတော့ဒီလာတဲ့ စာရေးဆရာများက ပြောကြတယ်။ ကိုတင်အောင်တောင် တော်တော်သိသွားရ၊*

www.myanmarcupid.net

မြင်သွားရတယ်လို့လဲ ပြောကြပါတယ်။ အသုဘချတာက စောလို့ ကိုသိန်းတို့ မမီလိုက်ကြဘူး။ ဒီတော့ ကိုတင်အောင်ကလဲ ကျုပ်တို့တောင် မစောင့်ဘူးဗျာလို့ ပြောကြကြောင်းလဲသိရပါတယ်။ (ကိုတင်အောင်မှာ ဗန်းမော်တင်အောင်ကိုဆိုလိုသည်) ထွေးထွေးတို့ လက်ထပ်ပွဲတော့ ကျွန်တော်မလာနိုင်တော့ဘူးလေ။ သမီးကလေးကိုသာ ပြောပြလိုက်ပါတော့။ အိမ်မှာ မတင်ဝင်းနဲ့ ကျွန်တော်ပဲရှိတယ်။ မတင်ဝင်းတော့ တယောက်ထဲ ကြံနေရတာပဲ။ မတင်ဝင်းက အလုပ်သွား၊ ကျွန်တော်က အိမ်စောင့်၊ ဒေါ်အမာတို့လိုတာ ပို့ပေး၊ ဘုရားခန်းထဲဝင်။ ဘုရားလောင်းတွေ လူ့ပြည်ရောက်လာတာ ပါရမီလာပြီး ဖြည့်ကြတာပဲဆိုတာ အခုမှ ပိုသဘောပေါက်မိတယ်။ ဘုရားလောင်း မဟုတ်တဲ့လူကတော့ ပိုခံရတာပေါ့လေ။

မေတ္တာပို့သလျက်

မောင်လှ

(ဤစာထဲတွင် ကျွန်တော်ရေးခဲ့သည့် ဆောင်းပါးတပုဒ်ကို ရည်ညွှန်းထားရာ အနည်းငယ် ရှင်းလင်း ဖော်ပြရန် လိုလိမ့်မည် ထင်ပါသည်။ကိုလှကို ဖဆပလ အစိုးရက ပုဒ်မ ၅ ဖြင့် ဖမ်းဆီးအရေးယူပြီး ရန်ကုန်ထောင်ကြီးသို့ ပို့လိုက်ရာ ကြာကြာ စကားပြောကြရအောင် ကိုလှတို့အနေဖြင့် ဘုန်းကြီးများ

www.myanmarcupid.net

ပင့်ဖိတ်ဆွမ်းကျွေးကာ ကျွန်တော်က ကပ္ပိယအဖြစ်ဖြင့် ဘုန်းကြီးနောက်က ထီးထမ်းပြီးထောင်ထဲဝင်ရသည်။ ဘုန်းကြီးများ ဆွမ်းဘုဉ်းပေးပြီး ပြန်လည်ကြွသွားသည့်အခါ ကျွန်တော်ပြန်၍မလိုက်ပဲ ထောင်ထဲမှာနေရစ်ကာ ကိုလှ၊ ဗန်းမော်တင်အောင် စသော မိတ်ဆွေများနှင့် စကားပြောဆိုကာ တနေကုန်နေခဲ့လေသည်။ ထိုအခါတွင် ကိုလှက ကျွန်တော့်ကို ပြရဦးမည်ဆိုပြီး အကျဉ်းသား တယောက်ထံ ခေါ်သွားပါသည်။ ထိုသူသည် ထောင်ထဲသို့ဝင်လာပြီး အစာတောင်းကြသည့် ဆက်ရက်ကလေးများကို သူစားရသည့် ထမင်းထဲက ဝေမျှကျွေးပြီး ဆက်ရက်တကောင်ကို လက်သပ်မွေးထား လေသည်။ ထိုဆက်ရက် ကလေး၏ နာမည်ကို အောင်တိုးဟု မှည့်ထားသည်။ သူသည် ထိုဆက်ရက်ကလေးကို ရွှေအိုးစည်သီချင်း သင်ပေးထားရာ ကိုလှက အောင်တိုးကို ခေါ်ပြီး “ဟောဒီက ဧည့်သည်ကြီးကို သီချင်း ဆိုပြခိုင်းပါဦး” ဟုပြောသဖြင့်ထိုသူက “အောင်တိုးရေ” ဟု ခေါ်လိုက်သည့်အခါ ဆက်ရက်ကလေး ရောက်လာပါသည်။ ထို့နောက် ဒီဆရာကြီးက ရွှေအိုးစည်သီချင်း ကြားချင်လို့ပါတဲ့ကွယ်၊ ဆိုပြလိုက်ပါဦးဟု ပြောရာ ဆက်ရက်ကလေးက “ကိယိုကိယို ကယုံကယုံ” စသဖြင့် သူတတ်သလို မှတ်သလို တွန်ကျူး ရှာလေသည်။ ဤအကြောင်းကို ကျွန်တော်က ဆောင်းပါး



www.myanmarcupid.net

တစောင်တွင် ထည့်သွင်းဖော်ပြရာ ကိုလှက သတိရပြီး ဗိုလ်ညိုကို ပြောပြခြင်း ဖြစ်ပါသည်)။

ဒုတိယစာမှာ ရယ်စရာ ပြုံးစရာကလေးများ ပါရှိသလို ယခုပြန်ဖတ်ကြည့်ရသည့်အခါ မချင့်မရဲ ကြေကွဲစရာ ဖြစ်ရပါသည်။ ထိုစာကို ကြည့်ပါဦး။

*ကိုသိန်းခင်ဗျား–*

*မထားအိ နေကောင်းရဲ့လား။ ဂျမ်းဂျမ်းရန်ကုန်ပြန်ရောက်နေပြီ ထင်ပါတယ်။ ကိုသိန်းဆောင်းပါး များကို မဂ္ဂဇင်းတွေမှာ သတိထားပြီး ကျွန်တော် ရှာဖတ်ပါတယ်။ ကျွန်တော် နည်းနည်းပါးပါး ရေးတာလည်း တွေ့မှာပေါ့။ ၂၅–၄–၇၉နေ့က ဗိုလ်ညို အိမ်ပြန် ရောက်လာတယ်။ ဝလို့။ ဒေါ်အမာ နေကောင်း ပုံရပါတယ်။ ကျွန်တော်တော့ ဒီနှစ် ကျန်းမာရေး သင့်ရုံပဲ ကောင်းပါတယ်။ ကိုသိန်းကျန်းမာနေလို့ ဝမ်းသာရပါတယ်။ ကိုအုန်းလွင် တွေ့ယင် ကျွန်တော်အထူးသတိရကြောင်းပြောပေးပါ။ ကိုသိန်းဖေ ဆုံးတုန်းက ကိုသိန်းရေးတဲ့ ဆောင်းပါးကို တနေ့က ထပ်ဖတ်မိပါတယ်။ ဟုတ်တယ်။ ကိုသိန်းဖေကို ဒီလိုစောစော သေလိမ့်မယ်လို့ ကျွန်တော်လည်း မထင်ဘူး။ ကျွန်တော်သေလို့ ကိုသိန်းရှိနေ သေးယင်လည်း ဒီလိုပဲ ရေးရဦးမှာပဲ။ ကျွန်တော်က နောက်မှသေယင်လည်း ကိုသိန်းအကြောင်းဒီလိုပဲ*

www.myanmarcupid.net

ရေးရမှာပေါ့။ ကျွန်တော်တို့နှစ်ယောက် မသေခင် တရုတ်ထောင်ကဲတွေ ခေါင်းလုပ်ထားကြသလို၊ ဆရာတော်ကြီးတွေ ခေါင်းလုပ်ထားကြသလို မဂ္ဂဇင်းထဲ ထည့်စရာများ တယောက်အကြောင်း တယောက် ရေးထားနှင့်ရယင် ကောင်းမလားဆိုတဲ့ဟာသ သဘောကလေး တွေ့ပါလာလို့ အဲဒီဆောင်းပါးဖတ်ယင်း ရယ်မိတယ်ဗျာ။

ကျွန်တော်တို့ ရောင်းရင်းတွေလည်း သိပ်နည်းကုန်ပြီ။ ဒါ့ကြောင့် တခါတခါ တွေ့ချင် ဆုံချင်တယ်။ ဒေါ်အမာ အိမ်ပြန် ရောက်ပြီးတဲ့နောက် အိမ်မှာ နေသားတကျလေးရှိယင် လာခဲ့မယ်လေ။ အဲဒီတော့ တွေ့ကြ ဆုံကြရအောင်။ ကိုသိန်းက စာရင်းကလေး တို့ထားပေးပါ။

နောက်ကိုပြန်ကြည့်လိုက်တဲ့အခါ ကိုသိမ်းမောင်၊ ကိုချစ်မောင်၊ ကိုသိန်းတို့ ကျွန်တော်တို့ အတူတူရှိကြတုန်းက အဖွဲ့အစည်းလှုပ်ရှားမှုများ လုပ်ကြကိုင်ကြ တာတွေဟာ မသေးလှဘူး ဆိုတာ မြင်မိပါတယ်။ ပျော်စရာလည်းကောင်းတယ်။ တက်တက်ကြွကြွ ရှိကြတာတွေလည်း ပြန်ပြီးမြင်ယောင်နေပါတယ်။

တိုးတိုး၊ ကိုစိန်နဲ့ အားလုံးကိုလည်း သတိရပါတယ်။

မောင်လှ



www.myanmarcupid.net

ယခုတော့ ဘမသေပဲ အသက်ကြီးတဲ့ဘိုးက အရင်သေလေတော့ သူ့အကြောင်းကို ကျွန်တော်ရေးနေ ရပြီလေ။ ကိုလှဆုံးသွားတဲ့အတွက် မချိတင်ကဲ ဖြစ်နေရပေမယ့် သူ့ဆန္ဒ ရှိခဲ့သည့်အတိုင်း ရေးရမည်သာ ဖြစ်ပါသည်။ သူ့ကိုတော့ လူကြီး လူငယ်မရွေး လူတိုင်းက သိကြပါသည်။ သူအပတ်တကုတ် ကြိုးစားရေးသား ခဲ့သော 'သတင်းစာများသည် သမိုင်းကိုပြောနေကြသည်' ဟူသော စာအုပ်ကို တက္ကသိုလ်တွင် ရည်ညွှန်းစာအုပ် အဖြစ် သတ်မှတ်ခဲ့သည့်အလျောက် လူရွယ်လူလတ် များအဖို့ ဗဟုသုတ ရရာရကြောင်း ဖြစ်သလို လူကြီး များလည်း မှတ်သားရသည်။ ထို့အတူ "စစ်အတွင်း မြန်မာပြည်နှင့် စစ်ပြီးစမြန်မာပြည်" တို့မှာ မျက်မှောက် ခေတ်နှင့် နယ်ချဲ့တို့၏ ခေတ်ကို ပေါင်းကူးသဖွယ်ဖြစ်သော ခေတ်သစ်သမိုင်းဟု ဆိုရပါမည်။ ကျွန်တော်.... စာစဉ်များမှာလည်း လူ့လောက လူ့အလွှာ အသီးသီးကို မီးမောင်းထိုးပြပေသည်။ 'လှောင်ချိုင့်တွင်းမှ ငှက်ငယ်များ' မှာ ယူနက်စကိုဆု နှင့် စာပေဗိမာန်ဆု ရသည်။

ကိုလှရေးသားဖော်ပြခဲ့သော ပုံပြင်များကား မြန်မာလူငယ်လေး များအတွက် လွန်စွာအကျိုးပြုသည် နှင့်အမျှ "ဘဘလှ၏ အဖိုးတန်အမွေအနှစ်များ" ပင် ဖြစ်ပေသည်။

www.myanmarcupid.net

မြန်မာကလေးများဟု ဆိုရာ၌ တိုင်းရင်းသား အားလုံးပါဝင်ရာ ကိုလှကို "လူထုဦးလှ"ဟု ခေါ်ရခြင်းထက် "လူထု၏ဦးလှ"ဟု ခေါ်ရခြင်းက ပိုမိုမှန်ကန် သင့်မြတ်မည် ဖြစ်ပါသည်။ တကယ်တော့ သူသည် မြန်မာပြည် လူထု၏ဦးလှမျှသာ မဟုတ်တော့ပဲ ဂျပန်၊ ဂျာမန်၊ အင်္ဂလိပ်စာတတ်သူ ကလေးသူငယ်အပေါင်းတို့၏ ဦးလှဖြစ်နေပါပြီ။ သူ၏ စာအုပ်အချို့ကို ဂျပန်ဘာသာနှင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုဖတ်ရှုကြရသည်။ သူ၏ပုံပြင်စာအုပ်များမှာကား အင်္ဂလိပ်၊ ဂျာမန်၊ ဂျပန်ဘာသာသို့ ပြန်ပြီး ပြန်ဆဲဖြစ်ပါသည်။ ထိုသို့နိုင်ငံခြားဘာသာများသို့ ပြန်ဆိုခံရခြင်းအတွက် သူမည်မျှ ဝမ်းသာအားရဖြစ်ခဲ့ခြင်းကို ကျွန်တော်ထံသို့ သူပေးသည့် စာတစောင်ထဲတွင် ဖော်ပြနေပါသည်။

*ကိုသိန်းခင်ဗျား*

*အတ္ထုပ္ပတ္တိနဲ့ သောင်းပြောင်းထွေလာဆောင်းပါးများ ဖတ်ရပါတယ်။ အတ္ထုပ္ပတ္တိကို နောင်တော့ စာအုပ် ထုတ်ကြပါ။ အီတလီပုံပြင်ကလေး ထွက်ခွင့်ရလို့ ဝင်းမော်ဦးကတဆင့် ဒီနေ့ပို့လိုက်ပါတယ်။ ပုံပြင်လေး တွေက ရယ်စရာကောင်းပါတယ်။ ပျော်စရာကောင်းပါတယ်။ကျွန်တော့် ပုံပြင်တွေကို ဂျပန်က စာအုပ်ထုတ်ဝေတဲ့အကြောင်း၊ နောက်ထပ်လည်း လုပ်နေကြသေးတဲ့အကြောင်း၊*

www.myanmarcupid.net

*ဟောင်ကောင်မှာ အင်္ဂလိပ်ဘာသာနဲ့ တအုပ် ထွက်တဲ့အကြောင်း ကျွန်တော်လာတုန်းက ပြောမိသလား မသိပါ။ အခု ဆွစ်ဇာလန်က စာအုပ်ကုမ္ပဏီတခုက ဂျာမန်ဘာသာနဲ့ စာအုပ် တစ်အုပ် ထုတ်ပြီး ကျွန်တော့ဆီ ပို့လိုက်ပြန်ပါတယ်။ခွင့်လည်း တောင်းတယ်။ လိုတာလည်း ထပ်လုပ်ပေးရတယ်၊ ပိုက်ဆံလည်း ပေးပါတယ်။ ဂျာမန်ဘာသာနဲ့ ပုံနှိပ်တာကတော့ အရှေ့ အနောက် ဂျာမဏီနှစ်နိုင်ငံ၊ ဆွစ်ဇာလန်နဲ့ ဩစထရီးယားမှာပါ ရောင်းရဖို့တဲ့။ ပုံပြင်စာအုပ်ကို ကျမ်းစာအုပ်ကြီးလို ပုံနှိပ်တာ အခန့်စားပဲ။ ကျွန်တော် မြန်မာလို ရေးပေးထားတာကလေးတွေလည်း ထည့်သေးတယ်။ သည်လိုအလုပ်ကလေးတွေ ကြည့်ပြီးပီတိဖြစ်ရတာပဲ။ အလိုရှိသမျှ ပြည့်စုံကြပါစေသတည်း။*

*မောင်လှ*

ကိုလှသည် လူငယ်များအတွက် 'လူတလုံး'ဟူသော အမည်ဖြင့် စာအုပ်ရေးသေးသည်။ ယနေ့ကာလလို စာအုပ်အရောင်း ထိုင်းနေသည့် အချိန်တွင် ထိုစာအုပ်မှာ ထွက်ထွက်ချင်းကုန်ပြီး ဒုတိယအကြိမ် ပုံနှိပ်ရသည့် အတွက် ငွေကြေးရမှုထက် လူငယ်များ စာရိတ္တ တိုးတက်မှုနှင့် လူချွန်လူမွန်ဖြစ်လာနိုင်မှုအတွက် အကျိုးပြုခြင်းကြောင့်

www.myanmarcupid.net

သူအလွန် ဝမ်းသာလေသည်။ သူသည် ပုံပြင်ရေးသားမှုတွင် စိတ်ဝင်စား သလို ပုံပြောရခြင်းကိုလည်း ဝါသနာထုံသည်။ စာပေဟောပြောပွဲ များတွင် သူသည် ပုံတိုပတ်စကလေးများကို အမြဲညှပ်၍ ပြောတတ် သည်။ စကားပြောကောင်းသူဖြစ်၍ ကြားရသူတိုင်း သဘောကျ ကသည်။ ဟောပြောတိုင်းမှာလိုလို သူပြောလေ့ရှိသည့် ပုံကလေးတခု ရှိပါသည်။ သူရေးသည့် ဆောင်းပါးများတွင်လည်း အကွက်ဆိုက်သလို ရေးထည့်တတ်ပါသည်။ ထိုပုံကလေးကို နားဆင်ကြည့်ပါဦး။

ဟိုရှေးရှေးတုန်းက အင်မတန်သန်စွမ်းတဲ့ လူတယောက်ရှိတယ်။ သူက နပန်းလည်း အင်မတန် ဝါသနာပါတယ်။ တနေ့ကို ၂–ချီ၊ ၃–ချီ နပန်းမလုံးရယင် မနေနိုင်ဘူး။ နှစ်တွေကြာလာတော့ လူ့လောကမှာ သည်လူကြီးနဲ့ နပန်းလုံးရဲတဲ့လူ မရှိတော့ဘူး။ တနေ့တော့ သိကြားမင်းစံရာ တောင်ပေါ်တက်သွားပြီး "အရှင်သိကြားမင်း လူ့လောကမှာတော့ ကျွန်တော်နဲ့ နပန်းလုံးမယ့်လူ တယောက်မှ မရှိတော့ဘူး။ ခင်ဗျားတို့ နတ်ပြည်မှာများ နတ်သား သန်သန်မာမာရှိယင် တယောက်လောက် လွှတ်ပေးစမ်းပါ" လို့ ပြောတယ်။ သည်တော့ သိကြားမင်းက ပြုံးသတဲ့။ ပြီးတော့မှ သိကြားမင်းက "အေး–လုံးရမယ်၊ နတ်သားနဲ့မလုံးခင် ဟောသည် တောင်ခြေမှာ တောင်ယာလုပ်နေတဲ့ အဘွားကြီးနဲ့



www.myanmarcupid.net

အရင်လုံးပါဦး၊ အဘွားကြီးကို နိုင်မှနတ်သားနဲ့လုံးရမယ်” လို့ပြောလိုက်တယ်။သည်စကားကို ကြားတော့လူငယ်ဟာ နည်းနည်းမှမခံချင်ဘူး။သိကြားမင်းက သူ့ကိုနှိမ်တာပဲလို့ အောက်မေ့တယ်။ နို့ပေမယ့် သူဟာ နပန်းမလုံးပဲ မနေနိုင်ဘူး။ သည်တော့ တောင်ခြေကိုဆင်းသွားပြီး ဘာမပြောညာမပြော တောင်ခြေမှာ ယာလုပ်နေတဲ့ အဘွားကြီးကို ဝင်ဖက်ပြီး လုံးတော့ တာပဲ။ အဘွား ကြီးကလဲ ပြန်လုံးတယ်။ တော်တော်ကလေးကြာတော့ လောကမှာ အသန်ဆုံး ဆိုတဲ့လူဟာ အဘွားကြီး အောက်မှာ ပြားနေတော့တာပဲ။ အေး–ဘယ်လိုဖြစ်တာလဲ။ ငါ့အဝင်မှားလို့များလား၊ အဲဒီလိုစဉ်းစားပြီး ဒုတိယအကြိမ် လုံးသတ်ပြန်တယ်။ သူပဲ အောက်ကပြားတာပဲ။ တတိယအကြိမ် မှာလည်း သူပဲရှုံးတာပဲ။ ဒါနဲ့စိတ်ပျက်ပျက်နဲ့ တောင်ပေါ်ပြန်တက်လာပြီး “သိကြားမင်း၊ လူ့လောကမှာ ကျွန်တော်နဲ့ နပန်းလုံး လို့ ကျွန်တော် ကိုင်ပေါက်လိုက်ယင် ဘယ်သူမှမခံနိုင်ဘူး။ ခါးကျိုးတာချည်းပဲ။ အခု သည်အဘွားကြီးနဲ့ကျတော့ ကျွန်တော်မနိုင်ဘူး။ ဒါဘာဖြစ်လို့လဲ” လို့ ခေါင်းငိုက်စိုက်နဲ့ မေးတယ်။ ဒီတော့မှ သိကြားမင်းက “အသင်လူသား သည်အဘွားကြီးဟာ အခြားမဟုတ်ဘူး၊ ဇရာကွဲ့” လို့ ပြန်ပြောလိုက်တယ်။


www.myanmarcupid.net

ဤပုံပြင်အတိုင်း ကျန်းမာဝဖြိုးတောင့်တင်းလှသော ပြည်သူချစ်သော ပုံပြောဆရာကြီးသည်လည်း ၁၉၈၂–ခုနှစ်၊ ဩဂုတ်လ ၇–ရက် စနေနေ့နံနက်တွင် 'ဇရာ' နှင့် လုံးသတ်ခဲ့ရာက အရှုံးဖြင့်ရပ်ပြီး ဘဝသိမ်းသွားရရှာလေပြီတည်း။

ဇဝန

*(ဆရာဇဝနက ၈–၃–၈၃ နေ့မှာ ဆုံးရှာပြန်လို့ ဒီစာအုပ်အတွက် အသစ်တပုဒ် ရေးမပေးနိုင်ရှာတော့ပြီမို့ ဦးလှဆုံးစက သွေးသောက်မှာ ရေးလိုက်တဲ့ ဒီဆောင်းပါးကို ထည့်သွင်းဖော်ပြရပါတယ်။)*

www.myanmarcupid.net



# မလွမ်း ဘယ်မှာရှိမည်နည်း

## မောင်မဲ

*လူထုသတင်းစာ စထုတ်ချိန်က လူငယ်များ*

*အလွဲအတုခိုးမည်စိုး၍ ရုပ်ရှင်ကြော်ငြာများကိုပင် လက်မခံခဲ့ပါ။*

*... ... အရက်ကြော်ငြာကိုမူ မည်သည့်အကြောင်းကြောင့်နှင့်မျှ*

*လက်မခံ ပါ။ လောင်းကစားကို*

*အမြဲတမ်းတိုက်ဖျက်ရေးသားပြီး လောင်းကစားပွဲ ထည့်မည့်*

*ဘုရားပွဲ ကြော်ငြာနှင့် မြင်းတစ်သတင်းကို*

*လူထုသတင်းစာတွင် ဘယ်တော့မှ မတွေ့မြင်ရ။ ထို့ပြင် ... ...*

*ဖောက်ပြန်သော ယောကျ်ားမိန်းမတို့၏ သတင်းမျိုးကို*

*အလျှင်းမထည့်ပါ။*

www.myanmarcupid.net

လူထုဦးလှအကြောင်းသည် မြန်မာပြည်မှ ထင်ရှားသော မြန်မာသတင်းစာ ဆရာကြီးတဦး၏ အကြောင်းပင် ဖြစ်သည်။ မြန်မာပြည်တွင် ထင်ရှားသော သတင်းစာဆရာကြီး တဦးဖြစ်ရန်မှာ မည်ကဲ့သို့ခွဲသတ္တိနှင့် အရည်အချင်းမျိုး ရှိရပါသနည်း။ လူငယ်တချို့က မိမိတို့ကိုယ်ကို စာရေးဆရာ သတင်းစာဆရာဟု ဆိုင်းဘုတ်ချိတ် ထားလိုက်လျှင် စာရေးဆရာ သတင်းစာဆရာဖြစ်ပြီ ဟု ထင်မှတ်နေကြသည်။ မြန်မာပြည်တွင် သတင်းစာဆရာ *တယောက်*ဖြစ်ရန်မှာ ပြည်သူ့အကျိုးအတွက် ပြည်သူ့ဘက်မှရပ်တည်၍ နေ့စဉ်ရက်ဆက် နှစ်ပေါင်းများစွာ ရေးကြရပါသည်။ သို့တိုင်အောင် ပြည်သူ့ဆန္ဒနှင့် မကိုက်ညီ၍ ပြည်သူက လက်မခံပါက ထိုသူကို မည်သူကမျှ သတင်းစာဆရာဟူ၍ အသိအမှတ်ပြုမည် မဟုတ်ပေ။ ပြည်သူက လက်ခံအသိအမှတ်ပြုမှသာ သတင်းစာဆရာ ဖြစ်ကြရပါသည်။ မြန်မာပြည်မှ သတင်းစာ ဆရာဟူသော ဘွဲ့သည် ပြည်သူက ပေးသောဘွဲ့ဖြစ်ပါသည်။ ကိုယ့်ဟာကိုယ်ပေး၍ မရပေ။ ထို့ကြောင့် မြန်မာပြည်တွင် ပြည်သူက လက်ခံအသိအမှတ်ပြုသော သတင်းစာဆရာဦးရေမှာ နည်းပါးလှသည်။ လက်ဆယ်ချောင်းနှင့်ပင် ရေတွက်နိုင်ပါသည်။

www.myanmarcupid.net

သတင်းစာဆရာတယောက်ဟု ဖြစ်လာသောအခါ၌လည်း ထိုဆရာသည် မိမိ၏ကလောင်ကို မတိမ်းမစောင်းအောင်၊ အဂတိဘက် သို့ပါမသွားအောင် တည့်မတ်စွာ ထိန်းထားရပေသည်။ တိမ်းစောင်းသွား သည်နှင့် ပြည်သူတို့၏တံတွေးခွက်တွင် ပက်လက်မျောရတော့၏။ ကျဆုံးရလေ၏။ ထိုသို့ဖြစ်ခဲ့ဖူးသော သတင်းစာဆရာ များလည်း ရှိခဲ့ပေသည်။ သေသည်အထိ မိမိကလောင်ကို သစ္စာရှိစွာ ထိန်းသွားနိုင်သူကား ရှာမှရှားပါသည်။ ထိုရှာမှရှားလှသော သတင်းစာဆရာကြီးများ ထဲတွင် လူထု ဦးလှသည် ထိပ်တန်းမှ ပါဝင်ပါသည်။

ကျုံးနှင့်မြို့ရိုးအကြောင်းပြောလျှင် မန္တလေးပါလာရသကဲ့သို့ ယနေ့ ပြည်သူ့အကျိုးပြု စာပေအကြောင်း ပြောလျှင် လူထုဦးလှကို ချန်ထား၍မရပါ။ ထို့အတူလူထုဦးလှ အကြောင်းကို ပြောပြန်လျှင်လည်း ပြည်သူ့ အကျိုးပြုစာပေသည် ပါပြီးဖြစ်ပါသည်။

ပုဂ္ဂိုလ်အပေါ်ကျွန်တော့်အမြင်ကို ဆိုရသော်–

ဦးလေးလှသည် ၇၃–နှစ်မျှ လူ့ဘဝတွင်နေသွားသည်။ သူ့အသက် ထက်ဝက်ကျော်ကို သတင်းစာ လောက စာပေနယ်တွင် မြှုပ်နှံထားခဲ့သည်။ စာအုပ်အများအပြား ရေးသွားခဲ့သည်။ ထိုစာအုပ်တို့၏ ဦးတည်ချက်

www.myanmarcupid.net

အားလုံးတို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ကိုယ့်အားကိုယ်ကိုးရေး၊ အလုပ်ကို ကြိုးစားလုပ်ရေးနှင့် အကျင့်စာရိတ္တကောင်းမွန်ရေးတို့ဖြစ်သည်။ သူဖြစ်လိုသော ဆန္ဒအတိုင်း တိုင်းပြည်ကို ကလောင်နှင့် တည်ဆောက်သွားခြင်းဖြစ်သည်။ သူ့ကိုယ်ကိုလည်း ထိုအချက်များနှင့် တည်ဆောက်ထား ပေသည်။ သူသည် ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်နောက် တိုင်းရင်းသားအားလုံး တဦးနှင့်တဦး တနွယ်နှင့် တနွယ် ရင်းနှီးချစ်ကြည်စွာ ဆက်သွယ်နိုင်ရန် ပေါင်းကူး တံတားကြီးများကို တည်ဆောက်သည်။ တိုင်းရင်းသား ပုံပြင်စာအုပ်ပေါင်း ၅၀ သည် ခိုင်မာသော တံတားကြီးများပင် ဖြစ်ပေသည်။ ထိုမျှနှင့် အားမရသေးသဖြင့် တောကြိုတောင်ကြား မကျန် အနှံ့သွား၍ ထိုထိုသော တိုင်းရင်းသားတို့၏ အကြောင်းကို ရေးကာ တံတားသစ်တွေ ဆောက်ပြန်သည်။ ဦးလေးလှ ကွယ်လွန်သောအခါ နောက်ထပ် ဆောက်မည့် တံတားများအတွက် အသင့် ပြင်ထားသော ကုန်ကြမ်းများ တနင့်တပိုးကျန်ရစ်ခဲ့သည်။ အမျိုးသား စည်းလုံးညီညွတ်ရေး နှင့် တိုင်းရင်းသားအချင်းချင်း တဦးကိုတဦး နားလည်ရေးလုပ်ငန်းတွင် သူ့စေတနာကို မီသူရှားလိမ့်မည်။ လုပ်နိုင်သူကားဝေးစွဟု ကျွန်တော်ဆိုရဲသည်။ တိုင်းရင်းသား

www.myanmarcupid.net

အချင်းချင်း သိနားလည်ရေး အတွက် ပထမဆုံး ကရင်အမျိုးသားပုံပြင်များ ကိုရိုက်မည်ရှိစဉ်က "ရှေးပုံပြင်များလည်းဖြစ်ပြန်၊ ပြောသူကလည်း မထင်ရှားသော ကရင်များဖြစ်နေပြန်ရာ ရှုံးမှာပါပဲ" ဟု ကျွန်တော်ပြောမိသည်။ ထိုအခါ ဦးလေးလှက ငွေအရှုံးအမြတ်ထက် တိုင်းရင်းသား အချင်းချင်း တဦးကိုတဦး သိနားလည်ရေး အတွက် စာအုပ်ဖြစ် ထားဖို့က ပိုအရေးကြီးကြောင်း ရှည်လျားစွာ ရှင်းပြပါလေသည်။ နောင်သောအခါ ထိုပထမဆုံးရိုက်သည့် ကရင်အမျိုးသားပုံပြင်များ စာအုပ်မှာ ထပ်ခါထပ်ခါ ပြန်ရိုက်ရပါသည်။ စေတနာ အကျိုးပေးခြင်းဖြစ်သည်ဟု ကျွန်တော်သဘောပေါက်ရပါသည်။ မိမိပိုင် စာပုံနှိပ်စက်ကြီးများ လည်းရှိသည်။ စာရေးဆရာ လူတော်များ၊ ပန်းချီဆရာလူကျော်များနှင့် အလုပ်သမားကောင်းများကိုလည်း ရထားသည်။ စီးပွားဖြစ် ငွေကြေးရှာလိုလျှင် ထိုအချိန်က အများနည်းတူ ငွေရမည့်အရောင်းသွက် စာအုပ်များကို ရိုက်နိုင် ပါသည်။ သို့ရာတွင် ထိုစာအုပ်မျိုး တအုပ်မျှ သူ့တိုက်ကထွက်မလာပါ။ တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးမဲ့ စေမည့် စာအုပ်မျိုး မထွက်စေရဟူသော သူ့ပေါ်လစီကို ခိုင်မြဲစွာစွဲကိုင်သွားပါသည်။

www.myanmarcupid.net

လူထုသတင်းစာ စထုတ်ချိန်က လူငယ်များ အလွဲအတုခိုးမည်စိုး၍ ရုပ်ရှင်ကြော်ငြာများကိုပင် လက်မခံခဲ့ပါ။ နှစ်အတော်ကြာမှ သတင်းစာတည်တန့်ရေးအတွက် အလုပ်သမားများက ဝိုင်းပြော ကြသဖြင့် ရုပ်ရှင်ကြော်ငြာများ ထည့်လာခြင်းဖြစ်သည်။ အရက်ကြော်ငြာကိုမူ မည်သည့်အကြောင်းကြောင့်နှင့်မျှ လက်မခံ ပါ။ လောင်းကစားကို အမြဲတမ်းတိုက်ဖျက်ရေးသားပြီး လောင်းကစားပွဲ ထည့်မည့် ဘုရားပွဲ ကြော်ငြာနှင့် မြင်းတစ်သတင်းကို လူထုသတင်းစာတွင် ဘယ်တော့မှ မတွေ့မြင်ရ။ ထို့ပြင် လူထုသတင်းစာ၌ ဆေးရုံသတင်း၊ ရုံးသတင်းပင် ဖြစ်လင့်ကစား ဖောက်ပြန်သော ယောက်ျားမိန်းမတို့၏ သတင်းမျိုးကို အလျှင်းမထည့်ပါ။ ဦးလေးလှ ဦးစီးထုတ်ဝေသော လူထုသတင်းစာသည် မောင်နှင့်နှမ၊ သားနှင့်အမိ၊ အဖနှင့်သမီး တဦးကိုတဦး အော်ဟစ်ဖတ်ပြနိုင်သော မြန်မာပြည်တွင် တစောင် တည်းသော သတင်းစာဖြစ်ပါသည်။

ဦးလေးလှ၏ ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ အဟိံသာတရားသည် သူ၏ဝမ်းတွင်းပါ ဖြစ်ဟန်ရှိ ပါသည်။ ကျွန်တော်သည် ဦးလေးလှနှင့် နှစ်ပေါင်း ၃၀ မျှတွဲ၍ အလုပ်လုပ်လာသူဖြစ်ရာ သူ၏သိက္ခာသမာဓိ

www.myanmarcupid.net

ကိုယ်ကျင့်တရားနှင့် ပြည်သူ့အပေါ် ထားရှိသောစေတနာကို အနည်းငယ်မျှ ယုံမှားသံသယမရှိပါ။ အဟိံသာ တရားဝမ်းတွင်း ပါဆိုသည်မှာ ဦးလေးလှသည် ကိုယ်နှုတ်တို့ဖြင့် မည်သည့် သတ္တဝါတစုံတရာကိုမျှ မညှဥ်းဆဲ၊ ညှဥ်းဆဲခြင်းမပြုသည်ကို အလေးထား၍ ဆိုခြင်း ဖြစ်ပါသည်။ အတွင်းဓါတ်ခံ အဟိံသာ တရားကြောင့် ဒေါသတရားလည်း ခေါင်းပါးလှပါသည်။ တရက်တွင် အလွန့်အလွန်ဒေါသထွက်၍ အဟိံသာတရား ကျိုးပေါက်ပြီး ဆဲလိုက်သော ဦးလှ၏ဆဲသံကို နှစ်ပေါင်း ၃၀အတွင်း မှတ်မှတ်ရရ တခါသာကြားဖူးပါသည်။ သူ့မော်တော်ကားဆရာကို ဆဲခြင်း ဖြစ်ပါသည်။ ဆဲလိုက်ပုံမှာ "မျက်နှာကိုက ခွေးကိုက်ထားတဲ့ မျက်နှာအတိုင်းပဲ" ဟုဖြစ်ပါသည်။ သူ့တသက်နှင့်တကိုယ် တော်တော် ပက်ပက်စက်စက် ဆဲလိုက်ဟန် တူပါသည်။ မိုးတွေအုံ့နေသော နေ့တနေ့၌ အိမ်အနောက်ဘက် ပန်းအိုးများကြားတွင် ဆောင့်ကြောင့် ထိုင်နေသော ဦးလေးလှကိုမြင်သဖြင့် စောစောစီးစီး ဘာများ လုပ်နေပါလိမ့်ဟု သိချင်လာသည်နှင့် အနားသို့ကပ်သွားရာ ပုရွက်ဆိတ် ကလေးများအား အစာကျွေးနေသည်ကိုတွေ့ရသည်။ ကျွန်တော့်ကိုမြင်သောအခါ ပုရွက်ဆိတ် ကလေးများ၏ ချစ်စရာ အမူအကျင့်များကို ပြောပြပါသည်။

www.myanmarcupid.net

'ဘယ်ပိုးမွှားကလေးတွေနဲ့မှ မတူဘူး၊ ဝိရိယလဲ ကောင်းတယ်၊ အချင်းချင်းလဲကူညီကြတယ်။ တကောင်ရဲ့မနိုင်ဝန်ကို တကောင်က ကူတယ်၊ သူတို့ကလေးတွေ အစာရှာကြရတာဟာ အသက်စွန့်ပြီး ရှာနေကြရတယ်၊ တွင်းထဲကထွက်လာပြီး မသေလို့ကျန်တဲ့အကောင် လောက်သာ တွင်းထဲပြန်ရောက်ကြပုံပဲ၊ လူတွေ တံမြက်စည်း လှည်းခိုက်နဲ့ကြုံယင် အတုံးအရုံး သေကုန်ကြရတယ်။ ဝေးဝေးလံလံသွားနေယင် အန္တရာယ် များမှာစိုးလို့ ဆန်စေ့ကလေးတွေချကျွေးနေတာ" ဟုပြောပါသည်။ ဦးလေးလှတွင် သူခိုးဒမြကာကွယ်ရန် ဂျပန်ခေတ်ကစ၍ ကိုင်သည်ဆိုသည့် လိုင်စင်နှင့်နှစ်လုံးပြူး သေနတ်တလက် ရှိဖူးသည်။ သို့ရာတွင် ထိုသေနတ်မှာ သူ့အဖို့ အလကားအပိုလို ဖြစ်နေသဖြင့် ရောင်းပစ်မည် ဟုလုပ်သည်။ ဝယ်မည့်သူလည်း ရှိသည်။ ဝယ်မည့်သူမှာ အမဲလိုက်သူ၏ သိသည်နှင့် သူ့သေနတ်ကို မရောင်း ပဲ ထားလိုက်လေ၏။

မေတ္တာတရား လွှမ်းခြုံထားသော ဦးလေးလှသည် သတင်းစာဆရာ အယ်ဒီတာဘဝဖြင့် ပြည်သူ့ဘက်မှ ရပ်တည်၍ တိုက်စရာများကို ကလောင်နှင့် ရဲရဲရင့်ရင့်တိုက်ခဲ့ပါသည်။ သို့ရာတွင်သူသည် အများထင်ကြသလို ကွန်မြူနစ်တယောက်လည်း မဟုတ်ပါ။

www.myanmarcupid.net

သွေးထွက်သံယို တွေ့မြင်လိုသော သူလည်းမဟုတ်ပါ။ သူငယ်စဉ်က ပါဝင်ခဲ့သော လူငယ်များကြီးပွားရေးအသင်း၏ မူအတိုင်း ပြုပြင်ပြောင်းလဲရေးသမားသာ ဖြစ်ပါသည်။

အိမ်သာဟူ၍ ထားလေ့မရှိသောရွာများတွင် ရပ်ရွာကျန်းမာရေး ကိုရှေ့ရှု၍ တွင်းနက်အိမ်သာများ တူးကြပါ၊ ယင်လုံအိမ်သာ များဆောက်ကြပါဟု ကျေးရွာလူထုအား စောပြော၏။ နားဝေးကြသဖြင့် မည်သူမျှ မလုပ်သောအခါ ထိုသူများကိုပင် ကျေးရွာသန့်ရှင်းရေး တရား ဟောပြန်သည်။ ဤဒုတိယအကြိမ် ဟောသော တရားတွင် တွင်းနက်အိမ်သာ တူးကြပါဟု မပါတော့ပေ။ ကြောင်ကလေး များသန့်ရှင်းပုံကို ပြောသည်။ ကြောင် ကလေးများသည် မစင်မစွန့်ခင် ကျင်းကလေး ယက်သည်။ စွန့်ပြီးလျှင် ပတ်ပတ်လည်မှ မြေနှင့် လုံလုံခြုံခြုံ အနံ့အသက်မထွက်အောင် ပြန်ဖုံးဖိပြီးမှ သွားသည်။ တွင်းနက်အိမ်သာ မတူးနိုင်ကြလျှင် ကြောင်ကလေး လောက်တော့လုပ်သင့်ကြောင်း ဟောသည်။ ဤသည်မှာ ပြုပြင်ရေးသမားတို့၏ လုပ်ရပ်ဖြစ်ပါသည်။

အရက်ကျွန်ဖြစ်နေသူများကို မြင်ရတိုင်း ဦးလေးလှ၏ မျက်နှာတွင် အလွန်စိတ်မချမ်းမသာ ဖြစ်နေပုံကို တွေ့ရသည်။ စစ်ပြီး ဤမှာဘက်တွင် အရက်ကျွန်ဖြစ်သူများ ပိုများလာသည်။ ထိုအထဲတွင် လူရွယ်များပါ ပါဝင်လာသည်။ ထိုတွင် သူသည်

www.myanmarcupid.net

မနေနိုင်မထိုင်နိုင်ဖြစ်ကာ အရက်မကောင်းကြောင်းတွေကို မမောနိုင်မပန်းနိုင် ရေးပါလေသည်။ သို့ရေးနေစဉ် ဘိန်းဖြူရေစီးကြောင်းသည် မြန်မာပြည်ထဲသို့ စီးဝင်လာသော အခါ ဦးလေးလှသည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာပြီး ရန်ကုန်စိတ္တဇဆေးရုံက ဆရာဝန်ကြီးဦးနေဝင်းထံ ချဉ်းကပ်၍ ဘိန်းဖြူကြောင့် ဖြစ်ပေါ်လာနိုင်သော ရောဂါဝေဒနာများအကြောင်းကို မေးသည်။ သတင်း ထောက်အချို့အား အထူးတာဝန်ပေး၍ ဟိုဟိုသည်သည်မှ ဘိန်းဖြူနှင့်ပတ်သက်သည်များကို အလိုက်ခိုင်းသည်။ ဘိန်းဖြူထုတ်လုပ်သော ကုမ္ပဏီတခု၏အမှတ်တံဆိပ်ပါသည့် တကီလိုဝင် ပလပ်စတစ်အိတ်ခွံကို ခဏမျှ ကြည့်ရန်အတွက် ငွေအတော်များများ အကုန်အကျ ခံရသည်။ "အိတ်ခွံဘယ်ကရသည်ဟု မပြောပါ၊ နှုတ်လုံ ပါမည်" ဟူသော ကတိကိုအကြိမ်ကြိမ်ပေးခဲ့ရသည်။ သို့ဖြင့် ထိုအိတ်ခွံတွင်ပါသော ဘိန်းဖြူကုမ္ပဏီအမှတ်တံဆိပ် ကို 'ဘိန်းဖြူသမား – အမှားကမ္ဘာ'တွင် သက်သေခံအဖြစ် ဓာတ်ပုံရိုက်၍ ဖော်ပြနိုင်ပြီး ဘိန်းဖြူအန္တရာယ်ကို ရေးသားခဲ့သည်။ ဦးလေးလှသည် ငွေကြေးကိစ္စနှင့် ပတ်သက်လာလျှင် အလွန်စည်းကမ်းကြီးသည်။ ထိုအကျင့်ကို လူငယ်များ ကြီးပွားရေးအသင်းက ရလာဟန်တူသည်။

www.myanmarcupid.net

နေရာတကာတွင် သေသေချာချာ တွက်ချက်ပြီးမှ ငွေကို သုံးသည်။ အမှားအယွင်းမရှိအောင် တွက်ချက်သည့် ကြားကပင် အောက်ပါအတိုင်း မှားဖူးပါသည်။ တနေ့ အလုပ်တခုအတွက် ကျွန်တော့်ကို ပုဂံသို့လွှတ်သည်။ တနင်္ဂနွေတပတ်လောက် လုပ်ရမည့် အလုပ်ဖြစ်သည်။ သွားကာနီး၌ ငွေ၅ဝ ပေးသည်။ ကျွန်တော်သည် ထိုငွေကိုယူ၍ မန္တလေးမှ ထွက်ခဲ့သည်။ အလုပ်မှာ မပြီးနိုင်သဖြင့် ပုဂံတွင် ၁၀–ရက်မျှကြာသွားသည်။ ပြန်ရောက်၍ ခိုင်းလိုက်သော အလုပ်ကိုအပ်သောအခါ "ခင်ဗျားကို ကျွန်တော် ငွေဘယ်လောက် ပေးမိသလဲ" ဟု မေးသည်။

"ငွေငါးဆယ်ပေးပါတယ်။ ကားခအသွားအပြန် သုံးဆယ် ကျပါတယ်"

"ခရီးစရိတ်သာ တွက်မိပြီး စားစရိတ်ပေးဖို့ ကျွန်တော် မေ့သွားတယ်၊ ပုဂံမှာ ဘယ်သူ့ဆီကများ ဆွဲလွဲ ယူရသေးသလဲ"

"မယူရပါဘူး"

"ခင်ဗျားမှာ ငွေပိုပါလို့လား"

"ကျွန်တော် ဘုန်းကြီးကျောင်းမှာတည်းပြီး ဘုန်းကြီးကျောင်းမှာ စားပါတယ်"

ဦးလေးလှသည် မျက်ရည်ထွက်အောင် ရယ်ပြီး တနေ့ ၁ဝ– ကျနှင့် ၁၀ ရက်အတွက် ရှင်းပေးပါသည်။ ထိုငွေကို

www.myanmarcupid.net

ကျွန်တော်မယူပါ။ မကုန်သော စားစရိတ်အတွက် ကျွန်တော်က ဘာဖြစ်လို့ ယူရပါမည်နည်း။ ကျွန်တော်တို့ နှစ်ယောက် သေသည်အထိ ပေါင်း၍ဖြစ်ခြင်းမှာ တဦးကိုတဦး ကျေနပ်စရာများ ရှိသော ကြောင့်လည်း ဖြစ်ပါလိမ့်မည်။ ဦးလေးလှနှင့်ကျွန်တော်သည် သူကျွန်တော့်ကို စွန့်၍သွားသည် အထိ နှစ်ပေါင်း ၃၀–မျှ မှုမတူပဲ ပေါင်းခဲ့ကြပါသည်။ သို့ဖြစ်သောကြောင့် ကျွန်တော်တို့ နှစ်ဦးသည် ပန်းခင်းသော လမ်းပေါ် တွင်ချည်း နေ့စဉ်လျှောက်နေကြသည် မဟုတ်ပါ။ ပြဿနာဖြစ်ရ၊ စိတ်ဆိုးရ၊ စိတ်ညစ်ရဖြင့် ဒေါမနဿ စေတသိက်များလည်း ဖြစ်သည့်အခါ ဖြစ်ခဲ့ရပါသည်။

ဦးလေးလှ ကွယ်လွန်သောအခါ ကျွန်တော်သည် သူနှင့်အတူ အလုပ်လုပ်ခဲ့စဉ်က အကြောင်းများကို တစိမ့်စိမ့် တွေးကြည့်မိသည်။ ထိုကာလများအတွင်း ကျွန်တော့်အပေါ် သူ၏ မကောင်းကွက် ဆိုးကွက်များကို ရှာကြည့်သည်။ သို့ရှာကြည့်တိုင်း ကျွန်တော်၏ မကောင်းကွက် ကျွန်တော့်ဆိုးကွက်ချည်း တွေ့လာပါသည်။ တသက်မမေ့အောင် ထိုသို့ ဆုံးမသွားသော ဦးလေးလှကို ကျွန်တော်သည် မလွမ်းဘယ်မှာရှိမည်နည်း။

မောင်မဲ

www.myanmarcupid.net



# နှလုံးသားမှာ ကမ္ဘာကမ္ဘည်းထိုးတဲ့သူ

## ဝင်းတင်

*ဦးလေးဟာ လူ့ဘဝမှာ နေရကျိုးအနပ်ဆုံး*
*လူတယောက်အဖြစ်နဲ့ နေသွားနိုင်ခဲ့ပါတယ်။*
*အများကောင်းကျိုး ဆောင်တယ်ဆိုတာ အလွန်မွန်မြတ်တဲ့*
*အလုပ်ပါ။ ငတေမာ ကမ္ဘာမှာ အများ*
*ကောင်းကျိုးဆောင်ဖို့ဆိုတာ အပြောလွယ် သလောက်*
*အလုပ်ခက်ပါတယ်။ စိတ်ဓာတ်ရှိတောင် လက်တွေ့လုပ်ဖို့*
*ခက်ပါတယ်။ လက်တွေ့လုပ်နိုင်ပြန်လဲ ကျယ်ကျယ်ဝန်းဝန်း*
*နှံ့နှံ့စပ်စပ် လုပ်နိုင်ဖို့ မလွယ်ပါဘူး။*

(၁)

www.myanmarcupid.net

ဩဂုတ် ၂ရက် (၁၉၈၂ခု)မနက်မှာ ဦးလေးနဲ့ဒေါ်ဒေါ်တို့ ရန်ကုန်ကနေ မန္တလေးကို ပြန်ကြပါတယ်။ ကျွန်တော် ဘူတာကြီးကိုရောက်တော့ ဦးလေးတို့ပေါ်မလာကြသေးပါဘူး။ ဆန်းပါကလားလို့ စိတ်ထဲမှာ ထင်လိုက်မိတယ်။ ဟုတ်တယ်လေ။ ဦးလေးက ထကြွလုံ့လသိပ်ရှိတာ။ နောက်ကျဖို့ဆိုတာဝေးရော။ မစောဘူးဆိုတာတောင် ရှိခဲ့ပါဘိခြင်း။ ဘာလုပ်စရာရှိရှိ ဦးလေးက စောစော ရောက်နေတတ်တာ ချည်းပါ။ ရထားထွက်ခါနီးမှ ဦးလေးတို့ ရောက်လာကြပါတယ်။ ဦးလေးကိုကြည့်ရတာ ခါတိုင်းနဲ့ မတူပါဘူး။ ပျော့ယိုင်ယိုင် ဖြစ်နေသလိုပဲ။ ဦးလေး လမ်းလျှောက်ပုံက ခါးက ကော့ကိုင်းကိုင်း ဖြစ်နေပါတယ်။ ခါးကိုဆန့်နိုင်သမျှ ဆန့်ထားလို့ ကော့ယောင်ယောင် ဖြစ်နေတာထင်ပါရဲ့။ ဒါပေမယ့် ကိုင်းတိုင်းတိုင်း။ ခါးကတော့ ကိုင်းတိုင်းတိုင်းဟာ ကိုင်းတိုင်းတိုင်းမို့ ကော့ကိုင်းကိုင်း ဟန်ပေါက်နေတာပါ။ ခါးကိုင်းတော့ ဦးလေးဝတ်နေကျ အနက်ရောင် မန်ကျည်းစေ့ကွက် တိုက်ပုံအင်္ကျီကြီးက ရှေ့ကိုပိုပြီးဖားလျားကျ နေတယ်။ တောင့်တောင့်မတ်မတ် ဆိုလို့ ခါးပေါ်ကလုံချည်ရဲ့ မီးခိုးရောင် ကွက်တုံးကြီးတွေပဲ ရှိတော့သယောက် ထင်ရပါတယ်။ ဦးလေးရဲ့ ဗယ်ဘက်လက်မှာ တောင်ဝှေးလို တုတ်တချောင်း ကိုင်ထားတယ်။



www.myanmarcupid.net

တုတ်ကိုအတော်ကလေး အားပြုနေရတော့ လမ်းလျှောက်တုတ်ကိုင်သလိုမကိုင်ပဲ တောင်ဝှေးကိုင်သလို ကိုင်ထားတယ်။ ဒါ့ကြောင့် တောင်ဝှေးလိုတုတ်လို့ စိတ်ထဲမှာ မှတ်မိလိုက်တာပါ။

ဒေါ်ဒေါ်က လိုက်ပို့သူတွေကို နှုတ်ဆက်ပြီး ရထားတွဲပေါ်ကို ချက်ချင်းတက်သွားပါတယ်။ ဦးလေး စင်္ကြံပေါ်မှာ တာရှည်ရပ်မနေပဲ ရထားတွဲပေါ်တ တက်ထိုင်နိုင်အောင်ဆိုတဲ့ သဘောနဲ့တူပါတယ်။ ဒါပေမယ့် ဦးလေးက တွဲပေါ်ကို ချက်ချင်းလိုက်မတက်ပါဘူး။ ဦးလေးရထားတွဲပေါ် တက်ထိုင်ပြီး အပေါ်က စကားပြောချင် ပြောနိုင်အောင်လို့ ကျွန်တော်လဲ တွဲဘေးစင်္ကြံအတွင်းပိုင်းထိ ဝင်လိုက်သွားပါတယ်။ "တနေ့လုံးထိုင်သွား ရမှာပဲ ကိုဝင်းတင်ရယ်၊ မတက်သေးပါဘူး"တဲ့။ ဦးလေးက စင်္ကြံပေါ်မှာပဲ အကြာကြီးရပ်ပြီး ကျွန်တော်နဲ့စကားပြော နေပါတယ်။ ဦးလေးက နိုင်ငံတကာအရေး၊ တိုင်းရေးပြည်ရေး၊ စာရေးပေရေးတွေကို ပြောနေပါတယ်။

*"လူတွေ စာဆိုးပေညံ့တွေကိုချည်း ဖတ်နေယင် နှစ်ပေါင်း သုံးလေးဆယ် အတွင်း နလပိန်းတုန်းတွေ ဖြစ်ကုန်နိုင်တယ် ကိုဝင်းတင်ရေ့ ဖေတော့ မောင်တော့ အီးအား ဒိန်းဒိုင်းစာတွေနဲ့ပဲ လူတွေ အချိန်ကုန် နေလို့ မဖြစ်သေးဘူး။*

www.myanmarcupid.net

*စာကောင်းတွေ ရေးဖို့ထုတ်ဖို့ သိပ်လိုနေပြီ၊ စာကောင်းတွေ ဖတ်မှ လူကောင်းတွေဖြစ်မယ်၊ လူတွေကောင်းမှ တိုင်းပြည်ကောင်းမှာ မဟုတ်ဘူးလားဗျာ ”*

ဦးလေးကို ကြည့်ရတာ ခါတိုင်းလို ရွှန်းရွှန်းဝေဝေ မရှိပါဘူး။ ဦးလေးဟာ စကားပြောရာမှာသာ ရွှန်းရွှန်းဝေဝေ ရှိတယ်လို့ ဆိုနိုင်သူမဟုတ်ပါဘူး။ ပြုံးကြည်တဲ့ မျက်နှာ၊ ဖျတ်လတ်တဲ့ ကိုယ်ဟန်ကြောင့် ပြုမူ လှုပ်ရှားရာမှာလဲ ရွှန်းရွှန်းဝေဝေ ရှိလှတယ်လို့ ဆိုနိုင်သူဖြစ်ပါတယ်။

“ကိုဝင်းတင် မန္တလေးမရောက်တာ ဘယ်နှစ်နှစ်လောက် ရှိနေပြီလဲ ”

ဦးလေးက သူ့မေးခွန်းကိုသူဖြေပြီး ဆက်ပြောသွားပါတယ်။

“ငါးနှစ်တောင် ရှိတော့မှာပါလား၊ မန္တလေးကလူတွေက ကိုဝင်းတင်ကို ခင်ကြတယ်။ ကိုယ့်ကိုခင်တဲ့ သူတွေနဲ့ သိပ်အဆက်မပြတ် ကောင်းဘူးလေ။ ဦးလေးရေးလိုက်တဲ့စာ ရတယ်မဟုတ်လား။ ဝါကျွတ်တော့ လာဖြစ်အောင်လာခဲ့ပေါ့ ကိုဝင်းတင်ရယ် ”

ဦးလေးပြောတဲ့စာက ဇွန် ၃ရက်နေ့စွဲနဲ့ ရေးလိုက်တဲ့စာပါ။ အဲဒီစာကို မနေ့ (ဩဂုတ် ၁ရက်) ကပဲ ကျွန်တော်ရပါတယ်။ ဦးလေး ရေးလိုက်တဲ့ စာလို့ဆိုပေမယ့် အမှန်က ဒေါ်ဒေါ်ရဲ့စာပါ။ ဒေါ်ဒေါ်ရဲ့ စာအောက်မှာ သီတင်းကျွတ်

www.myanmarcupid.net

ကိုသိန်းတို့နဲ့အတူလာယင် ကောင်းမယ်လို့ တကြောင်းထဲ ဦးလေးဝင်ဖြည့် ရေးနိုင်လိုက်တဲ့ စာပါ။ ကိုသိန်းဆိုတာ ဆရာဇဝနကိုပြောတာပါ။ ဦးလေးဟာ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ ဘယ်တော့မှ စာအဆက်ပြတ်သူ မဟုတ်ပါဘူး။ စာပြန်ပျင်းတဲ့ ကျွန်တော့်လို လူမျိုးဆီကိုတောင် မပြတ်လိုလို သတိတရ စာရေးတတ်သူဖြစ်ပါတယ်။ ဒီတခါတော့ တယ်ပြီး နေကောင်းထိုင်သာ မရှိလှလို့နဲ့ တူပါရဲ့။ ဒေါ်ဒေါ် ငါးမျက်နှာ စာရှည်ကြီးအောက်မှာ တကြောင်းလောက်သာ ဝင်"တို့"နိုင်ပါတော့တယ်။

"လာမှာပေါ့ဦးလေးရယ်။ ဟုတ်မှာပဲ၊ မန္တလေးမရောက်တာလဲ ကြာလှပြီပဲ"

ဦးလေးကို ကျွန်တော်ကတိ ပေးလိုက်ပါတယ်။ ရထားထွက်တော့ ဦးလေးက အကြာကြီး လက်ပြနှုတ်ဆက် သွားပါတယ်။ မျက်စိအောက်က လူလုံး ပျောက်သွားတဲ့အထိ ဦးလေးက ပြူတင်းပေါက်မှာ ခေါင်းထုတ်ပြီး လက်တရမ်းရမ်း လှုပ်ပြသွားလို့ အကြာကြီး လို့အမှတ်ထားမိလိုက်တာပါ။

အဲဒီနေ့က ကျွန်တော့်နေ့စဉ်မှတ်တမ်းမှာ ဦးလေးပြောခဲ့တာတွေကို ရေးမှတ်ယင်း အပြီးသတ်မှာ "ရထားထွက်တော့ ဦးလေးက အကြာကြီး(၂)

www.myanmarcupid.net

လက်ပြန္နုတ်ဆက်သွားတယ်။(?)”လို့ ရေးလိုက် မိပါတယ်။ (၂)က အကြာကြီးဆိုတာ တော်တော့်ကိုကြာတဲ့ အကြာကြီးမှန်း မှတ်မိအောင်လို့ ထပ်ကိန်းနဲ့ တေးထားတာပါ။ (?)ကတော့ ကျွန်တော့်စိတ်ထဲမှာ ထင့်နေတဲ့ပူပန်မှုကို ဘယ်လိုမှထုတ်မရေးရက်လို့ မေးခွန်းသင်္ကေတနဲ့ မှတ်ထားတာပါ။ အဲဒီနေ့က ကျွန်တော့်စိတ်ထဲမှာ ထင့်ကနဲဖြစ်လိုက်ရတဲ့ ပူပန်မှုက ဦးလေးရဲ့ ကျန်းမာရေး အခြေအနေ သိပ်များဆိုးနေပြီလား၊ ဖွဟဲ့၊ လွဲပါစေ၊ ဖယ်ပါစေ။ ဦးလေးကို နောက်ဆုံးတွေ့လိုက်ရတာများ ဖြစ်နေမလား၊ ဦးလေးအကြာကြီး လက်ပြန္နုတ်ဆက်သွားတာကကော ဘာသဘာလဲ၊ ဦးလေးစိတ်ထဲမှာ ငါတို့ကို နောက်ဆုံးတွေ့ရတာပဲလို့ ထင်နေလို့လားဆိုတဲ့ ပူပန်မှုပါပဲ။ ကျွန်တော် ဘူတာကြီးကပြန်တော့ ဆရာတက်တိုးတို့အိမ်ကို ဝင်သွားပါတယ်။

“ဦးလေးလှတော့ ကျန်းမာရေး အတော်ဆိုးနေပြီ ထင်တာပဲဆရာရယ်၊ စိတ်မကောင်းဘူး၊ အသက်မှ ရှည်ပါ့မလားမသိဘူး”လို့ နမိတ်မရှိ မနာမရှိ ကျွန်တော်ပြောလိုက်မိပါတယ်။ ဆရာတက်တိုးနဲ့ ဆရာကတော် ဒေါ်နုယဉ်တို့လဲ ဟုတ်လား၊ ဟုတ်လားနဲ့ စုတ်တသပ်သပ်ဖြစ်နေကြပါတယ်။ ဆရာက သူတို့မင်္ဂလာ



www.myanmarcupid.net

ဆောင်တုန်းက ဦးလေးပို့ပေးတဲ့ လက်ဆောင်ပစ္စည်းကလေးကို ထုတ်ပြပါတယ်။

"ကိုလှက သိပ်စိတ်ကောင်းရှိတဲ့လူ၊ သိပ်ချစ်တတ် ခင်တတ်တဲ့လူကွ" ဆရာက နှစ်နှစ်လိုလိုပြော ပါတယ်။

"အေးပေါ့ကွာ အသက်တွေကြီးလာတော့လဲ သေကြရမှာပေါ့၊ ငါ့ကိုကော သေခါနီးပြီလို့ မင်းက ထင်နေသလား"

"ဟာ–ဆရာကလဲ မဟုတ်တာ"

"ထင်လဲ အရေးမကြီးပါဘူးမောင်ရာ၊ အသက်ကြီးတဲ့ လူတွေဆိုတာ ကြီးလာလေလေ သေရမှာ မကြောက်လေပဲကွ၊ မှတ်ထား၊ အချိန်မရှိတော့ဘူး ဆိုတာသိတော့ ပိုအလုပ်လုပ်တယ်၊ အလုပ်ပိုလုပ်တော့ အသက်က ပိုရှည်ပြန်ရောကွ၊ ကိုလှ အသက်ရှည်မှာပါကွာ၊ မပူပါနဲ့၊ သူကတသက်လုံး သိပ်အလုပ်လုပ် တဲ့လူ၊ ခုချိန်ဆို ပိုတောင်အလုပ်လုပ်နေဦးမှာ၊ ဒီတော့ ပိုအသက်ရှည် မှာမောင်ရေ့ စိတ်သာချ"

ဆရာတက်တိုး စကားကြောင့် ကျွန်တော့်စိတ်ထဲမှာ ထင့်နေတာ သက်သာတန်သလောက် သက်သာသွားပါတယ်။ သက်သာရာရတယ် ဆိုပေမယ့် ရက်ပိုင်းပါပဲ။

www.myanmarcupid.net

ဩဂုတ် ၇–ရက် မနက်စောစောမှာ ဆရာဇဝနဆီက စာတိုကလေးတစောင် ရောက်လာပါတယ်။ဦးလေးဆုံး ပြီဆိုတဲ့ သတင်းကို ဆရာသုခက တယ်လီဖုန်း ဆက်ပြောကြောင်း…. အလွန်ခိုင်ခံ့ တောင်းတင်းတဲ့ ဆရာဇဝနရဲ့ လက်ရေးနဲ့ရေးထားတဲ့ စာရွက်ပေါ်က စာလုံးတွေဟာ ကျွန်တော်ရဲ့ မျက်စိထဲမှာ ယိမ်းပြိုလာကုန်သလို ထင်ရပါတယ်။ စာလုံးတွေ ယိမ်းပြိုတာကို မျက်စိထဲမှာ မြင်နေရသလိုပဲ ရင်ထဲမှာလဲ ကျောက်သားတောင် ကြီးတလုံး ဝုန်းကနဲ ပြိုကျသွားတာကို ကြည့်မြင်နေရသလို ခံစားလိုက်ရပါတယ်။

(၂)

ချက်ချင်းပဲ မန္တလေးသွားဖို့ ကျွန်တော်စီစဉ်ပါတယ်။ ဆရာဇဝနကလဲ အတူသွားကြမယ်၊ မန္တလေးမှာ ရက်လည်အောင်နေကြမယ်ပေါ့။ ဒါပေမယ့် အစီအစဉ်ပျက်သွားပါတယ်။ ဆရာဇဝန သိပ်စိတ်ထိခိုက်နေပြီ၊ သွေးတက်နေပြီ။ မန္တလေးကို လိုက်နိုင်မယ့် အခြေအနေ လုံးဝ မရှိတော့ဘူး။ ဒေါ်ဒေါ်ဆီကို စာရှည်ကြီးတစောင် ရေးပြီး သူ့သားမက်ကြီး ဆရာကိုမျိုးအောင်ကိုပဲ ကိုယ်စားလွှတ်နိုင်တော့မယ်။ ဒါနဲ့ ကျွန်တော် တယောက်တည်း မန္တလေးကို ထွက်ခဲ့ရတော့တယ်။ ရထားပေါ် ကျတော့မှ

www.myanmarcupid.net

ဦးလေးရဲ့ မိတ်ဆွေကြီး ဦးအေးကြည်တို့၊ စာရေးဆရာမ ခင်ဆွေဦးသားအမိတို့နဲ့ ဆုံပါတယ်။ မန္တလေးရောက်မဆိုက်ပဲ လူထုတိုက်ကို တန်းသွားကြပါတယ်။

“ကိုဝင်းတင်ရယ် ရှင့်ဦးလေးက ရှင့်ကို မန္တလေး လာစေချင်တာ ဒီလာပုံမျိုးနဲ့ လာစေချင်တာ မဟုတ် ပါဘူး ကိုဝင်းတင်ရဲ့”လို့ ဒေါ်ဒေါ်က ငိုပါတယ်။ ဒေါ်ဒေါ်က မျက်ရည်လည်ရွဲနဲ့ ကြေကွဲတဲ့ စကားတွေကို ပြောနေပါတယ်။ ကျွန်တော်လဲ မျက်ရည်မကျအောင် အနိုင်နိုင် ထိန်းနေရပါတယ်။ ဦးလေးရဲ့ ရုပ်ကလာပ်ကို ကျွန်တော်အကြာကြီး စိုက်ကြည့်နေမိပါတယ်။ ပြီးတော့ ကျွန်တော့်မျက်စိကို အကြာကြီး မှတ်ထားလိုက် ပါတယ်။ မှိတ်ထားတဲ့ မျက်စိထဲမှာ ဦးလေးရဲ့ သက်မဲ့ရုပ်ကလာပ်ကို မမြင်ပါဘူး။ ကြည်သာရွှန်းဝေတဲ့မျက်နှာ၊ လန်းဆန်း ဖျပ်လတ်တဲ့ ကိုယ်ဟန်နဲ့ သက်ရှိလှုပ်ရှားနေတဲ့ ဦးလေးကိုပဲ မြင်ယောင်နေမိပါတယ်။ စိတ်အာရုံထဲ မှာလဲ ဦးလေးရဲ့ စိတ်ကောင်း လူကောင်း ဂုဏ်ဒြပ်တွေကို တစေ့စေ့ တွေမှတ်နေမိပါတယ်။

“ဒေါ်ဒေါ်ရယ်–ဦးလေးဟာ လူ့လောက ကောင်းကျိုးကို အများကြီး သည်ပိုးသွားတဲ့လူဆိုတော့ လူ့လောကမှာ အကြာကြီးနေသွားရဖို့ ကောင်းတာပေါ့။ အသက်



www.myanmarcupid.net

ခုနစ်ဆယ်ကျော်အထိ နေရတယ်ဆိုတာလဲ အကြာကြီးပါပဲ။ ဒါထက် ကြာကြာကြီး ပိုမနေရတဲ့အတွက် နှမြောစရာ ကောင်းတာ တခုပါပဲ။”

(၃)

ဦးလေးအသုဘ ရက်လည်ပြီးတဲ့ နောက်တနေ့မှာ ကျွန်တော်ပြန်ဖို့ စီစဉ်ပါတယ်။ မပြန်ခင် ဒေါ်ဒေါ့်ကို နှုတ်ဆက် ဂါရဝပြုယင်း ကျွန်တော် စကားတခွန်းပြောခဲ့ပါတယ်။

“ဦးလေးဟာ လူတွေအများကြီးရဲ့ ကောင်းကျိုးကိုလဲ ပြုခဲ့တယ်။ လူတဦးချင်းတယောက်ချင်းစီရဲ့ ကောင်းကျိုးကိုလဲ ပြုခဲ့တယ်။ ဒါဟာ ဦးလေးရဲ့ အလွန်ထူးခြားတဲ့ ဂုဏ်ဒြပ်ပါပဲ။ ဒါ့ကြောင့်လဲ ဦးလေးဟာ လူ့ဘဝမှာ နေရကျိုးအနပ်ဆုံး လူတယောက်အဖြစ် နေသွားခဲ့ရတာပဲ” လို့ ကျွန်တော် ပြောခဲ့ပါတယ်။

အမှန်ပါပဲ။ ဦးလေးဟာ လူ့ဘဝမှာ နေရကျိုးအနပ်ဆုံး လူတယောက်အဖြစ်နဲ့ နေသွားနိုင်ခဲ့ပါတယ်။ အများကောင်းကျိုး ဆောင်တယ်ဆိုတာ အလွန်မွန်မြတ်တဲ့ အလုပ်ပါ။ ငတေမာ ကမ္ဘာမှာ အများ ကောင်းကျိုးဆောင်ဖို့ဆိုတာ အပြောလွယ် သလောက် အလုပ်ခက်ပါတယ်။ စိတ်ဓာတ်ရှိတောင် လက်တွေ့လုပ်ဖို့ ခက်ပါတယ်။ လက်တွေ့လုပ်နိုင်ပြန်လဲ ကျယ်ကျယ်ဝန်းဝန်း နှံ့နှံ့စပ်စပ် လုပ်နိုင်ဖို့ မလွယ်ပါဘူး။ အများအကျိုး

www.myanmarcupid.net

ကိုကျယ်ကျယ်ဝန်းဝန်း ဆောင်ရွက်တယ်ဆိုတာက လူသားတရပ်လုံးနဲ့ သက်ဆိုင်တဲ့ ကောင်းကျိုး လုပ်ငန်းတွေ၊ လူမျိုးတမျိုးလုံးနဲ့ သက်ဆိုင်တဲ့ ကောင်းကျိုး လုပ်ငန်းတွေကို ဆောင်ရွက်တာမျိုးကို ဆိုလိုတာပါ။ အများ ကောင်းကျိုးကို နှံ့နှံ့စပ်စပ် ဆောင်ရွက်တယ်ဆိုတာက ဥာတိသင်္ဂဟစသည် တဦးချင်း တယောက်ချင်းရဲ့ ကောင်းကျိုးကိုလဲ မချွတ်မယွင်း မလစ်မဟင်း ဆောင်ရွက်တာမျိုးကို ဆိုလိုတာပါ။ အများကောင်းကျိုး ဆောင်တတ်ယင် ပြီးရောပေါ့။ ကျယ်ကျယ်ဝန်းဝန်း နှံ့နှံ့စပ်စပ်တွေ ခွဲခြမ်းနေဖို့ မလိုပါဘူးလို့ ဆိုချင်ကောင်း ဆိုချင်ကြပါလိမ့်မယ်။ အမှန်တော့ ခွဲခြမ်းဖို့ လိုပါတယ်။ အကြောင်းက ဒီလိုရှိပါတယ်။

ကမ္ဘာ့အတိုင်းအတာနဲ့ ကြည့်ကြည့်၊ တိုင်းပြည်မြို့ရွာ အချိုးအဆနဲ့ ကြည့်ကြည့်၊ ပုဂ္ဂိုလ်တဦး တယောက်ချင်း အနေအထားနဲ့ ကြည့်ကြည့် အများအကျိုးသယ်ပိုးဆောင်ရွက်တယ်ဆိုတဲ့ နေရာမှာ သဘော တဖြောင့်တည်း မဟုတ်တာကို တွေ့ရတတ်ပါတယ်။ တချို့ဟာ ကမ္ဘာနဲ့ တိုင်းနိုင်ငံနဲ့ချီပြီး လူအများကြီးရဲ့ ကောင်းကျိုးကို သယ်ပိုးတတ်တာ မှန်ပါရဲ့။ ဒါပေမယ့် လူတဦးချင်း တယောက်ချင်းရဲ့ ကောင်းကျိုးကို သယ်ပိုး ဆောင်ရွက်ဖို့ကျတော့ အမှုထားရကောင်းမှန်း

www.myanmarcupid.net

မသိနိုင်လောက်အောင် ပေါ့လျော့ပျက်ကွက်တာကို တွေ့ရတတ်ပါတယ်။ တချို့ကျတော့ နီးရာစပ်ရာ လူတဦးချင်း တယောက်ချင်းရဲ့ ကောင်းကျိုးကို သယ်ပိုးဖို့ စေတနာ ထက်သန်သလောက် မြို့နဲ့ ရွာနဲ့ တိုင်းနဲ့ ကမ္ဘာနဲ့ချီပြီးတော့ လူအများကြီးရဲ့ ကောင်းကျိုးကို ဆောင်ရွက်ဖို့ ကိုတော့ နှောင့်နှေး တွန့်ဆုတ်တတ်ကြပါတယ်။

ဒါဟာ သစ်တောကိုသာ မြင်ပြီး သစ်ပင်ကို မမြင်ဆိုတဲ့စကား၊ သစ်ပင်ကိုသာ မြင်ပြီး သစ်တောကို မမြင်ဆိုတဲ့ စကားတွေ အတိုင်းပဲပေါ့။ အလှမ်းကျယ်လို့ အလယ်လပ် တယ်ဆိုတဲ့သဘော၊ အနုတ်မက်လို့ အခွက် ပျက်တယ်ဆိုတဲ့ သဘောအတိုင်းပဲပေါ့။

ဦးလေးကတော့ ဒီလိုမဟုတ်ဘူး။ လူတဦးတယောက်ချင်း ကောင်းကျိုးကို သယ်ပိုးရမလား၊ လာခဲ့။ လူအများစုကြီး ကောင်းကျိုးကို သယ်ပိုးကြမလား၊ စိန်လိုက်ပဲ။ အများကောင်းကျိုးကို လုပ်ငန်းကြီးသေး၊ ဒေသကျဉ်းကျယ်၊ တာဝန်ပေါ့လေး၊ အရေးထားမနေဘူး။ အမြဲ ထက်သန်နေတော့တာပဲ၊ အမြဲ တက်ကြွ နေတော့တာပဲ၊ အမြဲ နိုးကြားနေတော့တာပဲ။ ဒါဟာ ဦးလေးရဲ့ နှလုံးသားထဲက လျှံထွက်နေတဲ့ ပရဟိတ စိတ်ကောင်းစိတ်မြတ် အဟုန်ကြီးပါပဲ။ ဦးလေးဟာ ဒီစိတ်ဓာတ်နဲ့ နိုင်ငံရေးလုပ်တယ်။

www.myanmarcupid.net

ဒီစိတ်ဓာတ်နဲ့ ရပ်ရေးရွာရေး လုပ်တယ်။ ဒီစိတ်ဓာတ်နဲ့ နိုင်ငံတကာ သွေးစည်းညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ တိုင်းရင်းသား ချစ်ကြည်ရေးစတဲ့ လုပ်ငန်းတွေကို လုပ်တယ်။ ဒီစိတ်ဓာတ်နဲ့ လူငယ်များ ကြီးပွားရေး၊ ဘိုးဘွားများ စောင့်ရှောက်ရေးစတဲ့ လုပ်ငန်းတွေကို လုပ်တယ်။ ဒီစိတ်ဓာတ်နဲ့ စာပေယဉ်ကျေးမှု လုပ်ငန်းတွေကို လုပ်တယ်။ လူတဦးချင်း တယောက်ချင်း ကောင်းကျိုး အတွက်ဆိုယင်လဲ ဒီစိတ်ဓာတ်နဲ့ပဲ လုပ်တာပါပဲ။ လူသားတရပ်လုံး၊ လူမျိုးတမျိုးလုံးရဲ့ ကောင်းကျိုးအတွက်ဆိုယင်လည်း ဒီစိတ်ဓာတ်နဲ့ပဲ လုပ်တာပါပဲ။

ဒီလို အများအကျိုးကို ကျယ်ကျယ်ပြန့်ပြန့်ကြီး၊ နံ့နံ့စပ်စပ်ကြီး ဆောင်ရွက်နိုင်စွမ်း ရှိလို့လဲ ဦးလေးကို စိတ်ကောင်း စိတ်မြတ်တို့ ကိန်းအောင်းရာ ပုဂ္ဂိုလ်ကြီးအဖြစ် ရင်းနှီးသူတိုင်း၊ သိကျွမ်းသူတိုင်း၊ ကြားဖူးသူတိုင်း က ယုံကြည်စွာ စွဲမှတ်ကြတာ ဖြစ်ပါတယ်။ ကျွန်တော့်အမြင်မှာတော့ ဒီလို လူ့လောကကောင်းကျိုး လူတွေရဲ့ ကောင်းကျိုးကို မပြတ်မလပ်၊ မပျက်မကွက်၊ မတွန့်မဆုတ် သယ်ပိုးဆောင်ကြဉ်းနိုင်တဲ့ ပုဂ္ဂိုလ်ဟာ လူ့လောက မှာ နေရကျိုး အနပ်ဆုံးလူသားတယောက်ပဲလို့ တထစ်ချ သတ်မှတ်ပါတယ်။

www.myanmarcupid.net

ဦးလေးဟာ သူကိုယ်တိုင်က ပရဟိတစိတ်ဓာတ်အဟုန်ကြီးနဲ့ သူတပါးကောင်းကျိုး၊ လူအများ ကောင်းကျိုးကို တရစပ်တွန်း လုပ်နေရုံနဲ့ ရောင့်ရဲနိုင်သေးတာ မဟုတ်ပါဘူး။ သူတကာကိုလဲ သူ့လိုပဲ အများ ကောင်းကျိုး သယ်ပိုးဆောင်ရွက်အောင် အမြဲ စေ့ဆော် တွဲခေါ်နေတတ်သူဖြစ်ပါတယ်။ "ပရစိတ်ဓာတ်၊ ကျင့်ကောင်းမြတ်ဖြင့်၊ လွှမ်းပတ်ကမ္ဘာခြုံစေသော်ဝ်"ဆိုတဲ့ စေတနာမျိုး နဲ့ သာသနာပြုနေသူ တဦးရယ်လို့ ဦးလေး ကိုသတ်မှတ်မယ်ဆိုယင် လွန်တန်မယ် မထင်ရ လောက်အောင် ဦးလေးဟာ အများအကျိုး သယ်ပိုးလိုလွန်းသူ ဖြစ်ပါတယ်။ ဒီတော့ ဦးလေးနဲ့ ရင်းနှီးဆက်ဆံသူတိုင်းဟာ တနည်းမဟုတ်တနည်း၊ ကိုယ့်နည်း ကိုယ့်ဟန်၊ ကိုယ့်အတိုင်းအတာနဲ့ အများကောင်းကျိုး သယ်ပိုးသူတွေ ဖြစ်လာတာချည်းပါပဲ။ ဦးလေးဟာ လူငယ်လူရွယ် အားသစ် မာန်သစ်တွေအဖို့ စံထားစရာ ပုဂ္ဂိုလ်ကြီး တဦးအဖြစ် မားမားကြီး ရပ်တည်နိုင်ခဲ့ပါတယ်။ ဒီလိုရပ်တည်နိုင်ခဲ့တာဟာ ဦးလေးကိုယ်နှိုက်က အများကောင်းကျိုးကို ထာဝစဉ်ရှေ့ရှုနေလို့၊ လူငယ်အားသစ် တွေအပါအဝင် လူများစုကြီးရဲ့ ကောင်းရာကောင်းကျိုးတွေ အမြဲသယ်ပိုး ရွက်ဆောင်နေလို့၊ အဲဒီလို အများ ကောင်းကျိုးကို သယ်ပိုးနေရတာကိုက ဦးလေးအဖို့ အားသစ်မာန်သစ်တွေ

www.myanmarcupid.net

အဖန်တလဲလဲ ပွားစည်းဆူဝေ နေလို့ပဲ ဖြစ်ပါတယ်။ ဦးလေးနဲ့ ရင်းနှီးရတာဟာ အများကောင်းကျိုး သယ်ပိုးရွက်ဆောင်လိုတဲ့ စိတ်ဓာတ်အားမာန်တွေ ကိုသာ ခွဲဝေရရှိစေတာ မဟုတ်ပါဘူး။ စာပေဇဟုသုတနဲ့ ပတ်သက်လို့ အသိသစ်တွေကို ရပါတယ်။ နိုင်ငံရေး၊ လူမှုရေးတွေနဲ့ ပတ်သက်လို့ အတွေးသစ်တွေကို ရပါတယ်။ ပေါင်းသင်းဆက်ဆံရေး၊ စည်းရုံး လှုပ်ရှားရေးတွေနဲ့ ပတ်သက်လို့ အားမာန်သစ်တွေကို ရပါတယ်။ ဦးလေးဟာ ဘာကလေးလုပ်လုပ် တဘက်လူရဲ့ ဆန္ဒသဘော ထားကို တောင်းခံဖော်ထုတ်ဖို့ ဘယ်တော့မှ မေ့မထားဘူး။ မိမိရဲ့ ဆန္ဒကို တပါးသူနားလည်သဘောပေါက်ပြီး ထောက်ခံလိုက်လျောလာအောင် ညှိနှိုင်းဆက်စပ်ဖို့ ဘယ်တော့မှ မေ့မထားဘူး၊ ဦးလေးဟာ လူတွေနဲ့ ပေါင်းသင်းဆက်ဆံရာမှာ၊ ဆွေးနွေးညှိနှိုင်းရာမှာ၊ ပြောဆိုနားထောင် ရာမှာ မျက်နှာအမြဲ ပြုံးချိုတယ်၊ စကား အမြဲ ရွှန်းဝေတယ်၊ ကိုယ်ဟန်အမြဲဖြတ်လတ်တယ်၊ အာရုံအမြဲစူးစိုက်တယ်၊ စိတ်ထားအမြဲ စာနာတယ်၊ သဒ္ဓါ အမြဲပိုတယ်။ ဒါတွေဟာ ဦးလေးရဲ့ ကိုယ်ကျင့်တွေပါပဲ။

ဦးလေးဟာ အဲဒီလိုကောင်းမြတ်တဲ့ စိတ်ဓာတ်တွေ၊ စေတနာ စိတ်ထားတွေ၊ ကိုယ်ကျင့်တရားတွေနဲ့ အတိပြီးတဲ့ ပုဂ္ဂိုလ်တဦး

www.myanmarcupid.net

ဖြစ်တယ်ဆိုတာ ဘယူသူမှ ဒွိဟသံသယဖြစ်နိုင်မှာ မဟုတ်ပါဘူး။ အဲဒီကောင်းမြတ်တဲ့ စရိုက်လက္ခဏာတွေဟာ ဦးလေးဆိုတဲ့ ရုပ်ခန္ဓာကြီးကို ဖွဲ့စည်းတဲ့နေရာမှာ ပင်မဓာတ်ကြီးလို ဖြစ်နေပါတယ်။ ဦးလေးဆိုတဲ့ ရုပ်ခန္ဓာကြီးဟာ ဓာတ်ကြီးလေးပါးနဲ့သာ မကပဲ မေတ္တာ ကရုဏာ စေတနာ သဒ္ဓါဆိုတဲ့ စိတ်ကောင်း စိတ်မြတ်ကြီးတွေနဲ့ပါ ဖြည့်ဆည်းပေါင်းဖွဲ့ထားတာလို ဖြစ်လေတော့ ဦးလေးကို ကြည့်ရ မြင်ရတာ၊ ဦးလေးနဲ့ ဆက်ဆံပြောဆိုရတာ၊ ဦးလေးနဲ့အတူ လက်တွဲလုပ်ကိုင်ရတာဟာ ကောင်းမြတ်တဲ့ စေတနာ မေတ္တာ သဒ္ဓါတရားတွေနဲ့ ကောင်းမြတ်တဲ့ လုပ်နည်းလုပ်ဟန် ကိုယ်ကျင့်စရိုက်လက္ခဏာတွေကို ကူးဆက်မျှဝေ ခံယူရရှိ သလိုရှိပါတော့တယ်။ ဒီလိုနဲ့ ဦးလေးဟာ သူနဲ့ပေါင်းသင်း ရင်းနှီးလက်တွဲဆက်ဆံလာသူတွေကို ဘဝအဓိပ္ပါယ် ကြွယ်ဝစေတယ်၊ ဘဝအားမာန်ပြည့်ဖြိုးစေတယ်၊ ဘဝတာဝန်ကျေပွန်စေတယ်လို့ ဆိုရမယ် ထင်ပါတယ်။ ဒါဟာ ဦးလေးနဲ့ ပတ်သက်ပြီး ကျွန်တော် သဘောတရားတွေထုတ်နေတာ မဟုတ်ပါဘူး။ ကိုယ်တွေ့မျက်မြင်တွေ အပေါ်မှာ ကျွန်တော်ဆန်းစစ်ပြီး သုံးသပ်ပြတာ ဖြစ်ပါတယ်။ တခုတလေကို

www.myanmarcupid.net

ထုတ်ပြောရမယ်ဆိုယင် လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ကိုယ်တွေ့မျက်မြင် တွေကို သာဓက ဆောင်ချင်ပါတယ်။

ဦးလေးနဲ့ကျွန်တော်ဟာ ၁၉၆၀ ပတ်ဝန်းကျင် လောက်ဆီကတည်းက သတင်းစာလောက လုပ်ငန်း တွေမှာ အတူလက်တွဲ ဆောင်ရွက်ခဲ့ကြ ဘူးပါတယ်။ ဒါပေမယ့် ဦးလေးက မန္တလေးမှာ ကျွန်တော်က ရန်ကုန်မှာ။ လုပ်ငန်းအတူ တွဲလုပ်ခဲ့ကြတယ်ဆိုပေမယ့် တလတခါ ဆိုသလို စည်းဝေး ဆွေးနွေးကြတဲ့ အခါကျမှသာ လူချင်းတွေ့ကြ ရတာဆိုတော့ နီးနီးကပ်ကပ် ရှိလှတယ်လို့ မဆိုနိုင်ပေဘူးပေါ့။ ၁၉၇၀ လွန်နှစ်များ အတွင်းမှာ တော့ ကျွန်တော်ကလည်း မန္တလေးရောက်နေ၊ မန္တလေးဘိုးဘွားရိပ်သာ ဖြစ်မြောက်ရေးလုပ်ငန်းတွေကလဲ လုပ်စရာ ပေါ်နေဆိုတော့ ဦးလေးနဲ့ ကျွန်တော်ဟာ လေးငါးနှစ်လောက်ဆိုသလို အခါမလပ် အတူတွေ့ဆုံပြောဆို ဆွေးနွေးတိုင်ပင် လုပ်ကိုင် ဆောင်ရွက်ခဲ့ကြရပါတယ်။ ဒီအချိန်က ဦးလေးရဲ့စိတ်ကောင်း၊ သဘောကောင်း၊ ကိုယ်ကျင့်တရားကောင်းတွေကို ကျွန်တော် တပုံကြီးရခဲ့ပါတယ်။

ဦးလေးရဲ့ ပရဟိတစိတ်ဓာတ် အဟုန်ကြီးမားပုံကိုတော့ ပြောမနေတော့ပါဘူး။ ဦးလေးဟာ စိတ်ဓာတ် ကောင်း၊ ကိုယ်ကျင့်တရားကောင်းတွေသာ ရှိရုံမဟုတ်ပါဘူး။

www.myanmarcupid.net

အဲဒီအကောင်း တရားတွေနဲ့ အပ်စပ်ညီထွေတဲ့ လုပ်နည်း လုပ်ဟန်ကောင်းတွေလဲ အများကြီးရှိတယ် ဆိုတာ ထင်းထင်းကြီး ပေါ်လွင်နေပါတယ်။ ဦးလေးရဲ့ လုပ်ဟန်ကောင်းတွေဟာ ဘယ်လိုဟာတွေလဲ။

*ဦးလေးဟာ သူတာဝန်ယူထားတဲ့ လုပ်ငန်းအတွက် အမြဲတွေးတော စိတ်ကူးပြီး အကြံဥာဏ်ကောင်း တွေကို အမြဲဖော်ထုတ်တင်ပြတယ်။ အမြဲရှင်ပြုံးတက်ကြွတယ်။ တချက်ကလေး ညည်းတဲ့ဟန် မပြဘူး။ အမြဲ အချိန်တိကျတယ်။ ဘယ်တော့မှ ဗိုလ်မကျဘူး။ ငါတကော မကောဘူး။ လူတတ်မလုပ်ဘူး။ ငါ့စကားနွားရ မပြောဘူး။ အထက်စီးမယူဘူး။ အပိုင်အနိုင်မယူဘူး။ ပေဖြစ်ပြီရယ်လို့လဲ မခံဘူး။ တူဖြစ်ပြီရယ်လို့လဲ မနံ့ဘူး။ လက်ညိုးငေါက်ငေါက် မထိုးဘူး။ လက်သီးပုန်းလဲ မထိုးဘူး။ အတေးအမှတ် မထားဘူး။ လက်စားမချေဘူး။ နှုတ်မစွာဘူး။ ရန်မထောင်ဘူး။ အထက်ပင့် အောက်ဖိ မလုပ်ဘူး။ ရှေ့တမျိုး နောက်တမျိုး မကျင့်ဘူး။ ဖောင်း တော်ငြိမ့် စိတ်တော်သိ မလုပ်ဘူး။ မင်းလိုလိုက် မင်းကြိုက် မဆောင်ဘူး။ ဆင်ဖြူမှီ ကြံမစုတ်ဘူး။ မျောက်ပြ ဆန်မတောင်းဘူး။ ကိုယ်နဲ့တွဲလုပ်သူတိုင်းရဲ့ ထင်မြင်ချက်၊ အကြံဥာဏ်နဲ့ ဆန္ဒတွေကို တောင်းတယ်။ ကိုယ့်ထင်မြင်ချက်၊ အကြံဥာဏ်နဲ့ ဆန္ဒကို*

www.myanmarcupid.net

*အများလိုက်လျော့အောင် ညှိတယ်။ ရှေ့မှောက်မှာရော နောက်ကွယ် မှာပါ ဘယ်သူ့အကြောင်းကိုမှ မကောင်းမပြောဘူး။ သိက္ခာမချဘူး။ နှာမ်မနှိမ်ဘူး။ အပုပ်မချဘူး။ အမြဲသဖြင့် အတူတွဲလုပ်သူတွေရဲ့ ကောင်းကြောင်းကိုသာ ပြောတယ်။ ဂုဏ်တင်တယ်။ သိက္ခာဆယ်တယ်။ ဗန်းတင်တယ်။ စန်းတင်တယ်။ ဒါတွေဟာ ဦးလေးရဲ့ အထက်တန်းကျတဲ့ အကျင့်ကောင်း၊ လုပ်ဟန်ကောင်းတွေပဲ ဖြစ်ပါတယ်။ ဦးလေးရဲ့ လုပ်ဟန်တိကျမှန်ကန်မှုရဲ့ အကျိုး သက်ရောက်မှုဟာ အင်မတန် ကြီးမားပါတယ်။*

မန္တလေးဘိုးဘွားရိပ်သာ တည်ဆောက်ရေးလုပ်ငန်းတွေ တန်းလန်း ဖြစ်နေတာ အဲဒီအချိန်က ဆယ်နှစ် လောက် ရှိနေပါပြီ။ ဒါနဲ့ မန္တလေးတိုင်းပြည်သူ့ကောင်စီက ဘိုးဘွားရိပ်သာဖြစ်မြောက်ရေး အဖွဲ့တဖွဲ့ကို ဖွဲ့ပေး လိုက်ပါတယ်။ ဥက္ကဋ္ဌက တိုင်းပြည်သူ့ကောင်စီဝင် ဒေါ်အောင်ကြည်ဖြစ်ပါတယ်။ အဖွဲ့ဝင်တွေအဖြစ် ဦးအေးမောင်၊ ဦးဝင်း၊ ဦးသာဌေး၊ ဦးစံငြိမ်း၊ ဦးသစ်၊ လူထုဦးလှ စတဲ့ မြို့မိမြို့ဖတွေ ပါဝင်ကြပါတယ်။ ဒီပုဂ္ဂိုလ်ကြီးတွေဟာ ကိုယ်ပိုင်လုပ်ငန်းတွေကို အောင်အောင်မြင်မြင် ဦးစီးလုပ်ကိုင်နေကြတဲ့ သူတွေ ဖြစ်ပါတယ်။ ပရဟိတ

www.myanmarcupid.net

လုပ်ငန်းတွေ ဆောင်ရွက်တဲ့ နေရာမှာလဲ အတွေ့အကြုံ ကြွယ်လှသူတွေ ဖြစ်ပါတယ်။ လုပ်သမျှလုပ်ငန်းကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်လောက်အောင် ဓနဉစ္စာအင်အား၊ မိတ်သင်္ဂဟအင်အား၊ ခန့်ခွဲကွပ်ကဲမှုအင်အား ကြီးမားသူ တွေလဲ ဖြစ်ပါတယ်။ ဒီလိုပုဂ္ဂိုလ်ကြီးတွေနဲ့ လက်တွဲ လုပ်ကြစို့ဆိုတော့ အဲဒီအချိန်က ဥက္ကဋ္ဌ ဒေါ်အောင်ကြည်ဟာ အသက်အရွယ်အားဖြင့်ရော၊ အတွေ့အကြုံအားဖြင့်ပါ ဝါနုနေပါတယ်။ ဒါပေမယ့် ဘိုးဘွားရိပ်သာ လုပ်ငန်းတွေဟာ နေ့ချင်းညချင်းပဲ အောင်အောင်မြင်မြင်ကြီး အကောင်အထည် ပေါ်လာခဲ့ ပါတယ်။ အောင်မြင်မှုရခဲ့တဲ့ အကြောင်းတွေ အများကြီးရှိပါတယ်။ အလှူအတန်းမှာ မွေ့လျော်တဲ့ ဒေသခံ ပြည်သူတွေရဲ့ ရက်ရက်ရောရော ကူသိုလ်ပါဝင်မှု၊ ဥက္ကဋ္ဌဒေါ်အောင်ကြည်ရဲ့ အသက်အရွယ် အတွေ့အကြုံနု ပေမယ့် ရှေ့ဆောင် ရှေ့ရွက်ပြုတဲ့နေရာမှာ ထက်မြက်ချက်ချာမှု၊ အဖွဲ့ဝင် လူကြီးတွေရဲ့ ကိုယ်ဖိရင်ဖိကြိုးကြပ်မှု စတဲ့ အချက်တွေဟာ အောင်မြင်မှုရဲ့ အရင်းခံ အကြောင်းတွေပါပဲ။ အဲဒီအရင်းခံ အကြောင်းတွေလိုပဲ အဓိက ကျတဲ့ အရင်းခံအကြောင်းတခု ရှိပါသေးတယ်။ အဲဒါက ဘာလဲဆိုယင် အဖွဲ့အတွင်းမှာ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှု တည်ရှိခဲ့ခြင်းပဲ ဖြစ်ပါတယ်။ဘိုးဘွားရိပ်သာ လုပ်ငန်းတွေကို

www.myanmarcupid.net

ဆောင်ရွက်တဲ့အခါမှာ ဦးလေးရဲ့ ကောင်းသောလုပ်ဟန်ဟာ အဖွဲ့ဝင် အားလုံးရဲ့ အချင်းချင်း ယုံကြည်ရင်းနှီးမှု၊ လိုက်လျောကြည်ဖြူမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေကို ပေါင်းစပ်တွဲဆက်ပေးတဲ့ သော့ချက်ပဲ ဖြစ်ပါတယ်။ ဦးလေးဟာ လူတွေကိုချစ်တယ်။ ဒါ့ကြောင့် လူတွေရဲ့ ကောင်းကျိုး ကို သယ်ပိုးရွက်ဆောင်တယ်။ သူချစ်တဲ့လူတွေ အချင်းချင်းလဲ ချစ်ခင်ကြည်ဖြူမှု ရှိစေချင်တယ်။ အပြုအဖြစ် အကောင်းအမှန် လုပ်ငန်းတွေအတွက် သင့်မြတ်လက်တွဲ ပူးပေါင်းဆောင်ရွက်ကြစေချင်တယ်။ ဒါဟာ ဘယ်လုပ်ငန်းမှာပဲဖြစ်ဖြစ် ဦးလေးအမြဲကျင့်သုံးတဲ့ လုပ်နည်းလုပ်ဟန် ဖြစ်ပါတယ်။

"ဦးအေးမောင်–ကိုဝင်းတင်ရေ– ကျွန်တော်တို့ မအောင်ကြည်ကို ဝိုင်းကူကြ ရမယ်ဗျ။ သူလုပ်နိုင် တယ်ဗျ၊ လုပ်လဲ လုပ်တတ်တယ်။ စေတနာလဲ ရှိတယ်။ မဟုတ်ဘူးလားဗျာ"

ဦးလေးဟာ တခြားအဖွဲ့ဝင်တွေ အပေါ်မှာလဲ ဒီလိုပဲ အကောင်းမြင်တယ်။ အကောင်းပြောတယ်။ ဒီလိုနဲ့ အဖွဲ့အတွင်းမှာ ညီညွတ်မှု ပူးပေါင်းဆောင်ရွက်မှုကို ရှင်သန်စေတယ်။ ဦးလေးက သူ့ကိုယ်သူ 'မယားပါ မန္တလေးသား'လို့ ပျော်စေပြက်စေ ပြောတတ်ပါတယ်။ ကျွန်တော်က ဘာမန္တလေးသား ရယ်လို့မှကို ပြောလို့ မရတဲ့



www.myanmarcupid.net

အသည်အလာမဟုတ်တဲ့ ပျံကျကပွဲါးဆိုတော့ ဦးလေးက ကျွန်တော့်ကို မန္တလေးအကြော၊ မန္တလေးအထာ ခပ်နှိုက်နှိုက်ကလေး သိနေအောင် အမြဲသွန်သင် ရှင်းလင်းပြတတ်ပါတယ်။ ရပ်ခံခလေ့အကြောင်း၊ ရပ်ခံရှင်လူ အကြောင်းစသည် အစုံပေါ့လေ။

"ဦးလေးဝင်းတို့၊ ဦးအေးမောင်တို့ဆိုတာ သိတ်တတ်တဲ့လူတွေ ကိုဝင်းတင်ရဲ့၊ ဦးသစ်တို့ ဦးစံငြိမ်းတို့ ဆိုတာလဲဒီလို လုပ်ငန်းတွေမှာ သိပ်စိတ်သန်တာ။ ဦးသာဒွေးက စကားတော့သိပ်မပြောဘူး။ ဒါပေမယ့် လှူရ တန်းရမယ်ဆိုယင် လာခဲ့ပဲ။ သိပ်ငြင်းနေတဲ့ လူစားမျိုး မဟုတ်ဘူး၊ သိပ်ရက်ရောတဲ့လူတွေဗျ။ ဩဇာလဲသိပ်ရှိ ကြတာ၊ သူတို့ပါနေတာကိုက တအားဗျ။"

ဦးလေးဟာ အကောင်းကိုပဲ အမြဲပြောနိုင်မှာပေါ့။ ဦးလေးက အကောင်းကိုပဲ အမြဲမြင်၊ အကောင်းကိုပဲ အမြဲမှန်း၊ အကောင်းကိုပဲ အမြဲလုပ်နေတာကိုး။ ဒါဟာလူတွေကို ချစ်တဲ့စိတ်ဓာတ်နဲ့ လူတွေရဲ့ကောင်းကျိုးကို သယ်ပိုးတဲ့အလုပ်က ပေါက်ဖွားလာတဲ့ ဦးလေးရဲ့လုပ်ဟန်ပါပဲ။ ဦးလေးရဲ့ ကောင်းတဲ့ကိုယ်ကျင့်စရိုက်ပါပဲ။ အဲဒီ ကောင်းတဲ့လုပ်ဟန်၊ ကောင်းတဲ့ ကိုယ်ကျင့်စရိုက်တွေဟာ

www.myanmarcupid.net

ကောင်းတဲ့အလုပ်တွေကို ကောင်းကောင်း ဖြစ်ထွန်းစေပါတယ်။ မန္တလေးဘိုးဘွားရိပ်သာကြီးဟာ သက်သေပါပဲ။

(၅)

ဦးလေးစကားပြောကောင်းတယ်၊ စာရေးကောင်းတယ်၊ အကြံဉာဏ် ပေးကောင်းတယ်၊ သင်္ခန်းစာပေးကောင်းတယ်ဆိုတာတွေကို ဦးလေး ဟောတာ ပြောတာ ကြားနာဖူးသူတိုင်း၊ ဦးလေးရေးတာ သားတာ ဖတ်ရှုဘူး သူတိုင်း၊ ဦးလေးဆီ ချဉ်းကပ်တွေ့ဆုံဖူးသူတိုင်း အားလုံးသိကြပြီး ဖြစ်ပါတယ်။ ဦးလေးနဲ့ စကားပြောတိုင်း၊ ဦးလေးစကားကိုနားထောင်တိုင်း မှတ်စရာ သားစရာ တခုခုတော့ ရလိုက် တာချည်းပါပဲ။ ဦးလေးရဲ့ ဘဝအမြင်တခုခုကို သိလိုက်ရတာချည်းပါပဲ။ အဲဒီလို ကြားလိုက် မှတ်လိုက်ရတဲ့ ဦးလေးရဲ့ ဘဝအမြင်တွေဟာ ကြားမှတ်လိုက်ရသူအဖို့ ဘဝအားမာန်တွေလို ဖြစ်လာတတ်ပါတယ်။

၁၉၆၉ တုန်းက မန္တလေးမှာ ဟံသာဝတီသတင်းစာတိုက် လာဖွင့်ပါတယ်။ တိုက်ဖွင့်ပွဲမှာ ဦးလေးလှ စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေး ကော်မတီဝင် အဖြစ်နဲ့စကားပြောပါတယ်။ ထုံးစံအတိုင်းဦးလေးက မှတ်စရာသားစရာတွေနဲ့ ရွှန်းရွှန်းဝေအောင်ပြောသွားပါတယ်။ ပုံပြင်တခုကိုလဲ

www.myanmarcupid.net

ထည့်ပြောသွားပါတယ်။ ဦးလေးပြောသွားတဲ့ ပုံပြင်လေးက ဒီလိုပါ....။

တနေ့မှာခြင်္သေ့မတကောင် သားပေါက်သတဲ့။ မြေခွေးမတကောင်က မီးနေလာ မေးသတဲ့။ ခြင်္သေ့မ သားပေါက်တာတကောင်တည်းတဲ့။ ဒီတော့ မြေခွေးမက "ဟင် တကောင်တည်းလား"လို့ ခနိုးခနဲ့မေးသတဲ့။ မြေခွေးမျိုးကတော့ သားပေါက်ယင် တပြုံတမကြီးပေါက်တာကိုး။ ခြင်္သေ့မက ဘယ်ခံနေလိမ့် မတုံး၊ ခပ်ထယ်ထယ်ပဲ ပြန်ပြောလိုက်တယ်တဲ့။ "အေး–ဟုတ်တယ်။ တကောင်တည်းပဲ။ ဒါပေမယ့် ခြင်္သေ့ဟဲ့– ခြင်္သေ့"လို့တဲ့။

ဦးလေးက မန္တလေးမှာ တစောင်ထီးတည်း တကိုယ်တော် ငေါင်းစင်းစင်း လာဖွင့်တဲ့ ဟံသာဝတီသတင်း စာကို အားပေးစကား၊ အသားပေးစကား၊ ဗန်းတင်စကား၊ စန်းတင်စကားပြောတာပါ။ ကျွန်တော်တို့ကို သတင်းစာ လောကသားချင်း နှုတ်၏စောင်မခြင်းနဲ့ စောင်မတာလို့လဲ ပြောနိုင်တာပေါ့။ တနည်း စဉ်းစားလိုက်တော့လဲ ဒီစကားဟာ ဦးလေးရဲ့ ဘဝအမြင်တခုလဲ ဖြစ်ပေတယ်လို့ ဆိုလို့ရလိမ့်မယ်လို့ ထင်မိပါတယ်။ဦးလေးဟာ လူတွေကို ချစ်တယ်။ လူတွေရဲ့ ကောင်းကျိုးကိုလိုလားရှေ့ရှုတယ်။ လူတွေရဲ့ ကောင်းကျိုးကိုဆောင်တယ်။ ဒါဖြင့်

www.myanmarcupid.net

လူတွေအားလုံးက ဦးလေးကို ပြန်ချစ်ကြရောလား၊ ဦးလေးရဲ့ကောင်းကျိုးကို လိုလား ရှေ့ရှုကြရောလား၊ ဦးလေးရဲ့ကောင်းကျိုးကိုဆောင်ကြရောလား။ ဒီလို မေးလာယင် ဘယ်လိုဖြေ ရပါ့မလဲ။ အင်း–အင်း–အင်းနဲ့ အင်းလိုက် ဖြေယင်လဲ အပြည့်မမှန်နိုင်ဘူး။ ဟင့်အင်းချည်းလိုက်ပြီး ခေါင်းပဲခါ နေယင်လဲ အပြည့် မမှန်နိုင်ဘူး။ ဦးလေးက စံတခုခုကိုလက်ကိုင်ထားသူ၊ တရားတခုခုကို လက်စွဲပြုသူဆိုတော့ အဲဒီစံ၊ အဲဒီတရားဟာ ဦးလေးအဖို့ အမှန်စံ၊အမှန်တရားပဲ ဖြစ်ပေလိမ့်မပေါ့။ ဦးလေးဟာ လူတွေကိုချစ်တယ်ဆိုတဲ့နေရာမှာ၊လူတွေရဲ့ကောင်းကျိုးကို လိုလား ရှေ့ရှုတယ် ဆိုတဲ့နေရာမှာ၊ လူတွေရဲ့ အကျိုးကိုဆောင်တယ်ဆိုတဲ့ နေရာမှာ အဲဒီအမှန်စံ၊ အဲဒီအမှန်တရားတွေကို ရည်မှန်းချက်ထားပြီး လုပ်ကိုင် ဆောင်ရွက် သွားမှာပဲဆိုတာယုံမှားစရာမရှိပါဘူး။ ဒီတော့ အဲဒီစံတွေ၊ အဲဒီတရားတွေကို ဆန့်ကျင်ပစ်ပယ်သူတွေဟာ (ဥပမာ ဖက်ဆစ်ဝါဒီတွေ၊ နယ်ချဲ့ဝါဒီတွေ၊ စစ်ဝါဒီတွေ) ဦးလေးကိုဘယ်ချစ်မလဲ။ ဦးလေးအကျိုးကို ဘယ်လိုလား ရှေ့ရှုပါ့မလဲ။ ဦးလေးအကျိုးကို ဘယ်သယ်ပိုးပါ့မလဲ။ ဒါ သဘာဝတရားပဲ။

www.myanmarcupid.net

ကျွန်တော်စဉ်းစားကြည့်မိတယ်။ ဦးလေးဘဝမှာလဲ အဲဒီစံတွေ၊ တရားတွေကို ဆန့်ကျင်ပစ်ပယ်သူတွေ များပြားအားကောင်းတဲ့ အနေအထားမျိုးကြုံတဲ့အခါ ကြုံပေလိမ့်မှာပဲလို့။ အဲဒီလို ကြုံတဲ့အခါ ဦးလေးက သူ့ပုံပြင်ထဲကလို "တကောင်တည်းပဲဟေ့။ ဒါပေမယ့် ခြသေ့်ကွ၊ခြသေ့်" လို့ ကြုံးဝါးနေမိ မှာပဲလို့။

ကျွန်တော်တော့ ဦးလေးပုံပြင်ကို ကြားလိုက်ရ ပြီးကတည်းက ပုံပြင်ထဲက ခြသေ့်လို ကြုံးဝါးသင့်တဲ့အခါကြုံးဝါးမိတာ အမှန်ပါပဲ။ဒါ့ကြောင့် ဦးလေးရဲ့စကားတွေဟာ ဦးလေးရဲ့ ဘဝအမြင်တခု ဖြစ်နိုင်တယ်။ ဦးလေးရဲ့ ဘဝအမြင်တခုဟာ ကျွန်တော်တို့လို ကြားရမှတ်ရ သူတွေအဖို့ ဘဝအားမာန် တခုလို ဖြစ်လာတတ်တယ်လို့ ကောက်ချက်ချ မိတာဖြစ်ပါတယ်။

(၆)

"ကမ္ဘာ့အခြေအနေတွေကလဲမကောင်းဘူး ကိုဝင်းတင်ရေ။ စစ်တွေဘာတွေ ဖြစ်ယင် လူတွေအားလုံးဒုက္ခရောက်ကုန်မှာ။ ကျွန်တော်တို့၊ ကိုဝင်းတင်တို့မှာ လူတွေအတွက် လုပ်ပေးစရာတာဝန်တွေ အများကြီးကျန်သေးတယ်ဆိုတာ မမေ့နဲ့ဗျို့။"

www.myanmarcupid.net

ရန်ကုန်ဘူတာကြီး စကြ်န်ပေါ်မှာ ဦးလေးနောက်ဆုံး ပြောသွားတဲ့စကား တွေပါ။ ဒီစကားတွေကို ပြောတဲ့အချိန်မှာ ဦးလေးဟာ အသက်ခုနစ်ဆယ်ကျော်နေပြီ။ ကျန်းမာရေး မကောင်းလှတော့ဘူး။ ကွယ်လွန်ဖို့ ငါးရက်ပဲ လိုတော့တယ်။ ဒါနဲ့တောင်မှ ဦးလေးဟာ လူတွေ လူသားတွေရဲ့ ကောင်းကျိုးအတွက် ထမ်းဆောင်စရာ တာဝန်တွေအများကြီး ကျန်ပါသေး ကလားဆိုတာ မြဲမြဲကြီးခံယူထားဆဲပဲ ရှိနေပါသေးတယ်။ လူသားတွေ ချစ်တဲ့သူ၊ လူသားတွေရဲ့ ကောင်းကျိုးချမ်းသာကို လိုလားရှေ့ရှုတဲ့သူဖြစ်လို့သာ ဒီလိုမေတ္တာကရုဏာစကား၊ ဒီလို တာဝန်ဝတ္တရားစကား၊ ဒီလိုနှောင်းလူတွေထံ တာဝန်ဆင့်ကမ်းစကားမျိုးကို နောက်ဆုံး အချိန်အထိ မမေ့မလျော့ ပြောကြားသွားနိုင်ပေတာပဲလို့ ကျွန်တော်တွေးမိပါတယ်။ ဦးလေးဟာ လူသားစိတ် တကယ်ပြင်းပြတဲ့သူပါကလား။ လူ့လောကကို တကယ်ချစ်တဲ့သူ ပါကလား။ ဧရာမနှလုံးသား ပိုင်ရှင်ပါကလား။ ဦးလေးအကြောင်းကို စဉ်းစား မိတိုင်း ဒီလိုပဲ ကျွန်တော့်စိတ်ထဲမှာ ရေရွတ်မိတတ်ပါတယ်။

ကမ္ဘာကျော် အင်္ဂလိပ်ကဗျာဆရာကြီး ရောဘတ်ဘရောင်နင်က သူ့ကဗျာတပုဒ်မှာ ဒီလိုရေးဖူးပါတယ်။ သူ့နှလုံးသားကို

www.myanmarcupid.net

ခွဲကြည့်ပါတဲ့။ သူ့နှလုံးသားထဲမှာ သူချစ်တဲ့နိုင်ငံရဲ့အမည်ကို ကမ္ပည်းထိုးထားတာ တွေ့ပါလိမ့် မယ်တဲ့။

ဦးလေးရဲ့ နှလုံးသားထဲမှာရော ဘယ်လို ကမ္ပည်းစာတန်းမျိုး ထိုးထားပါ လိမ့်မလဲလို့ တခါတခါ တွေးမိတယ်။ ဒါကဗျာဆန်ဆန် ပြောနေတာ မဟုတ်ပါဘူး။ စာဖတ်ယင်း၊ ကဗျာဖတ်ယင်း ဆက်စပ်ပြီး ပေါ်ထွက်လာတဲ့ အတွေးမျိုးဆိုတော့ ဒီလိုပဲရှိပေမှာပေါ့။ ဦးလေးရဲ့ နှလုံးသားထဲမှာ ကမ္ပည်း စာတန်းတခုသာ ရှိမယ်ဆိုယင် ဘယ်လို ကမ္ပည်းစာတန်း ဖြစ်မယ်ဆိုတာ ကျွန်တော်အတပ်ပြောနိုင်မယ်လို့ ထင်ပါတယ်။

ဦးလေးရဲ့ နှလုံးသားထဲမှာ မုချဆတ်ဆတ် ရှိနေမယ့် ကမ္ပည်းစာတန်းဟာ ဘယ်လိုကမ္ပည်းစာတန်းမျိုး ဖြစ်မယ်ဆိုတာ ကျွန်တော်မဝေနိုင်မခွဲနိုင်ဖြစ်စရာ အကြောင်း လုံးဝမရှိပါဘူး။ ဦးလေးရဲ့ နှလုံးသားထဲမှာရှိမယ့် ကမ္ပည်းစာတန်းဟာ ရောဘတ်ဘရောင်နင်ရဲ့ နှလုံးသားထဲမှာ ရှိမယ့် ကမ္ပည်းစာတန်းထက်ပိုပြီး ကျယ်ဝန်းနက်ရှိုင်းတဲ့ သဘောဆောင်မှာ သေချာပါတယ်လို့ ကျွန်တော် ပြောနိုင်ပါတယ်။ ဆိုလိုတာက နိုင်ငံတနိုင်ငံ လူမျိုး တမျိုးလောက်ကိုသာ ကိုယ်စားပြုတဲ့ ကျဉ်းကျဉ်းတိမ်တိမ် သဘောဆောင်မှာ မဟုတ်တာ သေချာပါတယ်လို့

www.myanmarcupid.net

ပြောချင်တာပါ။ဦးလေးဟာ လူသားစိတ် အင်မတန် ပြင်းပြတဲ့သူ မဟုတ်လား။ လူ့လောကကို သိပ်ချစ်တဲ့သူ မဟုတ်လား။ လူသားထုအများကြီးကိုရော၊ လူတဦးချင်းစီကိုပါ မေတ္တာထားသူ မဟုတ်လား။ ဒီတော့ ဦးလေးရဲ့နှလုံးသားထဲက ကမ္ပည်းစာတန်းဟာ လူ့လောကကြီးတခုလုံး၊ လူသား တရပ်လုံးကို ကျယ်ကျယ်ဝန်းဝန်းကြီး၊ နှံ့နှံ့စပ်စပ်ကြီး ရစ်သိုင်းခြုံလွှမ်း မေတ္တာမိုးပက်ဖျန်းမယ့် ကမ္ပည်းစာတန်းသာ ဖြစ်ရပေလိမ့်မှာပေါ့။အလွန်သေချာတာပေါ့။

ဒီလိုဆိုယင်အဲဒီကမ္ပည်းစာတန်း ဟာ ဘယ်လိုရေးထိုး ထားတဲ့ ကမ္ပည်းစာတန်း ဖြစ်လေလိမ့်မလဲလို့၊ အရှည်အဝေး တွေးမနေပါနဲ့။ တွေးနေစရာ လိုလှမယ်မထင်ပါဘူး။

'လူသားရပ်ရွာ ဤကမ္ဘာ'ဆိုတဲ့ ကမ္ပည်းစာတန်းပဲ ဖြစ်မှာပါ။

ဝင်းတင်

www.myanmarcupid.net



# ကျွန်ုပ်မိတ်ဆွေ လူထုဦးလှ

## ကာတွန်းဦးဟိန်စွန်း

*ဦးဘဂျမ်းက ကျွန်ုပ်ကို "ဦးလှဟာ တော်တော်သစ္စာရှိတယ်။ သဘောလည်း ကောင်းသည်။ အမြတ်ငွေကိုလည်း ခွဲပေးသည်"ဟု ချီးကျူးစကား ပြောခဲ့ဖူးပါသည်။*

www.myanmarcupid.net

ကျွန်ုပ်သည် ရန်ကုန်ယူနီဘာစီတီကောလိပ်ကျောင်းမှ ၁၉၃၀ ခုနှစ်ထဲတွင် ကျောင်းကထွက်ပြီး သုံးနှစ် ကြာပြီးမှ သူရိယသတင်းစာတိုက် မဂ္ဂဇင်းအယ်ဒီတာ ဦးသိန်းမောင်၏ အခန်းထဲတွင် ဦးလှကို ပထမဆုံး မြင်ဖူးပါသည်။ အယ်ဒီတာ ဦးသိန်းမောင်က ကျွန်ုပ်ကို ဦးလှနှင့် မိတ်ဆက်ပေးရာတွင် ဦးလှကို ကာတွန်းဆရာ ကိုဟိန်းစွန်းဆိုတာ သူပဲဟုဆိုပြီး ကျွန်ုပ်ဘက်ကို ဦးသိန်းမောင်က လှည့်၍ "ကိုလှဆိုတာ သူပဲ၊ သူက ရန်ကုန် မြူနီစပယ်ရုံးက ရာဖြတ်အရာရှိ တဦးပါ၊ လူငယ်များ ကြီးပွားရေးအသင်းမှာ အမှုဆောင်တဦးလည်း ဖြစ်ပါ တယ်။ အခု ကိုလှက ကြီးပွားရေးမဂ္ဂဇင်း ကိုယ်ပိုင် လစဉ်ထုတ်ဖို့ စီစဉ်နေတယ်"ဟု ကျွန်ုပ်အား ဦးသိန်းမောင် က ဆိုပါသည်။ ကိုလှက ကျွန်ုပ်လက်ကို ဆွဲပြီး နှုတ်ဆက်သည်။ "ကိုဟိန်းစွန်းကို တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်ထုတ်မည့် ကြီးပွားရေး မဂ္ဂဇင်းမှာ ကာတွန်းဖြင့် ကူညီပါ"ဟု ဆိုသည်။ ကျွန်ုပ်ကလည်း ဦးလှကို မြင်မြင်ချင်း ခင်မင်သဖြင့် ကူညီပါမည်၊ ဦးလှရဲ့ နေအိမ်လိပ်စာ ရေးပေးပါဟုဆိုလိုက်ရာ ဦးလှလိပ်စာကို ရေးပေးပါသည်။

ကျွန်ုပ်သည် ဦးလှနေအိမ်သို့ နေ့တိုင်းတခေါက် မှန်မှန်သွားလေ့ရှိသည်။ ဦးလှသည် ရတနာမြတ် သုံးပါးကို ရိုသေလေးစားသူဖြစ်ခြင်းကြောင့် နေ့စဉ်နံနက်တိုင်းဘုရားစင်မှ

www.myanmarcupid.net

ပန်းလဲသည်ကို တွေ့ရှိရသည်။ ဦးလှက ကျွန်ုပ်ကို "ကျွန်တော်နေ့တိုင်း ဘုရားပန်းလဲတာကို တချို့က မလွန်လွန်းဘူးလားလို့ ကဲ့ရဲ့ကြတယ်၊ ကိုဟိန်စွန်းကကော ဘယ်လိုမြင်သလဲ"ဟု မေးသည်။ ကျွန်ုပ်က "လွန်လွန်းတယ်လို့ မမြင်ပါဘူး။ ကောင်းမှု ကုသိုလ်လုပ်တဲ့ ကိစ္စပဲမဟုတ်လား။ ကျွန်တော်က ပုံပြောကောင်းတဲ့လူမို့လို့ ကိုလှကို ကောင်းမှုကုသိုလ် လုပ်သည့် အပျိုကြီးတဦး၏ ပုံပြင်ကလေးတခုကို ပြောပြမယ်"ဟု ဆိုပြီး အောက်ပါအတိုင်း ပြောပြလိုက်ရာ ဦးလှက အလွန်သဘောကျ သွားပါသည်။

## အပျိုကြီးပုံပြင်

အပျိုကြီးတယောက်က စေတီတဆူရဲ့ ပတ်ဝန်းကျင်ကို နေ့စဉ် နံနက်တိုင်းသွားပြီး ဘုရားရှိခိုးလေ့ ရှိတယ်။ ဘုရားရှိခိုးပြီးယင် တံမြက်စည်းနဲ့ သန့်ရှင်းရေးလုပ်လေ့ရှိတယ်။ ငါးနှစ်မြောက် သောနေ့တွင် သိကြားမင်းက လူ့ပြည်ဆင်းလာပြီး ကောင်းမှုကုသိုလ် လုပ်သည့် အပျိုကြီးကို ကိုယ်ယောင်ပြပြီး "သင် ကွယ်လွန်တဲ့အခါ နတ်ပြည်မှာ နတ်သမီးဖြစ်လိမ့်မယ်၊ နတ်သားတပါးနဲ့လည်း ပေါင်းသင်းရမယ်"ဟု ပြောဆိုပြီး သိကြားမင်းသည် နတ်ပြည်သို့ ပြန်တက်သွားသည်။

အပျိုကြီးသည် သိကြားမင်းပြောခဲ့သော စကားကို အလွန်သဘောကျ သဖြင့် နတ်သားနှင့် မလွဲရအောင်



www.myanmarcupid.net

ခါတိုင်းလို မနက်တခေါက်တည်း စေတီသို့မသွားပဲ မနက်တခေါက်နှင့် ညနေတခေါက် စေတီသို့သွားပြီး ဘုရားရှိခိုးသည်။ သန့်ရှင်းရေးလုပ်သည်။ အပျိုကြီးသည် တနေ့ကို ကုသိုလ်ကောင်းမှု နှစ်ကြိမ်လုပ်ခြင်းကြောင့် ကွယ်လွန်သွားတဲ့အခါမှာ သိကြားမင်းသတ်မှတ်ထားသော နတ်ဘုံသို့ မရောက်ပဲ ၎င်းဘုံရဲ့ အထက်နတ်ဘုံမှာ နတ်သမီးသွားဖြစ်တယ်။ ယင်းဘုံမှာ ပေါင်းသင်းရန် နတ်သားမတွေ့ရလို့ အပျိုကြီးနတ်သမီးက မှိုင်လျက် နေမသာ ထိုင်မသာ ဖြစ်နေသည်ကို သိကြားမင်းက တွေ့ရှိရသဖြင့် အပျိုကြီးနတ်သမီးထံ သွားရောက်ပြီး "နင်က ဘာပြုလို့ စေတီမှာ ကုသိုလ်ကောင်းမှု တနေ့နှစ်ခါလုပ်သလဲ၊ ကုသိုလ်ကောင်းမှု တနေ့တခါ လုပ်မှသာ နင့်ကို သတ်မှတ်ထားတဲ့ နတ်ဘုံကိုပို့ပြီး နတ်သားနဲ့ ပေးစားလို့ရမှာ၊ အခု နင်က ကုသိုလ်ကောင်းမှု တနေ့နှစ်ခါ လုပ်တဲ့အတွက် ကုသိုလ်တွေ အများကြီး ရရှိနေလို့ သတ်မှတ်ထားတဲ့ နတ်ဘုံရဲ့အထက်က နတ်ဘုံကို နတ်သမီးဘဝဖြင့် ပို့လိုက်ရတယ်၊ ဒါကြောင့် နတ်သားနှင့် နင်လွဲသွားတယ်"ဟု ဆိုလိုက်သည်။

အခု ကိုလှက ကုသိုလ်ကောင်းမှု သူများတကာတွေ မလုပ်နိုင်သည့် ကုသိုလ်ကောင်းမှုမျိုးလုပ်လို့ ကိုလှ ကွယ်လွန်တဲ့အခါ နတ်သား ဖြစ်လိမ့်မယ်၊ တနေ့တခါပဲ



www.myanmarcupid.net

ဘုရားပန်းကိုလဲပါ၊ တနေ့နှစ်ခါ ဘုရားပန်း ကို လဲရင်တော့ နတ်သားဖြစ်ပေမယ့် နတ်သမီးနဲ့ ညားမှာ မဟုတ်ဘူးဟု ကျွန်ုပ်ကပြောပြဖူးပါသည်။ ဦးလှသည် ဆေးလိပ် မသောက်၊ ကွမ်းမစား၊ အရက်မသောက်၊ အပျော်အပါး မိန်းမလည်းမလိုက် သဖြင့် ကိုယ်ကျင့်တရားကောင်းသူဟု ဆိုရမည်။ ဦးလှကို ခင်မင်သူလည်း ပေါများပါသည်။ကြီးပွားရေး မဂ္ဂဇင်းတွင် ကျွန်ုပ်က ပင်တိုင်ဆောင်းပါးရှင် အဖြစ်ဖြင့် ကမ္ဘာကျော် အမေရိကန် ကာတွန်းဆရာကြီးများနှင့် အင်္ဂလိပ် ကာတွန်းဆရာကြီးများ၏ အကြောင်းကို ဓာတ်ပုံနှင့် ကာတွန်း လစဉ် ရေးသား ဖော်ပြပေးခဲ့ရသည်။ ၎င်းအပြင် ကြီးပွားရေးမဂ္ဂဇင်း ပဟေဠိ ကိုလည်း လစဉ်ရေးသားဖော်ပြပေးခဲ့ ရသည်။ ကျွန်ုပ်၏ အထက်ပါ ဆောင်းပါးများတွင် ရေးသူအမည်ကို မဖော်ပြခဲ့ပါ။ ကြီးပွားရေး မဂ္ဂဇင်းက ရေးသည်ဆိုသော သဘောဖြင့် ရေးသူအမည် မထည့်ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်သည် ကြီးပွားရေးမဂ္ဂဇင်းတွင် တခါတရံသာ ရယ်စရာ ကာတွန်း ရေးဆွဲဖော်ပြခဲ့ပါသည်။

## သမိုင်းဝင်ကာတွန်း

၁၉၃၈–ခုနှစ် ဇူလိုင်လ ၂၇–ရက်နေ့ ရန်ကုန်မြို့မှာ ဒုတိယအကြိမ် ကုလားမြန်မာ ရိုက်ပွဲဖြစ်သည်။ ယင်းရိုက်ပွဲတွင် ဒဏ်ရာရသော ကုလားလူနာများနှင့် မြန်မာလူနာများ

www.myanmarcupid.net

ရန်ကုန်ဆေးရုံကြီးသို့ အတွင်းလူနာ အဖြစ်ဖြင့် တက်ရောက်ဆေးကုကြရသည်။ ထိုစဉ်အခါ၌ မြို့တော်ဝန် ဂျွန်ဦးစောက ရန်ကုန်ဆေးရုံကြီးသို့ တက်ရောက် ကုသနေကြသော ကုလားလူနာများကို ကျပ်ငွေ သုံးထောင် လှူဒါန်း သည်။ ကျွန်ုပ်က မြန်မာ့ အလင်းသတင်းစာတွင် မြန်မာ လူနာများ ကိုပါ ငွေလှူဒါန်းသင့်ကြောင်း အောက်ပါ ကာတွန်း ရေးဆွဲဖော်ပြခဲ့သည်။

မြို့တော်ဝန် ဂျွန်ဦးစောက ကုလားလူနာကို ကျပ်ငွေ သုံးထောင် ငွေထုပ်ကြီးကို ပေးနေပုံ၊ အပြင်ဘက်မှ မြန်မာလူနာက မြို့တော်ဝန်ဂျွန်ဦးစောကို "ကျွန်တော့်အတွက်ကောဗျာ"ဟု ပြောနေပုံ ကာတွန်း ဖြစ်သည်။ မြန်မာ့အလင်း သတင်းစာ၌ မြို့တော်ဝန်ဂျွန်ဦးစောက ကုလားလူနာများအတွက် ငွေသုံးထောင် လှူပွဲ ပြုလုပ်သောသတင်းနှင့် အထက်ပါကာတွန်းကို တနေ့တည်း ဖော်ပြခဲ့သဖြင့် မြန်မာ့အလင်း သတင်းစာကို ခေတ်မီသည်ဟု ချီးကျူးကြပါသည်။ အထက်ပါ ကာတွန်းနှင့် သတင်းကို မြို့တော်ဝန် ဂျွန်ဦးစောက မြန်မာ့ အလင်းသတင်းစာတွင် တွေ့ရှိဖတ်ရှုရသဖြင့် မြန်မာ့အလင်း သတင်းစာတိုက်ကို တယ်လီဖုန်းဆက်၍ ကာတွန်း ဆရာ ကိုဟိန်စွန်းလာယင် မြို့တော်ဝန်ဦးစောနဲ့ လာတွေ့ပါလို့ မှာပေး ပါဟုဆိုသည်။



www.myanmarcupid.net

ကျွန်ုပ်သည် မြန်မာ့အလင်း သတင်းစာတိုက်ကို နေ့လည်ပိုင်း ရောက်သွားရာ တိုက်အုပ် ဦးတင်က “ကိုဟိန်စွန်းကို မြို့တော်ဝန် ဂဋ္ဌုန်ဦးစောက လာတွေ့ပါလို့ ဖုန်းဆက်တယ်၊ ကိုဟိန်စွန်း သွားတွေ့လိုက်ပါ”ဟု ဆိုသည်။ ကျွန်ုပ်သည် မြို့တော်ဝန်ဂဋ္ဌုန်ဦးစောကို သွားတွေ့ရာ ဦးစောက ကျွန်ုပ်လက်ကို ဆွဲပြီး နှုတ်ဆက်သည်။ ဒီနေ့ ကိုဟိန်စွန်း ဆွဲတဲ့ ကာတွန်းအလွန်ကောင်းတယ်၊ အဲဒီကာတွန်းကို အကြောင်းပြုပြီး မြူနီစပယ် အစည်းအဝေးထပ်ခေါ်မယ်၊ အစည်းအဝေးမှာ မြန်မာလူနာများကိုပါ ငွေလျှုဒါန်းသင့်ကြောင်း၊ မြန်မာလူနာတွေက ရှက်လို့ မတောင်းဘူးလို့ ပြောမယ်၊ အခုကုလားအသင်းကတောင်းလို့ မြူနီစပယ်က ငွေသုံးထောင်လျှုတာပါ၊ မြူနီစပယ်အနေနဲ့ တောင်းမှလျှု ရတာပါ၊ မြန်မာအသင်းက မတောင်းလို့ မလျှုတာပါ ဟုမြို့တော်ဝန် ဂဋ္ဌုန်ဦးစောက ကျွန်ုပ်အား ရှင်းပြပါသည်။

မြို့တော်ဝန်ဂဋ္ဌုန်ဦးစောက မြူနီစပယ်အစည်းအဝေးထပ်ခေါ်ပြီး ကျပ်ငွေ သုံးထောင် မြန်မာလူနာများ ကိုလျှုဒါန်းသည်။ မြန်မာလူနာများ ကိုပါ မြို့တော်ဝန်ဂဋ္ဌုန်ဦးစောက ကျပ်ငွေသုံးထောင် လျှုဒါန်းသည့် အကြောင်း မြန်မာ့အလင်း သတင်းစာနှင့် သူရိယ သတင်းစာတို့က ဖော်ပြခဲ့ ဖူးပါသည်။



www.myanmarcupid.net

အထက်ပါ ဂျွန်ဦးစောကာတွန်းကို ဦးလှက သဘောကျသဖြင့် "ကိုဟိန်စွန်းဆွဲတဲ့ ဂျွန်ဦးစော ကာတွန်းဟာ သမိုင်းဝင်သွားပြီ၊ ကျွန်တော့်ကြီးပွားရေး မဂ္ဂဇင်းမှာ ပြန်ဖော်ပြပေးမယ်။ မြန်မာ့ကာတွန်း သမိုင်းမှာ အစိုးရက အလေးထားပြီး ပြုပြင်ပေးတာ ဒီကာတွန်းဟာ ပထမပဲ၊ နိုင်ငံရေးကာတွန်း အောင်မြင်မှုမှာ ကိုဟိန်စွန်းဟာ ပထမပဲ"ဟု ဆိုပြီး ကြီးပွားရေးမဂ္ဂဇင်းတွင် ယင်းကာတွန်းနှင့် သတင်းကို ဦးလှက ဖော်ပြပေးခဲ့ဖူးပါသည်။

အထက်ပါ ကာတွန်းပါသော ကြီးပွားရေးမဂ္ဂဇင်း အဟောင်းတအုပ်ကို နာမည်ကျော် စာရေးဆရာ မင်းယုဝေထံမှ ကျွန်ုပ်တွေ့ရှိရသည်။ မင်းယုဝေထံမှ ကျွန်ုပ်ခေတ္တငှားယူထားရာ ကျွန်ုပ်နေသော ပုဇွန်တောင် ရပ်ကွက် မီးလောင်သဖြင့် ကြီးပွားရေးမဂ္ဂဇင်းပါ မီးထဲပါသွားသဖြင့် မင်းယုဝေထံသွားပြီး တောင်းပန်ခဲ့ရသည်။ ရှားရှားပါးပါး သမိုင်းဝင် ကြီးပွားရေးမဂ္ဂဇင်း မီးထဲပါသည့်ကိစ္စကြောင့် ကျွန်ုပ် အလွန်ဝမ်းနည်း ခဲ့ပါသည်။ မင်းယုဝေကလည်း ကျွန်တော်လဲ ဝမ်းနည်းရပါတယ်ဟု ပြောပါသည်။

ဦးလှ မကွယ်လွန်မီက မန္တလေးမြို့မှ ရန်ကုန်မြို့သို့ အလည်ရောက် ရှိလာရာ ကြေးမုံသတင်းစာ တိုက်တွင် ဦးလှကို ကျွန်ုပ်တွေ့ရှိသဖြင့် ဦးလှက ဇဝန ကြေးမုံအယ်ဒီတာချုပ်ဖြစ်လို့

www.myanmarcupid.net

လာတွေ့တာပါဟု ဆိုသည်။ ဦးလှက ကျွန်ုပ်ကို "ကိုဟိန်စွန်းက ခေတ်သုံးခေတ်စလုံး ကာတွန်းနဲ့ နိုင်ငံရေးဆောင်ရွက်ခဲ့တာ အောင်မြင်မှုရလို့ ကျွန်တော်ဝမ်းသာတယ်၊ အင်္ဂလိပ်ခေတ်က မြို့တော်ဝန်ဦးစော ကုလား–မြန်မာရိုက်ပွဲမှာ ဒဏ်ရာရတဲ့ ကုလားလူနာများကို ငွေသုံးထောင်လှူတော့ ခင်ဗျားက မြန်မာ့အလင်း သတင်းစာက ရေးလို့ မြို့တော်ဝန် ဂဠုန်ဦးစောက နောက်ထပ်မြန်မာလူနာများကိုပါ ငွေသုံးထောင်လှူဒါန်းခဲ့ရတယ်။

ဖဆပလခေတ်မှာလဲ ရန်ကုန်သိမ်ဖြူလမ်းနဲ့ ဗိုလ်ချုပ်အောင်ဆန်း လမ်းထောင့်မှာရှိတဲ့ ကလေးဆေးရုံ မှာ အဖီမရှိလို့ အဖီလုပ်ပေးဖို့ ရန်ကုန်သတင်းစာကနေ ခင်ဗျား ကာတွန်းဆွဲတယ်၊ ကာတွန်းကြောင့် အစိုးရက အဖီလုပ်ပေးရတယ်။ အဖီလုပ်ပေးတော့မှ သားသည်အမေများ နို့စို့ကလေးများကို ပွေ့ချီပြီး အဖီအောက်မှာ ခိုလှုံ တန်းစီခွင့် ရတယ်မဟုတ်လား။ တော်လှန်ရေးအစိုးရ တက်လာတော့ ဘတ်စ်ကား စနစ်သစ် ဥပဒေလုပ်တယ်။ 'နောက်ကတက်၊ ရှေ့ကဆင်း' ဥပဒေလုပ်တော့ ကိုဟိန်စွန်းက 'လုပ်သားပြည်သူ့ သတင်းစာ' ကနေပြီး ကာတွန်းဆွဲတယ်။ ကာတွန်းထဲမှာ ဘတ်စ်ကား လူပြည့်ပြီး ကြပ်နေပုံ၊ ဘတ်စ်ကားနောက်မြီးက မိန်းမဝဝကြီး တယောက် ဈေးခြင်း တောင်းအပြည့်



www.myanmarcupid.net

လက်တဘက်က ကိုင်ထားပြီး လက်တဘက်က တွယ်လိုက်လာပုံ ကာတွန်းဆွဲထားတယ်။ အဲဒီမိန်းမဝဝကြီးက ဘတ်စ်ကား ရပ်တော့ ရှေ့ကဆင်းချင်လို့ ဖယ်ပေးကြပါလို့ အော်နေပုံ ကာတွန်း ကြောင့် သက်ဆိုင်ရာက သတင်းစာတွေထဲမှာ 'နောက်ကတက်၊ ရှေ့ကဆင်း' ဘတ်စ်ကား ဥပဒေကို ဖျက်သိမ်းလိုက်ပြီဟု ကြေငြာတာ တွေ့ရတယ်။

တော်လှန်ရေး အစိုးရက ရန်ကုန်ရှားမီးကိတ်မုန့်တိုက်ကို ပြည်သူပိုင် သိမ်းတုန်းက ကိုဟိန်စွန်းက ရှားမီးမုန့်တိုက်ကို မြန်မာ ဆန်ဆန် နာမည်လှလှလေးပေးဖို့ ကြေးမုံသတင်းစာကနေပြီး ကာတွန်းဆွဲလို့ အခု 'ရသာ' မုန့်တိုက်အမည် ပြောင်းလိုက်ရပြီ မဟုတ်လား။ ကောလိပ်ကျောင်းသား ဘဝတုန်းက မြန်မာ့ကာတွန်း ရုပ်ရှင်ကိုလဲ ၁၉၂၉ ခုနှစ်က ပထမဆုံး တီထွင်ပြသခဲ့သူဖြစ်တယ်။ အာရှတိုက်မှာ လူရုပ်ပါတဲ့ ကာတွန်းရုပ်ရှင် ပထမဆုံး တီထွင်သူလဲ ဖြစ်တယ်။ ကိုဟိန်စွန်းကို အစိုးရက ဆုကြေးတခုခုပေးဖို့တော့ ကောင်းတယ်"ဟု ဆိုပါသည်။ ကျွန်ုပ်က "ကိုလှ၊ ကျွန်တော်ဟာ ဗုဒ္ဓဘာသာတရားကို ယုံကြည်တယ်၊ ဗုဒ္ဓဘာသာ တရားက ကုသိုလ်ကံကို ယုံရမယ်တဲ့။ ကုသိုလ်ကံရှိတဲ့



www.myanmarcupid.net

သူမှသာ ဆုကြေးရတာပါ၊ ကျွန်တော့်မှာ ကုသိုလ်ကံ မရှိသေးလို့ ဆုကြေးမရတာပါ၊ ဗုဒ္ဓဘာသာတရာထဲမှာ 'ကုသိုလ်ကံပေး၊ မရသေး၊ နှောင့်နှေးဗျာပါ မရှိရာတဲ့'ဟု ဦးလှကို ပြန်ပြောပြရာ ဦးလှက "ကိုဟိန်စွန်း ပြောတာလဲ မှန်တာပဲ"ဟု မှတ်ချက်ချပြီး ရယ်ပါသည်။

## ထမင်းဆိုင်ဟာသ

ဦးလှသည် နေ့စဉ် ထမင်းဆိုင်မှာပဲ ထမင်းစားလေ့ရှိသည်။ ဦးလှ နေ့စဉ်မှန်မှန်စားသော ထမင်းဆိုင် သည် ရန်ကုန်အရှေ့ပိုင်း ကရစ်လမ်းနှင့် မောင်ဂိုမာရီလမ်း (ယခုဗိုလ်ချုပ်အောင်ဆန်းလမ်း) ထောင့်ရှိ မြန်မာ ထမင်းဆိုင်ဖြစ်သည်။ တခါတရံ မအားလပ်မှသာ ဘားလမ်းထဲတွင်ရှိသော အဒေါ်ကြီး ထမင်းဆိုင်တွင် ထမင်းစာလေ့ ရှိသည်။

ကျွန်ုပ်သည် တနေ့တွင် ဦးလှထံရောက်သွားရာ ဦးလှက ကျွန်ုပ်ကို မနက်စာ ထမင်းစားပြီးပြီလား၊ မစားရသေးယင် ကျွန်တော်နဲ့လိုက်ခဲ့။ ဘားလမ်းအဒေါ်ကြီး ထမင်းဆိုင်မှာ ထမင်းသွားစားရအောင်ဟု ဆိုသဖြင့် ကျွန်ုပ်က ထမင်းမစားရသေးဘူး၊ လိုက်မည်ဟုပြောပြီး ကိုလှနှင့်အတူ ထမင်းသွားစားကြသည်။ ကျွန်ုပ်နှင့် ကိုလှထမင်းစားနေစဉ် ဆိုင်ရှင်အဒေါ်ကြီးက မိန်းမကြီးတဦးနှင့် ရန်ဖြစ်နေသည်။

www.myanmarcupid.net

အဒေါ်ကြီးက "ညည်းကို ငါကဘောလ်ထင်တယ်"ဟု တိုင်းထွာပြီး ဆဲသည်ကို ကိုလှက ကြားသဖြင့် "အဒေါ်ကြီးကလည်းဗျာ၊ ကိုယ့်မှာမရှိတာနဲ့ တိုင်းထွာဆဲတာ မကောင်းပါဘူး"လို့ ဆိုလိုက်သည်။ အဒေါ်ကြီးက ဦးလှနဲ့ သိနေလို့ "ဟော့ မောင်လှ၊ ကိုယ့်မှာမရှိယင် ငှားလို့ရတာပဲ မဟုတ်လား"ဟု ပြန်ပြောလိုက်သည်။ ဤတွင် ထမင်းစားနေကြသော လူများက ဝါးကနဲရယ်ကြလေသည်။ ဦးလှက ကျွန်ုပ်ကို အဒေါ်ကြီး ပြောတာ မဆိုးဘူးဗျ၊ မှန်တယ်လို့ မှတ်ချက်ချပြီး ရယ်မောလိုက်ပါသည်။

ဦးလှသည် သူတပါးကို ကူညီစောင်မ တတ်သူလည်းဖြစ်သည်။ ကာတွန်းဦးဘဂျမ်း၏ ကိုပြူး မပြုံး အခန်းဆက်ကာတွန်းကို သူရိယမဂ္ဂဇင်းတွင် ခြောက်လခန့် ဖော်ပြပြီးမှ သူရိယ သတင်းစာ တိုက်မန်နေဂျာ ဦးဘကလေးက ဦးဘဂျမ်း၏ ကိုပြူး မပြုံးကာတွန်း ရိုးသွားလို့ ဆက်မထည့်ရန် မဂ္ဂဇင်းအယ်ဒီတာ ဦးသိန်းမောင်ကို သတိပေးသည်။ ဤတွင်ဦးသိန်းမောင်က စိတ်မကောင်းဖြစ်သွားသည်။ ကျွန်ုပ်က ဦးသိန်းမောင်ကို ကြီးပွားရေးမဂ္ဂဇင်းမှာသုံးဖို့ ကျွန်တော် ဦးလှကို တိုက်တွန်းပေးမယ်ဆိုပြီး ဦးလှထံ သွားပြောရာ ဦးလှက သူရိယမဂ္ဂဇင်းက မထည့်ယင် ကျွန်တော့်ကြီးပွားရေး မဂ္ဂဇင်းမှာ လစဉ် ကိုဘဂျမ်းရဲ့ ကိုပြူး

www.myanmarcupid.net

မပြုံးကာတွန်းသုံးပေးပါမယ်။ ကိုဘဂျမ်းကိုသာ ပြောလိုက်ပါ။ ဆွဲပြီးယင် ကိုဟိန်စွန်းက ဦးဘဂျမ်း ကိုပါ ကျွန်တော့်ဆီ ခေါ်လာပါဟု ဆိုသည်။ ထို့နောက် ကိုဘဂျမ်းကို ကျွန်ုပ်က ဦးလှနှင့် မိတ်ဆက်ပေး လိုက်သည်။ ဦးလှက ဦးဘဂျမ်းကို "ကိုဘဂျမ်း၊ ကြီးပွားရေးမဂ္ဂဇင်းမှာလစဉ်မှန်မှန် ပါနိုင်အောင်သာ ဆွဲပေးပါ၊ တနှစ် ပြည့်လျှင် ကိုပြုံး မပြုံး ကာတွန်းစာအုပ် ထုတ်ဝေပေးပါမည်"ဟု ကတိပေးသည်။ တနှစ်မြောက်သော အခါ ဦးလှက ဦးဘဂျမ်း၏ ကိုပြုံး မပြုံး ကာတွန်းစာအုပ်အဖြစ်ဖြင့် ထုတ်ဝေရောင်းချပေးခဲ့သည်။ ဦးဘဂျမ်း၏ ကိုပြုံး မပြုံး ကာတွန်းစာအုပ်ထွက်လာသောအခါ ရောင်းကောင်းသဖြင့် အမြတ်ငွေ တဝက်ကို ဦးဘဂျမ်းအား ချီးမြှင့်ပါသည်။ ဦးဘဂျမ်းက ကျွန်ုပ်ကို "ဦးလှဟာ တော်တော်သစ္စာရှိတယ်။ သဘောလည်း ကောင်းသည်။ အမြတ်ငွေကိုလည်း ခွဲပေးသည်"ဟု ချီးကျူးစကား ပြောခဲ့ဖူးပါသည်။

ကျွန်ုပ်သည် ဦးလှထံသို့ တနေ့ခေါက် ရောက်ရှိသဖြင့် ညီရင်းအကိုကဲ့သို့ ခင်မင်သွားသည်။ ကျွန်ုပ်ကို မန္တလေးသူ မအမာနှင့် ချစ်ကြိုက်နေကြောင်း ပြောပြသည်။ မအမာဆီသို့ သူ့ဆီက တနေ့ နှစ်ခါ စာရေးသည်ကိုလည်း ပြောပြသည်။ ၁၉၃၉–ခုနှစ်ထဲတွင် ဦးလှက ဒေါ်အမာနှင့် လက်ထပ်ရန်



www.myanmarcupid.net

မန္တလေးမြို့သို့ ပြောင်းခါနီးတွင် ဦးလှက ကျွန်ုပ်ကို "ကျွန်တော် မအေမာကိုယူယင် ကောင်းပါ့မလား"ဟု မေးပါသည်။ ကျွန်ုပ်က မန္တလေးမြို့သူ မအုန်း (ထို့နောက် အမ်အေ မအုန်း)နှင့် မအေမာတို့ ရန်ကုန်ယူနီဗာစီတီ ကောလိပ် ကျောင်းမှာ ဘော်ဒါနေပြီး ပညာသင်စဉ်က မအုန်းက အနုပညာ ဝါသနာပါသည်။ ရန်ကုန် ယူနီဗာစီတီ ကောလိပ်ကျောင်းကပွဲမှာ ပထမဆုံး အငြိမ့်မင်းသမီးအဖြစ်ဖြင့် ကပြဖျော်ဖြေခဲ့သည်။ မအေမာက မျိုးချစ်စိတ် ရှိသည်။ နိုင်ငံရေးသမား၊ ကောလိပ်ကျောင်းသပိတ်မှာ သပိတ်ခေါင်းဆောင် လုပ်ခဲ့ဖူးသည်။ နိုင်ငံရေး မျိုးချစ်စိတ်ရှိလို့ မအေမာကို နိုင်ငံရေးသမား စာရေးဆရာတယောက်ကတောင် ပိုးပန်းနေသည်။ မအေမာက လက်မခံပဲ ကိုလှရဲ့ အချစ်ကို လက်ခံသည်။ ကိုလှမှာ ကုသိုလ်ကံကောင်းလို့ မအေမာက ကိုလှကိုချစ်တာပါ။ ယူယင် ကောင်းပါသည်"ဟု အားပေးစကားပြောလိုက်ရာ ကိုလှက ကျွန်ုပ်ကို "ကျွန်တော်မအေမာကို ခုမှပဲ ပိုပြီး ချစ်သွားသည်"ဟု ဆိုပါကြောင်း။

ကွယ်လွန်သူဦးလှ ကောင်းရာသုဂတိ လားပါစေ။

ကာတွန်း ဦးဟိန်စွန်း

www.myanmarcupid.net



# ကျွန်တော်သိသော ဦးလှ

## သခင်အောင်ဖေ

*သူ့စာသည် လိုရင်းရောက်အောင် ရေးရာ၌ ဟိုထိခိုက်၊ သည်ထိခိုက်၊ တောင်ရမ်းမြောက်ရမ်း အရေးမျိုး ဘယ်တော့မှမရေးခဲ့။ လောက၌ ငါနှင့်ငါ သာနိုင်းစရာဟူသော ငါသိ၊ ငါတတ်၊ ငါသာ ဆရာဟူသော အရေးမျိုး တခါမှမရေးခဲ့။ လူတည်ကြည် သလောက် ရေးသောစာလည်း တည်ကြည်သည်။ ဒါ့ကြောင့် ဦးလှကို လူကောင်းတယောက်ဟု ဆိုလေသလား။*

www.myanmarcupid.net

ကျွန်တော့်ဘဝ သက်တမ်းတလျှောက်၌ ကျွန်တော်လေးစားသော နိုင်ငံရေးခေါင်းဆောင်များနှင့် စာရေးဆရာကြီးများ ရှိကြသည့်အနက် ဦးလှသည် ကျွန်တော်လေးစားသော ပုဂ္ဂိုလ်ကြီးတယောက်ဖြစ်ပေသည်။ ဦးလှကို ကျွန်တော်လေးစားရာ၌ နိုင်ငံရေးခေါင်းဆောင် အဖြစ်နှင့်လော၊ သို့မဟုတ် စာရေးဆရာ အဖြစ်နှင့်လော။ စင်စစ်ဆိုရသော ဦးလှကို ကျွန်တော် ဟုတ္တိပတ္တိ သိရသည်မှာ ပုဂံညောင်ဦးမြို့ ၁၉၆၉–ခုနှစ် စာဆိုတော်ပွဲရာသီ၌ ဖြစ်၏။

ဦးလှ၊ မောင်သိန်းနိုင်၊ ကိုတင်ထွေးနှင့် ကျွန်တော်တို့သည် သုံးရက် နှစ်လတိုင်တိုင် စားအတူ၊ အိပ်အတူ၊ သွားအတူ၊ လာအတူ၊ ပြောအတူ၊ ဆိုအတူ နေခဲ့ကြရသည်။ ဦးလှကို ယခင်ကမြင်ဖူးခဲ့၏။ တွေ့ဖူးခဲ့၏။ ဟုတ်ဟုတ်ဟတ်ဟတ် စကားစမြည်မပြောခဲ့ဖူးပေ။

ကျွန်တော်တို့ စာစဖတ်ပြီဟုဆိုနိုင်သော ၁၉၃၆–ခုနှစ်လောက်မှစ၍ ဦးလှ၏စာများကို ဖတ်ကြရသည်။ ဦးလှသည် ကြီးပွားရေးမဂ္ဂဇင်း အယ်ဒီတာဖြစ်၍ ကြီးပွားရေးဦးလှဟု ထင်ရှားသည်။ ကျွန်တော်တို့ ကိုးကွယ်သော ရွာဦးကျောင်းဘုန်းကြီးမှာ ဝံသာနုဘုန်းကြီးဖြစ်၍ ဝံသာနုစာစောင်များ၊ မဂ္ဂဇင်းအမျိုးမျိုးနှင့် သတင်းစာများရှိလေရာ ကျွန်တော်



www.myanmarcupid.net

ဆယ့်သုံးလေးနှစ်သားအရွယ်ကပင် စာစုံအောင် ဖတ်ရှုခဲ့ရသည်။

ကျွန်တော် သခင်အမည်ကို ခံယူပြီးသောအခါ ကျွန်တော်တို့၏ နိုင်ငံရေးဆရာရင်း သခင်အုန်းဖေ (ဝါးခယ်မ)၊ သခင်တင်မောင် (ကျုံမငေး) စသည်တို့နှင့်အတူ ရန်ကုန် (ဌာနချုပ်)သို့ လာကြရာတွင် (ဌာနချုပ်) တို့ဗမာအစည်းအရုံး၌ ကြီးပွားရေးဦးလှကို တွေ့ရမြင်ရသည်။ သခင်အုန်းဖေ၊ သခင်တင်မောင်တို့နှင့် ဖက်လှဲတကင်း ရင်းနှီးခင်မင်စွာ ပြောကြဆိုကြသည်ကိုလည်း အမှတ်ထင်ထင် တွေ့မြင်ရပေသည်။ ဦးလှသည် တို့ဗမာအစည်းအရုံး ခေါင်းဆောင်ကြီးအားလုံးနှင့် တရင်းတနှီးရှိလှသည်။ သူကိုယ်တိုင် သခင်အမည်ကို ခံယူခဲ့ လေသလားဟု ကျွန်တော်မေးဖို့ စိတ်ကူးထားခဲ့ရာ မမေးခဲ့မိ၍ အတိအကျ မပြောနိုင်။ ဦးလှသည် လွတ်လပ်ရေး တိုက်ပွဲသမိုင်း၌ မပါဝင်ပဲ ကြွင်းကျန်ခဲ့သည်မရှိ၊ ဝံသာနုခေတ်မှ ဖဆပလခေတ်အထိ (ဝါ) လွတ်လပ်ရေး ရသည်အထိ ကျရာတာဝန်ကို မမှိတ်မသုန် ဦးဆောင်ပါဝင်ခဲ့သူ ဖြစ်သည်။ စစ်ပြီး မန္တလေးဖဆပလ စတင် ထူထောင်ရာ၌ ဦးလှသည် ရှေ့ဆုံးတန်းမှ ပါဝင်ခဲ့သည် မဟုတ်လား။ ကျွန်တော်သည် ဦးလှကိုလေးစားရာ၌ နိုင်ငံရေးခေါင်းဆောင်

www.myanmarcupid.net

အဖြစ်နှင့်လော၊ သို့မဟုတ် စာရေးဆရာ အဖြစ်နှင့်လောဟု မဝေခွဲတတ်ပေ။

၁၉၅၈–ခုနှစ်မှ ၁၉၆၀–ခုနှစ်အတွင်း နိုင်ငံရေးမုန်တိုင်းကြီး ကျရောက်နေချိန်တွင် ကျွန်တော်သည် မန္တလေး၌ ရှိနေပေသည်။ မန္တလေး၌ ရှိနေစဉ် ဆရာကြီးမြမျိုးလွင်ကို တရင်းတနှီးသိခဲ့သည်။ ဆရာကြီး မြမျိုးလွင်မှ ရွှေပြည်ဆရာကြီး ဦးဘတင်ကို သိရပြန်သည်။ ရွှေပြည်ဆရာကြီး ဦးဘတင်သည် ကျွန်တော်နှင့် နှစ်ကြိမ်စကားပြောဖူးရာ တကြိမ်တွင် အထက်မြန်မာပြည် စာရေးဆရာများအကြောင်း စကားစပ်မိကြသည်။ ပြောယင်းပြောယင်း ဦးလှအကြောင်းရောက်သောအခါ ဆရာကြီးက "ကိုလှက တကယ့်လူကောင်းဗျ၊ တကယ့်လူတော်ဖြစ်အောင် အဖက်ဖက်က ကြိုးစားနေလေရဲ့"ဟုပြော၏။ ဤအကြောင်းကို ကျွန်တော်သည် စာရေးဆရာ ဦးကြီးမောင်၊ ဟံသာဝတီအယ်ဒီတာချုပ် ဦးဝင်းတင်တို့အား ပြောပြခဲ့သည်။ ဦးလှအား တကယ့်လူကောင်းတယောက်ဟုဆိုသည်ကို ဦးလှနှင့်ကျွန်တော် ရင်းနှီးသောအခါ ဆန်းစစ်ကြည့်၏။ ဦးလှသည် သူနှင့် သိသူအားလုံးအပေါ် သူကသာ အနစ်နာခံမည်ဆိုသော ပရဟိတစိတ်ထားနှင့် ပေါင်းသင်းဆက်ဆံ၏ဟု

www.myanmarcupid.net

နားလည်ရသည်။ သူ့မိတ်ဆွေများသည် မန္တလေးရောက်သည်နှင့် သူ့အပြုအစု၊ သူ့အစောင့်အရှောက်ကို မခံယူ ကြရသူ မရှိပေ။ တနည်းပြောရလျှင် ဧည့်ဝတ်ကျေသော မိတ်ဆွေကောင်း တယောက်ဖြစ်၏။ လူချင်းတွေ့လျှင် ထမင်းစားပြီးပြီလား၊ နေကောင်းရဲ့လားဟု ဧည့်ဝတ်ကျေစကားမျိုး ပြောတတ်သူမဟုတ်။ ထမင်းစားချိန် ရောက်သွားလျှင် ထမင်းဝိုင်းထဲခေါ်ပြီး ထမင်းကျွေးသည်။ နေထိုင်မကောင်းလျှင် ဆေးတိုက်ခေါ်ပြီး ဆေးကုသ ပေးသူဖြစ်၏။

လူလူချင်း ဆက်ဆံရာ၌ အင်မတန် တည်ကြည်ခန့်ညားသည်။ ငယ်သည်၊ ကြီးသည်၊ နိမ့်သည်၊ မြင့်သည်ဟု သဘောမထားပေ။ ဦးတန်လျှင်ဦး၊ ကိုတန်လျှင်ကို၊ မောင်တန်လျှင်မောင် ခေါ်ဝေါ်ဆက်ဆံသည်။ အချို့လူကြီးဆိုသူများသည် လူချင်း တွေ့တွေ့ချင်း ခနဲ့တတ်သည်။ ပြောင်တိပြောင်ချော် ပြောတတ်သည်။ စေတနာ နစ်ပြားသားမျှ မပါပဲ လောကွတ်စကားပြောသည်။ အရွယ်နှင့်မလိုက် ကလေးကလားစကား ပြောတတ်သည်။ ဦးလှသည် အဲသည်လိုလူကြီးမျိုးမဟုတ်။ ဦးလှသည် လူလူချင်း ပေါင်းသင်း ဆက်ဆံရာ၌သာ မဟုတ်။ သူ့စာများ ဖတ်ကြည့်ဦးလော့။ စာကို တည်တည်ငြိမ်ငြိမ်ရေးသည်။

www.myanmarcupid.net

သူ့စာသည် လိုရင်းရောက်အောင် ရေးရာ၌ ဟိုထိခိုက်၊ သည်ထိခိုက်၊ တောင်ရမ်းမြောက်ရမ်း အရေးမျိုး ဘယ်တော့မှမရေးခဲ့။ လောက၌ ငါနှင့်ငါ သာနိုင်းစရာဟူသော ငါသိ၊ ငါတတ်၊ ငါသာ ဆရာဟူသော အရေးမျိုး တခါမှမရေးခဲ့။ လူတည်ကြည် သလောက် ရေးသောစာလည်း တည်ကြည်သည်။ ဒါ့ကြောင့် ဦးလုကို လူကောင်းတယောက်ဟု ဆိုလေသလား။

မြန်မာစာရေးဆရာလောက၌ ဦးလုလောက် စာရေးနိုင်သူ မရှိသေးဟုပြောလျှင် မှားမည်မဟုတ်ပေ။ လက်နှင့် ကလောင်မပြတ်ပဲ ရေးနေသလားဟု မှတ်ထင်ရ၏။ လက်နှင့်ကလောင် ပြတ်နေသည့် အချိန်တွင် မြို့ရေးရွာရေး၊ ဘာသာရေး၊ သာသနာရေး၊ သူများတကာ အရေး အားလုံးသိမ်းကြုံး၍ လုပ်ဆောင်နေ၏ဟု ပြောလျှင် ဇကန်မုချ မှန်သော စကားတရပ် ဖြစ်ပေလိမ့်မည်။

စာဆိုရာသီ၌ ဦးလုတို့ အိမ်မကပ်တော့ပေ။ ဟိုမြို့က၊ သည်ရွာက၊ ဟိုအရပ်ကစသည့် စာပေဟောပြော ပွဲများသို့ မနားမနေ သွားရောက်ကြသည်၊ ဟောပြောကြသည်။ ကျွန်တော် မန္တလေး ရောက်နေခိုက်ကြုံလျှင် ဘယ်မြို့ဘယ်ရွာ စာပေဟောပြောပွဲသို့ လိုက်ပါဦးဟု ခေါ်တတ်သည်။

www.myanmarcupid.net

ကျွန်တော်တို့ ရဲဘော်ကြီး ဦးကျော်ရင် မန္တလေးတက္ကသိုလ်သို့ ပါမောက္ခချုပ်တာဝန်နှင့် သွားခါနီး ကျွန်တော့်ထံရောက်လာပြီး မန္တလေးသို့ ပြောင့်ရွှေ့ရတော့မည့် အကြောင်း၊ ကျွန်တော်၏ မိတ်ရင်းများနှင့် မိတ်ဆက်ပေးရန် ပြောရာ....

"ခင်ဗျားနယ်ဗျာ၊ ခင်ဗျားရဲ့မိတ်ဆွေကြီး ဦးလှတယောက်လုံးရှိနေမှတော့ ဘယ်သူ့ကို မိတ်ဖွဲ့ပေးစရာ လိုသေးလို့လဲ"

"အေးဗျ အစစအရာရာ ဦးလှကို တိုင်ပင်ရတော့မှာပဲ"

ဦးကျော်ရင်သည် စစ်ပြီးကာလ၌ လေထီး စစ်သည်ဘဝနှင့် ကုလားပြည်မှ မန္တလေးသို့ရောက်ရှိလာရာ ဦးလှနှင့်တွဲ၍ ဖဆပလ (ဖတပလ) လုပ်ငန်းများကို အကောင်အထည် ဖော်ခဲ့သူဖြစ်၏။ ဦးလှနှင့် ဦးကျော်ရင်သည် နိုင်ငံရေးခံယူချက်ချင်း တူညီကြဘိသို့ စာပေအပေါ်ထားရှိသော သဘောထားများလည်း တူညီကြသည်။ သူတို့နှစ်ယောက်ကို အထူးသဖြင့် စာပေဟောပြောပွဲများ၌ အတူတကွ တွေ့မြင်ရတတ်ပေသည်။ ဦးလှ၏ ထွန်းထွန်းပြောင်ပြောင် လုပ်ဆောင်မှုများကို ကျွန်တော့်အား ဦးကျော်ရင် ပြောပြ၍ အများကြီး သိခဲ့ရသည်။ ဦးလှနှင့် တွဲဘက်တဦးဖြစ်သော (ညောင်တုန်း) သခင်ထွန်းရင်ကလည်း ဦးလှတို့အကြောင်း

www.myanmarcupid.net

ပြောရလျှင် မမောတန်း ပြောသူဖြစ်၏။ ဦးကျော်ရင်နှင့် သခင်ထွန်းရင်တို့သည် မန္တလေးကို အင်္ဂလိပ်တပ်က သိမ်းပြီးသည်နှင့် ဦးလှနှင့်အတူ ဖဆပလ (ဖတပလ) ကို ဘယ်လိုထောင်ခဲ့ရကြောင်း (ထိုအချိန်က ရန်ကုန်မှာ ဂျပန်လက်ထဲ၌ ရှိသေး၏။) ဦးလှနှင့် မိုးလင်းမိုးချုပ် အလုပ်လုပ်ခဲ့သည့် အကြောင်း အားရပါးရ ပြောခဲ့ကြသည်များကို ကျွန်တော်သည် မှတ်တမ်းမှတ်ရာ မထားခဲ့၍ ယခု ဂဃနဏ ပြန်လည်မရေးနိုင်တော့ပေ။

"ကျွန်တော်တို့ လူငယ်တွေကို အာရှလူငယ်ရယ်လို့ ဖွဲ့စည်းပေးပြီး ကျန်းမာရေးကိစ္စ လူမှုရေးကိစ္စများ စနစ်တကျ တာဝန်ပေးခဲ့တာ နောင်တော်ကြီး ဦးလှပေါ့ဗျာ"ဟု မန္တလေးသား ဆီစက်ပိုင်ရှင်ဦးမောင်ကိုက ကျွန်တော့်ကို မကြာခဏ ပြောလေ့ရှိ၏။ ဦးလှသည် ဂျပန်ခေတ်၌ ဗုံးစက်သေနတ်အကြား သူ့အာရှလူငယ်များ နှင့်အတူ မန္တလေးမြို့တဝှမ်း ကယ်ဆယ်ရေးလုပ်ငန်းများ၊ သန့်ရှင်းရေးလုပ်ငန်းများ မနားမနေ ဆောင်ရွက်ခဲ့ သည်များကို သူ့ရဲဘော် အာရှလူငယ်အဖွဲ့ဝင်များက သူတို့ခေါင်းဆောင်ဦးလှအား မမေ့ကြသေးပေ။ ဦးလှသည် မိမိ၏ဘဝကို ထင်ပေါ်အောင်မနေလိုပေ။ ကျွန်တော်အလှူ့ရှင်ပါပဲဗျို့ဟူ၍ မကျော်ကြားတိုင်တက်ပြသော လူမျိုး

www.myanmarcupid.net

မဟုတ်သည်မှာ အလွန်ထင်ရှားသည်။ ဤနေရာ၌ ဦးကျော်ရင်နှင့် ထပ်တူထပ်မျှ တူပြန်၏။ ရှောမွေးကို ဗာရာဏသီချဲ့တတ်သော လူများထဲတွင် ဦးကျော်ရင်နှင့် ဦးလှတို့ မပါကြ။ သူတို့သည် တိုင်းပြည်အတွက် ဘာလုပ်ပေးရပေးရ ဦးမလေးသော သူများဖြစ်၏။ ကျရာတာဝန်ကိုလည်း ဦးထမ်းရထမ်းရ၊ ပဲ့ထမ်းရထမ်းရ ထမ်းခဲ့ကြသည့်သူများ ဖြစ်ကြ၏။ ဦးကျော်ရင်သည် နိုင်ငံတော်အတွက် ကျောင်းဆရာလောကထဲသို့ဝင်၏။ ဦးလှကား စာပေလောကထဲသို့ ဝင်၏။ ဦးလှသည် သူမြတ်နိုးလှသော စာပေကို သူဖက်တွယ်သည်မှာ လွန်စွာ ပနံရပေ၏။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက ကြီးပွားရေးဦးလှဟု အမည်တွင်ခဲ့ရာမှ စစ်ပြီးခေတ် သည်ဘက် ပိုင်း၌ လူထုဦးလှ အမည်ရယူခဲ့ပေသည်။ လူထု သတင်းစာသည် လွတ်လပ်ရေးတိုက်ပွဲ၌ ထိရောက်စွာ တခန်းတကဏ္ဍမှ အကူအညီ ပေးခဲ့သည်။ လူထုသတင်းစာသည် ဦးလှ၏ အာဘော်ဖြစ်၏။ ဦးလှ၏ နိုင်ငံရေးခံယူချက်များသည် လူထု သတင်းစာ၌ ရှင်းရှင်းကြီး ပေါ်လွင်နေသည်။ ကျွန်တော်တို့သည် နိုင်ငံရေးခံယူချက်၌ ဦးလှနှင့် အရာရာ မတူပေ။ သို့ရာတွင် ဦးလှ၏ ခံယူချက်အပြည့်နှင့်ရေးသော စာများကို မဖတ်ပဲမနေနိုင်ပေ။



www.myanmarcupid.net

ဦးလှ ရေးခဲ့သော ကမ္ဘာ့ဗဟုသုတအကြောင်းများနှင့် သောင်းပြောင်းထွေလာ လူမှုရေးအကြောင်းများကား အလွန်တရာ ဖတ်ဖို့ မှတ်ဖို့ ကောင်းလှသည်။

ကျွန်တော်မြင်းသမား၊

ကျွန်တော်ဗြူရိုကရက်၊ကျွန်တော်သတင်းထောက် စသော 'ကျွန်တော်' စာအုပ်များကို သူမို့လို့ စိတ်ကူးရတတ်သည်။ သူမို့လို့ ရှာဖွေတတ်သည်။ သူမို့လို့ ရေးတတ်သည်။ 'ကျွန်တော်' စာအုပ်များအနက် 'ကျွန်တော်မြင်းသမား' ဇာတ်လိုက်မှာ မန်းညွန့်ဦးမောင်ကလေးဖြစ်၏။ ဦးမောင်ကလေးမှာ ကျွန်တော်နှင့် ရင်းနှီးပြီးဖြစ်၍ ကျွန်တော်မြင်းသမားကို မကြာခဏ ဖတ်မိသည်။ ကျွန်တော်မြင်းသမားကို ဖတ်သောအခါ ဦးမောင်ကလေး၏ ရုပ်လုံးသည် ဘွားဘွားကြီး ပေါ်လာပေသည်။

ဦးလှသည် ဘယ်စာရေးဆရာမှ ဟုတ္တိပတ္တိ အကောင်အထည် မဖော်နိုင်ခဲ့သော တိုင်းရင်းသား ပုံပြင်များကို စွမ်းစွမ်းတမံ ယုံကြည်ချက်အပြည့်နှင့် ရုပ်လုံးဖော်ခဲ့သည်။ တိုင်းရင်းသားပုံပြင် စာအုပ်များသည် တိမ်မြုပ် ပျောက်ကွယ်လုနီးနီးဖြစ်နေသော တိုင်းရင်းသားပုံပြင်များကို ဖော်ထုတ်ခဲ့ရုံသာမက တိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရေးအတွက တကယ့်အထောက်အပံ့ ဖြစ်စေပေသည်။

www.myanmarcupid.net

ကျွန်တော့်ကို ဧရာဝတီတိုင်း မွန်လူမျိုးများ၏ ပုံပြင်များ စုဆောင်းပြီး ရေးဖို့ မကြာခဏတိုက်တွန်းလေ့ရှိသည်။ ဦးကျော်ရင်ကိုလည်း ရခိုင် ပုံပြင်များ စုဆောင်းရေးသားဖို့ ပြောသည့်အကြောင်း သိရသည်။ ကြေးမုံသတင်းစာ စာကြေးမုံ ဦးကြီးမောင်က ဦးလှကို ပုံပြင်ဆရာကြီးဟု ကင်ပွန်းတပ်ခဲ့သည်အထိ ပုံပြင်များကို ရုပ်လုံးဖော်ခဲ့သူ ဖြစ်သည်။

ကျွန်တော်တို့ ကိုးကွယ်သော မြောင်းမြမြို့ 'ဇေယျမေဒိနီ စာသင်တိုက်' အဂ္ဂမဟာပဏ္ဍိတ ဆရာတော်သည် ဝေယံဘုံသာ (တောင်ပေါက်) ဆရာတော်ကြီး၏ တပည့်ဖြစ်၍ ဘာသာစုံ တတ်ကျွမ်း၏။ ရွှေကျင်ဆရာတော်ဖြစ်ငြားလည်း ကမ္ဘာ့ဗဟုသုတနှင့် ခေတ်အခြေအနေများကို အမြဲမပြတ် လေ့လာပေသည်။ ဆရာတော်သည် "လူထုဦးလှရဲ့စာအုပ်များ ဖတ်လိုသကွယ့်" ဟု ကျွန်တော့်ကို မိန့်ကြား၍ လူထုဦးလှ၏ စာအုပ်များကို ဆရာတော်အား ဆက်ကပ်၏။

"ဦးလှက မင်းနဲ့ ရင်းနှီးသလားကွယ့်"

"ရင်းနှီးတန်သလောက် ရင်းနှီးပါသည်"ဟု လျှောက်ရာ....

"ဦးလှက သူဖော်ပြလိုတဲ့ အကြောင်းအရာကို စာနဲ့ ဖော်ပြရာမှာ အပြစ်ကင်းအောင် ဖော်ပြတတ် လေတော့ သူ့ရဲ့



www.myanmarcupid.net

နေမှုထိုင်မှုဟာလဲ အပြစ်ကင်းအောင် နေလိမ့်မကွယ့်၊ သူ့စာအရေးအသား အဖွဲ့အနွဲ့ဟာ ရှင်းတယ်။ မာနသံ မပါဘူး။ သူ့ရဲ့ အနေအထိုင် အပြောအဆိုလဲ မာနကင်းမကွယ့်။ လူဆိုတာ ချမ်းသာသည် ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ပညာမဲ့သည်ဖြစ်စေ၊ ပညာရှိသည်ဖြစ်စေ သိမ်သိမ်မွေ့မွေ့နဲ့ အပြစ်ကင်းအောင် နေတတ်ခြင်းဟာ လူကောင်းကွယ့်"

ရွှေပြည်ဆရာကြီး ဦးဘတင်သည် ဦးလုကိုသိကြွမ်း၏။ လူကောင်းဟု မိန့်၏။ အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ရ ကျမ်းပေါင်းများစွာ ပြုစုခဲ့သော ရွှေကျင်ဆရာတော်ကြီးက ဦးလုကို မမြင်ဖူးပဲ ဦးလုစာများ ကိုသာ ဖတ်ရသည်။ သူ့စာများကို ဖတ်ပြီး လူကောင်းဟု မိန့်၏။

ဦးလုသည် ကျန်းမာရေး လိုက်စားသူပီပီ ကျွန်တော်နှင့် တွေ့တိုင်း ကျန်းမာရေးကို ဂရုစိုက်၊ လမ်းများများလျှောက်ဟု သတိပေးတတ်၏။ ဦးလုငယ်စဉ်က ဘော့လုံးသမားဖြစ်ခဲ့၏။ စာပေနယ်၊ နိုင်ငံရေး နယ်ထဲ ရောက်လာသောအခါ၌လည်း ကျန်းမာရေးကို ဥပေက္ခာမပြုခဲ့၊ သူ၏အာဘော်ဖြစ်သော လူထု သတင်းစာ၌ ကျန်းမာရေး ဆောင်းပါးများကို အလေးပေး ရေးသားခဲ့သူဖြစ်၍ သူ့ကိုတွေ့ လိုက်ရတိုင်း ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျနှင့်သာ တွေ့ရသည်။

www.myanmarcupid.net

ဦးလှကွယ်လွန်ကြောင်း

သတင်းစာ၌ဖတ်ရသောအခါ "ဖြစ်မှဖြစ်ရပလေ" ဟု ရောင်ရမ်း၍ ဆိုမိသည်။ ဝမ်းနည်းကြေကွဲမှုလည်း ဖြစ်ရသည်။ "ဖြစ်မှဖြစ်ရပလေ"ဆိုခြင်းမှာ ရောဂါဝေဒနာဖြစ်ပြီး ကွယ်လွန်ခြင်း မဟုတ်ပဲ မတော်တဆ တစုံတရာ ထိခိုက်မိလို့ဟု ထင်သောကြောင့် ဖြစ်၏။ မှန်ပါသည်။ ဦးလှသည် အသက်အရွယ်နှင့် မလိုက်အောင် အလွန်ကျန်းမာသူဟု ကျွန်တော်ထင်နေသောကြောင့်ဖြစ်၏။ ကြေကွဲ ဝမ်းနည်း ရခြင်းမှာ ကျွန်တော့်ကိုညီအရင်းသဖွယ် ဆိုဆုံးမနိုင်သည့် အစ်ကိုကြီးအလား ယုံကြည်ကိုးစားသူတယောက် ဆုံးပါး သွားသော ကြောင့် ဖြစ်၏။

ဦးလှသည် ကွယ်လွန်ခဲ့ပြီ၊ ဦးလှ၏ အကျိုးပြုလုပ်ငန်းများကား အများအပြား ကျန်ရစ်ခဲ့သည်မှာ အထင်အရှားဖြစ်သည်။ လူတိုင်း လူတိုင်း တိုင်းပြည်အတွက် အကျိုးပြုနိုင်ခဲ့သလော။ မပြုနိုင်ပေ။ တသောင်း တသိန်းမှ တယောက်တလေသာ အကျိုးပြုနိုင်သည်။ လူတယောက် ကွယ်လွန်၍ သင်္ချိုင်းကုန်းသို့သွားပြီး မြှုပ်နှံသဂြိုလ် လိုက်ရာ လူ့ခန္ဓာကိုယ်ကို မြေထဲပဲ မြှုပ်မြှုပ်၊ မီးပဲရှို့ရှို့ သူ့အမည်ပါ ပါသွားကြသည်သာ များ၏။ အချို့လူတို့ဆိုလျှင်

အိမ်နီးပါးချင်း အနေနှင့် တလတန်သည်၊ ခြောက်လတန်သည်၊ တနှစ်တန်သည် သူ့အကြောင်း ပြောကြပါသေး၏။ သေသောသူ ကြာလျှင်မေ့ဆိုသော စကားအရ လေးငါးနှစ် ကြာသောအခါ သူ့အကြောင်း ပြောမည့်သူ မရှိကြတော့ပေ။


တိုင်းပြုပြည်ပြု ဘုရင်အနော်ရထာ၊ ဘုရင့်နောင် စသော အာဇာနည်သူရဲကောင်း မင်းများကား အရိုးဆွေးကြပါပြီ။ ယနေ့ ကျွန်တော်တို့ မြိန်ရေရှက်ရေ အားပါးတရ ပြောတုန်းရှိကြပါသေး၏။ အနန္တသူရိယ၊ မြဝတီမင်းကြီးဦးစ၊ လက်ဝဲသုန္ဒရ၊ ဝန်ကြီးပဒေသရာဇာ၊ ယောအတွင်းဝန် ဦးဘိုးလှိုင်၊ ဦးပုညစသော စာပေ သူရဲကောင်းများ အကြောင်းတို့ကိုလည်း ကျွန်တော်တို့ ပြောနေကြဆဲဖြစ်၏။ လူသေသော်လည်း အမည်မသေပဲ အနံ့တကြိုင်ကြိုင်နှင့် ကျန်ရှိ နေသူများကို လူ့သမိုင်းက စနစ်တကျ မှတ်တမ်းတင် ကြသည်။ ဂုဏ်ပြုကြသည်။ ဦးလှသည် သူ့ဘဝတလျှောက်လုံး စာပေအတွက်၊ လူမျိုးအတွက်၊ နိုင်ငံတော်အတွက် အကျိုးပြု လုပ်ရပ်များကို လုပ်ဆောင်သွားသည်။ ဦးလှသည် သူ့ဘဝတလျှောက်လုံး ရိုးရိုးသားသား သိက္ခာရှိရှိနှင့် တည်ကြည်ခန့်ညားစွာ နေထိုင်သွားသည်။ ဦးလှကို လူငယ်များက လေးစားကြည်ညိုကြ၏။ သက်တူရွယ်တူ၊ သူ့မိတ်ဆွေ၊ သူ့ရဲဘော် များက ချစ်ခင်ကြ၏။ ဦးလှကို

www.myanmarcupid.net

လူပညာရှိ၊ ရဟန်း ပညာရှိကြီးများက လူကောင်းတယောက်ဟု ချီးကျူးကြ၏။ ဂုဏ်ပြုကြ၏။ ကျွန်တော်တို့ အဖို့ဆိုလျှင် အလွန်တရာ သိက္ခာရှိ လေးစားအပ် လေးစားထိုက်သော ခေါင်းဆောင်တယောက်ဟု အလေးအနက် ယုံကြည်ပေသည်။

သခင်အောင်ဖေ

www.myanmarcupid.net



# ပြည်သူချစ်သော လူထုဦးလှ

## ကျော်ခေါင်

*အဘယ့်ကြောင့် ကျွန်တော်သည် ဦးလှအား လေးစားချစ်ခင်ရသနည်း။ ဦးလှသည် ပြည်သူကို ချစ်ခင် လေးစား၏။ ပြည်သူတို့အတွက် စာကောင်း ပေမွန်များ ရေးသားပြုစုခဲ့သည်။ ဒုက္ခဆင်းရဲခံခဲ့သည်။ ရိုးသား၍ စိတ်ကောင်းရှိသူ ဖြစ်၏။ အကျင့်စာရိတ္တ ကောင်းမွန်သည်၊ အများပြည်သူ ဒုက္ခပင်လယ် ဝေနေချိန်မျိုးတွင် ကိုယ်ကျိုးမရှာ၊ မှန်ရာကို လုပ်ခဲ့၏။ မည်သူ၏ အလိမ်အညာကိုမျှ မခံပဲ အမှန်ကို ပြတ်ပြတ်ထင်ထင် သိမြင် လုပ်ကိုင်ခဲ့သူတည်း။*

www.myanmarcupid.net

ဦးလှသည် စစ်ကြီးမဖြစ်မီက ရန်ကုန်မြို့လူငယ်များ ကြီးပွားရေး အသင်းကြီးတွင် အမှုဆောင် လူကြီး တဦးဖြစ်ခဲ့၏။ တိုင်းပြည်ကြီးပွား တိုးတက်မှု လုပ်ငန်းများကို ထိရောက်စွာ လုပ်ကိုင်ခဲ့သူတဦး ဖြစ်သည်။ လူမှုရေး လုပ်ငန်းများကိုသာမက စာရေးဆရာတဦး အဖြစ်လည်း စာပေတာဝန်ကို ထမ်းရွက်ခဲ့၏။

ထိုခေတ်က ထုတ်ဝေခဲ့သော သူရိယသတင်းစာတွေ ဆောင်းပါးများ အဆက်မပြတ်ရေးသားခဲ့သည်။ သူရိယဦးဘဖေ၊ ဦးလှဖေ၊ ဦးဘကလေးတို့နှင့် ရင်းနှီးခင်မင်သူ ဖြစ်၏။ ဦးလှအား သူရိယတိုက်သား တဦး အဖြစ် အများက ထင်မြင်ယူဆခြင်း ခံခဲ့ရဖူးသည်။ သူရိယသတင်းစာတိုက်သို့ အဝင်အထွက်များခဲ့ပြီး တိုက်သားများနှင့် ခင်မင်ရင်းနှီးခဲ့သူ ဖြစ်သောကြောင့် ထင်သည်။ သူရိယ သတင်းစာတွင် ဆောင်းပါးများ ရေးသားယင်း ဦးလှသည် သတင်းစာ ပညာကို အခြေခံကျကျ ဆည်းပူးလေ့လာခဲ့သည်ဟု ယူဆနိုင်ပေသည်။ ထို့နောက် ဦးလှသည် ကြီးပွားရေးမဂ္ဂဇင်းကို စတင်ထုတ်ဝေခဲ့၏။ ထုတ်ဝေစက အခက်အခဲ အမျိုးမျိုးကို ရင်ဆိုင်ခဲ့ရသည်။ သို့ရာတွင် မဖြစ်မနေဇွဲလုံ့လဖြင့် ကြိုးစားခဲ့ရာ အောင်မြင်သော မဂ္ဂဇင်းတစောင် ဖြစ်လာ ခဲ့၏။ ကြီးပွားရေးမဂ္ဂဇင်းတွင် မဟာဆွေ (နေသူရိန်)၏



www.myanmarcupid.net

မကြောက်တရား ဆောင်းပါးများမှာ လူငယ်များအား ရဲစိတ်ရဲမာန် သွင်းပေးခဲ့သည်။ ဦးတင့်ဆွေ၏ ကျေးလက်ပြုပြင်ရေးနှင့် ဒေသန္တရဗဟုသုတ ဆောင်းပါးများမှာ စိတ်ဝင်စားစရာ ကောင်းလှပေ၏။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ ကျွန်တော်ကျောင်းသားဘဝက ဦးလှ ဦးစီးထုတ်ဝေခဲ့သော ကြီးပွားရေးမဂ္ဂဇင်းကို ဖတ်ရှုခဲ့ရပါသည်။ တိုင်းပြည်ကြီးပွား တိုးတက်ရေးအတွက် ရည်မှန်းချက် ထားရှိခဲ့သော မဂ္ဂဇင်းတစောင် ဖြစ်ကြောင်း သိသာထင်ရှားခဲ့၏။ ထိုအချိန်က မြန်မာပြည်သည် အင်္ဂလိပ်ကျွန်ဘဝ ကျရောက် နေချိန်ဖြစ်သည်။ ကိုလိုနီနွံထဲတွင် နစ်မွန်းနေချိန်ပေတည်း။ အင်္ဂလိပ်ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် တိုက်ပွဲဆင်နွှဲရာတွင် စာပေသည် ထိရောက်သော လက်နက်တခု ဖြစ်ခဲ့၏။ တိုးတက်သော စာရေးဆရာများနှင့် စာနယ်ဇင်းအများစုသည် နယ်ချဲ့ ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် ပြည်သူနှင့်အတူ ပါဝင်ခဲ့ကြသည်။ ကြီးပွားရေး မဂ္ဂဇင်းမှာလည်း ပြည်သူ့ဘက်မှ ရပ်တည်ခဲ့သော မဂ္ဂဇင်းတစောင် ဖြစ်ခဲ့လေသည်။

၁၉၄၂ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး၏ မီးတောက်မီးလျှံများသည် မြန်မာပြည် တဝှမ်းလုံး ကူးစက် ပျံ့နှံ့လာခဲ့ပြီ။ ဖက်ဆစ်ဂျပန် စစ်တပ်များ ဝင်ရောက်လာကြပြီး



www.myanmarcupid.net

မြန်မာပြည်ကို သိမ်းပိုက်လိုက်ကြ၏။

၁၉၄၃ ခုနှစ်က ကျွန်တော် မန္တလေးမြို့သို့ ရောက်ရှိနေထိုင်ခဲ့သည်။ ထိုအချိန်မှာ မြန်မာတမျိုးသားလုံး ဖက်ဆစ်ဂျပန်များကို တော်လှန်ရန် ပြင်ဆင် စိုင်းပြင်းနေချိန် ဖြစ်၏။ ကျွန်တော်သည် မန္တလေး တောင်ပြင်၊ မြောက်ပြင်၊ အရှေ့ပြင်၊ အနောက်ပြင်၊ နန်းတွင်းနှင့် မျက်ပါးရပ် အမြောက်တပ်များတွင် လှည့်လည်နေထိုင် ခဲ့ရသည်။ မန္တလေးမြို့နှင့် ပတ်ဝန်းကျင်မြို့များမှ မျိုးချစ်ရဟန်းတော်များ၊ တသီးပုဂ္ဂလမျိုးချစ် ပုဂ္ဂိုလ်များ၊ လူငယ်များနှင့် တွေ့ဆုံဆက်ဆံခဲ့ရ၏။ ဦးလှနှင့် တွေ့ဆုံရန်လည်း အကြောင်းဖန်လာခဲ့ပါသည်။ ဒုတိယ ကမ္ဘာစစ် မဖြစ်မီက ဦးလှသည် စာရေးဆရာ ဒေါ်အမာနှင့် အိမ်ထောင်ကျခဲ့သည်။ ဒေါ်အမာသည် မောရစ်ကောလစ်၏ စာအုပ်များကို ဘာသာပြန် စာအုပ်ထုတ်ဝေခဲ့သည်။ နာမည်တက်စ အချိန်ဖြစ်၏။ ဒေါ်အမာသည် မန္တလေးသူဖြစ်၏။ ဦးလှသည် ရန်ကုန်မှ ဒေါ်အမာရှိရာ မန္တလေးသို့ ပြောင်းရွှေ့ခဲ့သည်။ ကြီးပွားရေး မဂ္ဂဇင်းကိုလည်း ရန်ကုန်မှ မန္တလေးသို့ပြောင်းပြီး ဆက်လက်ထုတ်ဝေခဲ့၏။ မန္တလေးမြို့မှ ထုတ်ဝေ သော ကြီးပွားရေး မဂ္ဂဇင်းများကိုလည်း ကျွန်တော်တို့ အစဉ် ဖတ်ရှုခဲ့ကြရပါသည်။

www.myanmarcupid.net

ယခင် ပါဝင်ရေးသားနေကျ စာရေးဆရာများအပြင် အထက်မြန်မာပြည် မန္တလေး စာရေးဆရာ များလည်း ကြီးပွားရေးမဂ္ဂဇင်းတွင် ပါဝင်ရေးသား လာကြသည်ကို တွေ့မြင်ဖတ်ရှုရ၏။ (ရွှေကိုင်းသား၊ မာလာ စသည်တို့) ဦးလှ အကြောင်းရေးလျှင် ကြီးပွားရေး မဂ္ဂဇင်း မပါ၍မဖြစ်။ ရေးဖြစ်ဟောင်း အောက်မေ့စရာများကို သတိတရ ဖြစ်မိသည်။ ကြီးပွားရေး မဂ္ဂဇင်းတွင် သိပ္ပံမောင်ဝ၏ ရိုးရိုးရှင်းရှင်းရေးထားသော ဝတ္ထုဆောင်းပါး များမှာ ထိုခေတ် ထိုအခါက အဖြစ်အပျက် အကြောင်းအရာများကို ပေါ်လွင်အောင် ဖော်ပြနိုင်စွမ်း ရှိပါပေသည်။ ဒေါက်တာမောင်ဖြူး ၏ ပညာပေး ဆောင်းပါးများမှာလည်း စိတ်ဝင်စားစရာပင်။

ကာတွန်းဦးဘဂျမ်းရေးဆွဲခဲ့သော ကိုပြူး မပြုံးနှင့် ကြွက်ဖြူကလေး ကာတွန်းများကလည်း ရယ်စရာ ရွှင်စရာ ကောင်းလှပြီး ပညာပေးသဘော ပါရှိ၏။ ကိုပြူး မပြုံးနှင့် ကြွက်ဖြူကလေးတို့ကို ယနေ့တိုင် မမေ့နိုင် သေးပါ။ မဂ္ဂဇင်းတွင် အခြားပါဝင်ရေးသားကြသူများ၏ ဝတ္ထု ဆောင်းပါးများကလည်း စိတ်ဝင်စားစရာ။ ကြီးပွားရေး မဂ္ဂဇင်းထက် အရင်ထွက်ပေါ်လာခဲ့ကြသော ဒဂုန်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း၊ မြန်မာ့အလင်း မဂ္ဂဇင်း နှင့်

www.myanmarcupid.net

မရှေးမနှောင်းထွက်ကြသော တိုးတက်ရေး မဂ္ဂဇင်း၊ ဆယ်သန်းမဂ္ဂဇင်း စသည်တို့မှာလည်း တမျိုးတဖုံစီ ကောင်းမွန်ကြပါသော်လည်း ကြီးပွားရေးမဂ္ဂဇင်းမှာ တိုင်းပြည် တိုးတက်ရေး အတွက် တဘာသာထူးခြားသော မဂ္ဂဇင်းတစောင် ဖြစ်သည်ဟု ထင်မြင်ယူဆမိပါသည်။ ကြီးပွားရေးမဂ္ဂဇင်းတွင် အမြဲလို ပါဝင်ရေးသားခဲ့သူ သူပုန် စာရေးဆရာကြီး မဟာဆွေကိုလည်း ဦးလှ နှင့်အတူ ရော၍ သတိရမိ၏။

တနေ့တွင် မန္တလေးမြောက်ပြင်မှ အာရှလူငယ်တစုကို သင်တန်းပေးရန် အတွက် ကျွန်တော့်အား တာဝန်ပေးအပ်ခဲ့သည်။ ကျွန်တော်တို့ လူစုသည် မန္တလေးမြောက်ပြင်မှ မန္တလေးမြောက်ဖက်ရှိ ကပိုင်ရွာကြီးသို့ မီးရထားလမ်းဘေးအတိုင်း ခြေလျင်လျှောက်ပြီး လာခဲ့ကြ၏။ မန္တလေးမှကပိုင်ရွာအထိ ခြောက်မိုင်ခန့် ဝေးမည် ထင်၏။ ကပိုင်ရွာတွင် စစ်ပြေးယင်း ခုံလှုံနေကြသော ဦးလှတို့မိသားစု ရှိနေကြ၏။ ကျွန်တော်နှင့်အတူ အထက်အဖွဲ့အစည်းမှ ဦးလှထံသို့ပေးလိုက်သော စာတစောင် ပါရှိခဲ့၏။ ကျွန်တော်သည် ဦးလှနှင့် ဒေါ်အမာ တို့ကို တွေ့မြင်ချင်နေသည်မှာ ကြာခဲ့ပြီ။ စာပေဝါသနာပါသူ ဘက်ညီသော စာရေးဆရာဇနီးမောင်နှံကို ကျွန်တော်က တွေ့မြင်လိုခြင်း ဖြစ်ပါ၏။ ကပိုင်ရွာ အရှေ့ဘက်ရှိ



www.myanmarcupid.net

ဘုန်းတော်ကြီးကျောင်းတွင် ဦးလှတို့ မိသားစု တည်းခိုနေထိုင်ကြ၏။ ဘုန်းကြီးကျောင်းအဝင်လမ်း အနောက်ဘက်တွင် အာရှလူငယ် အစည်းအရုံးဆိုင်းဘုတ် ကို မြင်လိုက်ရ၏။ အာရှလူငယ် အစည်းအရုံးအဆောက်အအုံနှင့် ဝင်းခြံကိုတွေ့ရသည်။

အစည်းအရုံးဝင်းထဲရှိ ဘက်တမင်တန် ရိုက်ကွင်းထဲတွင် ဒေါ်အမာ ကြက်တောင်ရိုက်ကစားလျက်ရှိသည်ကို မြင်ရ၏။ အချိန်မှာ ညနေ လေးနာရီခန့် ရှိပြီဖြစ်သည်။ ဘုန်းကြီးကျောင်း အောက်ထပ်သို့ ဝင်သွားသောအခါ ဦးလှက ကျွန်တော်တို့ လူစုကို တွေ့ဆုံလက်ခံ၏။ ဘုန်းကြီးကျောင်းမှာ အုတ်တိုက်ကျောင်းကြီး ဖြစ်သည်။ ကျွန်တော်တို့ ထိုင်နေကြသည့် အောက်ထပ် ခြေရင်းဘက်တွင် ဦးလှ၏ စာပုံနှိပ်စက်များနှင့် စာစီခုံများ စနစ်တကျ ချထားသည်ကို မြင်ရ၏။ ဦးလှကို ကျွန်တော် ပထမဆုံးအကြိမ် တွေ့မြင်လိုက်ရပါပြီ။ ဦးလှသည် အသားဖြူဖြူ အရပ်ထောင်ထောင်မောင်မောင်း ဖြစ်ပြီး မျက်လုံးမျက်ခုံးနှင့် နှာတံပေါ်လွင်သည်။ မျက်နှာထားမှာ ဖော်ရွေ ချိုသာလှပေ၏။ မကြာမီ ဒေါ်အမာ ရောက်ရှိလာပြီး စကားစမြည် ပြောယင်း ကျွန်တော်တို့ကို ဧည့်ခံပါသည်။ ဒေါ်အမာသည် ပိန်ပိန်ပါးပါး၊ အသားညိုညိုနှင့် သွက်လက်တည်ငြိမ်၏။ မျက်ခုံးမျက်လုံး

www.myanmarcupid.net

ပေါ်လွင်ပြီး မြန်မာဆန်သည်။ အညာချောချောသူ အမျိုးသမီးတဦး။ သတိပြုမိသည်မှာ ဒေါ်အမာ၏ ထူးခြားထက်မြက်သော ရုပ်လက္ခဏာပင် ဖြစ်ပါ၏။ ဦးလှနှင့် ဒေါ်အမာတို့ကို တွေ့မြင်ရခြင်းကြောင့် ကျွန်တော် အထူးဝမ်းသာကျေနပ်မှုကို ခံစားလိုက်ရ၏။ ထိုခံစားချက်ကား ဖက်ဆစ်ဂျပန်တော်လှန်ရေးလုပ်ငန်းတွင် ဦးလှနှင့် ဒေါ်အမာတို့ ပြည်သူနှင့်အတူ လက်တွဲ ပါဝင်လာကြပြီဟူသော အသိကြောင့် ဖြစ်ပါသည်။

ကျွန်တော်သည် အတူပါလာသော စာအိတ်ကို ဦးလှအား လေးစားစွာ ပေးအပ်လိုက်၏။ ဦးလှသည် စာကိုဖြေးညှင်းစွာ ဂရုတစိုက် ဖတ်ရှုပြီးနောက်–

"စာထဲမှာပါတဲ့အတိုင်း သင်တန်းအတွက် လိုအပ်တာတွေ ပေးပါမယ်၊ တခြားလိုအပ်တဲ့ အကူအညီ ရှိယင်လဲပြောပါ၊ အားမနာပါနဲ့"

"သင်တန်းအတွက် ထမင်းအိုးနဲ့ ပန်းကန်ခွက်ယောက်ဇွန်း စတာတွေပဲ လိုအပ်ပါတယ်၊ ကျန်တာတော့ ကျွန်တော်တို့ ဘာသာပဲ ဝယ်ယူ ပါတော့မယ် ခင်ဗျာ"

ထို့နောက် ဧည့်သည်များနှင့် အိမ်ရှင်တို့သည် အလ္လာပ သလ္လာပစကား အနည်းငယ် ပြောကြားကြ ပါသည်။ ဦးလှနှင့်

www.myanmarcupid.net

ဒေါ်အမာတို့က ကျွန်တော်တို့ လူငယ်တစုအား ကော်ဖီနှင့် စားစရာတို့ဖြင့် ကျွေးမွေး ဧည့်ခံပါသည်။ ကျွန်တောတို့ အတန်ကြာ စကားပြောကြားပြီးနောက် ရွာထဲရှိ အိမ်တဆောင်ဆီသို့ ထွက်ခွာလာ ခဲ့ကြ၏။ ထိုအိမ်ကြီးမှာ ဦးလှစီစဉ်ပေးသော အိမ်ကြီးဖြစ်သည်။ ထိုအိမ်ကြီးတွင် တည်းခိုပြီး သင်တန်းပေး ရမည်ဖြစ်သည်။ အိမ်ကြီးမှာ နှစ်ထပ်အိမ်ကြီး ဖြစ်ပြီး ကျယ်ဝန်းသော ဝင်းခြံလည်း ရှိသည်။ ပြီးတော့ လူမနေသော အိမ်လည်း ဖြစ်၏။ ကျွန်တော်တို့သည် ကပိုင်ရွာထဲရှိ ကုန်စုံဆိုင်မှ ရိက္ခာပစ္စည်းများ ဝယ်ယူ ကြသည်။ ဟင်းချက်စရာများလည်း ရွာထဲတွင်ပင် ဝယ်ယူရရှိ၏။ ထိုနေ့ညစာကို အလျင်အမြန် ချက်ပြုတ်ပြီး စားသောက်ကြသည်။ ရက်သတ္တတပတ်ခန့် သင်တန်းပေးပြီးသောအခါ ကျွန်တော်တို့ အလုပ်ပြီးပြီဖြစ်၏။ ငှားထားသော ပစ္စည်းများကို ပြန်အပ်ယင်း ဦးလှအား နှုတ်ဆက်ခဲ့ကြသည်။ ထို့နောက် ကျွန်တော်တို့သည် လွယ်အိတ်ကိုယ်စီလွယ်လျှက် လာလမ်းအတိုင်း မန္တလေးမြောက်ပြင်သို့ ပြန်လာခဲ့ကြ၏။ ထိုစဉ်က အကြောင်းအရာ များကို ကျွန်တော်သည် ယနေ့တိုင် မမေ့နိုင်သေးပါ။

www.myanmarcupid.net

ဂျပန်တော်လှန်ရေးသည် အရှိန်အဟုတ်မြင့်မားလျက်ရှိ၏။ အာရှ၊ ဥရောပနှင့် တကမ္ဘာလုံးရှိ ပြည်သူတို့၏ ဖက်ဆစ်ဆန့်ကျင်ရေးဒီရေ တက်နေချိန်ဖြစ်သည်။ မြန်မာပြည်အထက်ပိုင်း ၊ အနောက်ပိုင်းနှင့် ရခိုင်ဘက်တွင် ဂျပန်စစ်တပ်များ အရေးမလှ ဖြစ်နေ၏။ ထိုဒေသများမှ ဆုတ်ခွာ နေရလေပြီ။ ကပိုင်ရွာမှာ ဂျပန်စစ်တပ်များ ဆုတ်ခွါရာ စစ်လမ်းကျပြန်သည်။ ထို့ကြောင့် ဦးလှတို့မိသားစုသည် မန္တလေးအရှေ့မြောက် ဆည်တော်ကြီးအရှေ့ဘက် တောင်ခြေရှိ ဒဟတ်တောရွာအနီးက ကန်ကြီးရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ ကြကြောင်း သိရ၏။ သခင်ထွန်းရင်နှင့် ကျွန်တော်တို့ နှစ်ယောက်သည် ၁၉၄၅–ခုနှစ် တော်လှန်ရေးကာလ အတွင်းတွင် ဒဟတ်တောရွာ အနီးက ကန်ကြီးရွာသို့ ထွက်လာခဲ့ကြသည်။ လမ်းခရီးတွင် တိုက်ပွဲများဖြစ်ပြီးခါစ စစ်မြေပြင်ကို ဖြတ်သန်းလာခဲ့ကြရသည်။ ကန်ကြီးရွာတွင် ဦးလှနှင့် ဒေါ်အမာတို့ မိသားစုကို ကျန်းမာစွာ တွေ့မြင်ခဲ့ရသည်။ တော်လှန်ရေးသတင်းနှင့် ကမ္ဘာ့သတင်းများ သိသလောက် ဖလှယ်ကြ၊ ပြောဆို ဆွေးနွေးခဲ့ကြ၏။ အထက်မြန်မာပြည်တွင် ဖက်ဆစ်ဂျပန်များ မရှိတော့မှ ဦးလှတို့မိသားစု မန္တလေးမြို့ထဲသို့ ပြန်ဝင်လာခဲ့ကြသည်။ ဦးလှသည်

www.myanmarcupid.net

ဗိုလ်မှူးဗထူးနှင့် ရင်းနှီးခင်မင်သူမိတ်ဆွေ လုပ်ဖော်ကိုင်ဘက် တဦးဖြစ်၏။

ဂျပန်တော်လှန်ရေး ပြီးသည့်နောက် နယ်ချဲ့အင်္ဂလိပ် မြန်မာပြည်ထဲသို့ ပြန်လည်ဝင်ရောက် လာခဲ့သည်။ အင်္ဂလိပ် နယ်ချဲ့သမားသည် နယ်ချဲ့အတွေ့အကြုံ ကြီးမားသူပီပီ ပရိယာယ်ဝေဝစ် ကြွယ်ဝလှ၏။ အမျိုးသားညီညွတ်ရေးကို နည်းမျိုးစုံဖြင့် ဖြိုခွဲသည်။ နယ်ချဲ့ အရင်းအနှီးများကို ပိုမို ခြေကုတ်ယူနိုင်ရန် ကြိုးပမ်း လာခဲ့၏။ စစ်အင်အားကို အသုံးပြုပြီး ဖိနှိပ်ရန်လည်း ပြင်ဆင်လာသည်။

စစ်ပြီးစ အချိန်တွင် ဦးလှသည် မန္တလေးမှ လူထုဂျာနယ်ကို စတင်ထုတ်ဝေခဲ့သည်။ စက္ကူရှားပါးသော အချိန်ဖြစ်၍ ကုန်ထုတ်စက္ကူ အညိုရောင်၊ အစိမ်းရောင်၊ အပြာရောင်စသည့် ရရာ စက္ကူများဖြင့် ထုတ်ဝေခဲ့ ရသည်။ လူထုဂျာနယ်တွင် ပြည်သူတို့၏ လွတ်လပ်ရေး တောင်းဆိုချက်များ၊ မြန်မာနှင့် ကမ္ဘာ့တော်လှန်ရေး အတွေ့အကြုံ ဆောင်းပါးများ ဝေဝေဆာဆာ ထည့်သွင်းဖော်ပြခဲ့၏။ အိန္ဒိယမှ ပြန်လာသူ ရဲဘော်များ၏ ဆောင်းပါးများကိုလည်း လူထုဂျာနယ်တွင် ဖတ်ရှုရသည်။ ကိုကျော်ရင် (ကွယ်လွန်သူ ပါမောက္ခဦးကျော်ရင်)၊ ကိုလှသောင်း စသူတို့မှာ အိန္ဒိယမှ

www.myanmarcupid.net

ပြန်ရောက်စ လေထီးရဲဘော်များ ဖြစ်ကြ၏။ သူတို့ရေးသည့် ဆောင်းပါးများ၊ စာမူများကိုလည်း တွေ့မြင်ဖတ်ရှုရ၏။

ဦးလှထုတ်ဝေခဲ့သော လူထုသတင်းစာသည် ထိပ်တန်းသတင်းစာကြီး တစောင်ဖြစ်၏။ အထက် မြန်မာပြည်မန္တလေးမှ ထုတ်ဝေသော်လည်း မြန်မာပြည်တဝှမ်း ဂရုတစိုက် ဖတ်ရှုသော ပြည်သူ့သတင်းစာကြီး တစောင် ဖြစ်ခဲ့သည်။ အဆင့်အတန်းမြင့်သော သတင်းစာကြီးတစောင် ဖြစ်သောကြောင့် စောင်ရေလည်း များပြားခဲ့၏။ လူထုသတင်းစာနှင့်အတူ လူထုဂျာနယ်ပါ ထုတ်ဝေခဲ့သည်။ သတင်းစာရော၊ ဂျာနယ်ပါ လူကြိုက်များခဲ့၏။ လူထုဂျာနယ်မှာ စာပေ၊ ယဉ်ကျေးမှု၊ အမျိုးသားညီညွတ်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး စသည့် အယူအဆ အရေးအသားများ ပါရှိ၏။ ခေတ်မီတိုးတက်သော ဂျာနယ်တစောင်ဖြစ်၍ ပြည်သူက လက်ခံ ခဲ့သည်။ ဂရုတစိုက် ဖတ်ရှုခဲ့ကြ၏။

ကျွန်တော် မန္တလေးတွင်ရှိစဉ်က လူထုဂျာနယ်တိုက်သို့ မကြာခဏ ရောက်လေ့ရှိ၏။ ဦးလှသည် ကျွန်တော်နှင့် တရံရောအခါက ခင်မင်ယုံကြည်စွာ ဆက်ဆံခဲ့ကြသူများ ဖြစ်ကြ၏။ တွေ့ဆုံခဲ့ကြသည့် ကာလမှာ တခဏမျှသာ ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်သည် ဦးလှကို လေးစားကြည်ညိုခဲ့သည်။ အဘယ့်ကြောင့် ကျွန်တော်သည်

www.myanmarcupid.net

ဦးလှအား လေးစားချစ်ခင်ရသနည်း။ ဦးလှသည် ပြည်သူကို ချစ်ခင် လေးစား၏။ ပြည်သူတို့အတွက် စာကောင်း ပေမွန်များ ရေးသားပြုစုခဲ့သည်။ ဒုက္ခဆင်းရဲခံခဲ့သည်။ ရိုးသား၍ စိတ်ကောင်းရှိသူ ဖြစ်၏။ အကျင့်စာရိတ္တ ကောင်းမွန်သည်၊ အများပြည်သူ ဒုက္ခပင်လယ် ဝေနေချိန်မျိုးတွင် ကိုယ်ကျိုးမရှာ၊ မှန်ရာကို လုပ်ခဲ့၏။ မည်သူ၏ အလိမ်အညာကိုမျှ မခံပဲ အမှန်ကို ပြတ်ပြတ်ထင်ထင် သိမြင် လုပ်ကိုင်ခဲ့သူတည်း။ ထို့ကြောင့် ဦးလှကို ကျွန်တော် ချစ်ခင် လေးစားခြင်း ဖြစ်ပါသည်။

ဦးလှသည် အေးဆေးသက်သာစွာ နေထိုင်စားသောက်နိုင်သူ ဖြစ်၏။ သို့ရာတွင် စေတနာကောင်း ရှိသူတဦး ဖြစ်သည့်အတိုင်း သူဖြတ်သန်းခဲ့ရသော ခရီးလမ်းမှာ ဖြောင့်ဖြူးသာယာသည်ဟု မဆိုနိုင်။ ကြီးမားသော အခက်အခဲ ဘေးအန္တရာယ်များကို ရင်ဆိုင်တွေ့ကြုံခံစား သွားခဲ့ရသည်။ မည်သို့ပင် ဖြစ်စေ ကြံ့ကြံ့ခံနိုင်သူ တဦးဖြစ်ကြောင်း ထင်ရှား၏။

ဦးလှရေးသား ထုတ်ဝေခဲ့သည့် စာအုပ်များမှာ ပြည်သူကို အကျိုးပြုခဲ့သော စာအုပ်များဖြစ်၏။ စစ်တွင်းဗမာပြည် စာအုပ်များ၊ စစ်ပြီးစဗမာပြည် စာအုပ်များ၊ သတင်းစာများသည် သမိုင်းကို ပြောနေကြသည် အစရှိသည့် စာအုပ်များကား



www.myanmarcupid.net

ခေတ်အဆက်ဆက် သမိုင်းမှတ်တိုင်များကို အသေးစိတ်ဖော်ပြထားသော စာအုပ်များ ဖြစ်ကြ၏။ သမိုင်းအတွက် များစွာအထောက်အကူ ပြုနိုင်ပေသည်။ ထာ၀ရ အသုံး၀င်မည့် စာအုပ်များ ဖြစ်ကြ၏။

ကျွန်တော် လှေသူကြီး၊ ကျွန်တော် မြင်းသမား၊ ကျွန်တော် ဗြူရိုကရက်၊ ကျွန်တော် စတီးပွဲစား၊ ကျွန်တော် သတင်းထောက်နှင့် သံလွင်ဖောင်စီး စာအုပ်များမှာ လူ့အလွှာ အသီးသီး၏ ဘ၀ကို ဖော်ပြထား၏။ လက်ရုံးအားကိုး သက်စွန့်ဆံဖျား လုက်ကိုင်စားသောက်ရသော သစ်ဖောင် အလုပ်သမားများ၏ ဘ၀မှာ ယခင်က အပြည့်အစုံ မသိကြရ၊ ဦးလှရေးသားဖော်ထုတ်သဖြင့် သူတို့ဘ၀ လှုပ်ရှားရုန်းကန်ရပုံများကို ပီပီပြင်ပြင် သိရှိလာကြရသည်။ အရက်သမား အမှားနှစ်ထောင်၊ ဘိန်းဖြူသမား အမှားကမ္ဘာ စသည့် စာအုပ် များသည် မူးယစ်ဆေး၀ါးတိုက်ဖျက်ရေး ဦးတည်ချက်ရှိ၏။ မူးယစ်ဆေး၀ါး အန္တရာယ်ကို တားဆီးတိုက်ဖျက်ရန် နှိုးဆော်ထားသည်။ စားစရာဆန် စာအုပ်မှာ မြန်မာပြည်၏ အဓိကထွက်ကုန်နှင့် အစားအစာအကြောင်း ပြည့်စုံစွာ တင်ပြထားသည်။

အင်ဒိုနီးရှားနှင့် ဂျပန်ပြည်တခေါက် စာအုပ်များမှာ ကမ္ဘာလှည့် ခရီးသည် သတင်းစာဆရာ ဦးလှ၏ အသေးစိတ်ပြည့်စုံစွာ

www.myanmarcupid.net

ရေးသားထားသော ဒေသန္တရဇာတ်ဟုသုတပေး စာအုပ်ကောင်းများပင်။ မြန်မာပုံပြင်များ စာအုပ်များနှင့် တိုင်းရင်းသားပုံပြင် စာအုပ်များကို တအုပ်ပြီးတအုပ် ရေးသားထုတ်ဝေခဲ့ခြင်းမှာ ဦးလှ တာဝန် ကျေပွန်ခြင်းတရပ် ဖြစ်ပါသည်။ မြန်မာတိုင်းရင်းသားတို့၏ ပုံပြင်များကို စုစည်းပြီး စာတစောင် ပေတဖွဲ့ ဖြစ်အောင်ပြုစုထုတ်ဝေသူ ရှိပါမှသာ ပြန့်ကျဲနေသော ထိုပုံပြင်များမှာ အရှည်တည်တံ့ပေမည်။ ပုံပြင်စာအုပ် များမှာ ရိုးရာယဉ်ကျေးမှုများအပြင် ပညာယူစရာ သတိပြုဆင်ခြင်စရာနှင့် အတုယူစရာ အများအပြား ပါရှိ၏။ လူငယ်များ ကြီးပွားရေး တိုးတက်ရေးအတွက် ကောင်းမွန်သော စာပေ ရေခံမြေခံကို ဖန်တီးပေးခြင်းလည်း မည်ပါသည်။ လူထုဦးလှ၏ လှောင်ချိုင့်အတွင်းမှ ငှက်ငယ်များ စာအုပ်မှာ ယူနက်စကိုဆုရ စာအုပ်ဖြစ်၏။ စာရေးဆရာ၊ သတင်းစာဆရာ လူထုဦးလှသည် ပုံပြင်များ၊ ဆောင်းပါးများနှင့် စာအုပ်များစွာတို့ကို ရေးသားခဲ့ သူတဦး ဖြစ်ပါသည်။

ဦးလှ၏ စာပေများသည် ရိုးရိုးရှင်းရှင်းဖြင့် ဖတ်ရှုသူ နားလည် သဘောပေါက်လွယ်၏။ လုပ်စား ကိုင်စား ပြည်သူအများစုတို့ နားလည် အောင်ရေးသားခြင်းဟု ယူဆမိပါသည်။

www.myanmarcupid.net

စာရေးဆရာ၊ သတင်းစာဆရာကြီး လူထုဦးလှသည် ၁၉၈၂–ခု၊ ဩဂုတ်လ ၇ ရက်နေ့ နံနက်ပိုင်းတွင် ကွယ်လွန်ခဲ့သည်ဟု သိရ၏။ ဦးလှရေးသားပြုစုခဲ့သော စာအုပ်များသည် ပြည်သူ့အပေါ်တွင် သူထားရှိသော စေတနာကို ပေါ်လွင်ထင်ရှားစေခဲ့၏။ လူထုဦးလှဟူသော အမည်ကို အမှန်တကယ် ခံယူထိုက်သူ ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ ဦးလှသည် ပြည်သူကို အဆိပ်အတောက် ဖြစ်စေမည့် မဟုတ်မမှန်သော အကြောင်းအရာ များကို လုပ်ကြံ၍မည်သည့်အခါကမျှ ရေးသားခြင်း မပြုခဲ့။ ကျွန်တော်သည် အခြေအနေအရ ရန်ကုန်တွင်ရှိနေပါသည်။ ဦးလှကွယ်လွန်ကြောင်း သိရသောအခါ ကြေကွဲဝမ်းနည်းခြင်းဖြစ်ခဲ့ရ၏။ သူ၏အသုဘကို မန္တလေးသို့ သွားရောက်ပြီး လိုက်ပါပို့ဆောင် လိုသော်လည်း အခက်အခဲကြောင့် မပို့ဆောင်နိုင်ခဲ့ပါ။ ဦးလှ၏အသုဘကို မြို့လူထုရော၊ အနီးအနား မြို့လေးများနှင့် ရပ်ဝေးကသွားရောက်သူများပါ အကြီးအကျယ် စည်ကား သိုက်မြိုက်စွာ လိုက်လံ ပို့ဆောင်ကြကြောင်း သိရသည်။ လွန်စွာဝမ်းမြောက် ကြည်နူးခြင်းဖြစ်ခဲ့ရပါ၏။ ပြည်သူကိုအမှန်တကယ်ချစ်သူအား ပြည်သူ ကလည်း အမှန်တကယ် ပြန်လည်ချစ်ခင်မည်မှာ ဓမ္မတာတည်း။

www.myanmarcupid.net

ဦးလှသည် မိရိုးဖလာ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူတယောက်၊ ဘာသာတရားကို အလွန်တရာ ကြည်ညိုလေးစားသူ တယောက်ဖြစ်၏။ ဦးလှကား လူချစ်လူခင်ပေါများသည်။ မိတ်ဆွေသင်္ဂဟများပြား၏။ ဆရာတော်ကြီးများကလည်း ဦးလှအားခင်မင်ကြ၏။ ဦးလှ၏ ရိုးသား ဖြောင့်မတ်မှုကို လေးစားတန်ဖိုးထားခဲ့ကြသည်။ ဦးလှသည် စာအုပ်တအုပ်ကို ရေးသားပြုစုရာတွင် အချက်အလက်နှင့် အထောက်အထား ပြည့်စုံရန် အထူးကြိုးစားထားကြောင်းလေ့လာတွေ့ရှိရ၏။ ခေတ်သစ် မြန်မာစာပေ သမိုင်းတွင် တိုင်းပြည်ကို မျက်စိဖွင့်ပေးခဲ့ကြသော စာရေးဆရာများ ထွက်ပေါ်လာခဲ့ကြ၏။ သို့ရာတွင် အချို့သည်သမိုင်းတကွေ့သို့ ရောက်သော အခါ သွေဖီသွားခဲ့ကြသည်။ ဦးလှကား ပြည်သူနှင့် ထာဝရ မခွဲမခွါ အတူရှိခဲ့သူ စာရေးဆရာများအနက်တဦးဖြစ်၏။ ဦးလှ၏ စာပေခရီး လမ်းကြောင်းကို လေ့လာကြည့်ရှုသောအခါ အချက်၂ချက်ကိုတွေ့ရှိရပါသည်။

(၁) ဒုတိယကမ္ဘာစစ် မဖြစ်မီ ကြီးပွားရေးမဂ္ဂဇင်း ထုတ်ဝေသော ကာလတလျှောက်လုံးပင် ရပ်တည်ချက် မှန်ကန်ခဲ့သူ ဖြစ်၏။

(၂) ဒုတိယကမ္ဘာစစ် အတွင်းနှင့် စစ်ပြီးခေတ် တလျှောက်လုံးပင် ဦးလှ၏ လုပ်ဆောင်မှုများသည်

www.myanmarcupid.net

ပြည်သူနှင့်အတူ ရှိခဲ့၏။ ဦးလှကား သူ၏ဘဝတသက်တာ သက်တန်းတလျှောက်တွင် မှန်ကန် တည်တံ့စွာဖြင့် နေထိုင်သွားခဲ့သူဖြစ်ကြောင်း လေ့လာတွေ့ရှိရ၏။

ဦးလှအကြောင်းနှင့် ပတ်သက်၍ ရေးစရာတွေ အမြောက်အများ ရှိပါသည်။ ကျွန်တော်သည် ဦးလှ အကြောင်းကို ပြည့်ဝစုံလင်စွာ ရေးသားနိုင်သူတဦး မဟုတ်ပါ။ ကျွန်တော် လေ့လာတွေ့မြင် သလောက်သာ ရေးသားခြင်း ဖြစ်ပါသည်။

ဦးလှ၏ အထ္ထုပ္ပတ္တိကို စာတအုပ်ရေးသားပြုစုထုတ်ဝေရန် အမှန် တကယ်ပင်လိုအပ်၏။ သည်လိုလူမျိုး၏ အတ္ထုပ္ပတ္တိမှတ်တမ်းသည် မြန်မာစာပေ သမိုင်းတွင် ကမ္ပည်းအက္ခရာ တင်ထားရန် လိုအပ် လှပါသည်။

ဦးလှသည် မှတ်တမ်းတင်သင့်သူ အခြားပုဂ္ဂိုလ်များအတွက် စာအုပ်စာတန်းများ ရေးသားခဲ့သူ ဖြစ်၏။ စာတိုစာရှည်များဖြင့် မှတ်တမ်း တင်ပေးခဲ့သူ စာရေးဆရာ တဦးဖြစ်သည်။ ယခု ဦးလှကို မှတ်တမ်းတင်ရန် အလှည့် ကျရောက်လာခဲ့ပါပြီ။

ဦးလှ၏အတ္ထုပ္ပတ္တိကို မည်သူက ရေးသားပြုစုမည်နည်း။ သူ့အကြောင်း ကောင်းစွာသိသူမှာ အခြားလူမဟုတ်။ ဦးလှ၏ဇနီး ဒေါ်အမာပင်ဖြစ်၏။ ဒေါ်အမာမှာ အတ္ထုပ္ပတ္တိရေးသားရာတွင် ထူးချွန်သူဖြစ်သည်။ တိကျပြည့်စုံစွာ



www.myanmarcupid.net

ရေးသားနိုင်သည်။ လူတယောက်အကြောင်း အသေးစိတ် သိရှိနားလည် အောင် ရေးသားဖော်ပြနိုင်စွမ်း ရှိပါပေ၏။ သက်ဆိုင်ရာပုဂ္ဂိုလ်များ လှုပ်ရှားပီပြင်ကြသည့် ခေတ်ကာလ အခြေအနေ နောက်ခံကားချပ်ကိုလည်း ပီပြင်စွာ တင်ပြနိုင်သူ စာရေးဆရာမကြီး ဖြစ်၏။ (ဥပမာ–ရွှေရိုးဘကလေး၊ ပြည်သူချစ်သော အနုပညာသည်များ၊ အငြိမ့် ပ–ဒ၊ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံးနှင့် ရွှေမန်းတင်မောင် အစရှိသည့် အတ္ထုပ္ပတ္တိ စာအုပ်ကြီးများ)။

ဦးလှအကြောင်း ကောင်းစွာသိရှိကြပြီး တချိန်က ချစ်ခင်ရင်းနှီးစွာ အတူနေထိုင်ခဲ့ကြသော မိတ်ဆွေဟောင်းတချို့ ယခုတိုင် အသက်ထင်ရှား ရှိနေကြဆဲ။ သူတို့အနေဖြင့်လည်း ဦးလှ၏အတ္ထုပ္ပတ္တိ စာအုပ်ဖြစ်မြောက်ရေး အတွက် အကူအညီ ပေးကြမည်မှာ သေချာ၏။ မိတ်ဆွေသင်္ဂဟများ အပေါ်တွင် တာဝန် ကျေခဲ့၊ ကောင်းခဲ့သူ ဦးလှအား အားလုံးကပင် ထာဝရ သတိရ လွမ်းဆွတ်တသ နေကြမည် ဖြစ်ပါသည်။

ဦးလှ၏ အတ္ထုပ္ပတ္တိကို ရေးသားပြုစုထုတ်ဝေရန် ဒေါ်အမာ၏ ပခုံးပေါ်တွင် တာဝန်ကျရောက်လာပြီဟု ထင်မြင်ယူဆ မိပါသတည်း။

ကျော်ခေါင် (၁၃–၉–၈၃)

www.myanmarcupid.net



# ကိုလှ

## မောင်ထင်

*ကျွန်တော်တို့ ငယ်စဉ်က ဗလငါးတန်နှင့် ပြည့်စုံ၍ ပရဟိတ လုပ်ငန်းတို့ လုပ်ဆောင်ယင်း တိုင်းပြည် ကြီးပွားအောင် ဆောင်ရွက်ကြမည်။ တိုင်းပြည်ကြီးပွားလျှင် မိမိလည်း ကြီးပွားမည်၊ မိမိကြီးပွားလျှင် တိုင်းပြည်ကို အထောက်အပံ့ပြုမည် အစရှိသော စိတ်ဓာတ်များဖြင့် အမျိုးမျိုး စိတ်ကူးယဉ်ခဲ့ကြပေသည်။*

www.myanmarcupid.net

လူငယ်များ ကြီးပွားရေးအသင်းသည် ထိုခေတ်က လူငယ်များ ဆုံစည်းရာ ဌာနတခုဖြစ်သည်။ ကိုလှနှင့် ကျွန်တော်တို့ ရေဆက်ဆုံကြခြင်းမှာ ထိုအသင်း၏ ကျေးဇူးကြောင့် ဖြစ်သည်။ ထို့ကြောင့် ယခု သူ့အကြောင်းကို ကျွန်တော်အောက်မေ့မိသောအခါ လူငယ်များ ကြီးပွားရေးအသင်းကို သတိရလာသည်။

ယခုအခါ ကြီးပွားရေးဦးသိန်းဟု ထင်ရှားလျက်ရှိသူမှာ ကြီးပွားရေးအသင်းကို သန္ဓေတည်အောင် ဦးစွာပထမ စတင် ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ဦးသိန်းသည် ထိုစဉ်က လူပင်ငယ်သော်လည်း အမြော်အမြင် ကြီးသူဖြစ်၏။ သူသည် တန်းမြင့်ကျောင်းထွက်စာမေးပွဲ အောင်ပြီးသည့်နောက် စက္ကရီတေရီယက် ဟု ခေါ်သော အတွင်းဝန်များရုံး ပြည်ထဲရေးဌာနတွင် ဝင်ရောက် အလုပ်လုပ်သည်။ သူ၏မူလ စရိုက်မှာ ပရဟိတ စရိုက် ဖြစ်လေရာ နုစဉ်အခါကပင်လျှင် လူငယ်များ၏ ဗလငါးတန် ဖွံ့ဖြိုးရေးလုပ်ငန်း၌ စိတ်ထက်သန်သူ ဖြစ်သည်။ သူ၏ အတွေးအခေါ်မှာ ဗလငါးတန်နှင့် ပြည့်စုံဖို့ရာ အခြေခံအားဖြင့် နှလုံးရည်ကောင်းရမည်ဟူသော အတွေးအခေါ် ဖြစ်သည်။ နှလုံးရည်ကို ပြုစုပျိုးထောင်ရန် စာပေ အရေးအသား ကောင်းရမည်။ စကားအပြော အဆိုရည်မွန်၍ အချက်ကျကျ



www.myanmarcupid.net

ပြောတတ်ရမည်။ ဤကဲ့သို့ အရေးအသား အပြောအဆို၌ ကျွမ်းကျင်လာလျှင် ကိုယ့်ဒူးကိုယ်ချွန်သဘောဖြင့် ပညာဗဟုသုတ ရှာတတ်မည်။ အဆွေခင်ပွန်းကောင်းကိုလည်း မှီဝဲတတ်မည်။ ပညာဗဟုသုတ ပြည့်စုံလျှင် တိုင်းပြည်နှင့် လူမျိုးကို ပရဟိတ စိတ်ဓာတ်ဖြင့် အကျိုးပြုနိုင်မည်။ ဤသဘော တရားကို စဉ်းစားမိသော ကိုသိန်းသည် ရန်ကုန်မြို့ အစိုးရအထက်တန်းကျောင်း၊ မြို့မ တိုင်းရင်းသား အထက်တန်းကျောင်း၊ စိန့်ဂျွန်း အထက်တန်းကျောင်း စသော အထက်တန်းကျောင်းများတွင် ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းများ၌ ပညာသင်ကြားနေသော ဆယ့်လေးငါးခြောက်နှစ်အရွယ် လူငယ်များကို စည်းရုံးသည်။ သူစည်းရုံးပုံမှာ စာနှင့်စည်းရုံးခြင်း ဖြစ်သည်။ သူ၏ ရည်ရွယ်ချက်များကို ဖော်ပြ၍ ကျောင်းသားလူငယ်များထံ စာရေးအကြောင်းကြားသည်။ သူနှင့် သဘောချင်းတူသော လူငယ် ဆယ့်လေးငါးဦးခန့် ရသောအခါ ံမငနည္ဟိပ ဃသမမနျစသညိနညခန ဃူကဘ ဟူ၍ တည်ထောင်သည်။ ထိုကလပ်သို့ ဝင်ရောက်သော လူငယ်တို့သည် တလတကြိမ် ဆိုဘိသကဲ့သို့ အချေအတင် ဆွေးနွေးပွဲတို့ကို အင်္ဂလိပ်လိုရေး၍ ကိုသိန်းထံ ပေးပို့ရသည်။ ဥပမာ–ဒဒကလောင်စွမ်းသည် ဓားစွမ်းထက် ထက်သည်” အကြောင်းရပ်ကို မူတည်၍

www.myanmarcupid.net

အဆိုအချေ တင်သွင်းရေးသားရသည်။ ယင်းအဆိုအချေ တို့ကို ဖတ်ရှုပြီးလျှင် ကိုသိန်းက ဒိုင်သူကြီးသဖွယ် အဆုံးအဖြတ်ပေးယင်း စာသွား စာလာ အမှားအယွင်း များကို ပြုပြင်ပေးသည်။ လူငယ်တို့၏ ဆင်ခြင်ဉာဏ်တိုးပွားစေခြင်းငှာ အကြံဉာဏ်များကိုလည်း ပေးသည်။

ထိုကလပ် အောင်မြင်လာသောအခါ ကလပ်ဝင် အသင်းသားတို့၏ အင်အားကိုယူ၍ ၁၉၂၆–ခု မေလတွင် လူငယ်များ ကြီးပွားရေးအသင်းကို တည်ထောင်လေသည်။

ကျွန်တော်သည် ထိုကလပ် အသင်းဝင်ဖြစ်ခဲ့ပါသည်။ သို့သော် မူလကပါဝင်သူတို့ကို စာနှင့်သာလျှင် အမည်အားဖြင့်သိသည်။ ကိုသိန်းကိုပင်လျှင် ထိုစဉ်က မမြင်ဖူးသေးပါ။ ကြီးပွားရေးအသင်း ပေါ်ပေါက် လာသောအခါကျမှ ကိုသိန်းကိုလည်းကောင်း၊ ကိုလှကိုလည်းကောင်း၊ ကိုမျိုးမင်းစသော အခြားကလပ်ဝင်တို့ကို လည်းကောင်း လူချင်းသိကျွမ်းလာလေသည်။ အထူးသဖြင့် ကိုလှနှင့် ရင်းနှီးခဲ့ရသည်။ နောင်သောအခါ ကြီးပွားရေးအသင်းမှ စာစောင်တခု ထုတ်ဝေရန်အကြောင်း ပေါ်ပေါက်သည်။ ထိုအခါ ဤကိစ္စနှင့် စပ်လျဉ်း၍ ကိုလှနှင့် ထပ်မံဆုံစည်းသည်။ မှတ်မိသရွေ့မှာ ထိုအချိန်အခါ၌ ကိုလှသည် ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းကို စတင်လုပ်ကိုင်နေပြီ။ ထိုစဉ်က ကျွန်တော်တို့မှာ



www.myanmarcupid.net

အသက်နှစ်ဆယ်မျှပင် မပြည့်တတ်သေးပါ။ ကျွန်တော်ဆိုလျှင် တက္ကသိုလ်မှာ ဆရာဝန်ဖြစ်မလားဟု ကြံစည်၍ ဖားခွဲနေဆဲ ဖြစ်ပါသည်။ ကျွန်တော့်အဖို့မှာ ကျောင်းသား အရွယ်မျှသာ ရှိသေးသော ကိုလှကို ကြည့်ပြီးလျှင် သူ၏လုပ်ငန်းကို အားကျမိခဲ့ပါ၏။ သို့သော် အသေအချာ စဉ်းစားလိုက်သောအခါ ကျွန်တော်သည် သူ့လို လုပ်တတ် ကိုင်တတ်လိမ့်မည် မဟုတ်ဟု စဉ်းစားမိပါသည်။ ကိုလှသည် ထိုစဉ်ကပင် အလုပ်ကို အေးအေးလူလူလုပ်၍ စကားကို ပြေပြေပြစ်ပြစ် ပြောဆိုကာ စာပေထုတ်လုပ်ခြင်းကို ဝါသနာအလျောက် နိုင်နင်းစွာ လုပ်ကိုင်နိုင်သောသူဟု ကျွန်တော်တွက်ဆခဲ့ပါ၏။ ထို့ကြောင့် နောင်သောအခါ ကိုလှက သူမန္တလေးတွင် ဒေါ်အမာနှင့် အိမ်ထောင်ကျပြီး ကြီးပွားရေးမဂ္ဂဇင်းကို ထုတ်ဝေမည်ဟု အကြောင်းကြားသောအခါ ကျွန်တော်ကလည်း သူ့ကို အားပေးခဲ့ပါ၏။ ယခုအခါ ကျွန်တော် သည်လည်း မြန်မာစာပေလောကထဲသို့ တက္ကသိုလ်ကျောင်းသား တဦးအဖြစ်ဖြင့် ဝင်ရောက်ခဲ့ပါပြီ။ ကျွန်တော် သင်ယူခဲ့သော ဖားခွဲအတတ်ပညာတို့သည် ကော်မရှင်နာလမ်းရှိ ရန်ကုန်ကောလိပ် ကျောင်းဟောင်းတွင် ကျန်ရစ်ခဲ့ပြီ။ ကျွန်တော်သည် မူလက ကျောင်းဆရာလုပ်ခဲ့၏။ လုပ်သက်မှာ

www.myanmarcupid.net

တနှစ်မျှသာ ရှိပါသည်။ ဤအတောအတွင်း တောက်တိုမယ်ရ ကလေးများကို ဂန္ထလောက မဂ္ဂဇင်းနှင့် ကြီးပွားရေးမဂ္ဂဇင်းများတွင် ရေးသားခဲ့ပါသည်။ ဤသည်မှစ၍ မြို့အုပ်ဖြစ်လာသောအခါ လုပ်ငန်းသဘောအရ တောလည်ယင်းနှင့် မြို့အုပ် ဘဝတွင်တွေ့ရသော လောကကြီး၏ ကမောက်ကမများကို ကဗျာဖွဲ့ကာ ရေးသားခဲ့သည်။ ဤသည်တွင် ကြီးပွားရေးမဂ္ဂဇင်း၌ ဒမြို့အုပ်မင်းဆို ဘုံရှုံကဗျာ'များသည် ပေါက်ဖွားလာခဲ့လေသည်။ ဤသည်မှစ၍ ကိုလှက မကြာခဏ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာတို့ကို တောင်းဆိုခဲ့ရာ ရံဖန်ရံခါ ဆိုသလို ရေးသားခဲ့ယင်း သူနှင့် ကျွန်တော်တို့ နှစ်ဦးမှာ တိုင်ပင်ဖော် တိုင်ပင်ဖက် မိတ်ဆွေရင်းချာများ ဖြစ်လာကြပါသည်။ သူနှင့် ကျွန်တော်မှာ အမှန်စင်စစ် တကျွန်းဆီနေ၊ တမြေဆီခြားသော်လည်း စာပေရေးရာ ကိစ္စများတွင် တိုင်ပင် ဆွေးနွေးလေ့ ရှိပါသည်။

ကျွန်တော်မှတ်မိပါသေးသည်။ တရံတခါသော် ကိုလှက မင်းတုန်းမင်းခေတ် မြန်မာပညာတော်သင် တဦး၏ မြန်မာလိုရေးသားထားသော လေ့ကျင့်ခန်း တခုကို ကျွန်တော့်အား ပြပါသည်။ ကျွန်တော်တို့သည် ထိုမှတ်တမ်းကို ကြည့်ပြီးလျှင် ဆက်လက်သုတေသန ပြုဖို့ရန် အကြံရခဲ့ကြ၏။

www.myanmarcupid.net

သို့သော် အခွင့်မသာသဖြင့် ဘာမျှ မလုပ်နိုင်ခဲ့ပါ။ စစ်ကြီးပြီး၍ ကိုလှနှင့် ပြန်လည်တွေ့ဆုံသောအခါ ယင်းစာမူမှာ ပျောက်ဆုံးပြီ ဖြစ်သောကြောင့် ကျွန်တော်တို့ နှမြောတသရုံမှတပါး ဘာမျှ မတတ်နိုင်ခဲ့ပါ။ ထိုစဉ်က ကျွန်တော်တို့ ဆက်လက်၍ ရှာဖွေရေး ပြုနိုင်ခဲ့လျှင် ဖန်ချက်ဝန်၊ သံချက်ဝန်၊ ပန်းတဉ်းဝန်တို့၏ အကြောင်းများကို ဖော်ထုတ် နိုင်ကြမည် ဖြစ်သည်။ ကြီးပွားရေးမဂ္ဂဇင်း ထုတ်ဝေလျက်ရှိစဉ်က ကျွန်တော်သည် ယင်းမဂ္ဂဇင်းကို အားကိုး၍ စာပေများကို ရေးသားမည်ဟု စိတ်ကူးထုတ်ခဲ့ဖူး၏။ သို့သော် လောကကြီးမှာ ကြံစည်တိုင်းသာ ဖြစ်ရမည်ဆိုလျှင် အားလုံး သာယာနေမှာပေါ့။ ယခုတော့ ဒုတိယကမ္ဘာစစ် ဖြစ်လာသောအခါ ကိုလှတို့တတွေ မန္တလေးမှ တိမ်းရှောင်ယင်း ဒုက္ခအထွေအထွေ ကြုံဘိသကဲ့သို့ ကျွန်တော်လည်း တောင်ကုပ်မှ လပ္ပတ္တာသို့အရောက် မိဘရပ်ဌာန် ပြန်ပြေးယင်း ဒုက္ခအထွေထွေကို တွေ့ကြုံခဲ့ရ၏။ ထို့နောက် သူ့အကြောင်းလည်း ငါမသိ၊ ငါ့အကြောင်း သူမသိ ဖြစ်ခဲ့ကြရလေသည်။ နောင်သောအခါ ကျွန်တော်တို့ နှစ်ဦးသား ခေတ္တဆိုသလို မကြာခဏ ပြန်လည် တွေ့ဆုံခဲ့ရပါ၏။ သို့သော် တခါမျှ အေးအေးချမ်းချမ်း စကားလက်ဆုံ ပြောကြရသည်မရှိ။

www.myanmarcupid.net

ယခုအခါ ကျွန်တော်တို့ လွတ်လပ်ရေး ရခဲ့ကြပါပြီ။ ထို့ကြောင့် ငယ်စဉ်ကာလက ရည်မှန်းခဲ့သော စာပေလုပ်ငန်း အကြောင်းကို တိုင်ပင်ချင်ပါသည်။ သို့သော် အခြေအနေကား မပေးခဲ့ပါ။ လူထုသတင်းစာကို ပြောင်ပြောင်မြောက် စွာ ထုတ်ဝေနေသော သတင်းစာဆရာ လူထုဦးလှမှာ ထောင်ထဲရောက်နေပါသည်။ ထိုစဉ်က ကျွန်တော်သည် မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် သတင်းစာဆရာများ အသင်းတွင် အမှုဆောင် တဦးဖြစ်သည့် အားလျော်စွာ ဦးလှကို ရန်ကုန်ထောင်ထဲဝင်၍ တွေ့ခွင့်ရခဲ့ပါ၏။ ကျွန်တော့်စိတ်ထဲတွင် ဦးလှသည် ထောင်အရသာကို ခါးသီးစွာမျိုယင်း စိတ်ပျက်နေမလားဟု ထင်မှတ်မှားခဲ့ပါ၏။

သို့သော ကြည့်ပါ။ ကိုလှသည် ဘောင်းဘီတိုကိုဝတ်၍ လက်ထဲမှာ ဘော့လုံးကိုင်ကာ ပါးစပ်က ဝီစီကို မှုတ်ယင်း ကျွန်တော်တို့ သတင်းစာဆရာများကို လာတွေ့သည်။ သူယခုဘော့သင်း ကပ္ပတိန်ဖြစ်နေပြီ။ သူနှင့် အတူ ထောင်ထဲရောက်နေသော မိတ်သဂ်ဟများကို စုစည်း၍ ဘော့လုံးအသင်း ထောင်နေသည်။ သူ့မျက်နှာကား အပြုံးမပျက်ချေ။ လောကဓံကို ခံနိုင်ရည်ရှိသော ဂုဏ်သတ္တိများကို ကျွန်တော် တွေ့ခဲ့ရသည်။

www.myanmarcupid.net

ထောင်အပြင်ဘက် သို့ ရောက်လာပြီးနောက် လုပ်ငန်းဆောင်တာများ အဆင်ပြေလာပြန်သည်။ ထိုအခါ ၌လည်း ရန်ကုန်မှာဖြစ်စေ၊ မန္တလေးမှာဖြစ်စေ ကျွန်တော်တို့ တွေ့ဆုံကြသည်။ သို့သော် "ငါယခုမှပြန်လည် အခြေစိုက်နိုင်ပါပကော"ဟူသော သဘောထားနှင့် ဝင့်ဝါခြင်း ဟူ၍လည်းမရှိ။ နဂိုမူလအတိုင်းပင် ဆင်းရဲဒုက္ခ ကိုခံနိုင်ဘိ သကဲ့သို့ တဒင်္ဂအားဖြင့် ချမ်းသာသောဒုက္ခကိုလည်း ခံနိုင်ခဲ့သည်။ ထို့နောက်မူကား လူ့သဘာဝ အတိုင်း သုခဒုက္ခအမျိုးမျိုးကို တွေ့ကြုံခဲ့ရသော်လည်း ကိုလှသည် သူ့မူလအတိုင်း ကိုလှပင် ဖြစ်နေလေသည်။ ကျွန်တော်တို့ ငယ်စဉ်က ဗလငါးတန်နှင့် ပြည့်စုံ၍ ပရဟိတ လုပ်ငန်းတို့ လုပ်ဆောင်ယင်း တိုင်းပြည် ကြီးပွားအောင် ဆောင်ရွက်ကြမည်။ တိုင်းပြည်ကြီးပွားလျှင် မိမိလည်း ကြီးပွားမည်၊ မိမိကြီးပွားလျှင် တိုင်းပြည်ကို အထောက်အပံ့ပြုမည် အစရှိသော စိတ်ဓာတ်များဖြင့် အမျိုးမျိုး စိတ်ကူးယဉ်ခဲ့ကြပေသည်။ မအောင်မြင်ပဲ အချည်းနှီးဖြစ်ရသူတို့လည်း ရှိကြပါ၏။ စင်စစ် ကျွန်တော်တို့ လူလာဖြစ်သည်မှာ မိမိဖြစ်ချင် သလိုဖြစ်ဖို့ မဟုတ်ပါ။ ကံတည်းဟူသော ဓာတ်ဆရာက သည်လိုက၊ သည်လိုခုန်၊ သည်လိုပြော၊ သည်လိုဆို၊ သည်လိုငို၊ သည်လိုရယ်ဟု

www.myanmarcupid.net

အမိန့်ပေးသမျှကို တသဝေမတိမ်း လိုက်နာကပြဖို့ရာ လူဖြစ်လာရ ခြင်းပေတည်း။ ဤကဲ့သို့သော အခြေအနေတွင် လောကခံနှင့် ရင်ဆိုင်ရသောအခါ မတုန်လှုပ်ဖို့ရာ အရေးကြီးပါသည်။ ကျွန်တော်တို့ အားလုံး ပုထုဇဉ်များ ဖြစ်သည့် အားလျော်စွာ ချမ်းသာဖြစ်ဆင်းရဲ ဖြစ်ရသည့်အခါ အနည်းနှင့် အများ တုန်လှုပ်မိကြပေလိမ့်မည်။ သို့သော် ယောနိသော မနသိကာရဟူသော သဘောဖြင့် ကြွန်ကို ထိန်းချုပ်လျှင် လောကခံကို ကြံ့ကြံ့ခံနိုင်ပြီဟု ဆိုနိုင်ပါသည်။ လောကခံကို ကြံ့ကြံ့ခံနိုင်ခြင်းသည် မင်္ဂလာ ဖြစ်ပါသည်။ ကိုလှသည် ဤမင်္ဂလာတရားနှင့် ပြည့်စုံသည်ဟု တွေးတောမိပါ၏။

မောင်ထင်

www.myanmarcupid.net




*"တော်ဘုရားကလေး စာပြန်ရေးနိုင်ဖို့ ကြိုးစားပါအုံး၊*
*အခက်အခဲ တွေတော့ ရှိတာပေါ့၊ ကျွန်တော့် အနေနဲ့လဲ*
*ဒါမျိုးတွေ ရှိခဲ့တာပဲ၊ ဒါပေမယ့် ဒီကြားထဲကပဲ ရသလောက်*
*လုပ်ကြရမှာပဲ၊ ကျွန်တော်တော့ တတ်နိုင်သလောက် ကိုယ့်နိုင်ငံ၊*
*အထူးသဖြင့် ကိုယ့်တိုင်းရင်းသာ သွေးချင်းတွေအကြောင်း*
*သိစေချင်လို့........"*

www.myanmarcupid.net

'မသိကြ မတွေ့ကြဖူးတဲ့ လူချင်းစတွေ့ကြယင် အလွှာပသလွှာပသာ ပြောလေ့ရှိကြပြီး ချက်ချင်းလက်ငင်း ထမင်းလက်ဆုံ စားလေ့စားထ မရှိကြဘူးလို့ နားလည်ထားပေမယ့် လူထုဦးလှနဲ့ လူထုဒေါ်အမာ တို့ကို ကျွန်တော် စတွေ့တဲ့နေ့မှာပဲ တယောက်နဲ့တယောက် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ယုံယုံကြည်ကြည်နဲ့ လူမှုရေး ရော နိုင်ငံရေးတွေပါ ပြောကြယင်း ထမင်းလက်ဆုံ စားဖြစ်ခဲ့ကြတယ်။ တရုတ်ဖြူကျူးကျော်မှုနဲ့ နယ်ချဲ့ ဆန့်ကျင်ရေး အမျိုးသား ကော်မတီရဲ့ တာဝန်ပေးချက်အရ မန္တလေး၊ စစ်ကိုင်း၊ ရွှေဘိုတို့မှာ လူထုတရားပွဲတွေ ကျင်းပဖို့ သုံးယောက်အဖွဲ့ မန္တလေး ရောက်ခဲ့တုန်းကပေါ့။ ၁၉၆၁-ခုနှစ် ထင်ပါရဲ့။အဲဒီတုန်းက ဦးလှက ကျွန်တော်တို့ သုံးယောက်နဲ့အတူ ထမင်းဝင်စား ပေမယ့် နိုင်ငံခြား အတော်များများ ရောက်ခဲ့ဖူးပြီး ခေတ်မီနေတဲ့ဒေါ်အမာက မြန်မာ့ ယဉ်ကျေးမှုနဲ့အညီ အတူဝင်မစားပဲ ထမင်းဟင်းလိုက် ယပ်ခတ် ပေးယင်းဧည့်ခံနေလေရဲ့။ ကျွန်တော်မှတ်မိသလောက်တော့ မန္တလေးမှာ ရှားပါးလှတဲ့ ပုစွန်တုပ် ဟင်းက ခံတွင်းတွေ့လှသကိုး။လူထု အကျိုးဆောင် သူတွေကို လူထုကိုယ်စား ပြုစုလေ့ရှိတဲ့ လူထု ဦးလှ။

www.myanmarcupid.net

ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရှာပနမှာ တွေ့ကြပြန်တော့ ဦးလှက ကျွန်တော့်ကို မထိတထိ စတတ်နေပြီ။

“ဆရာကြီးက သခင်ထိပ်တင်ကိုယ်တော်ကြီးနဲ့ ပတ်သက်ပြီး ပြောဖူးတယ် ခင်ဗျ၊ သခင်တွေ ချင်းတောင်တက် တရားဟောကြတော့ ပရိတ်သတ် မများလို့ သခင် ထိပ်တင် ကိုယ်တော်ကြီးကို နောက်တခေါက် အပါခေါ်သွားတော့မှ လာလိုက်ကြတဲ့လူတွေ တောအထပ်ထပ် တောင်အသွယ်သွယ် ထမင်းအိုး ဟင်းအိုးတွေနဲ့ မင်းသားဖူးချင်ကြလို့တဲ့။ အင်္ဂလိပ်ခွေးမသားတွေရဲ့ အနိုင်ကျင့်တာ ခံထားကြရတဲ့ မင်းမျိုးမင်းနွယ်တွေကို ရှာဖွေရှင်လူ ကြည်ညိုရင်းစွဲ ရှိကြတာကိုး။ ဆရာတို့ကတော့ ထိပ်တင်ကိုယ်တော်ကြီး အကြောင်း သိပြီးသား။ သူက လူချောလူခန့်ကြီးကလား။ ဒီတော့ ဘာတဲ့–သွားလေရာ အိမ်ထောင်ကျရပါစေရဲ့ ဆိုသလို ဒီဘက်မှာ အတော် အကျိုးပေးတယ်။ ဒီတော့ ဆရာတို့က သူ့ကို ကြိုတင် ပြောထားရတယ်၊ ကိုယ်တော်ကြီးနော်၊ တရားပွဲပြီးတဲ့အထိတော့ အိန္ဒြေရရ နေပါလို့၊ နောက်မှ သရမ်းချင်သပဆိုယင် သရမ်းလို့။ အဲဒီလို ဆိုတော့ ထိပ်တင်ကိုယ်တော်ကြီးနဲ့ တော်ဘုရား ကလေးတို့က အမျိုးတော်စပ်နေလို့ ......” ဦးလှက စကားကို ရပ်ထားလိုက်ပြီး ပြုံးစိစိ လုပ်နေလိုက်တယ်။

www.myanmarcupid.net

ရဲဘော်ကြီးထွန်းတင် (ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့၊တရားရုံးချုပ်ရှေ့နေကြီး)က သူ့အသားဖြူဖြူ၊ ပန်းနုရောင် ပြေးလောက်အောင် အားနာသွားပြီး ဒီလို ဆက်ပြောလိုက်တယ်။

"ကျွန်တော်တို့ မင်းသားကြီးက မင်းမျိုးမင်းနွယ် ဖြစ်ပေမယ့် ပြည်သူ့ဘက်ရောက်နေပြီမို့ မင်းသား ချင်းတူပေမယ့် အသက်ရှူတော့ ကွာပါတယ်"

ဦးလှက ကျွန်တော့်လက်မောင်းကို တရင်းတနှီးကိုင်ယင်း......

"တော်ပါသေးရဲ့"တဲ့။ ပုံပြောကောင်းသလို လက်တွေ့ပညာပေးကောင်းတဲ့ လူထုဦးလှ။ပြည်သူတွေနဲ့ လက်တွဲမိအောင် ကျွန်တော့်ကို စိတ်ရှည်လက်ရှည် ရေရှည် ကြိုးစားပြီး ဆောင်ရွက် ပေးခဲ့သူ ရဲဘော်ကြီး သခင်....ဟာ ပြည်တွင်းငြိမ်းချမ်းရေး လှုပ်ရှားမှုနဲ့ ပတ်သက်ပြီး မန္တလေးမှာ အဖမ်းခံလိုက် ရတယ်။ ဒီရဲဘော်ကြီးဟာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနဲ့ သခင်ထိပ်တင် ကိုယ်တော်ကြီးတို့နဲ့ တောက်လျှောက် နီးနီးကပ်ကပ် ဆောင်ရွက်လာခဲ့သူ ဖြစ်တယ်။ ရိုးသားတယ်။

ပြည်သူ့အပေါ်ဘယ်တုန်းကမှသစ္စာမဖောက်ခဲ့။ဘွဲ့ထူးဂုဏ်ထူးငွေတွေနဲ့ သူ့ယုံကြည်ချက်ကို မလဲခဲ့ပဲ ဆင်းရဲသားရပ်ကွက်မှာ

www.myanmarcupid.net

တဲငယ်နဲ့ ဇနီး သားသမီး မြေးတွေ တပြုံတခေါင်းကြီးနဲ့ နေယင်း ချို့ချို့တဲ့တဲ့ ကွယ်လွန်ခဲ့ရှာတယ်။ သူဟာ ကိုကိုးကျွန်းပြန် လဲဖြစ်တယ်။ ဒီမိုကရေစီပါတီတခုရဲ့ ဥက္ကဋ္ဌလဲဖြစ်ခဲ့တယ်။ သူ့ကို ကျွန်တော်က ချစ်ခင်လေးစားလှပါတယ်။ ဒီလောက်ရင်းနှီးလှတဲ့ ရဲဘော်ကြီး အဖမ်းခံနေရတုန်း သူ့သမီးကြီးခမျာ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်ခဲ့ရ ရှာတယ်။ ကြည့်ပါ၊ အဖမ်းခံရတဲ့ တချို့ရဲဘော်တွေနဲ့ မိတ်ဆွေတွေရဲ့ ဇနီး သားသမီးတွေဟာ ဘဝတိုက်ပွဲ ဒဏ်ကြောင့် မလွဲမရှောင်သာ အိမ်ထောင်ရေး ချို့ယွင်းလေ့ရှိကြတာ အနည်းနဲ့ အများပဲ မဟုတ်လား။

ရဲဘော်ကြီးရဲ့ ဇနီးဟာ ခေါင်းမီးတောက်လောင်နေရှာတာပေါ့။ မကြာခင်ကမှ သားကလေးတယောက် ဟာ အဟာရပြတ်ပြီး ဆုံးပါးခဲ့ရပြီ။ တဲငယ်အမိုးကလဲ ကြယ်မြင်လမြင် ဖြစ်နေပြီ။ ကျောင်းတွေပြန်ဖွင့်တော့ မှာမို့ ကလေးတွေရဲ့ စာအုပ်ဖိုး၊ မုန့်ဖိုး၊ အဝတ်အစားဖိုး၊ ခရီးစားရိတ်တွေအတွက် ငွေရှာချီလိုလာပြီ။ ခင်ပွန်း အဖမ်းခံနေရတာလဲ နှစ်ချီနေပြီ။ စားဝတ်နေရေး မပြေလည်တိုင်း ရဲဘော်တွေနဲ့ မိတ်ဆွေတွေဆီက အကူအညီ တောင်းရတာဲ မျက်နှာပူလှပြီ။ ကျွန်တော်က ရင်းရင်းနှီးနှီးနဲ့ အကူအညီအပေးဆုံးမို့ ကျွန်တော့်အိမ်ကို နေ့တိုင်း လိုလိုလာပြီး သူ့သမီးကြီး အကြောင်း ပြောလေ့တိုင်ပင်လေ့

www.myanmarcupid.net

ရှိတယ်။သိပ်မကြာပါ။

တိကျတဲ့ သတင်းရပြီ။ သူ့သမီးကြီး မန္တလေးရောက်နေသတဲ့။

ဒီအတောအတွင်း ရဲဘော်ကြီးတင်ရွှေ (မုံရွာဦးတင်ရွှေ၊ တရားရုံးချုပ်ရှေ့နေကြီး) ကမန္တလေးမှာ မင်္ဂလာဆောင်တော့မယ်။ ကျွန်တော်ကလဲ မန္တလေးကို ဟိုသမီးကြီးကိစ္စနဲ့ သွားတော့မလို့။ ရဲဘော်ကြီးထွန်းတင်၊ လင်းယုန်မောင်မောင်နဲ့ ကျွန်တော်တို့ သုံးယောက် တချက်ခုတ် နှစ်ချက်ပြတ် သဘောနဲ့ မန္တလေးကို အတူ တက်ခဲ့ကြတယ်။

လူထုတိုက်ကို ကျွန်တော်တို့ ရောက်သွားကြတယ်။ ဦးလှ နေမကောင်းလို့ သူ့အိပ်ခန်းထဲ သွားတွေ့ ကြတယ်။ အကျိုးအကြောင်း သိရတော့ ဟိုသမီးကြီးရောက်နေတဲ့ ဌာနက တာဝန်ခံဆီ ချက်ချင်း စာရေးပေး လိုက်တယ်။ ကျွန်တော်တို့ ပြန်ကြဖို့နှုတ်ဆက်တော့ ဦးလှကသူပါလိုက်မယ် ပြောယင်း တိုက်ပုံအကျႌကောက်ဝတ် လိုက်လာပါရော။ အောက်ရောက်တော့ စာမူတွေ၊ ဇည့်သည်တွေ ဝိုင်းဝိုင်းလည်နေတဲ့ ဒေါ်အမာက တအံ့ တဩနဲ့ "ဖြစ်ပါ့မလား"လို့ မေးလိုက်တာကို "ဒီနားတင်လေးပါ"လို့ ပြုံးပြီးဖြေယင်း ကျွန်တော် တို့နဲ့အတူ ထွက်လာခဲ့ကြတယ်။ ဟိုသမီးကြီးကလဲအရွယ် ကောင်းကောင်း၊ တုတ်တုတ်ခဲခဲလေးဆိုတော့ ကျွန်တော်တို့အားလုံး

www.myanmarcupid.net

စိုးရိမ်ကြရတာပေါ့။ ဦးလှက သူ့ရှူဆေးဗူးကို မကြာခဏထုတ်ရှူနေလို့ စိတ်ပူကြရသေး။ ဒါပေမယ့် သူကတော့ "ကိစ္စမရှိပါဘူးဗျာ၊ သူ့အဖေမရှိတုန်း ကူညီကြရမှာပေါ့"လို့ ပြုံးပြုံးကြီး ပြောလိုက်သေးရဲ့။ ဟော–ဟိုသမီးကြီးကို တွေ့ပါပြီ။

သူ့ခမျာ ကျွန်တော့်ကို တွေ့တွေ့ချင်း ခြေထောက်ဖက် ကန်တော့ယင်း ငိုရှာတယ်။ "ဖေဖေသာ သိယင် ရင်ကျိုးမှာပဲနော်၊ သမီးမိုက်ပါတယ်ရှင်၊ ပေးချင်တဲ့ အပြစ်ပေးပါ၊ ဦးလေးကို အဖေအရင်းလိုပဲ သဘောထားပါတယ်"လို့ ရှိုက်ကြီးတငင်ငိုပြော ရှာတယ်။ ကျွန်တော်တို့က သူနားလည်အောင် အချိန်ယူ ပြောကြပြီး သူလိုအပ်သလို သုံးဖို့ ငွေပေးခဲ့ကြရာမှာ ဦးလှက အများဆုံး ထည့်ဝင်လိုက်သေးတယ်။ သူ့ကို ကျွန်တော် ကိုယ်တိုင် ဦးလှဆီ အပ်ခဲ့တယ်။ မကြာခင်မှာပဲ ဆေးတိုက်တတိုက်မှာ အိမ်ဖြေ့ရရ သူနာပြုဆရာမ အလုပ် ရပါပြီ လို့ လိမ္မာလာတဲ့ ဟိုသမီးကြီးဆီက စာရတော့တာပါပဲ။

လူထုကြားထဲရောက်ယင် ဒုက္ခရောက်နေကြရသူတွေကို ကူညီလေ့ရှိတဲ့ လူထုဦးလှ။

www.myanmarcupid.net

"တော်ဘုရားကလေး အတော်စာရေးနိုင်ခဲ့တာပဲ၊ ကျွန်တော် မှတ်မိနေတာကတော့ ပတ္တမြားငမောက်ကို အကြောင်းပြု ရေးထားတဲ့ ဝတ္ထုတိုကလေး၊ ရှုမဝလား၊ ပဒေသာလားပဲ" ဦးလှက ထုံးစံအတိုင်း သူ့ဆံပင်ကို ဖွလိုက်ယင်း မေးလိုက်တယ်။

"ပဒေသာပါ နောင်ကြီး" (ပဒေသာမဂ္ဂဇင်း၊ ဖေဖော်ဝါရီ ၁၉၄၉)။

"ရှုထောင့် ဂျာနယ်ထဲမှာလဲ ဟီရိုရှီးမားနေ့နဲ့ ပတ်သက်တဲ့အကြောင်း ရေးသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဆိုင်ယိုနားရား မြို့တော်နီ ဆောင်းပါးပါ နောင်ကြီး" (ရှုဒေါင့်ဂျာနယ်၊ ဩဂုတ်လ ၁–ရက်၊ ၁၉၇၃) သူ့ကို ကျွန်တော် အံ့ဩနေမိတယ်။ အတော်မှတ်မိတာကိုး၊ နှစ်ပေါင်း ၃၀ ကျော်နေမှပဲ။

"တော်ဘုရားကလေးရေးတဲ့ သီပေါမင်းဆက် အတွင်းရေးများ စာအုပ် ၁၉၅၉ကို ထပ်တိုးချဲ့ရေးယင် ကောင်းမယ်ထင်တယ်ဗျ၊ မန်းရာပြည့်နဲ့ ကြုံခဲ့လို့ စိတ်ဝင်စားကြတဲ့ သံဃာတော်တွေနဲ့ လူတွေ လာမေးကြ သေးတယ်၊ ရှိသေးလား၊ ရှိယင်ပေးထားပါအုံး"

www.myanmarcupid.net

ဒေါ်အမာကလဲ ကျွန်တော်ရေးတဲ့ သီပေါမင်း လောင်းတော်တိုက်ပွဲ ဆောင်းပါး (မိုးဝေစာပေမဂ္ဂဇင်း ဒီဇင်ဘာ ၁၉၈၀) ဖတ်လိုက်ရလို့ ဒီလို ပြည်သူကမသိသေးတဲ့ သမိုင်းအဖြစ်အပျက်တွေနဲ့ နယ်ချဲ့ဆန့်ကျင်ရေး တွေကို ဆက်ရေးဖို့ တိုက်တွန်းလိုက်သေးရဲ့။

"တော်ဘုရားကလေး စာပြန်ရေးနိုင်ဖို့ ကြိုးစားပါအုံး၊ အခက်အခဲ တွေတော့ ရှိတာပေါ့၊ ကျွန်တော့် အနေနဲ့လဲ ဒါမျိုးတွေ ရှိခဲ့တာပဲ၊ ဒါပေမယ့် ဒီကြားထဲကပဲ ရသလောက် လုပ်ကြရမှာပဲ၊ ကျွန်တော်တော့ တတ်နိုင်သလောက် ကိုယ့်နိုင်ငံ၊ အထူးသဖြင့် ကိုယ့်တိုင်းရင်းသာ သွေးချင်းတွေအကြောင်း သိစေချင်လို့ တိုင်းရင်းသားပုံပြင်တွေ တသီတသန်းကြီး ထုတ်ဝေခဲ့တာပေါ့။ အင်္ဂလိပ်ရဲ့ Divide and Rule (သွေးခွဲအုပ်ချုပ်) ပေါ်လစီကြောင့် တိုင်းရင်းသား အချင်းချင်း အခုထိ ခိုးလို့ခုလု ဖြစ်ချင် နေကြသေးတယ်လေ"

ဒီနေရာမှာ နောင်ကြီး ဦးလှရဲ့ သဘောထားကို ပြန်တင်ပြပါရစေ။

"ပုံပြင်တွေထဲမှာ လူမျိုးရဲ့ယဉ်ကျေးမှုဓလေ့ထုံးစံတွေ အများကြီးတွေ့နိုင်တာ ကြောင့် နိုင်ငံခြားသားပညာရှင်များက လူမျိုးရဲ့ယဉ်ကျေးမှုကို လေ့လာရာမှာ အစဉ်အဆက်

www.myanmarcupid.net

ရှေးကတည်းက ပြောခဲ့ကြတဲ့ပုံပြင်တွေကို လေ့လာဖို့လိုတယ်လို့ ဆိုပါတယ်။.....ပုံပြင်တွေမှာလူမျိုးတွေရဲ့ ဟန်တွေမာန်တွေ အစုံတွေ့နိုင်တယ် မဟုတ်လား။ .....ဒီပုံပြင်တွေဟာ တကယ်တော့ဘိုးဘွားများရဲ့ အမွေအနှစ်တွေပါ၊ ပြည်ထောင်စု တိုင်းရင်းသား ပုံပြင်တွေဟာ ကျွန်တော်တို့သွေးချင်း တိုင်းရင်းသားအချင်းချင်း ပိုမိုချစ်ကြည်ရေး၊ နိုင်ငံတကာ ပြည်သူတွေနဲ့ ရင်းနှီးရေး ကိုလဲအကျိုးပြုတာဒိဋ္ဌဖြစ်လို့ ပုံပြင်ကြွယ်ဝတဲ့ ဒီနိုင်ငံမှာကိုယ့် ဆန္ဒအတိုင်း ဒီစာပေစုဆောင်းမှု တာဝန်ကိုယူပြီး ကြိုးစားလုပ်ကိုင်နေရတာ ကျွန်တော် အင်မတန်ပျော်ပါ၊ ဝမ်းသာပါတယ်။ ပုံပြင်တွေဖတ်ပြီး ပျော်နိုင်ကြပါစေ၊ သခ်န်းစာများ ယူနိုင်ကြပါစေ။"

(ကချင်ပုံပြင်များ ဒုတိယတွဲ၊ ၁၉၇၅)

"ပုံပြင်နဲ့လူ့အဖွဲ့အစည်းဟာ ခွဲလို့မရဘူး။ ပုံပြင်တွေဟာ ပြည်သူတွေ ကြားထဲက ထွက်လာတာတွေ၊ ပြည်သူတွေကိုယ်တိုင် ပြောတာတွေ ပဲကိုး။.....တိုင်းရင်းသားများ အချင်းချင်း တဦးကိုတဦး သိနားလည်ရေး၊ ချစ်ကြည် သွေးစည်းရေး၊ ရိုးရာယဉ်ကျေးမှု ဖော်ထုတ်ရေး စတဲ့ ရည်ရွယ်ချက်တွေနဲ့...... (ပအိုး ပုံပြင်များ၊ ၁၉၇၇)"



www.myanmarcupid.net

"ကိုင်း–သားကြီးတို့ ညီအကိုသုံးယောက် (ကျွန်တော်ရဲ့ မြေးသုံးယောက်) အတွက်ပုံပြင်စာအုပ်တွေ လက်ဆောင်ပေး လိုက်မယ်နော်၊များများဖတ်ကြပေါ့၊

ဒါမှဗဟုသုတပြည့်စုံကြမယ်၊ ပညာရွှေအိုးလူမခိုးတဲ့" ဦးလှက သူရေးထားတဲ့ တိုင်းရင်းသား ပုံပြင်များ စာအုပ်တထပ်ကြီးယူလာပြီး ကျွန်တော်ရဲ့ မြေးသုံးယောက် နာမည်တွေရေးဖို့ လုပ်ယင်းက.....

"မေးပါရစေတော့ တော်ဘုရားကလေး၊ ဒေဝီ (ကျွန်တော်ရဲ့သမီးကြီး) နောက်မွေးမယ့်ကလေး (သမီးကြီးက ကိုယ်ဝန်ငါးလလောက် ရှိနေပြီ) နာမည်ရွေးထားပြီးပြီလား၊ ဒီမှာတခါတည်း ရေးလိုက်မယ်လေ" တပ်ထားတဲ့ စာကြည့်မျက်မှန်ကို ဖြုတ်ပြီး လှမ်းမေးလိုက်လို့ အားလုံးဝိုင်းရယ် လိုက်ကြရပါတယ်။

သူရေးလိုက်တယ်။

*ကျော်သီဟ*

*ကျော်သူရိန်*

*အောင်စည်သူတို့အတွက် မေတ္တာလက်ဆောင်*

*မောင်လှ*

*၆–၂–၈၂*

www.myanmarcupid.net

ပြည်ချစ်စိတ်ဓာတ် တိုးတက်ရေး၊ တိုင်းရင်းသားချင်း သွေးစည်းညီညွတ်ရေးနဲ့ နိုင်ငံတကာ ပြည်သူ တွေနဲ့ ချစ်ကြည်ရေးကို ရှေ့ရှုတဲ့ လူထုဦးလှ။

"ခင်ဗျားခြေထောက်ကို ဂရုစိုက်နော်၊ ခြေကဖုန်နဲ့ အများဆုံးထိတွေ့နေရတော့ မေးခိုင်ပိုး ဝင်နိုင် တယ်။ မေးခိုင်ပိုး ကာကွယ်ဆေး ထိုးထားရဲ့လား"

ဦးတင်မောင် (ဝင်းမော်ဦး) နဲ့ လွန်ခဲ့တဲ့နှစ် ဩဂုတ်လ ၂ရက်နေ့မှာ တွေ့တုန်းက သူ့ခြေဖဝါး အနာတရဖြစ်လို့ ပတ်တီးစည်းထားတာ မြင်တာနဲ့ ကျွန်တော်ပြောမိတာ ဖြစ်ပါတယ်။ သွားယင်းကိစ္စကတော့ ကျွန်တော်နဲ့ဇနီး တို့ မန္တလေးကိုပြန်ကြမှာမို့ လူထုဦးလှနဲ့ဒေါ်အမာတို့ဆီကို ဘာများမှာလိုက်၊ ပေးလိုက်ကြဦးမလဲလို့ ဝင်မေးနေတာဖြစ်တယ်။ "ထိုးပါတယ်၊ ဦးလေးလှ တို့ကလဲ မေးခိုင်ပိုး သတိပေးကြသေးတယ်။ ကျွန်တော်ရဲ့အနာက အသက်နဲ့ အဝေးကြီး၊ ဦးလေးလှအတွက် စိုးရိမ်နေရတာဗျ"

"ဟာ ဘာဖြစ်လို့လဲ၊ သူ့မှာဗိုက်အောင့်တဲ့ရောဂါ ရှိတယ်လေ၊ အတော် သက်သာနေပြီပဲ။ ဒါမျိုးက ထိန်းတတ်ယင်ရနိုင်သားပဲ"

www.myanmarcupid.net

“သူနဲ့ ဒေါ်အမာ ရန်ကုန်ရောက်လာကြပြီး ဒီမနက်ပဲ ပြန်သွားကြတယ်။ ဒီမှာ ရောဂါပြန်ဖြစ်ချင်လို့ နားနားနေနေ နေဖို့ပြောတာ မရဘူးဗျ” သူက သက်ပြင်းရှည်ကြီး ချလိုက်တယ်။

“ဟုတ်တယ်၊ တလောကလဲ မေမြို့တက်၊ စာပေဟောပြောပွဲလုပ်တယ်။ ဆရာသုခနဲ့ ဆရာဇဝန တို့တောင် ပါကြသေးတယ် ထင်ပါရဲ့။ အဲဒီမှာလဲ ဗိုက်အောင့်လာလို့ မော်တော်ကားနဲ့ မပြန်နိုင်ပဲ မီးရထားနဲ့ ပြန်လာရတယ်လို့ ပြောဖူးတယ်”

သူက မန္တလေးနေပေမယ့် ရန်ကုန်ကမိတ်ဆွေတွေနဲ့ မကြာခဏ တွေ့ချင်နေတာ။ သူ့ဆီကို လာကြသလို သူကလဲ သူတို့ဆီ လာချင်နေတာ၊ အခုနေအခါ ဒီလိုပဲ ကိုယ့်အသိုင်းအဝိုင်းဖွဲ့ ပြောဆိုစားသောက် နေကြ ရတာပဲ မဟုတ်လားဗျ”ကျွန်တော်နဲ့ ဇနီးတို့ ဩဂုတ်လ ၄–ရက်မှာ မန္တလေးကို တခေါက်တက်ခဲ့ကြပြန်တယ်။ မန္တလေးရောက်ယင် လူထုတိုက်ကို ဝင်စမြဲ၊ အဲဒီညကလဲ ဝင်ကြမယ်လို့။ ဒါပေမယ့် ညဆယ်နာရီကျော်ပြီး မီးတွေ ပိတ်ထားလို့ မဝင်ဖြစ်တော့။

သူများအတွက် အမြဲ စေတနာ ထားတဲ့ လူထုဦးလှ။

www.myanmarcupid.net

ဦးလှရဲ့ နာမည်ရှေ့မှာ လူထုတပ်ထားတာကတော့ သူတို့ ဇနီးမောင်နှံ တည်ထောင်ကြတဲ့ လူထု သတင်းစာကို အကြောင်းပြုတာ ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ကိုယ်တိုင်က လူထုထဲဆင်း၊ လူထုကောင်းကျိုး ချမ်းသာကို သယ်ပိုးဆောင်ရွက်ကြလို့ လူထုကိုယ်တိုင်က သူတို့ရဲ့ ကိုယ်စားလှယ်အနေနဲ့ လူထုဦးလှ၊ လူထု ဒေါ်အမာလို့ လှိုက်လှိုက်လှဲလှဲ ခေါ်ဝေါ်လာကြတာ ပို အဓိပ္ပါယ် ပြည့်တယ်၊ မှန်တယ်။

လူထုဦးလှနဲ့ လူထုဒေါ်အမာတို့ကို အားကျပြီး တချိန်က ကျွန်တော်ရဲ့ နာမည်ရှေ့မှာလဲ 'လူထု' ပါစေချင်ခဲ့တယ်။ ဒါ့ကြောင့် သူတို့ဆီ ဒီကိစ္စ ရေးပြခဲ့ဖူးတယ်။ လူထုသတင်းစာထဲမှာလဲ ဆောင်းပါးတွေ ရေးခဲ့ ဖူးတယ်။ ဒါနဲ့ပတ်သက်ပြီး သူတို့ ဇနီးမောင်နှံရှေ့မှာ ကျွန်တော်က ကိုယ့်ကိုယ်ကို ဝေဖန်ရေး လုပ်ချင်နေတာကြာပြီ။ အခါအခွင့်မသင့်ခဲ့ဘူး။ အခု ဒီနေရာကနေပြီး လုပ်လိုက်ပါရစေ။

ဦးလေးလှနဲ့ ဒေါ်အမာတို့ဟာ လူထုကောင်းကျိုးချမ်းသာကို ဘယ်လောက် လုပ်ခဲ့ကြတယ်။ ဘယ်လို လုပ်ခဲ့ကြတယ်၊ ဘယ်လောက် ဘယ်လို အနစ်နာခံ ခဲ့ကြရတယ် ဆိုတာ ရဟန်းရှင်လူတွေ အသိပါပဲ။ အထူးသဖြင့် သူတို့စာအုပ်တွေ

www.myanmarcupid.net

စာပေတွေက သက်သေခံနေကြရဲ့။ ဦးလှရဲ့ အသုံးအနှုန်း အတိုင်းဆိုယင် သူတို့ စာအုပ်တွေစာပေတွေက သမိုင်းကို ပြောနေကြသည်–ပေါ့။ သမိုင်းကလဲ သူတို့နှစ်ယောက်ရဲ့ စာအုပ်တွေစာပေတွေကို ပြောနေပြီပဲ မဟုတ်လား။ ဒီတော့ဒီလောကလူထုကောင်းကျိုးချမ်းသာအတွက် အချိန်ပြည့် ဆောင်ရွက်လာကြတဲ့ ဇနီးမောင်နှံတို့ဟာ လူထုသတင်းစာကို အကြောင်းပြုမှ မဟုတ်ပဲ လူထုကိုယ်စားလှယ် ဖြစ်နေကြလို့ လူထုဦးလှနဲ့ လူထုဒေါ်အမာလို့ ခေါ်ထိုက်တာ၊ ဂုဏ်ပြုထိုက်တာ မှန်တယ်။

ဒီလောက်ဒီလိုရေရှည်အနစ်နာခံလာကြလို့ လူထုဦးလှနဲ့လူထုဒေါ်အမာရယ်လို့ လူထုက လေးလေးစားစား လိုက်လိုက်လဲ့လဲ့ ခေါ်လာ ကြတာကို အားကျပြီး ပဒေသရာဇ်မင်းသားဖြစ်တဲ့ ကျွန်တော်က လူထုသတင်းစာထဲမှာ ဆောင်းပါး လေးတွေရေးတာနဲ့ ကိုယ့်နာမည်ရှေ့မှာ ‘လူထု’ပါစေချင်တာ၊ “လူထု ကိုယ်စားလှယ်၊ လူထုခေါင်းဆောင်” ဖြစ်ချင်တာကတော့ အချောင်သမား ဆန်လှပါတယ်။

လူထုကိုယ်စားပြုနိုင်တာ၊ လူထုခေါင်းဆောင် ဖြစ်နိုင်တာက ကိုယ့်ကိုယ်ကို “လူထုကိုယ်စားလှယ်ပေါ့၊ လူထုခေါင်းဆောင်ပေါ့”လို့ အာချောင်တာနဲ့ ဖြစ်လာနိုင်တာ



www.myanmarcupid.net

မဟုတ်ဘူး။ ငွေ၊ အာဏာ၊ လက်နက်တွေနဲ့ ကိုယ့်ကိုယ်ကို လူထုကိုယ်စားလှယ်၊ လူထုခေါင်းဆောင်လို့ လက်သီးလက်မောင်းတန်း ဟစ်အော်ခဲ့ကြတဲ့ ဇာဘုရင်၊ ဟစ်တလာ၊ မူဆိုလိုနီ၊ ဖရန်ကို၊ ချန်ကေရှိတ်တို့အပြင် မကြာခင်ကမှ လူထုရဲ့ အဆုံးအမကို လှလှကြီး ခံလိုက်ကြရတဲ့ ဆစ်မန်ရီး၊ ပတ်ချန်ဟီး၊ ငိုဇင်ဒင်၊ ရှားဘုရင်၊ အီဒီအာမင်၊ ဆမိုဆာ အစရှိသူတွေကို သမိုင်းက ဘယ်နာမည် ပေးခဲ့ကြသလဲ။ ဒီတော့ ကျွန်တော်ရဲ့နာမည်ရှေ့မှာ'လူထု'ပါဖို့ ကျွန်တော်ဟာ လူထုအပေါ်ဘယ်လောက် သစ္စာရှိနိုင်မလဲ၊ ဘယ်လောက် ကောင်းကျိုးချမ်းသာ ပြုပေးနိုင်မလဲ၊ နယ်ချဲ့ပဒေသရာဇ် စနစ်သမားတွေဖြစ်ကြတဲ့ ရန်သူတွေနဲ့ ကျွန်တော်တို့ ဘယ်လောက်ပြတ်နိုင်မလဲ၊ ဘယ်လောက် ဘယ်လိုအနစ်နာ ခံနိုင်မလဲဆိုတဲ့ အချက်တွေပေါ်မှာတည်တယ်လို့ ကိုယ့်ကိုယ်ကို ဝေဖန်လိုက်ပါတယ် ခင်ဗျား။

လူထုဦးလှ ဆုံးရှာပြီ......တဲ့။ အို....ဖြစ်ရလေ....၊ဟုတ်ပ့ါမလား။

ကျွန်တော်တို့ မိသားစု လူထုတိုက်ရှေ့ ရောက်တာ ဩဂုတ်လ ၄–ရက် ညဆယ်နာရီကျော်။ဟော....သူဆုံးသွားတာ ဩဂုတ်လ ၇–ရက် မနက်၊ သုံးရက်ပဲကွာတယ်။

www.myanmarcupid.net

အဲဒီညက အားမနာတမ်း ဝင်လိုက်ရ အကောင်းသား။ အခုတော့ အားနာလို့ အားပါးရှုံ့မကအဖိုးတန်လူပါ ပါသွားပါရော့လား။ ကျွန်တော်ရဲ့နေ့စဉ်မှတ်တမ်း စာအုပ်ကို ဖွင့်ပြီး မင်းနီနဲ့ရေးနေကျ အတိုင်း အင်္ဂလိပ်လို ရေးလိုက်တယ်။ (သြဂုတ် ၇၊ လူထုဦးလှ ကွယ်လွန်သွားရှာပြီ။ သူ့နောက်ဆုံးထွက်သက်ထိ လူထုအကျိုး ဆောင်ရွက်သွားခဲ့သူ) ကျွန်တော်တို့မိသားစုက လူထုဦးလှဖို့ လွမ်းသူ့ပန်းခွေ ကို လူထုဘက်မှ သစ္စာရှိရှိရပ်တည်ခဲ့ပြီး လူထုဘက်က သတ္တိပြည့်ပြည့် ဆောင်ရွက်ခဲ့တဲ့ လူထုဦးလှအတွက် အဓိပ္ပါယ်ရှိတဲ့ပန်းနဲ့ လိုက်ဖက်ညီတဲ့ အရောင်ကို ရွေးလိုက်ကြတယ်။ လူထုဘက်မှာ သစ္စာရှိရှိ ရပ်တည်ခဲ့လို့သစ္စာပန်း။ လူထုဘက်က သတ္တိပြည့်ပြည့် ဆောင်ရွက်ခဲ့လို့ အနီရောင် သစ္စာပန်းအနီ။

ပန်းဆိုင်တွေမှာ ပန်းကောင်းကောင်းလတ်လတ် နည်းနေပါလား။

ပန်းဆိုင် တဆိုင်ပြီးတဆိုင် လိုက်ရှာဝယ်ရတယ်။

သစ္စာပန်းအနီလိုချင်တယ်ပြောလိုက်တိုင်း…

"လူထုဦးလှအတွက် ထင်ပါရဲ့၊ ဟုတ်ပဲ့ရှင် ဒီနေ့ပန်းလာဝယ်ကြတဲ့ လူတော်တော်များများက သစ္စာပန်းအနီ

www.myanmarcupid.net

ဝယ်ကြတိုင်း လူထုဦးလှ အတွက်မို့ ကောင်းကောင်းလတ်လတ် ရွေးပေးပါလို့ ပြောပြောသွားကြ တယ်ရှင့်”လို့ ပန်းသည်တွေက ပြောကြယင်း ကောင်းပေ့လတ်ပေ့ဆိုတဲ့ သစ္စာပန်းနီတွေကို ရွေးပေးကြပြီး သူတို့ပါ ကုသိုလ် ပြုချင်ပါတယ်ဆိုပြီး အပိုထည့်ပေးလိုက် ကြသေးရဲ့။ တဆိုင်မှာ သစ္စာပန်းအနီနည်းနေပြီး ပန်းနုရောင်များနေတော့ ရောင်းသူက ပန်းနုရောင်နဲ့အနီရော်ယူပါလို့ ပြောနေတုန်း ဘေးမှလူငယ် တယောက်က သူ့စက်ဘီးကို ခြေနဲ့ ထောက်လိုက်ယင်း ဝင်ပြောလိုက်တယ်။

“လူထုဦးလှဖို့ ပန်းနုရောင် မပေးပါနဲ့ဗျာ၊ အနီရဲရဲ ကောင်းပါတယ်”တဲ့။

လူထုတိုက်ကို ရောက်တော့ လူထုကို တိုးမပေါက်အောင် ကြပ်ခဲနေတယ်။ ဘယ်လိုမှ ဝင်ဖို့မလွယ်၊ ကျွန်တော်ကလဲ မန္တလေး အရောက်နည်းတော့ အသိသိပ်မများလို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြတုန်း လူငယ်တယောက် လာနှုတ်ဆက်ပြီး လမ်းရှင်း ပေးလာတော့မှ တိုးဝှေ့ဝင်လို့ရတယ်။ ဘေးက နှုတ်ဆက်သံတွေ ကြားမိပေမယ့် ပြန်နှုတ်မဆက်အားလို့ လက်ပဲ မြှောက်ပြနိုင်ခဲ့တယ်။

www.myanmarcupid.net

နောင်ကြီး ဦးလှ....ထာဝစဉ်အနားယူနေပါပေါ့လား။ ဘယ်တုန်းကမှ သပ်သပ်ယပ်ယပ် ဖြီးထားလေ့ မရှိတဲ့ သူ့ဆံပင်က ထုံးစံအတိုင်း ဖရိုဖရဲကလေး၊ နောက်ပြီးတော့ သူ့ရဲ့ပင်ကိုယ် အပြုံးကလေး။ “စိတ်ကို ထိန်းထားကြ၊ ထိန်းထားကြ”လို့ အစ်မကြီး ဒေါ်အမာက ငိုကြွေးနေကြတဲ့ သားသမီး မြေးတွေကို ပြောနေတယ်။

သူကိုယ်တိုင်က မျက်ရည်စိုနေပေမယ့် တည်တည်ငြိမ်ငြိမ်။

နာမည်နဲ့ လိုက်ပါတယ် ဒေါ်အမာ။

ကျွန်တော်တို့က သစ္စာပန်းအနီတွေ လူထုဦးလှ ရုပ်ကလာပ်ဘေးမှာ ထောင်ထားလိုက်တော့ ချိတ်ဆွဲ ထားတဲ့ စာတန်းကလေးကို ဒေါ်အမာ လှမ်းဖတ်လိုက်မှာပဲ။

“လူထုချစ်သမျှ လူထုဦးလှ”

လူထုဦးလှကို လူတွေက ကြိတ်ကြိတ်တိုး လိုက်ပို့ကြတော့ သူ့နိဗ္ဗာန်ယာဉ်ပေါ်က သူ့ဓာတ်ပုံရှေ့မှာ ကျွန်တော်တို့ မိသားစုရဲ့ သစ္စာပန်းအနီတွေ။ လူထုဘက်က သစ္စာရှိရှိ ရပ်တည်ခဲ့လို့ သစ္စာပန်း။ လူထုဘက်က သတ္တိပြည့်ပြည့် ဆောင်ရွက်ခဲ့လို့ အနီရောင်။ လူထုဦးလှကို သစ္စာပန်းအနီနဲ့ အခိပ္ပါယ်ပါပါ အလေးပြုလိုက်တာပါ။

www.myanmarcupid.net

သူ့ကို ကျွန်တော်က နောင်ကြီးလို့ ရင်းရင်းနှီးနှီး ခေါ်လေ့ရှိတာက ဆွေမျိုးဆန်နေလို့ ဒီနေရာမှာတော့ ပိုမိုလေးနက်ပြီး အခိပ္ပါယ်ပြည့်ပြည့်ဝဝနဲ့ ချစ်ချစ်ခင်ခင် လေးလေးစားစား ခေါ်လိုက်တာကတော့....
"လူထုချစ်သမျှ လူထုဦးလှ"

တော်ဘုရားကလေး

www.myanmarcupid.net

# လူချင်းမတွေ့နိုင်ကြ၍စာနှင့်

## ညိုမြ



*အပေါ်စီးနှင့် ဆရာလုပ်မနေပဲ (ဝါ) မည်သူ့ကိုမျှ တိုက်တွန်းမနေတော့ပဲ လုပ်သင့် လုပ်ထိုက်သမျှကို မိမိကိုယ်တိုင် လုပ်ပြခြင်း၊ ကိုယ်တိုင်စာကြိုးစားခြင်း၊ သူတပါးကောင်းကျိုးကို ဆောင်ရွက်ခြင်း၊ အားနည်းသူကို ကူညီခြင်း၊ ကြင်နာတရားရှိခြင်း၊ နိုင်ငံနှင့် လူမျိုးအပေါ်မှာ သစ္စာရှိခြင်းတို့နှင့် ပြည့်စုံရတယ်။ ကိုယ်တိုင်လုပ်ပြတော့ မြင်ရသူတိုင်း အတုယူဖွယ် လိုက်နာဖွယ် ဖြစ်လာတယ် မဟုတ်လား။*

www.myanmarcupid.net

(၁)

ကိုလှရေ–

ခင်ဗျားနှင့်ကျွန်တော်တို့ ကွေကွင်းခဲ့ရတာ တနှစ်ကျော်ပြီနော်။ ကလောင်ရှင် ရောင်းရင်းများအနေဖြင့် ကျွန်တော်တို့အဖို့ သူများလိုလွမ်းဆွတ် သတိရနေရုံနှင့် မပြီးပဲ လွမ်းချင်းတွေ၊ မော်ကွန်းတွေ ရေးသားမှတ်တမ်း တင်သင့်သပေါ့။ ဇဝနကဆိုလျှင် ခင်ဗျားကွယ်လွန်ချိန်မှာပဲ ဆောင်းပါးရှည်ကြီးရေးပြီး သွေးသောက် မဂ္ဂဇင်းသို့ ပို့တယ်။ မပို့ခင် သူကိုယ်တိုင် မြန်ရေရှက်ရေ ကျွန်တော့်ကို ဖတ်ပြသေးသဗျ။ ကျွန်တော့်အနေနှင့်ဆိုလျှင် ခင်ဗျား ကွယ်လွန်ချိန် ယခင်ဝါဆိုလမှ ယခုနှစ်လည်ပြီးသည်အထိ ဘာမျှ မရေးရသေးဘူး။ ဒီအတောအတွင်းမှာ ဇဝနကတောင် ခင်ဗျားနောက် ကောက်ကောက်ပါအောင် လိုက်သွားခဲ့ပြီလေ။ အပျဉ်းထူပြိုင်ပွဲမှာ ဇဝနကို ကျွန်တော်အနိုင်ယူခဲ့တာ အမှန်ပဲ။ သို့သော်ဇဝနက ရှေ့ဆင့် နောက်ဆင့်ဆိုသလို ခင်ဗျားနှင့်အတူ တမလွန်ဘဝမှာ အဖော်ရအောင် လိုက်ပါသွားဟန်ရှိတယ်။ တချိန်ကခင်ဗျားတို့ ဝါသနာ ပါခဲ့ကြတဲ့ လမ်းလျှောက်ပြိုင်ပွဲတို့၊ ဟိုက်ကင် (Hiking) တို့လို သံသရာ သုတေသနမျိုးမှာ ခင်ဗျားတို့ မွေ့လျော်နေကြမှာပေါ့။ သူကခင်ဗျားကို ကျွန်တော်တို့ထက် ပိုမိုခင်တွယ်ဟန်ရှိပါတယ်။



www.myanmarcupid.net

ဇဝနနဲ့ပတ်သက်လို့ တချိန်က ခင်ဖျားရေးတဲ့ 'သောင်းပြောင်းထွေလာခန်း' မှာ အောက်ပါ အတိုင်းပါရှိခဲ့တယ်လေ။ "ကျွန်တော့်မိတ်ဆွေ ဆရာဇဝနက စာတစောင် ရေးလိုက်သောကြောင့် ဝမ်းသာရသည်။ ဇဝနသည် သူငယ်ချင်းမိတ်ဆွေများထံသို့ စာရေးပျင်းသူ တယောက်ပင် ဖြစ်ပါသည်" ရန်ကုန်မှ သူရေးသည့် စာတွင်–

*ကိုလှ*

*"ကျွန်တော် စာပြန်မည် စာပြန်မည်နှင့် အပျင်းထူနေ၍ မရေးဖြစ်ပဲ ကြာသွားခဲ့ခြင်း ဖြစ်ပါသည်။ 'သတင်းစာများသည် သမိုင်းကို ပြောနေကြသည်' စာအုပ်ကို ကျွန်တော် အစအဆုံးနှစ်ခေါက်လောက် ဖတ်ပြီး ပါပြီ။ ပထမဆုံးဖတ်စဉ်က ဒီစာအုပ်ဖတ်လိုက်ရလျှင် အိပ်ငိုက်ပြီး ပျော်သွားမှာပဲ အထင်ဖြင့် အိပ်ပျော်လို၍ ဖတ်လိုက် ပါသည်။ သို့သော် ဖတ်ယင်းဖတ်ယင်း စိတ်ဝင်စားလာပြီး မအိပ်ချင်တော့ပဲ ည ၂ ချက်ကျော်တော့မှ စာအုပ်ကို လက်ကချ ဖြစ်တော့ သည်။ စာအုပ်ကတော့ တကယ့် စာအုပ်ကောင်း တအုပ် ဖြစ်ပါသည်။ သို့သော် သီးသန့် ပရိတ်သတ်များအတွက်သာ ဖြစ်နေ၍ စွန်ပဲ့ မလားလို့ စိုးရိမ်မိသည်။ ဖြည်းဖြည်းမှ ကုန်မည့် စာအုပ် ထင်သည်။*

www.myanmarcupid.net

*ဘာပဲဖြစ်ဖြစ် သည်လိုမှ စွန့်စားထုတ်ဝေခြင်း မရှိလျှင် သည်စာတွေကို လူအများ ဖတ်ရဖို့ အလွန် ခဲယဉ်းပါသည်"။*

'ကျွန်တော့် မိတ်ဆွေ ဇဝနက ထိုစာအုပ် ဈေးနှုန်းများသောကြောင့် တကြောင်း (တအုပ်–၁ဝိ)၊ ဝတ္ထုများကဲ့သို့ အများဖတ် စာအုပ်မျိုး မဟုတ်၍ တကြောင်း အရောင်းရမသွက်မည်ကို ပူပန်ရှာပါသည်။ ဇဝန ပြောသည့်အတိုင်းပင် ကျွန်တော်ကလည်း စာအုပ်ထွက်လျှင် ပြီးရော၊ တနေ့တော့ အရင်းပြန်ရကောင်းပါရဲ့ လို့သာ တွက်ထားကာ တမင်စွန့်၍ ထုတ်လိုက်ပါသည်။ သို့သော် ထင်သည်ထက် အရောင်းသွက်သည်ကို တွေ့ရသောကြောင့် ကျွန်တော်တို့ တိုက်သားများပင် အံ့အားသင့်နေကြသည်။

"စာအုပ်ကောင်းကောင်း တအုတ်ထွက်သွားလျှင် ပြုစုရသူများသည် အလွန်ပီတိဖြစ်ကြပါသည်။ စာအုပ်အကြောင်းကို စာပေ မိတ်ဆွေ ကောင်းများနှင့် ဟိုပြောသည်ပြော ပြောနေရသည်မှာလည်း ပီတိ အရှိဆုံးပင် ဖြစ်သည်။ ယခုမူ ကိုယ့်အလုပ်နှင့်ကိုယ် မအားနိုင်ကြသည်တကြောင်း၊ လူချင်းဝေးနေသည်ကြသည်တကြောင်း ကြောင့် ဤသို့တမြုံ့မြုံ့ပြောနိုင်သော အခွင့်အရေး အလွန်ပင်နည်းပါသည်။ ထို့ကြောင့် မိတ်ဆွေအချင်းချင်း

www.myanmarcupid.net

စာပေးစာယူနှင့်သာ စာအကြောင်း ပေအကြောင်းများ ပြောကြရသည်။ ဤကား အရသာတမျိုး ဖြစ်ပါသတည်း”။

အဲ–ဇဝနနဲ့ ပတ်သက်လို့ ခင်ဗျားရေးသား တွေးခေါ်ချက်များ “၁၉၆၃–စက်တင်ဘာ ၂၅ထုတ် လူထု သတင်းစာ”ကို ကျွန်တော် ရာခိုင်နှုန်းပြည့် ထောက်ခံပါတယ်။ အဲဒီဆောင်းပါးကို ခင်ဗျားက “လူချင်းမတွေ့နိုင် ကြ၍ စာနှင့်”လို့ ခေါင်းတပ်ခဲ့တယ်။ ယခုလဲ ကျွန်တော်က ခင်ဗျားခေါင်းစဉ်ကို ခိုးချပြီး ဘဝချင်း ကွာခြားသွား ပြီဖြစ်တဲ့ ရေးဘော် ရဲဘော်ကြီးထံ သောင်းပတ္တမြားနဲ့ ဆောင်းပါးတင်ဆက်ရခြင်းပေပဲ။ ခင်မင်သူချင်း လွတ်လပ်စွာ တိုင်ပင်နှီးနှောရခြင်းဟာလဲ ထူးမြတ်တဲ့ မင်္ဂလာတပါးပေပဲ။ ဟိတ်ဟန် တွေကင်းမဲ့စွာနှင့် “အသောကံ၊ ဝိရဇံ၊ ခေမံ” ဆိုသလို ကြောင့်ကြမဲ့ ရင်ဖွင့်နိုင်ကြပေသကိုး။

(၂)

ကိုလှရေ–

၁၉၆၅–ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့က ရန်ကုန်မြို့မှာ ကျင်းပတဲ့ ကြီးပွားရေး ဦးသိန်းရဲ့ မွေးနေ့ပွဲကို ခင်ဗျား တက်တယ်မဟုတ်လား။ အဲဒီအချိန်က ခင်ဗျားမှတ်တမ်းကို အခြေခံပြီး ဆွေးနွေးခန်း ဖွင့်ရအောင်ဗျာ။

www.myanmarcupid.net

ကိုလှ။ ။လူငယ်များ ကြီးပွားရေးအသင်းကို စတင်တည်ထောင်သော ဦးသိန်းနှင့် သိကျွမ်းခင်မင်လာသည်မှာ ကျွန်တော် အသက် ၂၀ ခန့်ကတည်းကဖြစ်၏။ နောင်ကြီးသဖွယ် ကောင်းသောနမူနာများဖြင့် အခြေခံဗဟုသုတ ပေးကမ်းသူဖြစ်၍ ယနေ့တိုင် ကျေးဇူးတင်လျက် ရှိပါသည်။

၁၉၃၁–ခုနှစ်မှစ၍ လူငယ်များကြီးပွားရေးအသင်းကို ယခင်က စကော့ဈေးခေါ်သည့် ဗိုလ်ချုပ်ဈေး အခန်းနံပတ် ၁၇၂ တွင်နေရာရသောကြောင့် စာဖတ်ခန်းနှင့် အသင်းတိုက်ဖွင့်ခဲ့ကြသည်။ အခန်းခမှာ တလ ၃၅– ဖြစ်၏။ သို့ရာတွင် လူငယ်များ အသင်းဖြစ်သောကြောင့် မြူနီစပယ်အဖွဲ့က အထူးနှုန်း တဝက်ခ ၁၇ိခွဲဖြင့် ခွင့်ပြုသည်။ ကျွန်တော်မှာ ထိုအသင်းတိုက်တွင် ဘော်ဒါဖြစ်သည်။ ၃– နှစ်တိုင် စာကြည့်ခန်းအပေါ်ထပ် ကုန်လှောင်ခန်း ကလေးတွင် နေခဲ့သည်။ ထိုအခန်းကို တက်သော လှေကားမှာ မတ်မတ်ကြီးဖြစ်၍ လက်နှင့်ဆွဲတက်ရသည်။ ထိုကုန်လှောင်ခန်း ကလေးတွင် ကျွန်တော် အလေးမသည်၊ သီချင်းဆိုသည်၊ စကားပြောလေ့ကျင့်သည်။

ညို။ ။အဲဗျာ၊ ကြီးပွားရေးဦးသိန်းလို ခေတ်သစ်ထွင်သူတဦးကို အမှီသဟဲရရှိပြီး ကိုယ့်ဒူး ကိုယ်ချွန်ခွင့် ရခဲ့တာ



www.myanmarcupid.net

ကောင်းတယ်လို့ ဆိုရမှာပ။ ၁၉၃၀–ခုဆိုတာလဲ မြန်မာပြည် နိုင်ငံရေး လောကမှာ ဆရာစံတို့၊ သခင် ပါတီတို့ စတင်ပေးပေါက်ချိန်မို့ ခေတ်ပြောင်းတော်လှန်ရေးရဲ့ အရှဏ်ဦး ရာသီပဲ။ အဲဒီအချိန်မှ စပြီး ဘကြီးမှိုင်း က "ဟေ့–ကောင်တွေ၊ လုပ်ကြကွ၊ ဒို့ပြည်မှာ ကောလီဓာတ်ကြီး ဆိုက်ရောက်နေပြီ"လို့ တဖွဖွတိုက်တွန်း ခဲ့သပ။

ကျွန်တော်သည် ၁၉၃၁ခုနှစ်က ၁၀တန်းအောင်တယ်ဗျ။ မြေပိုင်ရှင် တောသူကြီးသားအဖြစ်နှင့် ဓနရှင် လူတန်းစားမှာ ပါဝင်သော်လဲ ကျောင်းဆက်မနေနိုင်ဘူးဗျ။ စပါးဈေး ကျဆုံးချိန်မှာ ပြည်သူလူထုလဲ မွဲကုန် တာပေါ့။ အဲဒီတုန်းက ကျွန်တော့်အစ်ကို ဦးစိုးတင့်က ဘီအေ အောင်လာတယ်။ ဒါ့ကြောင့် သူက မိသားစု ထောက်ပံ့ရေးအတွက် မုံရွာ ဗုဒ္ဓဘာသာကျောင်းမှာ အထက်တန်းဆရာ အဖြစ် လျှောက်လွှာတင်တယ်။ မရဘူး။ ဒါ့ကြောင့် သူ့ဟာသူ ရန်ကုန် ပြန်သွားပြီး အိုင်စီအက် စာမေးပွဲဝင်တယ်၊ အောင်တယ်၊ ရတယ်။ သို့သော် အစ်ကို ဘိလပ်သွားပြီး ၂–နှစ်ကြာ သင်တန်းတက်နေချိန်မှာ ညီဖြစ်သူက ကောလိပ်ပညာ ဆက်လက်ဆည်းပူးဖို့ မတတ်နိုင် ဖြစ်နေတယ်။

ဒီလိုနဲ့ ရွာမှာပဲ ယောင်ချာချာနှင့် တနှစ် အချိန်ကုန်သွားတယ်။ နောက်တနှစ်မှာ အဒေါ်တယောက်က ကျောင်းနေစရိတ်



www.myanmarcupid.net

ထုတ်ပေးလို့ အစ်ကိုပြန်မလာခင် အသက်ဆက်မိသွားတယ်။ ကျောင်းစရိတ် မတတ်နိုင်လို့ အိမ်မှာ ထိုင်နေရချိန်က သတိပြုမိတဲ့ အချက်ကတော့ မိဘများက ကျွန်တော့် ဘာမျှ အလုပ်မလုပ်စေချင်ဘူး။ အိမ်မှာလဲ ဘာမှမခိုင်းမစေပဲ သားရွှေဥ၊ မျက်ရှုကြေးမုံကို အလုကြည့်နေချင်တဲ့ သဘောပါပဲ။

နှစ်ဆောင်ပြိုင်အိမ်ကြီးမှ
သူ့သမီးက လက်ယပ်ခေါ်
ကျွန်တော်တို့မှာ စာသင်သားမို့
မလုပ်မကိုင် ထိုင်ကာစားမယ်
(အလိုဗျာ) ကျွေးနိုင်ပမလား။

ကျွန်တော်တို့ မြန်မာပြည်မှာ ရှေးက လူဦးရေနည်းပါးပြီး မြေသြဇာနှင့် သယံဇာတပစ္စည်း ကြွယ်ဝတော့ အိမ်တအိမ်မှာ လူကြီးမိဘများရဲ့ လုပ်စာကို သားချင်းမိသားစုများ ဝိုင်းစားလို့ရတယ်။ ဒါ့ကြောင့် ခြေမွေးမီးမလောင် လက်မွေးမီးမလောင်နှင့် ရေသာခိုပြီး ဘော်ကြော့နေချင်တဲ့ အလေ့အထများ ပြန့်ပွားခဲ့တယ်။ "ဂပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲစွဲရမည်"လို့ ဆိုရိုးရှိခဲ့သော်လဲ "လုပ်အားတန်ဖိုး ချစ်ရမည်"ဆိုတာက ယခုခေတ်မှပေါ်တဲ့ ဆောင်ပုဒ်မျိုး ဖြစ်နေတယ်။ ဒါ့ကြောင့် စီးပွားရေးမှာ နိုင်ငံခြားသားများနှင့် ယှဉ်ပြိုင်ယင် ကျွန်တော်တို့ဟာ



www.myanmarcupid.net

သူများနောက်လိုက် အဖြစ်နှင့် ကိုယ့်တိုင်းပြည်မှာပဲ ကောက်သင်းကောက်တွေ ဖြစ်နေ ကြတယ်။ ဆိုလိုတာ ကတော့ ကျွန်တော်ဟာ အဲဒီအချိန်က တောနယ်မှာ အချိန်ဖြုန်းမနေပဲ ကိုလှတို့လို မြို့သို့ တက်ရောက် ရုန်းကန်သင့်တယ်။ ကိုလှလို ကြီးပွားရေးအသင်းမှာ အမှီကောင်းရာပြီး ကိုယ့်ဒူးကိုယ်ချွန် သင့်တယ်။ ပြီးတော့ မိုးကို အဲဒီဒူးနဲ့တိုက်ပေါ့။

ကိုလှ။ ။ဗိုလ်ချုပ်ဈေးမှာ ကျွန်တော်ဘော်ဒါနေခဲ့သော အခန်းသည် အရှေ့ဘက်တန်း မြောက်ဘက် အစွန်းပိုင်း တွင်ဖြစ်သည်။ သံဖြူလုပ်သူ၊ မီးသွေးရောင်းသူ၊ သစ်သီးရောင်းသူများနှင့် နီးသည်။ တော်တော်များများသည် ဤဆိုင်များမှာပင် နေထိုင်ကြသည်။ များသောအားဖြင့် ဆင်းရဲသားများ ဖြစ်သည်။ သူတို့၏ ကလေးသူငယ် များကို ကျောင်းထားဖို့ ပြဿနာဖြစ်နေသည်။ အနီးအနားမှာ ကျောင်းမရှိ။ လူငယ်များ ကြီးပွားရေးအသင်းက ဤကလေးများကို ကူညီရန် ညကျောင်းတကျောင်းဖွင့်ပေးဖို့ ဆုံးဖြတ်သည်။ မြူမင်းကြီး ဦးဆက်(မန္တလေးသား) က ကူညီသည်။

ထိုမူလတန်းကျောင်းလေးကို ည ၆ –နာရီခွဲမှ ၈–နာရီခွဲအထိ ဖွင့်ပေးကြသည်။ အတန်း ၄–တန်းတွင် ကလေး



www.myanmarcupid.net

၁၀၀မျှရှိသည်။ အသင်းသားများဖြစ်သော တက္ကသိုလ်ကျောင်းသားများ နှင့် လူငယ် အလုပ်သမားများ က အလှည့်ကျတာဝန်ယူကာ ညကျောင်းတွင် သင်ပြပေးကြသည်။ မိုးတွေလေတွေကြောင့် ဆရာမလာနိုင်ယင် အဲဒီဆရာအတွက် ကျွန်တော်ဝင်သင်သည်။ ဒီလိုနဲ့ ကျွန်တော်ဟာ ဈေးမှာပင်အိပ်၊ ဈေးမှာပင်စား၊ ဈေးဘုံဘိုင် တွင်ရေချိုး၊ ဈေးအိမ်သာတက်နှင့် ၂–နှစ်ခန့် နေမိသောအခါ တော်တော် အရည်အချင်း ရှိလာသည်။ ကြီးပွားရေး အသင်း၏ ခွင့်ပြုချက်အရ ကြီးပွားရေးမဂ္ဂဇင်းတစောင်ကို ဖြန့်ချီနိုင်ခဲ့ပါသည်။ စာပေနယ်တွင်းသို့ လုံးလုံး လျားလျား ဝင်ရောက်ခဲ့သည်မှာ ထိုလုပ်ငန်းက အစဖြစ် သောကြောင့် ယနေ့ (၂၇–၉–၆၅)ဆိုလျှင် နှစ်ပေါင်း ၃၃–နှစ် ရှိခဲ့ပါပြီ။

ညိုမြ။ ။၁၉၃၂–ခုမှာ ကျွန်တော် ရန်ကုန်တက္ကသိုလ်ကို ရောက်တော့ ခင်ဗျားတို့ 'လူငယ်များကြီးပွားရေး အသင်း' ထူထောင်နေပါပြီ။ ဥက္ကဋ္ဌ ဦးသိန်းမှစပြီး အမှုဆောင်အဖွဲ့ဝင် ဦးမောင်မောင်ကျော်ဝင်း၊ ဦးလှအောင် (ရန်ကုန်ရုပ်ရှင်) တို့ဟာ ကျွန်တော့်အကိုရဲ့ မိတ်ဆွေ များဖြစ်လို့ သူတို့နှင့် အဲဒီအချိန်မှ စတင်သိကျွမ်း ခဲ့ပါတယ်။သခင်ပါတီကို ထူထောင်သူ သခင်ဗသောင်းတို့၊ သခင်ဗစိန်တို့ကတော့ ကြီးပွားရေး ဦးသိန်းတို့ အဖွဲ့က သူတို့လို ရဲရဲတောက် မဟုတ်လို့

www.myanmarcupid.net

ညှံ့ဖျင်းသတဲ့။ ဂျီစီဘီအေနဲ့ ဝိုင်အမ်ဘီအေ အစရှိတဲ့ ဦးချစ်လှိုင်၊ ဖေပုရှိန်တို့ရဲ့ အသင်းများကိုလည်း အလိုတော်ရိကြီးတွေတဲ့။ ရဲတပ်ဖွဲ့ ဆာမောင်ကြီးနှင့် မြို့မဆရာ ဦးလှမိုးတို့ အသိုက်ကိုလည်း ဖော်လံဖား တွေတဲ့။

တိုင်းသစ်ပြည်သစ် ထူထောင်ချိန်မှာ မိမိတတ်နိုင်သည့်ဘက်မှ တတပ်တအား ပါဝင်ပြုစုတာကို သခင်များက သဝန်တိုစရာ မလိုပါ။ ဥပမာ တနေရာမှာ ချပြီး အမျိုးသားကျောင်း ထူထောင်ခြင်း၊ ကိုလှတို့လို ဈေးသည်တွေအတွက် ညကျောင်းဖွင့်ခြင်း ဆိုတာတွေက လွယ်တဲ့တာဝန်တွေ မဟုတ်ပါဘူး။ မြို့မ ဗိုလ်လှမိုးဆိုယင် ဂျပန်ခေတ်မှာ အသတ်ခံရတယ်။ စာရေးဆရာ ဦးသန်းဩ ဟာ ကိုလှလိုပဲ ညောင်လေးပင် နယ်သားဖြစ်ပြီး ခင်ဗျားနဲ့ ဆွေမျိုးမကင်း ဘူးပြောတယ်။ ဗိုလ်ချုပ်ဈေးမှာနေတုန်း ကိုလှက မြူနီစပယ်မှာလဲ ရာဖြတ်ရာထူးရတော့ လခငွေပိုငွေလျှံတွေနှင့်မို့ သူမကြာခဏ ပိုက်ဆံ ချေးယူမှီခိုခဲ့ရပုံများ ရင်ဖွင့်တယ်။ ကျွန်တော်တို့ အမြင့်ရှာက ခေါင်းဆောင်ကြီး သခင်လေးမောင်လို အလှူငွေကို မှီဝဲမနေပဲ ကိုလှက ကိုယ့်ဝမ်း ကိုကျောင်းယင်း တိုင်းကျိုးပြည်ကျိုး ရွက်ဆောင် နိုင်ခြင်းဟာလဲ ကောင်းသပ။ သခင်ထဲမှာ မော်လမြိုင် သခင်သန်းလို ရှိသမျှစည်းစိမ်ကို သခင်အရေးတော်ပုံမှာ



www.myanmarcupid.net

အကုန်ညြပစ်သူများကိုလဲ သာခုခေါ်ရမှာပဗျာ။ ဒါထက် လောကခံ ကိုထွန်းလှကလဲ ဗိုလ်ချုပ်ဈေးတိုက်ခန်းမှာ ခင်ဗျားနှင့်အတူ ဘော်ဒါနေခဲ့ သေးတယ် မဟုတ်လား။ သူရေးတဲ့ 'ဘာလဲဟဲ့ လောကခံ' စာအုပ်ဟာလဲ ခေတ်နှင့် အတော်ဟပ်မိပါတယ်။ ရေယာဉ်ကြောမှာ မျောနေသူ မြန်မာများကို ဘဝရှုန်းကန်မှုအတွက် မလျှော့သောလုံ့လနှင့် မဟာဇနက္ကမင်းရဲ့ သတ္တိမျိုးပြကြဖို့ လှုံ့ဆော် လိုက်ခြင်းပေပဲ။ အဲဒီအချိန်မှာ စာရေးဆရာရန်အောင်လဲ ထွန်းပေါ်လာပြီနော်။ သူရေးတဲ့ 'လူပါးဝတဲ့အညာသား' ဝတ္ထုတွေဟာ တောသားက မြို့လာပြီး တက်လမ်းရှာခန်းတွေပဲ။ သို့သော် သူ့ဇာတ်ကောင်တွေက ကိုလှ လက်တွေ့လုပ်ပြသလောက် အောင်မြင် ပုံမရပါဘူး။ ဦးပဂျီဝိုလဲ 'ကြီးပွားချမ်း သာရေး' စာအုပ်နှင့် တစခန်းထသေးတယ်။ အင်္ဂလိပ်နှင့် အမေရိကန် ကိုယ့်ဒူးကိုယ်ချွန် သမားများရဲ့ ဓလေ့ စရိုက်တွေကို အများကြီး ကိုးကားဖော်ပြသဗျ။ အဲသလို စာပေနယ်နှင့် နိုင်ငံရေးလောကမှာ စိတ်ဓာတ်လှုပ်ရှား ပြောင်းလဲစပြုချိန်မှာ ကြီးပွားရေးမဂ္ဂဇင်းကို ခင်ဗျားအနေနဲ့ တတပ်တအား ထူထောင်ပါဝင်နိုင်ခဲ့ခြင်းပေပဲ။ ကျွန်တော် ကြားဖူးသလောက်မှာ လမ်းညွှန်နည်း (၀၁) ဆရာလုပ်နည်း ၂–

www.myanmarcupid.net

မျိုးရှိသဗျ။ နိုင်ငံခြားသား များရဲ့ ဩဝါဒမဟုတ်ပဲ မြန်မာ့ ထုံးတမ်းစဉ်လာ အယူအဆပါ။

၁။ ။တစုံတယောက်သောသူအား ကြီးပွားချမ်းသာ စေလိုသည့်အတွက် မည်သို့ပြုလုပ်ရမည် စသဖြင့် နည်းပေးလမ်းပြလုပ်ခြင်းတမျိုး။ အဲဒီအမျိုးအစားမှာ ကိုယ်တိုင်လိုက်နာ ပြုလုပ်ခြင်း မရှိပဲ သူတပါး ကိုသာ "ဒီလိုလုပ်၊ ဒီလိုပြော၊ ဒီလိုကြံစည်ပါ"လို့ ညွှန်ကြားတတ်လို့ အပြောခံရသူက 'ငါ့အပေါ်မှာ ဆရာလုပ်တယ်၊ အညွှန့်ခူးတယ်"လို့ ထင်မြင်တတ်သဗျ။

၂။ ။အဲသလို အပေါ်စီးနှင့် ဆရာလုပ်မနေပဲ (ဝါ) မည်သူ့ကိုမျှ တိုက်တွန်းမနေတော့ပဲ လုပ်သင့် လုပ်ထိုက်သမျှကို မိမိကိုယ်တိုင် လုပ်ပြခြင်း၊ ကိုယ်တိုင်စာကြိုးစားခြင်း၊ သူတပါးကောင်းကျိုးကို ဆောင်ရွက်ခြင်း၊ အားနည်းသူကို ကူညီခြင်း၊ ကြင်နာတရားရှိခြင်း၊ နိုင်ငံနှင့် လူမျိုးအပေါ်မှာ သစ္စာရှိခြင်းတို့နှင့် ပြည့်စုံရတယ်။ ကိုယ်တိုင်လုပ်ပြတော့ မြင်ရသူတိုင်း အတုယူဖွယ် လိုက်နာဖွယ် ဖြစ်လာတယ် မဟုတ်လား။

www.myanmarcupid.net

ခေတ်ပြောင်းချိန်မှာ "သောကော ရောကော ဝိနာသန္တု" တွေလဲ ကြုံတွေ့ရစမြဲပေါ့။ သို့သော် ကိုလှ ကတော့ ကောင်းသော အစိတ်အပိုင်းမှာ ပါဝင်ကြောင်း ထင်ရှားနေပါတယ်။

(၃)

ကိုလှရေ –

ဘာပဲဖြစ်ဖြစ် သခင်ပါတီ စတင်ပေါ်ပေါက်တဲ့ အဲဒီ ၁၉၃၀ ကာလဟာ တော်လှန်ရေး ခေတ်ဆန်း ချိန်ပဲ။ လူအမျိုးမျိုး နတ်အထွေထွေ ဆိုသလို မြန်မာနိုင်ငံရေးလောကမှာ အတွေးအခေါ်တွေ ကွဲပြားခြားနား သော်လဲ ဘုန်းကြီးရော၊ မယ်သီလရော၊ လူကြီးရော၊ လူငယ်ရော အားလုံး ဝံသာနုတွေချည်းပဲ။ နယ်ချဲ့ကို တော်လှန်ဖို့ ရိက္ခာလက်နက် ဗဟုသုတတွေကို ရနိုင်ရာ အရပ်ရပ်မ လေ့လာစုဆောင်းကြတယ်။ နယ်ချဲ့နှင့် မသင့် မြတ်သူမှန်သမျှဟာ ကျွန်တော်တို့ရဲ့ မိတ်ဆွေတွေပဲ။ လက်ဝဲဖြစ်စေ၊ လက်ယာဖြစ်စေ၊ ဖက်ဆစ်ဖြစ်စေ၊ ပဒေသရာဇ်ဖြစ်စေ၊ အင်္ဂလိပ်ကို ဆန့်ကျင်ယင် ကျွန်တော်တို့ ကြိုက်ပြီ။ ဒါ့ကြောင့် သခင်ဗသောင်းက ဂျာမဏီ စာရေးဆရာကြီးရဲ့ မဟာလူသားကျမ်း၊ ငြနအဖခ့နဒျ ၂ကစနမာညေ ကို အခြေပြုပြီး သခင်ဝါဒကို ဖော်စပ်ခဲ့တယ်။



www.myanmarcupid.net

လူဟာ နှိမ့်ချခြင်း၊ သည်းခံခြင်း၊ သဘောကောင်းခြင်းကို ကျင့်သုံးနေသမျှ ကာလပတ်လုံး ကျွန်ဘဝမှ လွတ်မြောက်ဖွယ်မရှိ။ ထို့ကြောင့် သခင်ကျင့်၊ သခင်ကြံ၊ သခင်ဟန်ဖြင့် ကြက်ခေါင်းဆိတ်မခံ ဆက်ဆံခြင်းသည်သာလျှင် အကောင်းဆုံးသော ကျင့်စဉ်ဖြစ်သည်တဲ့။

သခင်ဗစိန်က အဲဒီသခင်ဝါဒကို တက္ကသိုလ်မှာ ဝါဒဖြန့်ချီပြီး သူ့ကို ကျောင်းထုတ်မခံရမီ သမဂ္ဂ စာကြည့်တိုက်မှာ အိုင်ယာလန် တော်လှန်ရေးခေါင်းဆောင်ကြီးများရဲ့ အာဘော်စာအုပ်တွေ အများကြီး စုဆောင်း သွတ်သွင်းခဲ့ပေတယ်။ သခင်စိုးကြီးက တက္ကသိုလ်သို့ မရောက်သော်လဲ လက်ဝဲစာပေများကို ဘားနတ် ပိဋကတ်တိုက်မှာ သူတယောက် အလိုက်စား အလေ့လာဆုံး ဖြစ်ကြောင်း အဲဒီအချိန်က စာကြည့်တိုက်မှူး ဦးခန့်က သက်သေခံပါတယ်။ ကျွန်တော်လဲ အဲဒီမှာ သူ့ကို စတင်တွေ့ဆုံခဲ့ခြင်းပဲ။ ဒိပြင်တော့ သခင်နုက နဂါးနီစာအုပ်တိုက်ဖွင့်ပြီး သခင်ဗဟိန်းတို့၊ ဦးအုန်းတို့နှင့်အတူ လက်ဝဲစာပေ ပြန့်ပွားရေး တစင်ထောင်ခဲ့ သပေါ့။တက်ဘုန်းကြီး သိန်းဖေမြင့်ရယ်၊ သခင်သန်းထွန်းရယ်၊ ဗိုလ်လက်ျာရယ်ကတော့ လက်ဝဲရေကြည် တော်ကို ဂင်္ဂါမြစ်သို့ ကိုယ်တိုင်သွားရောက်ခပ်ယူ သောက်သုံးကြသဗျ။

www.myanmarcupid.net

သူတို့အနေနှင့် ဖော်လဂါမှဂင်္ဂါသို့ လက်ဝဲရေစီးကြောင်း ဆင်းသက်တယ်လို့ စိတ်ကူးယဥ်ကြတယ်။ တဖန် ဂင်္ဂါမှ ဗေရာဝတီသို့ ဆိုသလို လက်ဝဲ ရေစင်ဆောင်ယူ ဘိသိက်သွန်းမယ်ပေါ့ဗျာ။ သခင်အောင်ဆန်းနှင့် ကိုကျော်ငြိမ်းတို့ကတော့ နယ်ချဲ့ဆန့်ကျင် ရေး အဓိပတိများ ဖြစ်သော်လဲ ကွန်မြူနစ်လိုလို၊ ဆိုရှယ်လစ်လိုလိုနှင့် လေ့လာဆဲ အခြေအနေမှာပဲ ရှိဟန် တူပါတယ်။ သခင်အောင်ဆန်းက သမဂ္ဂအယ်ဒီတာအဖြစ်နှင့် အနုပညာစိတ်ဓာတ် အခြေခံရှိပါတယ်။ သူက ပြောဖူးတယ်။

"ကျွန်တော်စာရေးဆရာဖြစ်ချင်တယ်ဗျာ၊ ဒါပေတဲ့ နိုင်ငံရေးဘက်မှာ ခရီးကျွံနေလို့ ဒီတသက်မှာ အစည်းအဝေး ဖိတ်စာရေးခြင်း၊ အစီရင်ခံစာ ရေးခြင်း၊ မိန့်ခွန်းရေးခြင်းတို့နှင့် အချိန်ကုန် ရတော့မှာပဲ"တဲ့။

ကျွန်တော်တို့ ကျောင်းသားလောကမှာ "ကျောင်းသားအာဏာရှင်" ဆိုသူများလဲ ရှိခဲ့သဗျ။ သခင် သိန်းအောင်နှင့် ကိုလှရွှေတို့က နာမည်အကြီးဆုံးပဗျာ။ အာဏာရှင်ဆိုတော့ သူတို့အမူအယာဟာ အာဏာရှင် ဟစ်တလာတို့၊ မူဆိုလီနီတို့နှင့် ပိုမိုနီးစပ်တယ်လို့ ဆိုရမှာပ။ အစည်းအဝေးမှာ လက်ညှိုးတထောင်ထောင်နဲ့ သူတို့မိန့်ကြားသမျှကို လိုက်နာကြရတယ်။ "ဗ,မော်အစိုးရ



www.myanmarcupid.net

ဖြုတ်ချ” ဆိုယင်လဲ ကျောင်းသားများက လိုက်နာ ကြရတယ်။ ဒါပေတဲ့ ကျောင်းသားအာဏာရှင်များ ဖြုတ်ချခဲ့တဲ့ ဒေါက်တာဗမော်ဟာ ဂျပန်ခေတ်မှာ ‘အဓိပတိ အရှင်မင်းကြီး”ဘွဲ့နှင့် ပြန်ပေါ်လာပြီး ဟစ်တလာတို့နှင့် ထီးပြိုင် နန်းပြိုင် မဟာအာဏာရှင်ကြီး ဖြစ်လာသဗျ။ “ကမ္ဘာမှာလဲ အာဏာရှင်၊ ဒို့လဲအာဏာရှင်”ဆိုတဲ့ သီချင်းတောင် ပေါ်ခဲ့တယ် မဟုတ်လား။

ဘာပဲဖြစ်ဖြစ် ကျွန်ဘဝမှလွတ်မြောက်ရေးအတွက် ကျွန်တော်တို့ လူကြီးလူငယ် လက်ဝဲလက်ယာ အပေါင်းတို့က တွေ့ရာဝါဒ၊ တွေ့ရာလက်နက်၊ တုနတ်၊ ဓား၊ လောက်စာလုံးပါမကျန် သုံးစွဲတော်လှန်သမျှ ကိုတော့ ကျွန်တော်အကြွင်းမဲ့ ထောက်ခံပါတယ်။ နယ်ချဲ့ဆိုလျှင် ဘယ်ခေတ်မှာမဆို အဲသလို သံပုံးတီးပြီး သရဲမရဲ ထုတ်သလို လုပ်ပစ်ရမှာပဲ။

ဟိုတုန်းက နယ်ချဲ့ခေတ်မှာ မြန်မာနှင့် အိန္ဒိယတို့ ပူးတွဲနေချိန်အတွင်း ဂန္ဒီကြီးတို့၊ နေရူးတို့ထံမှ အများကြီး အကူအညီ ရခဲ့ပါတယ်။ အဲဒီတုန်းက သူတို့အမျိုးသမီး ခေါင်းဆောင်ကြီး ဆာရိုဂျီနီနိုင်ဒူး (မေသပြည င ငြေိက) ရေးစပ်တဲ့ ဆုတောင်းပတ္ထနာကဗျာကို ယခုတိုင် တငွေ့ငွေ့ သတိရမိနေသဗျာ။

www.myanmarcupid.net

ရှေ့နောက်ဝဲယာ၊ လေးဒီသာမှ
ကဗျာလေပြေ၊ တိုက်ခတ်ပေလျှင်
တို့ပြည်မှောင်မိုက်၊ အကျဉ်းတိုက်ဝယ်
ပူအိုက်သက်သာ၊ နေရေးသာဘိ
လွတ်ရာလွတ်ကြောင်း၊ အားသစ်လောင်းကာ
ဆုတောင်းမေတ္တာ၊ ပို့သည်သာတည်း။
သို့ရာတွင်မူ၊ ဤဇမ္ဗူဝယ်
နတ်လူချမ်းသာ၊ ပျက်ပြားရာသော
ကမ္ဘာမုန်တိုင်း၊ လေအရှိုင်းတို့
ဝန်းဝိုင်းအန်တု၊ ပုတ်ခတ်ပြုသော်
ပြည်သူ့အနေ၊ ဒို့တတေငွကား
အောက်ခြေမလွတ်စတမ်းတည်း။


အဲဒီတေးသံရဲ့ ဆိုလိုရင်းကတော့ "ကျွန်တော်တို့တိုင်းပြည် လွတ်လပ်ရေးအတွက် အထောက်အကူ ပြုမည့် လေပြည်လေညှင်းများ ကမ္ဘာအရပ်ရပ်မှ အခါခပ်သိမ်း တိုက်ခတ်ပါစေ။ သို့သော် တိုင်းပြည်၏ လွတ်လပ်ရေးကို အန္တရာယ်ပြုမည့် လေဆိုး လေရိုင်း လေမုန်တိုင်းတို့၏ ပယောဂကြောင့် တိုင်းရင်းသားများ အောက်ခြေလွတ်ခြင်း မဖြစ်ကြပါစေသတည်း"တဲ့။ (တခန်းရပ်)

ညိုမြ (၂၅-၉-၈၃)

www.myanmarcupid.net

# လူငယ်များနှင့် လူထုဦးလှ

## မောင်ရဲ



လူထုဦးလှ
ဦးလေးလှသည်
မြန်မာပီသသူဖြစ်သည်။
နှလုံးလှ၍ စိတ်ထားမြင့်မြတ်သူ ဖြစ်သည်။
သီလရှိ၍ ကိုယ်ကျင့်တရားကို သေသည်အထိ
စောင့်ထိန်းသွားသူ ဖြစ်သည်။
ထို့ကြောင့် မြင့်မြတ်သည့်ဘုံသို့သာ ရောက်ရှိမည်ဟု
ယုံကြည်သည်။

မောင်ရဲမြင့် (ညောင်ဦး)

www.myanmarcupid.net

"တိုင်းပြည်အတွက် အလုပ်လုပ်တဲ့လူတွေဟာ မသေဘူး၊ မအိုဘူး၊ မနာဘူးဆိုတဲ့ စိတ်နဲ့ အလုပ်လုပ်ကြရမယ်၊ ယဉ်ကျေးမှုကို ထိန်းသိမ်းတာဟာ အားရှိတယ်။ သားသမီးကို မိဘက အလိုလိုက်တာ မိဘရဲ့ဝတ္တရား၊ အသိတရားရှိတာ မရှိတာ သားသမီးရဲ့ တာဝန်သာဖြစ်တယ်။ အဲဒီတော့ ဗိုလ်ကျချင်တဲ့စိတ် ဖျောက်ပြီး အနစ်နာခံချင်တဲ့စိတ် မွေးရမယ်၊ စာအုပ်ဆယ်အုပ်ဖတ်လို့ သဘောမပေါက်ပါဘူး၊ လက်တွေ့ အလုပ်လုပ်တာက ထိရောက်တယ်"

"အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းကြရမယ်၊ အမျိုးမာန်၊ ဇာတိမာန် ရှိရမယ်၊ ကနေ့ တိုင်းပြည် တည်ဆောက်ရေးလုပ်ငန်းတွေမှာ လုပ်အားပေးကြရတာဟာ မြင့်မြတ်တယ်၊ တယောက်နဲ့ တယောက် ရင်းနှီး ချစ်ခင်မှုလဲ ရကြတယ်၊ ဒါဟာ လူမှုဆက်ဆံပေါင်းသင်းရေးအတွက် အမြတ်ပဲ၊ နောက်ဆုံးအမြတ်က ဘာလဲ ဆိုတော့ ဘာသာရေး အမြတ်ပဲ ဖြစ်တယ်။ အဲဒီတော့ မောင်တို့ မယ်တို့ တိုင်းပြည်အတွက် နိုင်ငံအတွက် အလုပ်လုပ်နိုင်ကြပါစေလို့ ပြောလိုပါတယ်"

၁၉၇၅–ခုနှစ် အောက်တိုဘာ ၁၉–ရက်နေ့ ပုဂံမြို့ ဘီအေစီခန်းမ ယခု 'ဇရာ'ဟိုတယ်၌ ဟောပြောသော ဦးလေးလှ၏ ဟောပြောချက် တချို့တဝက် ဖြစ်ပေသည်။



www.myanmarcupid.net

ပုဂံညောင်ဦးမြို့တွင် ၈–၇–၇၅ နေ့က ငလျင်ကြီးလှုပ်၍ အဓိကဘုရားကြီး ၇၂ ဆူ ပြိုပျက်ပြီး မထင် ရှားသော စေတီပုထိုး အလတ်စား အငယ်စား များစွာ ပြိုကျပျက်စီး သွားရပေသည်။ ထို့ကြောင့် ရန်ကုန် မန္တလေး ဝိဇ္ဇာသိပ္ပံ တက္ကသိုလ် ကျောင်းသူ ကျောင်းသားများ ပုဂံဘုရားများ ပြန်လည်ပြင်ဆင်ရေးအတွက် လုပ်အားပေးစခန်း ဖွင့်လှစ်ထားရာ ဇရာဟိုတယ်ခန်းမကြီး၌ နိုင်ငံတော် အစိုးရက လူငယ်များ တက်ကြွစွာ လုပ်အားပေးနိုင်ရေးအတွက် လူထုမောင်နှံအား စာပေဟောပြောပွဲတရပ် ချမှတ်ပေးခြင်း ဖြစ်ပေသည်။

ကျွန်တော်သည် ထိုအခမ်းအနားသို့ တက်ရောက်ခွင့်ရခဲ့သည်။ ရန်ကုန် မန္တလေးက လူငယ်ရေးရာ မှူးများ၊ ဌာနမှူးများ၊ ပါတီ ကောင်စီက ပုဂ္ဂိုလ်များနှင့် ကျောင်းသား ကျောင်းသူများသည် ဇရာဟိုတယ် ခန်းမကြီးတခုလုံး အပြည့်မျှ နားထောင်နေကြပေသည်။ လူထုဦးလှ (ဦးလေး) ဟောပြောပွဲ အစီအစဉ်အရ အခမ်းအနားမှူးက ဟောပြောရန် ဖိတ်ခေါ်လိုက်သည်နှင့် တည်ငြိမ်၍ ကျန်းမာရစွာ ထလာပါသည်။ ပင်ကိုယ်ဟန်ဖြင့် စကားပြောစင်ရှေ့ ရပ်ပြီးလျှင် နှုတ်ခွန်းဆက်စကား ပြောလိုက်သည်နှင့် လုပ်အားပေး လူငယ် မောင်မယ်များသည် ရွှင်လန်းအားရစွာ လက်ခုပ် လက်ဝါးတီး၍

ပျော်ရွှင်နေကြပေသည်။ ဦးလေးသည် ဟောပြောနေယင်း လက်ဟန် ခြေဟန် အနည်းငယ် ထည့်သွင်း ဟောပြောနေသည်။ လှုပ်ရှားမှုများသည် တက်တက်ကြွကြွ ရှိသည်။ လူငယ်တယောက် ဟောပြောနေသကဲ့သို့ သူ၏ပုံသဏ္ဍာန်မှာလည်း သူတို့ ငယ်ရွယ်စဉ် လူငယ်များ ကြီးပွားရေး အသင်း၌ ဟောပြောခဲ့စဉ်က လူငယ်တယောက်အဖြစ် ငယ်မူငယ်သွေး ပေါက်နေသည်ဟု ကျွန်တော် မြင်ယောင်နေမိပါသည်။

"ကိုဇော်ဝိတ်ကြီးတို့ အိုလံပစ်သွားကြတုန်းက အလေးမပြိုင်ပွဲ ဝင်ပြိုင်ပြီး အပြန်မှာ ပြင်သစ်ကို ဝင်လည်ကြသတဲ့။ ပြင်သစ်မှာ တော်တော်လည်မိတော့ လက်ထဲ ပိုက်ဆံကမရှိတော့ဘူး။ ဆာတဲ့အချိန် ဈေးအပေါဆုံး စားစရာတခု ဝင်စားကြစို့ဆိုပြီး ဟော်တယ်တခုထဲ ဝင်လိုက်ကြတယ်။ ပြင်သစ်မှာ အင်္ဂလိပ် စကားကို လုံးဝအသုံးပြုတာ မဟုတ်တော့ ရောင်းချတဲ့ အစားအသောက် စာရင်း ဈေးနှုန်း မီနူးကဒ်ကလဲ ပြင်သစ်လိုပဲ ရေးထား တယ်။ ကိုဇော်ဝိတ်တို့က ဘယ်သူမှ မဖတ်တတ်ကြဘူး။ ဒါ့ကြောင့် ဈေးအနည်းဆုံး ဟာကို လက်ညှိုးနဲ့ထောက်ပြပြီး စားပွဲထိုးကို မှာလိုက် တယ်။ ခဏနေတော့ သွားကြားထိုးတံကလေးတွေကို ပုဂံပြားနဲ့ ထည့်ပြီး စားပွဲထိုးက လာချသွားသတဲ့။ ဒါနဲ့ရှိသမျှ



www.myanmarcupid.net

ပိုက်ဆံကလေးပေးခဲ့ပြီး သွားကြားထိုး ပြန်ခဲ့ကြရသတဲ့"။ လူငယ်များသည် တဝါးဝါးရယ်မောကြလေသည်။ ဦးလေးသည် ကိန်းကြီးခန်းကြီး သမားမဟုတ်ပေ။ လူငယ်များ အတွက် အထွေထွေဗဟုသုတရစေလိုသည်။ သိသမျှတတ်သမျှ အတွေ့အကြုံတွေ ပေးဝေခံစားစေလိုသည်။ ကျွန်တော်သည် ၁၉၆၄–ခုနှစ်မှစ၍ ၁၉၆၇ခု ဇူလိုင်လ ၇ရက် လူထုသတင်းစာ ပိတ်သည့် အချိန်ထိ သတင်းထောက်အဖြစ်ဆောင်ရွက်ခဲ့သည်။ ပုဂံညောင်ဦး ရောက် လျှင်လည်း ဦးလေးတို့ ကျွန်တော့်မိသားစုအိမ်သို့ မဝင်ပဲပြန်လေ့မရှိ။ ကျွန်တော်ကလည်း မန္တလေးရောက်လျှင် လူထုတိုက်သို့ မဝင်ပဲပြန်လာ လေ့မရှိပေ။ တခါတော့ ရှိသည်။ ဦးလေးသည် နိုင်ငံတော်အစိုးရတာဝန်ပေးချက်အရ ရွေးချယ် တင်မြှောက်ပွဲ ကော်မရှင်အဖွဲ့တာဝန်ဖြင့် ပုဂံညောင်ဦး ရောက်စဉ်က မိမိပင်ကိုယ်အသိဖြင့် ကျွန်တော်သွားမတွေ့၊ ဦးလေးလည်း မိသားစုအိမ်သို့ ဝင်မသွားပေ။

မန္တလေးလူထုတိုက်ဝင်လျှင် ကျွန်တော့်အဖို့ တံခါးမရှိ၊ ဓားမရှိ ဖြစ်သည်။ ပြန်လျှင်လည်း ခါးဖက်၍ ဝင်းအပြင်ထိလိုက်ပို့လေ့ရှိသည်။ လက်ချည်း လည်း ပြန်ရလေ့မရှိ။ လူထုတိုက်ထုတ်စာအုပ်အမြဲပေးလိုက်ရမှ ကျေနပ် သည်။ အကူအညီလို၍ တိုင်ပင်လျှင် ဦးလေးက



www.myanmarcupid.net

ပေးဖို့အသင့်ဖြစ်နေသည်။ သူရေးသော စာအုပ်များ ကိုလည်း လက်ဆောင်အဖြစ် ကိုယ်တိုင်ကိုယ်ကျ ပေးရမှ ကျေနပ်သူဖြစ်သည်။ ကျွန်တော့်ကို အထပ်ထပ်မှာ သော ဩဝါဒကို ကျွန်တော် စွဲမြဲစွာ ခံယူထားပါသည်။ တွေ့တိုင်းလည်းပြောသည်။ "မောင်ရဲမြင့်၊ စာပေအရေးအသားကို အမြဲမပြတ် ရေးသားလေ့ကျင့်နေပါ၊ ကိုယ်တတ်ထားတဲ့ အရေးအသားနဲ့ ပြည်သူကို အကျိုးပြုပါ"ဟူ၍ ဖြစ်ပေ သည်။ ကျွန်တော်သည် ဦးလေး၏ဩဝါဒအရ ရေးတတ်သားတတ်သရွေ့ ဖြင့်ပင်ဖြစ်နိုင်သည့် အတိုင်းအတာမှနေ၍ ပြည်သူ့အကျိုးပြု စာပေများ တစ တစ ရေးသားနေပါသည်။ စာပေသစ္စာစာပေခံယူချက်ဖြင့်သာ ကျွန်တော့်မိဘ သဖွယ် ပြုစုပျိုးထောင်ပေးခဲ့ကြသော စာပေကျေးဇူးသစ္စာရှင်များကို ဦးထိပ်ပန်ဆင်၍ စာပေများကို ရေးသားတင်ပြပါသည်။

ဦးလေးအကြောင်းရေးလျှင် ရေးလက် ရေးကွက် ရေးချက်တွေ များပြားစွာ ရှိပေသည်။ ဤစာစု ရေးနေစဉ်ပင် ၁၉၆၂ ခုနှစ် မန္တလေးတိုင်း ပထမ အကြိမ် သတင်းထောက်အသင်း ညီလာခံကြီးတွင် လမ်းစဉ်ဦးစိန်ဝင်း နှင့် ဦးလေးတို့က သတင်းထောက်များကို ဒန်ပေါက်နှင့် ကြက်သားကျွေးမွေး ဧည့်ခံ နေပုံကိုမြင်ယောင်မိသည်။ နယ်သတင်းထောက် တွေနှင့်



www.myanmarcupid.net

တရှန်းရှန်း ပြောကြဆိုကြ ရယ်မောကြဖြင့် လူငယ်တယောက်ကဲ့သို့ သွက်လက်နေသည်။ ရေးဖော်ရေးဘက်များနှင့် တွေ့နေရလျှင် ပျော်ရွှင်နေသည်။ ဟန်ကြီးပန်ကြီး ဆိုတာ အရိပ်အယောင်မျှပင်သူ့မှာမရှိ။ ပကတိမျက်နှာထားကကြည်လင် နေသည်။ သူ၏မျက်နှာနှင့် ပုံပန်းသဏ္ဌာန် သည်ပင် လူချစ်လူခင်ပေါသော ရုပ်လက္ခဏာဖြစ်သည်။ သတင်းစာသမားပီပီ အပေါင်းအသင်း များသူလည်း ဖြစ်ပေသည်။

ဦးလေးသည် ပင်ကိုယ်ဟန်ဖြင့်ပင် ဟောပြောရာ၌ ဟာသပညာ ပါသည်ကို တွေ့ရသည်။ ပညာဗဟုသုတ ရှိစေလိုသည့်စေတနာပေါ်သည်။ တိုင်းရင်းသား များ၏ အတွေးအခေါ်ရှိပုံများကို အာဝဇ္ဇန်းရွှင်ရွှင်နှင့် ဟောပြောသွားသည်များမှာ နားထောင်သူ လူငယ်အပေါင်းအား တသောသောပွဲကျစေပါသည်။

"မောင်တို့ မယ်တို့ကို ဦးလေးတခု တင်ပြချင်တယ်။ နာဂတောင်တန်း လေ့လာရေး တခေါက် ရောက်တော့ ချူပန်းဆိုတဲ့ နာဂအမျိုးသား တယောက်နဲ့ တွေ့တယ်။ သူက ကြီးကြီးကျယ်ကျယ် ခန့်ခန့်ထယ်ထယ် စကားပြောတတ်ပါတယ်။ စကားတခွန်းစလိုက်တာနဲ့ ကမ္ဘာကြီးနဲ့ယှဉ်ပြီး ပြောတာပဲ။ ကျွန်တော်က

www.myanmarcupid.net

နာဂတောင်တန်းမှာ လူသေတွေ သစ်ပင်ပေါ် တင်ထားလို့ အရေတစက်စက်ကျတယ်။ အဲဒီအပုပ်ရေတွေကို မွေးထားတဲ့ ဝက်တွေ၊ ကြက်တွေ၊ ခွေးတွေက စားတယ်။ ဒီတိရစ္ဆာန်က လူတွေရဲ့ စားအိုးစားခွက်ကို ဝင်နှိုက်စားပြန်တော့ ရောဂါကူးစက်တယ်၊ ကျန်းမာရေး အတွက် လူသေတွေကို မြေမြှုပ်ဖို့ပြောတော့ – – ချူပန်းက "ကျွန်တော်တို့ မသေခင်တော့ အတူတူတောင်ယာလုပ်ကြ၊ အတူတူအိပ်ကြနဲ့ ချစ်ချစ်ခင်ခင် နေကြပြီး သေတော့မှ မြေအောက်မြှုပ်ပစ်လိုက်ယင် ဘယ်တရားမလဲ ဆရာရယ်"တဲ့။ သူဒီလို ပြောလိုက်တော့ ကျွန်တော် တောင် မျက်စိလည်သွားတယ်။ နောက်ပြီး ချူပန်းက ဆက်ပြောသေးတယ်။ "ကျွန်တော်တို့ ပြည်ထောင်စု ကိုယ်စားလှယ်အဖြစ်နဲ့ ရန်ကုန် လိုက်ဖူးပါတယ်၊ လူသေတွေကို မြေမြှုပ်တယ်၊ မီးရှို့တယ်ဆိုတဲ့ ရန်ကုန် မှာလဲလူတွေ သေနေတာပါပဲ"တဲ့။ ချူပန်းက ခေတဲ့လူမဟုတ်ပါဘူး။ လူ့ခေါင်း ငါးခေါင်း ဖြတ်ဖူးသူပါ။

ချူပန်းက နာဂပုံပြင်တခုပြောပြလိုက်သေးတယ်။ ရှေးအခါက ကမ္ဘာကြီးထဲမှာ နာဂရယ်၊ မြန်မာရယ်၊ တရုတ်ရယ် ဇရာမချီးပုံကြီးကို လွှတ်အောင်ခုန်ကြဖို့ ပြိုင်ပွဲဝင်ကြတယ်။ နာဂက ခုန်လိုက်တော့ လွတ်လွတ် ကင်းကင်း



www.myanmarcupid.net

အောင်မြင်သွားတယ်။ တရုတ်ခုနှစ်တော့မလွတ်ပဲ ချီးပုံကြီးထဲ လက်နှစ်ဘက် စလုံး ထောက်မိသွားသတဲ့၊ အဲ မြန်မာအလှည့်ရောက်လို့ ခုန်လိုက်တော့ လက်တဘက်ထောက်မိတယ်။ အဲဒါကြောင့် ထမင်းစားယင် မြန်မာက လွတ်တဲ့လက်တဘက်နဲ့စားတယ်၊ တရုတ်က တူ၂ချောင်းနဲ့စားတယ်၊ ကျုပ်တို့နာဂကျတော့ လက်နှစ်ဖက်နဲ့ ကြိုက်သလို စားတာပေါ့" ဟူ၍ ဟောပြောလေရာ ပုဂံလျှင် လုပ်အားပေး လူငယ်များမှာ ပတ်တုတ်၍မရအောင် ရယ်မောကြသည်ကို တွေ့ရပေသည်။

ထိုဟောပြောပွဲကို ဒေါ်ဒေါ်ဒေါ်အမာက ပထမဟောပြောသည်။ ဒေါ်ဒေါ် ဟောပြော၍ အပြီးစားပွဲရှေ့ ရောက်လာပြီးကုလားထိုင် ဝင်ထိုင်လိုက်သည် နှင့် ဦးလေးက ရေနွေးကြမ်းငှဲ့ပြီးသားပုဂံကို ဒေါ်ဒေါ့်လက်သို့ လက်ကမ်းပေး လိုက်သည်ကို မြင်၍ လုပ်အားပေး လူငယ်မောင်မယ်များက ရယ်ကြ လေသည်။ ထို့ကြောင့် ဦးလေးက "မောင်ရင်တို့က ဘာရယ်တာလဲ၊ အားနွဲ့တဲ့သူဆိုတာ အလိုလိုက်ရတယ်" ဟု ပြောသဖြင့် အမျိုးသား လူငယ်များက အမျိုးသမီးလူငယ်ထုအတွင်းသို့ မျက်စိကစား၍ ရယ်ရယ်မောမော တသောသော ဖြစ်၍ နေကြလေသည်။။ ထို့ကြောင့် ဦးလေးသည် လူငယ်ကြိုက် လူထုဦးလှဆိုက မှားအံ့မထင်ပေ။



www.myanmarcupid.net

ကျွန်တော်တို့ ပုဂံညောင်ဦးနှင့် မန္တလေးသည် မိုင် ၁၀၀ ကျော်ခရီး ဖြစ်သည်။ ဦးလေးအသုဘမီဖို့ မလွယ်ပေ။ သို့သော ရက်လည် ဆွမ်းသွတ်သော နေ့တွင် မန္တလေး လူထုတိုက်သို့ ဦးလေးမရှိသည့် နောက် ပထမဆုံးအကြိမ်အဖြစ် ရောက်ခဲ့ရသည်။ လမ်းတွင်ပြည့်စုံစွာ စားသောက် ခဲ့သော်လည်း လူထုတိုက် ဝင်လိုက် သည်နှင့် ကျွန်တော့်ရင်မှာ ဟာ၍နေ ပါသည်။ မည်သည့်ရောဂါဟူ၍ ဖော်ပြရန်ခက်လှသည်။ အနယ်နယ် အရပ်ရပ်မှ ကြေးနန်းစာများ၊ ပေးစာများ၊ တယ်လီဖုန်းမှ ဝမ်းနည်းကြောင်း များကို မှတ်တမ်းစာအုပ်ကြီးများတွင်တွေ့ရသည်။ အလွှာပေါင်းစုံမှ ရေးသား ကြသည်။ လစ်လပ်နေသောစာမျက်နှာကွက်လပ်၌ကျွန်တော် ဖြည့်လိုက်သည်။

လူထုဦးလှ
ဦးလေးလှသည်
မြန်မာပီသသူဖြစ်သည်။
နှလုံးလှ၍ စိတ်ထားမြင့်မြတ်သူ ဖြစ်သည်။
သီလရှိ၍ ကိုယ်ကျင့်တရားကို သေသည်အထိ
စောင့်ထိန်းသွားသူ ဖြစ်သည်။
ထို့ကြောင့် မြင့်မြတ်သည့်ဘုံသို့သာ ရောက်ရှိမည်ဟု

www.myanmarcupid.net

ယုံကြည်သည်။

မောင်ရဲမြင့် (ညောင်ဦး)

ဟူ၍ ကျွန်တော်ရသော စာမျက်နှာတွင် ဝမ်းနည်းကြေကွဲမှုကို နှလုံးသားဖြင့် ကမ္ဗည်းထိုးမိပါသည်။

မောင်ရဲ

www.myanmarcupid.net



# လူပျိုဘဝတုန်းက ကြီးပွားရေးကိုလှ

**ကလောင်ပျံ – ဦးဘကိုး**

*.....ဒီလိုနဲ့ ကျွန်တော်ဟာ ဈေးမှာပင်အိပ်၊ ဈေးမှာပင်စား၊ ဈေးဘုံဘိုင်တွင် ရေချိုး၊ ဈေးအိမ်သာကိုသာ အသုံးပြု၊ ဈေးမှာပင် ပညာယူ၊ ဈေးမှာပင် ပညာပေးနှင့် ၂–နှစ်ခန့် နေမိသောအခါ တော်တော် အရည်အချင်းရှိလာသည်။ လူငယ်များ ကြီးပွားရေးအသင်း အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်အရ ကြီးပွားရေးမဂ္ဂဇင်းဆိုသော မဂ္ဂဇင်းလေး တစောင် ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပါသည်။*

www.myanmarcupid.net

ကျွန်တော်သည် ၁၉၃၅–ခုနှစ်က စပြီး ကိုလှနှင့် သိကျွမ်းခင်မင်ခဲ့ပါသည်။ ယင်းနှစ်မှာပင် ကိုလှက လူငယ်များကြီးပွားရေးအသင်းရဲ့ အလုပ်အမှုဆောင် ဖြစ်လာခဲ့ပါသည်။ ထိုအချိန်က ကျွန်တော်သည် နေထိုင်ရေး အခက်အခဲမှ ပြေလည်စေရန် လောကခံဦးထွန်းလှ၏ ကူညီမှုဖြင့် ကြီးပွားရေးအသင်း ဘဝ တက္ကသိုလ်တွင် နားခိုလျက် ရှိသဖြင့် ကိုလှနှင့် အတူတွဲပြီး အသင်းကိစ္စအဝဝကို လုပ်ဆောင်ခဲ့ရပါသည်။ ကြီးပွားရေးမဂ္ဂဇင်းကို မောင်ဂိုမာရီလမ်း ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ ၃၈ လမ်း အမှတ် ၂၂၇–သို့ ပြောင်းရွှေ့ပြီးသည့်အခါ ဦးလှက ကျွန်တော့်အား သူနှင့်အတူတူ အလုပ်လုပ်ရန် ခေါ်ယူခဲ့သဖြင့် ကြီးပွားရေး မဂ္ဂဇင်းတွင် သူနှင့် အတူတူတွဲ၍ အလုပ်လုပ်ရပြန်ပါသည်။ ကြီးပွားရေး မဂ္ဂဇင်း မန္တလေးသို့ မပြောင်းရွှေ့မီ ကိုလှနှင့်အတူ လုပ်ကိုင်သူ များတွင် ဖြူးမှ ကိုမောင်တင်၊ ညောင်လေးပင်မှ ကိုထွန်းရှိန်နဲ့ ကိုထွန်းတင်တို့ ဖြစ်၍ သူတို့ထွက်သွားကြသည့် အခါ ကိုဇင်၊ ပဲနွယ်ကုန်းမှ ကိုခင်မောင်နဲ့ ကျွန်တော်တို့ လုပ်ကိုင်ကြပါသည်။ ကိုလှ အပါအဝင် အားလုံး လူပျိုတွေချည်းဖြစ်ရာ အားလုံးလိုလို ကိုလှနှင့် ရင်းနှီးခင်မင်သောကြောင့် လည်းကောင်း၊ စာပေလုပ်ငန်းတွင် ဝါသနာပါသောကြောင့် လည်းကောင်း၊

www.myanmarcupid.net

ရဲဘော်ရဲဘက် စိတ်ထားဖြင့် လုပ်ကိုင်ကြခြင်း ဖြစ်ပါသည်။ ငွေရေး ကြေးရေးကို အဓိကထား၍ လုပ်ကိုင်ကြခြင်း မဟုတ်ပါချေ။ ထူးခြားမှုမှာ ၇ ယောက်လုံး အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး၊ ဂျပန်ဖက်ဆစ်တော်လှန်ရေးနဲ့ လွတ်လပ်ရေးတိုက်ပွဲ များတွင် တိုက်ပွဲတခုခု၌ ပါဝင်သွားခဲ့ကြသူများ ဖြစ်ကြပါကုန်သည်။ ယခုအခါ ကျွန်တော်မှတပါး အားလုံး ကွယ်လွန်ကုန်ကြပါပြီ။

ကျွန်တော်သည် နယ်မှာနေစဉ်က သူရိယသတင်းစာရက်ခြားနဲ့ သူရိယနေ့စဉ်သတင်းစာများတွင် ဆောင်းပါးအမျိုးမျိုး ရေးခဲ့ဖူးပါသည်။ အပျော်ထမ်းသတင်းထောက် အဖြစ်နှင့်လည်း သတင်းရေးပို့ခဲ့ဖူး ပါသည်။ သို့သော် စာနယ်ဇင်း လုပ်ငန်းနှင့် ပတ်သက်၍ ဘာမှသိသူ မဟုတ်ပါ။ ကျွန်တော့်အကြောင်းကို သိသော ကိုလှက ပရူ(ဖ်)ပြင်နည်းကို လက်ထပ်သင်ပေးပါသည်။ ယင်းမှတဆင့် စာမူရွေးချယ် တည်းဖြတ် နည်းနဲ့ "ပျစုပေ"ခေါ် စာမျက်နှာအလှ ထားသိုနည်းတို့ကို သင်ပေးပါသည်။ ကိုလှသည် ပညာကို ထိန်ချန်ထားခြင်းမရှိ၊ ကျွန်တော်ရဲ့ အစွမ်းအစကို လမ်းဖွင့်ပေးသူဖြစ်ရာ သူ့ကျေးဇူးကား ကြီးမားလှပါ၏။ ထိုအချိန်မှစ၍ စာနယ်ဇင်း လောကထဲသို့ ကျွန်တော်ရောက်ရှိလာခြင်း ဖြစ်ပါသည်။

www.myanmarcupid.net

အကြောင်းအမျိုးမျိုးကြောင့် ကိုလှနှင့် ခွဲခွာခဲ့ရ ပြီးနောက် စာအုပ်ထုတ်ဝေသူအဖြစ်ဖြင့်လည်းကောင်း၊ ဂျာနယ်နှင့် နေ့စဉ်သတင်းစာ ထုတ်ဝေသူ အဖြစ်ဖြင့် လည်းကောင်း ကျွန်တော် လုပ်ကိုင်နိုင်ခဲ့သည်မှာ ကိုလှပေးလိုက်သော ပညာ အမွေအနှစ် ကြောင့်ဟု ဆိုက မှားမည် မဟုတ်ပါ။ ကျွန်တော်နှင့် ကိုလှသည် ကြီးပွားရေးမဂ္ဂဇင်းတိုက်မှာ အတူအိပ် အတူစား၊ အတူသွားအတူလာ ဖြစ်ရာက ညီအကိုတမျှ ချစ်ခင်ရင်းနှီးလာခဲ့ကြသည်မှာ သူမကွယ်လွန်မီအထိဖြစ်ရာ သူ့ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စနှင့် လူမှုရေးစသည့် လုပ်ဆောင်ချက် တော်တော်များများကို သိခွင့်ရခဲ့သည်အထိ ဖြစ်ပါသည်။ အဲဒီ အထဲကအခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်မည့်အကြောင်းအရာ အချို့သာ တင်ပြပါမည်။

ကိုလှသည် ဘုရား တရား သံဃာတည်းဟူသော ရတနာသုံးပါး ယုံကြည်ကိုးကွယ်သူ ဖြစ်သည်။ နံနက်တကြိမ် ညတကြိမ် တနေ့ ၂ကြိမ်ဘုရားရှိခိုးလေ့ရှိသည်။ ဘုရားရှိခိုးရာတွင် ယုံကြည်မှုအပြည့်ဖြင့် ရိုရို သေသေ လေးလေးနက်နက် ရှိခိုးလေ့ရှိသည်။ ဘုရားပန်းကိုလည်း တနေ့တခါလဲသည်။ ငယ်စဉ် ကလေး ဘဝက စပြီး ဘုရားရှိခိုးကြောင်း ကိုလှတူတော်သူ ဝင်းမော်ဦး ကိုတင်မောင် ပြောပြ၍

www.myanmarcupid.net

သိရပါသည်။ ရတနာ သုံးပါးကို ယုံကြည်သူဖြစ်သည့်အတိုင်း ငါးပါးသီလကို အတတ်နိုင်ဆုံး ထိန်းသည်။ ကိုယ်အမူအယာ၊ နှုတ်အမူ အရာ နူးညံ့သိမ်မွေ့ခြင်း၊ ဒေါသနည်းခြင်း၊ ဒေါသဖြစ်လောက်အောင် ပြဿနာဖြစ်ပေါ်လျှင်လည်း ထိန်းချုပ် ထားနိုင်စွမ်း ရှိခြင်းစသော ကိုယ်ကျင့်တရားဆိုင်ရာ အရည်အသွေးများ ပြည့်ဝသူ ဖြစ်ပါသည်။ စာရိတ္တ ကောင်းသူအဖြစ် မိတ်ဆွေများက အသိအမှတ်ပြုထားကြသည်။ ကာတွန်းကိုဟိန်စွန်းက "ကိုလှသစ္စာရှိတယ်၊ မဟုတ်တာ မလုပ်ဘူး"ဟု ကျွန်တော့်အား ပြောပါသည်။ သခင်ဝတင်ကလည်း "ကျုပ်နဲ့ကိုလှ ဖဆပလမှာ အတူလုပ်ခဲ့ရတယ်၊ အရည်အချင်းရှိတဲ့ လူကောင်းတယောက်ပဲ"ဟု မှတ်ချက်ချပါ၏။

ကိုလှသည် အသင်းအဖွဲ့နှင့် ပတ်သက်၍ အများပြည်သူ အကျိုးစီးပွားများကို ဆောင်ရွက်ရာတွင် ကိုယ်ကျိုးမပါပဲ စေတနာဖြင့် ဖွဲ့လုံ့လကို အခြေခံပြီး စိတ်ရှည်ရှည်ဖြင့် လုပ်တတ်သည်။ အလုပ်လုပ်ယင်း အမှားလုပ်မိ၍ အမှားမှန်းသိယင် ပြင်တတ်သည်။ သူ့အမှားကို သူဝန်ခံသည်။ သူများအမှားကိုလည်း ခွင့်လွှတ် နိုင်သည်။ သူများ အကျိုးစီးပွားနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေသည့် အတင်းအဖျင်းကိုလည်း ဘယ်တော့မှ မပြော။ ဤသည်မှာ



www.myanmarcupid.net

ကိုလှနှင့် ကျွန်တော် အလုပ်လုပ်ခဲ့စဉ်က ကြုံတွေ့ခဲ့ရသော ကိုလှ၏ အလွန်ချစ်စရာ၊ အားကျစရာကောင်းသည့် အလေ့အကျင့် ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကိုလှကို သူ့မိတ်ဆွေ အပေါင်းအသင်း များက "သစ္စာရှိသော လူကောင်းတယောက်"လို့ အသိအမှတ် ပြုကြဟန်တူပါသည်။

ကိုလှသည် ရတနာသုံးပါးကို ယုံကြည် ကိုးစားသလို ဗေဒင်ကိုလည်း ယုံကြည်အားထားသည်။ သူ့တွင် တစုံတရာသော အဆင်မပြေမှု ပြဿနာများ ရှိလာလျှင် သူ့လက်စွဲတော် ဗေဒင်ဆရာ ဗေဒကဝိန် ဆရာရှိန်ထံ ဗေဒင်မေးလေ့ရှိသည်။ လိုအပ်လျှင် ဆရာရှိန်က ယတြာချေခြင်း၊ ဓာတ်ရိုက်ခြင်း စီရင်ပြုလုပ် ပေးသည်။ ဆရာရှိန်၏ ဆိုင်မှာ ဆူးလေကုန်းတော် အင်္ဂါထောင့်၌ ရှိသည်ဖြစ်ရာ ကိုလှသည် ရုံးအားသည့် နေ့များ၌ အခြားအရေးကြီးသော ကိစ္စမရှိလျှင် ဆရာရှိန်၏ ဆိုင်တွင် အချိန်ဖြုန်းတတ်သည်။ သူတို့ ၂ ယောက် အလွန်ခင်မင်သည်။ ဆရာရှိန်သည် ဗေဒင်တော်သော်လည်း မြင်းပွဲနှိပ်စက်မှုဒဏ်ကို ခံနေရသဖြင့် အမြဲ ငွေကြေးလိုနေသူဖြစ်ရာ ကိုလှက မကြာခဏ ထောက်ပံ့နေရသည်။ "မင်းဆီမှာ ငွေရှိယင် ဆရာရှိန်ကို ငွေ ၂၅ လောက်ပေးပါအုံး"ဟု ကိုလှပြောတိုင်း



www.myanmarcupid.net

ဆရာရှိန်အား ကျွန်တော်ငွေထုတ် ပေးခဲ့ရပါသည်။ သူကိုယ်တိုင် ပေးသည်လည်း ရှိပါသေးသည်။

ထို့ပြင် ကိုလှသည် ကွယ်လွန်သူ ဆရာကြီးမဟာဆွေအား အထူးကူညီခဲ့ပါသည်။ မဟာဆွေသည် ရန်ကုန်လူငယ်များကြီးပွားရေး အသင်းကြီး၏ နယ်အသင်းသားဖြစ်သဖြင့် သူ့အား ရန်ကုန်အသင်းသားများက သိပ်မသိကြပါ။ ထို့ကြောင့် ကိုလှက နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးတွင် မဟာဆွေအား အသင်းသားများနှင့် မိတ်ဆက်ပေးရာ အသင်းသားများက ဝမ်းပန်းတသာ ကြိုဆိုကြသဖြင့် မဟာဆွေအား လူသိများသွားပါသည်။ မဟာဆွေအား ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ရန် တိုက်တွန်းအားပေးသူတို့တွင် သူရိယ မဂ္ဂဇင်းအယ်ဒီတာ ဦးသိန်းမောင်နှင့် ကိုလှတို့ ထိပ်ဆုံးမှ ပါဝင်ခဲ့ကြသည်။ မဟာဆွေတို့မိသားစု ရန်ကုန် ပြောင်းလာသည့် အခါတွင်လည်း ၎င်းတို့နှစ်ဦးက နေထိုင်စားသောက်ရေး အဆင်ပြေစေရန် ငွေအား လူအားဖြင့် ကူညီကြသည်။

ပေါင်းသင်းဆက်ဆံရေး နယ်ပယ်တွင် ကိုလှကျင့်သုံးသော ပေါ်လစီမူဝါဒမှာ နှစ်ဦးနှစ်ဘက် အကျိုးရှိ ပြီးမိတ်ဆွေအဖြစ် ရေရှည်တည်တံ့ရေးပင် ဖြစ်ပါသည်။ စာနယ်ဇင်းလောက၊



www.myanmarcupid.net

အသင်းအဖွဲ့လောကတို့တွင် ယင်း ပေါ်လစီကို အသုံးပြုခဲ့သည်။ သူရိယမှ တာဝန်ခံ ဦးဘသိန်း၊ နိုင်ငံရေး သတင်းထောက်ကြီး ဦးပုလေး၊ ညအယ် ဒီတာ ဦးဘသန်း၊ နေ့အယ်ဒီတာ ဦးအမ်ဘိုးချိန်၊ သူရိယမဂ္ဂဇင်း အယ်ဒီတာ ဦးသိန်းမောင်၊ မြန်မာ့အလင်းမှ တာဝန်ခံအယ်ဒီတာ ဦးချစ်မောင် (ဂျာနယ်ကျော်)၊ သတင်းထောက်ချုပ် ဦးဘနှစ်တို့မှာ ကိုလှ၏ မိတ်ဆွေ ကောင်းများ ဖြစ်ကြသည်။ ကိုလှသည် ယင်းပုဂ္ဂိုလ်များမှတဆင့် လူငယ်များကြီးပွားရေးအသင်းနှင့် ပတ်သက်သော သတင်းအမျိုးမျိုးနှင့် ဆောင်းပါးအမျိုးမျိုးတို့ကို ရေးသားပေးပို့ရာ သတင်းစာထဲ မပါသည်မရှိ၊ ပါသည်ချည်းသါ။ ထို့ကြောင့် အသင်းအတွက် များစွာ'ဏကဘူငခငအပ'ရခဲ့သည်။ အသင်းလည်း အဖက်ဖက်က တိုးတက်လာသည်။ ကြီးပွားရေးမဂ္ဂဇင်းကလည်း အသင်း၏ လမ်းစဉ် နှင့် စည်းရုံးရေးသဘောတရားတို့ကို အမြဲတစေ ဝါဒဖြန့်ချီပေးသောကြောင့် နယ်အသင်းခွဲများ အသင်း စာကြည့်တိုက်များ သိသိသာသာကြီး တိုးပွားလာရာ တပြည်လုံးတွင် အသင်းသားသစ်များ ဝင်လာမစဲ ရှိတော့သည်။

လူငယ်များ ကြီးပွာရေးအသင်း ရွှေရတု အထိမ်းအမှတ် ကြီးပွားရေးစာစောင် စာမျက်နှာ ၂၃၈ တွင် နှယ်စိုးရေးသော



www.myanmarcupid.net

စေတနာရှင်ဝတ္ထုဥ္သြ ကိုလှနှင့် ကြီးပွားရေးမဂ္ဂဇင်း အရေးပါမှုကို အောက်ပါအတိုင်း ဖော်ပြ ထားလေသည်။ "ကြီးပွားရေး မဂ္ဂဇင်းမှာကိုလှ၏ ကိုယ်ပိုင် မဂ္ဂဇင်းဖြစ်သော်လည်း အသင်းဝါဒနှင့် အာဘော်ကို လည်းကောင်း၊ အသင်း၏ လုပ်ငန်းများကိုသော် လည်းကောင်း အသားပေး၍ ဖော်ပြသော မဂ္ဂဇင်း ဖြစ်သဖြင့် လူငယ်များ ကြီးပွားရေးအသင်းနှင့် ကြီးပွားရေးမဂ္ဂဇင်းသည် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အတုံ့အပြန် ကျေးဇူးပြု လျက်ရှိပါသည်။ လွတ်လပ်ရေးခေတ်အစပိုင်းတွင် မတော်တဆ သေနတ်မှန်၍ ကွယ်လွန်သွားရရှာသော သတင်းအယ်ဒီတာကြီး ဦးပုလေးနှင့် ကိုလှတို့ ခင်မင်သဖြင့် ကျွန်တော်တို့ လုပ်ငန်းများကို သူရိယသတင်းစာ မှတဆင့် တိုင်းပြည်သိအောင် သတင်းဖြန့်ဖြူး ပေးရာမှာ အတော်ထိရောက်ပါသည်။" (နွယ်စိုးမှာ အငြိမ်းစား အင်္ဂလိပ်စာ ပါမောက္ခဦးမျိုးမင်း ဖြစ်ပါသည်)။

ကိုလှသည် သူရိယအယ်ဒီတာ ဦးဘသန်း (ယခု ယူပီအိုင်ဦးဘသန်း) နှင့် အလွန်ရင်းနှီးသဖြင့်လည်း သူရေးသမျှဆောင်းပါးများ သတင်းများ အဆက်မပြတ် သူရိယ၌ ပါခြင်းဖြစ်သည်။ "ကိုဘကိုး သိတဲ့အတိုင်းပဲ၊ ကိုလှရေးတဲ့ ဆောင်းပါးတွေကို ကျုပ်ဘာတခုမှ



www.myanmarcupid.net

မဖြတ်မတောက်ပဲ ထည့်ပေးခဲ့ပါတယ်”ဟု ကိုလှဆုံးစက ကျွန်တော်သူ့အိမ်သွား အကြောင်းကြားစဉ် ဦးဘသန်းက ပြောပြလိုက်ပါသည်။ ကိုလှ၏ သတင်းဆောင်းပါး များတွင် အသင်းနှင့် မပတ်သက်သော သတင်းဆောင်းပါးများ ပါရှိရာ အချို့သတင်းများမှာ ၂‘ခသသစ’ခေါ် အခြားသတင်းစာများက မရသေးသော၊ သို့မဟုတ် ဘယ်သတင်းစာမျှ မသိသေးသော သတင်းများ ဖြစ်ပါသည်။ ယင်းသည် အထက်က ဆိုခဲ့သည့်အတိုင်း ကိုလှက သူ့ရိယကို ကျေးဇူးတုန့်ပြန်ခြင်းဟု ဆိုနိုင် ပါသည်။

၁၉၃၀–၃၁ ခုတွင် ကိုလှ ရန်ကုန်မြူနီစပယ် ကော်ပိုရေးရှင်း၌ အလုပ်ရရှိသည်ဟု သိရပါသည်။ ထိုအချိန်က တကမ္ဘာလုံး စီးပွားရေးကပ် ဆိုက်နေလေရာ မြန်မာနိုင်ငံလည်း ယင်းစီးပွားကပ်၏ဒဏ်ကို ခံနေရ သဖြင့် ဆန်စပါးဈေး အဆမတန် ကျဆင်းပြီး ဘလုတ်ဘရားသားကဲ့သို့သော အင်္ဂလိပ်ကုမ္ပဏီ လီမိတက်ကြီး များပင် ဖျက်သိမ်းလိုက်ရသည့် အချိန်ဖြစ်ပါသည်။ အလုပ်အကိုင်လည်း အလွန်ရှားလျက် ရှိသည်။ ဆရာစံ ကလည်း နယ်ချဲ့တို့အား လက်နက်ကိုင် ပုန်ကန်နေပေပြီ။ ယင်းအချိန်တွင် ရန်ကုန်မြူနီစပယ်လို ဌာနကြီးတွင် ကိုလှ အလုပ်ရခြင်းမှာ သူ့အဖို့ ကံကောင်းသည်ဟု ဆိုရပါမည်။



www.myanmarcupid.net

လူငယ်များကြီးပွားရေးအသင်း ရွှေရတုသဘင် ကြီးပွားရေးစာစောင် စာမျက်နှာ ၅၂–မှာ ကိုလှက ‘လူငယ်များ ကြီးပွားရေးကလပ်’ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးတစောင် ရေးထားရာတွင် သူ့အကြောင်း အချို့ကို အောက်ပါအတိုင်း ဖော်ထုတ်ထားပါသည်။

“....ကျွန်တော်မှာ ဤအသင်းတိုက်တွင် ဘော်ဒါဖြစ်သည်။ ၃– နှစ်တိုင်တိုင် စာကြည့်ခန်း၏အပေါ်ထပ် ကုန်လှောင် အခန်းကလေးတွင် နေခဲ့သည်။ ထိုအခန်းကလေးသို့ တက်သော လှေကားမှာ မတ်မတ်ကြီးဖြစ်၍ လက်ဖြင့်ဆွဲတက်ရသည်။ ထိုကုန်လှောင် အခန်းကလေးတွင် ကျွန်တော်သည် အလေးမသည်။ အိန္ဒိယ တင်းပုတ်ကစားသည်။ ညတိုင်း အသံထွက်ပြီး စာဖတ်သည်။ သီချင်းဆိုသည်။ စကားပြော လေ့ကျင့်သည်။ ဒီအခန်းကလေးကပင် ကျွန်တော်ပါသော ဘော့လုံးအသင်းအတွက် သွား သွား ကစားသည်။ .....ဒီလိုနဲ့ ကျွန်တော်ဟာ ဈေးမှာပင်အိပ်၊ ဈေးမှာပင်စား၊ ဈေးဘုံဘိုင်တွင် ရေချိုး၊ ဈေးအိမ်သာကိုသာ အသုံးပြု၊ ဈေးမှာပင် ပညာယူ၊ ဈေးမှာပင် ပညာပေးနှင့် ၂–နှစ်ခန့် နေမိသောအခါ တော်တော် အရည်အချင်းရှိလာသည်။ လူငယ်များ ကြီးပွားရေးအသင်း အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်အရ ကြီးပွားရေးမဂ္ဂဇင်းဆိုသော မဂ္ဂဇင်းလေး တစောင် ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပါသည်။

www.myanmarcupid.net

စာပေနယ်အတွင်းသို့ လုံးလုံးလျားလျား ဝင်ရောက်ခဲ့သည်မှာ ထိုလုပ်ငန်းက အစဖြစ်သောကြောင့် နှစ်ပေါင်း ၃၃နှစ်မျှရှိခဲ့ပါပြီ”

ကိုလှနဲ့ ပတ်သက်လို့ ပို၍ပြည့်စုံစေရန် အသင်းကို စတင်တည်ထောင်သူ ကြီးပွားရေး ဦးသိန်းနှင့် ၁၉၈၂–ခု ဒီဇင်ဘာ ၁၈ ရက်နေ့က ကျွန်တော်သွားရောက်တွေ့ဆုံ မေးမြန်းရာတွင် “ကိုလှနှင့် ကျုပ် ခင်မင် ရင်းနှီးပါတယ်။ ကိုလှ စကော့ဈေး (ဗိုလ်ချုပ်အောင်ဆန်းဈေး) အခန်းအမှတ် ၁၇၂–မှာ နေပေမယ့် ကျုပ်အိမ် ဝင်ထွက်စားသောက်နေတာပါပဲ၊ အသင်းတိုက်ကမှ မြူနီစပယ် ရာဖြတ်ရုံး သွားအလုပ်လုပ်တယ်။ အသင်း စာကြည့်တိုက်မှူးလဲ လုပ်တယ်။ ညဖက်မှာ သံဖြူတန်းရုံ (ယခုအိုးတန်းရုံ) ဈေးသည်တွေရဲ့ ကလေးတွေ စာသင်ပေးတယ်၊ အဲဒီတုန်းက ကိုလှအမှုဆောင် မဖြစ်သေးပေမယ့် အမှုဆောင်လိုပါပဲ။ သိပ်ရိုး သိပ်ကောင်းတယ်။ ဖောက်လွှဲဖောက်ပြန် မလုပ်ဘူး။ ညောင်လေးပင် ပုဇွန်မြောင်းကျေးရွာ (ကိုလှဇာတိ) လူငယ်များ ကြီးပွားရေး အသင်းကို ကိုလှပဲ သွားဖွဲ့စည်း တည်ထောင်ပေးခဲ့ပါတယ်”ဟု ဦးသိန်းက ပြောပြ ပါသည်။ ထောင်ပိုင်ဟောင်း ဦးကျော်ညွန့်ကလည်း “စကော့ဈေး အသင်းတိုက်မှာ ကိုလှနဲ့အတူ နေရတယ်။ တခြားလူ မရှိဘူး။

www.myanmarcupid.net

ကျွန်တော်တို့ ၂-ယောက်ပဲနေတယ်။ အသင်းက ဆပ်ကော်မတီတွေ ဖွဲ့ထားတယ်။ ညကျောင်းကော်မတီမှာ ကိုလှပါတယ်၊ ညကျောင်းက အရင်အစိုးရဟိုက်စကူး (ယခုလသာအဆက၁)မှာ ဖွင့်ထားတယ်။ ကိုလှလဲ ဝင်သင်တယ်။ ကာယဗလ ဆပ်ကော်မတီမှာလဲ ကိုလှပါတာပဲ။ ခြေလျင်ဦးအုန်းခင်နဲ့ ကာယဗလဦးရှိန်တို့ ဖွဲ့စည်းထားတဲ့ မိုင်၂၀ လမ်းလျှောက်ပွဲမှာလဲ ကိုလှနဲ့ ကျွန်တော် ပါသေးတယ်။ ကိုလှက အားကစားဝါသနာပါတယ်။ ဘော့လုံးကစားတယ်။ အလေးမတယ်။ ၁၉၃၂ ခုမှာ အသင်းက ကြီးပွားရေး လမ်းညွှန်အမည်နဲ့ မဂ္ဂဇင်းတစောင် ထုတ်ဝေတယ်။ အယ်ဒီတာတွေကတော့ (၁) သူရိယ ဦးပုလေး၊ (၂) လူထု ဦးလှ၊ (၃) လောကခံ ဦးထွန်းလှ၊ (၄) ကျွန်တော် ဟာ ဦးကျော်ညွှန့်' တို့ ပါဝင်ကြပါတယ်။ ကိုလှက အယ်ဒီတာ အဖြစ်တာဝန်ယူရပါတယ်။ ကိုလှဟာ စာကြည့်တိုက်မှူးအဖြစ် အကြာကြီးလုပ်သွားတယ်။ ၁၉၃၃-ခုနှစ်၊ ဇူလိုင် လကျင်းပတဲ့ အထူးအစည်းအဝေးကြီးက ကြီးပွားရေးလမ်းညွှန် မဂ္ဂဇင်းကို ကြီးပွားရေးမဂ္ဂဇင်းလို့ အမည်ပြောင်း ပြီး ကိုလှကို လွှဲပြောင်းပေးလိုက်ပါတယ်။ အဲဒီနှစ်မှပဲ မောင်ဂိုမာရီလမ်း၊ အမှတ် ၃၁၅ သုံးထပ်ကို ပြောင်းသွား တယ်။ ၁၉၃၄-ခုမှာ အသင်းတိုက်က ဆူးလေဘုရားလမ်း၊ အမှတ် ၂၂၂-သုံးထပ်ကို



www.myanmarcupid.net

ပြောင်းတယ်။ ၁၉၃၅-ခုမှာ သူနဲ့ကျွန်တော် အသင်းအလုပ်အမှုဆောင် ဖြစ်တယ်။ ကိုလှဟာ စာရိတ္တကောင်းပါတယ်။ လူပျိုပေမယ့် မိန်းမနဲ့ မရှုပ်ဘူး”ဟု ပြောပါသည်။

ကိုလှသည် မိမိရည်မှန်းချက် အောင်မြင်ရေးအတွက် ကြိုးပမ်းအားထုတ်နေသူ ကိုယ့်ဒူးကိုယ်ချွန် ကိုယ့်အားကိုယ်ကိုးသမား တယောက်ဖြစ်ကြောင်း အထက်တွင် ဖော်ပြချက်များအရ ထင်ရှားနေပါသည်။ ထို့ကြောင့် နောင်အခါတွင် သူသည် စာရေးဘဝမှ ရာဖြတ်အရာရှိ ဖြစ်လာသည်။ ရိုးရိုးအသင်းသားမှ အသင်းအုပ်ချုပ်ရေး အဖွဲ့ဝင် အလုပ်အမှုဆောင် လူကြီးဖြစ်လာသည်။ ထင်ပေါ်ကျော်ကြားသော သတင်းစာဆရာ ဖြစ်လာသည်။ ဤသည်မှာ သူ၏ ထူးချွန်မှု ဖြစ်ပေသည်။

ကြီးပွားရေးမဂ္ဂဇင်းကို ကိုယ့်သဘောနှင့်ကိုယ် လွတ်လွတ်လပ်လပ် ထုတ်ဝေခွင့် ကိုလှရခြင်းသည် ကိုလှဘဝအတွက် အပြောင်းအလဲ တကွေ့ဖြစ်သည့်အပြင် အောင်မြင်ရေးလမ်းကြောင်းပေါ်သို့ စတင် ခြေချနိုင် ခြင်းလည်း ဖြစ်ပါ၏။ ၁၉၃၃-ခုနှစ် အောက်တိုဘာလမှ ကြီးပွားရေးမဂ္ဂဇင်းကို သူနေထိုင်ရာ မောင်ဂိုမာရီလမ်း အမှတ် ၃၁၅-သုံးထပ်မှ စတင်ထုတ်ဝေပါသည်။

www.myanmarcupid.net

မဂ္ဂဇင်းအရွယ်ကိုလည်း ရိုးရိုး ဝတ္ထုဆိုက်အရွယ်မှ ရှေ့သို့ ဂျာနယ် အရွယ်သို့ ပြောင်းလိုက်သည်။ ၃၇–လမ်းရှိ ဘားမားယူနီယံ ပုံနှိပ်တိုက်က စာစီစက်ရိုက်အားလုံး အပြတ်ရိုက်နှိပ်ပေးသည်။ နောက် ၃–နှစ်နီးပါးကြာသောအခါ ၃၈ လမ်း အမှတ် ၂၂၇ မြေညီထပ်သို့ ပြောင်းရွှေ့ သွားသည်။ ယင်းအချိန်မှစ၍ နယူးဘားမား စာလုံးစက်မှ ခဲစာလုံးများဝယ်ယူကာ စာစီသမား ၂–ယောက်ဖြင့် စာစီပြီး သမာဓိမြို့ဝန် ဦးလှမောင်ပိုင် လွှစ္စလမ်း (ယခု ဆိပ်ကမ်းသာလမ်း)ရှိ မြန်မာ့ဇေယျာ ပုံနှိပ်တိုက်တွင် ဖေါင်စား ရိုက်နှိပ်ပါသည်။ ကြီးပွားရေးမဂ္ဂဇင်းတွင် ဆောင်းပါး၊ ဝတ္ထုရေးသူ အများစုမှာ မေတ္တာဖြင့် ကူညီသူများ ဖြစ်ကြပါသည်။ ယင်းတို့အထဲတွင် သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ မြကေတု၊ ကုသ၊ မောင်သုတ၊ မောင်ထင် စသော တက္ကသိုလ်အသိုင်းအဝိုင်းမှ စာပေအယူအဆသစ်ရှိ လူငယ်စာရေးဆရာများ၊ ရွှေကိုင်းသား၊ မောင်ဖြူး၊ မင်းနွယ်၊ သူရိယကန္တိ၊ ကျောက်စာဝန် ဦးမြ၊ ကာယဗလ ဦးဇော်ဝိတ်၊ ဟံသာဝတီ ဦးဘခင် စသည်တို့အပြင် လူထုဒေါ်အမာကလည်း မြမဥ္စူ၊ ခင်လဝင်းစသည့် ကလောင်အမည်အမျိုးမျိုးနှင့် ဆောင်းပါးများ ရေးပါသေးသည်။ ယင်းသို့သော အကျော်အမော် စာရေးဆရာများ၏ ဆောင်းပါးများ၊ ကဗျာ၊



www.myanmarcupid.net

ဝတ္ထုများအပြင် ထိုခေတ်က ထိပ်ထိပ်ကြဲ စာရေးဆရာကြီးများ ဖြစ်ကြသော မဟာဆွေ၏ 'နေသူရိန်၏ မကြောက်တရား' နှင့် သိပ္ပံမောင်ဝ၏ 'မောင်သံချောင်းထံမှ ပေးစာ' လစဉ်ဆောင်းပါးများကို လူလတ်ပိုင်းနှင့် လူငယ်ပိုင်းက အလွန်ကြိုက်နှစ်သက်သဖြင့် လူကြိုက်များသော မဂ္ဂဇင်းအဆင့်သို့ ရောက်သွားပါတော့သည်။ ယင်းအချိန်ကစပြီး ကိုလှလည်း ကြီးပွားရေးကိုလှရယ်လို့ လူသိများလာသည်။ သူကိုယ်တိုင်ကလည်း 'ကြီးပွားရေး မောင်လှ'အမည်ဖြင့် စာရေးသည်။ ၁၉၃၈ – ခု ကျတော့ 'မောင်ကံကောင်း' အမည်နှင့်လည်း ရေးသည်။

၁၉၃၆–ခုနှစ် တက္ကသိုလ်ကျောင်းသား သပိတ်ပေါ်ပြီးနောက် တပြည်လုံးတွင် အမျိုးသားစိတ်၊ နယ်ချဲ့ ဆန့်ကျင်ရေး စိတ်ဓာတ်များ လှုပ်ရှားတိုးတက်လာရာ ကြီးပွားရေးမဂ္ဂဇင်းသည်လည်း ပတ်ဝန်းကျင်၏ တွန်းအားပေးမှုကြောင့်တကြောင်း၊ ကိုလှ၏ မျိုးချစ်စိတ် ကြောင့်တကြောင်း၊ လူမှုပြုပြင်ရေးပေါ်လစီမှ နယ်ချဲ့ ဆန့်ကျင်ရေးနှင့် အမျိုးသား လွတ်မြောက်ရေး လုပ်ငန်းများကို အားပေးထည့်သွင်းခြင်းဖြင့် ပေါ်လစီ ပြောင်းလာရတော့သည်။ အလားတူပင် လူငယ်များ ကြီးပွားရေးအသင်းတွင်လည်း ပြင်ပနိုင်ငံရေးလှုပ်ရှားမှု၏ ရိုက်ခတ် မှုကြောင့်

www.myanmarcupid.net

အယူအဆအမျိုးမျိုး ကွဲပြားလာသည်။ အချို့က လက်ရှိအသင်း၏ ရည်ရွယ်ချက်အတိုင်း လူမှုဝန်ထမ်း သက်သက်ကိုသာ လုပ်လိုသည်။ အချို့က တိုင်းပြည်တွင် ဖြစ်ပေါ်နေသော အခြေအနေနှင့် လျော်ကန် သင့်မြတ်သည့် အမျိုးသားရေးလုပ်ငန်းများကို ထောက်ခံခြင်း၊ အားပေးခြင်း ပြုလုပ်လိုသည်။ အချို့ကမူ ဝိုင်အမ်ဘီအေခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကဲ့သို့ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသား လွတ်မြောက်ရေးလုပ်ငန်းများတွင် အတိအလင်း ပါဝင်လုပ်ဆောင် လိုကြသည်။ သို့ရာတွင် အသင်းသား အများစုမှာ ခေတ်ပညာတတ် လူလတ်တန်းစားများနှင့် အစိုးရအရာရှိ အမှုထမ်းများသာ ဖြစ်လေရာ မူလအတိုင်း လူမှုဝန်ထမ်း လုပ်ငန်းကိုသာလျှင် ဇောက်ချ လုပ်လိုသူများက အသာစီးရနေသည်။ ထို့ကြောင့် အချို့ ခေါင်းဆောင်အဆင့်ရှိသူများ အသင်းမှ နှုတ်ထွက်သွားကြပြီး တို့ဗမာအစည်းအရုံးသို့ ဝင်သွားကြ တော့သည်။

နယ်အသင်းခွဲအချို့တွင်လည်း ယင်းကဲ့သို့ အနည်းနှင့်အများ ဖြစ်ကုန်သည်။ ကိုလှကား အကြောင်းအမျိုးမျိုးကြောင့် အသင်းကို စွန့်ခွာမသွားပဲ ပုဂ္ဂိုလ်ရေးအရ မိမိလုပ်နိုင်သလောက် ကြီးပွားရေး မဂ္ဂဇင်းမှ ကျောင်းသားသပိတ်နှင့် အမျိုးသားရေးလုပ်ငန်းများကို

www.myanmarcupid.net

ထောက်ခံရေးသားခဲ့သည်။ သပိတ်ရုံပုံငွေရရှိ ရေးနှင့် အခြားကိစ္စများကိုလည်း ကူညီခဲ့သည်။ ဂျပန်ခေတ် အရှေ့အာရှလူငယ်များ အစည်းအရုံးတည်ထောင် သောအခါ လူငယ်များကြီးပွားရေးအသင်းမှ ကိုလှအပါအဝင် ခေါင်းဆောင်ဟောင်း များနှင့် သာမန် အသင်းသားများသည် အာရှလူငယ်အစည်းအရုံး အမြုတေများအဖြစ် ပါဝင်ဆောင်ရွက်ကြရာမှ ဖက်ဆစ်ဂျပန် တော်လှန်ရေး ဆင်နွဲသည့်အခါ တော်လှန်ရေး၏ တပ်သားကောင်းများ ဖြစ်လာကြပြန်ပါသည်။ ထို့ကြောင့် မည်သို့ဆိုစေ ယင်းတို့သည် လူငယ်များ ကြီးပွားရေးအသင်းကြီးမှ မွေးထုတ်ပေးလိုက်သော တိုင်းပြည် သားကောင်းများ ဖြစ်သဖြင့် မိခင်လူငယ်များ ကြီးပွားရေးအသင်းကြီးကို ကျေးဇူးတင်သင့်ပေသည်။

တက္ကသိုလ်ကျောင်းသားသပိတ်သည် ကိုလှအား မအေမာနှင့် နဖူးစာဆုံရန် ဖန်တီးပေးလို ဖြစ်လာသည် ထင်ပါသည်။ ကိုလှသည် မကြာခဏ သပိတ်စခန်းသို့ ဝင်ထွက်သွားလာနေလေရာ ထိုအခါက မအေမာမှာ ကျော်ကြားသော အမျိုးသမီး သပိတ်ခေါင်းဆောင်ဖြစ်နေသဖြင့် သပိတ်ကိစ္စကို အကြောင်းပြု၍ ကိုလှနှင့် တွေ့ဆုံရာမှ သိကျွမ်းသွားသည်ဟု ကျွန်တော်ထင်ပါသည်။ ကျွန်တော်

www.myanmarcupid.net

ကြီးပွားရေးမဂ္ဂဇင်းသို့ ရောက်သည့် အချိန်၌ ကိုလှနှင့် မအမာတို့ စာပေးစာယူ ရှိနေကြပါပြီ။ ကိုလှက တနေ့စာတစောင်၊ တခါတရံ နှစ်စောင် မအမာဆီ ရေးပါသည်။ မအမာကတော့ တနေ့ တစောင်လောက်ပဲရေးပါသည်။ လုံးဝ စာမလာတဲ့နေ့များလဲ ရှိပါသည်။ ထိုအခါများတွင် ကိုလှ မနေတတ် မထိုင်တတ် လှုပ်လှုပ်ရှားရှား ဖြစ်နေတော့သည်။ ကိုလှသည် မအမာအပေါ် အလွန်စွဲလန်းနေဟန် တူပါသည်။ တနေ့မြန်မာ့နေ့စဉ် (နောင်ထွန်းနေ့စဉ်) ဦးထွန်းဖေနှင့် ကျွန်တော် တွေ့ရာတွင် သူက "မင်းကိုလှ မအမာပိုးနေတယ်ဆိုတာ စွန်သွားပြီလား"ဟု မေးပါသည်။ (ဦးထွန်း ဖေမှာ ကျွန်တော်နှင့် ဦးလေးလို တူလို ဆက်ဆံသည့်ပြင် ကိုလှနှင့်လည်း ခင်သဖြင့် မေးခြင်းဖြစ်သည်)။ ကျွန်တော်က "စွံမစွံတော့ မသိဘူး၊ စာထည့်ရလွန်းလို့ တံဆိပ်ခေါင်းဖိုးကုန်လှပြီ၊ ဘူတာကြီးသွားပြီး ရထားစာ ထည့်ရတာ ခြေကိုတိုတော့မယ်"ဟု ဟာသနှောလိုက်ရာ "အောက်သားက အညာသူ ပိုးတယ်လို့ မကြားဖူးဘူး၊ အညာသားက အောက်သူပိုးတာပဲကြားဖူးတယ်၊ မအမာက ဘယ်လောက်ချောလို့လဲ" ဟု မေးပြန်သဖြင့် "မန္တလေးမှာတော့ အချောအလှမှာ စတားပဲလို့ ပြောသံကြားတာပဲ"ဟု




www.myanmarcupid.net

ဖြေလိုက်တော့ "အညာသူ ချောယင် အောက်သူလိုက်လို့မမီဘူး၊ ဒါ့ကြောင့် ငါမိတ္ထီလာသူ မသန်းယူတာကွ" ဟု အရွှန်းဖောက်လိုက်ပါသည်။ ကိုလှသည် သုံးနှစ်သုံးမိုး ပိုးပြီးမှ ၁၉၃၉–ခုနှစ်တွင် မအမာ၏ မေတ္တာပန်းကို ဆွတ်ခူးကာ လူပျိုဘဝကို အဆုံး သတ်လိုက်ပါသည်။

ကလောင်ပျံ ဘကိုး

www.myanmarcupid.net

သူနဲ့ အတူ ထောင်ဝင်စာခံပြီး ထောင်ထဲခေါ်သွားတာပဲ။
ထောင်ထဲ ရောက်တော့ ကိုလှနဲ့ အသင့်တွေ့ရတယ်။ ကိုလှ
ကပဲဆရာကို ထောင်ပိုင်ကြီးနဲ့ မိတ်ဆက်ပေးတယ်။ ပြီးမှ
ဆရာနဲ့တွေ့လိုတဲ့ အကြောင်းက ထောင်ပိုင်ကြီးနဲ့ ကိုလှတို့က
'ထောင်ပြုပြင်ရေး' စာအုပ်ထုတ်ရန်အတွက်
မျက်နှာဖုံးရေးဆွဲပေးဖို့ ဆရာ့ကိုခေါ်တွေ့တာပဲ။ စာအုပ်
အဖုံးရေးဆွဲပေးပါမယ်လို့...



# လူလု၊ သို့မဟုတ် လူထုဦးလှ

ပန်းချီ ဦးအုန်းလွင်

ကာတွန်း ဖေသိန်း တင်ပြသည်

www.myanmarcupid.net

အလှဘယ်မှာနည်း။ ။"ရုပ်ကလေး လှနေရုံနဲ့ မပြီးဘူး၊ စိတ်ကလေး အမြဲလှနေဖို့က အရေး အကြီးဆုံးပဲ"ဟု လူကြီးသူမများ ပြောလေ့ပြောထ ရှိကြသည်။ ထို့ကြောင့် လူလု၊ သို့မဟုတ် လူထုဦးလှ အကြောင်း ကျွန်တော်စဉ်းစားမိသည်။ ကာတွန်းဆရာကြီး ဦးဟိန်းစွန်းသည် ကျွန်တော့်အိမ်သို့ တပတ်လျှင် ၁ကြိမ်၊ သို့မဟုတ် ၂ကြိမ် လာလေ့ရှိသည်။ ဒီအပတ် လာသော အကြိမ်သည် အလွန်ထူးခြားလှသည်။

"ဟေ့ – ဖေသိန်း၊ ရှေ့အပတ်တနင်္ဂနွေနေ့ကျယင် တို့ ကိုအုန်းလွင် အိမ် သွားကြရအောင်၊ မန္တလေးက ဒေါ်အမာက ဦးလှအကြောင်း ဆောင်းပါး ဦးအုန်းလွင်ဆီက လိုချင်သတဲ့။ တို့သွားတောင်းရအောင်၊ တကယ်လို့ ကိုအုန်းလွင် မရေးနိုင်ယင်လဲ သူပြောပြတာကို မင်းပဲရေးပေါ့"ဟု ဦးဟိန်းစွန်းက ကျွန်တော့်ကို အဖော်ခေါ်နေ ပါသည်။ ဦးဟိန်းစွန်း ဆန္ဒအရ ဦးဟိန်းစွန်းနှင့် ကျွန်တော်တို့ ၂၈–၈–၈၃ တနင်္ဂနွေနေ့နံနက်တွင် မြောက်ဥက္ကလာပ ကျောက်ရေတွင်းလမ်းရှိ ဦးအုန်းလွင်၏ နေအိမ်သို့ သွားကြသည်။ ရောက်သည်နှင့် ဦးဟိန်းစွန်းက လာရသည့် အကြောင်းရင်းကို ပြောပြသည်။

www.myanmarcupid.net

"ကိုအုန်းလွင်၊ ခင်ဗျားဆီက ဦးလှအကြောင်း ဆောင်းပါးရဖို့ ကျွန်တော် တာဝန်ယူခဲ့တယ်။ ခင်ဗျား ဆီက ရရခြင်း ကိုဘကိုးဆီ ပို့ရမယ်၊ သူကမှတဆင့် မန္တလေး ဒေါ်အမာဆီ ပို့လိမ့်မယ်"

"ခင်ဗျားရေးခိုင်းတော့ ကျွန်တော်ကလဲ ကိုလှအကြောင်း သိပ်ရေးချင်နေတာ၊ ဒါပေမယ့် မျက်စိ မကောင်းတော့ ရေးနိုင်ဖို့ အခက်သား"ဟု လက်ဟန်အမူအရာနှင့် ဦးအုန်းလွင်က ပြောလိုက်ရာ နားချို့ယွင်း နေသော ဦးဟိန်စွန်းက အရှင်းမကြားရသော်လည်း အကင်းပါးလှသဖြင့်.....

"ခင်ဗျားမရေးနိုင်လဲ ပြောပြပေါ့ဗျာ၊ ဖေသိန်း ရေးလိမ့်မယ်"ဟု ဦးဟိန်စွန်းက ကျွန်တော့်ကို တာဝန် ပေးပါသည်။ကျွန်တော်သည် မျက်စိချို့ယွင်းနေသော ပန်းချီဆရာကြီးနှင့် နားချို့ယွင်းနေသော ကာတွန်းဆရာကြီး တို့ကြားတွင် ဆရာကြီးများ၏ ဇရာထောင်း၍ အိုမင်းမစွမ်းဖြစ်နေကြပုံကို တရားသဘောနှင့် ရှုမိသည်။

ချက်ချင်းပင် ဦးအုန်းလွင်က ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်သည်။

"ဦးလှ အကြောင်းကတော့ကွာ ပြောမကုန်ပါဘူး၊ ဦးလှရဲ့ မျက်နှာလေးက အမြဲကြည်လင်နေတယ်။



www.myanmarcupid.net

အသံကလေးကျတော့လဲ လေပြည် လေညှင်းကလေး တိုက်သလို နားဝင်ချိုလှတယ်။ ဒါဟာ ရုပ်ရော စိတ်ရော လှတာကို သရုပ်ပေါ်စေတာပဲ”

ဦးအုန်းလွင် ပြောလိုက်သည်နှင့်ပင် ‘လူလှ၊ သို့မဟုတ် လူထုဦးလှ’ဟူသော ခေါင်းစဉ်ကို ဒက်ကနဲ စဉ်းစားမိသည်။ “အေး –ကိုလှအကြောင်း မှတ်မိသလောက် ပြောရဦးမယ်။ ဆရာက ရယ်စရာ ဘယ်လောက်ပြောပြော၊ သူက ဟက်ဟက်ပက်ပက် မရယ်ဘူး၊ ပြုံးရုံကလေး ပြုံးတယ်၊ အိန္ဒြေရရ ပြုံးတယ်။ ဒီတော့ သူနဲ့ စကားပြော ရာမှာ အတော်သတိထား ပြောရတယ်။ ပြောမှားဆိုမှား ရှိမှာ စိုးရိမ်နေရတယ်။ ကိုလှက ဆရာထက် လေးနှစ်လောက်ငယ်ပေမယ့် သူ့ကို အကိုကြီးတယောက်လို ပေါင်းရတယ်။

“ကိုလှနဲ့ စသိတာက ၁၉၃၂–ခုနှစ်လောက်က စသိတာပဲ၊ သူက ပင်နီတိုက်ပုံအကျီနဲ့ ပင်နီရှပ်အကျီကို အမြဲဝတ်လေ့ရှိတယ်။ အဲဒီတုန်းက ကိုလှနဲ့ ရင်းရင်းနှီးနှီး အပေါင်းအသင်းတွေကတော့ စာပေလောက, ကများ တယ်။ ကာတွန်းဦးဘကလေး (ရွှေတလေး)၊ ပီမိုးနင်း၊ မဟာဆွေ၊ ဦးဟိန်စွန်း၊ ပြီးတော့ ဆရာနဲ့ ဇဝန။ ပြောရ ဦးမယ်၊ တို့စာပေလောက စာရေးဆရာ၊ သတင်းစာဆရာ၊



www.myanmarcupid.net

ကာတွန်းဆရာ၊ ပန်းချီဆရာတွေ ချည်းသာ မဟုတ် သေးဘူး။ နိုင်ငံရေးလောက, ကသခင်အောင်ဆန်းနဲ့ သခင်သန်းထွန်းတို့လဲ မကြာမကြာလာကြတယ်။ သခင်အောင်ဆန်း ဆိုယင် စနေနေ့တိုင်း လိုလို လာတတ်တယ်။ ဇဝနနဲ့ ဆရာဆိုယင် မနက်တိုင်း ၃၈ လမ်းက ကိုလှအိမ်ကို သွားကြတယ်။ ဘာလုပ်ဖို့လဲဆိုတော့ သူ့ဆီမုန့်ဟင်းခါး အကျွေးခိုင်းဖို့ပေါ့။ မနက်တိုင်း သွားညှဉ်းတာပဲ။ သူကလဲ မနက်တိုင်း တို့ကို ကြည်ကြည်ဖြူဖြူနဲ့ ကျွေးတယ်။ ဒါပေမယ့် ဇဝနနဲ့ဆရာက ဝတ္တရားမပျက် မနက်တိုင်း သူ့ဆီ သွားတဲ့အခါ သူ့ကိုဆရာတို့က ဖွဲကောင်းကောင်းနဲ့ စောင့်ကြရတယ်။ သူအအိပ်ကြီးလို့ သူ့ကို စောင့်ရတာတော့ မဟုတ်ဘူး။ သူက မနက်တိုင်း ဝတ္တရားမပျက် ဘုရားစင်မှာ ပန်းနဲ့ ရေချမ်းကပ်တယ်။ ဆီမီး ပူဇော်တယ်။ ပြီးတော့ ဘုရားဝတ်ပြုတယ်။ တို့ကလဲ သူမပြီးမချင်း ဖွဲကောင်းကောင်းနဲ့ စောင့်တာပဲဟော့။ သူ ဒါတွေပြီးမှ တို့မုန့်ဟင်းခါး စားရမယ် မဟုတ်လား။

"အရက်အကြောင်းပြောရဦးမယ်၊ ဇဝနရဲ့ လူပျိုဘဝနောက်ဆုံးည (ဘာချလာနိုက်) မင်္ဂလာညမှာ ဇဝနက ဦးဘကလေးအိမ်မှာ အရက်ပွဲ ကျင်းပတယ်။ ဇဝနက သူ့ပွဲဆိုတော့ ခပ်ထွေထွေနဲ့ အလွန်ပျော်ပြီး ဂုဏ်ယူနေတာပေါ့။ ဆရာတို့လဲ ပွဲကြီးပွဲကောင်း



www.myanmarcupid.net

နွဲ့ရလို့ အတော် ပျော်နေတာပဲ။ အရက်မသောက်တဲ့ လူတွေက ဦးလှ၊ ကိုဟိန်စွန်းနဲ့ ကိုအုန်းမြင့်တို့ပဲ။ အဲဒီလို ဇဝနက သူ့ရဲပွဲကြီးပွဲကောင်းမှာ ဂုဏ်ယူနေတာကို ကိုလှက ကြည့်ပြီး ဆရာ့ကို ဘာပြောသလဲဆိုတော့ "ခင်ဗျားလူ ဇဝန၊ သူ့ကိုယ်သူ ဟုတ်လှပြီထင်နေတယ်၊ ကြည့်လဲလုပ်အုံး"လို့ပြောတော့ ဆရာက "ကိုလှရာ သူ့ပွဲပဲဗျာ၊ သူ့စိတ်ကြိုက်လုပ်ပါစေ"လို့ ပြောရတယ်။ ဒီတော့လဲ ကိုလှက မနှစ်မြို့တဲ့သဘောမပြပဲ ပြုံးပြုံးကြီး လုပ်နေတယ်။ အမှတ်တရ ပြောရဦးမယ်။ အဲဒီဇဝနရဲ့ ဘာချလာနိုက်မှာ ဆရာကြီးပီမိုးနင်းကို မင်္ဂလာစကား အပြောခိုင်းကြလို့ ပီမိုးနင်းက ထပြောရရှာတယ်။ ပီမိုးနင်း ထစကားပြောတဲ့အခါ နားကလေးနေတဲ့အပြင် လျှာလေးအာလေးကြီး ဖြစ်နေတာကြောင့် နားထောင်တဲ့ လူတွေက "ကျယ်ကျယ်ပြောပါဗျို့–ကျယ်ကျယ်ပြောပါဗျို့"လို့ အော်ကြ ဟစ်ကြဖြစ်နေတာပေါ့။ ဒီတော့ ဆရာကြီးပီမိုးနင်းခမျာ မျက်ရေတွေ ကျလာပြီး "အေးကွာ ကျုပ်လဲ အိုမင်းမစွမ်း ဖြစ်လာတော့ နားလဲလေး လာပါပြီ"ဆိုပြီး ထိုင်ချလိုက်တော့တယ်။ ဒီတော့ ကိုလှမှာ အတော်ဝမ်းနည်း သွားပုံရတယ်။

"ကိုလှဟာ ယောက်ျားလောကမှာ အတော်ထူးခြားတဲ့ ပုဂ္ဂိုလ်ပါပဲ၊ ဆေးလိပ်လဲမသောက်၊ အရက်လဲ မသောက်၊

www.myanmarcupid.net

အပျော်အပါးလဲမရှိ၊ အရက်သောက်တတ်တဲ့လူတွေနဲ့ ခင်ခင်မင်မင် ပေါင်းသင်းနေပေမယ့် အရက် သောက်ကြူးမှုကို သူမကြိုက်ဘူး။ ဒါပေမယ့်လဲ သူ့အပေါင်းအသင်းတွေကို အရက်မသောက်ကြပါနဲ့လို့တော့ မတားမြစ်ဘူး။ တခါက ဆရာကိုပြောတယ်။ "ကိုအုန်းလွင်ကတော့ အရက်သောက်တဲ့အခါ စည်းကမ်းနဲ့ သောက်တယ်။ ဇဝနကိုလဲ စည်းကမ်းကလေးနဲ့ သောက်ဖို့ပြောပါ"တဲ့။ တခါတခါ ဆရာက ကိုလှကို ကျွန်တော် အရက်လျှော့သောက်တယ်လို့ ပြောလိုက်ယင် သူသိပ်ဝမ်းသာသွားတယ်။ ကိုလှနဲ့ ဆရာနဲ့ ၁၉၅၂ ခုနှစ်လောက်က တရုတ်ပြည်မှာ အရက် ၄၀ လောက် အတူအိပ်၊ အတူစား၊ အတူ ခရီးသွားခဲ့ဖူးတယ်။ အဲဒီလို ခရီးရက်ရှည် သွားတော့မှ တယောက်အကြောင်း တယောက်ပိုသိတာကိုး။ ကိုလှနဲ့ ဆရာနဲ့ တရုတ်ပြည်ပော်တယ်မှာ တခန်းတည်း အတူနေရတယ်။ အိမ်ရှင်တရုတ်တွေက ဧည့်ဝတ်ကျေစွာ အတော်ပြုပါတယ်။ အရက်သောက်တတ်တဲ့လူကို အရက်ပုလင်းတွေ လိုလေသေးမရှိအောင် အခန်းထဲ နေ့တိုင်းအရောက်ပို့ ထားတယ်။ ဆရာ့အခန်းမှာ အရက်အလျင်းမသောက်တတ်သူက ကိုလှ။ ဒါပေမယ့် ဆရာ့အခန်းမှာ အရက်တွေ အဆင်သင့် ရှိနေတော့ ဆရာကြီး

www.myanmarcupid.net

ရွှေဥဒေါင်း၊ ဦးဘငြိမ်တို့က ညွှန်သည်အဖြစ် ဆရာ့အခန်းမှာ သောက်ဝိုင်း ဖြစ်နေတာပေါ့။ ဒီဒဏ်ကို ကိုလှ အတော်ခံနိုင်တယ်။ ဆရာဟာ အရက်ကို စည်းကမ်းရှိရှိနဲ့ သောက်တတ်တာကို ကိုလှ သိထားလို့ ဆရာ့ကို လေးစားပါတယ်။

"ကိုလှဟာ ရန်ကုန်ရောက်တိုင်း ဆရာ့ကို မန္တလေးလာလည်ဖို့ တဖွဖွ ခေါ်တယ်။ ဆရာကလဲ ရန်ကုန်ကကို မခွါနိုင်ဘူး။ ဒါနဲ့ ၁၉၆၄–ခုနှစ် မန္တလေးမှာ ပြည်ထောင်စုပွဲ ကျင်းပတော့မှပဲ ပန်းချီပန်းပု ကောင်စီ ကိုယ်စားလှယ်အနေနဲ့ မန္တလေးကို ရောက်သွားတော့တယ်။ ဟေး–အဲဒီတုန်းက မင်းလဲပါတယ် မဟုတ်လား"။ ဆရာဦးအုန်းလွင်က ပြောယင်း ကြားဖြတ်မေးပါသည်။ ဟုတ်ပါသည်။ ထိုစဉ်က တော်လှန်ရေး အစိုးရတက်စ ပထမဦးစွာ စတင်တည်ထောင်သော ပန်းချီပန်းပု ကောင်စီတွင် ဥက္ကဋ္ဌက ဦးအုန်းလွင်၊ ဒုတိယ ဥက္ကဋ္ဌက ဦးဘကြည်နှင့် ကျွန်တော်၊ အတွင်းရေးမှူးက ကိုအောင်ရှိန်တို့ ဖြစ်၏။ ထိုမန္တလေးပြည်ထောင်စုနေ့ ပန်းချီ ပန်းပု ကိုယ်စားလှယ်များအဖြစ် ဦးအုန်းလွင်နှင့် ကျွန်တော်တို့ တက်ရောက်ကြခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့သည် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအဖြစ် အစိုးရ စီစဉ်ထားသော သီးသန့်အဆောင် များတွင် တည်းခိုရသည်။



www.myanmarcupid.net

ရန်ကုန်မှ ဧည့်သည်များ ရောက်လာသည်ဆိုယင်ပဲ မန္တလေးမှ အိမ့်ရှင်များ ချက်ချင်း ရောက်ရှိလာကြသည်။ မန္တလေးမှ အိမ့်ရှင်များထဲတွင် လူထုဦးလှနှင့် ဒေါ်အမာတို့သည် ထိပ်ဆုံးက ဖြစ်၏။

ဦးအုန်းလွင်ကို တွေ့သည်နှင့် ဦးလှမှာ သူ့အိမ်ကို အပါ ခေါ်ပါတော့သည်။ ထိုအခါ ဦးအုန်းလွင်က "ကျွန်တော်တို့က ကိုယ်စားလှယ်အဖြစ် ပါလာတော့ အစိုးရ အစီအစဉ်အရ လုပ်နေရတယ်။ အားတဲ့နေ့ အားတဲ့အချိန် ကိုလှတို့ဆီ လာနိုင်ဖို့ စီစဉ်ကြတာပေါ့"ဟု ပြောယူရသည်။ မကြာမီ ရက်အနည်း ငယ်အတွင်း အားသည့်အချိန်ကို လု၍ ဦးလှသည် ဧည့်သည်များကို သူ့အိမ်သို့ လာလည်နိုင်ရန် စီစဉ်ပေးပါသည်။ ကျွန်တော်လည်း ဦးအုန်းလွင်နှင့် ကပ်ပါသွားပါသည်။ ဦးလှက သူ့အိမ်သို့သာ မဟုတ်။ ဆရာကြီး မြမျိုးလွင် အိမ်သို့လည်း ပို့ပေးပါသည်။ (ထိုစဉ်က ဆရာကြီး ရွှေဥဒေါင်းမှာ ရန်ကုန်တွင်ပဲလား၊ မန္တလေးမှာပဲ လား ကျွန်တော်မမှတ်မိတော့ပါ။)ဦးအုန်းလွင်တွေ့ချင်သောမိတ်ဆွေမျ ားအိမ်သို့ သွားပါသည်။ ဦးလှနှင့် ဆရာကြီး မြမျိုးလွင်တို့မှာ ဦးအုန်းလွင် တွေ့သည်နှင့်ပင် "ခင်ဗျားဗျာ အခုလို ကိုယ်စားလှယ်ကြီး အဖြစ်နဲ့ လာတော့ ဘယ်လွတ်လပ်မလဲ၊ ကျွန်တော်တို့အိမ်မှာ လွတ်လွတ်လပ်လပ် တည်းရအောင်

www.myanmarcupid.net

သပ်သပ်လာဦးဗျာ” ဟု အားမလိုအားမရ ခေါ်ကြပါသည်။ ယခု ဦးအုန်းလွင်နှင့် ကျွန်တော်မှာ ပြည်ထောင်စုနေ့ မန္တလေးရောက်ခဲ့ ပုံကို ပြန်၍ စမြုံ့ပြန်မိသည်။

“၁၉၇၄ ခုနှစ်လောက်မှာ ကိုလှနဲ့ဆရာ ရန်ကုန်မှာတွေ့ကြတဲ့အခါ ဆရာက “ကိုလှရေ၊ ကျွန်တော် တော့ ဒီနှစ်ကစပြီး အရက်ပြတ်သွားပြီဗျ၊ အရက်သာ မကဘူး။ ဆေးလိပ်ပါ တခါတည်း ပြတ်သွားတာဗျ”လို့ ပြောလိုက်တယ်ဆိုယင် ကိုလှမှာ ဝမ်းသာ သွားတယ်။ ဆရာ အရက်နဲ့ ဆေးလိပ်ပြတ်လို့ ဆရာဝမ်းသာတာထက် ကိုလှက ဆရာ့ကိုယ်စား ဝမ်းသာပုံက သာတယ်လို့ ဆိုရမှာပဲ။

“ဆရာနဲ့ ကိုလှနဲ့ ၁၉၃၂ခုနှစ်လောက်ကစပြီး ခင်မင်ရင်းနှီးကြတယ်။ အဲဒီတုန်းက သူကမြို့နီ စပယ်မှာ ရာဖြတ်အရာရှိ လုပ်ယင်း တဘက်က စာရေးတယ်။ စာပေကိုတော့ အလွန်ဝါသနာပါတယ်။ စာပေ တင်မကဘူး၊ လူမှုရေးအသင်းအဖွဲ့တွေကိုလဲ ဝါသနာပါတယ်။ ဒါ့ကြောင့်လဲ လူငယ်များ ကြီးပွားရေး အသင်းမှာ အမှုဆောင်အဖြစ် တာဝန်ယူ ဆောင်ရွက်တယ်။ လူငယ်တွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ အားကစားတွေကို အားပေးတယ်။ အကျင့်စာရိတ္တ ပြုပြင်ရေးလဲ လုပ်တယ်။ သူကိုယ်တိုင်လဲ ကျန်းမာရေး လိုက်စားတယ်။ သူ ၃၈ လမ်းမှာ နေစဉ်က လူငယ်တွေနဲ့



www.myanmarcupid.net

ဝိတ်မတယ်။ ပြီးတော့ မော်လမြိုင်ကျောင်းတိုက်ထဲ မှာ ခြင်းခတ်တယ်။ ကိုလှ လူငယ်များ ကြီးပွားရေးအသင်းမှာ ဆောင်ရွက်နေစဉ်မှာ အသင်းက ကြီးပွားရေး လမ်းညွှန်ဆိုတဲ့ စာစောင်ကလေး ထုတ်ဝေတယ်။ နောက်တော့ ငွေကြေးမပြေလည်တာကြောင့် ရပ်ပစ် လိုက်တယ်။ ဒီအခါမှာ စာပေဝါသနာအိုး ကိုလှက ဒီစာစောင်နာမည်ကို သူ့ပေးပါ။ သူ့ငွေနဲ့သူ ထုတ်ပါရစေလို့ အသင်းမှာ ခွင့်တောင်းလို့ ထုတ်ခွင့်ရတယ်။ ဒါ့ကြောင့် ကိုလှကိုယ်တိုင် သူ့ငွေပင်ငွေရင်းနဲ့ ကြီးပွားရေးမဂ္ဂဇင်း ဆိုပြီး ပေါ်ပေါက်လာတာပဲ။ သူတဘက်က လုပ်ကိုင်နေတဲ့ မြူနီစပယ်ရာဖြတ်အလုပ်က ရတဲ့လခဟာ ကြီးပွား ရေးမဂ္ဂဇင်းထဲ ဝင်ကုန်တာပဲ။ သူ့ရဲ့ ကြီးပွားရေးမဂ္ဂဇင်း အဖုံးကို ဆရာရယ်၊ ပန်းချီ ဦးဘစိန်ရယ်၊ ဦးဘလုံရယ် ရေးဆွဲကြတယ်။ ဆရာနဲ့ ဦးဘစိန်ကတော့ အပြင်ရော အထဲရော ဒိုင်ခံဆွဲရတာပဲ။ ပြီးတော့ တပည့်တပန်းကို လဲ ကြည့်ရှုစောင်မတယ်။ မောင်ဝင်းဆိုတဲ့ လူငယ်တယောက်ကို သူ့ကြီးပွားရေးမဂ္ဂဇင်း ပုံနှိပ်ရာမှာ ပညာပေးပြီး လုပ်ကိုင်စေတယ်။ အဲဒီမောင်ဝင်းဆိုတာ တခြားမဟုတ်ဘူး။ နောက်တော့ ပုံနှိပ်တိုက်လောကမှာ ကာလာ မောင်ဝင်းဆိုပြီးတော့ နာမည်ကြီးတယောက် ဖြစ်လာသူပဲ။



www.myanmarcupid.net

အဲဒီကြီးပွားရေးမဂ္ဂဇင်းဟာ ကိုလှရဲ့ လုံ့လ ဝီရိယ ကြောင့် အတော် အောင်မြင်လာတယ်။ မဂ္ဂဇင်းထွက်တယ်ဆိုယင်ပဲထွက်ထွက်ခြင်း ဆရာ့ဆီ မဂ္ဂဇင်းကို သူကိုယ်တိုင် လာပေးတာပဲ။ ပြီးတော့ ပြောလိုက်သေးတယ်။ "ကိုအုန်းလွင်မဂ္ဂဇင်းကိုဘယ်သူ့ပေးစေချင်သေးလဲ"တဲ့။ ဒီတော့ဆရာက ဆရာ့ငယ်သူငယ်ချင်းဖြစ်တဲ့ တံခွန်တိုင်က ဆရာဖူးတင်ဆီ ပို့ပေးဖို့ ကိုလှကို လိပ်စာ ပေးလိုက်တယ်။"တံခွန်တိုင်ရွာက ဆရာဖူးတင်ဆိုတာ ဆရာ အလွန်ချစ်တဲ့ ငယ်သူငယ်ချင်းပဲ။ တံခွန်တိုင်ရွာဆိုတာ မော်လမြိုင်ဘက်က မုဒုံအပိုင်၊ မုဒုံနဲ့ ငါးမိုင်ကွာမှာရှိတယ်။ ဘူတာ ကတော့ တော်ကူးဘူတာပဲ၊ တံခွန်တိုင်ဆိုတဲ့ နာမည်လေးက အလွန် ကျက်သရေရှိတယ်။ ဒါ့ကြောင့် မြန်မာပြည်မှာ တံခွန်တိုင်ဆိုတဲ့ နာမည်တွေ အတော် များတယ်။ ကရင်ပြည်နယ်မှာလဲ တံခွန်တိုင်ရွာ တခု ရှိသေးတယ်။ ကြာအင်းဆိပ်ကြီး အပိုင် တံခွန်တိုင်ရွာပဲ။ ပြီးတော့ မန္တလေးနားမှာလဲ တံခွန်တိုင်ဘူတာ ရှိသေးတယ်။ တံခွန်တိုင်တွေများနေလို့ ဆရာက ဆရာဖူးတင်ရဲ့ လိပ်စာကို သေသေချာချာ ရေးပေးရတယ်။ ကိုလှက ဆရာဖူးတင်ကို မတွေ့ဖူး မမြင်ဖူးပဲနဲ့ ဆရာ့ကို အကြောင်း ပြုပြီး ကြီးပွားရေးမဂ္ဂဇင်း လစဉ် မှန်မှန်ပို့ပေးနေတာ စစ်ကြီးဖြစ်သည်

www.myanmarcupid.net

အထိပဲ။ "တနေ့တော့ ဆရာဖူးတင် ဆီက ဆရာ့ထံ စာလာတယ်။ စာထဲမှာ ဦးလှပေးပို့တဲ့ ကြီးပွားရေးမဂ္ဂဇင်း ကိုလစဉ်ရလို့ ကျေးဇူးတင်တဲ့ အကြောင်း၊ ပြီးတော့ သူတို့ဆီမှာ လူငယ်များ ပျက်စီးနေကြလို့ လူငယ်များကို ပြုပြင်လိုတဲ့အတွက် စာကြည့်တိုက် ဖွင့်မည့်အကြောင်း၊ ဒါ့ကြောင့် ဖြစ်နိုင်လျှင် တခြားစာအုပ်များကိုလဲ ပေးပို့ လှူဒါန်းစေလိုကြောင်း စာရေးလိုက်တယ်။ ဆရာက အဲဒီအကြောင်း ကိုလှကို ပြောပြတော့ လူငယ်များ ကြီးပွားရေးစိတ်ဓာတ် အပြည့်ရှိတဲ့ ကိုလှဟာ သိပ်ဝမ်းသာသွားပြီး ရသမျှ တခြားစာအုပ်တွေကို ဆရာဖူးတင်ဆီ ပို့ပေးတယ်။ ဆရာဖူးတင်ရဲ့ စာအရ သူတို့ဆီက လူငယ်များ ပျက်စီးနေတယ်ဆိုတဲ့ အချက်က အဲဒီအချိန်တုန်း ကလဲ အခုခေတ် လိုပဲ လူငယ်တွေ ဘိန်းစွဲတဲ့အကျင့် ဖြစ်နေကြတာကို၊ ဒါ့ကြောင့် ဆရာဖူးတင်က လူငယ်များ အကျင့်စာရိတ္တ ပြုပြင်ပေးဖို့ စာကြည့်တိုက် ထောင်တာပဲ။ ဒါနဲ့ စာကြည့်တိုက် အတော်လေး အရှိန်ရလာတဲ့ အကြောင်း ဆရာဖူးတင်ဆီက စာရတယ်။ လူငယ်တွေလဲ စာအုပ်ငှားဖတ်ကြသတဲ့။ ဒါပေမယ့် ဝမ်းနည်းစရာ ကောင်းတာက တချို့လူငယ်တွေက စာကြည့်တိုက်က စာအုပ်တွေကို ငှားပြီး ဘိန်းခန်းထဲမှာ ဘိန်းမိန်းယင်း



www.myanmarcupid.net

စာအုပ်ဖတ်ကြတယ် ဆိုပဲ။ အဲဒီအကြောင်းကို ဆရာက ကိုလှကို တဆင့်ဖောက်သည်ချလိုက်တော့ ကိုလှခမျာ မချိပြုံး ပြုံးရုံတင် မကဘူး၊ မချိမဆန့် ရယ်တော့တာပဲ"။

ဆရာဦးအုန်းလွင်သည် ဦးလှနှင့် ပတ်သက်၍ ပြောပြရာတွင် အကွက်စေ့စေ့နှင့် ရယ်စရာကလေး များပါ ထည့်ပြောသွားပါသည်။ ဦးလှကား လူငယ်များ ကြီးပွားရေး၊ လူငယ်များ စာရိတ္တပြုပြင်ရေး၊ မူးယစ် ဆေးဝါး တိုက်ဖျက်ရေးတို့ကို ခေတ်ဟောင်းကပင် ဆောင်ရွက်ခဲ့သည့် အရှိန်သည် ယခုခေတ်တိုင် အရှိန်မပျက် ဆောင်ရွက်ခဲ့ကြောင်းကို ၁၉၇၄–ခု၊ ဇွန်လထုတ် 'ဘိန်းဖြူသမား အမှားကမ္ဘာ' စာအုပ်က သက်သေထူလျက် ရှိပါသည်။ ကျွန်တော်သည် ဤလူထုဦးလှ၏ ဘိန်းဖြူသမား အမှားကမ္ဘာ စာအုပ်ကို စွဲစွဲမြဲမြဲဖတ်၍ မှတ်သားမိ ပါသည်။ ဤစာအုပ်တွင်ပင် လူထုဦးလှ၏ မိတ်ဆက်အမှာ၌ "မြို့ကြီးတချို့က ကျောင်းတွေမှာ ၁၃ နှစ်က ၂၀ အရွယ် လူငယ်တွေ ဆေးခြောက်နဲ့ဘိန်းဖြူလုပ်တဲ့ဦးရေ တိုးနေတယ်ဆိုတာ သတိပြုလေ့လာသူတိုင်း သိပါတယ်။ မိသားစု တော်တော်များများ မျက်ရေကျနေရတဲ့ အရေးအခင်းပါပဲ။ ဒီအန္တရာယ် ကို ဖြိုခွင်းတိုက် ဖျက်ရေး အောင်မြင်မှုဟာ မိဘ၊ဆရာ၊ အဖွဲ့အစည်း များနဲ့ တရားဥပဒေ



www.myanmarcupid.net

ထိန်းသိမ်းရေးဘက်က တာဝန်ရှိသူများ နိုးနိုးကြားကြား ကြိုးကြိုးစားစား လုပ်တဲ့အပေါ် တည်ပါတယ်” ဆိုသည့် စာပုဒ်ကို ကျွန်တော်ထပ်ဆင့် ဖော်ပြ မိပါသည်။

ဆရာ ဦးအုန်းလွင်က ဆက်ပြန်သည်။

“လူငယ်များ ကြီးပွားရေး အသင်းရဲ့ ထူးခြားချက်ကို ပြောရအုံးမယ်။ မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ် မှာပေါ့။ အဲဒီ ၁၃၀၀ ပြည့်နှစ်ဟာ နယ်ချဲ့အင်္ဂလိပ် အစိုးရကို တုန်လှုပ် ချောက်ချားသွားစေတဲ့နှစ်ပဲ။ လူငယ်များ ကြီးပွားရေးအသင်းဟာ အဲဒီ ၁၃၀၀ ပြည့်နှစ် အထိမ်းအမှတ် အနေနဲ့ ထမင်းစားပွဲကြီး ကျင်းပတယ်။ လက်မှတ် ဝယ်ပြီး ထမင်းစားပွဲတက်ရတယ်။ ပထမ လူငယ်များ ကြီးပွားရေး အသင်းတိုက်ဟာ စကော့ဈေး (ယခု ဗိုလ်ချုပ်ဈေး)မှာ။ နောက်တော့ လူငယ်များ ကြီးပွားရေးအသင်းဟာ အခု ဆူးလေဘုရားလမ်း၊ နေပြည်တော်နဲ့ ရှေ့ဆောင် ရုပ်ရှင်ရုံကြားက တိုက်အမြင့်ကြီး (သခင်ဘသောင်းနေသွားတဲ့တိုက်)မှာ ပြောင်းရွှေ့ ဖွင့်လှစ်တယ်။ ကိုလှတို့ လူငယ်များ ကြီးပွားရေးအသင်းက ကြော်ငြာပုံက တော်တော် စိတ်ဝင်စားစရာပဲ။ သတင်းစာထဲမှာ ဘယ်လို ကြော်ငြာထည့် သလဲဆိုတော့ ၁၃၀၀ ပြည့်နှစ် အထိမ်းအမှတ် ထမင်းစားပွဲကြီး၊ ကောက်ပင်စိမ်းစိမ်း ကလေးတွေကို ကြည့်ယင်း ထမင်းစားရမည်တဲ့။ ဆရာလဲ



www.myanmarcupid.net

ထူးဆန်းတဲ့ ထမင်းစားပွဲမို့ ကိုလှကို အကြောင်း ပြုပြီး အဲဒီထမင်းစားပွဲကို တက်ရောက်ခဲ့တယ်။ ဟိုကျတော့ လားလား ကောက်ပင်စိမ်းစိမ်းဆိုတာ တခြား မဟုတ်ဘူး။ သောက်ရေအိုး စင်တွေရဲ့ ဘေးမှာ စပါးတွေကြဲထားပြီး ရေလောင်း ပေးထားလို့ ကောက်ပင်လေးတွေ စိမ်းစိမ်းစိုစိုနဲ့ ပေါက်နေကြတာကိုး။ အေး–မျက်စိပသာဒတော့ အတော်ကြည်လင် အေးမြစေတာပဲ။ "တနေ့တော့ ကိုလှဟာ ဓာတ်ပုံတပုံထုတ်ပြတယ်။ ဓာတ်ပုံက အမျိုးသမီး ကလေးပုံပဲ။ ဆရာ့ကို ပန်းချီ ဆရာမို့လို့ အားကိုးတကြီးနဲ့ ပန်းချီမျက်စိနဲ့ ကြည့်ပြီး သုံးသပ်ဖို့နဲ့ ထင်မြင်ချက်ပေးဖို့ ပြတာပဲ။ ဟ–ဒါ ခင်ဗျားရည်းစားပုံလား၊ သူ့ရဲ့ဝတ်စားဆင်ယင်ထုံးဖွဲ့မှုဟာ မြန်မာဆန်တယ်။ ရုပ်ဆင်းရူပကာ ကတော့ မြန်မာ ချောချောတယ်လို့ ဆရာက ကောက်ချက်ချ လိုက်တယ် ဆိုယင်ပဲ ကိုလှရဲ့ ပြုံးဖြဲဖြဲမျက်နှာ ကြီးဟာ မနောပီတိ ဝွမ်းဆီထိသလိုပါပဲ။ အဲဒီအမျိုးသမီးပုံကတော့ ဒေါ်အမာ့ပုံပါပဲ။ ကိုလှနဲ့ မအမာတို့ဟာ မြန်မာ့ရှေးထုံးတမ်း စဉ်လာအရ သုံးနှစ်သုံးမိုး ရည်းစားထားပြီးမှ ယူကြတာ"။

ဤတွင်အနားတွင်ရှိသော ဦးဟိန်စွန်းက ကျွန်တော်ရေးနေသော အချက်အလက်ကို ကြည့်ပြီး "မကဘူး ထင်တယ်၊ သူတို့ရည်းစား ဖြစ်ကြတာ ကျောင်းတုန်းထဲကပဲ။



www.myanmarcupid.net

ငါးနှစ်ခြောက် မိုးလောက်ရှိမယ်”ဟု ကောက်ချက်ချ လိုက်ပါသည်။ ထို့နောက် ဆရာဦးအုန်းလွင်က ဆက်ပြန်သည်။

“ဦးလှဆိုတဲ့လူက လူအေး–လူလှသာဆိုတယ်၊ ထောင်ထဲ ခဏခဏရောက်တယ်။ သူထောင်ထဲရောက် တာတော့ အကောင်းသား။ စာအုပ်ကောင်းတွေ များများရေးဖြစ်တယ်။ တနေ့ ကိုလှထောင်ထဲ ရှိနေစဉ်မှာ ကိုလှ ကဆရာနဲ့ တွေ့ချင်လို့ ထောင်ထဲလာခဲ့ဖို့ မှာလိုက်တယ်။ ဆရာ့ကို ကိုတင်မောင် (ဝင်းမော်ဦးစာပေ)က သူနဲ့ အတူ ထောင်ဝင်စာခံပြီး ထောင်ထဲခေါ်သွားတာပဲ။ ထောင်ထဲ ရောက်တော့ ကိုလှနဲ့ အသင့်တွေ့ရတယ်။ ကိုလှ ကပဲဆရာကို ထောင်ပိုင်ကြီးနဲ့ မိတ်ဆက်ပေးတယ်။ ပြီးမှ ဆရာနဲ့တွေ့လိုတဲ့ အကြောင်းက ထောင်ပိုင်ကြီးနဲ့ ကိုလှတို့က ‘ထောင်ပြုပြင်ရေး’ စာအုပ်ထုတ်ရန်အတွက် မျက်နှာဖုံးရေးဆွဲပေးဖို့ ဆရာ့ကိုခေါ်တွေ့တာပဲ။ စာအုပ် အဖုံးရေးဆွဲပေးပါ့မယ်လို့ ဆရာကပဲ တာဝန်ယူလိုက်တယ်။ စာအုပ်ထုတ်ရခြင်းအကြောင်းက လူတွေဟာ ထောင်ကို အမြင်မှား အထင်မှားနေကြတယ်။ ထောင်ကိုပဲ ငရဲပြည်၊ ငရဲခန်းလို့ ထင်နေကြတယ်။ ထောင်ဟာ ငရဲခန်းမဟုတ်ပါ၊ ပြုပြင်ရေးစခန်းသာ ဖြစ်ကြောင်း သိစေဖို့ပါပဲတဲ့။ ဒီတော့ ဆရာက “ထောင်ဟာ ငရဲခန်း မဟုတ်၊ ထောင်ဟာ

www.myanmarcupid.net

ပျော်စရာကြီး ဖြစ်နေယင်တော့လဲ မကောင်းဘူးထင်တယ်”လို့ ပြက်လုံးထုတ်လိုက်တော့ ကိုလှ အတော်သဘောကျသွားတယ်။ ကိုလှဟာ ထောင်ပြုပြင်ရေးကို အတော်စိတ်ဝင်စားတယ်။ ဒါ့ကြောင့်လဲ ‘ထောင်နဲ့လူသား’၊ ‘လှောင်ချိုင့်ထဲက ငှက်ငယ်များ’ဆိုတဲ့ စာအုပ်တွေထွက်လာတာပဲ။ ကိုလှဟာ သူရေးတဲ့ စာအုပ် တော်တော်များများမှာ ဆရာ့အဖုံးနဲ့ အတွင်းပုံရောပါ အဆွဲများတယ်။ ပုံပြင်စာအုပ်တွေလဲ မနည်းပါဘူး။

“ဒါနဲ့ဆရာလဲ ကိုလှထောင်ထဲရှိနေစဉ်မှာပဲ သူလိုချင်တဲ့ ထောင်ပြုပြင်ရေး စာအုပ်အဖုံးကို ရေးဆွဲပေး လိုက်တယ်။ ကိုလှ ထောင်ကလွတ်လာတော့ ဆရာ့ကို ငွေလာပေးတယ်။ ဘာအတွက်လဲလို့ မေးတော့ ထောင်ပြုပြင်ရေးစာအုပ်အဖုံးရေးဆွဲခတဲ့။ စာအုပ်ရော မရဘူးလားလို့ မေးတော့ စာအုပ်က အကြောင်းအမျိုးမျိုးကြောင့် မထွက်ဖြစ်ဘူးတဲ့၊ ဒီတော့ ကိုလှပေးတဲ့ အဖုံးရေးဆွဲခ ငွေဟာ အကျဉ်းထောင်ဌာနကပဲ ပေးတာလား၊ ကိုလှပဲ သူ့အိတ်ထဲက စိုက်ပေးတာလားလို့ ဝေခွဲမရအောင် စဉ်းစားနေမိတယ်။ “ဒါနဲ့ ၁၉၈၃–ခုနှစ်၊ ဇူလိုင်လလောက်မှာ မင်းကွန်းတိပဋကဆရာတော် ဦးဝိစိတ္တသာရာဘိဝံသကြီးမှူးသော ‘၃–နှစ်ခရီး’ဆိုတဲ့စာအုပ် လက်ဆောင်ပေးပွဲကို ပြည်လမ်း



www.myanmarcupid.net

နိုင်ငံခြားရေးရုံးနောက်က ဆရာတော် ကျောင်းတိုက်မှာ ကျင်းပတယ်။ အခမ်းအနားကို နေ့လည်စတယ်။ ၃– နှစ်ခရီးဆိုတဲ့စာအုပ်မှာ ရေးသားတဲ့ ကလောင်ရှင်တွေ၊ ရေးဆွဲတဲ့ ပန်းချီဆရာကြီးတွေ တက်ရောက်ကြတယ်။ ကျင်းပပွဲမှာ ဆရာ့ကို မိန့်ခွန်းပြော ခိုင်းလို့ ဆရာထပြောရတယ်။ ဆရာထပြောယင်း ပရိတ်သတ်ကို ကြည့်လိုက်တော့ ပရိတ်သတ်အကြားမှာ ကိုလှ နဲ့မအမာတို့ကို တွေ့ရလို့ ဝမ်းသာသွားတယ်။အခမ်းအနားပြီးယင်တော့ သူတို့နဲ့ သွားတွေ့လိုက်ဦးမယ်လို့ စိတ်ထဲက ကြံစည်ထားမိတယ်။ ဒါနဲ့ အခမ်းအနားလဲပြီးရော ပရိတ်သတ်တွေကို ထမင်းကျွေးတာနဲ့ စားသောက် နေရတာနဲ့ ကိုလှတို့နဲ့ စကားမပြောလိုက်ရဘူး။ ကိုလှကို မြင်သာ မြင်လိုက်ရတယ်။ ဒါဟာ ကိုလှကို နောက်ဆုံး တွေ့လိုက်ရခြင်းပဲ။ “ကိုလှဟာ ဆရာ့ကို သံယောဇဉ် အတော်ကြီးတယ်။ ဆရာ့ကို ‘ကိုအုန်းလွင် ခင်ဗျားနေကောင်းရဲ့လား၊ ကျန်းမာရေး ဂရုစိုက်နော်’ စသဖြင့် လူတွေ့တိုင်း သတိပေးတယ်။ ဆရာနေထိုင်မကောင်း ဘူးလို့ကြားယင် ဆရာ့ဆီ ချက်ချင်း စာကောက်ရေးတာပဲ။ ဟောဒီ စာပဲကြည့်တော့၊ သူဟာ ဆရာ့ကို ဘယ်လောက်ဂရုစိုက်တယ် ဆိုတာ။ အင်း သူကိုယ်တိုင်လဲ ကျန်းမာရေးကို သူများထက် ဂရုစိုက် ပေမယ့် သူ့အသက်ကို



www.myanmarcupid.net

သေမင်းက အနိုင် ယူသွားတယ်။ ဒါပေမယ့် ကိုလှရဲ့ ဘဝကတော့ စာပေနဲ့ ယဉ်ကျေးမှု သမိုင်းတလျှောက်လုံးမှာ အစဉ်အမြဲ လှလျက်ပါပဲ ကိုလှ"ဆရာဦးအုန်းလွင် သည် သူ၏ ကိုယ်ရေးကိုယ်တာ သီးသန့်စာအိတ် ကြီးထဲမှာ အမှတ်တရ လေးလေး စားစား သိမ်းဆည်းထားသော ၁–၁–၆၉ နေ့က ဦးလှရေးလိုက်သည့် စာကို ထုတ်ပြပါသည်။ (ထိုစာကို ပူးတွဲ ဖော်ပြလိုက်သည်)။ ထို့နောက် ဆရာဦးအုန်းလွင်မှာ ရှေ့ဆက်မပြောတော့ပဲ ငြိမ်သက်စွာ နေလိုက်ခြင်းကား အတော် စိတ်ထိခိုက်သွားပုံရသည်။

ကျွန်တော်နှင့် ဦးဟိန်စွန်းတို့သည် ဆရာဦးအုံးလွင် အိမ်မှအပြန်တွင် ဦးအုန်းလွင်အိမ်နှင့် မနီးမဝေးတွင် ရှိသော ပန်းပုဦးဟန်တင်အိမ်သို့ လမ်းကြုံသဖြင့် ဝင်ကြသည်။ ကျွန်တော်တို့ ရောက်ချိန်သည် ထမင်းစားချိန် နှင့်ကြုံနေသဖြင့် ဦးဟန်တင်က ကျွန်တော်တို့အား နံနက်စာဖြင့် ဧည့်ခံပါသည်။ ပြီးသည်နှင့် သူထုလုပ် ထားသော ပန်းပုရုပ်ကြီးများကို ပြသပါသည်။ မြန်မာနိုင်ငံတွင် ထင်ရှားကျော် ကြားသော ဆရာတော်ကြီးများ၏ ပုံတော်များ၊ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာသို့ပို့ရန် ထုလုပ်ဆဲ မြတ်စွာဘုရား၏ ရုပ်ထုတော်ကြီးများကို ဖူးတွေ့ ရပါသည်။ ထို့နောက် ပန်းပုဦးဟန်တင်၏ တခြားသော ပန်းပုရုပ်များကိုလည်း

www.myanmarcupid.net

တွေ့မြင်ရပါသည်။ ထိုစဉ် ကျွန်တော်သည် ဦးအုန်းလွင်ပြောသော ဦးလှအကြောင်းကိုလည်း ခေါင်းထဲက မထွက်ပဲ စဉ်းစားနေပါသည်။ ကျွန်တော်သည် ပန်းပုရုပ်များကြားတွင် လွန်ခဲ့သော တနှစ်ခန့်က ဖြစ်ရပ်တခုကို သတိရမိသည်။ အချိန်မှာ စာဆိုတော်လ စာပေခရီးထွက်စဉ်က ဖြစ်သည်။ ဆရာကြီး မင်းသုဝဏ်ခေါင်းဆောင်၍ မင်းယုဝေ၊ တင်မိုး၊ ခင်ဆွေဦး၊ သာယာဝတီ စမ်းစမ်းနွဲ့နှင့် ကျွန်တော် မိုးကုတ်စာပေခရီးဖြန့်စဉ် မန္တလေးရှိ လူထုဦးလှ–ဒေါ်အမာတို့တိုက်သို့ ဝင်ကြရပါသည်။

ဦးလှနှင့် ဒေါ်အမာတို့သည် ဆရာကြီး မင်းသုဝဏ်နှင့်တကွ ကျွန်တော်တို့ကို ဧည့်ခံပြုစုပါသည်။ ပြန်ခါနီးတွင် အခန်းဝသို့အထွက် ဧည့်ခန်းထိပ်တွင် လူပုံအရွယ် ကိုယ်တပိုင်းပုံ ပန်းပုရုပ်ကို တွေ့ရပါသည်။ ပန်းပုရုပ်မှာ အလွန်တူလှသဖြင့် ဒေါ်အမာ အခန်းဝတွင် ရပ်နေသလားဟုပင် ထင်ရသည်။ ယင်းပန်းပုရုပ်မှာ ဦးဟန်တင်၏ လက်ရာပင် ဖြစ်သည်။ ကျွန်တော်တို့သည် ဒေါ်အမာ၏ ပုံတူပန်းပုရုပ်ကို ဝိုင်းကြည့်နေကြစဉ် ဦးလှသည် ဆရာကြီး မင်းသုဝဏ်၏ အနားသို့ ကပ်လာပြီး တိုးတိုးကလေး ပြောလိုက်သည်မှာ –

"ကျွန်တော်အမာ့ပုံတူ ပန်းပုရုပ်ရှိနေလို့သာပေါ့။ ကျွန်တော်က

www.myanmarcupid.net

အမှာကို ဆူစရာ ကြိမ်းစရာ ရှိယင် ဒီပန်းပုရုပ်ရှေ့မှာပဲ လာကြိမ်းရဲ ဆူရဲတယ်”

ဤသည်ကား လူလု၊ သို့မဟုတ် လူထုဦးလှ၏ စိတ်အလှ ကလေးပင်....။

ဖေသိန်း

၁–၉–၈၃

www.myanmarcupid.net

လူထုဦးလှ

၂၂၁၊ ၈၄ လမ်း၊ လက်ဆည်ကန်၊

မန္တလေး

နေ့စွဲ။ ၁၊ ၁၊ ၆၆

*ကိုအုန်းလွင်၊*

*ခင်ဗျားနေမကောင်းဘူးဆို။ ဆရာလွင့်ဆီရောက်လို့ ကိုကျော်ဒင့်စာအရ သိရပါတယ်။*

*ဒေါက်တာဦးလှမြင့်ဆီ ကျွန်တော်စာတိုက်က စာတစောင်ထည့်လိုက်ပြီ။ သွားပြပါ။ ဘာမှ အားမနာ ပါနဲ့။ ဘာမှလဲ မပေးပါနဲ့။ ကိစ္စမရှိပါဘူး။ ကိုသိန်းအားယင် လိုက်ပို့လိမ့်မယ်။ မအားယင် ကိုကျော်ဒင်နဲ့ဘဲ သွားပါ။ ကိုကျော်ဒင် ဆရာနဲ့ ချိန်းပါလိမ့်မယ်။*

*ဘာမှ အားမငယ်ပါနဲ့။ ဆေးရုံခဏတက်ပါဆိုယင်လဲ တက်လိုက်ပါ။ ဆရာနဲ့ ကျွန်တော် အမျှားကြီး ခင်ပါတယ်။*

မောင်လှ

www.myanmarcupid.net




# ကိုလှကို ခင်မင်သတိရလို့

အုန်းမြင့်

*ကိုလှကတော့ ထုံးစံအတိုင်းပဲ၊ စကားလုံး တောင်*
*သိပ်မာမာသုံးချင်တာ မဟုတ်ဘူး။ ဒါပေမယ့် သိပ်မကြာပါဘူး။*
*ဆောင်းပါးတွေ၊ သတင်းတွေ၊ ခေါင်းကြီးတွေဟာ*
*အရင်ကထက်ပိုပြီး လူကြိုက်များလာပြန်ပါတယ်။*
*လူထုနေ့စဉ်ဆိုတဲ့ နာမည်နဲ့အညီ လူထုကိုယ်စားပြု၊*
*ပြည်သူ့အကျိုးဆောင် အချက်အလက် အသုံးအနှုန်းတွေနဲ့ ပိုပြီး*
*မြိုင်ဆိုင် လာပါတော့တယ်။ အဲဒီအချိန်လောက်ကစပြီး*
*ကိုလှတယောက် စာအုပ်တွေ တအုပ်ပြီးတအုပ်*
*ရေးထုတ်လာတာတွေ ဖတ်ရပါတယ်။ အထူးသဖြင့်*
*တိုင်းရင်းသားလူမျိုးစု အမျိုးသားပုံပြင်တွေ ဖြစ်လို့ပါပဲ၊...*

www.myanmarcupid.net

ကိုလှ အသက် ၇၄–နှစ်ပြည့်ပြီး ၇၅–နှစ်ရှိတဲ့ ၁၉၈၄–ခုနှစ်မှာ ကိုလှကို ကျွန်တော် စသိခဲ့ရတာ နှစ်ပေါင်း၅၀–ပြည့်ပါပြီ။ ကျွန်တော် တောမြို့ ကလေးက ၁၀–တန်းအောင်ပြီးနောက် ဆေးကျောင်းမှာနေဖို့ ရန်ကုန်ကို လာခဲ့တဲ့ ၁၉၃၄–ခုနှစ်က ကိုလှနဲ့စတွေ့လို့ပါပဲ။ ၁၉၃၆–ခုနှစ်ပိုင်း ရောက်တော့ ကိုလှနဲ့ပိုလို့ခင်မင်နေပါပြီ။ လူငယ်များကြီးပွားရေး အသင်းက ကိုသန်းထွန်း၊ လောကခံကိုထွန်းလှ၊ သခင်ကျော်စိန်တို့ကို အကြောင်းပြုပြီး ကိုလှနဲ့ ရင်းရင်းနှီးနှီး မကြာခဏ ဆုံဖြစ်ကြပါတယ်။ ဆုံဖြစ်တယ်ဆိုတာလဲ ကိုလှရဲ့ ၃၈–လမ်း ကြီးပွားရေး မဂ္ဂဇင်းတိုက်မှာပါ။ ညောင်လေးပင်ဘက်မှ ကိုလှအပေါင်းအသင်း မိတ်ဆွေတွေ၊ ဆွေမျိုးတွေ တည်းခိုရာ၊ စတည်းချရာ၊ ကိုလှနေထိုင်ရာ အိမ်လည်းဖြစ်ပါတယ်။ အဲဒီတုန်းက ကိုလှက ရန်ကုန် မြူနီစပယ်ရုံး ရာဖြတ်ဌာနမှာရာဖြတ်အရာရှိလုပ်ပြီး တဘက်က ကြီးပွားရေး မဂ္ဂဇင်းကို တည်းဖြတ်ထုတ်ဝေနေတာပါ။ ကိုလှအိမ်မှာ လာကြ၊ ပြန်ကြ သူတွေအဆက်မပြတ်သလောက် ကိုဆောင်း(ရဲဘော်သုံးကျိပ်)၊ ဆရာဘကြင်၊ ကိုဇင်၊ ကိုခင်မောင်၊ ကိုဘကိုးတို့ကတော့ တို့အိမ်မှတ်ပါ၊ တို့ယာမှတ်ပါ ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ထာဝရလို

www.myanmarcupid.net

နေထိုင်ကြသူများ ဖြစ်ပါတယ်။ အဲဒီထဲက ကိုဇင်နဲ့ကိုခင်မောင်က ကြီးပွားရေး မဂ္ဂဇင်းရဲ့ အလုပ်တွေကို တဘက်တလမ်း ကူညီလုပ်ကိုင်ပေးနေကြပါတယ်။ ကိုဆောင်းနဲ့ကိုဘကြင်တို့ နှစ်ယောက်ကတော့ ကိုဇင်၊ ကိုခင်မောင်တို့ရဲ့ အကူအညီနဲ့ ညလုံးပေါက် ဇာတ်ပွဲအစား ညဝက်စနစ်၊ ခေတ်မီနည်းနဲ့ ဆန်းသစ်တဲ့ အခင်းအကျင်း၊ အပြင် အဆင်တို့နဲ့ ပြဇာတ်၊ ကဇာတ် အဆန်းအသစ်ထွင်ပြီး 'ခေတ်သစ်သဘင်'ဆိုတဲ့နာမည်နဲ့ မောင်ဂိုမာရီလမ်း(ဗိုလ်ချုပ်အောင်ဆန်းလမ်း) နဲ့ စတော့ကိတ်လမ်း(သိမ်ဖြူလမ်း) ထောင့်ရှိ ဟာရီခရစ်ရှနား ရုပ်ရှင်ရုံမှာ ရုံတင် ခင်းကျင်း ပြသခဲ့ကြပါတယ်။ နှစ်ရှည်လများ ငွေကုန် လူပန်း ကြိုးစားအားထုတ်ခဲ့ကြပေမယ့် ခေတ်ရှေ့ရောက် လွန်းနေတာကြောင့် သက်ဆိုးမရှည်၊ နောက်ဆုတ်ခဲ့ကြရပါတယ်။ ဒီလို အင်မတန်ခေတ်မီတဲ့ ကောင်းမြတ်တဲ့ အကြံအစည်ကြီးကို တီထွင်စမ်းသပ်ရုံတင်နိုင်တဲ့အထိ ဖြစ်မြောက်ခဲ့တာ ကိုလှရဲ့ အားပေးကူညီမှု မပါပဲနှင့် ဆောင်ရွက်နိုင်ခဲ့မှာ မဟုတ်ဘူး။ နောင် ၁၀–နှစ်ဝန်းကျင်ခန့်အကြာ စစ်ပြီးကာလတွင် မြန်မာ့ ခေတ်သစ်သဘင် အဖွဲ့ စတင်စွန့်စားကြိုးပမ်းခဲ့ကြတဲ့

www.myanmarcupid.net

ပုံစံသဘော ဖြစ်တဲ့ ပြဇာတ်ခေတ်တခေတ် လျှမ်းလျှမ်းတောက် အောင်မြင် လာခဲ့ပါတော့တယ်။

အဲဒီအချိန်ကဆိုယင် ကိုလှဟာ ရုံးအလုပ်လဲလုပ်၊ ကြီးပွားရေးမဂ္ဂဇင်း အလုပ်အတွက် အိမ်မှာလဲ တကုပ်ကုပ်၊ လူငယ်များကြီးပွားရေးအသင်း မှာလဲ တာဝန်မပျက် ဆောင်ရွက်နေခဲ့ပါတယ်။ လူငယ်များကြီးပွားရေး အသင်းမှာ ဒုဥက္ကဌ၊ ဘဏ္ဍာရေးမှူးစတဲ့တာဝန်တွေအပြင် ကျေးလက်တောရွာ ပြုပြင်ရေးလုပ်ငန်းကို ကိုဘခင် (နောင် ဟံသာဝတီစာအုပ်တိုက်)၊ ကိုခင်တိုး၊ ကိုထွန်းလှ(လောကခံဦးထွန်းလှ) နဲ့ ကိုကျော်မြင့်ကလေး(ဆိုရှယ်လစ် ဝန်ကြီးဟောင်းဦးကျော်မြင့်) စသူတို့နဲ့ မမောနိုင်မပန်းနိုင် စိတ်ပါလက်ပါ ဆွေးနွေးတိုင်ပင်လေ့ရှိပါတယ်။ သူတို့တတွေ ကျေးလက်တောရွာ ပြုပြင်ရေး သီချင်းဆိုကြလို့ "အိမ်တွင်းနံဘေးပတ်လည်၊ရေနံ့ဖျန်းပါအတည်၊ ခြင်ရန်ဘေး ဝေးကွာမည်..."ဆိုတဲ့ အပိုဒ်ရောက်တိုင်း ကျွန်တော်ကတော့ "အိမ်တွင်းနံဘေး ပတ်လည်၊ ရေနံ့ဖျန်းပါအတည်၊ ဘီအိုစီချမ်းသာမည်..."ဟု ပြောင်လေ့ နောက်လေ့ရှိပါသည်။ အဲဒီလိုနောက်တဲ့အခါတိုင်း ကိုလှကတော့ ပြုံးပြုံး ပြုံးပြုံးနဲ့ "မောင်အုန်းမြင့်ကတော့ကွာ ကလေးစိတ်ကိုမပျောက်ဘူး၊



www.myanmarcupid.net

ကလေးလေး လိုပဲ” ဟု ပြောလေ့ရှိပါတယ်။ အဲဒီလောက် အလုပ်တွေများတဲ့ ကြားထဲက ဘော့လုံး ကန်မပြတ်ခဲ့ပါ။ မြူနီစပယ်ရှုံးကလဲကိုလှအလုပ်တာဝန် တွေအတွက် အဓိကမထား၊ ဘော့လုံးကန်လေ့ကျင့်ရေး၊ ဘော့လုံးကန်ရေး ပိုပြီးအရေးထားတာဟာ သေချာပါတယ်။ဒါပေမယ့် ကိုလှကတော့ ဘော့လုံးကန်တာကိုလဲ ကြိုးစား၊ အလုပ်တာဝန်ကိုလည်း ကျေကျေပွန်ပွန် ထမ်းဆောင်တာကို အားလုံးက အသိအမှတ်ပြုကြရပါတယ်။ ဒီလိုနဲ့ပဲ ကိုလှကိုအကြောင်းပြုပြီး ကိုလှမောင်(မြင်းဆရာကြီး)နဲ့ ဆရာရှိန်(ဗေဒကဝိန် ဆရာရှိန်) တို့နဲ့ပါ သိကြွမ်းလာရပါတယ်။ ကိုလှ မြင်းတွဲပွဲတွဲတာကိုလဲ ထူးထူးခြားခြား တွေ့ရ၊ ဆရာရှိန်နဲ့လဲ နှစ်ယောက် ချင်းစကားပြောပြော နေတာတွေ့လာရပါတယ်။ ကျွန်တော် လူရှုပ်လူနောက်ကတော့ ထုံးစံအတိုင်း “ကိုလှတော့ သူဌေးဖြစ်ချင်နေပြီ။ တခုခုတော့တခုခုပဲ”လို့ မထိတထိ ပြောပြောနေခဲ့ပါတယ်၊ အဲဒီလိုနဲ့ နောင်ကြီး လောကစံ ဦးထွန်းလှက “ဟော့ ဖိုးအုန်းမြင့်–ခင်ဗျားကိုလှ ရောဂါထနေတယ်”လို့ ပြောပါတယ်။ မကြာမတင်မှာပဲ ကိုလှဆီ ဒိုင်အိပ်ဒိုင်စားလုပ်နေတဲ့ ကိုဘကိုးကို အစ်လိုက် မြှောက်လိုက်တော့ ကိုဘကိုးက ဖော်ကောင် လုပ်တော့တာပါပဲ။

www.myanmarcupid.net

မန္တလေးကကောလိပ်ကျောင်းသူ ဆိုတာရယ်၊ နေ့တိုင်းစာရေးတယ် ဆိုတာရယ် သိရပါတော့တယ်။ ကိုလှကို "ဘယ့်နှယ် ဗေဒကလိန်က ဘယ်လိုဟောနင့်ကိလဲ၊ တော်တော်ချောရဲ့လား၊ သေချာပြီလား" လို့စတော့ "မင်း တော်တော်နှောက်၊ တောပြော တောင်ပြောနဲ့၊ ဆရာရှိန်ကြားလို့ စိတ်ဆိုးနေအုံးမယ်" လို့ ပြုံးပြုံးနဲ့ စကားလွှဲပစ်တတ်ပါတယ်။

၁၉၃၅–၃၆ ခုနှစ်ပိုင်းတွင် ကျွန်တော်မှာ ကျောင်းလဲမနေဖြစ်ပဲ မြန်မာ့အလင်း အယ်ဒီတာအခန်း၊ ဈေးနှုန်းသတင်းစာတိုက်ခန်း၊ တက္ကသိုလ်သမဂ္ဂ ဟောပြောပွဲ၊ စကာရည်လုပွဲတွေမှာပင် အချိန်ကုန်နေပါတယ်။ ၁၉၃၆–ယူနီဗာစီတီကောလိပ် သပိတ်ပေါ်ခါနီး အချိန်မှာတော့ ဆရာချစ်မောင်၊ ကိုသန်းထွန်းတို့နဲ့ ပတ်သက်ပြီး ကိုလှဖေ(ဗိုလ်လက်ျာ)၊ကိုကျော်ငြိမ်း၊ သခင်အောင်ဆန်းတို့နဲ့ သိရပါတယ်။ ဒီကာလမှာပဲ ဗာစီတီမှာ စကားရည် လုပွဲတွေလုပ်ကြယင်း ကောလိပ်ကျောင်းသူ အမျိုးသမီးတွေ နာမည်ထွက် လာတဲ့အထဲက အပြောကောင်းဆတ်ဆတ်ကြဲလို့ သတင်းကြီးလာတဲ့မင်းသမီး နှစ်ယောက်ကတော့ ရွှေမန်းသူ မမအုန်းနဲ့မမမာပါပဲ။ အဲဒီတော့မှ ကိုလှပိုးနေတာ ဘယ်သူလဲလို့ ထောက်လှမ်းလိုက်တော့ အသားညိုညို၊ ပိန်ပိန်ပါးပါး မအမာဆိုတာ သိရပါတော့တယ်။ မမအမာကို

www.myanmarcupid.net

ကိုလှ တယောက်တည်း ပိုးနေတာမဟုတ်ပဲ ပညာတော်သင်တို့၊ အိုင်စီအက်စ်တို့မှ မှန်းနေတဲ့ ရွှေညာသားတယောက်ကလဲ အပြိုင်ပိုးနေတယ်ဆိုတာ ထပ်သိရ ပါတယ်။ အဲဒါ ဘယ်သူဘယ်ဝါ လဲဆိုတာကတော့ ဟဲ–ဟဲ–ဟိုကာလက ခေတ်သိများသိကြတဲ့ အတိုင်းပါပဲခင်ဗျ။ အဲဒီအချိန်ကတည်းက မအမာကလဲ ကြီးပွားရေးမဂ္ဂဇင်းအတွက် ဆောင်းပါးကလေးတွေ ရေးပို့၊ ကိုလှကလဲ အယ်ဒီတာနဲ့ ထုတ်ဝေသူအနေနဲ့ ကျေးရူးတင်စာလေးတွေရေး၊ ဣန္ဒြေကလေးနဲ့ သမာဓိပိုးနဲ့ ပိုးနေတာပေါ့။

မနက်ဆိုယင် မြင်းဆရာကြီး ကိုလှမောင် အစောကြီးရောက်လာလေရော။ ကျွန်တော်ကလဲ မြင်းပြိုင် တာကို သဘောကျ၊ အော်ရတာကို သဘောကျတဲ့အတိုင်း တွဲပွဲတွဲဖို့ ကိုလှမောင်ကို ဆရာတင်ပြီး တွဲခိုင်းတတ် ပါတယ်။ အဲဒီနေ့ ကိုလှနဲ့ဆုံတဲ့အခါ ကျွန်တော်က "ကိုလှမောင်ရေ– သူဌေးသမီးဆိုတော့ ဈေးကြီးမှာမို့ တွဲပွဲထိုး ပြီး သဌေးဖြစ်ကြဲရတာပဲဗျာ၊ ကိုလှ တွဲပွဲတွဲတာကတော့ ဘာကြောင့်လဲ မပြောတတ်ဘူး။ စက္ကူကုမ္ပဏီက စက္ကူ များများ ဝယ်နိုင်အောင် ဖောက်သယ်ဖြစ် ရင်းနှီးအောင်လို့ မဂ္ဂဇင်းအတွက် ဖြစ်မှာပေါ့" ဟုနောက်တဲ့အခါ ကိုလှက "ဟဲဟဲ မင်းကပေါက်ပေါက်ရှာရှာသိပ်ပြောတတ်တယ်" လို့ ပြောတာကို



www.myanmarcupid.net

မှတ်မိ ပါသေးတယ်။ အဲဒီလိုနဲ့ ကိုလှမှာ ရုံးအလုပ်၊ လူငယ်များ ကြီးပွားရေး အသင်းတာဝန်၊ မဂ္ဂဇင်းထွက်ရေးနဲ့ လက်မလည်အောင် အလုပ်တွေများ နေတဲ့ကြားက ဆရာကျော်ရင်ဆိုတဲ့ ရခိုင်သီချင်းထဲကလို "ချိုက်ကိုက်စ"က တနေ့တရက် မပျက်၊ မအမာဆီစာရေးရတဲ့ တာဝန်ပါထပ်ဆင့်လာပါတယ်။ ဒီနောက် ကျောင်းသားသပိတ်ကြီး ပေါ်ပေါက် လာပြီး မအမာကလဲ ရဲရဲတောက် သပိတ်ခေါင်းဆောင်ဖြစ်လာ၊ ကိုလှရဲ့ ကြီးပွားရေးမဂ္ဂဇင်းကလဲ ကြီးပွားရေး ပြုပြင်ရေး အဆင့်ကနေ ကျောင်းသားထုအရေး၊ လွတ်လပ်ရေး တိုက်ပွဲဝင် ဆောင်းပါးတွေ စတင်ပါဝင်လာတာ သိသာလာပါတယ်။

တနှစ်လောက်ကြာတဲ့အခါမှာ ကိုလှဟာ ၄၃လမ်း (ဒါလ်ဟိုဇီလမ်းထိပ်ဘက်) ဆရာရှိန်အိမ်သွားပြီး အချိန်ဖြုန်းနေတာ များလာလို့ စုံစမ်းလိုက်တော့ "မအမာတယောက် ကျောင်းထွက်ပြီး မန္တလေးပြန်သွားလို့ ကိုလှတယောက် ဆွေးနေတယ်၊ သိပ်မနောက်နဲ့" လို့ တယောက်က ပြောပါတယ်။ ဒါနဲ့ပဲ ကျွန်တော်က "ကိုလှရေ ဗေဒကလိန်ဆရာရှိန်က မှာလိုက်တယ်၊ အိမ်ရှေ့မှာ ငှက်ပျောပင်ရှိလား၊ ရှိယင်ခုတ်ပစ်၊ မရှိယင်စိုက်ပါလို့၊ ဒါမှ မအမာနဲ့ မြန်မြန်နီးရမယ်တဲ့။ အုန်းဆွမ်းလေးလဲ ဘုရားမှာ

www.myanmarcupid.net

မွန်းမတိမ်းခင် မန္တလေးဘက်မျက်နှာပြုပြီး လှူရမတဲ့၊ လိုရာဆုတောင်း ပြည့်မယ်မုချ” လို့ပြောတော့ “ဆရာရှိန်ကြားယင် စိတ်ဆိုးလိမ့်မယ်၊ မင်းကတော့ အမြဲတမ်းပေါက်တတ်ကရ ပြောတယ်” လို့ စကားလွှဲပစ်ပါတယ်။ ဒါပေမယ့် ဖွဲ့ကသိပ်ကောင်းတယ်မဟုတ်လား၊ တနေ့စာနှစ်စောင် မအမာဆီ ထည့်တယ်လေ။ နှစ်စောင်နေ့တိုင်းထည့်ပုံက ဆရာရှိန်က ကိုလှအိမ်ကနေ ဒါဟိုဇီလမ်းအတိုင်း ဆူးလေဘုရား အင်္ဂါထောင့် ဗဟိုဒင်ဟောစခန်းကို သွားယင်း ပန်းဆိုးတန်းထောင့် သံကြိုးရုံး ပလက်ဖောင်းထောင့် စာတိုက်ပုံးထဲကို ကိုလှမှ မအမာထံ စာတစောင်နေ့စဉ်ထည့်ပေးခဲ့ရတယ်။ ကိုလှက သူ့ဘာသာ ကိုယ်တိုင်ကိုယ်ကျ စာတစောင်ကို ရန်ကုန်ဘူတာကြီး မီးရထားစာတိုက်က စာတိုက်ပုံးထဲကို မန္တလေးရထားအမီ တစောင်သပ်သပ် နေ့တိုင်းထည့်တယ်။ သူကိုယ်တိုင်မထည့်အားတဲ့အခါ ကိုဘကိုးတို့ မီးရထား ကုံးတံတားကျော်ပြီး စာထည့်သွားကြရတာပေါ့။ အဲဒီနောက် ၁၉၃၉–ခုနှစ်မှာ ဆရာရှိန်ဓာတ်ရိုက် ကောင်းတာကြောင့်ပဲလား၊ ကိုလှအာသနားခံ ကောင်းတာ ကြောင့်ပဲလား၊ ဒိပြင်အကြောင်းတွေလဲရှိမှာပေါ့လေ၊ ကိုလှစွဲဆုပေါက်ပြီး

www.myanmarcupid.net

မအေမာနဲ့ လက်ထပ်လိုက်ပါတော့တယ်။ နောက် ဆံထုံးနောက်သျှောင်ပါ သွားတယ်လို့ ပြောစမှတ်ပြုကြပြီး မအေမာကို ကြောက်လို့ မန္တလေးလိုက်ရ တာလို့ တချို့ကပြောကြတာ၊ မဟုတ်ပါဘူး။ မအေမာကရန်ကုန်လာမနေနိုင် တာ ကျွန်တော်တို့အသိဆုံးပါ။ ကိုလှမန္တလေးကိုပြောင်းပြီး အညာသား ဖြစ်သွားတော့ တာပါပဲ။

အဲဒီကစပြီး အနေဝေးသွားလိုက်တာ စစ်ကြီးပြီး ၁၉၄၆ခုနှစ်ရောက်မှ ပြန်ဆုံရပါတယ်။ ကျွန်တော်နဲ့ ကိုသိန်း(ဇဝန)၊ ဇဝနဂျာနယ်ထုတ်ဖို့ စိုင်းပြင်းတုန်း မန္တလေးက ကိုလှနဲ့မအေမာဆီပုံနှိပ်စက်တလုံး ရှာဖွေဝယ်ပေးဖို့ အကြောင်းကြားထားခဲ့ပါတယ်။ ဇဝနဂျာနယ်ကို ပထမမြန်မာ့သိပ္ပံပုံနှိပ်တိုက် မှာရိုက်ပါတယ်။ နောက် မန္တလေးရွှေလက်ဝါးဆေးတိုက်မှ ပုံနှိပ်စက်ကို ဈေးဆစ် ငွေစိုက်ဝယ်ထားပြီး လာယူဖို့အကြောင်းကြား တာကြောင့် မန္တလေး သွားရပါတယ်။ ကိုလှတို့အိမ်မှာအိပ်ပြီး တနေ့ကုန်တနေ့ခမ်း ကိုဘလွင် (မြမျိုးလွင်)၊ မမသောင်းတို့အိမ် အလုပ်တိုက်မှာပဲ အချိန်ကုန်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကိုဘလွင်အိမ်က ကိုလှတို့ အိမ်နဲ့ မနီးမဝေးရှိပြီး ပိုကာဝိုင်းက ကောင်းလွန်းလို့ပါပဲ။ ကျွန်တော်ဝယ်တဲ့ စက်အတွက်တော့

www.myanmarcupid.net

ကိုလှ–မအမာ တို့ပဲ ငွေချေ စက်ဖြုတ် ရန်ကုန်သယ်ဖို့ အစအဆုံး စီစဉ်ပေးပါတယ်။ မိတ်ဆွေ အပေါင်းအသင်းသာမက အကူ အညီလိုတဲ့သူဆိုယင် အတတ်နိုင်ဆုံး ကိုယ်ဘိ ရင်ဘိ ကူညီတတ်လို့ ကိုလှဟာ မန္တလေးရောက်တော့လဲ လူချစ်လူခင်များလှတာ သတိထား မိပါတယ်။ အဲဒီလို ကူညီတတ်တဲ့အပြင် နှုတ်ကလဲချို၊ မျက်နှာကလဲချို၊ အမူအယာကလဲချို၊ လူကြီး လူကောင်းဆန်ပြီး သိမ်မွေ့လွန်းလို့ ကျွန်တော်က "ကိုလှကတော့ ရွှေမန်းသူ ရွှေမန်းသား ကတောင် အရှုံးပေးရလောက်အောင် မန်းဆန်လွန်းလို့ ကိုလှပို"လို့ တခါနောက်မိတော့ ဒီတကြိမ် ကိုလှမျက်နှာ တွေနီပြီး ကျွဲမြီးတိုသွားတာ တွေ့ရပါတယ်။ ဒါပေမယ့် "ဟဲဟဲ မင်းကတော့ကွာ တကယ့်ကို ကြံကြံဖန်ဖန်ပြောတတ်တယ်" လို့ ဒေါသလုံးလုံးမပါတဲ့ လေပြည်လေးနဲ့ ပြန်ပြောပါတယ်။ ဒီလိုနဲ့ ကိုလှဟာ သတင်းစာလုပ်ငန်းနဲ့ မန္တလေး ရွှေမြို့တော်က သတင်းစာဆရာများ၊ အားကစားအဖွဲ့များနဲ့ လူမှုရေးလုပ်ငန်း တွေမှာ မပါယင်မပြီးသလောက် ပေါ်ပြူလာဖြစ်လာတာတွေ ကြားသိ နေရပါတယ်။ လူထုသတင်းစာကလည်း ကိုလှရော မအမာပါ အားကြိုးမာန်တက် လုပ်ကြ၊ လူထုနာမည်နဲ့ လိုက်အောင် လူထုအတွက် ရေးကြလို့



www.myanmarcupid.net

အထက်မြန်မာပြည်သမိုင်းမှာ ထူးထူးခြားခြား ထင်ရှားသိသာနေပါတော့တယ်။ လူထုသတင်းစာ အထက်မြန်မာပြည်မှာသာမက အောက်မြန်မာပြည်ဘက်ကပါ လူထုက လက်ခံ လာတာကလဲ ထူးခြား အောင်မြင်ချက်ပါပဲ။

၁၉၅၀ခုနှစ်ပိုင်းမှာ အနုမြူဗုံး ဆန့်ကျင်တားဆီးရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး လုပ်ငန်းကို ကျောင်းသား လူငယ်၊ အလုပ်သမား၊ စာပေသမား၊ ပန်းချီပန်းပု အနုပညာရှင်များ လူတန်းစား အလွှာအသီးသီးမှ ပုဂ္ဂိုလ်များ စုပေါင်း ဆော်ဩလှုံ့ဆော် ဆောင်ရွက်ကြပါတယ်။ မန္တလေးအခြေခံပြီးအထက် မြန်မာပြည်ဘက်မှာငြိမ်းချမ်းရေး လှုပ်ရှားမှုကြီးတရပ် ပေါ်ထွန်း လာတော့ တာပါပဲ။ ၁၉၅၂- ခုနှစ်ပိုင်းမှာ လူထုသတင်းစာက ထူးထူးခြားခြား ငြိမ်းချမ်းရေးအာဘော်ကို အထူပြုအားပေးလှုံ့ဆော် ရေးသားပေးတဲ့အတွက် တပြည်လုံး ငြိမ်းချမ်းရေး ပြည်သူလူထုက အထူးလေးစားဖတ်ရှု အားပေးတဲ့ ထိပ်တန်းသတင်းစာကြီး တစောင်အဖြစ် ထင်ရှားလာပါတယ်။ တခါတခါ ဆောင်းပါးတွေက ပြည်သူတွေရဲ့ လိုလားချက်တွေ ဖော်ပြတဲ့အခါ ပြည်သူတွေ ဘဝနဲ့ထပ်တူထပ်ညီ ရှင်းလင်းပြတ်သားတဲ့အတွက် ကိုလှရေးတာမှ ဟုတ်ရဲ့လားလို့တောင် အချင်းချင်း ပြောမိ ကြပါတယ်။ နောက်

www.myanmarcupid.net

၁၉၅၃ ခုနှစ်ထဲမှာ ကိုလှ အဖမ်းခံရတော့တာပဲ။ ထုံးစံအတိုင်း ထောင်ထဲရောက်နေပြန် တော့လဲ ကိုလှကတော့ ပါတီအဖွဲ့အစည်း သဘောချင်း မတိုက်ဆိုင်တဲ့ နိုင်ငံရေးသမားတွေ ကြားထဲမှာ အားလုံးနဲ့ အဆင်ပြေလို့။ ထောင်အာဏာပိုင်တွေနဲ့၊ ဆိုရှယ်လစ်အနွယ် နိုင်ငံရေး သမားတွေနဲ့ ကွန်မြူနစ်အနွယ် နိုင်ငံရေးသမားတွေနဲ့၊ ထောင်ကျ အကျဉ်းသမားတွေနဲ့ အားလုံးအားလုံးနဲ့ အဆင်ချောလို့။ ထောင်တွင်း အားကစားပွဲတွေ၊ ဇာတ်ပွဲတွေလုပ်ကြတဲ့အခါမှာလဲ ကိုလှက ကြီးမှူးစီစဉ် ဆောင်ရွက် ပေးရလောက်အောင် အားလုံးက လူကြီးအရာတင်မြှောက် ကြရပါတယ်။ ပေးကမ်းကျွေးမွေး ပြုစုတဲ့နေရာ မှာလဲ နှုတ်ရော၊ စိတ်ပါ ရက်ရောတဲ့အတွက် အားလုံးရဲ့ ကြည်ညိုလေးစားချစ်ခင်မှုကို ခံရတဲ့ အကြောင်း ကြားသိရပါတယ်။

ထောင်ထဲရောက်မှ ကိုလှဟာ ကမ္ဘာကျော်မယ့် စာရေးဆရာဘဝကို တက်လှမ်းတော့တယ်လို့ ကျွန်တော်ယူဆပါတယ်။ စစ်ပြီးခေတ်မှာ ထောင်ထဲက ဘဝတွေရဲ့အကြောင်းကို ကိုလှက စတင်ရေးခဲ့တာ ဆိုယင်လဲ မှားမယ်မထင်ပါဘူး။ နောက် ကိုလှထောင်က လွတ်လာပြီး လူထုသတင်းစာမှာ ပြန်လာပြီး လုပ်စမှာ ကိုလှရဲ့လက်ရာ

www.myanmarcupid.net

ပြေပြေလေးတွေပါလာပြန်တာ သတိထားမိပါတယ်။ ကိုလှကတော့ ထုံးစံအတိုင်းပဲ၊ စကားလုံး တောင် သိပ်မာမာသုံးချင်တာ မဟုတ်ဘူး။ ဒါပေမယ့် သိပ်မကြာပါဘူး။ ဆောင်းပါးတွေ၊ သတင်းတွေ၊ ခေါင်းကြီးတွေဟာ အရင်ကထက်ပိုပြီး လူကြိုက်များလာပြန်ပါတယ်။ လူထုနေ့စဉ်ဆိုတဲ့ နာမည်နဲ့အညီ လူထုကိုယ်စားပြု ပြည်သူ့အကျိုးဆောင် အချက်အလက် အသုံးအနှုန်းတွေနဲ့ ပိုပြီး မြိုင်ဆိုင် လာပါတော့တယ်။ အဲဒီအချိန်လောက်ကစပြီး ကိုလှတယောက် စာအုပ်တွေ တအုပ်ပြီးတအုပ် ရေးထုတ်လာတာတွေ ဖတ်ရပါတယ်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးစု အမျိုးသားပုံပြင်တွေ ဖြစ်လို့ပါပဲ၊ မြန်မာတိုင်းရင်းသားအချင်းချင်းရဲ့ ယဉ်ကျေးမှုဓလေ့၊စရိုက်တွေကို အချင်းချင်း နှိုက်နှိုက်ချွတ်ချွတ် သိရှိရင်းနှီး ထားဖို့သိပ်လိုနေလို့ပါပဲ။ ဒါမှလဲ တဦးရဲ့ယဉ်ကျေးမှုဓလေ့ထုံးစံ စရိုက် သဘောထားတို့ကို သိမှတ်ပြုလေးစား နေရာထား ညီညွတ်စည်းလုံးပြီး တသွေးတည်း တသားတည်း ခိုင်မာတောင့်တင်းတဲ့ အမျိုးသား စည်းလုံးရေးကို တဘက်တလမ်းက အထောက် အကူပြုပေးလို့ပါပဲ။

www.myanmarcupid.net

တချိန်တည်းမှာပဲ ကိုလှဟာ အသင်းအဖွဲ့တွေမှာ လူကြီးလုပ်ရ၊ နိုင်ငံခြား သွားရနဲ့ မအားမလပ်အောင်အလုပ်များနေတာ သတိပြုမိပါတယ်။ လူထုသတင်းစာကလဲ လူထုအသည်းစွဲ သတင်းစာအဖြစ်နဲ့ တိုးတက် အောင်မြင်လျက်ပါပဲ။ မန္တလေးမှာလဲ လူမှုရေးလုပ်ငန်း၊ လူထုအသင်းအဖွဲ့၊ သာရေး၊ နာရေး၊ သာသနာရေးပါ မကျန် ကိုလှက ပါရလောက်အောင် လေးစားခင်မင်တာ ခံနေရတာ အားလုံးအသိပါပဲ။ကျွန်တော်နဲ့ကတော့ အနေဝေးလျက်ပါပဲ။ ဒါပေမယ့် ၁၉၈၁–ခုနှစ်ထဲမှာ ဖြူး ကိုမြင့်ဆွေကြီးအိမ်မှာ ဆုံရပါတယ်။ ဖြူး ကိုမြင့်ဆွေကြီး ကျွေးတဲ့ မုန့်ဟင်းခါးစားယင်း တောပြော တောင်ပြော ရှေးဟောင်းနှောင်း ဖြစ်တွေ ပြောဖြစ်ကြပါတယ်။ နောက်တခါ သိပ်မကြာခင်မှာပဲ တက္ကသိုလ် စာကြည့်တိုက်မှာ ဆုံရပါသေးတယ်၊ ကိုလှ နောက်ပိုးသန်ပုံကို ဖောက်သည်ချလို့ ကိုလှ ရှက်ပြုံးပြုံးပြီး "မောင်အုန်းမြင့်က ဒါကို မမေ့နိုင်ပဲ ပြောပြောနေတယ်"လို့ လူကြီးပြောပြောနေတာကို အခုထိ ကြားယောင် နေပါတယ်။ နောက်တခေါက်လာယင် ဦးလှ– ဒေါ်အမာတို့ကို ထမင်းကျွေး ရအောင်လို့ ကျွန်တော့်ဇနီးမြက ပြောလို့ ကိုလှနဲ့ မမမာ မော်လမြိုင်သွားတယ်၊ အပြန်မှာ ကျွေးမယ်လို့ အားခဲထားကြပါတယ်။ မော်လမြိုင်က ပြန်လာပြီး

www.myanmarcupid.net

မန္တလေးရောက်နေတယ်လို့ သတင်းကြား ရတော့မှ ကျွန်တော် မသေချာလို့ ဂရုမစိုက်လို့ဆိုပြီး ကျွန်တော့်ဇနီး အပြစ်တင်တာကို နောက်တခေါက်ကျွေးတာပေါ့ကွာလို့ ဆိုပြီး တောင်းပန်နှစ်သိမ့်ထားရပါတယ်။ ဒါပေမယ့် ကိုလှ–မမမာတို့ စုံတွဲကို ထမင်းမကျွေးလိုက်ရတော့ပါ။ ဖြိုးကနဲ – ကိုလှဆုံးတယ်ဆိုတဲ့သတင်း ကြားရတော့တာပါပဲ။ အံ့သြပြီး စိတ်မကောင်း ဖြစ်ကြရပါတယ်။ မန္တလေးလိုက်သွားတော့ မမမာက "အခု နောက်ဆုံးအခေါက် ရန်ကုန် ရောက်တော့ မင်းတို့ကို တွေ့ဖို့ကြိုးစားသေးတယ်။ အဆင်မပြေလို့ မတွေ့ခဲ့ရဘူးကွာ။ ဒီတခါ သူအခင်ဆုံး အရင်းဆုံးလူတွေကို တွေ့ချင် တယ်ဆိုပြီး အားလုံးလျှောက်တွေ့သွားတာပဲ။နောက်ဆုံးနှုတ်ဆက်သလိုပဲကွ ာ" လို့ ပြောတော့မှ ပိုပြီး စိတ်မကောင်းခြင်း ကြီးစွာ ဖြစ်ရပါတယ်။

ကျွန်တော့်အပေါ် အလွန်သည်းခံ၊ လူရှေ့သူရှေ့မရှောင် နောက်ပြောင် ချင်သလို နောက်ပြောင်တာကို ခွင့်လွှတ်၊ ကျွန်တော်ပုံနှိပ်တိုက် ထောင်ဖြစ်အောင် စတင်ပြီး ငွေအား၊ လူအားနဲ့ကူညီ၊ ကျွန်တော်ကလဲ သွေးရင်း သားရင်းလို ရင်းနှီးတဲ့ကိုလှဟာ ကျွန်တော်တင်မကပါ၊ အသိမိတ်ဆွေအားလုံးကို စိတ်ရောကိုယ်ပါ ကူညီရိုင်း ပင်းတဲ့၊

www.myanmarcupid.net

သဘောပြည့်လှတဲ့၊ လူကြီးဆန်လွန်းတဲ့၊ ပုဂ္ဂိုလ်ယောက်ပါ။ ကိုယ်နဲ့ သဘောချင်း မတိုက်ဆိုင်တဲ့ သူကို တောင်မှ အတိုက်အခံ တင်းတင်းမာမာ ပြောဖို့ဆိုဖို့ ရှောင်ပြီး ရွှေပြည်အေးတရား လက်ကိုင်ထားတဲ့သူ၊ ဟိတ်တ လုံးနဲ့ မကြွေးကြော်ပဲ တိုင်းပြည်နဲ့လူမျိုးအတွက် ကိုယ်နိုင်တဲ့ဘက်က ကိုယ်တတ်နိုင် သလောက် ကိုယ်တတ်နိုင် တဲ့အချိန် အားကြိုးမာန်တက် ဆောင်ရွက်တဲ့သူ၊ ရဟန်းရှင်လူအပေါင်းက နှစ်ခြိုက်သဘောကျ၊ အသိအမှတ်ပြု ခံရသော အလောင်းအစားကင်းသူ၊ အသောက်အစား ကင်းသူ၊ စာဖတ် ပရိတ်သတ်ကရော၊ အသိမိတ်ဆွေ အားလုံးကပါ ချစ်ခင် လေးစားခံရတဲ့သူ။

ကိုလှဟာ ကွယ်လွန်သည်အထိ နာမည်ကောင်းနှင့် ကျော်ကြားသူ၊ နာမည်ကောင်းနှင့် နေသွား၊ သေသွားသူ ဖြစ်ပါတယ်။ ရှေ့တွင်ရော၊ နောက်ကွယ်တွင်ပါ၊ ကွယ်လွန်ပြီး နောက်တွင်ပါ လေးစားချစ်ခင် သတိရအမှတ်ရနေရတဲ့ သူမျိုးဖြစ်ပါတယ်။

ကိုလှကို ခင်မင်သတိရတဲ့အနေနဲ့ ကိုလှအလွန်လိုလားတောင့်တ ဆန္ဒပြင်းပြလှတဲ့ တိုင်းရင်းသား ပေါင်းစုံ မြန်မာတမျိုးသားလုံး စည်းလုံးညီညွတ်ရေးကို ကျွန်တော်တို့ ဝိုင်းဝန်းကြိုးပမ်း အားထုတ်ပြီး ကိုလှ အစဉ်တစိုက် မျှော်မှန်းတောင့်တ

www.myanmarcupid.net

ကြိုးပမ်းခဲ့တဲ့ ငြိမ်းချမ်းရေးအတွက် ဝိုင်းဝန်းတည်ဆောက်ရာမှာ ကိုယ်တိုင် တတ်နိုင်တဲ့ဘက်က ပါဝင်ဆောင်ရွက် ကြပါစို့။

အုန်းမြင့်

www.myanmarcupid.net

# ထူးခြားသော မင်္ဂလာလက်ဆောင်

## တက်တိုး

*ဤဘာသာပြန်ဝတ္ထုလေးကို လက်ဖွဲ့သော ကျွန်ုပ်တို့သည် ဤသို့ပြုမူခြင်းဖြင့် ၂-ဘက်သော လူကြီးမိဘတို့အားလည်းကောင်း၊ သတို့သမီး သတို့သားတို့အား လည်းကောင်း မတော်တဆ မရှိမသေ ပြုမိသည် ဖြစ်ပါလျှင် ခွင့်လွှတ်ရန် တောင်းပန်ပါသည်။*

*အယ်ဒီတာ*

www.myanmarcupid.net

၁၉၃၀–ကျော်ကဖြစ်ပါသည်။ ကျွန်တော် တက္ကသိုလ်ကျောင်းသို့ ရောက်သည့်နှစ် 'လူငယ်များ ကြီးပွား ရေးအသင်း'သို့ဝင်၍ တလတကြိမ်ထင်ပါသည်။ **စကားရည်လုပွဲ တက်ရာတွင် အသင်းအတွင်းရေးမှူး ကြီးပွား ရေးဦးသိန်းမှစ၍ အသင်းအမှုဆောင် အဖွဲ့ဝင်အချို့နှင့် အသိအကျွမ်းဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်တို့တွင် အသားဖြူဖြူ၊ ကိုယ်လုံးကိုယ်ထည်တုတ်ခိုင်ခိုင်၊ စကားပြောညင်သာ၍ ဖော်ရွေသော ပုဂ္ဂိုလ်တယောက်ကို အထူး အာရုံပြု မိပါသည်။ မကြာခင် သူနှင့်ကျွန်တော် မိတ်ဆွေဖြစ်သွားကြသည်။ ထိုစဉ်က ကိုလှသည် မြူနီစပယ်ရုံးတွင် အလုပ်လုပ်နေသည်။ စကော့ဈေး (ယခုအခေါ် ဗိုလ်ချုပ်ဈေး) အနောက်ဘက်တန်း အခန်းတခန်းကို ငှား၍ ကြီးပွားရေးအသင်းတိုက် လုပ်ထားသည်။ ထိုအခန်း၏ အထပ်ခိုးတွင် ကိုလှနေသည်။ ကျွန်တော်တို့ တက္ကသိုလ်မှ မြို့ထဲသို့ ရုပ်ရှင်ကြည့်ပြီး အပြန်တွင် တခါတရံ ကျောင်းဆောင်သို့ပြန်ချိန်မရပဲ အလည်လွန် သည့်အခါ သူ့အထပ်ခိုးတွင် ဝင်၍အိပ်ကြသည်။ အလွန် လွတ်လပ်သည်။ အလွန်ပျော်သည်။**

ကိုလှသည် ထိုစဉ်က အသက်နှစ်ဆယ်မျှသာရှိပေဦးမည်။ သူနှင့်သိကျွမ်းသူ အားလုံးက သူ့ကို ခင်မင် ကြသည်။ နောက် ကျွန်တော့မှာ အကြောင်းအလျှည့်မသင့်၍ တက္ကသိုလ်မှ

www.myanmarcupid.net

ဥပစာတနှမ်းအောင်ပြီးနောက် ထွက်၍ မိဘများရှိရာ မကွေးမြို့၌ တိုင်းမင်းကြီးရုံးစာရေး လုပ်ရသည်။ လူချင်းဝေးကွာသော်လည်း ကိုလှထံမှ မကြာမကြာ စာရပါသည်။ ကြီးပွားရေးအသင်းက ဦးစီး၍ထုတ်ဝေသော 'ကြီးပွားရေး' မဂ္ဂဇင်းကို အယ်ဒီတာအဖြစ် ဆောင်ရွက်၍ ထုတ်ဝေစဉ်က ကျွန်တော့်ထံသို့ လစဉ် မဂ္ဂဇင်းတစောင် မေတ္တာလက်ဆောင်ပို့ပေးသည်။ နောက် ကျွန်တော် တက္ကသိုလ်သို့ ပြန်လာပြီးလျှင် ကျောင်းဆက်နေယင်း 'ဂန္ထလောက'မဂ္ဂဇင်း အယ်ဒီတာ အဖြစ် ဆောင်ရွက်ခိုက် ကိုလှကလည်း အသင်း၏ ခွင့်ပြုချက် အရ ကြီးပွားရေးမဂ္ဂဇင်းကို ကိုယ်ပိုင်မဂ္ဂဇင်း အဖြစ် တည်းဖြတ်ထုတ်ဝေခိုက်၊ သူသည် မောင်ဂိုမာရီလမ်း (ယခုအခေါ် ဗိုလ်ချုပ်အောင်ဆန်းလမ်း) နှင့် သုံးဆယ့်ရှစ်လမ်းထိပ်နားလောက်တွင် အခန်းငှား၍ ကြီးပွားရေးမဂ္ဂဇင်းတိုက် ဖွင့်ကာ သူကိုယ်တိုင်နေထိုင်လေသည်။ သူ့အိမ်သည် တက္ကသိုလ်ကျောင်းသား အချို့နှင့် တို့ဗမာအသင်းဝင် သခင်အချို့၏ စားတည်းချရာ ဖြစ်သည်။ ကျွန်တော်နှင့် သူငယ်ချင်း အချို့သည် မြို့ထဲ စုံ၍လာကြတိုင်း ရုပ်ရှင်အပြီး လည်ပတ်၍ အားရချိန် တွင် သူ့အိမ်၌ ဝင်၍နားကြသည်။

www.myanmarcupid.net

ထိုအချိန်အခါလောက်မှာပင် ကိုလှသည် ဒေါ်အမာနှင့် အိမ်ထောင် ကျသည်။ ကျွန်တော် မှတ်မိသလောက်မှာ ဒေါ်အမာက တက္ကသိုလ် သပိတ်မှောက် ရာတွင် နာမည်ကျော်လာသည်။ ထိုအခိုက်မှာ မောရစ် ကောလစ်၏ Trails in Burma စာအုပ်ကို မြန်မာပြန်သည်။ ကိုလှက ကြီးပွားရေးပုံနှိပ်တိုက်မှ ထုတ်ဝေသည်။ ကိုလှသည် အမြဲတမ်း မျက်နှာချိုသည်။ စကားချိုသာသည်။ သူဒေါသဖြစ်တာ တခါမျှမတွေ့ဖူးပါ။ သူ့အကြောင်းပြန်၍ တွေးသောအခါ မှတ်မိပါသေးသည်။ တခါက သူ၏ အမြဲတမ်းကြည်လင်သော မျက်နှာသည် အနည်းငယ် တင်းသွားသည်။ အကြောင်းက သည်လိုပါ။

ဒေါ်အမာ၏ စာအုပ်ကို ကျွန်တော်က ဂန္ထလောကမဂ္ဂဇင်းတွင် ဝေဖန်စာ ရေးလိုက်သည်။ ကျွန်တော့် ဆောင်းပါးထဲတွင် "မအမာ၏ ဘာသာပြန်သည် လွန်စွာ ဖတ်ပျော်ပေသည်" ဟူသော သဘော သက်ရောက်သော ဝါကျတခု ပါသွားသည်။ ကျွန်တော်က Readable ဟူသော အင်္ဂလိပ်ဝေါဟာရကို "ဖတ်ပျော်သည်"ဟု မြန်မာလိုပြန်၍ သုံးလိုက်ခြင်းဖြစ်သည်။ ကျွန်တော့် အဖို့မှာ ထိုစကားကို သုံးလိုက်ရသဖြင့် အတော်ကျေနပ်နေမိပါသည်။ အင်္ဂလိပ်အယူအဆအရ Readable ဟူသော နာမဝိသေသနပုဒ်သည်



www.myanmarcupid.net

အလွန်သိမ်မွေ့သော ချီးကျူးစကားဖြစ်သည်။ ကိုလှနှင့်တွေ့ယင် သူကျေနပ် မှာပဲဟုထင်မိပါသည်။ ကျွန်တော့မဂ္ဂဇင်း ထွက်ပြီး နောက်တရက်၊ နှစ်ရက်လောက်အကြာတွင် သူ့အိမ်ရောက် သွားလေရာ ကျွန်တော်ရှေ့က ဆိုခဲ့သော မကြုံစဖူး သူ့မျက်နှာ ခပ်တင်းတင်းကို ကြုံတွေ့ရပါတော့သည်။ ကျွန်တော် ရောက်လျှင်ရောက်ချင်း သူက "ကိုအုန်းဖေ – ခင်ဗျားက ဘာလို့ ဖတ်ပျော်သားပဲလို့ ရေးရတာလဲ" ဟု မေးလိုက်သည်။

"ဟုတ်တယ်၊ ဖတ်လို့ အဆင်ပြေတယ်၊ ဘာသာပြန်သာ ဆိုတယ်၊ ဘာသာပြန်နဲ့ မတူပဲ အဆင် ပြေတယ်၊ ဖတ်ရတာ ပျော်စရာပဲဆိုတဲ့ သဘောပေါ့"

"ခင်ဗျားက ဖတ်ပျော်သားပဲဆိုတော့ ချီးမွမ်းတာမဟုတ်ဘူး၊ တော်သလို လျော်သလို ပြောတာမျိုး ဖြစ်နေတာပေါ့။ ဝေဖန်ရေးဆရာက အပေါ်စီးနဲ့ စီရင်ချက်ချလိုက်သလိုပဲ"။

ကျွန်တော်ကအားရပါးရရယ်ပြီးလျှင် "ကျွန်တော်က အင်္ဂလိပ်လို Readable ကို မြန်မာလို တိုက်ရိုက်ပြန်ထည့်လိုက်တာဗျို့၊ စတိုင်ကျကျ ချီးမွမ်းလိုက်တာပါ" ဟုပြောတော့ သူက ပြုံးပြီး "မဟုတ်သေးပါဘူး၊ မြန်မာက ဖတ်ပျော်သားပဲဆိုတာ ချီးမွမ်းတာမဟုတ်ဘူး။ သက်ဆိုင်သူက အောင့်သက် သက်ဖြစ်မှာပေါ့" ဟု ဆိုသည်။

www.myanmarcupid.net

"ဒီလိုဆိုယင် ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ အင်္ဂလိပ်လိုတွေးပြီး မြန်မာလိုရေးမိတာ ကျွန်တော့ အမှားပါ။ ကျွန်တော်က ဖတ်လို့ ကောင်းတယ်လို့ ဆိုလိုတာပါ"

ထို့နောက် ကျွန်တော်တို့သည် သုံးဆယ့်ခုနစ်လမ်းထိပ်က 'မုန့်လင်မယား' ပူပူနွေးနွေးကို စားကြသည် (မုန့်အုပ်ကလေးကို ကျွန်တော်တို့က မုန့်လင်မယားဟု ခေါ်ကြသည်)။

ထိုတကြိမ်မျှသာ ကိုလှ မျက်နှာပျက်သည်ကို မြင်ရဖူးသည်။ နောက် သူက ဒေါ်အမာနှင့် အိမ်ထောင် ကျပြီးနောက် မန္တလေးသို့ ပြောင်း၍ 'လူထု'သတင်းစာကို တည်ထောင်သည်။ ထိုမှသည် သူ့ကို ကြီးပွားရေး ဦးလှဟု မခေါ်ကြတော့ပဲ 'လူထုဦးလှ'ဟု ခေါ်ကြသည်။ နောက် ကျွန်တော်နှင့် ကျွန်တော့ဇနီးတို့ အမြဲတမ်း သူ နှင့်ဒေါ်အမာကို သတိရနေသော အကြောင်းအချက်တခု ရှိပါသေးသည်။ ကျွန်တော်တို့၏ မင်္ဂလာသတင်းကို သတင်းစာတွင် တွေ့ပြီးနောက် မကြာမီပင် ကိုလှ၏ တိုက်တွန်းချက်အရ ဒေါ်အမာက တရုတ်ဝတ္ထုကလေး တပုဒ်ကို မြန်မာပြန်ပြီးလျှင် ကျွန်တော်တို့အတွက် မင်္ဂလာလက်ဆောင်အဖြစ် ကြီးပွားရေးမဂ္ဂဇင်းတွင်ထည့်ပေးလေသည်။

ထိုဝတ္ထုတိုလေး၏ဇာတ်လမ်းသည် ကျွန်တော်တို့အကြောင်းနှင့် ဆင်တူသည်ဟု ကိုလှက ဆိုသည်။ ပုံနှိပ်အချပ်ပိုရိုက်ပြီးလှင်



www.myanmarcupid.net

အဖုံးဖုံးပြီးလျှင် သူတို့ဇနီးမောင်နှံ လက်မှတ်ထိုး၍ ပို့လိုက်လေသည်။ ထို ဘာသာပြန် ဝတ္ထုတို၏ (မြန်မာပြန်) ခေါင်းစဉ်သည် 'နှမအထွေး–စူ' ဖြစ်သည်။ ကြီးပွားရေးမဂ္ဂဇင်း ၁၉၄၁–ခု၊ မတ်လထုတ် စာစောင်တွင်ပါသည်။ မူရင်း ဝတ္ထုရေးသူသည် မဒမ်ချန်ကေရှိတ်ဖြစ်သည်။ မဂ္ဂဇင်း စာမျက်နှာ ရှစ်မျက်နှာရှိသည်။ ဝတ္ထုဆုံးပြီးနောက် စာမျက်နှာ၏ အောက်ပိုင်းတွင် အောက်ပါအတိုင်း ရေးထားသည်။

*ကိုတက်တိုး နှင့် မနုယဉ်တို့သို့*

*၁၃၀၂–ခု၊ တပေါင်းလဆန်း ၁ ရက်နေ့ နံနက် ၈– နာရီအချိန်တွင် မြန်မာ့အလင်း သတင်းစာသည် ကျွန်ုပ်တို့ထံသို့ ရောက်၏။ ထိုသတင်းစာတွင် စာရေးဆရာ 'ကိုတက်တိုး' နှင့် ကဗျာစာဆို မနုယဉ်တို့၏ စေ့စပ်ကြောင်းလမ်းကြောင်း မင်္ဂလာသတင်းကို ဝမ်းမြောက်စွာ ဖတ်ရှုရ၏။ ဖတ်ရှုသည်၏ အဆုံးတွင် လက်ဖွဲ့ ရန်ခပ်ဆန်းဆန်းကို စဉ်းစား၏။ စဉ်းစားပြီးသောအခါ မဒန်ချန်ကေရှိတ် ရေးသားထားသော ဤဝတ္ထုတိုကလေး ကို ဘာသာပြန်ဆိုကာ လက်ဖွဲ့ရလျှင် ကောင်းမည်ဟု ဆုံးဖြတ်မိသည့်အတိုင်း မအမာအား ဘာသာပြန်ဆိုရန် တောင်းပန် ရပါသည်။ ဘာသာပြန်ဆိုသူမှာ ဆွမ်းချက်၊ ဆွမ်းလောင်း၊ အိမ်ထောင်အလုပ်၊ ဈေးဝယ်ရှုပ်သော*

www.myanmarcupid.net

*ဆိုင်အလုပ်များကြောင့် တနေ့နှင့်တညခန့် ကြာပါ၏။ အကြံပေးသူ ကျွန်ုပ်မှာကား ဟေးလား၀ါးလားနှင့် စကားတခွန်း၊၂–ခွန်း ရယ်မောပြောဆိုကာ အကြံပေးခြင်းဖြင့် ပြီးပါသည်။*

*ဤဘာသာပြန်ဝတ္ထုလေးကို လက်ဖွဲ့သော ကျွန်ုပ်တို့သည် ဤသို့ပြုမှုခြင်းဖြင့် ၂–ဘက်သော လူကြီး မိဘတို့အားလည်းကောင်း၊ သတို့သမီး သတို့သားတို့အား လည်းကောင်း မတော်တဆ မရှိမသေ ပြုမိသည် ဖြစ်ပါလျှင် ခွင့်လွှတ်ရန် တောင်းပန်ပါသည်။*

*အယ်ဒီတာ*

နောက် တဆယ့်ကိုးနှစ်ကြာသောအခါ....

ထိုဘာသာပြန် ဝတ္ထုရိုက်ပြီး ဖောင်ပြတ်စာရွက်များနှင့်အတူ ကိုလှက ကျွန်တော့်ထံသို့ အောက်ပါ စာကို ရေးပေးလိုက်ပါသည်။

*၁၈၊၁၊၆၀*

*ကိုတက်တိုးခင်ဗျား....*

*စာကိုရပါသည်။ ကျွန်တော်တို့ရဲ့ မင်္ဂလာလက်ဆောင် စာကော်ပီလဲ ပို့လိုက်ပါသည်။ ခေါက်ရိုးမကျိုး စေလို၍*

www.myanmarcupid.net

*မပို့ပဲထားခဲ့ပါသည်။ ယခုတိုက်ခွဲသို့ပို့ပြီး ကိုတက်တိုးတို့ဆီ တဆင့်ပို့ခိုင်းရပါသည်။ မတ်လထုတ် ရှုမဝတွင်ပါရန် ကောင်းစွာ အချိန်မီလိမ့်မည်ဟု ထင်ပါသည်။ မေတ္တာပို့သပါ၏။ ရန်ကုန်ကို ကျွန်တော် ရောက်ရောက်ချင်းလာပါဦးမည်။*

*မောင်လှ*

၁၉၄၁–ခုနှစ်က ကြီးပွားရေး မဂ္ဂဇင်းတွင် ပါလာသော ထိုဘာသာပြန် ဝတ္ထုတိုကလေးကို သီးသန့် ဖောင်ဖြတ်မပေးပဲ မဂ္ဂဇင်းလိုက် ပို့လိုက်ပါ သည်။ ထိုမဂ္ဂဇင်းစာအုပ်သည် စစ်အတွင်းက ပျောက်ဆုံးခဲ့သည်။ နောက် တဆယ့်ကိုးနှစ်အကြာ ၁၉၆၀–ခုတွင် ကျွန်တော်သည် 'အညတရ ဘဝရှုခင်း' ဆောင်းပါးများကို ရှုမဝ မဂ္ဂဇင်း၌ အပတ်စဉ်ရေးထည့်နေခိုက် ကျွန်တော်တို့ အိမ်ထောင်ကျသည့် အကြောင်းကို ရေးမည်ပြုရာ ကိုလှ မအေမာတို့၏ ထူးခြားသော မင်္ဂလာလက်ဆောင်ကို သတိရကြသည်။ ထို့ကြောင့် ကိုလှထံသို့ ထိုမဂ္ဂဇင်းစာအုပ် ရှိသေးလျှင် ရှုမဝတဲ ထည့်ရန် မအေမာ၏ ဘာသာပြန်ဝတ္ထုတို စာမူကို ကူးယူလိုပါသည်။ ရှာပေးပါဟု စာရေး တောင်းပန်လိုက်ရာ ကိုလှက နေ့စွဲ ၅–၁–၆၀နှင့် စာတိုကလေးတစောင် ရေးပေးလိုက်ပါသည်။ ထိုစာ၏ မူရင်းမှာ....

www.myanmarcupid.net

*နေ့စွဲ ၅၊၁၊၆၀*

*ကိုတက်တိုး–မနုယဉ်*

*တွေ့ဆုံနှုတ်ဆက်ခြင်း မပြုနိုင်ပဲ ကျွန်တော်ပြန်ခဲ့ရပါသည်။*

*ကိုတက်တိုးနှင့် မနုယဉ်တို့ အိမ်ထောင် ပြုကြစဉ်က*

*မင်္ဂလာလက်ဆောင်အဖြစ် ဒေါ်အမာ ဘာသာပြန်*

*ရေးသားသည့် ကော်ပီတခု ရှိပါပြီ။ ကျွန်တော်*

*ရန်ကုန်လာတော့ ယူခဲ့ပါမည်။*

*မင်္ဂလာပြန်ဆောင်ချင် ဆောင်ကြပါ။ မေတ္တာပို့သပါ၏။*

*မောင်လှ*

နောက်နှစ်ပတ်လောက် အကြာတွင် ဘာသာပြန် စာမူကော်ပီကို ရှေ့မှ ဆိုခဲ့သည့်အတိုင်း သူ့စာနှင့် အတူ ရှိပါသည်။ ရှေ့မှာ ဖော်ပြသော သူ့စာမှာ သူ့လက်ရေးနှင့် မူရင်းအတိုင်း သိမ်းထားပါသည်။ မအမာ၏ စာမူကော်ပီ (မဂ္ဂဇင်းဖောင်ဖြတ်စာရွက်များ)ကို အဖုံးဖုံး၍ ကျွန်တော်တို့ စည့်ခန်း စာအုပ်ဘီဒိုတွင် ထောင်၍ပြထားပါသည်။ မဂ္ဂဇင်းစာရွက်တို့သည် အနှစ်လေးဆယ်ကျော် ကြာပြီဖြစ်သဖြင့် ဝါ၍ ဆွေးနေလေပြီ။ ကိုင်လျှင် ခပ်ရွရွကိုင်ရသည်။ ကျွန်တော်တို့သည်လည်း သက်ကြီးရွယ်အိုဘဝသို့ ရောက်နေလေပြီ။ ကိုလှတော့ မရှိတော့ပါ။

တက်တိုး



www.myanmarcupid.net



# ဦးလှရဲ့စာအုပ်လက်ဆောင်

## ဖွဲ့ဦးထွန်းရှိန်

*ကြေငြာပုံသဘောကတော့ (အတိအကျတော့ မမှတ်မိဘူး)*
*“မန္တလေးကြီးပွားရေး ဦးလှ–ဒေါ်အမာတို့က*
*မေတ္တာလက်ဆောင် ပေးပို့သော စာအုပ်သစ်များ လာယူပါရန်*
*မေတ္တာရပ်ခံပါသည်။ ဖွဲ့စာပေ ရိုပ်မြုံ ကန်တော်ကြီး”*
*လို့ဖြစ်ပါတယ်။ အမည်တွေကတော့ အပေါ်ဘက်က*
*ရေးတဲ့ပုဂ္ဂိုလ်အားလုံး ထည့်လိုက်တယ်။*

www.myanmarcupid.net

ဖွဲ့ဦးလေးရေးမှာကတော့..

ကြီးပွားရေးဦးလှစာအုပ် မေတ္တာလက်ဆောင်ပေးတဲ့အကြောင်းပါ။ စာအုပ်မေတ္တာလက်ဆောင်ပေးတာများဘာများဆန်းဆန်းပြားပြား ရှိလို့လဲ မေးစရာရှိပါတယ်။ဦးလှကဆန်းလိုက်တာမှ၊ ထူးလိုက်တာမှ ဒီလိုလေ။ စာအုပ်စာတန်းများအလွန်ရှားပါးသောကာလဖြစ်တဲ့ ဒုတိယကမ္ဘာစစ်ကြီးမြန်မာပြည် ရောက်စအချိန်မှာဆိုတော့ ထူးလဲထူး၊ ဆန်းလဲဆန်းတာပေါ့။ စစ်ဖြစ်နေပြီကိုး။ ၁၉၄၂–ခုနှစ်မှာဂျပန်များ မြန်မာပြည်ကို စပြီးဗုံးချတယ်ဆိုယင်ပဲမြန်မာတပြည်လုံးဟာဗရုတ်သုတ်ခဖြစ်ကုန်ကြတာပဲ။ အလုပ်အကိုင်တွေ ရပ်ဆိုင်းကုန်ပြီး ဟိုပြောင်းဒီရွှေ့ဖြစ်ကုန်ကြတယ်။ တနေ့ထက်တနေ့စစ်ကလဲကြမ်းရမ်းလာတော့ တချို့များ အကြောက်လွန်ပြီးရှိပစ္စည်းတွေကို စနစ်တကျ ထားသိုသိမ်းဆည်းမှု မပြုနိုင်ပဲ၊ နီးစပ်ရာဒေသ များသို့ ပြောင်းရွှေ့ပြီးစစ်ပြေးတွေဖြစ်ကုန်ကြတယ်။ မြို့သားတွေဆိုလျှင် စစ်မပြေးဖူးတဲ့လူမရှိကြပါဘူး။ အဲဒီလောက်ကြောက်စရာကောင်းတဲ့စစ်ကြီးပါပဲ။ အဲဒီလို စစ်ဖြစ်တော့စာအုပ်စာပေမပြောနဲ့ အားလုံးပဲရှားပါးပစ္စည်း ဖြစ်ကုန်တယ်။

www.myanmarcupid.net

ဒါဓမ္မတာပဲပေါ့။ စစ်ဒဏ်ပေါ့။ ကိုယ်တိုင် ခံစားဖူးတဲ့ ၅၀ ကျော်အသက်ရှိသူတွေ သိကြပါတယ်။

ဦးလှက မန္တလေးမှာပဲ မိမိပိုင်ကြီးပွားရေးစာအုပ်တိုက်မှာ မရမက စက္ကူရှာ၊ ရရာစက္ကူအမျိုးမျိုးနဲ့ စာအုပ်တွေ ရိုက်တယ်။ ရန်ကုန်ရှိတဲ့ မိတ်ကောင်း ဆွေကောင်းတွေမှ တဆင့် ရရာစက္ကူကို ရယူပါတယ်။ စက္ကူ ကတော့ မီးခြစ်ထုတ်တဲ့ စက္ကူ၊ ပါဆယ်ထုတ်တဲ့ စက္ကူ၊ ပိုစတာလုပ်တဲ့ စက္ကူ၊ ရှုံးသုံးပြီး တဘက်လွတ် ဖူးစကက်စက္ကူ၊ (ထိုစက္ကူကတော့ ဖောက်ထွင်း စက္ကူများပေါ့၊) အမျိုးမျိုးကိုဖြစ်သလိုနည်းနဲ့ စာအုပ်ဖြစ်အောင် ရိုက်ပါတယ်။ ဦးလှလိုပဲ ရန်ကုန်မှာ ဇွဲစာပေရိပ်မြုံကလဲ ရရာစက္ကူနဲ့ စာအုပ်ထုတ်ဝေ ကြပါတယ်။ ခက်ခက်ခဲခဲ စစ်အတွင်းကာလမှာ ထုတ်ဝေကြတဲ့၊ ရှားပါးတဲ့ စာအုပ်များကို ကြီးပွားရေးဦးလှဟာ မေတ္တာလက်ဆောင် အဖြစ် သွက်သွက်လက်လက်ကြီး ပေးပါတယ်။

ဦးလှစာအုပ်များကို

ဈေးကွက်မတင်ခင်ပဲမေတ္တာလက်ဆောင်ပေးမယ့် ပုဂ္ဂိုလ်ရဲ့ လိပ်စာအပြည့်အစုံ ရေးပြီးမောင်လှဆိုပြီး လက်မှတ်ထိုးလျက်ပေးတယ်။ ရန်ကုန်မြို့အတွက် မေတ္တာလက်ဆောင်စာအုပ်များကို ကျွန်တော်တို့ ဇွဲစာပေ ရိပ်မြုံကို ရောက်တဲ့နည်းနဲ့ စုပြီး ပို့လိုက်ပါတယ်။



www.myanmarcupid.net

"ရောက်တဲ့နည်းနဲ့" ဆိုရတာက ရထားလမ်း၊ ကားလမ်းတို့ဟာ အပိုင်းပိုင်းပြတ်နေလို့ ကုတို့နဲ့ ကူးရတဲ့နေရာ၊ ခြေလျင်ကူးပြီး၊ ပြောင်းပြီးစီးရတဲ့သယ်ရတဲ့နေရာတွေ ရှိလို့ပါ။ ခက်ခက်ခဲခဲနဲ့ ၄ရက် ၅ရက် ကြာပါတယ်။ တံတားကြီးမှန်သမျှ ချိုးဖျက်ထားတယ်။ ဖွဲ့စာပေရိပ်မြုံကလဲ စစ်ပြေးတို့မြို့တော် ကန်တော်ကြီး တဝိုက် ယခုမိုးကုတ်ရိပ်သာနားမှာ ဗဟန်းဘက်နဲ့ တိရစ္ဆာန်ရုံပေါက်အထိ အိမ်ထောင်ပေါင်း ၂၀၀၀ကျော်နဲ့အတူနေပြီး စာအုပ်ဆိုင်ဖွင့်ပါတယ်။ ဆိုင်နေရာ မြေပဒေသာကျွန်း ဓာတ်မြေသြဇာဆိုင် နေရာတဲ့တဲ့။ ယခင်နေသူရိန်ရုံ ပေါက်ပေါ့။ အဲဒီအချိန်မှာတော့ ဒီနေရာ ဟာ ဘူမိနက်သန်မှန်ပြီး သုနက္ခတ္တံ သုမင်္ဂလံပါပဲ။ ရောင်းလို့ကောင်း၊ ဝယ်လို့ကောင်း၊ လမ်းဆုံလမ်းခွ၊ မြို့တော်ဗဟိုချက်မပါပဲ။ ဗဟန်းဘက် ငါးထပ်ကြီး၊ ၆ထပ်ကြီး၊ ဂျမား၊ တာဝါလိန်း၊ ရေတာရှည်၊ ရွှေဂုံတိုင်၊ ဂိုလဒင်းဘယ်လီတဝိုက်မှာ ရုံးအသီးသီးပါပြောင်းရွှေ့နေထိုင်ကြပါတယ်။ အထူးသဖြင့် နေ့စဉ်သတင်းစာ တိုက်ကြီး ၂ တိုက်ဖြစ်တဲ့ သူရိယနဲ့ မြန်မာ့အလင်းလဲ ဒီတဝိုက်မှာပဲ။ ဂျပန့်အော်သံဗမာ့ခေတ်ကလဲ ဒီတဝိုက် မှာပဲ။ ဂျပန်လိုသတင်းစာတိုက်လဲ ဒီမှာပဲ။ စာသမား ပေသမား အနုပညာရှင်အပေါင်းတို့ဟာ ဖွဲ့စာပေရိပ်မြုံ ကိုပဲ

www.myanmarcupid.net

အားပေးချီးမြှောက်ကြပါတယ်။ တဆိတ်တပေါက် ဆိုဆုံးမကြပါတယ်။ မိတ်သစ်မိတ်ဟောင်းနှင့်တကွ အာရှလူငယ် အစည်းအရုံး (နောက်ဖဆပလ) ဌာနချုပ်ကလဲ ဒီနားဆိုတော့ဘာကိုပဲဖြန့်ချိဖြန့်ချိ အလွယ်တကူ ဖြန့်လို့ ရပါတယ်။ နေသူရိန်၊ ကန်တော်မိတ်၊ ကန်တော်မင်္ဂလာ၊ ရန်ကုန်ရုပ်ရှင်၊ မြိုင်ရုံတို့ကလဲ ဒီကန်တော်ကြီး မှာပဲမို့ ကြက်ပျံမကျ စည်ကားတယ်လို့ ခေါ်ပါစို့။ ဇာတ်လိုက်ဇာတ်ဆောင်ဒါရိုက်တာ၊ စာရေးဆရာများလဲ စုံလင်လှ ပါတယ်။ ၄ဆူဇာတ်ပုံ (သံ–ဂုံ–ပ–မ) ရွှေတိဂုံထီးရိပ်အောက်မှာ စည်ကား လှပါတယ်။ အထူးကျေးဇူးတင် ဖွယ်တရပ်ကတော့ ကာယဗလဦးရှိန်တို့ အဖွဲ့ ပါပဲ။မြူနီစပယ်အခွန်တော် အရာရှိလုပ်နေတော့ အရပ်တကာရောက်တဲ့အတွက် စာအုပ်ကောင်းတွေ ဈေးချိုချိုနဲ့ ရှာဖွေပေးပါတယ်။ ရှားပါးလှသော စာအုပ်များ ပါဝင်ပါတယ်။ စာစုံတော့ မိတ်ဆွေစုံလာပါတယ်။

မန္တလေးမှ ကြီးပွားရေးဦးလှကစာအုပ်ပို့ယင် ရောင်းချရန် စာအုပ် အသစ်ထုပ်များ၊ မေတ္တာလက်ဆောင် စာအုပ်များ ခွဲခြားပြီး ပို့ပါတယ်။ ကျွန်တော်တို့ကလဲ ဂျပန်ခေတ်ဖြစ်၊ ဆော်လစ်တာယာ စက်ဘီးနဲ့ ဦးလှ အပို့ခိုင်းရာ မြို့လုံးပတ်လည် လိုက်လံပို့ပေးပါတယ်။ ပထမအချီ ၃ရက်



www.myanmarcupid.net

လောက်ပို့ရာမှာ ပုဇွန်တောင်၊ ရေကျော်၊ လမ်းမတော်၊ အလုံ၊ ကြည့်မြင်တိုင်၊ ရွှေဂုံတိုင်၊ ဗဟန်း ပတ်ဝန်းကျင် စုံလို့။ မှတ်မိသမျှမှာ ပန်းချီဦးအုန်းလွင်၊ ပန်းချီမောင်မောင်မြ၊ ပန်းချီဦးလှဘော်၊ ပန်းချီဦးဘလုံ၊ ကာတွန်းဦးဘဂျမ်း၊ ဦးရန်အောင်၊ သူရိယဦးသိန်းမောင်၊ ဦးဟိန်စွန်း၊ သူရိယအပေါင်းအသင်း၊ ဂျာနယ်ကျော်ဦးချစ်မောင် နှင့် မြန်မာ့အလင်း အပေါင်းအသင်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဆရာဥာဏ၊ ဆရာဇေယျ၊ ဦးထွန်းဖေ နှင့် ဗမာ့ခေတ်သတင်းစာ အသိုင်းအဝိုင်းပုဂ္ဂိုလ်များ၊ သခင်ထွန်းအုပ်၊ ဘကြီး ဘဖေ၊ ဝတ်လုံဦးသိမ်းမောင်ကြီး၊ ဦးတင့်ဆွေ၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ဦးဘဂျမ်း၊ သခင်သန်းထွန်း၊ မဟာဆွေ၊ ဇဝန၊ သုခ၊ ရဲထွဋ်၊ မင်းဆွေ၊ မြို့မအုန်း၊ ဒဂုံ ဆရာတင်၊ ဒီးဒုတ်ဦးဘချို၊ စိန်မင်းသား၊ မေမြို့မောင်၊ မြဒေါင်းညို၊ ဒဂုံရွှေမျှား၊ ဒေါ်ရီရီကြိန်၊ ဒေါ်အုံး၊ ဒေါ်သင်းကြည်၊ ခင်မျိုးချစ်နှင့် ၂၀၀ကျော်ကျော် လောက်ရှိပါတယ်။ ဒီလိုလျှောက်ပေးနေရတဲ့ အတွက် စက်ဘီးကုန်းပေါက်ပြီးပေါင်တွေကွနေလို့ လမ်းကောင်းကောင်း မလျှောက်နိုင်တော့ပဲ ဖြစ်ရတယ်။ ဒါနဲ့ဇဝနက “ ကိုယ့်လူ ဘာဖြစ်နေတာလဲ ” တဲ့။ “ဦးလှ မေတ္တာလက်ဆောင်တွေ လိုက်ပို့ရလို့ စက်ဘီးကဆောလစ်၊ လမ်းတွေကဖုံးကျင်းတွေ၊ စပလင်တာတွေ မှန်ထားတော့ လမ်းကြမ်းတွေ

www.myanmarcupid.net

အတော့်ကိုပန်းတယ်” လို့ ညည်းတော့ သတင်းစာထဲ ကြော်ငြာထည့်ပေး လိုက်ယင် လာယူမှာပေါ့တဲ့။ ဆရာဇဝန အကြံပေးချက်ကို ဆရာမဟာဆွေက “ကိုထွန်းရှိန်၊ ဒီဇဝနက အကြံဉာဏ်ပေးတော့ အလွန်မြန်တယ်ဗျ၊ ဒါ့ကြောင့် ဇဝနလျင်မြန်ခြင်းလို့ မှည့်ထားတာပေါ့” လို့ပြောတယ်။ ဒီအကြံ ပေးချက်အတိုင်း သူရိယနှင့်မြန်မာ့အလင်းမှာ ၃လက်မစီလောက် ကြော်ငြာ ထည့်လိုက်တယ်။ နာမည်တွေ ပြွတ်သိတ်စီထည့် လိုက်တယ်။ တလက်မမှ နှစ်ကျပ်တမတ်ကျပါတယ်။ ကြော်ငြာပုံသဘောကတော့ (အတိအကျတော့ မမှတ်မိဘူး) “မန္တလေးကြီးပွားရေး ဦးလှ– ဒေါ်အမာတို့က မေတ္တာလက်ဆောင် ပေးပို့သော စာအုပ်သစ်များ လာယူပါရန် မေတ္တာရပ်ခံပါသည်။ ဖွဲ့စာပေ ရိပ်မြုံ ကန်တော်ကြီး” လို့ဖြစ်ပါတယ်။ အမည်တွေကတော့ အပေါ်ဘက်က ရေးတဲ့ပုဂ္ဂိုလ်အားလုံး ထည့်လိုက်တယ်။ နောက်တနေ့ကျတော့ အစောကြီး ဆိုင်ဖွင့်စမှာပဲ မေတ္တာလက်ဆောင် လာယူကြပါတယ်။ စောစောယူမှလဲ စိတ်ချရတဲ့ အခါပါ။ နေမြင့်ပြီဆိုလျှင် ရန်သူလေယာဉ်နှင့်ဆုံက (ရှယ်လဒါ) ဗုံးခိုကျင်းတွေ ရှာရတာ တခက်ကိုး။ ပထမဆုံးလာယူတာက ဘကြီးဘဖေပဲ။ “ဒီကြော်ငြာထည့်တာကောင်းသကွဲ့၊ မောင်ရင်တို့လိုက်ပို့ရတာ

www.myanmarcupid.net

ပင်ပန်း လှတယ်”တဲ့။ အားပေးတယ်။ တအောင့်ကြာတော့ ဦးသိမ်းမောင်ကြီးက ကားနဲ့လာယူတယ်။ တက္ကသိုလ်နေဝင်းနဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့က ရုံးအတက် မှာ လာယူပါတယ်။ လာနေကျပုဂ္ဂိုလ်တွေကတော့ နေ့ခင်းနေ့လယ် လာယူပါတယ်။ ကာယဗလဦးနေဝင်းကလဲဖွဲ့မှာပဲ နေတယ်။ ဆရာ ရဲထွန်းလင်းက အသိမိတ်ဆွေပေါတဲ့ လူချစ်လူခင်များတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ သူကထိုင်ပြီး မေတ္တာလက်ဆောင် ရွေးပါတယ်။ တခမ်းတနား မေတ္တာလက်ဆောင်ပေးပွဲပေါ့။ ပေးတဲ့စာအုပ်တွေကစန္ဒမာလာ၊ ရွှံ့နှင့်စစ်သား၊ ပန်းနဲ့စစ်သား ကစ၍ ဆရာကြီး ရွှေဥဒေါင်း စာအုပ်စသည် အများကြီးပဲ။ ကျွန်တော်တို့ဖွဲ့ကလဲ ခက်ရာခက်ဆစ် ရုံးသုံး တဘက်လွတ်တွေနဲ့ စာအုပ်ရိုက် ပါတယ်။ ၇–အုပ်လောက် ရှိတယ်။ သုခ ချစ်ရဲဘော်၊ ရဲထွန်းလင်း ခါနွေဦး၊ မာလာ ၂– ထပ်ဆလံ၊ မဟာဆွေ၏မကြောက်တရား၊ ညီလာခံသဘင် စသည်ပေါ့။ မေတ္တာလက်ဆောင်အဖြစ်နဲ့ စာရေးဆရာကိုပဲ အုပ်နှစ်ဆယ့်ငါး လောက် ပေးလိုက်တာပါပဲ။ စာအုပ်ဖြစ်အောင် ရိုက်ဖို့ရာမှာ စက္ကူစုဆောင်း ရတယ်။ ခဲခဲယဉ်းယဉ်းရိုက်ရတော့ ဖူးစကတ် ၁၆–ချိုးဆိုက် တဘက်ပဲ ရိုက်ရတယ်။ တဘက်အကြမ်းကို အတွင်းကထားခေါက်ရတယ်။ ဓားမဖြတ် ရဘူး။ ချုပ်ပြီးမှ အနှောင့်နဲ့အောက်ကို ဖြတ်ရတယ်။ စစ်တွင်း

www.myanmarcupid.net

စာအုပ်ရိုက်ပုံ ပေါ့။ ဒါကြောင့် ဦးလှလို မေတ္တာလက်ဆောင် မပေးရက်ပါဘူး။ ကြီးပွားရေးဦးလှဟာ ခပ်ငယ်ငယ်က လူငယ်များ ကြီးပွားရေးအသင်းဝင်၊ အသင်းစတင်တည် ထောင်သူ တဦးဖြစ်တဲ့အတိုင်း စိတ်ဓာတ်ကြံ့ခိုင် တောင့်တင်းကျန်းမာရေး၊

ပရဟိတပြည်သူ့နီတိအပြည့်အဝရှိရေး၊ ဉာဏ်ပညာ တိုးတက် ပြည့်ဖြိုးရေးဆိုတဲ့ ဗလငါးတန် စုဆောင်းလာခဲ့သူ၊ ကိုယ်တိုင်ကျင့်သူ ဖြစ်ခဲ့ပါတယ်။ လူငယ်များ ကြီးပွားရေး အသင်းသားတွေဟာ ကြီးပွားရေး ဦးသိန်း၊ ဦးဘဆိုင်၊ ဦးလှ၊ ဟံသာဝတီ ဦးဘခင်တို့ပေါ့။ ကျေးလက် တောရွာပြုပြင်ရေး၊ တိုးကြောင်ကလေး၊ သိမ်ချောင်းရွာကို စံပြကျေးလက် တောရွာ ပြုပြင်ရေး လုပ်ကြသေးတယ်။ ဗြဟ္မစရိယအဖွဲ့ ဆိုတာလဲ တကဏ္ဍရှိသေးတယ်။ (ကာမေသုမိစ္ဆာစာရကံ၊ အဗြဟ္မစရိယ သိက္ခာပုဒ်) ထိန်းသိမ်းတဲ့ အဖွဲ့ဆိုတာပေါ့။ ခေတ်အခါလိုက်လို့ တော်တော်အောင်မြင် ခဲ့ပါတယ်။ မန္တလေးမှာ အထိုင်ကျ သွားသော်လည်း ကြီးပွားရေးပုံနှိပ်တိုက်၊ ကြီးပွားရေးစာစောင်၊ ကြီးပွားရေးဦးလှ၊ ကြီးပွားရေးစာအုပ်ဆိုင် (ဈေးချိုနာရီစဉ်အနီး စီရုံ အပြင်ဘက်တန်းကိုပါထိုင်သည်၊ ယခု ဝင်းမော်ဦး ဦးတင်မောင်) စသည် အမည်နာမ တွင်ခဲ့ရာမှ ခေတ်အလျောက် ဦးလှနှင့် ဒေါ်အမာတို့ စိတ်တူကိုယ်တူ လူထု ဂျာနယ်နဲ့

www.myanmarcupid.net

သတင်းစာကို နောက်ပိုင်းမှာ ထုတ်ဝေဖြန့်ချိပါတယ်။ ဒီနောက်ပိုင်းမှာလဲ ဖွဲ့တိုက်ဟာ မန္တလေးနဲ့ အထက်မြန်မာပြည်အတွက် စခန်းသာ ဖြစ်ခဲ့ပါတယ်။ စစ်ကြီးပြီးခါစ ပြန်လည်ထူထောင်ယင်း လွတ်လပ်ရေး ကြိုးပမ်းချိန် အဟုန်ပြင်းစွာဖြင့် လူထုသတင်းစာကို ထုတ်ဝေဖြန့်ချိခဲ့သူများ ဖြစ်ကြတယ်ဆိုတာ အသိများပြီး ဖြစ်တယ်။ တပြည်လုံးအနေနှင့် ဆက်သွယ်မှု ကောင်းလာတဲ့ နောက်မှာ ဖွဲ့ကလဲ မန္တလေးဈေးချို အလယ် ပေါက်မှာ ဖွဲ့စာပေရပ်မြဲ ဆိုင်ခွဲဖွင့်တယ်။ ဦးလှတို့ကလဲ ရန်ကုန် ကုန်သည်လမ်းမှာ လူထုဆိုင်ခွဲ ဖွင့်ပါတယ်။ မေတ္တာလက်ဆောင် ပေးမှုကတော့ပေးမြဲပဲ။ ဒါပေမယ့် ဖွဲ့ကတဆင့် မပေးတော့ဘူး။ သူကိုယ်တိုင်တိုက်ရိုက် ပေးတယ်။ ဦးလှ မေတ္တာလက်ဆောင် ပေးနိုင်ရေးအတွက် ကူညီကြတဲ့ ရဲဘော်များကတော့ ကာတွန်း ဦးဟိန်စွန်း (ကြော်ငြာ ကိုယ်စားလှယ်နှင့် စက္ကူပွဲစား) စကော့ဈေးဝန်ထောက် ဦးအေးမောင်၊ ဖွဲ့ ဦးထွန်းရှိန်တို့ဟာ ဦးလှရဲ့ အချစ်တော် သွေးသောက်တွေပေါ့။ ယခုတော့ လူထုသီးလှဟာ လူထုထဲမှ ခွဲထွက်သွားတာ နှစ်ပါတ်လည် ကျော်သွားပါပြီ။ ကြီးပွားရေး ဦးလှ၊ လူထုဦးလှရဲ့ နူးညံ့ယဉ်ကျေးလှတဲ့ အပြုအမူ



www.myanmarcupid.net

အကျင့်ရှိတဲ့ ဦးလှနဲ့ ထိတွေ့ခဲ့ပုံ အတိတ်အကြောင်း စမြုံ့ပြန်လို့ နေမိဆဲပဲ။

ဦးလေးဖွဲ့–ဖွဲ့ဦးလေး

လူထုဂျာနယ် အမှတ် ၅ ရောက်ပြီ

အောက်ပါပုဂ္ဂိုလ်များ ဖွဲ့စာပေရိပ်မြုံသို့ ဦးလှ၏

မေတ္တာလက်ဆောင် လာယူကြပါရန်..

ဦးတင်၊ ဦးသန်းတင့်၊ ဦးထွန်းဖေ၊ ဦးအုန်းခင်၊ ဦးထွန်းစိန်၊

ဦးတင့်ဆွေ၊ ဦးဘချို၊ ဦးချစ်မောင်၊ ဦးဘခင်၊ ဦးစောဦး၊ ဇဝန၊

ဗိုလ်ချုပ်အောင်ဆန်း၊ မင်းသုဝဏ်၊ ဦးထင်ကြီး၊ ဦးမျိုးမင်း၊

ဇော်ဂျီ၊ ကိုဘဟိန်း၊ ကိုဘကိုး၊ အမ်ဘိုးချိန်၊ ဦးဇမောင်၊

ဗိုလ်သိန်းဝင်း၊ မဟာဆွေ၊ ဦးပုလေး၊ ဦးဘကလေး၊

ဦးအုန်းလွင်၊ ဦးဆန်နီ၊ ဦးဘဂျမ်း (ကာတွန်း)၊ ဦးဟိန်စွန်း၊

သခင်သန်းထွန်း၊ ရဲထွန်းလင်း၊ ဦးသိမ်းမောင်။

(မြန်မာ့အလင်းသတင်းစာ ၁၃၀၇–ခု၊ တော်သလင်းလဆုတ် ၂– ရက်၊ တနင်္ဂနွေနေ့ ၂၃–၉–၄၅)

*လူထုဦးလှ 'သတင်းစာများ ပြောပြတဲ့ စစ်ပြီးစ ဗမာပြည်' စာအုပ် စာမျက်နှာ ၁၈၉ မှ ပြန်လည်ဖော်ပြပါတယ်။*

www.myanmarcupid.net


ဒါရိုက်တာ မင်းသား ဆရာကြီးဘဘဦးသုခ

ကိုလှဟာ
စကားပြောကောင်းရုံမကဘူး။
အသံကပါ နူးညံ့ပျော့ပြောင်း
နားဝင်ပီယံဖြစ်စေတယ်။
စကားပြောယင် ပြုံးပြုံးချိုချို
ရှေးရှုပြီး ပြောလေတော့
ကျွန်တော်တို့လို
ဟောဟောဒိုင်းဒိုင်း
တက်ထောင် မောင်းနင်း ပြောတတ်တဲ့လူများနဲ့
ယှဉ်ကြည့်လိုက်တော့မှ ကျွန်တော့်စရိုက်က
အလွန်ကြမ်းနေတာကို ပိုပြီး ထင်ရှားနေပါတော့တယ်။
လူတဘက်သားကို အတိုက်အခံ ပြောတယ်လို့ကို မရှိပါဘူး၊
သာယာညှင်းပြောင်းစွာနဲ့ တဘက်သားက သူ့အလိုကို...

# သုခ ပြောတဲ့ ဦးလှ

**သုခ**

www.myanmarcupid.net

အခါတပါး မြတ်စွာဘုရားဟာ ရဟန်းတော်များ ခြံရံလျက် သံသုမာရဂီရိမြို့ကို ကြွသွားတယ်။ အဲဒီမှာ ဘုရားဖူးများစွာတို့အနက် နကုလပီတာနဲ့ နကုလမာတာဆိုတဲ့ သဌေးပုဏ္ဏားလင်မယားက ဗုဒ္ဓကိုယ်တော်အပါး ကို မရောက် ရောက်အောင် ကပ်လာပြီး "သားကြီးရယ်၊ သားကြီးရယ်..၊ အဖေ အမေတို့နဲ့ အခုမှတွေ့ရတယ်" လို့ ဝမ်းသာ ဝမ်းနည်း သက်နှန်းစကို ဆွဲကိုင်တော့မတတ် ပြောကြတယ်၊ ဗုဒ္ဓကြွလေရာနောက်ကိုလဲ တတန်းတန်း လိုက်ပါနေကြတယ်။ ဒါကို ပုထုဇဉ်ရဟန်းများက ကဲ့ရဲ့ ဝေဖန်ကြတယ်။ "အတုမရှိတဲ့ မြတ်စွာဘုရားမို့သာ အတင်းလိုက်နေကြတယ်"ပေါ့။ ဒီတော့ မြတ်စွာဘုရားက ပုထုဇဉ် ရဟန်းများကို တရားဟောရတယ်။ ပါဠိလိုကတော့..

"ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္န ဟိတေနဝါ။
ဧဝံ တံ့ ဇယတေ ပေမံ၊ ဥပ္ပလ္လံဝ ယထော ဒကေ"

မြန်မာလို အဓိပ္ပာယ်မှာ.. လူတဦးနဲ့တဦး မေတ္တာသက်ဝင် ချစ်ခင်လာကြတဲ့ အဖြစ်မျိုးဟာ ရေမှာကြာ ပေါက်သကဲ့သို့ ပေါ်ပေါက်လာတတ်ကြပါတယ်တဲ့။ အဲဒီလို ပေါ်ပေါက်ဖို့က အကြောင်းတရား နှစ်ပါး ရှိပါတယ်တဲ့။ ပထမ အကြောင်းက ရှေးအတိတ်ဘဝက ဆက်ဆံပေါင်းသင်း၊ မိတ်ရင်း ဆွေရင်း၊ သားချင်းမျိုးတွေ အကြိမ်ကြိမ် တော်ခဲ့ဖူး၍

www.myanmarcupid.net

ဖြစ်တတ်ပါတယ်တဲ့။ ဒုတိယ အကြောင်းက ယခုဘဝမှာလဲ တဦး၏ အကျိုးကို တဦး ကလိုလား၊ တဦးကို တဦးက လေးစား၊ ဝတ္တရားကိုယ်စီ ကျေပွန်ကြသော အကြောင်းကြောင့် ဖြစ်ပါသတဲ့။

အဲဒီနေရာမှာ သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် ဘုရားသခင်ရဲ့ အဆိုအမိန့်ဟာ အလွန်တိကျတာကို နက်နက်နဲနဲ ဆင်ခြင်ကြည့်မှ ပို၍သိရမှာ၊ ပို၍ကြည်ညိုရမှာ ဖြစ်ပါတယ်။ ရှေးအတိတ်ဘဝက မိဘ ဆွေမျိုး လင်မယားစသည် တော်စပ်ခဲ့ဖူး၍ ယခုဘဝမှာ လင်မယား သားအမိ သားအဖ အပေါင်းအသင်း မိတ်ဆွေရယ် လို့ ဖြစ်လာပြီဆိုပါတော့။ အဲဒီအကြောင်းတခုတည်းနဲ့ ခိုင်မြဲတဲ့ မေတ္တာမျိုး ပေါ်ပေါက်မလာ နိုင်သေးပါဘူး။ အသွင်မတူ အိမ်သူမဖြစ်တဲ့ လင်မယားမျိုး၊ ဆိုဆုံးမတာ မနာခံပဲ အမျိုးမျိုး စိတ်ဆင်းရဲအောင် လုပ်တတ်ကြတဲ့ သားသမီးမျိုး၊ ကိုယ်ကျိုးရှာပြီး ကိုယ်ကောင်းဖို့သာ လိပ်လိုယက်တတ်ကြတဲ့ အပေါင်းအသင်း မိတ်ဆွေ အတုမျိုး။ အဲသလို အဲသလို ကြုံတွေ့ရတာမျိုး ဆိုယင် အတိတ်ကကံကြောင့် ယခုဘဝမှာ လာတွေ့ကြရတာဟာ အကျိုးမနှပ်သေးပါဘူး။ ဒါ့ကြောင့်..

"ပစ္စုပ္ပန္န ဟိတေန ဝါ" ယခုဘဝမှာ တဦးရဲ့ကောင်းကျိုး တဦးက လိုလားခြင်းဆိုတဲ့ မေတ္တာစေတနာ မျိုးလဲ

www.myanmarcupid.net

အရေးကြီးကြောင်း ပေါင်းစပ်ပြီး ဟောတော်မူတာကို သိသာနိုင်ပါတယ်။

ကိုလှကို စတွေ့တာ အတန်ကြီး ကြာခဲ့ပါပြီ။ ၁၉၃၃– ခုနှစ်လောက်က ရန်ကုန်မြို့ ရွှေတောင်တန်းမှာ လူငယ်များ ကြီးပွားရေး အသင်းတည်ထောင် ကြတယ်။ ကျွန်တော်က ၁၉၃၆–ခုနှစ်လောက်မှာ စာရေးဆရာ ပေါက်စ အသင်းဝင်၊ သူက ကြီးပွားရေး မဂ္ဂဇင်း ထုတ်လုပ်သူ။ ဒါပေမယ့် သူ့မဂ္ဂဇင်းထဲမှာ ကျွန်တော့် ဝတ္ထုက လစဉ်ပါဖို့တော့ မနီးစပ်ခဲ့။ အကြောင်းကိုရှာလိုက်တော့ ကျွန်တော်တို့ ရေး၍ နာမည်လေးရအောင် တက်လာခဲ့ရတဲ့ အကြောင်းအရာ ဝတ္ထုပုံစံကိုက အချစ်ဆိုမှ အချစ်အကြောင်း အချစ်အကြောင်းမ အပ လောက ကြီးအကြောင်း၊ သဘာဝအကြောင်း မစဉ်းစား၊ လူငယ်များ ကြီးပွားရေးဆိုတာထက် လူငယ်တွေကို အချစ်မှိုင်း တိုက်ဖို့ အချစ်ဇာတ်လိုက် အလုပ်ခိုင်းနေကြတဲ့ အခါမျိုးသာ ဖြစ်လေတော့ လူငယ်များ ကြီးပွားရေး မဂ္ဂဇင်းနဲ့ ကျွန်တော်တို့ ပလဲနံပ မသင့်နိုင်ခဲ့ခြင်းကို ထူးဆန်းတယ်လို့ မဆိုနိုင်ပါဘူး။ သို့သော် ၃၈ လမ်းက သူ့မဂ္ဂဇင်း တိုက်ကိုတော့ မကြာမကြာ ရောက်ပါတယ်။ ရောက်တဲ့အခါတိုင်း လက်ဖက်ရည် သောက်ရတတ်ပါတယ်။ အဲလက်ဖက်ရည် သောက်ရလို့သာ မဟုတ်ပါဘူး။ လူကရုပ်ချောသလောက် သဘောကောင်းတယ်၊



www.myanmarcupid.net

အပြောကောင်းတယ်၊ ဟာသဓာတ်ခံရှိတယ်။ အဲသလို နှစ်လို ခင်မင်ဖွယ်ရာ လေးကိုလဲ သဘောကျလို့ ရင်းနှီးတာလဲ ဖြစ်ပါတယ်။ စာရေးဆရာ ပေါင်းစုံနဲ့လဲ တွေ့ရတယ်လေ။ ၁၉၃၈–ခုနှစ်မှာ သူ့ရဲ့ မဂ္ဂဇင်းတိုက်မှ မအမာ ဘာသာပြန်တဲ့ မောရစ်ကောလစ်ရဲ့ မြန်မာပြည်မှ မှုခင်းများ စာအုပ် ထွက်ပေါ်လာပါတယ်။ ထိုစာအုပ်ကို မအမာ ရန်ကုန်တက္ကသိုလ်တွင် ကျောင်းတက်ယင်း ရေးတယ်လို့ ထင်ပါတယ်။ နောက်တအုပ်က စန္ဒမာလာ၊ အဲဒီနှစ်အုပ်လဲ ရေးပြီးရော ၁၉၃၉–ခုနှစ်မှာ စာရေးသူနဲ့ ထုတ်ဝေသူ တို့ အိမ်ထောင်ကျပြီး ညောင်လေးပင်ဇာတိ ကိုလှဟာ မန္တလေးသားကြီး ဖြစ်သွားသလို ကျွန်တော်လဲ အဲဒီနှစ် မှာပဲ စာရေးဆရာဘဝမှ ရုပ်ရှင်သမားဖြစ် သွားပါလေရောခင်ဗျာ။ အကြင် လင်နဲ့မယား ဆိုရာမှာ "မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ" ဆိုတဲ့ လင်မျိုးနဲ့ "အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ" ဆိုတဲ့ မယားမျိုးလို အတွဲညီတဲ့ လင်စုံမယားဆိုတာ ရှာမှရှားကြပါတယ်၊ ဆိုလိုတာက လင်လုပ်တဲ့လူကလဲ "ရိုးရိုးသားသား တလင်တမယား စီးပွားရှာနိုင်တဲ့ ယောကျ်ားမျိုးဖြစ်ပြီး ဇနီးမယား ဖြစ်တဲ့ သူဟာလဲ လင်ရဲ့ စီးပွားရေးရှာရာ လုပ်ငန်းမျိုးမှာ မတတ်၊ မသိ, မကျွမ်းကျင်၊ ကျောထောက်နောက်ခံ မဖြစ်နိုင် ပေမယ့် အိမ်တွင်းမှု

www.myanmarcupid.net

ကိစ္စတွေကိုတော့ ကွပ်ကဲစီမံပြီး လင်ရှာပေးတဲ့ ငွေကြေးဥစ္စာတို့ကို မယိုမဖိတ် သိုသိပ် စုဆောင်းပေးတဲ့ လင်စုံမယားမျိုးကို ပြောတာပါ။ အဲဒီလင်မယားမျိုးက ရှိတော့ ရှိပါတယ်။ ဒါတောင် ရှာကြည့် တော့ခပ်ရှားရှား။ ကျွန်တော်တို့ မျက်စိအောက်မှာ ကြည့်လေ။ လင်လုပ်တဲ့လူက အပျော်အပါး သောက်လား စားလားနဲ့ အပြည့်အဝ ရှာရတဲ့ငွေ မယားကို မပေးကြတဲ့လူမျိုး၊ လင်က ကောင်းကောင်းမွန်မွန် ရှာဖွေပြီး မယားကို အကုန်အပ်ပေမယ့် မယားက အသုံးအဖြုန်းများ လို့ အိတ်ပေါက်နဲ့ ဖားကောက်ကြတဲ့ အိမ်ရှင်မမျိုး၊ တဦးနဲ့တဦး ဝါသနာမတူအမြင်ချင်းမတူ၊ မျှော်လင့်ချက် ယုံကြည်ချက်ခြင်းမတူတဲ့ ကွဲတဘက်နွားတဘက် အိမ်ထောင်သယ်မျိုး အများကြီး တွေ့ရမယ်လေ။ အခုကိုလှနဲ့မအေမာတို့ကျတော့ "ပုဇွန်စနဲ့ပစ္စုပ္ပန္န" အကြောင်း နှစ်ပါးဆုံလို့ အကျိုးတရားဖြစ်နေကြတယ်။ ဝါသနာတူ၊ စေတနာတူ၊ ပညာရည်အတူ၊ ဇွဲသတ္တိရည်တူ ဖြစ်နေ ကြတယ်။ ဒီတော့ မောင်တထမ်း မယ်တရွက် ဒိုးတူပေါင်ဖက်နဲ့ ရင်ဘောင်တန်းပြီး တက်ခဲ့ကြတယ်။ ဒါ့ကြောင့် ၁၉၄၅ခုနှစ်မှာ လူထုဂျာနယ် တည်ထောင်နိုင်ခဲ့ကြတယ်။ ဂျာနယ်မှတဆင့် နောက်နှစ်မှာ လူထုသတင်းစာ ဖြစ်လာတာပါပဲ။ အဲဒီမတိုင်မီ ကတည်းက ဂျပန်ခေတ်မှာ မြန်မာနိုင်ငံ စာရေးဆရာသအင်း

www.myanmarcupid.net

ဒုတိယအကြိမ် တည်ထောင်တော့ သူနဲ့ကျွန်တော် ပိုပြီး တွေ့ဆုံရင်းနှီးခဲ့ရတယ်။ စစ်ပြီးတဲ့ အချိန်ကျတော့ မန္တလေးရောက်ယင် ဆရာမြမျိုးလွင်အိမ်နဲ့ သူတို့လင်မယား တိုက်ကို မဝင်လို့ မဖြစ်တော့အောင် အကျွမ်းဝင်ခဲ့ပြီလေ။

၁၉၅၃–ခုနှစ် မန္တလေးကို ဘဝသံသရာ ရုပ်ရှင်ဇာတ်ကား တနှစ်နီးပါးသွားပြီး ရိုက်နေစဉ်မှာ သူက သူ့ တိုက်မှာမရှိဘူး။ ဖဆပလ အစိုးရရဲ့ ဧည့်သည်တော်အဖြစ် ရန်ကုန်ကို ဖိတ်မန္တကပြုထားလို့ ထောင်ထဲမှာ နေ့စဉ် ဂေါ့(ဖ) အရိုက်သင်နေသတဲ့။ အဲဒီလူကြီးလူကောင်းတို့ရဲ့ ကစားနည်း မျိုးကလဲ သုံးနှစ်သုံးမိုးသင်မှ ကျွမ်းကျွမ်းကျင်ကျင် ရှိတယ်ဆိုပဲ။ ကိုလှဆိုတဲ့လူက အားကစားတခုခုသင်ယင် ပီပီပြင်ပြင် တတ်မြောက်မှ ကျေနပ်တဲ့လူပဲကိုး။ ဒီတော့ သူအကြာကြီး သင်နေတာပေါ့။ ဂေါ့ဖ်ရိုက်ယင်း နေ့လယ်နေ့ခင်းနှင့် ညများမှာ စာရေးသတဲ့လေ။ ဒါကလဲ မန္တလေးမြို့လို ပူပူလောင်လောင် ဆူဆူညံညံတွေ ကြားမှာ စာရေးရတာထက် အဲဒီမှာ ရေးရ တာက ရေးစရာ ကုန်ကြမ်းတွေကလဲ အများကြီးရတယ်။ အေးအေးဆေးဆေး ဧကဂ္ဂတာ ဖြစ်တာမို့ ဈာန်ဝင် စားလို့လဲ ကောင်းဆိုကိုး။

ရှေးတုန်းက အညာသားများ အောက်ပြေအောက်ရွာသွားပြီး ငွေရှာကြတယ်လို့ ကြားဖူးပါရဲ့။ နီးစပ်တဲ့လူတွေမဟုတ်တော့



www.myanmarcupid.net

ဘယ်လိုရှာဖွေသွားကြတယ် ဆိုတာ မပြောနိုင်ပါဘူး။ ဟော– အခု ကိုလှငွေရှာတဲ့နည်းကတော့ ထမင်းကို အလကားစား ပြီးထောင်ထဲက အကျဉ်းသားတွေရဲ့ဖြစ်ရပ်ဆန်းကြယ် အသွယ်သွယ်အဝဝ ဇဟုသုတတွေကို စာနဲ့ရေးပြီး ကိုးအုပ်ဆယ်အုပ်စာ သယ်သွားလိုက်တာ လေးငါးသောင်းဖိုး ရှိတယ်လို့ ကြားရ တာပဲ။ မယုံမရှိနဲ့ ကျွန်တော့်ဆီကတောင် ငွေရသွားသေးတယ်။ သူ့စာအုပ်တအုပ် ထဲက (မိန်းမလျာ) အမြဲ့ရဲ့ ရင်ထုမနာ ဖြစ်စရာကောင်းတဲ့ ဇာတ်ကြောင်းကို ရုပ်ရှင်ရိုက်ရအောင် ကျွန်တော်က ဝယ်တာပဲ။ ငွေငါးထောင် လား ပူဇော် လိုက်ရသေးသကိုး။ သူ့စာအုပ်များ အကျိုးပေးလိုက်တာ ဖဆပလ အစိုးရက တကူးတက ခေါ်ပြီး အရေးခိုင်းရုံမက စာအုပ်ထွက်လာတော့လဲ စာပေ ထူးချွန်ဆုနဲ့ ကျောင်းသုံးစာအုပ် လုပ်ပေးလိုက်သေးတယ် ခင်ဗျာ့။ အဲဒီနောက်တော့ ကျွန်တော်ကလဲ ရုပ်ရှင်အတွက် အောက်ဒိုးဆိုတဲ့ မန္တလေး အနီးတဝိုက် ရှမ်းပြည် တောင်ပိုင်းမြောက်ပိုင်းအနှံ့ သွားရောက်ပြီး ရုပ်ရှင်ရိုက်ကူးရလေတော့ သူတို့ထံကို နှစ်လတခါ သုံးလတခါ ရက်ကြာကြာတွေ့ရကြတယ်လေ။ သူကလဲ သူ့စာအုပ်တွေ စာပေဆုယူဖို့ မကြာမကြာ လာရတာနဲ့၊ ရန်ကုန်က စာရေးဆရာသအင်း အစည်းအဝေး တက်ဖို့ လာရတာနဲ့ဆိုတော့



www.myanmarcupid.net

ရန်ကုန်မှာလဲ မကြာမကြာ တွေ့ကြရတာပေါ့။ သူအင်္ဂလန်က အပြန်မှာ ကျွန်တော့်ဖို့ရုပ်ရှင်ပညာ စာအုပ်ကြီးတွေ မြန်မာငွေ ၃–၄၀၀ ဖိုးလောက် ဝယ်လာ ပေးတာ ကျေးဇူးတင်လို့ မဆုံးပါဘူး။

ကိုလှဟာ စကားပြောကောင်းရုံမကဘူး။ အသံကပါ နူးညံ့ပျော့ပြောင်း နားဝင်ပီယံဖြစ်စေတယ်။ စကားပြောယင် ပြုံးပြုံးချိုချို ရှေးရှုပြီး ပြောလေတော့ ကျွန်တော်တို့လို ဟောဟောဒိုင်းဒိုင်း တက်ထောင် မောင်းနှင်း ပြောတတ်တဲ့လူများနဲ့ ယှဉ်ကြည့်လိုက်တော့မှ ကျွန်တော့်စရိုက်က အလွန်ကြမ်းနေတာကို ပိုပြီး ထင်ရှားနေပါတော့တယ်။ လူတဘက်သားကို အတိုက်အခံ ပြောတယ်လို့ကို မရှိပါဘူး၊ သာယာညှင်းပြောင်းစွာနဲ့ တဘက်သားက သူ့အလိုကို လိုက်ပါလာအောင် စည်းရုံးဆွဲဆောင်နိုင်စွမ်း ရှိပါတယ်။ တပည့်တပန်း အိမ်သူအိမ်သားတွေကို ပြောတာဆိုတာ ခိုင်းတာစေတာတောင်မှ ဖျောင်းဖျောင်းဖျဖျ အလွန်ရှိပါတယ်။ ကျွန်တော်ဖြင့် သူနဲ့ တွေ့ခဲ့တာ အနှစ် ၄၀ ကြာလို့ အခါပေါင်း ၄၀၀ မကပါဘူး။ ကိုလှဆဲရေးတာကို မပြောနဲ့ ရုံ့ရင်းကြမ်းတမ်းတဲ့ ဖရုသဝါစာမျိုး သူ့ပါးစပ်က ထွက်လာတာ တခါမှမကြားခဲ့တာ အမှန်ပါ။

www.myanmarcupid.net

မန္တလေးတမြို့လုံးက သူ့ကို ဦးလေးလှလို့ ရင်းရင်းနှီးနှီး ရိုရိုသေသေ ခေါ်ကြတယ်။ လူမှုရေးမှာ အလွန် စိတ်ဝင်စားပါတယ်။ အသင်းအဖွဲ့ပေါင်း များစွာမှာ ပါဝင်ပြီး သူတာဝန်ယူနေရပါတယ်။ မင်္ဂလာဆောင်၊ အလှူ အတန်း၊ ပွဲနေပွဲထိုင် ဆိုတာတွေလောက်သာမကပဲ အမွေပြဿနာ၊ သားရေးသမီးရေး ပြဿနာ၊ အိမ်ထောင်ရေး ပြဿနာ၊ အခြားလူမှုရေး ပြဿနာ အရပ်ရပ်တို့ကိုလဲ ဖြေရှင်းစေ့စပ်ပေးတဲ့ ပုဂ္ဂိုလ်ကြီးရယ်လို့ တမြို့လုံးက အသိအမှတ် ပြုထားကြပါတယ်။ သူက စေ့စပ်ပေးတာ မှန်သမျှ နှစ်ဦးနှစ်ဘက်က ကျေနပ်လက်ခံကြပါတယ်။ အဲဒီနေရာမျိုးမှာလဲ အပြုံးရွှေ့ဆောင်ပြီး အသံချိုချို စကားလုံးလှလှနဲ့သာ ကိုင်တွယ် ဖြေရှင်းပေးလေ့ ရှိပါတယ်။ ကျွန်တော်က ရုပ်ရှင်ဒါရိုက်တာပါ။ ဒါရိုက်တာဆိုတာ ကိုယ်တိုင်မလုပ်ပဲ သင့်တော်မယ့်လူ အရည် အချင်းရှိတဲ့လူတွေကို သူ့နေရာနဲ့သူ ညွှာပေးပြီး ကိုယ်လိုချင်တာ ဖြစ်အောင် ခိုင်းစားတဲ့ လူမျိုးပါ။ အဲဒီလို လူမျိုးဖြစ်တဲ့ ကျွန်တော့်ကိုတောင် ချော့ခိုင်းနိုင်တာ သူတယောက်ရှိလိမ့်မယ် ထင်ပါတယ်။ ကြည်လေ အုတ်ကျစ်ကျော်အေး မန္တလေးဆိုတဲ့အတိုင်း သက္ကရာဇ် ၁၂၂၁ ခုနှစ်မှာ မန္တလေးမြို့ကို မင်းတုန်းမင်းတရားကြီး က

www.myanmarcupid.net

ဖန်ဆင်းတည်ထောင်ခဲ့လေတော့ သက္ကရာဇ် ၁၃၂၁ ခုနှစ်မှာ မန္တလေးရာပြည့်နှစ်ဆိုပြီး အကြီးအကျယ် ပွဲလမ်းသဘင် သူတို့လုပ်ကြတယ်။ အဲဒီမှာ ကိုလှက ကျွန်တော့်ကို ရန်ကုန်က သဘင်အနုပညာသည်၊ ဂီတ အနု ပညာသည်၊ ရုပ်ရှင်အနုပညာသည် လူပေါင်း ၈၀လောက်နဲ့ အကူအညီပေးအောင် ချိုချိုကလေး စည်းရုံးသွား ခဲ့တယ်လေ။ သူနဲ့တွဲပြီး ကျွန်တော့်ဆီလာတဲ့ ဗိုလ်မှူးကြည်သိန်းကလဲ ပြုံးပြုံးကလေး ချိုချိုကလေးနဲ့ သူလို ချင်တဲ့ အနုပညာသည်တွေကို သိမ်းသွင်းနိုင်စွမ်း ရှိပါပေတယ်။

သူ့သဘောထား နူးညံ့သိမ်မွေ့ပုံနဲ့ ပေါင်းသင်းဆက်ဆံပုံတွေဟာ 'ဒီပလိုမက်တစ်'ဆိုတဲ့ သံတမန် ပညာနည်းမျိုးနဲ့ 'လူပေါ်လူဇော်' မိသားရည်းအတိုင်း တမင်လုပ်နေတာများလားလို့ တခါတလေ တွေးကြည့်မိဖူးပါတယ်။ ကာလအတန်ကလေးကြာလာမှ သိရတာက 'ဝိသုဒ္ဓိမဂ်အရသာ'၊ ပဋ္ဌိစ္စသမုပ္ပါဒ်အရသာ' အစရှိတဲ့ အဓိကရ ပိဋကတ်တော်များကို ရေးသားဖွင့်ဆိုသွားတော် မူခဲ့တဲ့ ညောင်လေးပင် တောရ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီးဟာ သူ့အကိုကြီး တဝမ်းသာကွဲသတဲ့လေ။ အဲဒီ ဆရာတော်ဘုရားကြီးဟာ သက်တော် ၆၆နှစ်၊ ဝါတော် ၄၇ဝါမှာ လေငန်းရောဂါကြောင့်



www.myanmarcupid.net

ရန်ကုန်ဆေးရုံကြီးကို တက်ရတယ်။ နောက်ဆုံး အလွန်အား နည်းနေပြီဖြစ်လို့ ဆရာဝန်များက ညဘက်တွင် နွားနို့ ဟောလစ်များ ဘုဉ်းပေးဖို့ လျှောက်ရတယ်။ ဆရာတော် ဘုရားက နှုတ်မှမပြောနိုင်လို့ စာနဲ့ရေးပြီးတော့ ပြတော်မူရှာတယ်။ "ဆရာဝန်ကြီးများလည်း အစိုးရရဲ့ ဥပဒေကို လိုက်နာကြရမှာ ဖြစ်ပါတယ်။ ဘုန်းကြီးများလဲ အဘဘုရား၏ ဝိနည်းဥပဒေကို လိုက်နာရမှာ ဖြစ်ပါတယ်။ သေမည့် ကံအတိုင်း သေချင်သေပါစေတော့၊ ဘုရားရဲ့ ဩဝါဒကိုတော့ မပယ်မဖျက်ပါရစေနဲ့"လို့ ရေးပြသွား သတဲ့လေ။ ဒါ့ကြောင့် ကိုလှလဲ မျိုးရိုးဗီဇကို လိုက်ပြီး စိတ်သဘောထား နူးညံ့သိမ်မွေ့တယ်၊ ပျော့ပျောင်းစွာ ခိုင်မာတယ်လို့ ဆိုရမလား မသိပါဘူး။ ဘုန်းကြီးနဲ့ ဆွေမျိုးတော် လို့ထင်ပါရဲ့၊ မန္တလေးမြို့မှာ လေးပြင်လေးရပ် ရှိ အကျော်အမော် ဆရာတော်ကြီးများနှင့် ဆရာတကာ ဖြစ်နေကြတယ်။ သက်တော်ရှည် စံကင်းဆရာတော် ဘုရားကြီး၊ ရွှေကျင်သာသနာပိုင် ဆရာတော် ဘုရားကြီး၊ အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရား၊ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရား၊ စုဖုရားလတ်ရဲ့ မြတောင်ကျောင်းတိုက် ဆရာတော်ဘုရား၊ စစ်ကိုင်း ရွှေကိုင်းသား ဦးသောဘိတ ဆရာတော်တို့ကို သူလိုက်ပို့ပေးလို့ ဖူးမြော်ခဲ့ရပါတယ်။

www.myanmarcupid.net

စံကင်းဆရာတော်ဘုရားကြီးကို စတင် ဖူးမြော်ရသည့်နေ့က (အဲဒီအချိန်က သက်တော် ၉၈နှစ် ရှိပြီ ထင်ပါတယ်) အဲဒီဆရာတော်ကြီးက သူပြောပြလို့ ကျွန်တော့ကို ဘဝသံသရာ ဇာတ်ကား ရုပ်ရှင်ဒါရိုက်တာ မှန်းသိပြီး ဘဝသံသရာသီချင်းအကြောင်း စကားစပ်မိလို့ သာဓုအနုမောဒနာ ပြုတော်မူ လိုက်တယ်။ ဒါကို သူက ကျွန်တော့်အတွက် ဂုဏ်ယူလို့ မဆုံးရှာဘူး။ သူ့မိတ်ဆွေ အပေါင်းအသင်း သူငယ်ချင်းတွေ တိုးတက်ကြီးပွား တာ အောင်မြင်တာတွေကို အလွန် ကြည့်ချင် မြင်ချင် ကြားချင်ရှာတယ်။ အဲဒီအောင်မြင်တဲ့ မိတ်ဆွေ အကြောင်းတွေကိုလဲ သူတပါးအား ဝမ်းသာအားရ ဖောက်သည်ချလေ့ရှိတယ်။ သူအောင်မြင်ယင်လဲ မိတ်ဆွေ များက ဝမ်းသာရအောင် ပြောပြလေ့ရှိတယ်။ သူ့စာအုပ်တွေကို နိုင်ငံခြား တော်တော်များများက ဘာသာပြန်ပြီး ခန့်ခန့်ငြားငြား သပ်သပ်ရပ်ရပ် ရိုက်နှိပ်ပါတယ်။ အဲဒီစာအုပ်တွေကို မိတ်ဆွေများက ဝမ်းသာအားရ ရှိရလေ အောင် အမြတ်တနိုး ပြလေ့ရှိပါတယ်။

ကျန်းမာရေးကို သူကိုယ်တိုင်အလေးအနက်ထားပြီး လိုက်စားသလို သူများကိုလဲ တိုက်တွန်းလေ့ ရှိတယ်။ သူပြောလေ့ ပြောထရှိတဲ့ စကားပုံက ခါးပတ်ရှည်တဲ့သူဟာ

www.myanmarcupid.net

အသက် တိုတယ်တဲ့။ အခိပ္ပါယ်က ဝလွန်းတဲ့လူ၊ အလေးချိန်များတဲ့လူများဟာ ရောဂါထူတတ်တယ်။ ထွေတတ်တယ်ပေါ့။ သူနည်းနည်း ဝဝဖြိုးဖြိုး ဖြစ်လာတာကို တွေ့လို့ "ခင်ဗျား နည်းနည်းဝလာပါလားဗျို့"လို့ သတိပေးတဲ့ အခါများကျတော့ "လူဆိုတာ အသက်ကြီးတော့လဲ အချိန်ကလေး စီးအုံးမှကိုး"လို့ ပြန်ပြောတယ်လေ။ အဲသလောက် စကားတတ်တဲ့လူ။ ကျွန်တော်ကွမ်းစားတာကို သူက အမြဲဝေဖန်တယ်။ "ထုံးကြောင့် ဆီးမှာကျောက်တည်တတ်တယ်၊ လည်ချောင်း ကင်ဆာ ဖြစ်တတ်တယ်"လို့ သူကပြောတယ်။

"သခင်ကိုယ်တော်မှိုင်းကြီးဟာ သေသာသွားရော၊ ပါးစပ်ထဲမှာ ကွမ်းမပြတ်ဘူးမှတ်လားဗျာ" လို့ ကျွန်တော်က ဆင်ခြေတက်တော့–

"အင်း ကိုယ့်ထက်အသက်ကြီးတဲ့ သူများကို ဆုံးမရတာ တယ်ခက်တယ်"လို့ သူက ခပ်တည်တည်ကြီး ညည်းပါတယ်။ သူ့ထက် ကျွန်တော်က ငါးရက်သာ ကြီးတာပါ။ ကျွန်တော့်ထက် ငါးရက်ကြီးတဲ့သူက ရှမဝ ဦးကျော်လေ။ ကျွန်တော်က စာပဲရေးရေး၊ ရုပ်ရှင်ပဲရိုက်ရိုက်၊ ဟောပြောပွဲပဲသွားသွား ကွမ်းကလေးကို တမြုံ့မြုံ့ ဝါးနေရမှ နေသာထိုင်သာ ရှိတယ်။ အလုပ်များလေ ကွမ်းဝါးလေပဲ။



www.myanmarcupid.net

အဲဒါကို သူက ကြည့်ကြည့်ပြီး မနှစ်မြို့ သောအပြုံးကလေးနဲ့ (မဲ့ပြုံး)ပြုံးပြတတ်တယ်၊ ကွမ်းယာကုန်လို့ သူ့ရှေ့မှာ တယောက်ယောက်ကို အဝယ်ခိုင်း ယင် "ဟင်–ခင်ဗျားဥစ္စာကလဲ"လို့ မတင်မကျစကားမျိုးနဲ့ အပြစ်တင်တတ်ပါတယ်။ သူ့စကား အဓိပ္ပါယ်က ခင်ဗျားဥစ္စာ လွှန်လွန်းပြီလို့လဲ ဆိုလိုရာရောက်ပါတယ်။ ခင်ဗျားဥစ္စာကယိကထ များလိုက်တာလို့လဲ ဆိုလိုရာ ရောက်နိုင်ပါတယ်။

၁၃၃၉–ခုနှစ်၊ နတ်တော်လဆုတ် ၂–ရက်နေ့မှာ အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရား အရှင် ဇနကာဘိဝံသ ပျံလွန်တော်မူတယ်။ ကျွန်တော့ဆီ သူက ဖုံးဆက်ပြီး ဆရာတော်ရဲ့ ဈာပန သတင်းကား ရိုက်ရ အောင် ဖလင်ပေ ၄၀၀၀ လောက်နဲ့ အမြန်လိုက်ခဲ့ပါတဲ့။ ကျွန်တော်ကလဲ သူခိုင်းယင် မငြင်းမရှောင် လုပ်ပေးချင်တယ်။ ကျွန်တော့အပေါ်မှာ ထားရှိတဲ့ သူ့ယုံကြည်မှု၊ အားကိုးမှု၊ နေရာပေးမှုတို့ကို နှစ်လို ဝမ်းမြောက် လက်ခံချင်တဲ့ သဘောမျိုးလား မသိပါဘူး။ ရတဲ့နည်းနဲ့ ဖလင်ကို ရှာပြီး လိုက်သွားကြတယ်။ ဆရာတော်ရဲ့ ဈာပန အခမ်းအနား အထားအသို နေရာထိုင်ခင်းတို့ကို ကိုယ်တိုင်မျက်မြင် လေ့လာမှတ်သား ထားရတယ်။ ပြုလတဲ့သော

www.myanmarcupid.net

အစီအစဉ်မှန်သမျှတို့ကို အမှုဆောင် ဆရာတော်ကြီးများထံ ခရေစေ့တွင်းကျ တခုစီ စုံစမ်းလေ့လာထားရတယ်။ ကင်မရာမင်း အနေနဲ့ မန္တလေးရုပ်ရှင် ဘဝသံသရာဇာတ်ကားမှာ ကျွန်တော်နဲ့ တွဲလုပ်လို့ ကျွန်တော်ရဲ့ 'အထာ'ကို သိနေတဲ့ လုပ်ဖော်ကိုင်ဖက် ကိုပေါဆိုသူကို တာဝန်ပေးရတယ်။ ဆရာတော် သံဃာတော်ပေါင်းများစွာနဲ့ လူပရိတ်သတ်များကို ရုပ်ရှင် ရိုက်တယ်ဆိုတာဟာ ရိုးရိုးဇာတ်ကားများ ရိုက်တဲ့အခါ သရုပ်ဆောင်တွေကို အစမ်းလေ့ကျင့်တာမျိုးလို လုပ်ခိုင်းလို့ ရတာမဟုတ်ဘူး။ ပရိတ်သတ်အားလုံး ယူကြုံးမရ ဖြစ်နေရတဲ့ ကြားထဲမှာ ကင်မရာကြီး တကားကားနဲ့ မျက်စိနောက်အောင် လှုပ်ရှားလို့လဲ မတော်ဘူး။ ဒါ့ကြောင့် သူ့အစီအစဉ်အတိုင်း တခုပြီးတခု လုပ်သွားတာကို ရိုက်ချက်တကွက်ပြီး တကွက်ဖြိုးဖြိုးဖျပ်ဖျပ် စေ့စေ့စပ်စပ် အပြေးအလွှားရိုက်ရတယ်၊ အဲဒီလို ရိုက်နေတုန်းမှာ ကျွန်တော်ကလဲ ပါးစပ်ထဲမှာ ကွမ်းတဝါးဝါးနဲ့ ပေါ့။ မောရပန်းရမှန်း မသိပါဘူး။ ကိုလှက ကျွန်တော်ရဲ့ လုပ်ပုံကိုင်ပုံ လျင်မြန်ဖြတ်လတ်ပုံတွေကို သဘောကျ ပြီး ကြည့်နေပုံရပါတယ်။ ကျွန်တော် ပင်ပန်းနေတာကိုလဲ သူသတိပြုမိပုံ ရပါတယ်။ အဲဒီအခါမှာ ကျွန်တော် အနားကို သုတ်သုတ်ကလေး ပြေးကပ်လာပြီး–

"ကိုသုခရေ ခင်ဗျားဖို့ ကျွန်တော်ကွမ်းရာလေး

www.myanmarcupid.net

ပြေးဝယ်လိုက်အုံးမယ်”လို့ ပြောပါတယ်။ အဲဒီစကားကို ကြားလိုက်ရတော့ သူ့မျက်နှာ ရွှန်းရွှန်းပပကြီးကို ကျွန်တော် တအံ့တဩ ကြည့်လိုက်မိပါတယ်။ ကျွန်တော့်ကို တွေ့တာနဲ့အမျှ ကွမ်းစားတာကို မလိုတမာနဲ့ ဝေဖန်တိုက်ဖျက်နေတဲ့ ကိုလှဟာ အဲဒီတခါမှာတော့ ကျွန်တော့်ကို ကရုဏာဖြစ်နေပုံရပါတယ်။ ကျွန်တော်ရဲ့ အစွဲအလမ်း ရသတဏှာကို အလိုလိုက်ခွင့်ပြုရုံမက ကလေးသူငယ် များလို သူကိုယ်တိုင် ပြေးဝယ်ပေးလိုက်ဦးမယ်တဲ့။ စိတ်လိုက်မာန်ပါ သူ့စေတနာကို ကြည်ကြည်နူးနူးကြီး ရင်ဝယ်ပိုက်ပွေ့လိုက်ရပါတယ်။

လူများဟာ အသက် ၆၀ ကကျော်လို့ ၇၀ နားကပ်လာတဲ့အခါ တဖြည်းဖြည်းနဲ့ အထီးကျန် ဖြစ်လာ တတ်ကြတယ်။ သားသမီးများက အနောက်အရှက် ဖြစ်မှာစိုးလို့ တိုးတိုးခွေ့ခွေ့ မနေတတ်ကြတော့ဘူး။ သူတို့ကိုယ်တိုင်ကလဲ လူကြီးတွေ ဖြစ်နေကြပြီကိုး။ ဇနီးမယား လင်သားဆိုတာတွေကလဲ ကိုယ့်အာရုံနဲ့ကိုယ် မထုံတက်တေး အေးအေးဆေးဆေး နေတတ်ကြတယ်။ တပည့်တပန်း လူရွယ်လူလတ် များကလဲ ဆရာကြီး သမားကြီးရယ်လို့ ရိုသေလေးစားလွန်းတော့ အနားကို မကပ်ဝံ့ကြတော့ဘူး။ ဒါ့ကြောင့် အဘိုးအဘွား အရွယ် တွေမှာ စကားနီးနှော ပြောဆိုဆက်ဆံဖို့

www.myanmarcupid.net

အပေါင်းအသင်းနည်း လာတတ်ကြတယ်။ တွတ်တီးတွတ်တာ ပြေး ကလေးများ တယောက်စ နှစ်ယောက်စရှိယင်တော့ တော်သေးရဲ့။ ဒါမှ မဟုတ်လို့ လုပ်စရာ ကိုင်စရာ စိတ်ဝင် စားစရာများ မရှိယင် ငယ်သူငယ်ချင်း အပေါင်းအသင်းများကို အင်မတန် တောင့်တလာတတ်ကြတယ်။ သူတို့ နဲ့ကတော့ ရှေးဖြစ်နောက်ဟောင်း သောင်းပြောင်းထွေလာ ရယ်စရာမောစရာ ကြည်နူးစရာလေးတွေလဲ ပြောနိုင် ရဲ့။ ငယ်ကျိုးငယ်နာဖော်ပြီး အရသာလဲ ခံနိုင်ရဲ့၊ ရှက်စရာလဲမလိုဘူး၊ ကြောက်စရာလဲ မလိုဘူး၊ တယောက်နဲ့ ယောက် သိရ်ဆယ်နေစရာလဲ မလိုဘူးလေ။ သမဏောန သာမဏော။ ဂေါဏောန ဂေါဏောပေါ့။ ကျွန်တော်ကိုယ်တိုင် ဒီအဖြစ်မျိုးမှာ ငြီးငွေးလွန်းလို့ ဆဲမနာ ဆိုမနာ ငယ်သူငယ်ချင်းတဦးကို တကူး တက ကျိုက်လတ်မှ ခေါ်ပြီး မောင်မင်းကြီးသားကို အိမ်ဦးခန်းတင်ထားရပါတယ်။ ညအခါ ဧည့်သည်လာချိန် ကျော်မှ သူနဲ့ကျွန်တော် အော်ကြီးဟစ်ကျယ် တွန်းလားထိုးလား ပြောဆိုကျီစားရတာဟာ သူငယ်ပြန်တယ်လို့ ပြောခါမှပြောရော့၊ အသက်နှစ်ဆယ် အစိတ်အရွယ်ကို ပြန်ပြန်ရောက် သွားတယ်။ အခုတော့ခေါ်ရအောင် သူ့ခများလဲသေရှာပြီ။ ကိုလှလဲ ကျွန်တော့်လိုဖြစ်နေပုံရပါတယ်။ ဒါ့ကြောင့် ဇဝနကိုလဲ

www.myanmarcupid.net

ခဏခဏခေါ်တယ်။ ကျွန်တော့်ကိုလဲ ခဏခဏခေါ်တယ်။ မန္တလေးမြို့က သူ့ကို သံဃာစင်ပေါ်သို့ တွန်းတင်ထားကြတာ မဟုတ်လား။ နေ့တိုင်း နေ့တိုင်း နေရာတိုင်း နေရာတိုင်းမှာ လူကြီးပီပီ ဣန္ဒြေသမ္ပတ္တိကြီးနဲ့ နေရတာ များလွန်းတော့ မျက်နှာကြောတွေ တင်းပြီး မျက်နှာညောင်းလာမှာပေါ့။ သူ့ကိုခွန်းတုံ့နှုတ်လှန် ပြန်ပြီး နာသာခံခက် ပြောရက်ဆိုရက်တဲ့ သူများက တနှစ်ထက် တနှစ် ပဲ့၍ပဲ့၍ကြွေကုန်ရှာကြပြီလေ။ ရန်ကုန်က ရင်နှီးတဲ့လူထဲကဆိုလျှင် ဇဝနရယ်၊ ကျွန်တော်ရယ်၊ ကျောက်မြောင်းက ဦးအေးကြည်ရယ်၊ ရွှေတိဂုံ ဂေါပကဟောင်း ဗိုလ်မှူးအောင်သိန်းရယ်။ အဲဒီလူတွေကတော့ သူကလဲ ပြောချင်သလိုပြော၊ သူ့ကိုလဲ ပြောချင်သလိုပြော။ ဟိုတနှစ်က မော်တော်ကြီး တစင်းနဲ့ မော်လိုက်ကို အပျော်ခရီးထွက်ခဲ့ကြတယ်။ အဲဒီမှာ ကိုလှတို့ ဇနီးမောင်နှံရယ်၊ ဗိုလ်မှူးအောင်သိန်းတို့ ဇနီးမောင်နှံရယ်၊ ကျွန်တော်တို့ ဇနီးမောင်နှံရယ်၊ ဦးအေးကြည်ရယ် ဒိပြင်မိတ်ဆွေတွေလဲ အများကြီးပေါ့။ ဦးအေးကြည်ကို သူကပြောပုံလေး သတိရလို့ပါ။

ချင်းတွင်းခရီးဆိုတော့ ရေကြောင်းအခက်အခဲကြောင့် စက်ချွတ်ယွင်းမှုကြောင့် ညဥ့်အိပ်ညနေ ရက်တွေ ကြာညောင်းပြီး ခရီးဖင့်နေတယ်။ လူတွေလဲ မော်တော်ပေါ်မှာပဲ

www.myanmarcupid.net

စားလိုက်အိပ်လိုက် စကားပြောလိုက် လေးငါး ခြောက်ရက် နေကြရတာမို့ ညောင်းညာကုန်ကြတာပေါ့။ တညနေတော့ ကလေးဝမရောက်ခင် သောင်ပြင်ကြီး တခုမှာ မော်တော်ကပ်ပြီး ညအိပ်ကြဖို့လုပ်ကြတယ်။ သဲသောင်ကြီးကလဲ ဖြူဖြူဖွေးဖွေး တမျှော်တခေါ်ကြီး၊ နူးညံ့တဲ့သဲပွင့်တွေပေါ်မှာ လွတ်လွတ်လပ်လပ် ဖိနပ်မပါပဲ လျှောက်ပြေးချင်စရာကြီး။ အဲဒီ သောင်ကြီးကို ပြပြီး ကိုလှက ဦးအေးကြည်ကို အညောင်းပြေအောင် ဆင်းပြေးဖို့ မြှောက်ပေးတယ်။ သောင်ပြင်ပေါ်ကို မော်တော်က ကုန်းဘောင်လဲ ထိုးပေးလိုက်ရော ပထမဆုံးဆင်းပြေးတဲ့လူက ဦးအေးကြည်လေ။ ဒါကို ကိုလှက ကျွန်တော့်ကို လှမ်းအော်ပြောတယ်။ “ကိုသုခရေ ကျွန်တော်တော့ ကိုအေးကြည်ကို သောင်ပြင်ပေါ်လွှတ်လိုက်ပြီ”တဲ့။ မော်တော်က လူတွေ ဝိုင်းရယ်ကြတယ်။ ဦးအေးကြည်က “ဟာဗျာ”လို့ အောင့်သက်သက်ပြောပြီး ပြေးနေတာ တောင် ရပ်သွားတယ်။ နောက်မှ ရယ်ဖော်ရတယ်။ “ဒါတော့ ကိုလှက ရက်စက်လွန်းပါတယ်ဗျာ”လို့ ကျွန်တော် က အတို့အထောင် လုပ်ပေးလိုက်တယ်။ ဒါကို ဦးအောင်သိန်းက “ကိုလှ ပြောတဲ့စကားထဲမှာ ဘာများ လွန်လွန်ကျူးကျူး ပါလို့လဲဗျ”လို့ ပင့်ပေးပြန်တယ်။ “အေးတဲ့ဗျာ၊ ကိုသုခက တရားမမှုကို



www.myanmarcupid.net

ရာဇဝတ်မှုဖြစ် အောင် ပုဒ်မတပ်လွှတ်လိုက်တာပါ”လို့ ကိုလှက ပြန်၍ ဒေ့ထောက်ခံ ပေးလိုက်တယ်။ ဒီတော့ ကျွန်တော်က “တရားမမှုလား၊ ရာဇဝတ်မှုလား တရားသူကြီး လုပ်ခဲ့ဖူးတဲ့ ပညာရှိဦးအေးကြည်က မသိပဲနေပါ့မလားဗျာ”လို့ အဆင်းကို ဘီးတပ်ပေးလိုက်တဲ့အခါ ဦးအေးကြည်က “ကိုသုခရေ ကျွန်တော့်ဘက်က မနာနဲ့၊ မနာနဲ့၊ ခင်ဗျား ရှေ့နေလိုက်ပေးမှ ကျုပ်ဒုက္ခရောက်သထက် ရောက်နေလိမ့်မယ်၊ ကျုပ်က ‘အနာဂါမ်’ ဖြစ်နေပါပြီ။ သူပြောချင်သလိုပြောသမျှ ကျွန်တော်က ‘အနာခံ’ ရတာချည်းပါပဲ”လို့ ပြောတာနဲ့ တဝေါဝေါ ရယ်ကြရပါတယ်။ ကိုလှက အဲဒီလို နေချင်တဲ့လူမျိုး။ သူများကိုပြောယင်လဲ နာသာခံခက် အေးအေးလေး ပြောတတ်တယ်။ သူ့ကို ခံပြင်း အောင်ကျီစယ်ယင်လဲ ရယ်ရယ်မောမောနဲ့ ပြန်ပြောတတ်တယ်။ တခါက မန္တလေးမှာ သူနဲ့ကျွန်တော် ကားကလေးနဲ့ ထွက်လာတုန်း မြို့မရုပ်ရှင်ရုံနားက ကုလား ထမင်းဆိုင်တဆိုင်မှာ ထမင်းဝင်စားရအောင် ကျွန်တော်က ပြောတယ်။ သူက ထိတ်ထိတ်ပျာပျာနဲ့ “ဆိုင်အနေ အထားကလဲ မသန့်ရှင်းဘူး၊ လူတွေနဲ့ တိုးတိုးခွေ့ခွေ့စားရမှာလဲ မကောင်းပါဘူး၊ အိမ်ကျမှ စားကြပါစို့ဗျာ”လို့ ပြောတယ်။ ဒီတော့ သူ့မျက်နှာကို မချိုမချဉ်ကြည့်ပြီး “ဟိုးအရင်

www.myanmarcupid.net

ကျွန်တော်တို့တတွေ လမ်းဘေးက 'အစ်ကော်လိဖန်' တရုတ်ထမင်းဆိုင်ကလေးတွေမှာ စားလာခဲ့ကြတာ ခင်ဗျားမေ့သွားပြီနဲ့ တူတယ်"လို့ ကျွန်တော်က အဲသလို ခနိုးခနဲ့ ပြောလိုက်တာကို သူ့စိတ်ထဲမှာ တော်တော် ထိခိုက်သွားပုံ ရပါတယ်။ ကျွန်တော့်စကားက ဖြတ်သန်းလာခဲ့ရတဲ့ ကျွန်တော်တို့ခင်ဗျားတို့ ဘဝကို ခင်ဗျား မေ့သွားပြီလားလို့ ပြောလိုက် သလို ဖြစ်သွားတာကိုး။ အစ်ကော်လိဖန်ဆိုတာ အင်္ဂလိပ်လက်တို တရုတ်စကား၊ 'ထမင်းတပြားဖိုး' ပေးပါလို့ ပြောတဲ့အဓိပ္ပာယ် ဖြစ်တယ်။ ရန်ကုန်စဉ့်အိုးတန်းမှ လတ္တာလမ်းအထိ လမ်းဘေးတလျှောက်မှာ ညနေဘက်ဆိုယင် ယာယီတရုတ် ထမင်းဆိုင်ကလေးတွေ အများကြီးရှိတယ်။ ဝက်ခေါက်ကင်၊ အသားကင်၊ ဝက်အူချောင်း၊ ဘဲကင် နီနီရဲရဲကြီး တွေကိုချိတ်လို့။ ဆိုင်ရှေ့မှာ ခင်းထားတဲ့ တန်းလျားခွေးချေပေါ်မှာ လူလေးငါးယောက် ဆောင့်ကြောင့်ထိုင်ပြီး ပူးပူးကပ်ကပ် စားကြရတာပေါ့။ ပန်းကန်လုံးလေးနဲ့ အမောက် ထမင်းက နှစ်ပြား၊ အခေါက်ကင် အသားကင် ဆိုလဲ တပဲဖိုး၊ အသီးအရွက်ကြော်လေး ဝက်သားနဲ့ ရောရိရောရာလေး။ အဲဒါက တခွက်မှ နှစ်ပြား၊ ဟင်းချိုက အလကား၊ ထမင်းလိုက်ပွဲက တပြား၊ အဲဒီထမင်းလိုက်ပွဲကို

www.myanmarcupid.net

အစ်ကော်လိဖန်လို့ ခေါ်တယ်။ အဲဒီဆိုင်မျိုးမှာ ပိုက်ဆံပြတ်တဲ့ စာရေးစာချီများကအစ စာရေးဆရာ၊ ပန်းချီဆရာ၊ ထုတ်ဝေသူ၊ အယ်ဒီတာတို့ မစားဘူးတဲ့လူ မရှိခဲ့ပါဘူး။ ပိုက်ဆံကလေးရှင်တော့လဲ တရုတ်ဟိုတယ် အငယ်စားနဲ့ မင်္ဂလမ်း ဒန်ပေါက်ဆိုင်တွေကို ခြေဦး လှည့်ကြတာပေါ့။ ဒါကိုလဲ သူသိပါတယ်။ ဒါ့ကြောင့် ကျွန်တော့်စကားက အနာပေါ် တုတ်ကျသွားသလို ဖြစ်ပါလိမ့်မယ်။ သို့ပေမယ့် လိုက်လိုက်လျောလျော ပြုံးပြုံးရွှင်ရွှင်နဲ့ "အေးဗျာ..ကျွန်တော်တို့နှစ်ယောက် ဒီနေ့ ငယ်မူပြန်ကြမယ်"ဆိုပြီး အဲဒီဆိုင်ထဲ ဝင်စားကြတယ်။ ထမင်းဆိုင်ထဲ ဝင်လိုက်တာနဲ့ ကျွန်တော်တော့ သူ့ကို အနိုင်ကျင့်လိုက်တာ လက်လွန်သွားပြီလို့ သိလိုက်ရပါတယ်။ သူ့ကိုလဲ အားနာသွားတယ်။ ကျွန်တော့်ကို လိုက်လျောတဲ့ စာနာမှုကိုလဲ လေးစားလိုက်ရ ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထမင်းလာစားကြတဲ့ လူတော်တော်များများက "ဟင်.. .. ဦးလေးလှပါ လား"လို့ တအံ့တသြ နှုတ်ဆက်ကြတဲ့ (အိုင်တင်)နဲ့ အသံက အမြင်မတော် ဆင်တော်နဲ့ခလောက်လို့ ဆိုချင်တဲ့ သဘောပေါက် နေကြလို့ပါပဲ။ သူကတော့ ရေလိုက်ငါးလိုက် ပြန်နှုတ်ဆက်ရတာပေါ့။ အဲဒီအမှားကို ကျွန်တော် ဘယ်တော့မှ မမေ့တော့ပါဘူး။ တခါတလေ သူက

www.myanmarcupid.net

လမ်းဘေးခေါက်ဆွဲဆိုင်ကလေး တဆိုင်ပြပြီး “ဒီဆိုင်က ဆီချက်ခေါက်ဆွဲ နာမည်ကျော်ဗျ၊ စားရအောင်လား”လို့ မေးယင် ကျွန်တော်က ခပ်သွက်သွက် ခေါင်းခါပြရ ပါတယ်။ သူ့အသက်အရွယ်နဲ့ သူ့ဂုဏ်သိက္ခာ အဆင့်အတန်းဟာ သူ့မြို့မှာတော့ ထင်ထင်ပေါ်ပေါ်ကြီး ဖြစ်နေပြီလေ။

ကိုလှကို သတင်းစာဆရာ တယောက်အဖြစ်နဲ့ နိုင်ငံရပ်ခြား တိုင်းပြည်များက သိကျွမ်းကြပါတယ်။ ထို့ထက် ပုံပြင်စာရေးဆရာ တယောက် အနေနဲ့ ပို၍ ထင်ထင်ရှားရှား လေးစားကြပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ၁၉၆၀– ပြည့်နှစ်လောက် ကတည်းက မြန်မာ့ရိုးရာ ပုံပြင်များမှစ၍ ကရင်၊ ကချင်၊ ချင်း၊ မွန်၊ ရှမ်း၊ ရခိုင်၊ ပအို့ဝ်ပုံပြင်များကို ထိုထို တိုင်းရင်းသား သက်ကြီးရွယ်အိုများထံမှ စုဆောင်းပြီး စာအုပ်ပေါင်း ၄၀– ကျော် ပြုစုလိုက်ပါတယ်။ အဲသလို ရေးသားပြုစုရတာဟာ လွယ်ကူလှတယ် မဟုတ်ပါဘူး။ တိုင်းရင်းသား အမျိုးသားများ နေထိုင်တဲ့ ဒေသကို အရောက်သွားရတယ်။ ရှေးလူကြီးများပြောတဲ့ ရှေးစကားပုံပြင်များကို ယနေ့အထိ မှတ်သားထားဖူးတဲ့ လူကြီးသူမတို့ထံ ချဉ်းကပ်ရတယ်။ အဲသလို ပြောပြနိုင်တဲ့လူကလဲ တရွာမှာ တယောက် တွေ့ဖို့ ခဲယဉ်းသားပဲ။ တနေ့တခြား တိုးတက်လာပါတယ်ဆိုတဲ့



www.myanmarcupid.net

အယူအဆမျိုးဟာ ယနေ့ ကမ္ဘာမှာ လူမျိုးတိုင်း လူမျိုးတိုင်း အစွဲအလန်း ရှိနေကြလေတော့ သိပ္ပံနည်းမကျ ယုတ္တိမရှိပါဘူးဆိုတဲ့ ဝေဖန်ချက်တွေနဲ့ အမျှ မိဘ ဘိုးဘွားများက ပြောကြတဲ့ ရှေးစကားများကို အလေးမထားကြတော့ဘူးလေ။ တကယ်တော့ ရုပ်ခန္ဓာ နာမ်ခန္ဓာ နုနယ်သေးတဲ့ ကလေးတွေအတွက် ရှေးစကား ပုံပြင်များကို လူကြီး များဟာ သူတို့အတွက်ဟု ထင်လို့ ပြစ်တင်ဝေဖန် နေကြတာလား မသိပါဘူး။ ကလေးများ လိမ္မာရေးခြားရှိဖို့ ဆုံးမတဲ့ စကားများဟာ ကလေးနားလည်သောစကား၊ ကလေးများ စိတ်ဝင်စားစရာ ဇာတ်ကြောင်းများသာ ဖြစ်သင့်တယ်ပေါ့။ တတ်သိပြီးတဲ့ လူကြီးတွေကို များများဆုံးမဖို့ မလိုပါဘူး။ ဆုံးမလို့လဲ မလွယ်ပါဘူး။ သူတို့က "ဒါတွေ ငါသိပြီးသားပဲ"လို့ မှတ်ထားကြတာကိုး။ ကိုလှက မြန်မာစာပေနယ်မှာ ကလေးများအတွက် စာအုပ်များ ရှားပါးနေတာကို စဉ်းစားမိပုံရပါတယ်။ ဒါ့ကြောင့် သူရေးတဲ့ "ကျွန်တော်ဖတ်တာ ဟောပြောတာ တွေထဲက"ဆိုတဲ့ စာအုပ်မှာ အခုလို ရေးထားတာ တွေ့ရပါတယ်။

"အဆက်ဆက်သော မိဘဘိုးဘွားတို့က ကြွယ်ဝသော အတွေ့အကြုံ ကြီးမားသော မေတ္တာစေတနာ အဟုန်ကြောင့်

www.myanmarcupid.net

သားသမီးများအား ပြောစရာ ပုံပြင်မြောက်မြားစွာတို့ကို တီထွင်သွားခဲ့ကြသည်”။ အဲသလို ရေးသွား ပြီးနောက် ကလေးတွေ ဖတ်စရာ စာအုပ်များက အဆင့်အတန်းမြင့်မြင့် နှစ်သက်ခုံမင်စရာ ကောင်းအောင် မရှိသေးတာကိုလဲ အားမလို အားမရ ဖြစ်နေပါတယ်။

ဒါ့ကြောင့်..

*က။ “ပုံပြင်စာအုပ်များသည် ကလေးများအတွက် သက်သက်သန့်စင် ရွေးချယ်ထားသော ပုံပြင်များကို ရိုက်နှိပ်ထားသော စာအုပ်များဟူ၍ နည်းလှသေးခြင်း။*

*ခ။ မိဘများ၏ ချစ်ခင်ကြင်နာမှု၊ စိမ့်ယိုလာသော နှစ်သက်ဖွယ် အရေးအသားမျိုး နည်း၍ လူကြီးဆန်နေ ခြင်း။*

*ဂ။ ကလေးများနှင့် သင့်လျော်သော စကားလုံး ဝေါဟာရ လေယူလေသိမ်း အသံနိမ့်မြင့်များ လိုနေခြင်း။*

*ဃ။ အချို့မှာ အမျိုးသားဟန် ချို့တဲ့ပြီး နိုင်ငံခြား ဆန်လွန်းခြင်း။*

*င။ အချို့စာအုပ်များသည် ကလေးများစုံမက်အောင် အဆင်အပြင် များမပါ၊ တော်သလိုသာရှိခြင်း စသည်များ ဖြစ်သည်ဟု ကျွန်တော်မြင်ပါသည်”ဟု ရေးထားပါတယ်။*

ကိုလှက ပုံတိုပတ်စများကို အပ်စပ်တဲ့နေရာတိုင်း ထည့်ထည့်ပြောသွားဖို့ အင်မတန် ဝါသနာပါ ပါတယ်။

www.myanmarcupid.net

ပြောနိုင်လောက်အောင်လဲ သူ့ခေါင်းထဲမှာ အပြည့်ရှိပုံရပါတယ်။ စာပေဟောပြောပွဲများမှာ ကျွန်တော်နဲ့တွဲပြီး ဟောရ လျှင် သူရောကျွန်တော်ရော အာဝဇ္ဇန်းရွှင်တတ်ကြပါတယ်။ သူကအရင် ဟောရယင်လဲ ကျွန်တော့်ကို 'ကလိ' သွားတတ်ပါတယ်။ ကျွန်တော်က အရင်ဟောရယင်လဲ သူဟောတတ်တဲ့အထဲက အချက် အလက်တို့ကို ကလိတတ်ပါတယ်။ ကျွန်တော်တို့နှစ်ယောက် တယောက်ကိုတယောက် အဲသလို ကလိလွန်းလို့ မအေမာက ကျွန်တော်တို့နဲ့တွဲပြီး မဟောချင်ဘူး။ ကျွန်တော်တို့ ကလိယင် သူ့အကြောင်းက အနှောင့်မလွတ် အသွားမလွတ် ပါပါသွားတာကိုး။ ဒီတော့ မျက်နှာပူရှာတာပေါ့။

တခါတော့ ကိုလှက သူရေးခဲ့တဲ့ ပုံပြင်များအကြောင်း အသိုင်းအဝိုင်းနဲ့ ၂–နာရီနီးပါး ပြောသွားတယ်။ အဲသလောက် အရှေကြီး ပြောပြီးတော့မှ နိဂုံးချုပ်ပါတယ်။ နိဂုံးချုပ်တဲ့ စကားထဲမှာ ကျွန်တော့်ကို သူက ပရိသတ် များနဲ့ မိတ်ဆက်ပေးခဲ့ပါတယ် သူဟောပြီးယင် ကျွန်တော် ဟောရမှာကိုး။ သူမိတ်ဆက်တဲ့ စကားက 'ဂုဏ်ရည်မတူ'ဇာတ်ကားထဲမှာ ကျွန်တော် သူတောင်းစားလုပ်တာဟာ အလွန်သဘာဝကျကြောင်း၊ သူတောင်း စားနဲ့ အတော်တူကြောင်း ပရိသတ်



www.myanmarcupid.net

တဝါးဝါးနေအောင် ကလိပေးခဲ့ပါတယ်။ ကျွန်တော်က ဘယ်နေလိမ့်မလဲ၊ ပရိသတ်ရှေ့ရောက်တာနဲ့ သူပြောသွားတဲ့ သူ့ပုံပြင်များအကြောင်း တွယ်တော့တာပေါ့။ ခုန ဦးလှက သူ့ပုံပြင်များဟာ တိုင်းပြည်ရဲ့ အညွန့်အညှောက် ကလေးများဖြစ်ကြတဲ့ ကလေးသူငယ်များ အတွက် ရည်ရွယ်ပြီး တပင်တပန်း ကြိုးကြိုးစားစား ပြုစုရေးသား ရပါတယ်တဲ့။ သူ့ပဲကျေးဇူးတင်ရဦးမလိုလို (ဤတွင် ပရိသတ်က စ၍ရယ်မောပါပြီ)။ ပုံပြင်ပေါင်း ၂၀၀၀–ကျော်သွားပြီလို့လဲ ပြောတယ်။ နောက်လဲ ရှိသေးတယ်လို့ ကြော်ငြာသွားသေးတယ်။ သူ့စာအုပ်များဟာ တိုင်းပြုပြည်ပြု စာပေများ ပေါ့လေ။ ကျွန်တော်က အတွင်းသိမို့ ရယ်ချင်တယ်။ (ပရိသတ်များက ရယ်ကြတယ်)။ တကယ့်တကယ်က သူ ဒီပုံပြင်တွေကို စုဆောင်းပြီးဖြစ်နေတာ စာပေအကျိုးပြုဖို့လဲမဟုတ်ပါဘူး။ ကလေးတွေကို စေတနာထားလို့လဲ မဟုတ်ပါဘူး။ တကယ်ပြောရယင်တော့ ဟဲ–ဟဲ၊ ညတိုင်းညတိုင်း အိပ်ရာအဝင်မှာ မအေမာကို ပုံပြင်ပြောပြပြီး သူကသိပ်ရတယ်။ မအေမာက ပုံမပြောယင် (မကြည်ဘူး) မအိပ်ဘူး၊ ပိစ်မဖြစ်ဖူးပေါ့။ (ပရိသတ်က ရယ်ကြပြန်တယ်)။ သူတို့လင်မယား ညားတာ နှစ်ပေါင်း ၄၀ လောက်ရှိပါပြီ။ တညကို တပုံ တညကို တပုံဆိုတော့ ဟဲ ...

www.myanmarcupid.net

ဟဲ ကျွန်တော်က ချူ၍ ရယ်လိုက်သောကြောင့် ပရိသတ်က ပွဲကျပြီး မအမာမှာ မျက်နှာမထားတတ်ပဲ ပုံမကျ ပန်းမကျရော၍ ရယ်နေရပါတယ်။ မန္တလေးမြို့အနီးအနား မြို့ကလေးများက စာပေဟောပြောပွဲဆိုလျှင် သူတို့နဲ့ လာ၍ ဟောပြောဖို့ အမြဲတမ်းဆွယ်ပါတယ်။ မိတ္ထီလာ၊ မလှိုင်၊ တောင်သာ၊ မေမြို့၊ ညောင်လေးပင်၊ ဒိုက်ဦး စသည်မြို့များကို သူတို့ကခေါ်၍ ကျွန်တော်သွားရပါတယ်။ ကျွန်တော်ခေါ်တော့လဲ ပြည်၊ ရန်ကုန်၊ ကျိုက်လတ်အထိ လင်မယားနှစ်ယောက်စလုံး လိုက်လာဟောပြော ပေးကြပါတယ်။

ယခင် လူထုသတင်းစာထုတ်နေတုန်းက သူတို့ကိုယ်တိုင် ရန်ကုန်သို့ ရောက်ခဲတယ်။ ကျွန်တော် မန္တလေး သွားပြန်လဲ စိမ်ပြေနားပြေ ကြာကြာနေရအောင် မအားလပ်ကြ၊ သတင်းစာအလုပ်ရုပ်နားလိုက်တော့မှ လွတ်လွတ်လပ်လပ် ရက်အား ရကြတော့တာမို့ ကျွန်တော်က ငါးသလောက်နဲ့ ပုစွန်ဆီ၊ ပုဇွန်ထုပ်များ စားရ အောင် ကျိုက်လတ်သို့ ခေါ်သွားတယ်။ မအမာက ပုဇွန်ချဉ်ဆိုယင်လဲ သိပ်ကြိုက်တယ်။ ငါးရံ့ခြောက်၊ ပုဇွန် ခြောက်များ ဝယ်ရအောင် ဖျာပုံကို ခေါ်သွားတယ်။ သူတို့ချည်းမဟုတ်။ သူတို့နဲ့ အလွန်ခင်တဲ့ ဗိုလ်မှူး အောင်သိန်း၊ ဦးအေးကြည် အစရှိတဲ့

www.myanmarcupid.net

ဆွေရင်းများပါ လိုက်ကြတာမို့ တပျော်တပါးတစုတဝေးကြီး တခရီးလုံး တရှန်းရှန်းနဲ့ပေါ့။ အစဦးက ကျွန်တော်ရေးတဲ့ ချင်းတွင်းမော်လိုက်ခရီးကိုလဲ အသွားအပြန် ၁၅ ရက်လောက် ကြာအောင် သွားကြရတယ်။ ဒါကြောင့် ကျွန်တော်တို့ အချင်းချင်း ယခင်ကထက် ပွန်းတီးကျွမ်းဝင်လာကြ ရတယ်။ ဝတ်ကျေတန်းကျေ မိတ်ဆွေမျိုးမှ ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာသော အကျိုးကို တကယ်လိုလားတဲ့ မိတ်ရင်းဆွေရင်း ဖြစ်ခဲ့ရပါတယ်။ ပစ္စုပ္ပန္န ဟိတေနဝါ ဆိုတဲ့ စိတ်မျိုးလို့ ဆိုကြပါစို့။

စာကိုမကြာမကြာ ရေးကြတဲ့အထဲက ဖုန်းနဲ့လဲ ပြောကြသေးတယ်။ ရေးကြီးခွင့်ကျယ် မဟုတ်တောင်မှ တဦးကတဦးကို နေကောင်း ရဲ့လားလို့ မေးချင်တယ်။ ကိုယ်နေကောင်းတာကိုလဲ ပြောချင်တယ်။ အိမ်တွင်းရေး၊ စီးပွားရေး အတွင်းအပြင် တိုင်ပင်ကြပြီး သောကမဖြစ်အောင်၊ ဒေါမနဿ မဖြစ်အောင်၊ ရတနာသုံးပါး မမေ့ အောင် တဦးကိုတဦး နှိုးဆော် စောင့်ရှောက်လာတတ်ကြတယ်။ တခါတရံ ရယ်စရာတောင် ကောင်းပါသေးရဲ့။ တဦးကြိုက်တတ်သော ဟင်းကိုတဦးက စားရတာနဲ့ သတိရတဲ့အကြောင်းကို ဖုံးဆက် တယ်လေ။ ကျွန်တော် စဉ်းစားမိပါတယ်။ တဦးချင်း ခင်မင်ပွန်းတီး ရတာထက်

www.myanmarcupid.net

မိသားစု အိမ်ထောင်ချင်း ခင်မင်ကြပြီ ဆိုလျှင် ဆွေမျိုးအရင်းအချာများထက် သံယောဇဉ် တွယ်တာတတ်ကြပါတယ်။ တချို့ ဆွေမျိုးသာဆိုတယ်၊ ကိုယ့်ထက် သာယင် မနာလိုဘူး။ ကိုယ့်ထက် နိမ့်ကျလွန်းယင် တောင်းမှာရမ်းမှာ စိုးတယ်။ တန်းတူဆိုယင် ဂုဏ်ပြိုင်တယ်။ အအိပ်အနေ အစားအသောက် ကို ဂရုမစိုက်သော အနုပညာသည် များမှာ ရောဂါ ရတတ်တယ်။ စာရေး ဆရာများ၊ သတင်းစာ အယ်ဒီတာများမှာလဲ ရောဂါတခုခုဖြစ်ဖို့ လွယ်ကူတယ်။ ကိုလှမှာ အဖက်ဖက်က ကျန်းမာရေး ပြည့်စုံပေမယ့် လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကစပြီး ဆီးချိုဖြစ်လာလို့ သကြားနဲ့ (ကစီ) ဓာတ်ပါသော အဟာရများကို ရှောင်ရတယ်။ ဒါ့ကြောင့် ထမင်းအစား ပေါင်မုန့်နဲနဲ၊ အသားပြုတ်ကြော်များများ၊ ဟင်းသီးဟင်းရွက်၊ နို့စစ်နဲ့ ဒိန်ချဉ်များကို စားသောက်ရတယ်။ သူ့ကျန်းမာရေးကို သမီးကြီးဒေါက်တာ သန်းယဉ်မာက ဂရုစိုက် လေ့လာစောင့်ရှောက်ပေးနေတယ်။ စားရာ သောက်ရာမှာ အမာက အမြဲတမ်း ကြည့်ရှု၍ သတိပေးနေ ရတယ်။ သို့ပေမယ့် ဗမာဆိုတဲ့ဇာတိက အခက်သား၊ အဖိုးတန်ပါတယ်ဆိုတဲ့ 'ဗိုလ်စာ'တွေကို နှစ်ရှည်လများ စားရယင်ခံတွင်းမတွေ့နိုင်။ ကျွန်တော်တို့နှင့် ထမင်းတစားပွဲထဲစားလျှင် ပေါင်မုန့်အစား ထမင်းကို ခပ်ထည့် တယ်။ ဝက်သားပေါင်းကိုလဲ

www.myanmarcupid.net

အားရပါးရစားတယ်။ ငပိကြော်လဲ ကြိုက်တယ်။ မအေမာက သတိပေးတော့ "နဲနဲ ပါးပါးဆိုယင် ကိစ္စမရှိပါဘူး"လို့ ပြောတယ်။ သူစားတာက နဲနဲပါးပါးမဟုတ်။

၁၉၈၀ ပြည့်နှစ် မေလ ၁၁ ရက်မှာ မိတ္ထီလာမြို့ ဘိုးဘွားရိပ်သာ ဖွင့်ပွဲ အခမ်းအနားလုပ်ကြမှာ ဖြစ်တဲ့ အတွက် အလှူရှင်များက သူ့ကိုရော ကျွန်တော့်ကိုပါ ကြိုကြိုတင်တင် ဖိတ်ထားတယ်။ ကျွန်တော်တို့လဲ ဝမ်းသာအားရသွားဖို့ တဦးကိုတဦး ချိန်ကြတယ်။ အိမ်သူသက်ထားများပါ ခေါ်ခဲ့ကြမယ်ပေါ့။ အဲဒီရက်နား ရောက်တော့ ကျွန်တော့်မှာ အပူရှပ်ပြီး ဖျားပါလေရော။ ဒါ့ကြောင့် ကျွန်တော်က မိတ္ထီလာကို လာဖို့ မဖြစ်တော့ ကြောင်း၊ သူတို့သာ သွားဖို့အကြောင်း ဖုန်းဆက်ပြောလိုက်တယ်။ သူတို့ကတော့ မန္တလေးနဲ့ မိတ္ထီလာ မိုင် ၁၀၀ လောက်သာ ဝေးတာမို့ သွားဖြစ်ကြရောလို့ အောက်မေ့တယ်။ မေလ ၂၉ ရက်နေ့ကျတော့ မအေမာထံက မေလ ၁၀ ရက်နေ့ နေ့စွဲနှင့်ရေးလိုက်သောစာကိုရတယ်။

*နေ့စွဲ ၁၀-၅-၈၀*

*ဆရာဦးသုခ-မကြင်*

*မိတ္ထီလာမှာ တခါပြန်ပြီး ဆုံကြရောလား အောက်မေ့တာ*



www.myanmarcupid.net

အကြောင်း မညီညွတ်ကြဘူးလေ။ဦးသုခနေမကောင်းလို့ မလာဖြစ်ဘူးဆိုတဲ့ တယ်လီဖုန်း သတင်းက ဦးသန်းဆွေဆီက သတင်းထက် နောက်ကျပြီး ရပါတယ်။ ဦးလှတော့ ဦးသုခ မလာလဲ သွားမယ်လို့ပဲ။ နို့ပေမယ့် လွှန်ခဲ့တဲ့တပတ်က ကောက်ရသလို တကိုယ် လုံးဖောရောင်လာပါ တယ်။ ဒါနဲ့သမီးက ပါရဂူဒေါ်မြင့်မြင့်ခင်ကိုပြပြီး ရောဂါ အမျိုးမျိုး ရှာပါတယ်။ ပထမတရက် ရောဂါရှာမတွေ့ဘူး။ ဘာ့ကြောင့်ရောင် လာမှန်းမသိဘူး။ သမီးက တနေ့ရာရာမှာ ကင်ဆာများဖြစ်နေ သလားလို့ တော်တော် စိတ်ဆင်းရဲ ကြရတယ်။ နောက် အိတ်စရေးတွေ ဘာတွေရိုက်ကြည့်တော့ နှလုံးကြောင့် ပဲဖြစ်ရမယ် ဆိုပြီး ဆေးပေး ပါတယ်။ ဆီးဆေးလဲပေးတော့ ဆီးတွေဥရက်ဆက်ပြီး တအားသွားလို့ ကနေ့တတိယနေ့မှာ ပုံမှန်နီးနီး ပြန်ကျသွားပါပြီ။ ဒါ့ကြောင့်နက်ဖြန်ဖွင့်မယ့်ဘိုးဘွားရိပ်သာကိုတော့မသွားနိုင် တော့ပါဘူး။ရောဂါနဲ့ဆေးနဲ့တော့ တွေ့ပြီပဲလို့ထင်ပါတယ်။ အခုအိပ်ရာပေါ်မှ မဆင်းရဘူးဆိုလို့အိပ်နေရပါတယ်။ကျမတို့အားလုံးတော့နေကောင်းကြပါတယ်။

အမာ

ကိုလှရဲ့ ကျန်းမာရေးဟာ အဲဒီကတည်းက သိသိသာသာ



www.myanmarcupid.net

ချူချာလာပါတယ်။ လူချူချာတာထက် စိတ် ချူချာတာက သူ့ကို မကြာမကြာ နှိပ်စက် နေတတ်တယ်။ စိတ်ချူချာတယ်ဆိုတာက သောကရင်ဝယ်ပိုက်ပြီး စိတ်အပင်ပန်းခံတာကို ကျွန်တော် ပြောချင်တာပါ။ ကိုယ့်အတွက် သောက၊ ကိုယ့်အိမ်သားတွေအတွက် သောက၊ ကိုယ့်ဆွေမျိုးတွေရဲ့ သောကတွေ သာမကဘူး။ အပေါင်းအသင်း နီးစပ်ရာ မိတ်ဆွေသင်္ဂဟတွေအတွက် သောက တွေပါ ကန်ထရိုက်ခံပြီး ကြောင့်ကြပူပင်တတ်တဲ့စိတ်က သူ့ခန္ဓာကိုယ်ပါ နွမ်းရိစေတယ်။ "လူတခု ပူမှုရယ်တဲ့ ဆယ်ကုဋေ" ဆိုသလို ကိုယ့်မိသားစု အိမ်ထောင်အတွက် ခံယူရတဲ့ သောကအပြင် ဒီပြင်လူတွေရဲ့ အပူတွေ ကိုပါ စိုးရိမ်သောက ဖြစ်တတ်လွန်းလို့ သူ့သာ့ူယ် မောင်ငြိမ်းချမ်းက ကျွန်တော်ရောက်သွားတိုင်း "ဖေဖေ့ကို သောကများများ မခံဖို့ ပြောခဲ့စမ်းပါ ဦးလေးရာ"လို့ အမြဲ ပြောလေ့ရှိပါတယ်။ ၁၉၈၁–နှစ်ကုန်ခါနီးလောက်မှာ ကိုလှက ထားဝယ်နှင့်မြိတ်ကို သွားကြရအောင် ကျွန်တော်တို့ကို အဖော်ညှိတယ်။ ကျွန်တော်တို့ကလဲ ထားဝယ်ကို လေးငါးခါလောက် ရောက်ခဲ့ပြီးလို့ တကြောင်း၊ တိပိဋကနိကာယ သာသနာပြု သုံးနှစ်ခရီး စာအုပ်ကြီးအတွက် စာမူများ စိစစ်ရန် တွဲဖက်တာဝန် ယူထားတာက တကြောင်းမို့လို့



www.myanmarcupid.net

ထားဝယ်လိုက်ဖို့ကို ခပ်အင်အင် ဖြစ်နေပါတယ်။ အဲဒါကို မအေမာက ကိုလှဟာ ကျွန်တော် တို့နဲ့ ခရီးရှည်သွားရတာကို အလွန်စိတ်ချမ်းသာလွန်းလို့ လိုက်ခဲ့ဖို့အကြောင်း ပူဆာပြန်တယ်။ ဒီတော့ ထားဝယ်ကိုရောက်ဖူးပေမယ့် မြိတ်ကို မရောက်ဖူးသေးတာမို့ ၁၉၈၂–ခုနှစ် ဇန်နဝါရီလထဲမှာ ကျွန်တော်တို့ လိုက်သွားကြပါရော။ ဟုတ်ပါတယ်၊ ကိုလှနဲ့ ခရီးသွားရလျှင် ကျွန်တော်တို့က အင်မတန်ပျော်ပါတယ်၊ ကျွန်တော်တို့နဲ့ ခရီး သွားရယင်လဲ ကိုလှ အလွန်ပျော်ပါတယ်။ အစားအသောက်လဲ များများစားနိုင်တယ်။ မကြာခဏလဲစားရတယ်။ ကိုယ့်ရောဂါနဲ့ သင့်တာမသင့်တာတွေ သိပ်ရွေးမနေတော့ဘူး။ ထားဝယ်က မိတ်ဆွေတွေ၊ မြိတ်က မိတ်ဆွေတွေ ကလဲ အစားကောင်း အသောက်ကောင်း ထူးဆန်းထွေလာ အရသာမျိုးစုံကို စေတနာပိုပိုနဲ့ ဧည့်ခံကျွေးမွေးကြ တာလဲငြင်းမရ၊ ရှောင်မရလောက်အောင် ရှိတာပေါ့။ စားလိုက် သောက်လိုက် ဟောလိုက် ပြောလိုက်ပေါ့လေ။ ကျွန်တော်က ခရီးသွားဟန်လွှဲ တိပိဋကနိကာယ သုံးနှစ်ခရီးစာမူတွေ ယူလာခဲ့တယ်။ အဲဒီစာမူတွေထဲမှာ ဓမ္မနာဒချောင်မှ သီလရှင်ဆရာကြီး ဒေါ်ဓမ္မစာရီ အကြောင်း ဘယ်သူမှရေးကြတာ မတွေ့ရသေးဘူး။ အဲဒီ သီလရှင် ဆရာကြီးဟာ ယခုဆရာတော်

www.myanmarcupid.net

အရှင်ဝိစိတ္တသာရာဘိဝံသ ကိုယ်တော်ရဲ့ သာသနာ့မိခင်ကြီးလဲ ဖြစ်တယ်။ တိပိဋ္ဌ ကဓရ ဓမ္မဘဏ္ဍာဂါရိကဘဝသို့ရောက်အောင် အားပေးချီးမြှောက်လာခဲ့သူလဲ ဖြစ်တယ်။ လယ်တီဆရာတော် ဘုရားကြီးရဲ့ တပည့်ရင်း ဦးပဍ္ဍင်း ဦးပဏ္ဍိတနဲ့ စာသင်ဘက် ဖြစ်ခဲ့ဖူးတယ်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးက ဒဂုန်မဂ္ဂဇင်း ယုဝတီစက္ခုအခန်းမှာ မန္တလေးခင်တုတ်လို့ ကလောင်နာမည် ယူထားတာဟာ ဒေါ်ဓမ္မစာရီရဲ့ အပျို ကလေးဘဝ ငယ်နာမည် (တုတ်တုတ်)ကို ရည်ညွှန်းထားတာ ဖြစ်တယ်တဲ့။ အဲဒီအထိ အရေးတယူ လေးစား ခြင်းခံခဲ့ရသူ ဖြစ်တယ်။ အဲသည် မယ်တော်ကြီး အကြောင်းကို ဒေါ်အမာက ရေးနိုင်လိမ့်မယ်၊ ရေးပေးစမ်းပါလို့ ကျွန်တော်ခိုင်းတယ်။ ဒါဆိုယင် ဒီစာအုပ်ပိုပြီး ပြည့်စုံသွားမှာပဲလို့ ကျွန်တော်က တိုက်တွန်းရတယ်။ မအမာ ကလဲ ရေးပေးဖို့ တာဝန်ယူတယ်။ ကိုလှမှာ စားကောင်းသောက်ကောင်း လန်းလန်းဆန်းဆန်း ပျော်ပျော်ရွှင်ရွှင် ရှိနေပေမယ့် ခါးကိုက်တဲ့ ဝေဒနာကတော့ အခံရ ဆိုးနေတယ်။ အဲဒီ အကိုက်အခဲကို ပျောက်အောင်ဆိုပြီး ဆေးအမျိုးမျိုးကို ပဲလှော်ဝါး သလို ဝါးဝါးစားနေတယ်။ ထားဝယ်ကနေ မြိတ်ကို လေယာဉ်ပျံနဲ့သွားကြတယ်။ မြိတ်ကသင်္ဘောစီးပြန်ရအောင် ဆိုပြီး 'ဟားခါး' သင်္ဘောနဲ့ ရန်ကုန် ပြန်ခဲ့ကြတယ်။ ရန်ကုန်ရောက်တော့လဲ သူတို့နဲ့အတူ

www.myanmarcupid.net

မန္တလေး လိုက်ခဲ့ဖို့ရာ ခေါ်ပြန်ပါရော။ အကြောင်းမရှိ အကြောင်းရှာပြတာက ကျွန်တော့်မွေးနေ့ အတွက် မန္တလေး ဘိုးဘွားရိပ်သာမှာ ဆွမ်းကျွေးကြ ရအောင်တဲ့လေ။ ကျွန်တော်တို့ကလဲ တခါကနှစ်ခါ နားမပူလိုက်ရပါဘူး။ သူတို့လင်မယား မိသားစုကို (သမီးအငယ် မတင်ဝင်းကလဲပါသေးသကိုး။) သူတို့အိမ်အရောက် လိုက်ပို့လိုက်ကြတာပါပဲ။ မန္တလေးဘိုးဘွားရိပ်သာမှာ သံဃာတော်များ နဲ့တကွ ဘိုးဘွားတွေကို ဆွမ်းကျွေးပြီးတော့ ရန်ကုန်ပြန်ရောက် ခဲ့တယ်။ နှစ်လလောက်အကြာမှာ မအေမာဆီက ၂၈–၄–၈၂ နေ့စွဲနဲ့ စာတစောင် ရပြန်လေရော။ သူ့စာထဲမှာ ပါတာက ဦးလှတော့ ဗမာဆေးတွေရော၊ အင်္ဂလိပ်ဆေးတွေရော၊ ရေတွေရော တအားသောက် နေလေရဲ့၊ ကျောက်ကတော့ မကျသေးဘူး။ (ကျောက်ကပ်ထဲမှာ ကျောက်တွယ်နေသည်ဟု ဆိုပါတယ်)။ အစာတော့ အခါတိုင်း တဝက်လောက်ပဲ စားသေးတယ်။ မအေမာရဲ့ စာအရ ကိုလှဟာ စိတ်ဓာတ် ကျဆင်းနေတယ်လို့ သိရတယ်။ အစားအသောက် ပျက်နေ ကြောင်းလဲ သိရတယ်။ အဲဒီရက်အတွင်းမှာ မီးကလဲ ခဏခဏ လန့်တယ်။ ဧပြီလဆိုတော့ မန္တလေးမြို့ရဲ့ အပူချိန်ဟာ ၁၀၆ ဒီဂရီက မဆင်းလေတော့ ကျန်းမာရွှင်လန်းနေတဲ့လူတွေတောင် မေမြို့ကို တက်ပြီး



www.myanmarcupid.net

အပူရှောင် ကြသေးတာမို့ ကိုလှကို မေမြို့တက်နေဖို့ ကျွန်တော်က ဖုန်းနဲ့တိုက်တွန်းလိုက်တယ်။ သူက မီးကို စိတ်မချလို့ ညအိပ်ညနေ ဘယ်မှမသွားချင်တဲ့ အကြောင်းပြောတယ်။ ဒီတော့ ကျွန်တော်က "အသက်ကိုဥာဏ်စောင့်၊ ဥစ္စာ ကိုကံစောင့် ဆိုတယ် မဟုတ်လား၊ တကယ်မီးလောင်တော့ ခင်ဗျားကိုယ်တိုင် ခါးတောင်းကျိုက်ပြီး မီးသတ် မလို့လား၊ ဥာဏ်ရှိတဲ့ ယောကျ်ားဆို ကိုယ့်အသက်နမြောယင် မေမြို့မှာ တလလောက် သွားနေချေပါ"လို့ ကျွန်တော်က အကိုကြီးတယောက် လေသံနဲ့ ပိုင်စိုးပိုင်နင်း ပြောခါမှ ဘသားချောက ခင်ဗျားနဲ့ဇဝနအတူ လိုက်ကြယင် သွားမယ်၊ ကျွန်တော် တယောက်တည်းတော့ မသွားဘူးလို့ အကြုပ်ကိုင်ပါလေရောဗျာ။ အဲဒီ စကားမျိုးကို ကျွန်တော့်ကိုသာ ပြောတာမဟုတ်၊ ဇဝနကိုလဲ နားပူနားဆာဖုန်းနဲ့ လုပ်သေးသတဲ့လေ။ အဲဒါ ဇဝနက ကျွန်တော့်ဆီကို ဖုံးဆက်ပြန်ပါရော။

ဘာကြောင့်ရယ်လို့တော့ မပြောနိုင်ဘူး။ ကိုလှရဲ့ ကျန်းမာရေးကို စိတ်မချနိုင်အောင် ရှိနေတာက ဇဝနရော၊ ကျွန်တော်ပါ ထပ်တူထပ်မျှ ဖြစ်နေကြတာ။ အဲဒီနေ့က ဖုန်းနဲ့စကားပြောမှ သိကြရတယ်။ ဇဝနကလဲ ကျွန်တော့်ကို ခေါ်တယ်။ မန္တလေးကိုလှဆီကလဲ ဖုန်းခဏခဏဆက်တယ်။ မေလ ၁၄–

www.myanmarcupid.net

ရက်နေ့မှာ မေမြို့ကို တက်ကြဖို့ အစီအစဉ်အားလုံး လုပ်ပြီးပြီ၊ ဇဝနတော့ ၁၂–ရက်မှာ လိုက်လာမယ့်အကြောင်း ဖုန်းပြန်လာတယ်။ ခင်ဗျားပါ သူနဲ့လိုက်ခဲ့ပါလို့ ပူဆာတယ်။ ကျွန်တော့်မှာက ၁၆–ရက်နေ့ နေ့လည်မှာ ဆောင်ရွက်ပေးရမယ့် မင်္ဂလာဆောင် တခုက ရှိနေတယ်။ ဒါ့ကြောင့် အဲဒီည ၉ နာရီရထားနဲ့ပဲမှ မန္တလေးကို လိုက်သွားရတယ်။ နောက်တနေ့ မနက် ၁၀နာရီမှာရောက်လို့ ကျွန်တော့်မိတ်ဆွေကြီး ကိုသန်းဆွေက ဘူတာမှာ လာကြိုတယ်။ ကိုလှ မအမာနှင့်ဇဝနတို့တော့ ၁၄ ရက်နေ့က မေမြို့ကို တက်သွားကြကြောင်း ပြောပါတယ်။ ဒီတည မန္တလေး မှာ အနားယူပြီး နက်ဖြန်မနက်မှ မေမြို့ကို တက်ပါဆိုတာကိုတောင် ကျွန်တော် မန္တလေးမှာ မနားပဲ ကိုသန်း ဆွေကို မေမြို့အရောက် အပို့ခိုင်းရတယ်။ မေမြို့အောင်ဇေယျလမ်း အမှတ် ၄၄ အေးသုခတိုက်ဆိုတဲ့ ခြံလေးထဲ ကို မော်တော်ကားလဲ ဝင်သွားရော ကိုလှရော၊ ဇဝနရော မအမာပါ ဝမ်းသာအားရ ဖြစ်ကုန်ကြတယ်။ မိတ်ဆွေချင်း တဦးနဲ့တဦး မျှော်လင့်ထားသည့်အတိုင်း တွေ့ကြုံရသည့်အခိုက်အတန့် အချိန်မျိုးမှာ ရွှင်ပြုံးပျူငှါ ခြင်းသည် အတိုင်းမသိ မင်္ဂလာ ကျက်သရေ ရှိပါဘိတယ်လို့ ဆိုရမလောက် ဖြစ်မည် ထင်ပါတယ်။

www.myanmarcupid.net

"ခင်ဗျားတို့က ကျုပ်အိမ်ကို အပိုင်စီးပြီး တက်နေကြတာကိုးဗျ"လို့ ခြံဝက ဆိုင်းဘုတ်ကို ရည်ညွှန်းပြီး ကျွန်တော်က ပြောလိုက်တာကို "အမယ်လေး ကိုလှကလဲ ခြံထဲဝင်လာတဲ့ မော်တော်ကားသံ ကြားလိုက်တာနဲ့ "ဟော တိုက်ရှင်လာပြီဟေ့"လို့ အိပ်ရာထဲက လူးလဲထလာတာပါရှင်"လို့ မအမာက ဧည့်ထောက်ခံလိုက်ပါတယ်။ အမှန်စင်စစ် လှပစွာသော အေးသုခတိုက်သစ်ကလေးမှာ ကိုလှနှင့် မအမာတို့၏ ရင်းနှီးလှတဲ့ ဦးကွန်းစိန်ရဲ့ တိုက်ကလေးသာ ဖြစ်ပါတယ်။ မအမာက အပူရှောင်ရအောင် အသက် ၉၄နှစ် ရှိပြီဖြစ်တဲ့ ဖခင်ကြီးကိုပါ တယုတယ ခေါ်လာခဲ့တာမို့ မေမြို့မှာ စိတ်ချလက်ချ အေးအေးလူလူ တလလောက် နေကြရအောင် တိုင်ပင်ပါတယ်။ ကျွန်တော်က တလအထိ မနေနိုင်ပါ၊ တိပိဋက သုံးနှစ်ခရီးစာအုပ်အတွက် မအမာထံမှ ဒေါ်ခမ္မစာရီစာမူကို အရယူပြီး ဆရာတော်ဘုရားထံ အချိန်မီ ပြန်အပ်ရန် အကြံအစည်က ပါလာခဲ့တယ်။ ထို့ကြောင့် မအမာကို ရေးဖြစ်အောင် နေ့စဉ်တိုက်တွန်းနေရတယ်။ ယခု ဆောင်းပါးအစမှ ဖော်ပြခဲ့တဲ့ "ပုဗ္ဗေဝ သန္နိဝါသေန" ဆိုတဲ့ ဘုရားဟောဒေသနာ မေတ္တာရဲ့ အကြောင်းကို မေမြို့မှာ ကိုလှတို့လင်မယားနဲ့ ဇဝနနဲ့ ကျွန်တော်နေခဲ့ကြစဉ်က

www.myanmarcupid.net

မကြာခဏ သတိရခဲ့ပါတယ်။ ကြည့်ပါလေ.. မအေမာက မနက်စျေး၊ ညနေစျေး ဟင်းကျွေးချက်စရာ အဝယ်သွားခါနီးမှာ ကျွန်တော်နဲ့ဇဝနကို

"ဘာဟင်းလေးများစားချင်ကြသလဲ"လို့ တကူးတက အရေးတယူမေးပြီး သူကိုယ်တိုင် ဖွယ်ဖွယ်ရာရာ ဝင်ချက်လေ့ရှိပါတယ်။ ကိုလှကလဲ "ကိုသိန်းရေ..ရေချိန်လေး ကိုက်သလောက် အထိတော့ သောက်ချင် သောက်ပါဗျာ" လို့ ဇဝနကို အရက်ပုလင်းထောင်ပေးတယ်။ ကျွန်တော်က ဇဝန အရက်နဲ့မြည်းဖို့ ငါးမုန့်ကြော်၊ အာလူးကြော်၊ မြေပဲကြော် 'ဂျာနေဂျိုး' ခေါ် ကုလားပဲကြော်ကလေးများကို လမ်းထွက်တိုင်း ဝယ်လာဖို့ မပျက်ခဲ့ပါဘူး။ ညအိပ်တာတောင်မှ ကိုလှက ကျွန်တော်တို့နဲ့ နီးနီးနားနားမှာ လာအိပ်တယ်။ မအေမာခမျာ ပင်တိုင်စံ မင်းသမီး ပေါ့။

ကျွန်တော်တို့ အချင်းချင်းစကားအမျှင်မပြတ်ကြသေးခင် စာပေလုပ်သားများ အလည်လာတတ် ကြတယ်။ စစ်တက္ကသိုလ်မှ ဟောပြောပွဲ အဖိတ်အခေါ်လာကြတယ်။ မီးရထားရိပ်သာမှာ စာပေဝါသနာရှင်များ စကားပြောကြရအောင် လာကြတယ်။ မအေမာက ကျွန်တော်တို့ သုံးယောက် တွက်သာမက လာကြသော ဧည့်သည်များအတွက်ပါ ကျွေးမွေးဧည့်ခံရန်



www.myanmarcupid.net

(တောင်တောင်အီအီ) စီမံထားလေတော့ ကျွန်တော်တို့ စကားပြော ယင်ပြော၊ အစားစားယင်စား ပါးစပ်အားရတယ်လို့ မရှိတော့ပါဘူး။ သူတို့လင်မယားက အရှဏ်တကျသာသာ ငါးနာရီလောက်မှာ ငါးမိုင်လောက် လမ်းလျှောက်ကြမြဲ ဖြစ်ပါတယ်။ ရွက်ထည် လမ်းလျှောက်ဖိနပ်နှင့် ခြေအိတ်နှင့် အနွေးထည်များ သိပ်သိပ်သည်းသည်း ဝတ်ပြီး ခြေလှမ်း မနှေးမမြန် စကားမပြောပဲ ပုတီး စိတ်ယင်း လျှောက်ကြမြဲ ဖြစ်ပါတယ်။

"အမာရေ ကိုသုခအတွက် မနက်မနက် ထ လမ်းလျှောက်ဖို့ ဖိနပ်တရံ ဝယ်ပေးရအောင်ကွာ"တဲ့။ သူက ကျွန်တော်ကြား၍ နိုးလာအောင် ခပ်ကျယ်ကျယ်ပြောတော့ ကျွန်တော်က 'မေမြို့ကို လာနေတာ ကျုပ်အတွက် လာနေတာ မဟုတ်ဘူးဗျို့၊ ကျန်းမာရေးလိုက်စားပြီး ခဏခဏ ချူချာနေတဲ့ ခင်ဗျားအတွက် လာနေရတာဗျ့"လို့ အိပ်ရာထဲက လှမ်းအော်ပြောရတယ်။ ဇဝနနဲ့ ကျွန်တော်က ၇–နာရီ မထိုးမချင်း မထကြဘူး။ တယောက်က အိပ်ယာထဲက မထသေးယင် တယောက်ကလဲမထဘူး။ တခါတလေ စောစောများ ထမိယင် ကျွန်တော်တို့ နှစ်ယောက်တိုင်ပင်ပြီး ကိန်းကြီးခမ်းကြီးနဲ့ လမ်းလျှောက်ထွက်ကြတယ်။ လမ်းလျှောက်ယင်း စကားကို ဖောင်လောက်အောင် ပြောတယ်။ ရပ်ရပ်ပြီးတော့လဲ ပြောတယ်။

www.myanmarcupid.net

ဘယ်လောက်မှ ခရီးမရောက်သေးဘူး၊ ပြန်ချင် ပြန်လှည့်လာကြတယ်။ အိမ်အပြန်လမ်းမှာ စားချင်တာလေးတွေတွေ့ယင်လဲ ဝင်စားကြတယ်။ အဲဒါ ကျွန်တော် တို့နှစ်ယောက်ရဲ့ မာရသွန်လမ်းလျှောက်ပွဲကြီးပါပဲ။ တမနက်တော့ ဇဝနနဲ့ကျွန်တော် လမ်းလျှောက်ယင်း နမိတ်မရှိ နမာမရှိ စကားပြောမိကြတယ်။ "ကျုပ်တော့ ကိုလှကို ဒီနှစ်ထဲ စိတ်မချဘူးဗျာ"လို့ ဇဝနကပြောတော့ "ခင်ဗျားက ဗေဒင်တတ်တဲ့လူမို့ ပြောတာ ဖြစ်ချင်ဖြစ်မယ်၊ ကျွန်တော်ကတော့ ဗေဒင်မတတ်ပဲနဲ့ စိုးရိမ်နေမိတယ်။ အခုနေ ကိုလှသေသွားယင် မအေမာ တော့ ဒုက္ခပဲ"လို့ ကျွန်တော်ကအပြော "သူသေသွားလို့ မအေမာဒုက္ခဖြစ်တာထက် မအေမာသေသွားလို့ သူဒုက္ခ ဖြစ် ကျန်ရစ်ခဲ့မှာက ပိုဆိုးလိမ့်မယ် ခင်ဗျာ့"လို့ ဇဝနက ပြောခဲ့ပါတယ်။ ကျွန်တော်က မအေမာကို နေ့တိုင်း နေ့တိုင်း စာရေးခိုင်းတယ်။ မအေမာကလဲ ကျွန်တော်ရဲ့ဆန္ဒဖြည့်စွမ်းပေးရှာပါတယ်။ ဒါပေမယ့် မအေမာက သိတယ်။ ကျွန်တော် သူ့ဆီက စာမူမြန်မြန်ရယင် မြန်မြန်ပြန်သွားလိမ့်မယ် ဆိုတာ သူသိတာပေါ့။ ကျွန်တော် ကလဲ မအေမာစာကို စာပေစိစစ်ရေးသို့ အခြားစာမူများနှင့်အတူ တပါတည်း တင်နိုင်ရအောင် မြန်မြန်ရယင် မြန်မြန်ပြန်မှဖြစ်မယ်။ တကယ်တော့ စာမူများကို



www.myanmarcupid.net

တည်းဖြတ်တာတို့၊ စိစစ်ရွေးချယ်တာတို့၊ အစီအစဉ်ချပေးတာတို့ဟာ ဆရာတော်ဘုရား ကိုယ်တိုင် ပြုတော်မူတာပါ။ စာပေစိစစ်ရေးအဖွဲ့ကို တင်ပြဖို့ လက်နှိပ်စက်ကော်ပီ ၄စောင်စီ ရိုက်တာတောင် ဆရာတော်ဘုရား ကိုယ်တော်တိုင် ရိုက်ပေးတော်မူတာပါ။ ဒါ့ကြောင့် မအေမာ စာမူကို ဆရာတော်ထံ ကြိုကြိုတင်တင် အပ်နှံပြသချင်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်က မအေမာကို နေ့တိုင်း ပူဆာ ရတယ်။ ပျော်ပျော်ပါးပါး စားကြသောက်ကြ ပြီးတဲ့နောက် မေလ ၂၆ ရက်နေ့မှာ မအေမာဆီက စာမူရပါတယ်။ မေလ ၂၇ရက်နေ့ ညနေပိုင်းမှာ မန္တလေးကို ပြန်ဆင်းဖို့ စီစဉ်ရပါတယ်။ ကျွန်တော်မေမြို့မှာ သူတို့နဲ့အတူ ၁၁ ရက် နေခဲ့ပြီလေ။ မန္တလေးကို ဆင်းမယ့်ဂျစ်ကား ကျွန်တော့်ကို လာခေါ်တဲ့အချိန်မှာ အိပ်ယာထဲဝင်ခွေလိုက်တဲ့ ကိုလှရဲ့မျက်နှာကို ကျွန်တော် ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။ အဲဒီတုန်းက ကျွန်တော့်စိတ်ထဲမှာ ထိတ်ကနဲ ဖြစ်သွားပြီးအကြီးအကျယ် ဝမ်းနည်းလိုက်မိတာ မနည်းကြီးဟန်ဆောင်၍ ဖုံးထားလိုက်ရပါတယ်။ ရန်ကုန် ရောက်ရောက်ချင်း ဆရာတော့်ထံ မအေမာရဲ့စာမူကို အပ်နှံလိုက်ပါတယ်။ ဆရာတော်ကလဲ ဖတ်ပြီးတော့ နှစ်သက်တော်မူပါတယ်။

www.myanmarcupid.net

"အင်း အမျိုးသမီးကြီး တယောက် အကြောင်းကို အမျိုးသမီး စာရေးဆရာမကရေးတာမို့ သဘာဝကျ နေတယ်။ မယ်တော်ကြီးနဲ့ သူတို့မိဘများနဲ့က ရပ်ဆွေရပ်မျိုးဖြစ်နေတာမို့လို့လဲ အကြောင်းအချက် စုံစုံလင်လင် ပါလာတာပေါ့။ မအေမာကလဲ အရေးအသားကောင်းပေတယ်။ "အပွင့်ကြီး၍ အသီးအောင်တယ်၊ အသီးအောင်လို့မြားမြောင်တဲ့ မျိုးစေ့တွေကို ပေးစွမ်းနိုင်တယ်" ဆိုတဲ့စာပိုဒ်ဟာ မယ်တော်ကြီးရဲ့ ဂုဏ်ကျေးဇူးတို့ကို တိုတိုနဲ့ နက်ရှိုင်းကျယ်ပြန့်စွာ ဖော်ရေးလိုက်တာဖြစ်တယ်" လို့ ချီးမွမ်းတဲ့အခါ ကျွန်တော့်မှာ ဝမ်းအသာကြီး သာလိုက်ရ ပါတယ်။ မဟာသံဃာ့နာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ ဆရာတော်များ၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ကြီးများမှစ၍ ရဟန်းရှင်လူ စာမူပေါင်းစုံ၊ ပန်းချီဆရာပေါင်းစုံ၊ ဓာတ်ပုံဆရာပေါင်းစုံ၊ ဘလောက်တိုက်၊ အော့ဖ် ဆက်ပုံနှိပ်စက်ပေါင်းစုံတို့ရဲ့ အားသွန်ခွန်စိုက် ကမ္မကထ ကုသိုလ် ယူကြတဲ့အတွက် စာမျက်နှာ၄၀၀–နီးပါးရှိတဲ့ သာသနာဝင် သာသနာပြု စာအုပ်ကြီးဟာ လှလှပပခန့်ခန့်ညားညား အောင်မြင်စွာ ပြီးမြောက်ခဲ့ပါတယ်။ ဒါကို ဆရာတော်ဘုရားက နှစ်ထောင်းအားရ ရှိတော်မူလို့ ပါဝင်ရေးသား

www.myanmarcupid.net

စာမူလှူဒါန်းကြတဲ့ စာမူရှင်များကို ကြီးကျယ်ခမ်းနားစွာ ဂုဏ်ပြု၍ ဆရာတော်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော စာအုပ်များဖြင့် ကျေးဇူး တုံ့ပြန် ချီးမြှင့်လှူဒါန်းသည့် စာပေသဘင်ကြီး ဆင်ယင်ပေးဖို့ အမိန့်တော်ရှိပါတယ်။ ဆရာတော်ဘုရား၏ အမိန့်ကို ဦးထိပ်ရွက် ပန်ဆင်ရသည့်အတိုင်း တိပိဋကနိကာယ သာသနာပြုအသင်းကြီး၏ဥက္ကဋ္ဌ ဝဏ္ဏ ကျော်ထင် ဆရာဝန်ကြီး ဦးသာလှနှင့် အမှုဆောင် လူကြီးများက ထိုပွဲတော်ကို ဩဂုတ်လ ၁–ရက်နေ့တွင် ပြုလုပ်ရန် စည်းဝေးဆုံးဖြတ်လိုက်ကြပါတယ်။

ကျွန်တော်က အဲဒီပွဲတော်မှာ မအမာကိုယ်တိုင် ဆရာတော်၏လက်တော်မှ ပေးလှူသော စာအုပ်ကို ရှင်လူပရိသတ်များ အလယ်မှာ လက်ခံ ယူငင်စေလိုပါတယ်။ သာသနာတော်ကြီးကို ကြည်ညိုမြတ်နိုးစွာဖြင့် ဂုဏ်ယူရမည်သာ ဆိုလျှင် ထိုအခိုက်အခါ အခွင့်အလမ်းသည် သာသနာ့မှတ်တမ်းဝင် တစိတ် တဒေသဟု ဆိုနိုင်တယ် မဟုတ်ပါလား။ ဒါ့ကြောင့် ဇွန်လ ၁၃–ရက်နေ့ည ၇နာရီမှာ ကိုလှဆီဖုံးဆက်ပြီး အကြောင်းကြား လိုက်တယ်။ မအမာ အဲဒီပွဲကို လာဖြစ်အောင် လာစေချင်တယ်ပေါ့။ ကိုလှက လာဖြစ်အောင် ကြိုးစားမယ့်အကြောင်း၊ ယခုရက်အတွင်း

www.myanmarcupid.net

သူကိုယ်တိုင် နေမကောင်း ပေမယ့် မကြာခင် နေကောင်းလာလိမ့် မယ်လို့မျှော်လင့်ကြောင်း၊ ကျွန်တော့်ကိုလဲ နေကောင်းအောင်နေဖို့မှာလိုက်ပါသေးတယ်။ အဲဒီနေ့ကစပြီး ကိုလှရဲ့ ကျန်းမာရေးကို မိတ်ဆွေကြီး ကိုသန်းဆွေမှ တဆင့် စူးစမ်းထောက်လှမ်း ရပါတယ်။ ကောင်းကောင်းတော့ နေကောင်းတယ် မဟုတ်၊ သို့ပေမယ့် ထူထူထောင်ထောင်တော့ ရှိနေတဲ့အကြောင်း ကြားသိရပါတယ်။ ကျွန်တော်ရဲ့ ဆန္ဒအတိ အကျကို ပြောရမယ် ဆိုယင် မအေမာ တယောက်တည်းလာ၍ ထိုစာသဘင်ပွဲကို တက်ပြီး တညအိပ်နှင့်မန္တလေး ကို ပြန်စေချင်တာ အမှန်ဖြစ်ပါတယ်။ ဒါပေမယ့် ကိုလှကို ကျွန်တော်က အဲဒီလို မပြောရက်ပါ။ ပြောလိုက်ရင် သူစိတ်ဓာတ်ကျသွားမှာ သေချာသလောက်ပေါ့။ ဇနီးမောင်နှံ ဆိုသည်မှာ ငယ်ငယ်က မခွဲနိုင်တာ တမျိုး၊ အသက်ကြီး လာတဲ့အခါ၊ နာမကျန်းဖြစ်နေတဲ့အခါ၊ လောကဓံ၏ အထုအထောင်း ကို ခံနေကြရတဲ့ အခါမျိုးတို့ မှာမခွဲခွါနိုင်ကြတာက တမျိုးဆိုတာကို ကျွန်တော်သိပါတယ်။ ကိုလှက စကားစပ်မိ တဲ့အခါတိုင်း ပြောတတ် ပါတယ်။

"ကျွန်တော်နဲ့ အမာက အသက်ကြီးလာမှ မခွဲနိုင်မခွါရက် ပိုပြီးဖြစ်လာကြတာဗျ၊ ကြည့်ပါလား ကျွန်တော်ထောင်ထဲ ခဏလေး ဝင်သွားတယ်။ကျွန်တော့်ကို



www.myanmarcupid.net

စိတ်မချဘူးဆိုပြီးသူပါဝင် လိုက်လာ တယ်လေ”လို့ ရယ်သွမ်းသွေးပြီး ပြောတဲ့အတွက် သူတို့လင်မယား ၏ ကြမ္မာကို သတိရသူများက စိတ်မကောင်းစွာနဲ့ ရယ်ကြရတယ် မဟုတ်လား။ ကိုလှသာ ထူထူထောင်ထောင်ရှိယင် တရက်နှစ်ရက် ခရီးလောက်ဖြင့် ကိစ္စမရှိ တန်ရာဟု သဘောပိုက်ပြီး ဇူလိုင်လ ၂၀–ရက်နေ့မှာ မအေမာထံသို့ စာရေး အကြောင်း ကြားလိုက်ပါတယ်။ ဘယ်နည်းနဲ့မဆို သူနေရစ်ခဲ့လိမ့်မယ် မဟုတ်တာကို ကျွန်တော်သိပါ တယ်။ ကျွန်တော်၏ စေတနာကိုလဲ သူသိပါလိမ့်မယ်။ ကျွန်တော်၏ ရည်ရွယ်ချက်ကိုလဲ သူသိပါလိမ့်မယ်။ဒါ့ကြောင့် ဇူလိုင်၂၉– ရက်ညမှာ သူတို့လင်မယားနှစ်ယောက် ရန်ကုန်သို့ ရောက်လာ ကြပါတယ်။ ကျွန်တော်နဲ့ တွေ့လိုက်တော့ ဘာဆိုဘာမှ မဖြစ်တဲ့ အတိုင်း ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်းကြီး ဖြစ်နေလို့ ဝမ်းသာလိုက ရပါတယ်။ နောက်တနေ့မနက် ကျွန်တော့်အိမ်မှာ ထမင်းစားကြတယ်။ သူနဲ့လက်ဆုံ ပျော်ပျော် ပါးပါးစားကြရအောင် ဦးအေးကြည် နဲ့ဇဝန၊ ဗိုလ်မှူးအောင်သိန်းပါ ဖိတ်ပေးရပါတယ်။ ကိုလှက ရယ်ကာ မောကာ စားလား သောက်လား သွက်သွက်လက်လက် ဖြစ်နေတာကို မအေမာက ကျွန်တော့်ဇနီးအား ပြပြီး –



www.myanmarcupid.net

"ကြည့်စမ်းပါဦး မကြင်ရယ်၊ သူငယ်ချင်းတွေနဲ့ တွေ့တော့ ရွှင်ရွှင်ပျပျ စားလို့သောက်လို့၊ အိမ်မှာများ ဖြင့် အိပ်ရာထဲမှာ တခွေခွေနဲ့ ကျမများ တမင်မူနေတာလား မသိပါဘူး" လို့ ကျွန်တော်၏ အိမ်သူမကို တိုင်ပြော လေးပြောလို့ ဝိုင်းရယ်ကြရပါသေးတယ်။ ဩဂုတ်လ ၁–ရက်နေ့ နေ့လယ်၁၂–နာရီလောက်မှာ ဆရာတော်ဘုရား ၏ စာပေသဘင်ပွဲ စတင်ကျင်းပပါတယ်။ အသိပညာရှင်၊ အတတ်ပညာရှင်၊ ရှင်စုံလူစုံ ပုဂ္ဂိုလ်ကြီးများကလဲ ကျောင်းပြည့်၊ အရာမ်ပြည့် အပြည့်အနှက် ရှိနေပါတယ်။ လူတွေကျပ်တည်း ကျဉ်းမြောင်းရသည့်အထဲတွင် ရှိသေတုပ်ကွ အထိုင်ရကြာရှည် လာသောကြောင့် ကိုလှမှာ မသက်မသာ ဖြစ်နေပုံရပါတယ်။ ကျွန်တော်က မအမာဆုယူပြီးတဲ့နောက် ပြန်ကြစို့ လားဟု အဖော်ညှိ ကြည့်လိုက်သေးတယ်။ သူက ကိုယ့်လူ ပန်းပုဆရာ ဦးဟန်တင်ရဲ့ ဆရာတော့်ရုပ်တုအပ်ပွဲ ဦးဟန်တင် စကားပြောဦးမှာကို စောင့်စားနားထောင်ဦးမယ်တဲ့။ ညနေ ၇–နာရီလောက်မှ အစီအစဉ်က ပြီးဆုံး၍ ဤအချိန်မှပင် ကျွန်တော်တို့ ပြန်ခဲ့ကြတယ်။ ညောင်းညာနွမ်းရိပုံရှိပေမယ့် စာသဘင်ပွဲတော်ကို နှစ်ထောင်းအားရရှိလှကြောင်း "လာရကျိုးနပ်" တဲ့အကြောင်း တဖွဖွ ပြောနေပါသေးတယ်။ နောက်တနေ့မနက် ဩဂုတ်လ ၂–ရက်နေ့ နံနက် ၆–နာရီ ၄၅–

www.myanmarcupid.net

မိနစ်ရထားဖြင့် ကိုလှတို့ လင်မယား မန္တလေးသို့ ပြန်သွားကြတာကို ကျွန်တော်တို့ လင်မယားနှင့်တကွ မိတ်ဆွေသင်္ဂဟတွေ တစုတဝေးကြီး လိုက်ပို့ကြပါတယ်။ အဲဒီအချိန် အဲဒီအခါ တရွေ့ရွေ့ ထွက်ခွာသွားသော မီးရထားပေါ်မှ ပြုံးပြုံး ကြီးနှုတ်ဆက်သွားရှာတဲ့ ကိုလှရဲ့ မျက်နှာဟာ ကျွန်တော့်အတွက် အသက်ရှင်လျက်နှင့် နောက်ဆုံးမြင်လိုက်ရခြင်းသာ ဖြစ်ပါတော့တယ် ခင်ဗျား။ ဩဂုတ်လ ၇-ရက်နေ့ နံနက် ၈-နာရီ ၁၅-မိနစ်တွင် 'ဆုံးသည်'ဟု ဖုန်းလာပါတော့တယ်။ "သဗ္ဗေသင်္ခါရာအနိစ္စာ"ဆိုသော ဗုဒ္ဓ၏တရားတော်ကို အကြွင်းမဲ့ ယုံကြည်မြတ်နိုးစွာ သတိမကွာအောင် ကြိုးစားလျက်ရှိပါတယ်။ ဒါပေမယ့် ကိုလှကိုတော့ ကျွန်တော် မသေစေချင်သေးပါ။

သုခီ အတ္တာနံ ပရိဟရန္တု။

သုခ

၇-၁၀-၈၃

www.myanmarcupid.net



*စကားပြောယင်း စဉ်းစားတဲ့အခါက လွဲယင်*

*သူကပြောတဲ့အခါရော၊ သူကနားထောင်တဲ့အခါပါ အမြဲ ပြုံးပြီး*

*နားထောင်လေ့၊ ပြောလေ့ရှိတယ်။ ဦးလှစိတ်ဆိုးတဲ့*

*မျက်နှာတော့ မတွေ့ဖူးဘူး။*

*သူများအတွက် စေတနာလဲကောင်း၊*

*ကိုယ်နှုတ်အမူအရာသိမ်မွေ့ပြီး အမြဲပြုံးနေတတ်တဲ့ ဦးလှဟာ*

*လူချစ်လူခင်များတာ မထူးဆန်းပါဘူး။*

# အမြဲပြုံးနေတတ်သော ဦးလှ

## ဂါဒီယန် ဦးစိန်ဝင်း

www.myanmarcupid.net

ဦးလှ၏ အမည်ကို ကြီးပွားရေးမဂ္ဂဇင်းနှင့် ပတ်သက်ပြီး စစ်မဖြစ်မီကပင် ကြားဖူးပါတယ်။ လူကို တော့ စစ်ပြီးကာလမှ သိရပြီး ၁၉၆၀–ခုနှစ်လောက်မှပဲ ရင်းရင်းနှီးနှီး ဆက်ဆံသိရှိရပါတယ်။ စစ်ပြီးခါစ မြန်မာ့အလင်း သတင်းစာတိုက်မှာ ကျွန်တော် သတင်းထောက်လုပ်စဉ်က မြန်မာ့အလင်းမှာ အယ်ဒီတာချုပ် ဦးသန်းတင့်၊ အယ်ဒီတာများ ဖြစ်ကြတဲ့ ဦးသောင်းညွှန့် (ရွှေပိန်သောင်း)၊ ဦးစိုးမောင် (သာဂရစိုး)၊ သတင်းထောက်ကြီးများ ဖြစ်ကြတဲ့ ဦးဘနှင်းနဲ့ ဦးချစ်ဦးတို့ ရှိကြပါတယ်။ အဲဒီသတင်းစာတိုက်မှာ ဂျာနယ်ကျော် ဦးချစ်မောင်၊ ဦးညဏ၊ ဦးသုခ၊ ဦးလှ၊ ဦးအုန်းလွင်၊ ဦးဟိန်စွန်းအစရှိတဲ့ သတင်းစာဆရာ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာတွေ ဆုံလေ့ရှိပါတယ်။ ၎င်းဆရာကြီးများက ဦးလှကို ဦးလှ၊ သို့မဟုတ် ကိုလှလို့ခေါ်ကြပါတယ်။ ဦးလှမှာ အရွယ်တင်သူ ဖြစ်၍ ကျွန်တော်ထက် ၄–၅နှစ်လောက်သာ ကြီးမယ်ထင်ပြီး ကျွန်တော်ကလဲ ဦးလှလို့ပဲ ခေါ်ခဲ့ပါတယ်။ ၁၉၆၀ – ခုနှစ်လောက်ကစပြီး ရန်ကုန်မှာ သတင်းစာဆရာအသင်းကိစ္စနဲ့ မကြာခဏတွေ့ကြပြီး ရင်းရင်းနှီးနှီး ဆက်ဆံ ကြတဲ့အခါ ကျွန်တော့်အသက်ပိုင်း လူတိုင်းက ဦးလှကို ဦးလေးလှလို့ ခေါ်ကြပြီး ကျွန်တော် တယောက်သာ ဦးလှလို့ ခေါ်နေတော့

www.myanmarcupid.net

ရှိင်းများနေမလား စိတ်ထဲမှာ မသိုးမသန့်ဖြစ်ခဲ့ပါတယ်။ ၁၉၆၂–ခုနှစ်လောက်က အစည်း အဝေးတခုမှာ ကျွန်တော်က ဦးလှအား ဦးလှကို လူတိုင်းက ဦးလေးလှလို့ ခေါ်ကြတယ်။ ကျွန်တော်ကတော့ ကျွန်တော့်ထက် ၄–၅နှစ်လောက်ပဲ ကြီးမယ်ထင်ပြီး ဦးလှလို့ပဲ ခေါ်နေမိခဲ့တယ်။ အခုမှ ကျွန်တော့်ထက် ၁၂နှစ် ကြီးမှန်းသိရလို့ သူများလိုပဲ ဦးလေးလှလို့ ပြောင်းခေါ်ရမလား မသိဘူး၊ ကျွန်တော်တော့ ဦးလှလို့ပဲ နှုတ်ကြိုး နေပြီလို့ ပြောတော့ ဒီအတိုင်းပဲခေါ်ပါ၊ ကျွန်တော်ကြိုက်ပါတယ်လို့ ဦးလှက ပြုံးပြီး ပြန်ပြောတယ်။ ဦးလှဟာ မိမိအသက်ထက် ငယ်ရုပ်ပေါက်တဲ့ အကြောင်းတကြောင်းကတော့ အမြဲပြုံးနေတတ်တဲ့ အချက်ပဲ။ စကားပြောယင်း စဉ်းစားတဲ့အခါက လွဲယင် သူကပြောတဲ့အခါရော၊ သူကနားထောင်တဲ့အခါပါ အမြဲ ပြုံးပြီး နားထောင်လေ့၊ ပြောလေ့ရှိတယ်။ ဦးလှစိတ်ဆိုးတဲ့ မျက်နှာတော့ မတွေ့ဖူးဘူး။ သူများအတွက် စေတနာလဲကောင်း၊ ကိုယ်နှုတ်အမူအရာသိမ်မွေ့ပြီး အမြဲပြုံးနေတတ်တဲ့ ဦးလှဟာ လူချစ်လူခင်များတာ မထူးဆန်းပါဘူး။ ဦးလှ နောက်ဆုံးတခေါက် ရန်ကုန်လာတော့ သူ့ရုပ်က ခါတိုင်းထက်ကျတာ သတိထားမိတယ်။

www.myanmarcupid.net

အသက်ကြီးလာလို့ပဲလို့ ထင်မိတယ်။ လူကတော့ ခါတိုင်းလို သွားလာလှုပ်ရှားလို့ပဲကိုး။ ရန်ကုန်မှာ အတူတူသွားလာပြီး မန္တလေးရောက်လို့ ၄ရက်အရမှာ ဦးလှဆုံးတယ်ကြားတော့ မယုံနိုင် အောင်ဖြစ်သွားတယ်။ အသိမိတ်ဆွေ၊ ဆွေမျိုးမိဘတော်တော်များများ သေတာကြုံဖူးပါတယ်။ ဒါပေမယ့် လေးရက်လောက်က ကျန်းကျန်းမာမာ နဲ့တွေ့လိုက်ရတဲ့ ဦးလှသေတယ် ကြားတော့ စိတ်ထဲမှာ တမျိုးကြီး ဖြစ် သွားတယ်။ ကျွန်တော်ဟာ စိတ်ခိုင်မာပြီး လွယ်လွယ်ကူကူနဲ့ စိတ်လှုပ်ရှားတတ်သူ (Sentimental) မဟုတ်ဘူးလို့ ယုံကြည်ခဲ့တယ်။ ဒါပေမယ့် ဦးလှသေတယ်ကြားတော့ တော်တော် စိတ်တုန်လှုပ်သွားတယ်။ ဒါနဲ့ သူ့ရန်ကုန်လာတုန်းကစီးတဲ့ ကားနဲ့ပဲ သူ့နောက်ဆုံးခရီးကို လိုက်ပို့တော့မယ် ဆုံးဖြတ်ပြီး မန္တလေးကို ညတွင်း ချင်း ကားမောင်းသွားပြီး ဦးလှကို နောက်ဆုံးပို့ခဲ့ပါတယ်။

ဂါဒီယန် ဦးစိန်ဝင်း

www.myanmarcupid.net



# ကြီးပွားရေး ကိုလှ၊ လူထု ဦးလှ

**ဒဂုန်တာရာ**

*ကိုလှမှာ ပြေပြေပြစ်ပြစ် ဖြစ်အောင် ဆောင်ရွက်တတ်သည်ဟု ယုံကြည်ထားကြသည်။ ကျွန်တော်တို့က ငွေရေး ကြေးရေးတွင် သန့်ရှင်းမှုကြိုက်သည်။ အတိုက်အခံဘဝတွင် မရိုးသားပါက နောင် နိုင်ငံရေးအာဏာရပြီး တိုင်းပြည်ကို အုပ်ချုပ်ရလျှင် ဘယ်လိုလုပ် ယုံကြည်ရတော့ မည်နည်းဟု တွေးတော စိတ်ပူမိကြခြင်း ဖြစ်သည်။ ဆရာကြီး ရွှေဥဒေါင်း၊ ဦးအုန်းလွင်၊ ကိုလှနှင့် ကျွန်တော်တို့မှာ တသဘောတည်း ဖြစ်ကြသည်။*

www.myanmarcupid.net

(က)

ကျွန်တော် ကိုလှကို သိသည်မှာ ကြာပါပြီ။ အနှစ်၄၀၊ ၄၅နှစ်ခန့်ရှိမည်။ ထိုအခါက ကျွန်တော် ကျောင်းသားဘဝ။ စာပေလောက၊ မဂ္ဂဇင်း၊ ဂျာနယ် လောကနှင့် ထိတွေ့စ။ ကိုလှက ကြီးပွားရေးမဂ္ဂဇင်း အယ်ဒီတာ၊ ထုတ်ဝေသူ ဖြစ်မည်။ ကိုလှက လူငယ်များ ကြီးပွားရေးအသင်းတွင် ဆောင်ရွက်နေချိန် ဖြစ်မည်။ ကျွန်တော်မှ ၁၈ နှစ်ခန့် ရှိမည်။ ကိုလှမှာ ၃၀ မပြည့်သေး။ ရှိလှ ၂၆–၂၇။ ထို့ကြောင့်ပင် ကိုလှဟု ခေါ်ခဲ့ခြင်း ဖြစ်သည်။ ထိုအခါက ဦးတပ်၍ ခေါ်ရမည့် သူများ သိပ်မရှိ။ ခေါ်လေ့ရှိသလားလည်း မပြောတတ်။

လူငယ်များ ကြီးပွားရေးအသင်းကို ကျွန်တော်သည် ထိုအခါက စိတ်ဝင်စားမှု နည်းခဲ့သည်။ ထိုအခါ က လူငယ်များ ကြီးပွားရေး အသင်းကို ပြုပြင်ရေးအသင်းဟု သဘောထားခဲ့ကြသည်။ ပြုပြင်ရေး ဆိုသည်မှာ ခေတ်စနစ်ကို ပြောင်းလဲရေးမဟုတ် (ဝါ) တော်လှန်ရေးမဟုတ်ဟု သဘောထားခဲ့ကြသည်။ ကျွန်တော်တို့ ကျောင်းသား သမဂ္ဂ အစုက ယင်းသို့သဘောထားခဲ့ကြသည်။ ကျောင်းသားသမဂ္ဂအစုသည် အမျိုးသား လွတ်မြောက်ရေးကို

www.myanmarcupid.net

လမ်းညွှန်သော တော်လှန်ရေးစာအုပ်များကို ဖတ်ရှုလေ့လာယင်း တော်လှန်ရေး သဘော တရားကို သွားတွေ့ကြခြင်း ဖြစ်သည်။ ကျွန်တော်ကတော့ ကြီးပွားရေး မဂ္ဂဇင်းကိုလည်း ဖတ်သည်။ ကြီးပွားရေး မဂ္ဂဇင်းသည် စာပေ မဂ္ဂဇင်း မဟုတ်သော်လည်း စာပေဆန်သည်။ စာပေ ဝေဖန်ရေးများ ပါသည်။ သို့နှင့် ကိုလှနှင့် ဆုံမိခြင်း ဖြစ်သည်။

ကိုလှနေသော ကွမ်းခြံဘုတာကြီးအနီး ၃၈ လမ်းအိမ်သို့ ရောက်ဖူးသည်။ အောက်ထပ် တတိုက်လုံး ရထား၍ ကျယ်သည်။ သပ်သပ်ရပ်ရပ် ပြင်ဆင်ထားသည်။ လိုက်ကာအစိမ်းရင့် ကလေးလားမသိ၊ အိပ်ရာကို ကာထားသည်။ ကိုလှ ကိုယ်တိုင်မှာလည်း အမြဲတမ်း သပ်ယပ်စွာ ဝတ်ဆင်ထားသည်ကို တွေ့မြင်ရမြဲ။ သူနှင့် အတူ ကိုဘကိုး၊ ကိုဇင်တို့ကို တွေ့သည်။ နောက်ကျတော့ သခင်ဘကိုး၊ သခင်ဇင် ဖြစ်သွားကြသည်။ သခင်ဘကိုးကလည်း ကိုလှလိုပင် အမြဲသပ်သပ်ရပ်ရပ် ဝတ်သည်၊ ယနေ့တိုင်ပင်။ ကိုလှမှာ လူပျိုဖြစ်၍ အဖော် များနှင့် နေလိုဟန်ရှိသည်။ ကျွန်တော်သည် ကျောင်းသားသမဂ္ဂ အသိုင်းအဝိုင်း၊ သို့မဟုတ် စာပေအသိုင်း အဝိုင်းများနှင့် သူ့အိမ်ရောက်သည်။ သူ့ကို ဖော်ဖော်ရွေရွေ ရှိသူ၊ စကားပြော ရည်မွန်သူဟု ထင်ထားသည်။

www.myanmarcupid.net

၁၉၃၉–ခု လောက်က ကိုလှလက်ထပ် လိုက်သည်ဟု ကြားရသည်၊ သတို့သမီးမှာ အခြားသူမဟုတ်၊ ကျွန်တော်တို့ တွေ့မြင်ဖူးသော သပိတ်မှောက်ကျောင်းသူ၊ မန္တလေးမှ မအမာ။ တက္ကသိုလ်တွင် ရှိစဉ်က မြမဥ္ဇူ အမည်ဖြင့် စာများရေးသူ။ နောက်ကိုလှ မန္တလေးပြောင်းသွားသည်ဟု ကြားရသည်၊ မန္တလေးမှပင် ကြီးပွားရေး မဂ္ဂဇင်းဆက်လက်ထုတ်ဝေသည်။ သူတောင်း၍ အလှဂုဏ်အမည်ရှိ ဝတ္ထုတပုဒ် ပို့လိုက်ရ ပါလာသည်။ ကြီးပွားရေးစာအုပ်တိုက်မှ ထုတ်ဝေသော မင်းရှင်နောင်၏ ကာလီဒါသစသော စာအုပ်များ ကျွန်တော့်ထံ ပို့လိုက်သည်။

နောက် ဂျပန်ဝင်လာ၍ အဆက်ပြတ်သွားသည်။

(ခ)

ဂျပန်ဝင်စက ကိုလနှင့် ဖျတ်ကနဲ တွေ့လိုက်ရသည်။

ရန်နိုင်ဈေး (ယခုဗိုလ်ချုပ်ဈေး)အပေါ်ထပ်တွင် ဂျပန်စာရေးဆရာ၊ သတင်းစာဆရာတစု ဧည့်ခံပွဲ လုပ်သည်။ မြန်မာစာရေးဆရာ၊ သတင်းစာဆရာများကို ဖိတ်ထားသည်။ ထိုအခါက လယ်ယာစိုက်ပျိုးရေး ဝန်ကြီး သခင်သန်းထွန်းက ခေါ်၍ ကိုဘဟိန်း နှင့် ကျွန်တော်တို့ပါ အတူလာကြသည်။ လက်ဖက်ရည်ပွဲ ဖြစ်သည်။ နေ့လည် ၂ နာရီခန့်ဖြစ်သည်။ မဟာမိတ် လေယာဉ်ပျံလာတတ်၍ ဗုံးကြဲမည်ကို



www.myanmarcupid.net

တထိတ်ထိတ်။ ယင်းဧည့်ခံပွဲတွင် ကိုလှနှင့် တွေ့ရသည်။ နောက်များ မကြာမီ ကိုလှ၏ ဂျပန်ဝတ္ထုမှ ဘာသာပြန်သော ပန်းနှင့်စစ်သား၊ ရွံ့နှင့်စစ်သားစသော ဝတ္ထုစာအုပ်များ ထွက်လာသည်။

ယင်းရန်နိုင်ဈေးအပေါ်ထပ်မှ စာရေးဆရာဧည့်ခံပွဲသည် နောင်မကြာမီ အသစ်ဖွဲ့စည်း တည်ထောင်မည့် စာရေးဆရာသအင်း၏ အဏ္ဏာမအစုအဝေး သဘောမျိုးဖြစ်သွားသည်။ ဗမာပြည် စာရေးဆရာများ အစည်းအရုံး ဟူ၍ ၁၉၃၉ က ဖွဲ့စည်းတည်ထောင်ခဲ့သည်၊ ဥက္ကဌမှာ ဒီးဒုတ်ဦးဘချို ဖြစ်သည်။

စစ်ပြီးခေတ်တွင် ကိုလှသည် မန္တလေးမှပင် လူထုသတင်းစာ ထုတ်ဝေလျက်ရှိကြောင်း ကြားရသည်။ လူချင်းကား မတွေ့၊ အမှန်အားဖြင့် ကိုလှနှင့် ကျွန်တော်မှာ သိပ်မရင်းနှီးခဲ့။ ကိုလှသည် လူကြီးဆန်သည်ဟု ခံစားမိသည်။ ၁၉၅၀ တွင် သူနှင့်တွေ့ရပြန်သည်။

ထိုနှစ်က ကျွန်တော်သည် စာရေးဆရာအသင်း ဥက္ကဌအဖြစ် အရွေးခံရသည်။ ယင်းနှင့်ပတ်သက်၍ ကိုလှက ကျွန်တော့်ထံ ဝမ်းမြောက်ကြောင်း စာတိုကလေး ရေးလိုက်သည်။

*ကိုငွေးမြိုင်*

www.myanmarcupid.net

*ဗန်းမော်တင်အောင်မှစ၍ ကိုဌေးမြိုင်တို့လူစု စာရေးဆရာအသင်းမှာ တက်လာတာကို တွေ့ရတဲ့ အတွက် ဝမ်းသာလျက်ရှိပါတယ်။*

*တိုင်းပြည်မှာ အာဏာပြောင်းလဲခြင်း တခုပေပဲပေါ့။*

*ညကရေဒီယိုမှ ကြားရတဲ့အတွက် အများကြီး ဝမ်းသာနေပါတယ်။*

ကြိုးစားကြပေါ့ဗျာ။

*မောင်လှ*

၂၀–၁၀–၅၀ ရက်စွဲဖြင့် ရေးလိုက်ခြင်းဖြစ်သည်။ ထိုနှစ်က စာရေးဆရာသအင်း အမှုဆောင်အဖွဲ့တွင် ဆရာကြီး ဒဂုန်ရွှေမျှားနှင့် ဗန်းမော်တင်အောင်မှာ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည်။ ထိုနှစ်က သတင်းစာများ တွင် အတော်ရေးခဲ့ကြပါသည်။ ကျွန်တော့်ကို “ကလောင်နီဥက္ကဋ္ဌ”ဟု နာမည်တပ်သည်။ သတင်းစာတစောင်က “စာရေးဆရာအသင်းကို ကလောင်နီများစီးပြီ”ဟု ခေါင်းတပ်သည်၊ အမှန်က မဟုတ်ပါ။ ထားပါ။

ထိုနှစ် စာဆိုတော်ရက်တွင် စာရေးဆရာသအင်း နာယက ဝန်ကြီးချုပ်သခင်နုက မန္တလေးမှ စာရေး ဆရာများ၊ သတင်းစာဆရာများနှင့် ရန်ကုန်မှ စာရေးဆရာ၊ သတင်းစာဆရာများ မိတ်ဆက်ပွဲကို မန္တလေးတွင် ပြုလုပ်ရန်



www.myanmarcupid.net

စီစဉ်ပေးသည်။ အသင်းမှ ကိုယ်စားလှယ်များ ရွေးချယ်စေလွှတ်ကြသည်။

ကိုလှနှင့်ကျွန်တော် မန္တလေးမှာ ဆုံတွေ့ကြသည်။

ကိုလှက အထက်မြန်မာပြည် စာရေးဆရာအသင်းဥက္ကဋ္ဌ၊ စာရေးဆရာအသင်း အမှုဆောင် ကိုယ်စား လှယ် ၂–ဖွဲ့ အစည်းအဝေးပွဲလုပ်ကြသည်။ ၎င်းအစည်းအဝေးတွင် ကိုလှက စာရေးဆရာအသင်း ၂–သင်း ပေါင်း၍ အောက်တိုဘာတော်လှန်ရေးနေ့ အထိမ်းအမှတ်ပွဲလုပ်ရန် အဆိုပြုသည်။ ကျွန်တော် လက်မခံ ခဲ့ပါ။ ကိုလှကတော့ ဘယ်လိုထင်မည် မသိ။ မန္တလေးတွင် ယင်းအထိမ်းအမှတ်ပွဲ ကျင်းပဖြစ်သည် မဖြစ်သည် ကိုတော့ မမှတ်မိတော့။

စစ်မဖြစ်မီခေတ် ကြီးပွားရေးမဂ္ဂဇင်း ထုတ်သော ကာလကပင် ကိုလှသည် ဆိုဗီယက်ရုရှားဟူသော စာအုပ်ထုတ်ဝေခဲ့ပါသည်။ သူသည် ကျွန်တော့်ထက် နိုင်ငံရေးစိတ်ဓာတ် ထက်သန်သည်ဟု ထင်ပါသည်။ ကျွန်တော်က စာပေဆန်သော လုပ်ငန်းများသာ စာရေးဆရာအသင်းက လုပ်သင့်သည်ဟု ယူဆ၍ ကိုလှတင်ပြ သော အောက်တိုဘာ တော်လှန်ရေးနေ့ အထိမ်းအမှတ်ကျင်းပရေးကို သဘောမတူခြင်း ဖြစ်ပါသည်။

www.myanmarcupid.net

(၈)

ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှု တက်ကြွစွာ ပေါ်လာသောအခါ ကျွန်တော်လည်း မနေနိုင်တော့ပါ။ နိုင်ငံ လုံးဆိုင်ရာ ကော်မတီတွင် ဒုတိယဥက္ကဋ္ဌလုပ်ယင်း ကျွန်တော်သည် ကိုလှနှင့် ဆုံရပြန်သည်။

၁၉၅၂၊ အောက်တိုဘာလက ပီကင်းတွင် အာရှနှင့် ပစိဖိတ်ဒေသ ငြိမ်းချမ်းရေးညီလာခံ ကျင်းပရာ ယင်းညီလာခံကြီးသို့ ကိုလှနှင့် ကျွန်တော်တို့ မြန်မာ ကိုယ်စားလှယ်အဖွဲ့တွင် အတူပါဝင်ခဲ့ကြသည်။ တလကျော် သွားအတူ၊ စားအတူ၊ လူချင်းပိုမို ရင်းနှီးလာမိကြသည်။ ကိုယ်စားလှယ်တခုတွင်ပါသော ပါတီ တခု၏ ခေါင်းဆောင်လုပ်သူတဦး ငွေရေးကြေးရေးနှင့် ပတ်သက်သော ကိစ္စတခုတွင် ကျွန်တော်တို့ စိတ်မချမ်း မသာဖြစ်ကြရသည်။ ဆရာကြီး ရွှေဥဒေါင်း၊ ပန်းချီဆရာဦးအုန်းလွင်၊ ကိုလှနှင့် ကျွန်တော်တို့ဆုံကာ ယင်းကိစ္စ ကိုဆွေးနွေးကြသည်။ နောက်မှ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို တင်ပြခဲ့ကြသည်။ ယင်းကိစ္စတွင် ကိုလှအား ပြောဆိုရန် လွှဲကြသည်။ ကိုလှမှာ ပြေပြေပြစ်ပြစ် ဖြစ်အောင် ဆောင်ရွက်တတ်သည်ဟု ယုံကြည်ထားကြသည်။ ကျွန်တော်တို့က ငွေရေး ကြေးရေးတွင် သန့်ရှင်းမှုကြိုက်သည်။ အတိုက်အခံဘဝတွင် မရှိုးသားပါက



www.myanmarcupid.net

နေခင် နိုင်ငံရေးအာဏာရပြီး တိုင်းပြည်ကို အုပ်ချုပ်ရလျှင် ဘယ်လိုလုပ် ယုံကြည်ရတော့ မည်နည်းဟု တွေးတော စိတ်ပူမိကြခြင်း ဖြစ်သည်။ ဆရာကြီး ရွှေဥဒေါင်း၊ ဦးအုန်းလွင်၊ ကိုလှနှင့် ကျွန်တော်တို့မှာ တသဘောတည်း ဖြစ်ကြသည်။ ရန်ကုန်ရောက်သော အခါတွင်လည်း ကိုလှက သူတို့နှင့် ကျွန်တော့်ကို စေ့စပ်ဖြန်ဖြေ ပေးချင်သည်။ ဆန်းကာဖေးတွင် ကိုလှက ထမင်းမိတ်ဆုံစားပွဲ လုပ်ပေးသည်။ ကျွန်တော့်ကို စကားပြောခိုင်းသည်။ ကျွန်တော်က ကျွန်တော်၏ အဖွဲ့အစည်း ဆိုင်ရာသဘောထားကို မလျှော့။ ကိုလှက ကျွန်တော့်ကို ချော့သည်။ ထိုအခါက ကျွန်တော်သည် အသက် ၃၀ ကျော်မျှသာ ရှိသေးသည်။ ကိုလှက လူကြီးဆန်ပြီး အလျှော့ပေး စေလိုဟန်ရှိသည်။ ကျွန်တော်က အများနှင့်ဆိုင်သော အဖွဲ့အစည်းရေးရာ ကိစ္စမျိုးတွင် မိမိပိုင် ပုဂ္ဂလိက ကိစ္စလို သဘောထား၍မဖြစ်၊ စည်းကမ်းရှိမှ တော်ရုံကျမည်ဟု ယူဆသည်။ သို့နှင့် ကိုလှစီစဉ်သော မိတ်ဆုံ ထမင်း စားပွဲမှာ သိပ်မချောပြေလှပဲ အဖုအထစ်ကလေးများဖြင့် ပြီးဆုံးသွားခဲ့သည်။ ကျွန်တော်က ကိုလှကို အားနာ နေမိသည်။ ကိုလှက ကျွန်တော်အား ကြိုတင်၍လည်း ပြောမထားခဲ့။ ကိုလှ အပြုံး မပျက်ပါ။

www.myanmarcupid.net

အယူအဆရေးရာ၊ လုပ်နည်းလုပ်ဟန် ရေးရာတို့တွင် ကွဲလွဲမှုများ ရှိသော်လည်း ကျွန်တော်သည် ကမ္ဘာ့ ငြိမ်းချမ်းရေး အဖွဲ့အစည်း လူထု လှုပ်ရှားမှုတွင် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၀ က မြသန်းတင့်နှင့် ကျွန်တော်တို့ စည်းရုံးရေးအတွက် အထက်မြန်မာပြည် သို့ ခရီးထွက်ခဲ့ကြရာ မန္တလေးတွင် တထောက် စခန်းချ သည်။ ကိုလှနှင့် တွေ့ရာ ကိုလှက စည်းရုံးရေး ခရီးစားရိတ် အလှူငွေထည့်ယင်း "ကိုဌေးမြိုင်ရေ၊ ကျွန်တော့် တော့ နောက်ထပ်ငြိမ်းချမ်းရေး ကော်မတီတွေမှာ မထည့်ပါနဲ့တော့။ ကျွန်တော်မပါတော့ဘူးနော်"ဟု ပြော သည်။ ကျွန်တော်က အကြောင်းကို မမေးခဲ့ပါ။ သူ့အကြောင်းနှင့် သူဟု နားလည်ခဲ့ပါသည်။

(ဃ)

ပီကင်းကအပြန် ဆန်းကာဖေး မိတ်ဆုံ ထမင်းစားပွဲပြီးနောက် လူထုသတင်းစာတွင် ငြိမ်းချမ်းရေး လှုပ်ရှားမှု သတင်းများ အဆက်မပြတ်ပါလာ၍ ဝမ်းသာရသည်။ နေရာပေး၍ ဖော်ပြသည်မှာ လူထုသတင်းစာ သာ ရှိသည်ဟု ပင်ဆိုနိုင်သည်။

နောက်တခါ ကိုလှကို တွေ့ရသည်မှာ ရန်ကုန်ထောင်ထဲတွင် ဖြစ်သည်။ ၁၉၅၄ လောက်ကဖြစ်မည်။

www.myanmarcupid.net

ထိုအခါက ထောင်ထဲတွင် ဗန်းမော်တင်အောင်လည်းရှိနေသည်။ အခြားစာပေးသမားများလည်း ရှိနေ သည်။ ကိုလှနှင့် ကိုတင်အောင်တို့က ကျွန်တော့်ကို ထောင်တွင် ကစားခုန်စားပွဲသို့ တက်ရောက်ရန် ဖိတ်လိုက် သည်။ သူတို့က ကျွန်တော့်ကို ထောင်ထဲရောက်ဖူးစေချင်ကြသည်။ ချိန်းထားသည့်ရက်တွင် ထောင်ဗူး၀ သွားသည်။ သံကွင်းနံပါတ်ပြားကလေး အ၀င်၀က ယူသွင်းရသည်။ ပြန်အထွက်တွင် ယင်းသံပြားကွင်းကို အပ်ရ သည်။ သူတို့ စီစဉ်ထားသည့်အတိုင်း နံပါတ် ၅ ဆောင်တွင် နံနက်စာ စားရသည်။ ထောင်ထမင်းစားဖူးတယ် ရှိအောင်တဲ့။ ကိုလှက ရှပ်လက်တိုအဖြူ၊ ဘောင်းဘီတို အဖြူနှင့်တွေ့ရသည်။ ဧည့်သည်များကို လက်ဖက်ရည် ကိတ်မုန့်များဖြင့် ကျကျနန ဧည့်ခံသည်။ ညနေစောင်းမှပင် ပြန်ခဲ့သည်။

ထောင်တွင်းအားကစားပြိုင်ပွဲတွင် ကိုလှ လှုပ်ရှားနေပုံကို ကြည့်ယင်း ကိုလှကိုကျွန်တော် နားလည်လာမိသည်။ ကိုလှသည် အားလုံးနှင့် သင့်မြတ်အောင်ပေါင်းသင်းသည်။ ထောင်သားများနှင့်ကော ထောင်အာဏာပိုင်များနှင့်ကော သင့်မြတ်သည်ကို တွေ့ခဲ့ရသည်။ နောက် ၃-၄နှစ်ခန့်အကြာ ထောင်က လွတ် လာပြီး ထောင်အတွေ့အကြုံမှ ရရှိသော စာများ ထွက်လာသည်။ ကိုလှ ထောင်ကလွတ်လာမှ

www.myanmarcupid.net

စာရေးဆရာ ဖြစ်လာပြီဟူ၍ပင် ရယ်စရာ ပြောမိသေးသည်။ သည့်နောက် ကိုလှနှင့် ကျွန်တော်တို့ ဖျတ်ကနဲ ဖျတ်ကနဲသာ တွေ့ဖြစ်ကြသည်။

၁၉၆၂ခုက

စာပေညီလာခံပြင်ဆင်ရေးကော်မတီဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်အရ အထက်မြန်မာပြည် စာရေးဆရာ အသင်းနှင့် ဆွေးနွေးရန် မန္တလေးသို့သွားရာ ကိုလှအိမ်တွင် တည်းသည်။ ကိုလှနှင့် တော်တော် စကားပြောဖြစ်ကြသည်။ မန္တလေးစာရေးဆရာများလည်း ညီလာခံတွင် ပါဝင်လာခဲ့ကြသည်။ ကျွန်တော် မန္တလေးရောက်လျှင် ကိုလှထံ မဝင်သည်မရှိ၊ ကိုလှ ရန်ကုန်လာလျှင်လည်း ကျွန်တော်တို့နှင့် တွေ့ဆုံရအောင် သူပင်စီစဉ်တတ်သည်။ မန္တလေးမုန့်တီလုပ်ပြီး ကျွန်တော်တို့အား ဖိတ်တတ်သည်။

သည့်နောက်တွင်ကား အတွေ့ရ ကျဲသွားသည်။ တနှစ်ကလားမသိ၊ တက္ကသိုလ် ဗဟိုစာကြည့်တိုက် တွင် သူ့ကိုတွေ့ရသည်။ ဒေါ်အမာနှင့် သမီးငယ်ပါ တွေ့ရသည်။ သူသည် ခါတိုင်းလိုပင် ပြုံးလျက်။ ဤကား ဦးလှနှင့် နောက်ဆုံး တွေ့ရခြင်းပင်။

ဒဂုန်တာရာ

၂၉–၉–၈၃



www.myanmarcupid.net



# တာ၀တိံသာ ဝေဟင်လေကြောင်းစာပို့

## သခ်ီ

*ဒါကြောင့် ကျွန်တော် တခါတခါတော့ စဉ်းစားမိတယ်။*
*တို့တတွေ ကျန်ရစ်တဲ့ လူတွေကသာပူကြဆွေးကြငိုကြနဲ့*
*သတိတရရဖြစ်နေကြပေမယ့် သူတို့ကတော့ ဟိုတခြား*
*တရပ်တရွာ ဥပမာ နတ်ပြည်၊ ဗြဟ္မာ ပြည်တခုမှာပဲ*
*ဆိုပါတော့ဗျာ ရောက်နေပြီး နောက်အသစ်တွေ့ဆုံနေကြတဲ့*
*ဆွေတွေ၊ မျိုးတွေ၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီးတွေနဲ့*
*ပျော်ပျော်ပါးပါး မော်မော်ကြွားကြွားနဲ့ ပျော်တပြုံးပြုံး*
*ရွှင်မဆုံးကြီးများဖြစ်နေမလားလို့။ တို့ကိုလှကြီးလဲ*
*သဘောကကောင်းကောင်း၊ ငွေကချောချောမို့...*

www.myanmarcupid.net

နေ့စွဲ။ ၈၃–နိုဝင်ဘာ ၁ ရက်

ရန်ကုန်မြို့၊ မြန်မာနိုင်ငံ (မနုသသလူ့ပြည်)

ကိုလှရေ….

ခုရက်တွေအတွင်း ခင်ဗျားကို သိပ်သတိရတာပဲဗျာ။ သတိရတဲ့ အကြောင်းကတော့ အခုလာမယ့် နိုဝင် ဘာလ ၅–ရက်မှာ ကျွန်တော်တို့ ဆရာကြီး ပီမိုးနင်းမွေးနေ့ နှစ်တရာပြည့် အထိမ်းအမှတ် ဟောပြောပွဲတွေ ကျင်းပဖို့ စီစဉ်နေကြတယ်လေ။ ကိုလှ ကျွန်တော်တို့နဲ့ ခွဲခွာမသွားခင် အချိန်တွေမှာဆိုယင် အခုလို ဆရာကြီးတွေ၊ ဥပမာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဆရာကြီး ရွှေဥဒေါင်းစတဲ့ စာပေပညာရှင် ကြီးတွေကို သတိရတဲ့ အထိမ်းအမှတ်ပွဲတွေ ကျင်းပဖို့ကောင်းတဲ့ အကြောင်းတွေနဲ့ ဒီဆရာကြီးတွေဟာ တိုင်းပြည်အပေါ်မှာသူတို့ရဲ့ စာပေတွေနဲ့ ဘယ်လိုပြုပြင် ပြောင်းလဲ တိုးတက်အောင် ကျေးဇူးပြု ဆောင်ရွက်သွား ကြတာတွေကို ကျေးဇူးဆပ်တဲ့အနေနဲ့ မမေ့အပ်မမေ့သင့်တဲ့ အကြောင်းတွေကို ကျွန်တော်တို့ဆီ ကိုလှရေးတဲ့ စာတွေထဲမှာ မကြာမကြာ ဖတ်ရတာတွေကို သတိရလို့ဗျာ။

ခုချိန်အခါမှာ ကိုလှသာ မန္တလေးမှာရှိယင် ဘယ်လိုလုပ်မလဲ ဆိုတာ တွေကိုလဲ ဆက်ပြီး စဉ်းစား မိလိုက်တယ်လေ။ အမှန်တော့ ကျွန်တော်တို့ကို ခင်ဗျားခွဲခွါသွားတဲ့ အကြောင်းကို

www.myanmarcupid.net

သတိရ၊ စဉ်းစားမိလိုက်တိုင်း ဟိုတခါ ကျွန်တော် ဆောင်းပါးတစောင်မှာ ရေးခဲ့ဖူးတာကို သွားသတိရမိတယ်။ ဒီဆရာကြီးရဲ့နာမည်ကိုတော့ မေ့နေပါပြီဗျာ။ ဒီဆရာကြီးဟာ အသက်ကြီးလို့ ဘ၀တပါးပြောင်းခါနီးမှာ ဘယ်လို ညည်းတွား မြည် တမ်းသွားသလဲဆိုယင် "အို–သေခြင်းတရားဆိုတာ ဘာမှမဟုတ်ပါကလား၊ ကိုယ်မရောက်ဖူးတဲ့ အရပ်ဒေသ တခုကို ခရီးထွက်ရသလို ပါပဲကလား၊ တယ်သာယာ ကြည်နူးစရာ ကောင်းတာပဲ" လို့ အဲဒီလို ညည်းတွား ပြောဆို သွားသတဲ့ဗျ။ ဒီလိုပြောတဲ့ အချိန်မှာ သူ့မျက်နှာဟာလဲ ပြုံးပြုံးရယ်ရယ် အရိပ်အရောင်တွေ သမ်းနေ သတဲ့။

အခုလဲ ကျွန်တော်တို့အဖို့ တို့ကိုလုကြီးဟာ ဒီလိုပဲ အရပ်ဒေသ တခုခုကို ဥပမာ နိုင်ငံခြားတိုင်းပြည် တပြည်ပြည်ကို ပေါ့ဗျာ၊ ခရီးထွက်သွားတာပဲလို့ အောက်မေ့ပြီး ခဏခဏ သတိရနေမိတာ ပေါ့ဗျာ။ ကျွန်တော် တို့ ခင်ဗျားတို့ ဖတ်ကြားဖူးရတဲ့ ကျမ်းဂန်စာပေတွေမှာ လူတွေဟာ ဘ၀တပါးကို ပြောင်းသွားတဲ့အခါ (ဝါ) သေသွားတဲ့အခါ ဆိုပါတော့ဗျာ၊ ကိုယ်ဘယ်ဘ၀ ရောက်မယ် လားမယ်ဆိုတာ ဘယ်သူမှ တပ်အပ်သေချာ မသိနိုင်ကြဘူးလို့ အဆိုရှိတယ်။ ဒါကတော့တရားတော်အရ ယေဘုယျအားဖြင့် ဆိုယင် ဟုတ်ပါတယ်။မိမိကာမာ၀စရကုသိုလ်အကျိုးပေးကိုဘယ်သူမှမ



www.myanmarcupid.net

သိနိုင်ကြပဲကိုး။ ဒါပေမယ့် ခင်ဗျားတို့ ကျွန်တော်တို့ အဖို့မှာတော့ ကျုပ်တို့ဆရာသမားတဦး ဖြစ်တဲ့ ရေးဘော်ကြီး ကွယ်လွန်သူ ဆရာမြမျိုးလွင် (ဆရာလွင်) ရှိစဉ်က ရေးခဲ့ဖူးသလို–

"ဦးသခ်ါရေ– ခင်ဗျားတို့ ကျုပ်တို့အဖို့တော့ တာဝန်ကျေပါပြီဗျာ၊ အသက်တွေလဲ ကြီးကုန်ကြပါပြီ။ ကျွန်တော်တို့ ခင်ဗျားတို့ တတ်နိုင်သမျှ စာပေတာဝန်ကို တိုင်းပြည်အပေါ်မှာ ထမ်းဆောင် ပြီးခဲ့ပါပြီ" လို့ ရေးခဲ့ဖူးတယ်ဗျာ့။ အခုလို အလားတူစာမျိုးတစောင်ကိုလဲ တခါကကိုလှကျွန်တော့် ဆီကို ရေးခဲ့ဖူးသေးတယ်။ ခင်ဗျားတော့မှတ်မိမလား မပြောတတ်ဘူး။ အဲဒီတုန်းက မအေမာကို အစိုးရက ခေတ္တထိန်းသိမ်း ထားတဲ့ အချိန်မှာလေ။ တယောက်ဆီ တယောက် စာတွေ ရေးခဲ့စဉ်တုန်းက။

ဒီတော့ ကျွန်တော်တို့ ခင်ဗျားတို့ဟာ သာမန်လူတွေထက်မက တိုင်းပြည်နဲ့လူမျိုးအပေါ် ချစ်တဲ့စိတ်ထားကြီးကြီးနဲ့သစ္စာရှိရှိ ကိုယ်တတ်နိုင်တဲ့ စာပေတာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ခဲ့တဲ့ လူတွေဆိုတော့ ကိုယ်ဘယ်ဘဝ ရောက်မယ် ဆိုတာ သိတာပေါ့ဗျာ။ အနည်းဆုံး နတ်ပြည်၊ ဗြဟ္မာပြည် တခုခုဆီတော့ ရောက်မှာပဲ။ ဘယ်ပြည်ရောက်မလဲ ဆိုတာသာ တပ်အပ် မပြောနိုင်တာရှိမယ်။ မဟုတ်ဘူးလားဗျာ–။

www.myanmarcupid.net

ဒါကြောင့် ကျွန်တော် တခါတခါတော့ စဉ်းစားမိတယ်။ တို့တတွေ ကျန်ရစ်တဲ့ လူတွေကသာပူကြဆွေးကြငိုကြနဲ့ သတိတရရဖြစ်နေကြပေမယ့် သူတို့ကတော့ ဟိုတခြား တရပ်တရွာ ဥပမာ နတ်ပြည်၊ ဗြဟ္မာ ပြည်တခုမှာပဲ ဆိုပါတော့ဗျာ ရောက်နေပြီး နောက်အသစ်တွေ့ဆုံနေကြတဲ့ ဆွေတွေ၊ မျိုးတွေ၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီးတွေနဲ့ ပျော်ပျော်ပါးပါး မော်မော်ကြွားကြွားနဲ့ ပျော်တပြုံးပြုံး ရွှင်မဆုံးကြီးများဖြစ်နေမလားလို့။ တို့ကိုလှကြီးလဲ သဘောကကောင်းကောင်း၊ လူကချောချောမို့ ဒီလိုပဲ ဖြစ်နေမှာပဲလို့။ ဒီလိုများသာဆိုယင်တော့ ဒီလူ့ပြည်မှာ ကျန်ရစ်ခဲ့ပြီး ပူကြဆွေးကြ ဖြစ်နေကြတဲ့ ဇနီး၊ သား၊ သမီးတွေ၊ မိတ်ဆွေခင်ပွန်းတွေ အဖို့ ရင်နာစရာကြီးဖြစ်နေမှာပဲနော်ဗျာ၊ မအမာရယ်မဟုတ်ဘူးလား။ ဒါပေမယ့်လဲ ဒါတွေကို တနည်းအားဖြင့် စဉ်းစားပြီး တရားနဲ့ဖြေရဖို့ ရှိတာပေါ့လေ၊ ဗုဒ္ဓမြတ်စွာဟောကြားတဲ့ တရားတော်အရ လောကဓမ္မတာ တွေ့ကြုံဆုံကွဲ မမြဲတဲ့ သင်္ခါရတရားကြီးပဲ မဟုတ်လား။ ဘဝသံသရာဆိုတာ ကျုပ်တို့ကိုသုခ အဲအဲ–ယောင်လို့ဗျာ၊ ကျုပ်တို့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ တရားတော်တွေထဲမှာ ဒီအတိုင်း အထင်အရှား ဟောကြားထားတာပဲ မဟုတ်လားဗျာ။

www.myanmarcupid.net

တနည်းအားဖြင့် ဆိုယင်လဲ ကျွန်တော်တို့ နိုင်ငံခြားသွားတဲ့ လူတွေလို နေမှာပဲလို့လဲ ကျွန်တော် ကြံကြံဖန်ဖန် စဉ်းစားမိတယ်ဗျ။ ခင်ဗျားတို့ မအမာတို့လဲ ရောက်ဖူးသွားကြဖူးသားပဲ။ ဥပမာ တရုတ်ပြည်၊ ရုရှားပြည်၊ ဂျပန်ပြည်၊ အမေရိကန်တိုင်းပြည်တွေလိုပေါ့ဗျာ။ ဘယ်သူက ဘယ်တိုင်းပြည် ဘယ်မြို့ကို ရောက်နေသလဲသာ အတိအကျ မသိကြပေမယ့် တပြည်ပြည် တမြို့မြို့တော့ ရောက်နေကြမှာပဲ ဆိုတာလိုပေါ့ဗျာ။ ဒီလိုနိုင်ငံခြား ရောက်နေကြတဲ့လူတွေ၊ မိတ်ဆွေတွေအကြောင်းကိုကျွန်တော်တို့ စာနယ်ဇင်းတွေမှာ မကြာခဏ ဖတ်ရတယ်မဟုတ်လားဗျာ။ ခက်ဗျားကိုယ်တိုင်လဲ အခုလိုခွဲခွါမသွားခင်ကဖတ်ရမှာပါပဲ။ ဥပမာ ဘယ်သူက ဂျပန်ပြည် ဘယ်မြို့ရောက် နေပြီး နောက်ရောက်သွားတဲ့လူက ဒီလူ့ဆီကို တယ်လီဖုန်း နဲ့ဖြစ်ဖြစ်၊ လူကြုံနဲ့ဖြစ်ဖြစ် အကြောင်းကြားပြီး တွေ့ကြဆုံကြတဲ့ အကြောင်း၊ တရပ်တရွာမှာ ကိုယ့်မြန်မာပြည်သားတွေ အချင်းချင်း ခင်ကြမင်ကြ စားကြ သောက်ကြ၊ ပြောကြဆိုကြတဲ့ စကားတွေ အားမရအောင် ဖြစ်ကြရတဲ့ အကြောင်းတွေပေါ့ဗျာ။

တခါတုန်းကတောင် ဂျပန်ပြည်မှာ ရောက်နေတဲ့ ကျုပ်တို့ ခင်ဗျားတို့ရေးဘော်မိတ်ဆွေကြီး ဆရာမင်းသုဝဏ်နဲ့ ကိုကျော်မောင်တို့ ဒီအကြောင်းတွေရေးလိုက်သေးတာကို

www.myanmarcupid.net

စန္ဒာမဂ္ဂဇင်း ဆာဗမူရိုင်းအခန်းမှာ ဖတ်ခဲ့ရသေးတယ်။ ဒါကြောင့် အခု တို့ကိုလှကြီးလဲ ဒီလိုပဲ တရပ်တရွာမှာ အပျော်ကြီးပျော်ပြီး ကျွန်တော်တို့ကို မေ့များ နေမလား လို့ဗျာ။

အင်း–ဒါထက်စကားမစပ် အခု ကိုလှရောက်နေတဲ့နေရာတွေမှာ ကျွန်တော်တို့ ဆရာသမားကြီးတွေ ဖြစ်ကြတဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့၊ ဆရာကြီးရွှေဥဒေါင်းတို့၊ ဆရာကြီး ဟံသာဝတီဦးဘရင်၊ ဆရာယော၊ ဆရာကြီး ဒဂုန်ရွှေမျှားတို့နဲ့ ကျွန်တော်တို့ ဆရာမြမျိုးလွင်၊ ဆရာဇဝန၊ အဲ–အဲ ဆရာဇဝနဆိုလို့ ကျုပ်တို့ရေးဘော်ကြီး ဆရာဇဝနလဲ ကိုလှထွက်သွားပြီး မကြာခင်ကလေးမှာပဲ ခရီးထွက်သွား တယ်လေ။ သူသွားတုန်းက မအေမာတောင် လာနူတ်ဆက် သေးတယ်။ အခု ဆရာပီမိုးနင်း နှစ်တရာပြည့်ပွဲလုပ်ဖို့ ပထမ စီစဉ်တုန်းက သူ့အိမ်မှာပဲ အစည်းအဝေးတောင် ခေါ်သေးတယ်။ ခုလုပ်တော့သူမရှိဘူး။ အဲဒီ သိဟောင်းကျွမ်းဟောင်း ဆရာသမား ရောင်းရင်း ရေးဘော် ကြီးတွေနဲ့များ ကိုလှမတွေ့ဘူးလားလို့။ ဒါမှမဟုတ် ဒီဆရာသမား တွေဆီကိုများ ကိုလှမရောက်ဘူးလားလို့။ ကျွန်တော်တို့နဲ့ ကိုလှခွဲခွါသွားတာ တနှစ်ကျော်လောက်ရှိပြီမို့ သူတို့ ဆီကိုရောက်ပြီး သူတို့နဲ့များတွေ့နေကြ သလားလို့ဗျာ။ တွေ့ယင်လဲ ကျွန်တော်တို့ကလဲ ဆရာသမား ရေးဘော်



www.myanmarcupid.net

ကြီးတွေကို မမေ့ပါဘူး၊ မေးပါတယ်ဆိုတာ ပြောပြပါ ကိုလှရယ်နော်။ အထူသဖြင့် ကျွန်တော်တို့ရဲ့ ချစ်မိတ်ဆွေကြီး ဆရာလွင်တို့၊ ဆရာမဟာဆွေတို့၊ ဆရာဇဝနတို့နဲ့ ဆရာကြီးဒဂုန်ရွှေမျှား၊ ဆရာကြီးဦးယောဇေယျ တို့ကိုပေါ့ဗျာ။ အထူးသတိရပါတယ်၊ မေးပါတယ်၊ မမေ့ပါဘူးလို့။ ဒါထက်ဘယ်လို နေထိုင်ကြသလဲဆိုတဲ့ အကြောင်းတွေနဲ့ ထည်ထည်ဝါဝါ၊ သာသာယာယာ ခမ်းခမ်းနားနား ချောင်ချောင်လယ်လယ်ရှိကြလား ဆိုတာတွေကိုလဲ သိချင်ပါတယ်ဗျာ။ အင်း– ကျွန်တော်တို့လဲ ခင်ဗျားတို့ဆီ တနေ့နေ့တော့ ရောက်လာအုံးမှာပေါ့လေ။ ဒါပေမယ့် အခုတော့မလာနိုင်သေးဘူး။ ဘယ်နေ့ဘယ်ရက် ဘယ်လတော့ ရောက်လာနိုင်မယ်ဆိုတာ အမှန်မပြော နိုင်သေးဘူးဗျာ။ ဒီမှာ ကိုယ့်တိုင်းပြည်အတွက် လုပ်စရာ ရေးစရာတာဝန် ကလေးတွေက ရှိနေသေးလို့ အသက် ၈၀အထိ လောက်တော့ နေအုံးမယ် အောက်မေ့တာပဲ။ ကိုလှမရှိမှ ကျွန်တော်တို့လဲ မန္တလေးကို မရောက်ပါ ဘူးဗျာ။ ဒီနှစ်တော့ဘုရားလဲဖူးယင်း သွားမယ်စိတ်ကူးတယ်။ သွားပြန်ယင်လဲ ဟိုရောက်ယင် ကိုယ်တို့ မိတ်ဆွေကြီးတွေကို သတိတရရ ဖြစ်နေအုံးမှာပဲ။ အရင်ကတော့ ဆရာမြမျိုးလွင် တယောက်ကိုပဲ သတိရတယ်။ အခု နောက်တယောက် တိုးလာတာပေါ့လေ။

www.myanmarcupid.net

ကဲ–ဒါပါပဲဗျာ။ ကိုလှ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခနဲ့ ပြည့်စုံပါစေ။ မအမာတို့အိမ်သားများနဲ့ သားသမီးတွေလဲ ကျန်းမာကြပါတယ်။အခုလာမယ့် ၈၄၊ ဇန်နဝါရီလမှာ ခင်ဗျားရဲ့ ဂျူဘလီ ကြိမ်မြောက် မွေးနေ့ အထိမ်းအမှတ်အဖြစ် စာအုပ်ထုတ်ဖို့ စီစဉ်နေတယ်လို့ သိရတယ်။ သူလဲ ကိုယ့်စိတ်ကို ဖြေတဲ့သဘော သက်သာမှု နှစ်သိမ့်မှုကလေးတွေကို လုပ်ရှာတယ်ထင်ပါရဲ့။ ဒါလဲ ဒုက္ခသမုဒယသစ္စာ သဘောတွေပေါ့လေ။

ဒါထက်ဆရာမြမျိုးလွင်ရဲ့ဇနီးဆရာကတော်ကြီးဒေါ်မြသောင်း (သောင်းသောင်း) လဲ ကျန်းမာတဲ့အကြောင်း ဆရာလွင်နဲ့ တွေ့ယင်ပြောပြပါဗျာ။ မအမာနဲ့ သူတို့နှစ်ယောက် ကံတူအကျိုးပေးမို့ ကိုယ်ချင်းစာတယ်ဆိုတဲ့အကြောင်း ဒေါ်မြသောင်းဆီက စာမကြာမကြာ ရပါတယ်။

ကဲ–ဒါပါပဲလေ၊ဆရာသမားကြီးများနဲ့ရေးဘော်ကြီးများအားလုံး တပြည်တရွာမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေဗျာ....။

သခ်ၤါ

မြန်မာနိုင်ငံ

(မနုဿလူ့ပြည်)

www.myanmarcupid.net



# ဦးလှနှင့် အတူနေခဲ့ရသော ရက်များ

## အုန်းမောင် (လေထီး)

*ငြိမ်းချမ်းရေးလိုလားသော ဦးလှသည် ငြိမ်းချမ်းရေးအတွက် ရေးသားသည်၊ ဟောပြောသည်။ စည်းရုံး လှုပ်ရှားသည်။ ငြိမ်းချမ်းရေး ခရီးသည်အဖြစ် ကမ္ဘာအနှံ့ခြေဆန့်ခဲ့သည်။ ဦးလှကိုယ်တိုင် ရေးသား ထုတ်ဝေသော လူထုသတင်းစာသည်ငြိမ်းချမ်းရေးကြွေးကြော်သံ ဖြစ်လာမည်။ ဤကဲ့သို့ ငြိမ်းချမ်းရေးအတွက် စည်းရုံးလှုပ်ရှားယင်း ဖဆပလအစိုးရက ပုဒ်မ၅နှင့် ဖမ်းလိုက်ခြင်း ဖြစ်သည်။...*

www.myanmarcupid.net

-၁-

ဦးလှုကို လူချင်းစသိခဲ့ရသည်မှာ စစ်ပြီးကာလတွင်ဖြစ်သည်။

၁၉၄၅ခု၊ နိုဝင်ဘာလ။ ရက်ကိုတော့ မမှတ်မိတော့။ တနေ့တွင် ဖတပလဋ္ဌာနချုပ် (ယခုပန်းချီပန်းပုကျောင်း) အထွေထွေအတွင်းရေးမှူး ၏ ရုံးခန်း၌ သခင်မြသွင် (ဒေးဒရဲ)နှင့် ကျွန်တော်တို့ရှိနေကြစဉ် လူတ ယောက်ဝင်လာသည်။ ထိုသူမှာ အမေရိကံ စစ်ကာကီယူနီဖောင်းကို ဝတ်ထားသည်။ အသားဖြူဖြူ၊ ကိုယ်လုံး ကိုယ်ထည် ခပ်တောင့်တောင့်၊ မျက်နှာကမူ အစဉ်ပြုံးနေ၏။

အထွေထွေအတွင်းရေးမှူးက ထိုသူနှင့် ကျွန်တော်တို့နှစ်ယောက်ကို မိတ်ဆက်ပေးသည်။ ထိုသူကား ကြီးပွားရေးဦးလှု ဖြစ်၏။ လွတ်လပ်ရေး အတွက် မန္တလေးဖတပလကို တာဝန်ယူ စည်းရုံး လုပ်ကိုင်နေသူ ဖြစ်ကြောင်းကို နောက်တော့သိရ၏။ မိတ်ဆက် ပေးသဖြင့် ကျွန်တော်တို့ အပြုံးချင်း ဖလှယ်၍ နှုတ်ဆက်ကြသည်။ နောက် အထက်မြန်မာပြည်၏ နိုင်ငံရေး၊ စည်းရုံးရေး အခြေအနေများကို ဖတပလအထွေထွေ အတွင်းရေးမှူး နှင့် ဦးလှုတို့ အပြန်အလှန် ဆွေးနွေး နေကြသည်ကို ကျွန်တော်တို့က ဘေးမှ နားထောင်နေကြသည်။ ဤကဲ့သို့

www.myanmarcupid.net

နားထောင် ရသဖြင့် အထက်မြန်မာပြည်၏ နိုင်ငံရေး၊ စည်းရုံးရေး အခြေအနေများကို ကျွန်တော်တို့ တစွန်းတစ သိလိုက်ရသည်။

ဤသို့ဖြင့် ဦးလုနှင့် လူချင်း စတွေ့ခဲ့ရသည်။ စသိခဲ့ရသည်။ ဦးလုနှင့် လူချင်းခုမှတွေ့ရ၊ သိရသော်လည်း ဦးလုနာမည်ကိုကား စစ်မဖြစ်မီ ကတည်းက ကျွန်တော် တို့ ကြားဖူးနေ၏။ ထိုအခါက ဦးလုကို 'ကြီးပွားရေးဦးလု' ဟု လူသိများကြသည်။ ကြီးပွားရေးမဂ္ဂဇင်းကို ကိုယ်တိုင်ရေးသားထုတ်ဝေသောကြောင့် ကြီးပွားရေးဦးလုဟု ခေါ်ကြ ခြင်းဖြစ်သည်။ စစ်ကြီးမဖြစ်မီက အမျိုး သားစိတ်ကို နှိုးဆွပေးသော မဂ္ဂဇင်းများတွင် ကြီးပွားရေးမဂ္ဂဇင်းသည်လည်း တစောင်တဖွဲ့ အနေနှင့် ပါဝင်ခဲ့ သည်။ ကြီးပွားရေးမဂ္ဂဇင်းသည် အမျိုးသားစိတ် နိုးကြား တက်ကြွခါစဖြစ်သော ကျွန်တော်တို့ လူငယ်လူရွယ် များ တလေးတစား ဖတ်ခဲ့ရသော မဂ္ဂဇင်း တစောင်လည်း ဖြစ်သည်။ ၁၃၀၀ပြည့် အရေးတော်ပုံ ကာလက မန္တလေး အာဇာနည် ဈာပနအခမ်းအနားသို့ စာရေးဆရာအသင်း ကိုယ်စားလှယ်အဖြစ် ကြီးပွားရေးဦးလု တက်ရောက်၍ လွမ်းသူ့ပန်းခွေချသည့် သတင်း ဓာတ်ပုံ ကိုလည်း

www.myanmarcupid.net

သတင်းစာများတွင် ထိုအချိန်က ကျွန်တော် တွေ့မြင် ဖတ်ရှုခဲ့ရဖူးသည်။

စစ်အတွင်း ဖက်ဆစ်အုပ်စိုးမှုအောက်တွင် စာအုပ်စာတမ်းများ ရှားပါးနေချိန်၊ ရွှံ့နှင့်စစ်သား၊ ပန်းနှင့် စစ်သား စသော ဘာသာပြန် စာအုပ်များ ရှားရှားပါးပါးထွက်လာသည်။ ထိုစာအုပ်များကို ဘာသာပြန် သူမှာ လည်း 'ကြီးပွားရေး ဦးလှ'ပင် ဖြစ်၏။ ထို့ကြောင့် ကြီးပွားရေးဦးလှဟူသော အမည်မှာ ကျွန်တော်တို့အတွက် အစိမ်း သက်သက်မဟုတ်ပေ၊ ကျွန်တော်တို့နှင့်ရင်းနှီးပြီးသား အမည် ဖြစ်သည်။

ဦးလှကို လူချင်းစသိရသော အချိန်တွင် ဦးလှမှာ စာရေးဆရာတယောက် အဖြစ်ဖြင့်သာ မဟုတ်သေး။ လွတ်လပ်ရေးအတွက် ကိုယ်ထိလက်ရောက် ကြိုးပမ်းနေသူ တယောက်အဖြစ်ပါတွေ့ရသိရသဖြင့် ဦးလှကို စိတ်ထဲက လေးစားသွားမိသည်။ တချိန်တည်းတွင်လည်း ကျွန်တော့် စိတ်ထဲတွင် ဦးလှနှင့်ကျွန်တော်သည် လွတ်လပ်ရေးအတွက် တလှေထဲစီး၊ တခရီး တည်းသွား နေသူများဖြစ်သည်ဆိုသော အသိက တပြိုင်နက် ဝင်ရောက်လာကာ ထိုအသိက ကျွန်တော်တို့အား ရှင်လန်း တက်ကြွ စေခဲ့ပါသည်။ ဦးလှနှင့် လူချင်းသိကျွမ်းခဲ့ ရသော်လည်း လူချင်း တွေ့ရ ပြုရ နည်းသည်။ တွေရပြုရ နည်းခြင်းမှာ ဦးလှကမန္တလေး၊



www.myanmarcupid.net

ကျွန်တော်က ဖျာပုံ ဆိုတော့ မကြာခဏ တွေ့ဖို့ဆုံဖို့ မလွယ်သောကြောင့် နှစ်ယောက် စလုံး ရန်ကုန်အရောက်နှင့် ကြုံမှသာ တွေ့ရ ဆုံရတော့သည်။ မှတ်မှတ်ရရ ကျွန်တော် ဦးလှနှင့် သုံးခါလောက်ပဲ တွေ့လိုက်ရသည်။

ဖဆပလအလယ်ပစ္စယံညီလာခံ (၁၉၄၆) တွင် တခါ ဦးလှနှင့် တွေ့လိုက် ရသည်။ ထိုညီလာခံသို့ ဦးလှ က မန္တလေး ဖဆပလ ကိုယ်စားလှယ် အဖွဲ့နှင့် ပါလာ၍ ကျွန်တော်ကလည်း နယ်ကိုယ်စားလှယ် အဖွဲ့နှင့် ပါလာ ခဲ့သဖြင့် တယောက်နှင့်တယောက် တွေ့ဆုံ လိုက်ရသေးသည်၊ စကားတွေ အားရပါးရ ပြောလိုက်ရ သေးသည်။ ဖဆပလအလယ် ပစ္စယံ ညီလာခံမှာ လွတ်လပ်ရေးနှင့် အမျိုးသား ညီညွတ်ရေးအတွက် အား အကောင်းဆုံး ညီလာခံဖြစ်သဖြင့် ကျွန်တော်တို့ အားလုံးမှာ ရွှင်လန်း တက်ကြွနေကြသည်။

ဖဆပလ ဦးစီး အစည်းအဝေး (၁၉၄၆) သို့ ဦးလှ တက်သေးသည်ဟု သိရသည်။ သို့သော် ကျွန်တော် နယ်ရောက်နေသဖြင့် လူချင်း မတွေ့ လိုက်ရ။ ထိုအစည်းအဝေးမှာ ဖဆပလမှာ ကွန်မြူနစ်ပါတီကို ထုတ်ပစ် သော အစည်းအဝေးဖြစ်၏။ အစည်းအဝေးတွင် ဖဆပလမှ ကွန်မြူနစ် ပါတီကို ထုတ်ပစ်ကြောင်း အဆိုကို မဲခွဲရာ ဦးလှက

www.myanmarcupid.net

သဘော မတူသဖြင့် မဲမပေးပဲ နေခဲ့သည်ဟု ကြားသိရသည်။ အမျိုးသား ညီညွတ်ရေး ပြိုကွဲမှုကိုကား ဦးလှမလိုလားပေ။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း နှင့် အာဇာနည် ခေါင်းဆောင်ကြီးများ လုပ်ကြံ သတ်ဖြတ်ခံ ရပြီး နောက် တခါ ရန်ကုန်တွင်တွေ့လိုက်ရသေးသည်။ သည်အခါ ဦးလှကို တွေ့ရသည်မှာ အရင်တုန်းကလို ရွှင်ရွှင်လန်းလန်း မရှိတော့။ ညီညွတ်ရေး ပြိုကွဲခြင်း ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးခြင်းတို့ကြောင့် သူစိတ်ထိခိုက်နေသည်ဟု ကျွန်တော် အကဲခတ်မိသည်။ အစဉ်ပြုံးနေသော သူ့မျက်နှာမှာ ညှိုးနွမ်းနေသည်ကို တွေ့ရ သည်။

ကျွန်တော်တို့သည် လွတ်လပ်ရေးအတွက် ကြိုးပမ်းနေယင်း နိုင်ငံရေး အခြေအနေများသည် တခုပြီးတခု ပြောင်းလဲသွားသည်။ ဖဆပလကွန်မြူနစ် ပါတီကွဲခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံသတ်ဖြတ်ခံရခြင်း၊ ပြည်တွင်းစစ်ဖြစ်ပွားခြင်း စသည်စသည်များ။ နိုင်ငံရေးပါတီများ အစိတ်စိတ် အမြွှာမြွှာကွဲကုန်သည်။ တောထဲရောက်သူရောက်၊ထောင်ထဲ ရောက်သူရောက် နှင့် ဟိုတကွဲ၊ သည်တကွဲနှင့် အကွဲကွဲ ဖြစ်ကုန် ကြသည်။ ထိုအချိန်သည်တပြည်လုံးတွင်မိုးသက်လေပြင်းများတိုက်ခတ် နေချိန်ဖြစ်သည်။

www.myanmarcupid.net

-၂-

အတော်ကြာ လူချင်းကွဲနေရာမှ ကျွန်တော်နှင့် ဦးလှ ရန်ကုန်ထောင်တွင် မမျှော်လင့်ပဲ ပြန်တွေ့ရ ပြန်သည်။ ဦးလှသည် ပုဒ်မ ၅နှင့် အဖမ်းခံနေရ၏။

၁၉၅၀ခုနှစ်လောက်က မြန်မာပြည်တွင် ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှု စတင်ပေါ်ပေါက်လာသောအခါ ငြိမ်းချမ်းရေး လှုပ်ရှားမှုများတွင် ဦးလှသည် စိတ်ရောကိုယ်ပါ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လာသည်ကိုတွေ့ရ ပြန်သည်။ ငြိမ်းချမ်းရေးလိုလားသော ဦးလှသည် ငြိမ်းချမ်းရေးအတွက် ရေးသားသည်၊ ဟောပြောသည်။ စည်းရုံး လှုပ်ရှားသည်။ ငြိမ်းချမ်းရေး ခရီးသည်အဖြစ် ကမ္ဘာအနှံ့ခြေဆန့်ခဲ့သည်။ ဦးလှကိုယ်တိုင် ရေးသား ထုတ်ဝေသော လူထုသတင်းစာသည်ငြိမ်းချမ်းရေးကြွေးကြော်သံ ဖြစ်လာမည်။

ဤကဲ့သို့ ငြိမ်းချမ်းရေးအတွက် စည်းရုံးလှုပ်ရှားယင်း ဖဆပလအစိုးရက ပုဒ်မ၅နှင့် ဖမ်းလိုက်ခြင်း ဖြစ်သည်။ ဦးလှဖမ်းပြီးနောက် နှစ်လ အကြာတွင် ကျွန်တော့်ကိုလည်း တောထဲမှ ဖမ်းမိလာသဖြင့် ပုဒ်မ၅ နှင့် ရန်ကုန်ထောင်တွင် ချုပ်နှောင်ထားသည်။

www.myanmarcupid.net

ယခုအခါ နှစ်ယောက်စလုံးမှာ ပုဒ်မ၅ အကျဉ်းသားများ ဖြစ်နေကြ၏။ ကံဆုံချင်တော့ ဦးလှနှင့် ကျွန်တော်တထောင်တည်း၊ တဆောင်တည်းနေရ၏။ ပုဒ်မကလည်း တပုဒ်မတည်း အဖမ်းခံနေရ၏။ ကျွန်တော် နေရသော အဆောင်မှာ နံပါတ်၅အဆောင်ဖြစ်၏။ နံပါတ်၅ အဆောင်မှာ များသော အားဖြင့် ပုဒ်မ၅ နိုင်ငံရေးအကျဉ်းသားများကို ထားသောကြောင့် ထောင်အာဏာပိုင်များက ပုဒ်မ၅ ဆောင်ဟု ခေါ်ကြသည်။ အကျဉ်းသားများ ကမူ နိုင်ငံရေးအဆောင်ဟု ခေါ်ကြသည်။ ကျွန်တော်တို့နေသော နံပါတ် ၅ဆောင်ကို အခြား ရိုးရိုးအကျဉ်းသား များနှင့် အဆက်ဖြတ်ထားသည်။ ပုဒ်မ၅ ဆောင်သို့ ကူးလူးဆက်ဆံ ခြင်းမလုပ်ရ၊ နိုင်ငံရေး သမားများနှင့် မဆက်သွယ်ရ၊ စကားမပြောရဟု ထောင်အာဏာပိုင်များက စည်းကမ်းထုတ် ထားသည်။ ဤစည်းကမ်းက မလိုက်နာသော အကျဉ်းသားများကို အပြစ်ပေးသည်။

ကျွန်တော်ရောက်စက ကျွန်တော်နေရသော နံပါတ် ၅ဆောင်တွင် နိုင်ငံရေးသမား သိပ်များများစားစား မရှိသေး။ သခင်ဖေငြေး (အလံနီ)၊ ဗိုလ်စက်စိန်၊ ဗိုလ်မြင့်သိန်း၊ ဗိုလ်နန္ဒစသော ပြည်သူ့ရဲဘော်ခေါင်းဆောင် များ၊ လူထုဦးလှ၊

www.myanmarcupid.net

ဗန်းမော်တင်အောင်၊ ကိုရွှေဓား၊ ဆန်းညွန့်ဦး ဦးလုခင် စသော စာရေးဆရာ၊ သတင်းစာဆရာ များ စသည်တို့လောက်သာ ရှိသေးသည်။

သခင်ဖေငြေးမှာ အလံနီပါတီ ခေါင်းဆောင်တယောက်ဖြစ်ပြီး မစွမ်းမသန် သူလည်း ဖြစ်သည်။ ပုဒ်မ ၅ နှင့် ချုပ်နှောင်ထားသည်မှာ ၅ နှစ်နီးပါး ရှိနေပြီဖြစ်သည်။ ဗိုလ်စက်စိန်၊ ဗိုလ်မြင့်သိန်း၊ ဗိုလ်နန္ဒတို့မှာ ကြိုးဒဏ်မှ တသက်တကျွန်းသို့ ပြောင်းပေးထားသူများ ဖြစ်၏။ ဗန်းမော်တင်အောင် မှာမူ သူရေးသော သူပုန်ကြီးနှင့် အမေ ဝတ္ထုတို့အတွက် တရားစွဲ ထားသဖြင့် အမှုကို ရုံးတွင်ရင်ဆိုင်နေရသည်။ ကိုရွှေဓားနှင့် ဆန်းညွန့်ဦး ဦးလုခင်တို့မှာ ဗန်းမော်တင်အောင်၏ အမှုတွဲများ ဖြစ်၏။ ထိုသူများထဲမှ ကျွန်တော်နှင့် လူချင်း သိသူမှာ လူထုဦးလုနှင့် သခင်ဖေငြေးတို့ နှစ်ယောက်လောက်သာ ရှိ၏။ ကျန်လူများကိုမူ လူချင်းမသိခဲ့၊ လူချင်း မသိသော်လည်း ဘဝတူချင်းမို့ တယောက်နှင့်တယောက် ခင်မင်ရင်းနှီး ကြသည်။ တယောက်ကို တယောက်ကူညီကြသည်။ စောင့်ရှောက် ကြသည်။ သူတို့၏ ကူညီစောင့်ရှောက်မှုကြောင့် ထောင်ထဲ နေရသည် မှာ သိပ်အခက်အခဲ မတွေ့ရလှ။

www.myanmarcupid.net

ကျွန်တော် အဆောင်ရောက်ရောက်ချင်း ပထမဆုံးတွေ့ရသူမှာ ဦးလှနှင့် သခင်ဖေငွေးဖြစ်၏။ ကျွန်တော်တို့တတွေ တွေ့တွေ့ချင်း ဖက်လှဲတကင်း နှုတ်ဆက်ကြသည်။ စိတ်ထဲတွင်လည်း ဝမ်းနည်းဝမ်းသာ ဖြစ်ကြရသည်။ တချိန်က တိုင်းပြည် လွတ်လပ်ရေးအတွက် တလှေတည်းစီး၊ တခရီးတည်း သွားခဲ့ကြသော ကျွန်တော်တို့သည် ယခုအခါ အကျဉ်းသား ဖြစ်နေကြ သည်ကို တွေ့ရသောအခါ ဘဝ၏ဆန်းကြယ်ပုံကို တွေးမိပြီး စိတ်ထဲ အလိုလိုပြုံးမိသည်။ ဦးလှမှာ အနည်းငယ်ဝလာသည်မှလွဲ၍ အပြင်မှာတုန်းကတွေ့ခဲ့သည့် ရုပ်အတိုင်းပင်။ ထူးထူးခြားခြားပြောင်းလဲခြင်းမရှိ။ သူ့အပြုံးကနဂို အတိုင်းပင် အပြုံးမပျက်၊ သူ့လှုပ်ရှားမှုမှာလည်း သွက်လက်ဖျတ်လတ် တုန်းပင်။ သူတို့တတွေမှာ ကျွန်တော့်ထက် လသော်လည်းကောင်း၊ နှစ်သော်လည်းကောင်း ထောင်စောပြီး ရောက်နေကြ သူများ ဖြစ်သဖြင့် ကျွန်တော့်ထက် ထောင်အတွေ့အကြုံ၊ ထောင်ဗဟုသုတ ရှိသူများ ဖြစ်ကြ သည်။ သူတို့ကကျောင်းသားဟောင်း၊ ကျွန်တော်က ကျောင်းသား သစ် လိုဖြစ်နေ၏။ ကျွန်တော်လိုကျောင်းသားသစ် များကလည်း နေ့စဉ်လိုလို တိုး နေသဖြင့် တဖြည်းဖြည်းနှင့် ကျွန်တော်တို့

www.myanmarcupid.net

အဆောင်တွင် နိုင်ငံ ရေး သမားများ များများလာသည်။ အဆောင်မှာ တရုံးရုံးနှင့် စည်ကား နေ၏။ ထောင်ထဲအနေကြာလာသောအခါ လူတွေလည်း တည်တည်ငြိမ်ငြိမ် ဖြစ်လာကြသည်။ ထောင်ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေနိုင် လာကြပြီ။ နေတတ်လာကြပြီ။ တနေ့တာ အချိန်ကို အလဟဿ အဖြစ်မခံ။ ထောင်တွင်းနေရတုန်း နေရစိုက် ကိုယ့်အတွက် အကျိုးရှိမည့် အလုပ်တခုခုကို လုပ်ယင်းဖြင့် တနေ့တာ အချိန်ကို ကုန်လွန်စေခဲ့သည်။ အချို့က စာရေး စာဖတ်သည်။ အချို့က ကျန်းမာရေး လိုက်စားကြ သည်။ အချို့က ဗဟုသုတ ရှာကြသည်။ စာသင်ကြသည်။

ကျွန်တော်တို့တတွေမှာ အပြင်လောကနှင့် အဆက်ပြတ်နေ၏။ အပြင်လောက နှင့် အဆက်အသွယ်မှာ ထောင်ဝင်စာ လာတွေ့သူရှိမှသာလျှင် အပြင်မှ ဟိုသတင်းသည်သတင်းများကိုကြားရသည်။ အပြင်လောကမှ သတင်းများကို ဦးလှထံမှ အများဆုံးကြားရသည်။ အဘယ့်ကြောင့်ဆိုသော် ဦးလှမှာ မိတ်ဆွေသင်္ဂဟ ပေါများသူဖြစ်သဖြင့် ကျွန်တော်တို့အထဲတွင် ထောင်ဝင်စာ လာတွေ့သူ အများဆုံး ဖြစ်သောကြောင့်ပင် ဖြစ်၏။ ဦးလှသည် သတင်းဦး၊ သတင်းထူးကလေးများရလာလျှင် ကျွန်တော်တို့ကို

www.myanmarcupid.net

သိစေချင်သည်။ ပြောပြ ချင်သည်။ ထိုအခါညညများတွင် တခန်းခန်း၌စုကြသည်။ စားစရာတခုခုကို လုပ်ကိုင်စားသောက်ယင်း ဦးလှပြောပြသော သတင်း များကို နားထောင် ကြသည်။ သတင်းများကစုံ၏။ နိုင်ငံရေးသတင်း၊ မိတ်ဆွေသင်္ဂဟများ သတင်း၊ ဟိုသတင်း၊ သည်သတင်း စသည်များကို ကြားရပေသည်။

ဦးလှမှာ စာရေးကောင်းသလို စကားပြောလည်းကောင်းသည်။ သူ စကားပြောသောအခါ သူဖြတ် သန်းလာခဲ့သော နိုင်ငံရေး အတွေ့အကြုံ၊ စာပေအတွေ့အကြုံများထဲမှ အဖြစ်အပျက်ကလေးများနှင့် ဆက်စပ်၍ ပြောတတ်သည်။ နားထောင်သူများ မငြီးငွေ့အောင်လည်း ရယ်စရာ မောစရာ ကလေးများ ညှပ်၍ပြောတတ်သည်။ စကားပြောရာတွင် ဒေါသကင်းသည်။ အာဃာတကင်းသည်။ မာန်မာနမရှိ။ လူတိုင်းကို ချိုချိုသာသာ ပျော့ပျော့ ပျောင်းပျောင်း ပြောဆိုဆက်ဆံသည်။ ပြောစရာရှိ၍ ပြောရသည့်တိုင်အောင် အပြောခံရသူ နားဝင်အောင် ချိုချို သာသာ ပြောတတ်သဖြင့် အကျဉ်းသားတိုင်း ဦးလှကို ခင်မင်ကြသည်။ 'ဦးလေးလှ'၊ 'ဦးလေးလှ'နှင့် လေးစား ကြသည်။

ဦးလှသည် ထောင်ထဲနေရစဉ် ထောင်၏နှိပ်စက် ညှဉ်းပန်းမှုများကို မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရသည်။ ထောင်ကျ

www.myanmarcupid.net

အကျဉ်းသမားများ၏ ဘဝသည် ရင်နာစရာကောင်းသည်။ ဒါတွေကို နေ့စဉ်နှင့်အမျှ တွေ့မြင်ခံစား နေရသော ဦးလှက အကျဉ်းသားများကို စာနာသည်။ ထောင်ကို ပြုပြင် ပေးချင်သည်။ အကျဉ်းသားများ၏ဘဝ ပြုပြင်ရေးကို စိတ်ဝင်စားသည်။ ထို့ကြောင့်လည်း ဦးလှသည် ထောင်ထဲနေတုန်း ထောင်အကြောင်း သိကောင်း စရာများကို စူးစမ်းရှာဖွေသည်။ အကျဉ်းသားများနှင့် တွေ့ပြီး အကျဉ်းသားများ၏ ဘဝကို လေ့လာသည်။ တခါတခါ သူတွေ့မေးသော အကျဉ်းသားများ၏ဘဝ တစေ့တစောင်းကို ကျွန်တော်တို့အား ပြောပြတတ်သည်။ ဦးလှရေးသော လေနှင့်အတူ ဝတ္ထုထဲမှ ဇာတ်ကောင် မောင်ညိုအကြောင်းကို ကျွန်တော်နှင့် ဗန်းမော်တင်အောင် တို့အား စကားဆုံတိုင်း ပြောပြောပြသည်။

"မောင်ညိုက မရှိလို့ခိုးစားပေမယ့် ညစ်ပတ်တဲ့စိတ် မထားဘူးတဲ့။ သူမိန်းမယူယင်တောင် မိန်းမ ကောင်းကို ဘယ်တော့မှ မယူဘူးတဲ့၊ မိန်းမပျက်ကိုပဲ ယူတယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူက ထောင်ခဏ ခဏကျနေတော့ မိန်းမကောင်းဆိုယင် ပျက်စီးသွားမှာ စိုးရတယ်။ မိန်းမပျက်ဆိုတော့ နောက်ထပ်ပျက်စီးသွား မှာလဲ မစိုးရတော့ဘူးတဲ့"ဟု မောင်ညို၏ သဘောကျစရာ

www.myanmarcupid.net

စိတ်သဘောထားကလေးများကို ပြောပြ သည်။ အဆိုးထဲမှ ကောင်းကွက်ကလေးများကိုရှာ၍ သူတို့တတွေ၏ ဘဝများကို လေ့လာသည်။ ဦးလှက ထောင်ကျအကျဉ်းသားများနှင့် ပြောဆိုဆက်ဆံရာ တွင် မာန်မာနမထား။ မတူမတန်သဘောမျိုးမထား။ ရွံရှာစက်ဆုပ်သည့် အကြည့်မျိုးနှင့်မကြည့်။ သူတို့အပေါ် မေတ္တာ စေတနာ ထားသည်။ သူတို့ကို ကြင်နာသနားသည်၊ သူတို့ဘဝကို နားလည်နိုင်အောင် ကြိုးစားပြီး သူတို့အပေါ် စာနာစိတ်ထားသည်။ ထို့ကြောင့်လည်း ဦးလှအား အကျဉ်းသားများက ချစ်ခင်လေးစား ကြခြင်းဖြစ်သည်။

ဦးလှက သူထောင်ကလွတ်တဲ့နေ့ ထောင်ပြုပြင်ရေး အကျဉ်းသားဘဝ ပြုပြင်ရေးအတွက် အထောက် အကူဖြစ်မည့် ထောင်စာအုပ်များ ရေးမည်ဟု သူစဉ်းစားထားသည်။ ထို့ကြောင့် ထောင်ထဲနေရတုန်း နေ့ရှိုက် ထောင်အကြောင်းကို စူးစမ်းရှာဖွေသည်။ ထောင်ကျ အကျဉ်းသားများ နှင့်တွေ့ပြီး သူတို့ဘဝကို လေ့လာသည်။ စူးစမ်းလေ့လာ၍ရသော အကြောင်းအရာများကိုစုစည်း၍ ထောင်စာအုပ်များကိုရေးရာ အကျဉ်းသား၏ ဘဝကိုဖော်ပြသော 'လေနှင့်အတူ'၊ 'လှောင်ချိုင့်တွင်းမှငှက်ငယ်များ'၊ 'စစ်အချစ်နှင့်ထောင်'၊ 'ထောင်နှင့်လူသား' စသောစာအုပ်များ ထွက်ပေါ်လာ ခဲ့သည်။

www.myanmarcupid.net

ထောင်တွင်း အကျဉ်းသားများ၏ ဘဝသည် ပျော်ရွှင်စရာဟူ၍ မရှိ။ ဒုက္ခအတိနှင့်ပြီး၏။ ငြီးငွေ့စရာကောင်းသည်။ ထို့ကြောင့် အကျဉ်းသား များသည် လောကငရဲခံနေရသော ငရဲသားများ ပမာဟု သူတို့ဘဝကို သူတို့ခိုင်းနှိုင်းကြသည်။

ရန်ကုန်ထောင်သည် စံပြထောင်ဖြစ်လာသောအခါ စံပြထောင် အခွင့်အရေး အချို့ကို အကျဉ်းသားများ ရရှိခံစားလာရသည်။ အကျဉ်းသားများ ပျော်ရွှင်မှုအတွက် ဘောလုံးကန်ခွင့်၊ ခြင်းခတ်ခွင့်များ ပေးသည်။ အားကစား လတွင် အားကစားပြိုင်ပွဲများ ပြုလုပ်ခွင့်ပေးသည်။ အကျဉ်းသား ကိုယ်စားလှယ်များပါသော အားကစားကော်မတီများဖွဲ့၍ အားကစားပြိုင်ပွဲများ ကျင်းပသည်။ တနှစ်တွင် အားကစားပြိုင်ပွဲများ ကျင်းပရာ ဦးလှမှာ အားကစားကော်မတီဥက္ကဋ္ဌဖြစ်လာ၏။ ထိုနှစ်က အားကစားပြိုင်ပွဲမှာ ထောင်ရာဇဝင်တွင် အကြီးကျယ်ဆုံး အစည်ကားဆုံး ပြိုင်ပွဲဖြစ်၏။ ဦးလှကလည်း အပေါင်းအသင်း မိတ်ဆွေသင်္ဂဟ ပေါများသူ ဖြစ်သ ဖြင့် အပြင် မိတ်ဆွေများထံမှ ငွေအလှူခံသည်။ ဆုပစ္စည်းများ အလှူခံရာ အဖိုးတန် ဆုပစ္စည်းများကို ရရှိခဲ့သည်။ အားကစားကော်မတီကအပြင်ကငွေ၊ ပစ္စည်းလှူကြသော မိတ်ဆွေ ဧည့်သည်များကို ဖိတ်ကြားချင်သည်။

www.myanmarcupid.net

အပြင်အားကစား လောကမှ အားကစားမောင်မယ်များကို ဖိတ်ကြားချင်သည်။ သို့သော် ထောင်အာဏာပိုင် များက အပြင်ကဧည့်သည်များလာလို့ တစုံတခု ဖြစ်လျှင် သူတို့တာဝန်ဖြစ်မည်၊ ဤအတွက် သူတို့ တာဝန်မယူနိုင်ဟုဆိုသည်။ အားကစားကော်မတီနှင့် ထောင်အာဏာပိုင်များ အကြိတ်အနယ် စကားပြောရသည်။ နောက်ဆုံး ထောင်အာဏာပိုင်များက "ခင်ဗျားတို့တာဝန်ယူနိုင်လျှင် ဖိတ်ပါ" ဟု ခွင့်ပြုသည်။

ဤကိစ္စကို အားကစားကော်မတီက အကျဉ်းသမားများအား ရှင်းပြရာတွင် ဥက္ကဋ္ဌဦးလှက–

"အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဟာ အကျဉ်းသား အားလုံးမှာ တာဝန်ရှိတယ်။ အပြင်က ဧည့်သည်တွေကို ဖိတ်ဖို့ ကျွန်တော်တို့က တာဝန်ယူခဲ့ရတယ်။ အပြင်ကလူတွေကလဲ ထောင်သားတွေဆိုတော့ ကြောက်ကြမှာပဲ။ အပြင်ကလူတွေထင်သလို အကျဉ်းသားတွေဟာ ကြောက်စရာလူတွေ မဟုတ်ဘူးဆိုတာ ကျွန်တော်တို့ လက်တွေ့နဲ့ ပြရမယ်။ ကျွန်တော်တို့ စည်းကမ်းရှိကြရမယ်။ တခုခု ဖြစ်ယင်တော့ ကျွန်တော်တို့ ရထားတဲ့ အခွင့်အရေးတွေ ဆုံးရှုံးမှာပဲ" ဟု ပြောရာ အကျဉ်းသားများက လက်ခုပ်တီး၍ ကတိပြုကြသည်။

www.myanmarcupid.net

အားကစားပြိုင်ပွဲ ကျင်းပသည့်နေ့တွင် ဦးလုဖိတ်ကြားထားသော အပြင်က ဧည့်သည်မိတ်ဆွေများ၊ ကျားဘငြိမ်း ခေါင်းဆောင်သော အားကစားမောင်မယ်များ၊ လာရောက်ကြည့်ရှုအားပေးကြသည်။ ကျားဘငြိမ်း ကလက်ဖော့ထိုးပြသည်။ ပြိုင်ပွဲဝင် အကျဉ်းသား အားကစား သမားများက ဦးလုကို ချီတက်အလေးပြုကြသည်။ အားကစားပြိုင်ပွဲကား စည်စည်ကားကား မြိုင်မြိုင်ဆိုင်ဆိုင် စည်းကမ်းတကျနှင့် ပြီးဆုံးသွားသည်။ ထောင်တွင်း အားကစားပြိုင်ပွဲနှင့် ပတ်သက်၍ ကျားဘငြိမ်းက ဤသို့နှုတ်ဆက် မိန့်ခွန်းပြောကြားခဲ့သည်။

"ကျွန်တော့် မိတ်ဆွေ လူထုဦးလု ဖိတ်လို့သာ လာရတယ်၊ ပွင့်ပွင့်လင်းလင်း ပြောရယင် ကျွန်တော်က ထောင်ထဲလာရတာ ခပ်ကြောက်ကြောက်ပဲ၊ ဒါပေမယ့် ထောင်ထဲ အားကစားပြိုင်ပွဲကို လာရောက်ကြည့်ရှုကြ တဲ့ အကျဉ်းသားတွေရော၊ ပြိုင်ပွဲဝင်တဲ့ အကျဉ်းသားတွေရောဟာ တော်တော် စည်းကမ်း ရှိကြပါတယ်။ ကျွန်တော်တို့ဆိုယင် အကျဉ်းထောင်ထဲက အားကစားပွဲ ကြည့်နေရ တယ်လို့တောင် မထင်ဘူး။ အပြင် မြို့နယ် တခုက အားကစားပွဲကို ရောက်နေသလားလို့တောင် ထင်နေမိပါတယ်...."

အားကစားကွင်းတခုလုံး လက်ခုပ်သံများ ဆူညံသွားတော့၏။

www.myanmarcupid.net

-၃-

ဦးလှသည် ၁၉၅၇၊ ဇန်နဝါရီလ ၁၄ရက်တွင် ရန်ကုန်ထောင်မှ လွတ်သည်။ ထောင်ထဲတွင် ပုဒ်မ ၅ ဖြင့် ၃ နှစ် ၃ လနှင့် ၇ ရက် နေသွားရသည်။

မလွတ်ခင်တရက်က ဦးလှလွတ်မည့်သတင်း ရန်ကုန်ထောင်ထဲတွင် ပျံ့နှံ့လာသည်။ အကျဉ်းသားများက ကျွန်တော်တို့အဆောင်ကို ဟုတ်မဟုတ်လာ၍ စုံစမ်းကြသည်။ ဦးလှကိုယ်တိုင် မေးသူကလည်း မေးကြ သည်။ တကယ်လွတ်မည်ဆိုသော သတင်းကို ကြားရသောအခါ အကျဉ်းသားများ၏ မျက်နှာတွင် ဝမ်းနည်း ဝမ်းသာ အမူအရာများကို တွေ့ရသည်။

ဝမ်းနည်းခြင်းမှာ နှစ်ရှည်လများ အတူတကွနေခဲ့ရသော ဘဝတူ တယောက်လျော့သွား၍ ဖြစ်ပြီး ဝမ်းသာခြင်းမှာ လောကငရဲမှ လွတ်မြောက် သွားခြင်းကြောင့် ဖြစ်သည်။ တကယ်ဆိုလျှင် ဝမ်းနည်းခြင်းထက် ဝမ်းသာခြင်းက ပိုပါသည်။ ထိုညတွင် ကျွန်တော်တို့ အဆောင်က နက်ဖြန်လွတ်တော့မည့် ဦးလှအား လက်ဖက် ရည်ပွဲဖြင့်တည်ခင်းဧည့်ခံ၍ နှုတ်ဆက်ပွဲကျင်းပကြသည်။ အခြားအဆောင်များမှ အကျဉ်းသားများကလည်း ကိုယ်စလည် များလွှတ်၍ နှုတ်ဆက်စကား ပြောစေခဲ့ပါသည်။ အကျဉ်းသား

www.myanmarcupid.net

တယောက်က နှုတ်ဆက် စကား ပြောကြားရာတွင် "ဦးလေးလှ အခုလို လွတ်လာတာကို ဝမ်းသာပါတယ်၊ ဒါပေမယ့် ဦးလေးလှ တယောက် လျော့သွားတာတော့ ကျွန်တော်တို့အတွက် တအားလျော့တာပါပဲ။ ဦးလေးလှကို ကျွန်တော်တို့ မှာချင်တာက တော့ အပြင်ရောက်လို့ ဇနီး သားမယား၊ ဆွေမျိုးမိတ်သင်္ဂဟများနဲ့ တွေ့တယ်ဆိုယင် အထဲက ကျွန်တော်တို့ကို မေ့သွားမှာပါ။ အထဲက ကျွန်တော်တို့တတွေကို မမေ့ပါနဲ့လို့ မှာချင်ပါတယ်"

တယောက်စီနှုတ်ဆက်စကား ပြောပြီးနောက် ဦးလှက နောက်ဆုံးနှုတ်ဆုံး နှုတ်ဆက်စကား ပြောကြား ရာ–

"လူတယောက် ထောင်ကလွတ်တယ်ဆိုတာ ဝမ်းသာစရာပါ။ ကျွန်တော်လဲ ဝမ်းသာပါတယ်။ ဒါပေ မယ့်ဒီက ဘဝတူမိတ်ဆွေများနဲ့ ခွဲခွာသွားရမှာကိုလဲ ကျွန်တော်စိတ်ထိခိုက်ရပါတယ်။ ဘယ်လိုပြောရမလဲ ဆိုတော့ ဘုရားလက်ထက်က မောင်မစ္စကပြောသလိုပဲ ပြောရမှာပဲ။ မောင်မစ္စကဆိုတာ တဘဝထဲမှာ ယောကျ်ားတလှည့်၊ မိန်းမတလှည့်နဲ့ နှစ်ဘဝပြောင်းခဲ့တဲ့ သူပါ။ ယောကျ်ားဘဝမှာလဲ ကလေးတယောက် ရပါ တယ်။ မိန်းမဘဝနဲ့လဲ ကလေးတယောက်ရပါတယ်။ ဒီကလေးတွေနဲ့ ပတ်သက်ပြီး လူတွေက မောင်မစ္စကကို ယောက်ကျားဘဝမှာ

www.myanmarcupid.net

ရတဲ့ကလေးနဲ့ မိန်းမဘဝမှာရတဲ့ကလေး ဘယ်ကလေးကို ပိုချစ်ပါသလဲလို့ မေးကြပါတယ်။ ဒီတော့ မောင်မစ္စကက အခုလိုဖြေပါတယ်။ ယောကျ်ားဘဝမှာ ရတဲ့ကလေးရော၊ မိန်းမဘဝ မှာရတဲ့ ကလေးရော ဟာ–ကိုယ့်သားသမီးချည်းပဲဆိုတော့ နှစ်ယောက်စလုံး ကို ချစ်ပါတယ်။ ဒါပေမယ့် မိန်းမဘဝမှာ ရတဲ့ကလေး က ကိုယ်ကိုယ်တိုင်လွယ်ပြီး မွေးရတဲ့ကလေးမို့ မိန်းမဘဝမှာ ရတဲ့ကလေးကို ပိုချစ်ပါတယ်လို့ မောင်မစ္စကက ဖြေခဲ့ပါတယ်။

"အဲဒီလိုပဲ ဒီကမိတ်ဆွေများဟာ ကျွန်တော်နဲ့အတူတူ နှစ်ရှည်လများ ဒုက္ခတွေကို အတူတူ ခံစားခဲ့ရတဲ့ ဘဝတူတွေမို့ အပြင်ရောက်လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည့်တိုင်အောင် အထဲက ဘဝတူ မိတ်ဆွေများကို တော့ ကျွန်တော့်တသက်မှာ မမေ့နိုင်မှာ မဟုတ်ပါဘူး" ဦးလှ၏ နှုတ်ဆက်စကားများကို အကျဉ်းသားများက တသသနှင့် စွဲကျန်ရစ်ခဲ့သည်။ ထိုညက ဦးလှ၊ ဗန်းမော်တင်အောင်၊ ဗိုလ်စက်စိန်နှင့် ကျွန်တော်တို့သည် နောက်ဆုံးညမို့ ညဉ့်အတော်နက်သည်အထိ စကားပြောကြသည်။

"အေးပေါ့ဗျာ–လွတ်တယ်ဆိုပေမယ့်လဲ ဘာနဲ့တူသလဲဆိုတော့ ကြက်ခြင်း ထဲက ကြက်လိုပေါ့။ ကြက်ခြင်းထဲက လွတ်ပြီး ကြက်ခြံထဲ လွှတ်ထားသလိုပေါ့၊ ကြက်ခြံက



www.myanmarcupid.net

ကြက်ခြင်းထက်စာယင် နဲနဲကျယ် သပေါ့လေ”ဟု ဦးလှက သူ ထောင်ကလွတ်ခြင်းနှင့် ပတ်သက်၍ သူ၏ သဘောထားကို ပြောပြသည်။

အပြင်ရောက်လို့ တွေ့သင့်သူများကို တွေ့ပြီး ရန်ကုန်တွင် ကြာကြာမနေပဲ မန္တလေး မြန်မြန်ပြန်မည့် အကြောင်းကိုလည်း ပြောပြသေးသည်။

“အမာလဲ ကျွန်တော်မရှိတုန်း သတင်းစာကတဘက်၊ သားသမီး တာဝန်များက တဘက်နဲ့ သိပ်ပင်ပန်း နေတယ်။ အမာ့ကို တလှည့်အနားပေးပြီး ကျွန်တော်တလှည့် တာဝန်ယူရဦးမယ်။ အမာ့ကို တောင်ကြီးလို နေရာမျိုးသွားပြီး အနားယူခိုင်းမယ်”ဟုလည်း ဒေါ်အမာ၏ အပင်ပန်းခံနိုင်ပုံ၊ ဇွဲသတ္တိရှိရှိနဲ့ အလုပ်ကြိုးစားပုံ များကိုလည်း ပြောပြလိုက်သေးသည်။

ထောင်ကလွတ်သည့် နေ့တွင်ကား ထောင်တွင်းမှ မိတ်ဆွေများက တယောက်ပြီးတယောက်ဆိုသလို လာရောက်နှုတ်ဆက်ကြသည်။ အချိန်ကျတော့ ဦးလှသည် ကျွန်တော်တို့အဆောင်မှ ထွက်စပြုသည်။ ကျွန်တော်တို့အားလည်း ဦးလှက တယောက်ပြီးတယောက် လက်ဆွဲနှုတ်ဆက်သည်။ အဆောင်မှ ထွက်သွားပြီး နောက် အဆောင်အပြင်သို့ရောက်သောအခါ ကျွန်တော်တို့အား တချက်

www.myanmarcupid.net

လှည့်ကြည့်ပြီး လက်ကလေး ဝှေ့ရမ်းပြ ကာ ဖူးဝဆီသို့ တဖြည်းဖြည်း လှမ်းသွားသည်။ ဦးလှသည် ကျွန်တော်တို့နှင့် ဝေးသွားပြီး ဖြစ်သော်လည်း ဦးလှ၏ ရုပ်သွင်သည် ကျွန်တော်တို့ မျက်စိထဲတွင် တရေးရေးနှင့် ကျန်ရစ်ခဲ့ပါသည်။

–၄–

ဦးလှထောင်မှလွတ်ပြီးနောက် သူပြောသည့်အတိုင်း ဘဝတူများကို မမေ့။ ဘဝတူအကျဉ်းသားများကို မကြာမကြာ ထောင်ဝင်စာလာတွေ့သည်။ စားစရာ သောက်စရာများ လာပေးသည်။ အကျဉ်းသားများ ဖတ်ရန် အတွက် စာအုပ်စာတန်းများ လာပေးသည်။ အကျဉ်းသားများ နားထောင်ရန် ရေဒီယိုတလုံးလည်း လာလှူသည်။ ထောင်အတွက် အကူအညီလို၍ ဦးလှထံ အကူအညီတောင်းလျှင် ဦးလှက စိတ်ရောကိုယ်ပါ အကူအညီ ပေးသည်။ ဦးလှသည် ဘဝတူများအပေါ် သံယောဇဉ်ကြီးမားသည် ဆိုတာကို ဘဝတူ အကျဉ်းသားများက သံသယမရှိ ယုံကြည်ကြသည်။ သည့်နောက် ထောင်တွင်း၌ ဦးလှရေးသွားသော ထောင်စာအုပ်များ ဆက်တိုက်ထွက်လာသည်။ ထွက်လာသည့် စာအုပ်တိုင်းကိုလည်း စာဖတ်ပရိတ်သတ်က နှစ်ခြိုက်ကြသည်။ ဦးလှ၏ ထောင်ဝတ္ထု၊ ထောင် စာအုပ်များမှာ စိတ်ကူးယဉ်

www.myanmarcupid.net

အဖြစ်အပျက်များ၊ စိတ်ကူးယဉ် ဇာတ်ကောင်များ မဟုတ်၊ တကယ့်အဖြစ်အပျက် များ၊ တကယ်ရှိသော တကယ့်ဇာတ်ကောင်များ ဖြစ်၏။ ဦးလှရေးသော ထောင်ဝတ္ထု စာအုပ်များကို ဦးလှက ထောင်ထဲပို့ပေးသဖြင့် ကျွန်တော် မှန်မှန် ဖတ်ရသည်။ ထောင်အကြောင်းကို ထောင်ထဲနေသွားဖူးသူက ရေး၍ ထောင်ထဲမှာနေရသူက ဖတ်ရသောအခါ ပို၍ အရသာရှိသည်၊ ခံစား၍လည်း ပို၍ရသည်။

သည်လိုနှင့် ဦးလှလွတ်ပြီး ၉ နှစ်အကြာတွင် ကျွန်တော်လည်း ထောင်မှလွတ်လာသည်။ တယောက် ပြီးတယောက် လွတ်ကုန်ကြသဖြင့် ထောင်ထဲတွင် နိုင်ငံရေးသမား လူဟောင်းများ မရှိတော့။

ဦးလှနှင့် တွေ့ချင်သဖြင့် ဦးလှရန်ကုန်ရောက်သည်ဟု ကြားတိုင်း ကျွန်တော်ကြိုးစား၍ တွေ့သည်။ လေးငါးခေါက်လောက် တွေ့လိုက်ရ သေးသည်။ တွေ့ကြသည့် အခါ၌လည်း ရှေးဖြစ်ဟောင်းတွေ ပြောကြဆိုကြ နှင့် ပျော်စရာကောင်းလှသည်။ သည့်နောက် ကျွန်တော်လည်း အထဲနှင့် အပြင် သံသရာ လည်နေသဖြင့် နောက်ပိုင်းတွင် ဦးလှနှင့် ကျွန်တော်မတွေ့ရတော့ပေ။ မတွေ့ရ သော်လည်း ဦးလှသတင်းကိုကား ကြားနေရ၏။

www.myanmarcupid.net

ကျွန်တော် နောက်တကြိမ် ထောင်မှ လွတ်လာပြီးနောက် ဦးမြင့်ဆွေ (ဖြူး)အိမ်တွင် ဦးလုနှင့် နောက်ဆုံးတွေ့လိုက်ရ၏။ ဦးလုနှင့် ဒေါ်အမာ ရန်ကုန်ရောက်တုန်း ဦးမြင့်ဆွေက ဦးလုတို့ ဇနီးမောင်နှံကို သူ့ အိမ်တွင်မုန့်ဟင်းခါး ဖိတ်ကျွေးသည်။ ကျွန်တော်နှင့် ဦးအုန်းမြင့် ကိုလည်း ဖိတ်သဖြင့်သွားရာ ကျွန်တော် အလွန်တွေ့ချင်နေသော ဦးလုနှင့် ဒေါ်အမာကို မမျှော်လင့်ပဲတွေ့ရသည်။ နှစ်ယောက်စလုံး ဝမ်းသာအားရ ဖြစ်ကြရသည်။ တွေ့တုန်းတွေ့ခိုက် ပြောလိုက်ကြသည့် စကားတွေမှာ စုံလို့။ စကားဝိုင်းတွင် ဦးလု၊ ဒေါ်အမာ တို့ကပြောလိုက်၊ ဦးမြင့်ဆွေ၊ ဦးအုန်းမြင့်နှင့် ကျွန်တော်ကပြောလိုက်နှင့် စကားဝိုင်းမှာ ရှင်နေ၏။

"သည်တခါတော့ ရန်ကုန်ကမိတ်ဆွေ တော်တော်များများ နဲ့တွေ့သွားမယ်လို့ စိတ်ကူးတာပဲ"ဟု ဦးလု က ရန်ကုန်က မိတ်ဆွေများနှင့် တွေ့လိုသည့် သူ၏ဆန္ဒကိုလည်း ပြောပြသည်။

စကားစမြည်များ ပြောဆိုပြီးနောက် လူစုခွဲလိုက်သည်။ ကျွန်တော်တို့သည် ဦးလုနှင့် ဒေါ်အမာတို့အား ကားဆီသို့ လိုက်ပို့ကြသည်။ အပြန်အလှန် နှုတ်ဆက်ကြသည်။ ကားပေါ်မှနေ၍ ဦးလု–ဒေါ်အမာတို့က လက်ကလေးများ ဝှေ့ရမ်း၍ ပြပြီး အပြုံးကိုယ်စီဖြင့် နှုတ်ဆက်သွားကြသည်။

www.myanmarcupid.net

ကျွန်တော့်မျက်စိထဲတွင် ဦးလှ၏ အပြုံးကို တရေးရေးနှင့် မြင်ယောင်နေ၏။

ဦးလှ၏ အပြုံးကား ကျွန်တော့်အတွက် ဦးလှ၏ နောက်ဆုံးအပြုံးပင် ဖြစ်တော့၏။ အဘယ့်ကြောင့် ဆိုသော် ဦးလှ–ဒေါ်အမာတို့နှင့် ကျွန်တော်တို့တွေ့ပြီး နောက်လေးငါးလအကြာတွင် ဦးလှရုတ်တရက် သေဆုံး သွားသောကြောင့် ဖြစ်၏။ ဦးလှ သေဆုံးသည့် သတင်းကို ကြားလိုက်ရသည့်အခါ ဦးလှနှင့် တွေ့ဆုံကြုံတွေ့ ခဲ့သည့် ဦးလှ၏ ရုပ်ပုံလွှာကားချပ်ကလေးများသည် ကျွန်တော့်မျက်စိထဲတွင် တဖျပ်ဖျပ် နှင့် ပေါ်လာသည်။

"ဩော်–ဦးလှလဲ ကျွန်တော်တို့ကို နောက်ဆုံး လာနှုတ်ဆက်သလို လာတွေ့သွားလိုက်သေးတယ်"ဟု နှုတ်မှ အလိုလို ထွက်သွားပြီး နောက်ဆုံးတွေ့လိုက်ရပုံများကို မျက်စိထဲတွင် မြင်ယောင်မိလာသည်။

စိတ်ထဲတွင်ကား ဦးလှသေဆုံးသွားသည့် အတွက် နှမြောတသသော၊ ဝမ်းနည်းကြေကွဲရသော ခံစားမှု အမျိုးမျိုးကို ခံစားရပြီး အကြီးအကျယ် စိတ်မကောင်း ဖြစ်ခဲ့ရသည်။

သို့ ဦးလှအတွက် စိတ်ထဲတွင် ဝမ်းနည်းကြေကွဲမှု ဖြစ်ခဲ့ရသော်လည်း စာပေအတွက် လည်းကောင်း၊ တိုင်းပြည်

www.myanmarcupid.net

အတွက်လည်းကောင်း ဦးလှ၏ အကျိုးပြုချက်များဖြင့်သာ ကျွန်တော်တို့၏ ဝမ်းနည်းကြေကွဲမှုကို ဖြေသိမ့်ရပါတော့သည်။

အုန်းမောင် (လေထီး)

www.myanmarcupid.net



U Ba Kyi

# ကျွန်တော်နဲ့ ကိုလှ

## ပန်းချီ ဦးဘကြည်

*"ကြိုးစားမယ်ဆိုတာက ရေးဖြစ်ဖို့ခဲယဉ်းတယ်၊ တိတ်ခွေနဲ့ ဖြစ်ဖြစ် အသံသွင်းထားပါလား"*

*ဤစကားသည် အဖိုးတန်သော စကားဖြစ်ပါတယ်။ ကျွန်တော်ခေါင်းထဲ ထင်လာပါတယ်။ ပြောပြရုံဖြင့် အသိပေးလိုသောအချက်များဟာ လေထဲတွင်သာ ပျောက်သွားတယ်။ စာတင်မှရမယ်။ တိတ်ခွေသွင်းမှ ရမယ် လို့ ကိုယ့်ကိုကိုယ် ဆုံးမလျက်နေမိပါတယ်။*

www.myanmarcupid.net

ဒေါ်အမာ

ကျွန်တော်သိသော ဦးလှအကြောင်းကလေးကို ပြောပါရစေ။

ကျွန်တော် ရန်ကုန်မြို့၊ ယူနီဘာစီတီကောလိပ်တွင် ပညာသင်နေစဉ်က ၁၉၃၃–ခုနှစ်လောက် ဖြစ်ပါ လိမ့်မယ်။ ကြီးပွားရေးကိုလှ ဆိုသူနှင့် ဆက်သွယ်မိပါတယ်။ မြန်မာပြည်မှာ ကာတွန်းဆိုတာ ပေါ်ကာစ အချိန် ပေါ့။ ကောလိပ်မဂ္ဂဇင်းထဲမှာ ဘကလေး (ရွှေရိုး၊ ရွှေတလေး)ဆိုတဲ့ ကျောင်းသားက စခဲ့ပါတယ်၊ သူကျောင်း ထွက်တော့ မဂ္ဂဇင်းထဲမှာ ဘဂျမ်းဆိုတာ ပေါ်လာပါတယ်။ တခါ သူထွက်ပြီး ဟိန်စွန်းပေါ်လာပါတယ်။ ပြီးတော့ (ဘကြည်၊ သထုံဟော) ဆိုတာ ပေါ်လာတာပေါ့လေ။

အဲဒီကြီးပွားရေး ကိုလှက သူထုတ်ဝေနေတဲ့ ကြီးပွားရေး မဂ္ဂဇင်း မျက်နှာဖုံးဒီဇိုင်းရေးပေးပါရန် တိုက်တွန်း ပါတယ်။ ကောလိပ် မဂ္ဂဇင်းမှသည် တိုင်းသိပြည်သိ ကြီးပွားရေး မဂ္ဂဇင်းတွင် ရေးရမယ်၊ အတွင်းပုံ မဟုတ်၊ မျက်နှာဖုံးရေးရမယ်ဆိုတော့ ဘယ်မှာ ဝမ်းမသာပဲ နေပါ့မလဲ။ ဒါ့ကြောင့် သင့်တော်မယ်ထင်တဲ့ ပုံတပုံ ဆွဲ၍ ပို့လိုက်ရာ တကယ်ပင် မျက်နှာဖုံးရိုက်နှိပ်၍ ထွက်ပေါ်လာပါတယ်။ ကျွန်တော် မှတ်မိသလောက်တော့ ဆောက်လုပ်ပြီးခါစ ဖြစ်သော ဂျပ်စင်ကောလိပ် ဘုရားရှိခိုးကျောင်းကြီး မိုးနေ၍

www.myanmarcupid.net

ကျလာသော အရိပ်အောက် တွင် တက္ကသိုလ်ဓမ္မာရုံကလေးမှာ ငေါင်းစင်းစင်းလေး ရှိနေရပုံ ဖြစ်ပါတယ်။ ကိုလှက ဒီအဖုံးကို အားရတယ်လို့ ပြောပါတယ်။ သူက တက္ကသိုလ် ဓမ္မာရုံဖြစ်ပေါ်လာရပုံကို သိပြီးဖြစ်နေတာကိုး။ ၁၉၃၂-၃ စာသင်နှစ်မှာ ပထမဆုံး တန်ဆောင်တိုင် မီးထွန်းပွဲကျင်းပရန် စိုင်းပြင်းနေစဉ် ခေတ္တကျောင်းအုပ်၊ အင်္ဂလိပ်ကြီးက ခွင့်မပေး လိုပဲ ကပ်သီးကပ်သပ် လုပ်နေခြင်း၊ ထို့ကြောင့် ကျောင်းသားများက သပိတ်သံပေးနေရခြင်း၊ တန်ဆောင်မုန်း လဆန်း ၁၄ ရက် ညနေကျမှ ခွင့်ပြုခြင်း၊ မခံချင်စိတ်ဖြင့် ထောင်နှင့်ချီ၍ မီးပုံးများ ပြုလုပ်ခါ ကျင်းပခြင်း၊ ရန်ကုန်တမြို့လုံး အားပေး၍ လာကြည့်သဖြင့် အဆမတန် ကြိတ်ကြိတ်တိုး သည်ကားခြင်း၊ ထိုအဖြစ်ကို အကြောင်း ပြု၍ ယူနီဘာစီတီကောလိပ်တွင် ဗုဒ္ဓဘာသာ အသင်းဖြစ်ပေါ်လာခြင်း၊

ဂျူဗလီဟောရုံတော်ကြီးတွင်ကျောင်းသားကျောင်းသူ များပွဲက၍ ရန်ပုံငွေရှာခြင်း၊ တက္ကသိုလ်ဓမ္မာရုံဆောက်ခြင်းများ ကိုသိပြီးဖြစ်၍ ထိုခေတ်ကလူများက မျက်နှာဖုံး၏ အဓိပ္ပါယ်ကို ရိပ်စားမိသည်ကို ကိုလှက သိပြီးဖြစ်၍ သဘောကျပုံ ရပါတယ်။

www.myanmarcupid.net

ထိုအတွေ့အကြုံကလေးဟာ ကျွန်တော်အား ဝါသနာကြီးလှသော ပန်းချီပညာကို လိုက်စားဖြစ်အောင် မြေတောင်မြှောက်ပေးလိုက်ခြင်း ဖြစ်၍ မမေ့နိုင်ပါ။ ထို့နောက်လည်း ကာတွန်းများ ရုံဖန်ရုံခါ ရေးဆွဲရန် ကိုလှ က အခွင့်အရေး ပေးခဲ့ပါတယ်။

နောင် နှစ်အတော်ကလေး ကြာတော့ ကျွန်တော်လည်း ပန်းချီဆရာအဖြစ် နာမည်ရလာသောအခါ၌ ကား ထိုကြီးပွားရေး ဦးလှသည် လူထုဦးလှဟု မန္တလေးမြို့တွင်သတင်းကြီးစွာ ထွက်ပေါ်လာပါတယ်။ ထိုအချိန်ထိလည်း လူထုဦးလှသည် တက်သစ်စ ပန်းချီဆရာကလေးများ၏လက်ရာဆန်း၊ စိတ်ကူးဆန်း ကလေးများကို မြေတောင်မြှောက် ပေးလျက် ရှိနေသေးသည်ကို တွေ့ရ၏။

မန္တလေးသို့ တခါတခေါက်ရောက်စဉ်က မှတ်မိပါသေးတယ်၊ ရွှေမန်းတောင်ခြေမှ ခြင်္သေ့ရုပ်ကြီး များကလည်း တည်ပြီးခါစ ထိုအရုပ်ကြီးများနား ခေါ်သွားပြီး....

လှ။ ။"ကိုဘကြည် ခင်ဗျား ပြင်သစ်တို့၊ အီတလီတို့၊ အင်္ဂလန်တို့ကို သွားပြီး လေ့လာပြီးလို့ ပညာအတော် စုံနေပါပြီ။ အဲဒီတော့ ဒီခြင်္သေ့ရုပ်ကြီးများကို ခင်ဗျားအမြင်နှင့် ဝေဖန်ချက် ပေးပါလားဟင်"

www.myanmarcupid.net

ကျွန်တော် အဖြေမပေးခဲ့ပါ။ ထိုစဉ်က ခြသေ့်ရုပ်ကြီးများဟာ ရှေးစာဆိုဖြင့်လည်းညီ၊ သဘာဝလည်း ကျ၊ ခန့်လည်းခန့်၊ လှလည်းလှဟု သတင်းကြီးနေသည့်အပြင် အနီးတွင်လည်း လူစိမ်းများ ရှိနေ၍ သင့်တော် သောစကားလုံးကို ရုတ်တရက် ရှာမတွေ့ပဲ ဖြစ်နေသဖြင့် ဆိတ်ဆိတ်နေလိုက်ပါတယ်။

သို့သော် နောက် ခြောက်နှစ်ခန့်မျှကြာသောအခါ ငပလီ ကမ်းခြေတွင် နှစ်ယောက်သား ဆုံမိကြပြန် တယ်၊ လှိုင်းစီးရန် ပင်လယ်ဆီသို့ ဆင်းလာစဉ် မမျှော်လင့်ပဲ တွေ့ကြရပါတယ်။ ကျွန်တော်က ရေမကူးတတ်၊ သို့ဖြစ်၍ လှိုင်းလုံးကြီးတွေကြားထဲ ရေစိမ်ကာ စပ်မိစပ်ရာ စကားပြောနေရာမှ ခြသေ့်အကြောင်းရောက်သွားပါတယ်။ သူခြောက်နှစ်လောက်တုန်းက မေးထားသော စကား မမေ့သေးပဲ ဆက်မေးတယ်။

ကျွန်တော်။ ။"အေးဗျာ အဲဒီတုန်းက ကျွန်တော်ဖြေမလို့ဟာ စကားလုံးရှာမရလို့ပါ။ အခုတော့ ရပါပြီ၊ ခင်ဗျား မမေ့ပဲကိုး"

လှ။ ။"မေ့တော့ မေ့နေတာပဲ။ ဒါပေမယ့် ခင်ဗျားတွေ့တော့ ဒီခြသေ့်ကိစ္စ ခေါင်းထဲ ပြန်ဝင်လာတာပါ"

ကျွန်တော်။ ။"ဒီလို ကိုလှ အဲဒီ ခြသေ့်ဟာ သိပ်လှတယ်၊ ခန့်ငြားတယ်၊ သဘာဝကျတယ်၊ စာဆိုနဲ့လဲ ညီတယ်။

လှ။ ။"ဒါဖြင့် အကောင်းဆုံးခြသေ့်ရုပ်ပဲပေါ့"

www.myanmarcupid.net

ကျွန်တော်။ ။“ဟုတ်ပါတယ်။ ဒါပေမယ့်”

လှ။ ။“ဒါပေမယ့်ဆိုတာ ဘယ်လိုလဲ”

ကျွန်တော်။ ။“ဒီလိုပါ။ ခြသေ့်ဆိုတာ မြန်မာပြည်မှာ မရှိဘူး။ ဒီတော့ ရှေးတုန်းက မြန်မာတွေ ခြသေ့် မမြင်ဖူးဘူး။ ပြောသံကြားဖူးတယ်။ ခြသေ့်ဆိုတာ ပထဝီအနေအထားအရ အာဖရိကတိုက်မှာပဲ ရှိတယ်။ အာရေဗြမှာ နည်းနည်းရှိတယ်။ အဲဒီနိုင်ငံတွေနဲ့နီးတဲ့ အိန္ဒိယပြည်ကို သက်ရှိခြသေ့် မရောက်တာတောင် ကုန်သည်တွေနဲ့ ခြသေ့်သားရေ လည်ဆံဖွားဖွားနှင့် ရောက်နိုင်တယ်။ ဒါ့ကြောင့် အသောက ကျောက်တိုင်က ခြသေ့်ရုပ်ဟာ သဘာဝနဲ့ နီးပါတယ်။ မြန်မာ၊ တရုတ်၊ ထိုင်း၊ ဂျပန်စတဲ့ အရှေ့ဖျားနိုင်ငံများမှာတော့ တဆင့်စကားသာ ကြားဖူးပုံ ရတယ်။ ဒီတော့ ခြသေ့်ကို အလှသဘော၊ ပန်းသဘော၊ ဒီဇိုင်းသဘော မှန်းဆ ရေးကြပုံ ရတယ်။ Stylised form မူသေဟန်ဖြင့် ရေးကြတာပေါ့။

“ခင်ဗျား စဉ်းစားကြည့်ပါလား၊ ရှေးမြန်မာ ပုရပိုက်တွေထဲက အရုပ်တွေကိုကြည့်၊ လူတွေတကယ် မမြင်ဖူးတဲ့ နတ်၊ ကိန္နရီ၊ ကိန္နရာ၊ ဟင်္သာ၊ ကရဝိတ်၊ နဂါး၊ ဂဠုန်၊ ခြသေ့်စတာတွေကို အားလုံး လည်ဆံ သုံးရစ်၊ ငါးရစ်နဲ့ အမောက်ပန်းခက် ထောင်ထောင်နှင့် ရေးဆွဲထုလုပ်ကြတယ်။ အတွန့်တွေ၊ အတက်တွေ စုံလို့။ ဒီဆရာတွေပဲ လူအများ တွေ့ဖူးနေကြတဲ့

www.myanmarcupid.net

ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ လူပုံတွေ ရေးဆွဲကြ၊ ထုကြတော့ သဘာဝကျတာပါပဲ။ အဲဒီတော့ ခြင်္သေ့ဟာ စာဆိုအရ မှန်းဆရေးဆွဲတဲ့ ခြင်္သေ့၊ မြန်မာပြည် အစရှိတဲ့ အရှေ့ဖျား နိုင်ငံတွေမှာ ရေးဆွဲပုံ၊ ထုလုပ်ပုံက ရေးနည်းတမျိုး။ အဲဒီ ခြင်္သေ့ကိုပဲ အနောက်တိုင်းများမှ သဘာဝကျကျ ရေးဆွဲပုံက ရေးနည်းတမျိုး။ မြင်ဖူးပြီးမှ တမင်္ဂလာ ဒီဇိုင်းသဘော ရေးပုံကတမျိုး။ အဲဒီသုံးမျိုးသုံးစားထဲကကို အကြုံးမဝင်ပဲ မန္တလေး တောင်ခြေကခြင်္သေ့ဟာ စတုတ္ထတမျိုးလို့ ခေါ်ရမယ့်အခြေမှာ ရှိပါတယ်"

အဲဒီက ပြန်လာပြီး တည်းခိုစခန်းမှာထမင်းစားယင်း ရောက်တတ်ရာရာ ဆက်ပြောကြပါတယ်။ ညအိပ်ယာဝင်တော့ ခုတင်ပေါ်ကလှမ်းပြော ကြပါသေးတယ်။

လှ။ ။"ကိုဘကြည် ပြောတာတွေကို စာနဲ့ရေးထားဖို့ ကောင်းတယ်၊ အားတဲ့အခါ ရေးပါလား"

ကျွန်တော်။ ။"ဟုတ်တော့ဟုတ်ပါတယ်ကိုလှ၊ ဒါပေမယ့် ဘယ်တော့မှ ရေးဖြစ်မှာ မဟုတ်ဘူး"

လှ။ ။"ဘာဖြစ်လို့လဲ"

ကျွန်တော်။ ။"စာရေးမယ်လို့ ထိုင်လိုက်ယင် စာရွက်တွေ့တာနဲ့ ပုံပဲဆွဲဖြစ်နေလို့"

လှ။ ။"ဟာဗျာ၊ စာလဲရေး၊ ပုံလဲဆွဲပေါ့"

www.myanmarcupid.net

ကျွန်တော်။ ။"ကြိုးစားပါ့မယ်"

လှ။ ။"ကြိုးစားမယ်ဆိုတာက ရေးဖြစ်ဖို့ခဲယဉ်းတယ်၊ တိတ်ခွေနဲ့ ဖြစ်ဖြစ် အသံသွင်းထားပါလား"

ဤစကားသည် အဖိုးတန်သော စကားဖြစ်ပါတယ်။ ကျွန်တော်ခေါင်းထဲ ထင်လာပါတယ်။ ပြောပြရုံဖြင့် အသိပေးလိုသောအချက်များဟာ လေထဲတွင်သာ ပျောက်သွားတယ်။ စာတင်မှရမယ်။ တိတ်ခွေသွင်းမှ ရမယ် လို့ ကိုယ့်ကိုကိုယ် ဆုံးမလျက်နေမိပါတယ်။ အဲဒီထဲက တခါတရံ ကိုလှနဲ့ ခေတ္တလောက်သာ တွေ့ဆုံကြပါ တယ်။

လွန်ခဲ့သည့်နှစ် ရန်ကုန်မြို့မှာ မင်းကွန်း တိပိဋကနိကာယ သာသနာပြုအဖွဲ့၏ ပထမ သုံးနှစ်ခရီး စာအုပ်ထုတ်ရာတွင် ပါဝင်ပူဇော်ကြသော ဆရာတော်များ၊ စာရေးဆရာများ၊ ပန်းချီဆရာ များကို ဂုဏ်ပြုသောပွဲ သို့ ဒေါ်အမာ လာစဉ်က လူထုဦးလှပါလာရာ ထိုအကြိမ်သည် ဦးလှအား နောက်ဆုံး တွေ့လိုက်ရသော အကြိမ် ဖြစ်ပါတယ်။ တွက်ကြည့်တော့ သူမဆုံးခင် ခြောက်ရက်ကပေါ့။

တမ်းတသတိရလျှက်

ပန်းချီ ဦးဘကြည်

www.myanmarcupid.net



# ဦးလှလျှောက်ခဲ့သောလမ်း

မြသန်းတင့်

*"လူထုစစ် ဆိုတာ အများတိုက်ကြရာဝယ်၊ ယိုင်းပင်းဝိုင်းဝန်း၊ တိုင်းကြီးဆောင်တယ်၊ ဤကမ္ဘာနာဇီဝါဒ ဖက်ဆစ်ရယ်၊ ရက်စက်လှတဲ့ စရိုက်တွေပယ်၊ လူထုရှိသမျှ ညွှင်းပန်းနှိပ်စက် ထုနှက်တာရယ်၊ သည်ဝါဒနှယ် ဆိုးလှချည်ရဲ့ တကယ်၊ ပြုတ်ပြုတ်ပြုန်းအောင် တိုက်မှတော်မယ်၊ ဒ့ါကြောင့်လူထု ပေါင်းရုံးစုကာ ဖြိုဖျက်ကြရမယ်"။*

www.myanmarcupid.net

–၁–

မေမြို့၏ ဆောင်းဦးမနက်ခင်းသည် နှင်းတွေမှုန်နေလေသည်။ နေခြည်နုနုသည် နှင်းမှုန်တွေကြားမှ သစ်ပင်ထိပ်ဖျားများ ပေါ်သို့ ထိုးကျလာသည်။ အိုမင်းလုပြီဖြစ်သော ယူကလစ်ပင်ကြီးများ အောက်သို့ရောက်သောအခါတွင် ယူကလစ်နံ့သည် သင်းနေသည်။ ဆီးလဗားအုတ်ခေါ် ဝက်သစ်ချပင်ကြီးများ၊ မေမြို့ အခေါ် ခါတော်မီပင်ကြီးများမှာ အပွင့်မပွင့်ကြသေး။ ခါတော်မီပင်ကြီး တပင်ပေါ်တွင် တောကျီးကန်းတကောင် က တအအအော်မြည်လျက်၊ အဝေးတောအုပ်ဆီမှ ချိုးနှစ်ကောင်က တန္တံန္တံကူလျက်၊ လမ်းဘေးရှိ ကပ်စေးနဲပင်၊ ကျွဲနှာခေါင်းပင်တို့အပေါ်တွင် ပိုးအိမ်ကလေးတွေက ယက်ကန်းရှယ်ထားသည့်နှယ်၊ ပိုးအိမ်ပေါ်တွင် နှင်းပေါက်တို့ တွဲလွဲခို နေကြသည်။ နှင်းဥကလေးပေါ်သို့ နေရောင်ပက်ဖျန်းလိုက်သည့် အခါတွင် စိန်ပွင့်ကလေးများသဖွယ်တလက်လက်တောက်နေ ကြသည်။ ဒီဇယ်နံ့၊ ဓာတ်ဆီနံ့၊ ကတ္တရာစေးနံ့၊ ချွေးနံ့၊ ပေါင်ဒါနံ့၊ မြောင်းပုပ်နံ့တို့ဖြင့် မွန်းကြပ်နေသည့် ရန်ကုန်မှ ယူကလစ်နံ့သင်းသော မေမြို့သို့ ရောက်လာရသည်မှာ ဘဝသစ်တခုသို့ ရောက်ရသည့်နှယ် ဖြစ်၏။ ကျွန်တော်တို့

www.myanmarcupid.net

အလုပ်က မနက်ထ လမ်းလျှောက်၊ လမ်းလျှောက်ပြီးလျှင် စာရေး၊ နေ့လည် အနားယူ၊ ထို့နောက် စာရေး၊ ညနေလမ်းလျှောက် စားသောက်ပြီးလျှင် ဂီတကိုနားထောင်၍ စကားစမြည်ပြော....။

အပြောင်းအလဲကြောင့်လော၊ မေမြို့၏ဆိပ်ငြိမ်အေးချမ်းသည့် ပတ်ဝန်းကျင် ကြောင့်လော၊ သို့တည်း မဟုတ် လူမှုရေးဗာဟီရ ကိစ္စတွေ ကင်းဝေးသောကြောင့်လော မပြောတတ်။ ကျွန်တော် တို့တတွေ စာရေးဖြစ် ကြသည်။

ယနေ့တွင်မူ လူထုဦးလှအကြောင်းကို ဆောင်းပါးရေးမည်ဟု စိတ်ကူးကာ လမ်းလျှောက်ထွက်လာခဲ့သည်။ လူထုဦးလှ ကွယ်လွန်သည့် အထိမ်းအမှတ်အဖြစ် ဆောင်းပါးရေးမည်ဟု ရည်ရွယ်ယင်း ရှိခဲ့သည်မှာ ကြာပြီ။ ရန်ကုန်တွင် နေစဉ်က မရေးဖြစ်ခဲ့။ ဦးလှအကြောင်းကို ကျွန်တော်မည်သို့ရေးမည်နည်း။ ဦးလှ ရုပ်ပုံလွှာသည် ပန်းစကြာမှန်ပြောင်းကို ကြည့်ရသလို အရောင်အသွေးစုံ၊ အနေအထားစုံသည့် ရုပ်ပုံလွှာဖြစ်ရာ ဦးလှအကြောင်းကို ထောင့်စုံအောင်မရေးနိုင်ပါ။ ကြီးပွားရေးမဂ္ဂဇင်းနှင့် လူထုဂျာနယ်တို့ကို ထုတ်ဝေတည်းဖြတ်ခဲ့သည့် အယ်ဒီတာတဦး အနေဖြင့် ရေးမည်လော။ ထိုအကြောင်းကို ရေးနိုင်သော အရည်အချင်း ကျွန်တော့်တွင် မရှိပါ။ ရေးလျှင်

www.myanmarcupid.net

စစ်တမ်းရေးသူ၊ စာပေသမိုင်းကို ခြေရာကောက်သည့် သုတေသီတဦး အနေဖြင့် ရေးကောင်း ရေးနိုင်မည် ဖြစ်သော်လည်း ကိုယ်တွေ့ကြုံသူတဦး အနေဖြင့် ကြီးပွားရေးမဂ္ဂဇင်း ခေတ်ဦးကို ကျွန်တော် မမီ လိုက်ပါ။ ကြီးပွားရေးမဂ္ဂဇင်းကို ဦးလှထုတ်ဝေသော အချိန်မှာ ဒုတိယကမ္ဘာစစ် ကြီးမဖြစ်မီ အချိန်ဖြစ်ရာ ထိုအချိန်က ကျွန်တော်သည် လူလားပင် မမြောက်သေး။ ရှစ်နှစ်၊ကိုးနှစ်သားအရွယ်မျှသာ ရှိသေး၏။ သို့ရာတွင် ကျွန်တော်သည် ကြီးပွားရေးမဂ္ဂဇင်းကို ဖတ်စပြုနေလေပြီ။ ပထမ ကျွန်တော်ဖတ်ခဲ့ရသော ကြီးပွားရေးမဂ္ဂဇင်းမှာ ရန်ကုန်မှ ထုတ်ဝေသော ဆိုက်ကြီး အရွယ်ကြီး ကြီးပွားရေးမဂ္ဂဇင်းများ ဖြစ်သည်။ အများအားဖြင့် လူငယ်များကြီးပွားတိုးတက်ရေး၊ ကျေးလက်ပြုပြင်ရေး၊ ဗလငါးတန်ဖွံ့ဖြိုးရေးစသည်တို့နှင့် ပတ်သက်သည့်ဆောင်းပါး ဝတ္ထုများ အများဆုံး ပါဝင်သည်ဟု ကျွန်တော်မှတ်မိ၏။ စစ်ဖြစ်ခါနီးတွင် ကြီးပွားရေးမဂ္ဂဇင်းသည် ရန်ကုန်တွင် ထုတ်ဝေနေရာမှ မန္တလေးသို့ ရောက်သွားသည်။ မန္တလေးသို့ ရောက်သည့်အခါတွင် ကြီးပွားရေးမဂ္ဂဇင်းသည် ပုံစံ ပြောင်းသွား၏။ အရွယ်ကြီးဆိုက်ကြီးမဟုတ်တော့။ ဆိုက်သေးအရွယ်သေးဖြစ်လာသည်။ ပုံစံသာ ပြောင်းသည် မဟုတ် အတွင်းစာသားများလည်း ပြောင်းသွားသည်။ ယခင်



www.myanmarcupid.net

ကြီးပွားရေးမဂ္ဂဇင်း၏ အဓိက ဦးတည်ချက်မှာ လူငယ်များကြီးပွားတိုးတက်ရေးနှင့် ကျေးလက်တောရွာပြုပြင်ရေးကို အသားပေးထားပြီး နောက်ထုတ်သည့် ကြီးပွားရေးမဂ္ဂဇင်းမှာ နိုင်ငံရေးအားဖြင့် နယ်ချဲ့ဆန့်ကျင်ရေးနှင့် ခေတ်ပြောင်းတော်လှန်ရေး အနှစ်သာရကို ဆောင်လာသည်ဟု ကျွန်တော်ဆိုချင်ပါသည်။ ကြီးပွားရေးမဂ္ဂဇင်းတွင် လစဉ်ပါခဲ့သည့် မဟာဆွေ ရေး နေသူရိန် ၏ မကြောက်တရား ဆိုသည့် ဆောင်းပါးများကို ကျွန်တော်တို့ လူငယ်တွေ သဘောကျခဲ့ကြသည်။ နေသူရိန် ဆောင်းပါးများမှနေ၍ ကျွန်တော်တို့ခေတ်က လူငယ်တွေ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ရခဲ့ကြသည်။ စာပေဘက်မှကြည့်လျှင် ကြီးပွားရေးမဂ္ဂဇင်းသည် ခေတ်စမ်းစာပေ အင်အားစုများကို စုစည်းပေးရာ ဖြစ်ခဲ့၏။ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ မောင်ဖြူး၊ မန်းတင်၊ မြကေတု၊ အာယု၊ ညိုမြ၊ သူရိယကန္တိ၊ တက်တိုး၊ နုယဉ်၊ မြမဥ္စူ၊ တက္ကသိုလ် ထင်ကြီး၊ ဒဂုန်တာရာ၊ ဦးတင့်ဆွေ၊ သာဂရ ငစိုး၊ စံဝင်း၊ နွယ်စိုးစသည့် ခေတ်စမ်းစာပေ လောကမှ စာရေးဆရာများသည် ကြီးပွားရေးမဂ္ဂဇင်းတွင် လာရောက် စုဝေးကြသည်။ မဟာဆွေ၊ ဇဝန၊ ရွှေကိုင်းသား (ရတနာပုံဖိုးမှတ်စု)၊ မာလာ၊ ရဲထွန်းလင်း၊

www.myanmarcupid.net

သခ်ါစသည့် တက္ကသိုလ် ပရဂုဏ်ပြင်ပမှ စာရေးဆရာများလည်း ကြီးပွားရေး မဂ္ဂဇင်းတွင် ဝင်၍ ရေးကြသည်။

ဦးလှသည် ကြီးပွားရေးမဂ္ဂဇင်းကို ထုတ်ဝေသူ၊ ကြီးပွားရေးမဂ္ဂဇင်း တည်းဖြတ်သူအနေဖြင့် နယ်ချဲ့ဆန့်ကျင်ရေးနှင့် ခေတ်ပြောင်း တော်လှန်ရေးကို မျိုးစေ့ချခဲ့သူတဦးဖြစ်သည်။ ထို့မျှမက ခေတ်စမ်းစာပေ လောကနှင့် အပြင်စာပေ လောကတို့ကိုလည်း ပေါင်းစည်းပေးနိုင်ခဲ့သူတဦးဖြစ်ပါသည်။ ဤသည်မှာ ကျွန်တော်သိလိုက်သော ကြီးပွားရေးမဂ္ဂဇင်း အယ်ဒီတာဦးလှ ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်တို့မှာ ငယ်သေး သဖြင့် အယ်ဒီတာဦးလှ၏ ရုပ်ပုံလွှာကို ဝိုးတဝါးမျှသာ မြင်လိုက်ရပါသည်။ ပန်းစကြာမှန်ပြောင်းလို အရောင် အသွေးစုံလှသော ဦးလှ၏ ရုပ်ပုံလွှာတွင် နောက်ပေါ်လာသော ရုပ်ပုံကားတချပ်မှာ ဂျာနယ်ဆရာ၊ သတင်းစာဆရာဦးလှဖြစ်၏။ ထိုခေတ်ကိုမူ ကျွန်တော် တပိုင်းတစ မီလိုက်သည်။

ဒုတိယကမ္ဘာစစ်ပြီး၍ အင်္ဂလိပ်တို့ မန္တလေးကို ပြန်သိမ်းလိုက်သည့်အခါတွင် ကျွန်တော်သည် မန္တလေးတွင်ရောက်နေ၏။ ထိုစဉ်က လူထု ဆိုသည့် စကားလုံးသည် ခေတ်မစားသေး။ စကားလုံးအသစ်ဖြစ်၏။ ဦးလှ က 'လူထုဂျာနယ်' ဟူသောအမည်ဖြင့် ဂျာနယ်တစောင်ထုတ်သည်။

www.myanmarcupid.net

စစ်ပြီးစဖြစ်၍ စက္ကူကောင်းကောင်း မရသေး။ ကုန်ထုပ်စက္ကူ အပြာကြီးတွေဖြင့် ထုတ်ရခြင်းဖြစ်သည်။ လူထုဆိုသော စကားလုံးသည် ထိုအချိန်မှစ၍ ခေတ်စားလာသည်။ အေဝမ်းဆရာညွှာက 'လူထုစစ်' ဆိုသော အမည်ဖြင့် သီချင်းတပုဒ်စပ်၏။

*"လူထုစစ် ဆိုတာ အများတိုက်ကြရာဝယ်၊ ယိုင်းပင်းဝိုင်းဝန်း၊ တိုင်းကြီးဆောင်တယ်၊ ဤကမ္ဘာနာဇီဝါဒ ဖက်ဆစ်ရယ်၊ ရက်စက်လှတဲ့ စရိုက်တွေပယ်၊ လူထုရှိသမျှ ညှင်းပန်းနှိပ်စက် ထုနှက်တာရယ်၊ သည်ဝါဒနှယ် ဆိုးလှချည့်ရဲ့ တကယ်၊ ပြုတ်ပြုတ်ပြုန်းအောင် တိုက်မှတော်မယ်၊ ဒါ့ကြောင့်လူထု ပေါင်းရုံးစုကာ ဖြိုဖျက်ကြရမယ်"။*

နေရာတကာတွင် လူထုသည် ခေတ်စားနေ၏။ လူထုဂျာနယ်၊ လူထုစစ်၊ လူထု လက်ဖက်ရည်ဆိုင်၊ လူထုပင်မင်း၊ လူထုဖိနပ်ဆိုင်၊ လူထုစီနီမာ၊ လူထုဆီးပေါင်း၊ လူထု၊ လူထု၊ နေရာတကာတွင် လူထု၊ အင်္ဂလိပ် အလိုတော်ရိ စာရေးဆရာ၊ သတင်းစာဆရာတဦးက "လူထု၊ လူထုနဲ့ ဘာလူထုလဲ၊ ဒီစကားက ဘာအဓိပ္ပါယ် ရှိသလဲ။ လူတွေကို ထုနေကြတာလား"ဟု ဒေါသတကြီးဖြင့် ရေးခဲ့ဖူးသည်။ နောက်ပိုင်းတွင် သူ့ဒေါသတကြီး အော်သံသည် လူထု၏ အော်သံထဲတွင် နစ်မြုပ်သွားခဲ့သည်။

www.myanmarcupid.net

လူထုဆိုသော အမည်ကား မပျောက်။ လူထုဆိုသော ဝေါဟာရသည် ဆက်လက်ရှင်သန်နေဆဲ။

ဦးလှသည် ထိုအချိန်မှစ၍ ကြီးပွားရေးဦးလှဟူသော အမည်ပျောက်ကာ လူထုဦးလှဟူသော အမည်ကို ရလာခဲ့ခြင်း ဖြစ်လေသည်။

ထိုစဉ်က တတိုင်းပြည်လုံးတွင် ဖက်ဆစ်ဆန့်ကျင်ရေးအောင်ပွဲကြောင့် တက်ကြွလျက်ရှိကာ အမျိုးသား လွတ်လပ်ရေးစိတ်ဓာတ်သည် အမြင့်ဆုံးသို့ ရောက်နေချိန်ဖြစ်သည်။ ကျွန်တော်တို့သည် နယ်များတွင် ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ခွဲများ ဖွဲ့ကြသည်။ ထိုအဖွဲ့များတွင် ကြွေးကြော်သံ စာစောင်မရှိ။ လူထုဂျာနယ်သည် ဖဆပလ အဖွဲ့များ၏ ကြွေးကြော်သံ စာစောင်တပိုင်း ဖြစ်နေသည်၊ လူထုဂျာနယ်သည် ထိုခေတ်တွင် ဖက်ဆစ် ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်လပ်ရေး အင်အားစုများကို ကိုယ်စားပြုခဲ့လေသည်။

ဖက်ဆစ် ဆန့်ကျင်ရေး၊ အမျိုးသား လွတ်လပ်ရေး အင်အားစုများကို လူထုဂျာနယ်မှ ထောက်ခံအား ပေးခဲ့ရုံမျှမက ဦးလှသည် ကိုယ်တိုင်ကိုယ်ကျလည်း ထိုလုပ်ငန်းများထဲတွင် တက်ကြွစွာ ပါဝင်ခဲ့လေသည်။ ထို့နောက်တွင် လူထုဦးလှသည် လူထုသတင်းစာကို စတင် ထုတ်ဝေခဲ့သည်။ ကျွန်တော်သည်

www.myanmarcupid.net

လူထုဂျာနယ်သို့ လည်းကောင်း၊ လူထုသတင်းစာသို့လည်းကောင်း ဆောင်းပါး ကလေးများ၊ ဝတ္ထုတိုကလေးများ ရေးပို့ဖူး သော်လည်း မပါဖူးပါ။ သို့ရာတွင် မန္တလေးလမ်းများ ဖွက်ထူသည့်အကြောင်းကိုတိုင်တန်းသည့် အနေဖြင့် အယ်ဒီတာထံ ပေးစာတစောင်ပို့လိုက်ရာ ထိုစာသည် လူထုသတင်းစာ အယ်ဒီတာထံ ပေးစာအခန်းတွင် ပါလာခဲ့သည်။ ကျွန်တော်ဝမ်းသာလိုက်သည်မှာ ဆိုဖွယ်မရှိတော့။ ထိုစာကလေးသည် ကိုယ်ရေးသော စာကိုပုံနှိပ် စာလုံးအဖြစ် ပထမဆုံး မြင်ရခြင်း ဖြစ်လေသည်။ ထိုအချိန်တွင် ဦးလှက အသက် သုံးဆယ်ကျော်တဝိုက် လောက်မှာသာ ရှိဦးမည်။ လူပုံနွဲ့နွဲ့၊ ပိန်ပိန်ပါးပါး၊ အသားဖြူဖြူ စကားပြောလျှင် တိုးတိုးသက်သာ၊ သိမ်သိမ်မွေ့မွေ့၊ သူ့မျက်နှာသည် အစဉ် ချိုပြုံးလျက် မေတ္တာစာတ်၏ အရောင်ဖြာထွက်နေသည်ဟု ထင်ရ၏။ ထိုစဉ်က ဦးလှက သုံးဆယ်ကျော်၊ ကျွန်တော်က ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်၊ ကျွန်တော့်ထက် အသက်များစွာ ကြီးသည့်တိုင် ကျွန်တော့်ကို စကားပြောသည့်အခါတွင် ခင်ဗျားနှင့် ကျွန်တော်နှင့်။ ဦးလှသည် စာရေးနည်းနှင့် ပတ်သက်သည့် အတွေ့အကြုံတို့ကို ကျွန်တော်အားပြောပြလိုက်သည်။

－၂－

www.myanmarcupid.net

၁၉၅၃ခု၊ ဖဆပလ အစိုးရလက်ထက်တွင် ဦးလှသည် ရန်ကုန်ထောင် ထဲသို့ ရောက်သွားသည်။

သူထွက်လာသည့်အခါတွင် ရန်ကုန်တွင်ရှိသည့် ကျွန်တော်တို့မိတ်ဆွေ တသိုက်က ရှားမီးတွင် ဧည့်ခံပွဲ ကလေးတခုလုပ်သည်။ ဧည့်ခံပွဲတွင် ဦးလှက ထောင်အတွေ့အကြုံတို့ကို ပြောသွား၏။ ဗိုလ်ပုံ ပရိတ်သတ် ရှေ့တွင်ဦးလှ စကားပြောသည်ကို ပထမဆုံးနားထောင်ဖူးခြင်း ဖြစ်သည်။ သူစကားပြောပုံက လေသံအေးအေး။ သို့ရာတွင် ပရိတ်သတ်ကို အထက်စီးကြီးဖြင့်လည်း မပြော။ အောက်ကျို့၍လည်း မပြော။ နှစ်ယောက်တည်း စကားပြောသကဲ့သို့ ခင်မင်ရင်းနှီးစွာ ပြောသည်။ သူ့လေသံက စမ်းရေစီးသံလို ငြိမ့်ငြိမ့် ညောင်းညောင်း၊ အလွန်လေးနက်သည့် အကြောင်းတွေကို ပြောနေရာမှ တခါတခါတွင် နားထောင်သူကို ဖြေလျှော့ပေးသည့်နှယ် ရယ်စရာကလေးတွေကို ဖောက်၍ ပြောသွားတတ်သည်။ သူပြောသွားသည့် ပုံပြင်ကလေး တခုကို ကျွန်တော် ယခုတိုင် မှတ်မိသေး၏။

"တခါတုန်းက တက္ကသိုလ်က စိတ်ပညာ ကျောင်းသားအချို့ စိတ္တဇ ဆေးရုံကိုသွားပြီး လက်တွေ့ သင်တန်း ဆင်းကြတယ်။ ဟိုရောက်တော့ သူတို့ကို စိတ္တဇဆေးရုံက တာဝန်ကျတဲ့



www.myanmarcupid.net

လူတယောက်က စိတ်ရောဂါ သည်တွေကို လိုက်ပြတယ်။ သူကဖြင့် မယားတရှူး၊ ရှူးနေတဲ့လူ၊ သူက ဥစ္စာရှူး၊ ရှူးနေတဲ့လူ၊ သူကတော့ ဘဝင် မြင့်ပြီး ရှူးနေတဲ့လူ၊ သူကတော့ ဂီတရှူး၊ ရှူးနေတဲ့လူ၊ သူကတော့ ရုပ်ရှင်မင်းသားရှူး ရှူးနေတဲ့လူ စသဖြင့် စိတ်ရောဂါသည်တွေကို တခန်းပြီး တခန်းလိုက်ပြတယ်။ ကျောင်းသားတွေ၊ ကျောင်းသူတွေကလည်း မှတ်စုစာအုပ်လေးတွေကို ဖွင့်ပြီး လိုက်မှတ်ကြတယ်။ မေးချင်တာ သိချင်တာတွေကို မေးကြတယ်။ တာဝန်ကျတဲ့ လူကလည်း သူတို့မေးသမျှကို စိတ်ရှည်ရှည်နဲ့ ရေလည်ပတ်လည်ရှင်းပြတယ်။ ဒါနဲ့ ကျောင်းသား ကျောင်းသူတွေလည်း ရေးမှတ်စရာရှိတာကို ရေးမှတ်၊ ကြည့်စရာရှိတာတွေကို ကြည့်ပြီး ပြန်ကာနီးတော့ သူက အပေါက်ဝ ကိုလိုက်ပို့တယ်၊ ကျောင်းသား ကျောင်းသူတွေကလည်း ကျေးဇူးတင်စကားပြောပြီး နှုတ်ဆက်ကြတယ်။ ဒီတင် ကျောင်းသားတယောက်က ခုလို ကျွန်တော်တို့ကို စိတ်ရှည်လက်ရှည် လိုက်ပြပြီး ရှင်းပြလို့ ကျေးဇူးတင် ပါတယ်၊ နောင်ကြီးရဲ့ နာမည် ကလေးကိုလည်း ကျွန်တော်တို့ တဆိတ်သိပါရစေလို့ ပြောတယ်။ ဒီတင် အဲဒီလူက ရင်ကိုကော့ပြီး ကျွန်တော်က ပြင်သစ်ဧကရာဇ်နပိုလီယန် ပါလို့ ပြောသတဲ့။

www.myanmarcupid.net

“ခုကျွန်တော်လည်း မိတ်ဆွေများကို ထောင်အကြောင်း ပြောပြပြီးပါပြီ။ ကျွန်တော့်ကို မှတ်ထားကြပါ၊ ကျွန်တော်ဟာ ပြင်သစ်ဧကရာဇ်နပိုလီယန်ပါ”ဟု ဦးလှက သူ့ထောင်အတွေ့အကြုံကို နိဂုံးချုပ်သွား၏။

လေအေးကလေးဖြင့် ပြောသွားသည့် ဦးလှ၏ဟာသကို နားထောင်၍ ကျွန်တော်တို့တတွေ ရယ်မော ကြရသည်။

ထောင်မှထွက်ပြီး နောက်တွင် ဦးလှသည်ထောင်အတွေ့အကြုံနှင့် ပတ်သက်သည့်ဝတ္ထုများကို ရေးလာ သည်။ ထောင်နှင့်လူသား၊ လှောင်ချိုင့်တွင်းမှ ငှက်ငယ်များ၊ လေနှင့်အတူ....စသည် ထောင်နှင့်ပတ်သက်သည့် ဝတ္ထုများတွင် ကျွန်တော်အကြိုက်ဆုံးမှာ ‘အားလုံးကောင်းကြရဲ့လား’ဆိုသည့် ဝတ္ထုဖြစ်၏။ ထိုဝတ္ထုမှာ ချစ်သဲဆို သည့် လူဆိုးလူမိုက် တယောက် အကြောင်းဖြစ်သည်။ အသက် ဆယ့်သုံးလေးနှစ်အရွယ် သရက်ဘော်စတယ် ထောင်မှစ၍ ချစ်သဲ ထောင်ထဲရောက်လိုက်သည်မှာ အသက်သုံးဆယ်ကျော်သည် အထိ။ ထောင်သံသရာနှင့် မလွတ်သေး။ လူထုဦးလှနှင့် တွေ့သည့်အချိန်တွင် ချစ်သဲသည် ထောင်ထဲရောက်သည်မှာ ကိုးခါရှိနေပြီ။

www.myanmarcupid.net

၁၉၅၈–ခု၊ ကျွန်တော် ထောင်ထဲရောက်သွားသည့် အခါတွင် ချစ်သဲနှင့် နောက်တကြိမ်တွေ့ပြန်သည်။ ထိုအကြိမ်မှာ ချစ်သဲအဖို့ ထောင်ထဲသို့ ဆယ်ကြိမ်မြောက် ရောက်ခြင်းဖြစ်သည်။ ကျွန်တော် ပြန်ထွက်လာသည့် အခါတွင် ချစ်သဲသည် အထဲတွင် ကျန်ရစ်ခဲ့၏။ ကျွန်တော်က ဦးလှ၏ အားလုံးကောင်းကြရဲ့လား နောက်ဆက် တွဲအဖြစ် 'ဆယ်ကြိမ်မြောက် အလည်ရောက်ခြင်း' ဟူသော အမည်ဖြင့် ချစ်သဲအကြောင်းကို ဝတ္ထုတပုဒ် ထပ်ရေး လိုက်သည်။ ကျွန်တော့်ဝတ္ထုအစတွင် 'လူထု ဦးလှသို့' ဟု ရည်ညွှန်းချက် ထည့်လိုက်၏။ ကွယ်လွန်သူ စာရေး ဆရာတင့်တယ်က–

"အစ်ကိုရဲ့ ဝတ္ထုမှာ လူထုဦးလှသို့ ဆိုပြီး အပိုလိုဂျီ (ဝန်ခံတောင်းပန်ချက်) ပေးလိုက်တာမှန်တယ်၊ ဒီ ဝတ္ထုစိတ်ကူး ရလာတာဟာ ဦးလှကြောင့်ပဲ မဟုတ်လား။ ဦးလှသာ ရှေ့က မရေးခဲ့ယင် အစ်ကိုဟာ စိတ်ကူးရချင်မှရမှာ မဟုတ်လား" ဟု ကျွန်တော့်ကို ပြောဖူးသည်။

မှန်ပါသည်၊ ချစ်သဲကိုကျွန်တော်မတွေ့ဖူး မမြင်ဖူး ခင်ကတည်းက ဦးလှ၏ဝတ္ထုကြောင့်ချစ်သဲ၏ ဇာတ်ဆောင်စရိုက်သည် ကျွန်တော့်ကို ဝင်ပူးလေပြီ။ ထို့ကြောင့် ချစ်သည်းနှင့် တွေ့သည့်အခါတွင် ကျွန်တော် သည် ချစ်သဲကို လူတယောက်အနေဖြင့် ကြည့်ခြင်းထက်

ဇာတ်ဆောင်တယောက်အနေဖြင့် ကြည့်ခဲ့မိသည်။ လူဆိုး လူမိုက်တယောက် အနေထက် စာရေးစရာ ကုန်ကြမ်းတခုအနေဖြင့် ကျွန်တော် ကြည့်ခဲ့မိသည်။ ထို့ကြောင့် ဆယ်ကြိမ်မြောက် အလည်ရောက်ခြင်းဆိုသည့် ဝတ္ထုတပုဒ်ရေးနိုင်ခဲ့ခြင်းမှာ ဦးလှ၏ ကျေးဇူး အများကြီး ပါပါသည်။

ဦးလှ၏ ဝတ္ထုများထဲတွင် ကျွန်တော်ကြိုက်သော အခြားဝတ္ထုများမှာ ဂျပန်စာရေးဆရာ အရှိုဟေဟီနို ရေးသည့် ရွှံ့နှင့်စစ်သား၊ ပန်းနှင့်စစ်သား၊ ဂျုံနှင့်စစ်သား စသည့် ဘာသာပြန် ဝတ္ထုများ ဖြစ်သည်။ ထိုဝတ္ထုများ ကို ဂျပန်ခေတ်တွင် ဖတ်ခဲ့ရခြင်း ဖြစ်သည်။ ဦးလှ၏ ဘာသာပြန်က ရိုးရိုးရှင်းရှင်း၊ နားမလည်သဖြင့် နောက်တခေါက် ထပ်ဖတ် စဉ်းစားရသည့် စာကြောင်းမျိုး တကြောင်းမျှမပါ။ ဖတ်လိုက်သည်နှင့် ဒက်ကနဲ နေအောင် စကားပြေကို ရှင်းရှင်းရိုးရိုး ရေးနိုင်သူဖြစ်ပါသည်။ တလောက အရှိုဟေဟီနို၏ မူရင်းစာအုပ်ကို ရသဖြင့် ထိုစာအုပ်များကို ပထမဆုံးအကြိမ် အင်္ဂလိပ်လို ဖတ်ကြည့်သည်။ မြန်မာစာဖြင့် ဖတ်ရသောကြောင့် လောမသိ။ ဦးလှ၏ ဘာသာပြန်များက ပို၍ ဖတ်ကောင်းနေသည်။ ဦးလှသည် အပြင်လောကမှ စာရေးဆရာ များနှင့် ခေတ်စမ်း စာရေးဆရာတို့ကို



www.myanmarcupid.net

ပေါင်းစည်းပေးနိုင်ခဲ့သော အယ်ဒီတာ၊ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် အမျိုးသား လွတ်လပ်ရေးကို ကိုယ်တိုင်ပါဝင်လှုံ့ဆော်ခဲ့သည့် သတင်းစာဆရာ မျှသာမက ဝတ္ထုရေး ဆရာကြီး တယောက်လည်း ဖြစ်သည်ဟု ကျွန်တော် ဆိုချင်ပါသည်။

ထို့နောက်တွင် ဦးလှနှင့် ကျွန်တော်သည် ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှုတွင် အတူလုပ်ခဲ့ကြ၏။ ထိုအခါတွင် ဦးလှနှင့် ကျွန်တော်ပို၍ အထိအတွေ့ များလာသည်။ ရန်ကုန်သို့ ဦးလှရောက်လာလျှင် ကျွန်တော် တို့တတွေက ထမင်းစားပွဲ ကလေး တွေလုပ်၏။ ကျွန်တော်တို့ မန္တလေး ရောက်လျှင်လည်း သူတို့ဆီသို့ ဝင်သည်။ သူ့ဆီသို့ ရောက်လျှင် လာသမျှဧည့်သည်ကို သူက ဒိုင်ခံပြုစု၏။ ဧည့်သည်ကလည်း မနည်း။ လာသမျှ ဧည့်သည်များကို ထမင်းကျွေးရမှ။ ဧည့်သည်က ထမင်းစားချိန် မရသဖြင့် အတန်တန်ငြင်းလျှင် သူ မကျေနပ်။ အနည်းဆုံး လက်ဖက်ရည်ပွဲလေးတော့ လုပ်လိုက်ရမှ သူကျေနပ်သည်။ မန္တလေးတွင် ပို့သင့်သည့် နေရာတွေကို လိုက်ပို့လိုက်ရမှ သူဘဝင်ကျသည်။ ဧည့်သည်ကိုသာ ဧည့်ခံရသည်၊ စင်စစ် ဦးလှသည် ပျားတကောင်ကဲ့သို့ အလွန်အလုပ်များသူ ဖြစ်ပါသည်။ သတင်းစာ ထုတ်တုန်းကလည်း သတင်းစာ သမားတို့ ထုံးစံ

www.myanmarcupid.net

ခေါင်းကြီးရေးရ၊ ကြေးနန်းသတင်း တည်းဖြတ်ရ၊ နယ်သတင်းတွေ တည်းဖြတ်ရနှင့် အားရသည်ဟူ၍ မရှိ၊ သတင်းစာရပ်လိုက်သည့် အခါတွင်လည်း လူမှုရေးကိစ္စတွေ အပုံတပင်။ လူအိုရုံကိစ္စ၊ ဆေးရုံကိစ္စ၊ မြို့ကိစ္စ၊ ရပ်ရွာကိစ္စတွေနှင့် အမြဲ အလုပ်များနေတတ်သည်။ ထိုသို့ အလုပ်များသည့်ကြားထဲမှပင် လာသမျှ ဧည့်သည်ကို လည်း ဧည့်ဝတ်ကျေအောင် လုပ်နိုင်သေးသည်။ သာမန် ဧည့်ဝတ်ကျေနည်း မဟုတ်ပါ။ လှိုက်လှိုက်လှဲလှဲ ဧည့်ဝတ်ကျေနည်းမျိုး ဖြစ်ပါသည်။ ဘူတာကို ဆင်းကြိုရမှ၊ မကြိုရလျှင် လိုက်ပို့ရမှ ကျေနပ်သူ ဖြစ်ပါသည်။

ဦးလှ ရန်ကုန်သို့ အခေါက်ပေါင်းများစွာလာရာတွင် ကျွန်တော်သည် ဦးလှကိုဘူတာရုံသို့ တခေါက်မျှ လိုက်မပို့ပါ။ သို့ရာတွင် ကျွန်တော်မန္တလေးရောက်လျှင်မူ ဦးလှသည် ဆယ်ခေါက်တွင် ရှစ်ခေါက်လောက် ဘူတာကို လိုက်ပို့တတ်သူဖြစ်ပါသည်။ တခါတလေ ဦးလှတွင် တာဝန်ပိုနေမည်စိုးသဖြင့် သူ့ဆီသို့ မဝင်ပဲ မန္တလေးမှ ကျွန်တော် ပြန်သွားလျှင် ကိုမြသန်းမန္တလေးကို လာသွားတယ်ကြားတယ်။ ဒီတခေါက် ကျွန်တော်တို့ ဆီကို ဝင်မသွားဘူးဟု ပြောသံကို ကျွန်တော်တဆင့် ကြားရပါသည်။ စာအုပ်သစ်ထွက်လျှင် ကျွန်တော်တို့က သာကိုယ်ရေးသည့်

www.myanmarcupid.net

စာအုပ်ကို သူ့ဆီမပို့ပဲ ဖြစ်တတ်သည်။ ဦးလှကမူ သူ့စာအုပ်သစ်ထွက်တိုင်း သူ့လက်မှတ် ဖြင့် ကျွန်တော်တို့ဆီ အရောက်ပို့တတ်သည်။ ၁၉၇၂ခု ကျွန်တော်နှင့် ဇန်းမော်တင်အောင်တို့ ထောင်မှ လွတ်လာကြသည့်အခါတွင် ဦးလှသည် ကျွန်တော်တို့ဖို့ဆိုကာ ကျွန်တော်တို့မရှိစဉ်သူရေးသည့် စာအုပ်များနှင့် သူ့တိုက်မှထုတ်သည့် စာအုပ်များကို အထုပ်ကြီး အထုပ်ငယ်တွေနှင့် အမှတ်တရ ပို့လိုက်ရုံမျှမက လူထုကိုတင်မောင် မှတဆင့် ငွေနှစ်ရာစီ လားမသိ ပို့လိုက်ပါသေးသည်။

"ဦးလှက မိတ်ဆွေအပေါင်းအသင်းတွေ အပေါ်မှာ အင်မတန် သံယောဇဉ်ကြီးတယ်" ဟု ဇန်းမော်တင်အောင်က ငွေစက္ကူတွေ ထည့်ထားသော စာအိတ်ကလေးကို ကိုင်ယင်းပြောသည်။ ထိုငွေသည် ကျွန်တော်တို့ ထောင်မှထွက်လာလာချင်း ပထမဆုံးရသော ဝင်ငွေ ဖြစ်ပါသည်။

မန်းရာပြည့်ဆိုလျှင် ဦးလှပါသည်။ ကျန်းမာရေး ပညာရေး အားကစားရေးကိစ္စ၊ ရေဘေးမီးဘေးကိစ္စ၊ သာရေးနာရေးကိစ္စ ဟူသမျှတွင်လည်း ဦးလှသည် ရှေ့ဆုံးမှနေ၍ တက်တက်ကြွကြွ ပါဝင်ခဲ့သည်ချည်း ဖြစ်သည်။ "တောင်သမန်က ဦးပိန်တံတားကြီး တချို့နေရာတွေမှာ အတော်ပျက်စီးနေတယ်။

www.myanmarcupid.net

ဒီတံတားကြီး ပြင်ဖို့ ရန်ပုံငွေအလှူခံနေတာ ခုတော့ တော်တော်လေးရနေပါပြီ”ဟု လွန်ခဲ့သည့် လေးငါးနှစ်လောက်က ကျွန်တော့်ကို ပြောဖူးသည်။

ဦးလှအကြောင်းကိုရေးလျှင် လူမှုကောင်းစားရေးကို ရှေ့ရှုဆောင်ရွက် သည့် ပရဟိတဝါဒီ တဦးအနေ ဖြင့် ရေးလျှင်လည်း ရေးစရာတွေ အများကြီး ရှိပါလိမ့်မည်။

–၄–

ဦးလှသည် စာမျိုးစုံကို ရေးနိုင်သူဖြစ်သည်၊ သတင်းစာ ခေါင်းကြီးပိုင်း၊ ဝတ္ထု၊ ဘာသာပြန်၊ ပုံပြင်၊ ခရီးသွားမှတ်တမ်း၊ ပေးစာ....

ဦးလှရေးသည့် စာများထဲတွင် ပေးစာများကို ကျွန်တော် အကြိုက်ဆုံးပင်။ သူ့ပေးစာများကို ဖတ်ရ သည်မှာ ကြည်နူးစရာ၊ ရေးဟန်ငြိမ့်ငြောင်း၍ လေသံရှင်နေသည်။ သိပ္ပံမောင်ဝနှင့် သူတို့နှစ်ယောက် ပေးစာ များကို ဖတ်ရသည်မှာ မှတ်တမ်းကြီး တစောင်ကို ဖတ်ရသည့်နှယ်၊ သူတို့နှစ်ယောက်၏ ကိုယ်ရေးကိုယ်တာ ကိစ္စလည်းပါသည်။ စာပေကိစ္စလည်းပါသည်။ ခေတ်ပြိုင်ပုဂ္ဂိုလ်များ အကြောင်းလည်းပါသည်။ လူမှုရေး၊ နိုင်ငံ ရေး၊ စီးပွားရေးစသည်တို့ အကြောင်းများလည်းပါသည်။ ခေတ်ပေါ် မြန်မာစာပေလောကတွင် ပေးစာကို ဖတ်ကောင်းအောင်

www.myanmarcupid.net

ရေးနိုင်သူများထဲတွင် သိပ္ပံမောင်ဝနှင့် ဦးလုတို့နှစ်ယောက်သသည် ထိပ်ဆုံးမှ ပါပါသည်။ လူထုသတင်းစာတွင် ရေးခဲ့သည့် သောင်းပြောင်းထွေလာအခန်းကား ဟင်းလေးအိုးကြီးကဲ့သို့ ဖြစ်၏။ ကျန်းမာရေးအကြောင်း၊ ဂေါက်သီးအကြောင်း၊ ကမ္ဘာ့နိုင်ငံရေးအကြောင်း၊ စာပေရေးရာ၊ ယဉ်ကျေးမှုရေးရာ၊ စီးပွားရေးရာစသည်ဖြင့် ဘာသာရပ် အသီးသီးကို ရိုးရိုးရှင်းရှင်းနှင့် ရေးသွားနိုင်ပါသည်။

ဦးလုသည် အရက်သောက်သူမဟုတ်၊ ဆေးလိပ်သောက်သူမဟုတ်။ ကျန်းမာရေးအတွက်ဆိုကာ ညစာ ကိုပင် စားလေ့မရှိ။ ဝလာသည့် အခါတွင် ထမင်းကိုပင် ဖြတ်လိုက်ကာ ထမင်းအစား ကစီဓာတ် နည်းသည့် အစားအစာများကိုသာ စားသည်။ ကျန်းမာရေး လေ့ကျင့်ခန်းကို မှန်မှန်လုပ်ကာ ကျန်းမာရေးကို အလွန်ဂရုစိုက် သူဖြစ်သည်။ ကျွန်တော် ရောက်သွား၍ ကျွန်တော်ဆေးလိပ် သောက်သည်ကို မြင်လျှင် "ကိုမြသန်း၊ ဆေးလိပ် မဖြတ်သေးဘူးလား၊ ဆေးလိပ်ဖြတ်ပါ" ဟု ကျွန်တော့်ကို မကြာခဏ ပြောတတ်သည်။ တခါက ကျွန်တော သူတို့ဆီတွင် ထမင်းစားရာ ကျွန်တော်တို့တတွေက အစားကောင်း အသောက်ကောင်းတွေကို စားနေကြသော်လည်း

www.myanmarcupid.net

ကျွန်တော်တို့နှင့် အတူဝင်စားနေသော သူ့မှာမူ ဘာမျှမစားရ။ ပြောင်းဖူးကြော်၊ မတ်ပဲဗယာကြော်၊ တို့ဟူးကြော် တို့ကို တို့ကနန်း ဆိတ်ကနန်းစားပြီး သံပုရာရည်ကလေးတခွက်နှင့် ကိစ္စပြီးသွားပါသည်။

"ဦးလေးလှ၊ ဒါလောက်ကလေး စားပြီးနေရတာ တင်းတိမ်ရဲ့လား"ဟု ကျွန်တော်ကမေးသည်။

"တင်းတိမ်တယ်ရယ်လို့တော့ မဟုတ်ဘူးပေါ့ ကိုမြသန်းရယ်၊ ကိုယ့်ကိုယ်ကို စည်းကမ်းလေးတခု ထားပြီး ချုပ်တည်းရတာပေါ့။ စည်းကမ်းကို အားနာတော့ မချိုးဖေါက်ရဲဘူး။ အမာဆူမှာ ကြောက်တာလဲ ပါတာပေါ့လေ"ဟု ဒေါ်အမာရှေ့တွင်ပင် လေပျော့ကလေးဖြင့် ပြောပြီး မျက်နှာသေကလေးဖြင့် လုပ်ပြသဖြင့် ကျွန်တော်တို့မှာ ရယ်ကြရသည်။

ဦးလှတို့ဇနီးမောင်နှံသည် အလွန်လိုက်ဖက်သည့် ဇနီးမောင်နှံဖြစ်သည်။ ဘဝခရီးတွင် သူတို့လက်တွဲ လာခဲ့သည်မှာ အနှစ်လေးဆယ်ကျော်ရှိပြီ။ သို့ရာတွင် အချစ်သည် ဟောင်းအိုသွားဟန် မရှိ။ တယောက် တယောက်အပြန်အလှန် ကြင်နာစမြဲ။ အပြန်အလှန် လေးစားစမြဲ၊ အပြန်အလှန်ဖေးကူစမြဲ။ ဧည့်သည်များနှင့် စကားပြောသည့် နေရာမှာပင် တယောက်ပြောသည်ကို

www.myanmarcupid.net

မပြည့်စုံဟုထင်လျှင် တယောက်က ဝင်ဖြည့်ပေးသည်။ တယောက်က ပိုနေသည်ဟုထင်လျှင် တယောက်က ပြန်နှုတ်ပေး၏။ ကို အမှတ်မှားနေတယ်ထင်တယ်ဟု ဒေါ်အမာက ပြောလိုက်လျှင် အေး၊ အေး၊ ဟုတ်မယ်ထင်တယ်ဟု ခေါင်းကလေးငြိတ်၍ပြောတတ်သည်။ အမာ ပြောတာက ဒီလိုမဟုတ်လားကွဲ့ဟု ပြင်ပေးလျှင် ဒေါ်အမာက ငြိမ်သွားသည်။

ကျွန်တော်သည် ဦးလှဟု ခေါ်သည့်အခါခေါ်ပြီး ဦးလေးဟု ခေါ်သည့်အခါတွင် ခေါ်တတ်ပါသည်။ သူရယ်စရာမောစရာ တွေပြောလျှင်၊ ဆုံးမစကားတွေပြောလျှင် ကျွန်တော့်စိတ်ထဲတွင် သူ့တူငယ်ကလေး တယောက်ဖြစ်သွားကာ သူကစာပေရေးရာ၊ ယဉ်ကျေးမှုရေးရာ စသည့်လေးနက်သည့် စကားတွေ ပြောလာလျှင် သူ့ကို စာရေးဆရာ လူထုဦးလှအဖြစ်မြင်လာသဖြင့် ကလောင်နာမည် အတိုင်း ခေါ်မိခြင်းဖြစ်ဟန်တူပါသည်။ ဦးလေးလို ချစ်သော ဦးလှနှင့် စာရေးဆရာ ဦးလှသည် ကျွန်တော့်စိတ်ထဲတွင် ရောနေပါသည်။

သူမကွယ်လွန်မီ လေးလလောက် အလိုတွင် ဦးလှနှင့် ကျွန်တော် နောက်ဆုံးတွေ့လိုက်ရခြင်း ဖြစ်သည်။ ထိုစဉ်က ဦးလှနှင့် ဒေါ်အမာတို့ မွန်ပြည်နယ်က

www.myanmarcupid.net

မွန်ရိုးရာအလှူတခုကိုအသွား ရန်ကုန်တွင် ဆုံကြခြင်းဖြစ်သည်၊ ကျွန်တော်နှင့် မိတ်ဆွေအချို့က ကန်တော်ကြီးဟော်တယ်တွင် စားသောက်နေကြစဉ် ဦးလှသည် ကျွန်တော့်ကို စားပွဲတနေရာမှ လှမ်းမြင်လိုက်ခြင်းဖြစ်သည်။ ကျွန်တော်မှာ မျက်စိမွဲသူဖြစ်၍ ဦးလှကိုရော၊ ဒေါ်အမာကိုရော မမြင်ပါ။ ဦးလှသည် ကျွန်တော်တို့စားပွဲသို့ အဝေးကြီးမှ တကူးတကန့်ထလာပြီး နှုတ်ဆက် ပါသည်။ သူတို့ကို နေ့လည်စာ ဖိတ်ကျွေးသည့် သူတို့မိတ်ဆွေမှာ ဒုတိယဝန်ကြီးတဦးဖြစ်သည်။ ဦးလှသည် အိမ်သည်ကို တောင်းပန်ကာ ကျွန်တော့်ကို လာရောက်နှုတ်ဆက်ခြင်း ဖြစ်ပါသည်။ ထိုစဉ်က ဦးလှကျန်းမာရေး ကို ကျွန်တော်သိပ်အားမရ။ အမြဲပြုံးရွှင်သည့် သူ့မျက်နှာသည် အနည်းငယ် ညှိုးနေသည်ဟု ကျွန်တော် ထင်လိုက်သည်။ သို့ရာတွင် ညှိုးနေသည့်မျက်နှာပေါ်မှာပင် မေတ္တာစေတနာသည် အရောင်ဖြာ ထွက်လျက် ရှိမြဲဖြစ်ပါသည်။ သူ့ခါးကလည်း အနည်းငယ် ကိုင်းနေသည်။ ခြေလှမ်းကလည်း နှေးကွေးနေသည်ဟု ကျွန်တော် သတိပြုမိ၏။

"ဦးလေးလှ ကျန်းမာရေး ဘယ့်နှယ်နေသလဲ၊ ကောင်းတယ် မဟုတ်လား" ဟု ကျွန်တော်က မေးသည့် အခါတွင် ဦးလှသည် နွမ်းလျစွာ ပြုံးကာ....

www.myanmarcupid.net

"ကျောက်ကပ်သိပ်မကောင်းဘူး၊ အပြန်မှထပ်ပြရဦးမယ်" ဟု ပြောသွား သည်။ ဦးလှမဆုံးခင် နှစ်ရက်၊သုံးရက်လောက်က မင်းကွန်းဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ပူဇော်ပွဲလား၊ ဘာလားမသိ ရန်ကုန်သို့ ဆင်းလာကြသည်။ ကျွန်တော် နှင့် မတွေ့လိုက်။ ဦးလှတို့ကို ဘူတာရုံသို့ လိုက်ပို့သည့် ဟံသာဝတီ ကိုဝင်းတင် ကမူ "ဦးလေးလှ ကျန်းမာရေးကို ကြည့်ရတာ ကျွန်တော်သိပ်အားမရဘူး၊ တော်တော်ကျသွားတယ်" ဟု ကျွန်တော့်ကို ပြော၏ သို့ရာတွင် ဦးလေးလှကို ဒီလောက်မြန်မြန်ဆန်ဆန် ကွယ်လွန်လိမ့်မည်ဟု ကိုဝင်းတင် ရော၊ ကျွန်တော်ရော မထင်ခဲ့။ နောက်နှစ်ရက်လောက်ရှိ၍ ဦးလှဆုံးပြီဟု ကြားသောအခါတွင် သွားမတွေ့ဖြစ် သည့်အတွက် ကျွန်တော် နောင်တရနေသည်။

လူတယောက် ကွယ်လွန်သည့်အခါအကောင်းပြောကြသည်မှာ သဘာဝကျ ပါသည်။ သူရှိစဉ်အခါက သူ့ပမာဏ၊ သူ့အတိုင်းအတာသည် ကြီးသည်ဟု သိပ်မထင်ရပါ။ သို့ရာတွင် သူမရှိသည့် အခါတွင်မူ သူ့ပမာဏသည် သက်ရှိဘဝထက် ပို၍ကြီးမားလာပါသည်။

ဦးလှသည် လောကကောင်းကျိုးကိုဆောင်ဖို့ မွေးလာသူဖြစ်ပါသည်။ ကျွန်တော်သည် လူတယောက်ကို ကြည့်မြင်ရာတွင် ၇၀/၃၀ စံချိန်ဖြင့် ကြည့်ပါသည်။

www.myanmarcupid.net

လူတယောက်သည် ၇၀ ရာနှုန်း ကောင်းပြီး ၃၀ ရာနှုန်း ဆိုးလျှင် ထိုသူသည် လူကောင်းဖြစ်ပါသည်။ လောကတွင် ပြည့်စုံသူဟူ၍ မရှိပါ။ ဦးလှတွင် ချွတ်ယွင်းချက်၊ အားနည်းချက်များ ရှိကောင်းရှိပါလိမ့်မည်။ သို့ရာတွင် ထိုအားနည်းချက်၊ ချွတ်ယွင်းချက်များသည် ၃၀ ရာနှုန်းပင်မရှိပါ။ ဦးလှ၏ အားကောင်းချက်သည် ၇၀ရာနှုန်းထက် အများကြီး ပိုပါသည်။

–၅–

မေမြို့၏ နိုဝင်ဘာ မနက်ခင်းတွင် နှင်းတွေမှုန်နေသည်။ ကျွန်တော်သည် လမ်းလျှောက်ယင်း မြို့စွန်သို့ ရောက်လာခဲ့သည်။ မြို့စွန်တွင် ဂေါ်ရခါးရပ်ကွက်ကလေး တဲကလေးတွေနှင့် စိုက်ခင်းကလေးတွေနှင့် ဂေါ်ရခါးအိမ်ကလေးတွေက ရှုံ့မံထားသည့် အိမ်ကလေး တွေ။ ဦးလှအကြောင်းရေးမည်ဟု စိတ်ကူးလာစဉ် တိုက်တိုက်ဆိုင်ဆိုင် ဦးလှကို သတိရစရာ အချက်ကလေး တခု လက်ကနဲပေါ်လာသည်။ အခြားမဟုတ်၊ ဦးလှရေးခဲ့သည့် စာအုပ်ကလေးတအုပ် အကြောင်းဖြစ်ပါသည်။ စာအုပ်ကလေးက အင်္ဂလိပ်ပြန်မဝင်မီရိုက်သည့် ဦးလှရေးသည့် စာအုပ်ကလေး။ စစ်မပြီးသေး၍ ကြီးပွားရေး ပုံနှိပ်တိုက်သည် မန္တလေးသို့ပင် မရောက်သေး။ သူစစ်ပြေးရာ ကပိုင်ရွာတွင်



www.myanmarcupid.net

ရိုက်နှိပ်ရခြင်း ဖြစ်သည်။ အတွင်း စာသားကို ရိုက်သည့်စာရွက်များက ဘွန်းခေါ်စာရေး စက္ကူအစိမ်းတွေ၊ စာအုပ်ကလည်း ပါးပါးကလေး။ စာအုပ်အမည်က 'ဆုထူးပန်ယောက်ျား'။

ဦးလှ၏ စကားပြောရေးဟန်များထဲတွင် ကျွန်တော်အကြိုက်ဆုံး ဖြစ်သော ပေးစာအတိုင်းရေးထားသည့် စကားပြေဟန်။ ဦးလှ မေမြို့ရောက်စဉ် သားကြီးမောင်စိုးဝင်း သုံးနှစ်ပြည့်မွေးနေ့လက်ဆောင် အဖြစ် သူ့သားကို လိပ်တပ်ပေးထားသည့် ပေးစာပေါင်းချုပ်များ ဖြစ်သည်။ ဂျပန်ခေတ် မေမြို့ကို တွေ့ရပုံ၊ မေမြို့ပတ်ဝန်းကျင် ရှုခင်းများ၊ သားကြီးကို ယောက်ျားကောင်းစိတ် မည်သို့မွေးမြူရမည့် အကြောင်း၊ မျိုးချစ်စိတ်ကို မည်သို့ မွေးရ မည့်အကြောင်း၊ လူ့လောကအကျိုးကို ဆောင်ရွက်နိုင်မည့် ယောက်ျားကောင်းတယောက် ဖြစ်ရန် မည်သို့မွေးမြူအပ်ကြောင်း၊ မနက်ခင်း လမ်းလျှောက် ထွက်သည့်အခါတွင် ဂေါ်ရခါးရွာကလေးကို မည်သို့မြင်ရကြောင်း၊ ဂေါ်ရခါးရွာကလေး မည်မျှသာယာကြောင်း စသည်တို့ကို ရေးထားသည်။ ဦးလှ၏ ပေးစာများသည် အင်္ဂလိပ် ဂန္ထဝင်တွင် နာမည်ကျော်သော လော့ဒ်ချက်စတာဖီးက သားငယ်ထံပေးစာများနှင့်

www.myanmarcupid.net

နိူင်းယှဉ်သင့်ပါသည်။ သို့ရာတွင် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို မွေးမြူရေးအတွက် လှုံ့ဆော်ရာတွင်မူ ထိုစာအုပ်ထက်ပင်သာသည်ဟု ကျွန်တော်ဆိုချင်ပါသည်။

ကျွန်တော်သည် ထိုဂေါ်ရခါးရွာကလေးထဲသို့ ဖြတ်၍လျှောက်လာယင်း ဦးလှရေးခဲ့သည့် ဂေါ်ရခါး ရွာကလေးသည် ထိုရွာကလေးပင် ဖြစ်ပေလိမ့်မည်။ ဦးလှလျှောက်ခဲ့သည့် လမ်းကလေးသည် ထိုလမ်းကလေးပင် ဖြစ်ပေလိမ့်မည်။ သို့ကလို စဉ်းစားယင်း ကျွန်တော်သည် ဦးလှအကြောင်းကိုရေးရန် စိတ်ကူးထဲတွင် ပန္နက် ရိုက်လာခဲ့သည်။ ကြီးပွားရေးမဂ္ဂဇင်း ခေတ်ဦးတွင် လူငယ်များ ဖွံ့ဖြိုးရေးနှင့် ကျေးလက်တောရွာ ပြုပြင်ရေးကို လှုံ့ဆော်ခဲ့သော ဦးလှ၊ ကြီးပွားရေး ခေတ်နှောင်းတွင် တက္ကသိုလ်ပြင်ပမှ စာရေးဆရာများနှင့် ခေတ်စမ်းစာရေး ဆရာများကို ပေါင်းစည်းကာ နယ်ချဲ့ဆန့်ကျင်ရေးကို လှုံ့ဆော်ခဲ့သော ဦးလှ၊ လူထုဂျာနယ်နှင့် လူထုသတင်းစာ ခေတ်တွင် ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသား လွတ်လပ်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့အတွက် တိုက်ပွဲဝင်ခဲ့သော ဦးလှ၊ လူမျိုးစုပုံပြင်များကို စုဆောင်းပြုစုကာ တိုင်းရင်းသားညီညွတ် ချစ်ကြည်ရေးကို လှုံ့ဆော်ခဲ့သော ဦးလှ၊ အယ်ဒီတာ ဦးလှ၊ စာရေးဆရာ၊ သတင်းစာဆရာ ဦးလှ၊ ဝတ္ထုရေးဆရာနှင့်

www.myanmarcupid.net

ဘာသာပြန်ဆရာ ဦးလှ၊ မှတ်တမ်းရေးဆရာ၊ ပေးစာရေးဆရာ ဦးလှ၊ လောကအမျိုးအကျိုးကို ဆောင်ရွက်ခဲ့သည့် ပရဟိတဝါဒီ ဦးလှ၊ ဦးလှ ၏ ပမာဏ၊ ဦးလှ ၏ နေရာ သည် သူ့အသက်ထင်ရှား ရှိစဉ်ကထက် ပို၍ကြီးမားလာပါသည်။ ဦးလှ၏ ရုပ်ပုံလွှာကို ကြည့်ရသည်မှာ ပန်းစကြာ မှန်ပြောင်းကို ကြည့်ရသည့်နှယ်။

မေမြို့၏ နို့ဝင်ဘာ မနက်ခင်းသည် နှင်းတွေမှုန်ဆဲ။ ခါတော်မှီပင်ခေါ် ဝက်သစ်ချပင်ပေါ်မှ ချိုးက တနွဲ့နွဲ့ကူလျက်– ကျွန်တော်သည် ဂေါ်ရခါး ရွာကလေးကို ဖြတ်ကာ ဦးလှ လျှောက်ခဲ့သည့် လမ်းအတိုင်း လျှောက်လာခဲ့ သည်။

မြသန်းတင့်

၂၂–၁၁–၈၃

www.myanmarcupid.net

# အကန်တော့ခံထိုက်တဲ့ စာရေးဆရာ

ဝင်းဦး



စွယ်စုံရ ပြည်သူ့ အချစ်တော် မင်းသားချောဝင်းဦး

*ကျွန်တော်က ဘယ်လိုကြော်ငြာသလဲဆိုတော့ ကျွန်တော့်ကို မန်းသင်္ကြန်မှာစောင့်ရှောက်ကြတဲ့ မိဘပြည်သူ ရပ်ကန်းရှင်လူများကို ကျေးဇူးအနန္တနဲ့ ရှိခိုးပါတယ်ပေါ့။ ဒါကိုဆရာတော်က ဘုန်းကြီးတွေ လူမှုကိစ္စမှာ ပါဝင်အောင် ရေလာမြောင်းပေး မလုပ်စေချင်ဘူးတဲ့။ တကာဝင်းဦးက ဘုန်းကြီး တွေကို ကြည်ညိုတာ ကြည်ညိုပါ။ လူတို့ကိစ္စမှာ ပါဝင်အောင်တော့ မဆွဲဆောင်ပါနဲ့လို့ အမိန့်ရှိပါတယ်။ ဒါကို ကြုံကြိုက်လို့ ဦးလေးလှကို ပြောပြတဲ့အခါမှာ ဆရာတော်ရဲ့ အပြောမှာ ဘဝင်ကျ လှကြောင်း ပြောတယ်။*

www.myanmarcupid.net

ပြီးခဲ့တဲ့ သီတင်းကျွတ် လထဲတုန်းက ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ စန္ဒာမဂ္ဂဇင်းမှာ ဒေါ်ဒေါ်(လူထုဒေါ်အမာ) ရေးသားနေတဲ့ အညာသူများ ပင်လယ်သွား ဆောင်းပါးရှည်ရဲ့ နောက်ဆက်တွဲနဲ့ အဆုံးသတ် အပိုင်းများကို ဒေါ်ဒေါ်က ကျွန်တော့်ဆီ ကြိုတင်ပြီး အပြီးရေးပို့တယ်။ ဒေါ်ဒေါ်ရဲ့ ဆောင်းပါးများ ရတဲ့အချိန်မှာ သီတင်းကျွတ်ရာသီက မကုန်သေးတော့ ကိုယ်ကလူကြီးတွေကို သွားဂါရဝပြု၊ လူငယ်တွေက ကိုယ့်ဆီလာပြီး ဂါရဝပြုနဲ့ တော်တော်ကလေး မအားမလပ် ဖြစ်သွားတယ်။ ဒါ့ကြောင့် ဆောင်းပါးရပြီး လေးငါးရက်ကြာမှပဲ မန္တလေးကို ဖုံးဆက်ဖြစ်တယ်။ ဖုံးထဲကပဲ နောက်ထပ်လဲ ဒေါ်ဒေါ်ရေးပါဦးလို့ တောင်းပန်လိုက်ပါတယ်။ တန်ဆောင်တိုင် လောက်ကျယင် မန္တလေးကို ကျွန်တော် တက်လာဦးမှာမို့ ဒေါ်ဒေါ့်ဆီလာခဲ့ပါမယ်လို့လဲ ပြောရပါတယ်။ ဒေါ်ဒေါ်က ဆက်ဆက်ဝင်ဖို့အကြောင်းနဲ့ နောက်ထပ်ရေးဖို့ အကြောင်းလဲ စဉ်းစားထားမယ်လို့ ပြောပြီး ကျွန်တော့်မှာ အားလပ်ချိန်များ ရှိမယ်ဆိုယင် ဦးလေးလှ(လူထုဦးလှ)နှင့် ပတ်သက်တဲ့ ဆောင်းပါး တစောင်ရေးပေးစမ်းပါ၊ အခြားသူများ လဲရေးကြမယ်။ အဲဒါတွေစုပြီး စာအုပ်ထုတ်မယ်လို့ ပြောပါတယ်။ တတ်နိုင်ယင် မြန်မြန် လိုချင်ပါသတဲ့။

www.myanmarcupid.net

ဒါနဲ့ တန်ဆောင်မုန်းလထဲမှာပဲ စာရေးဆရာ မြသန်းတင့်ရယ်၊ မောင်နေဝင်းရယ်၊ ကျွန်တော်ရယ် သုံးယောက်သား မန္တလေးကို တက်လာဖြစ်ကြတယ်။ မန္တလေးကနေတခါ မေမြို့ကို တပတ်တန်သည်၊ နှစ်ပတ်တန်သည် သွားရောက်နေထိုင်ပြီး နားနားနေနေနဲ့ စာကလေးပေကလေးရေးကြဖို့ပါပဲ။ ကျွန်တော်တို့ဟာ မန္တလေး ရောက်တော့ ကြာကြာမဆိုင်းပဲ မေမြို့တက်ချင်ကြလို့ ဒေါ်ဒေါ့်ဆီကိုမဝင်ဘူး။ တကြောင်းကလဲ ကျွန်တော်တို့ သုံးယောက်စလုံးဟာ ဦးလေးလှအကြောင်း ဆောင်းပါးတွေကို အသီးသီးရေးကြပြီးမှပဲ မေမြို့ကနေ မန္တလေး ပြန်ဆင်းလာတဲ့အခါမှာ ဒေါ်ဒေါ့်ဆီဝင်ပေးယင်း ဂါရဝပြုကြမယ်လို့ ရည်စူးထားလို့ပါ။ ဆရာမောင်နေဝင်းတို့၊ မြသန်းတင့်တို့က ဦးလေးလှနဲ့ပတ်သက်လို့ ရေးစရာသားစရာတွေ တော်တော်ကလေးရှိကြတယ်လို့ ဆိုတယ်၊ ရေးမယ်လို့လဲ ပြောကြတယ်။ ကျွန်တော့်မှာတော့ များများစားစား မရှိဘူး။

ဟိုး'ရွှံ့နှင့်စစ်သား' ကစပြီး 'ဘိန်းဖြူသမားအမှားကမ္ဘာ' တို့အထိ ဦးလေးလှရဲ့ စာပေတွေနဲ့ ကျွန်တော် ထိတွေ့ရင်းနှီးခဲ့တာ မှန်ပါတယ်။ ဒါကလဲကျွန်တော်မှမဟုတ်၊ စာပေမွေ့သူမှန်သမျှ ဦးလေးလှရဲ့စာတွေနဲ့ အနည်းနဲ့အများဆိုသလို ဆုံခဲ့ ကြုံခဲ့ကြတာချည်းမို့

www.myanmarcupid.net

ဦးလေးလှရဲ့စာပေသုံးသပ်ပြီးများကို ကျွန်တော့်အနေနဲ့ ရေးဖို့က မဟုတ်သေးဘူး။ ဒါမျိုးက မိတ်ဆွေရင်းတွေ၊ စာပေသုတေသီတွေရဲ့ ကိစ္စပဲလို့ အောက်မေ့ရတယ်။ ကျွန်တော့်အဖို့ရာမှာတော့ ဦးလေးလှနဲ့ တွေ့ကြုံ သိကျွမ်းခဲ့တာလေးတွေကိုပဲ ရေးရမှာ ဖြစ်ပါတယ်။

၁၉၆၉ခုနှစ်လောက် ကျွန်တော်ဟာ စန္ဒာမဂ္ဂဇင်းကို စတင်ထုတ်ဝေတော့ စာရေးဆရာကြီးများကို ကန်တော့ပွဲ လုပ်ခဲ့တယ်။ ကျွန်တော့်ကို အကြံကောင်းဉာဏ်ကောင်း ပေးသူကတော့ စာရေးဆရာ သခင်တင်ဦးပဲ ဖြစ်ပါတယ်။ ရန်ကုန်မှာတော့ သခင်တင်ဦးကပဲ အစစအရာရာ ဆောင်ရွက်ဆော်ဩပေးတယ်။ မန္တလေးကိုလဲ သခင်တင်ဦးပဲ ဆက်သွယ်ပေးပြီး ဦးလေးလှနဲ့ဒေါ်ဒေါ်တို့ရဲ့ တပည့်တဦးဖြစ်တဲ့ မောင်စွမ်းရည်က အကူအညီ ပေးပါတယ်။ ရန်ကုန်မှာက ကျွန်တော့်အိမ်မှာပဲ ဆရာကြီးများကို ပင့်ဖိတ်ပြီး ကန်တော့ပါတယ်။ မန္တလေးမှာ တော့ ဓမ္မဗိမာန်မှာ စုဝေးကြပြီး ဆရာကြီးများက အကန်တော့ခံပါတယ်။ ဘယ်သူတွေပါကြတယ်ဆိုတာ ကိုတော့ ဟိုစဉ်ကပဲ စန္ဒာမဂ္ဂဇင်းမှာ သခင်တင်ဦးက ဆောင်းပါးရေးပြီး ဖြစ်ခဲ့ပါတယ်။ ကျွန်တော့် အခု ဆောင်းပါးဟာ ဦးလေးလှတို့ ဒေါ်ဒေါ်တို့နဲ့ ဘယ်လိုစတင်ပြီး ခင်မင်သိကျွမ်းခဲ့ရတယ်

www.myanmarcupid.net

ဆိုတာကို ဖော်ပြတာဖြစ်လို့ ကျွန်တော့် ကန်တော့ပွဲ အကြောင်းကို အကျယ်ချဲ့ရေးဖို့ မလိုဘူးလို့ပဲ ထင်ပါတယ်။ ဦးလေးလှနဲ့ စာရေး ဆရာကန်တော့ပွဲကျမှပဲ မြင်ဖူး တွေ့ဖူး သိကျွမ်းဖူးတယ်လို့ပဲ ဆိုချင်တာပါ။

သခင်တင်ဦးနဲ့ တိုင်ပင်ပြီး ကန်တော့တဲ့ စာရေးဆရာတွေ စာရင်းပြုစုကြရာမှာ ကျွန်တော်က စာပေ ဂုဏ်အင်္ဂါအရ ပြည့်ဝတဲ့ ဆရာကြီးများကို ပင့်ဖိတ်ဖို့ ပြောပါတယ်။ ဒါကလဲဒီလိုပါ။ မြန်မာတယောက်အနေ နဲ့က ကြီးသူကို ငယ်သူက ဂါရဝပြုမြဲပါ။ ဗုဒ္ဓဘာသာဝင်အနေနဲ့ဆိုယင် ဝါလကင်းလွတ်တာနဲ့ သက်ကြီးဝါကြီး များကို ကန်တော့ နေကျပါ။ ကျွန်တော်က စာရေးတဲ့သက်ကြီးများကို သီးသန့်ပင့်ဖိတ် ကန်တော့ခြင်းဖြစ်တော့ ဂုဏဝုဍ္ဍိ ဝယဝုဍ္ဍိ စာပေအရာအားဖြင့်လဲ ကန်တော့ထိုက်သောသူ ဖြစ်ရမယ်လို့ တွေးပါတယ်။ ဟိုစဉ်က ကန်တော့ပွဲမှာ ကျွန်တော် ကန်တော့ချင်တဲ့ စာရေးဆရာများ အကုန်အစင် ပါဝင်တယ်လို့ မဆိုလိုပါဘူး။ တချို့ လဲ မကျန်းမာလို့၊ တချို့လဲခရီးဝေး ရောက်နေကြလို့ မလာနိုင်ကြတာ ရှိပါတယ်။ လာဖြစ်တဲ့ အထဲမှာ ဦးလေးလှတို့၊ ဒေါ်ဒေါ်တို့ပါလို့ ကျွန်တော် ကန်တော့ခွင့်ရခဲ့ပါတယ်။

www.myanmarcupid.net

ကန်တော့ပွဲမှာ ဝိုင်းဝန်းပြီး ဆုံးမစကား ဩဝါဒများ ပြောတဲ့အခါမှာ ဦးလေးလှကလဲ ကျွန်တော့ကို စကားတခွန်းပြောပါတယ်။ စန္ဒာမဂ္ဂဇင်း အမြဲရှင်သန်နေတာကို မြင်ချင်ပါသတဲ့။ ခုထက်ထိ စန္ဒာကို ကျွန်တော် ထုတ်ဝေဆဲမို့ ဦးလေးလှရဲ့ဆန္ဒ ပြည့်ဝတယ်လို့ ခေါ်ရပါမယ်။ စန္ဒာမှာ ဦးလေးလှတို့ ဒေါ်ဒေါ်တို့ စာပေ အင်အားနဲ့ ထောက်ကူ ပေးကြတာဟာ အများအပြားပါပဲ။ ဒုတိယအကြိမ် ဦးလေးလှတို့ ဒေါ်ဒေါ်တို့နဲ့ ထိတွေ့ရ တာကတော့ ရန်ကုန်ရောက်တုန်းအခိုက်မှာ ကျွန်တော်က သွားတွေ့တော့ ဦးလေးလှတို့ စာကို စကားပြောသလို ရေးတာအပေါ် ကျွန်တော်ဘယ်လိုသဘောရသလဲလို့ ဦးလေးလှက မေးတယ်။ ဒေါ်ဒေါ်ကလဲ ရွှေတလေး(ခေါ်) ကာတွန်းဦးဘကလေး အကြောင်း ရေးထားတဲ့စာအုပ်တအုပ်ပေးယင်း ကျွန်တော့် ထင်မြင်ချက်ကို တောင်းတယ်။

ကျွန်တော်ဟာ မဂ္ဂဇင်းတစောင် တည်ထောင်ပြီး တည်းဖြတ် ထုတ်ဝေနေသူ တယောက်တော့ ဖြစ်ပါတယ်။ ဆယ့်လေးငါးနှစ်သား ကတည်းက စာရေးလာပြီး ကိုယ့်အထွာ နဲ့ ကိုယ်တော့ ကိုယ့်အင်အားကလေးနဲ့ ကိုယ် ခုထိ ရေးဆဲ သားဆဲ ဖြစ်ပါတယ်။ ဒါပေမယ့် စာပေဟာန်၊ စာပေ စနစ်သစ်တို့နဲ့ ပတ်သက်လို့ကတော့ သုံးသပ်ဖို့ဟာ

www.myanmarcupid.net

မရဲသေးဘူး။ လူကြီးတွေခွင့်ပေးတဲ့တိုင်အောင် ကိုယ်က မကျူးလွန်ရဲဘူး။ အဲဒီတော့ ကိုယ့်ဉာဏ် သွားသမျှ စမ်းသပ်ချက်တရပ်ကို လုပ်ကြည့်တယ်။ အဲဒါကတော့ ဒေါ်ဒေါ်ရေးတဲ့ ဦးဘကလေးအထုပ္ပတ္တိထဲက ဦးဘကလေးဟာ 'ဝေလွင်လွင်' ဇာတ်ကားကို ပင်လယ်ပိုင်းမှာ ဘယ်လိုသွားပြီး ရိုက်ကူးတယ်ဆိုတဲ့ အကြောင်း ကို ဒေါ်ဒေါ်ရေးထား တဲ့အတိုင်း တသွေမတိမ်း ဖတ်ပြခြင်းပါပဲ။ ဖတ်ပြတယ် ဆိုတာကလဲ အသံဖမ်းစက် ရှေ့မှာ ပဲပေါ့။ တိပ်ကြိုးခွေထဲ အသံသွင်းထည့်လိုက်တာပါပဲ။ ဒေါ်ဒေါ်ရဲ့ ဝေလွင်လွင် ဆောင်းပါးက ဖတ်လို့ ပြောလို့ ကောင်းတယ်။ ဌာန်ရော၊ မာန်ရော၊ ဟန်ပန်ရောပါ အပြည့်ထည့်လို့ရတယ်။ 'ကျောက်ကလပ် လျှောက်ပတ် ပါတဲ့အဏ္ဏဝါ'စတဲ့ ဆရာဟန်ရဲ့ ကဗျာလင်္ကာတွေလဲ ကြားညှပ်ပါတယ်။ အဲဒီတော့ သိပ်ပြီးရွတ်လို့ ကောင်းတာပေါ့။ ကောင်းပေမယ့် ကျွန်တော်ဟာ သံနေသံထားကလွဲလို့ ကျန်တာကိုယ့်ဟာတွေ ဘာမှ ရောမထည့်ဘူး၊ ဒေါ်ဒေါ့် စာသားအတိုင်း (စကားပြောသလိုရေးလို့ စကားသားလို့ပြောရမလား)၊ အဲဒီအတိုင်း အသံသွင်းလိုက် တယ်ဆိုတော့ နားထောင်တဲ့သူများ အရသာတမျိုးခံစားရအောင်တော့ နောက်ခံ တီးလုံးကလေး နည်းနည်းပါးပါး ရောစပ် ပေးလိုက်တာပေါ့။

www.myanmarcupid.net

အဲဒီတိပ်ခွေကို ဦးလေးလှတို့ ဒေါ်ဒေါ်တို့ မန္တလေးအပြန်မှာ ထည့်ပေးလိုက်တယ်။ ဦးလေးလှတို့ နီးစပ်ရာ ဖွင့်ပြပြီး အကြံဉာဏ်ယူပါလို့ပဲ ကျွန်တော် ပြောလိုက်တယ်။

ကျွန်တော်က မန္တလေးကို မကြာမကြာ ရောက်သူဖြစ်တယ်။ ဦးလေးလှတို့နဲ့ အသိအကျွမ်းဖြစ်လာ တော့လဲ ဦးလေးလှတို့ရဲ့ အိမ်ကို မန္တလေးရောက်တိုင်းလိုလို ဝင်ဖြစ်လာတယ်။ နောက်တခါ ဝင်တဲ့အခါမှာ ဦးလေးလှက "မောင်ဝင်းဦးလုပ်ပေးလိုက်တာ အတော့်ကို အောင်မြင်ပါတယ်၊ ဦးလေးတို့ခရီးသွားတဲ့အခါယူသွားပြီး ဟောပြောတဲ့နေရာတွေမှာ၊ မိတ်ဆွေတွေ ဝိုင်းဖွဲ့တဲ့နေရာတွေမှာ ဖွင့်ပြတယ်။ ကောင်းကောင်း လက်ခံကြတယ်" လို့ ပြောတယ်။ ဒေါ်ဒေါ်ကတော့ သူ့ထုံးစံအတိုင်း ပြုံးပြုံးပါပဲ။ ဒါက ဦးလေးလှတို့ဒေါ်ဒေါ်တို့နဲ့ပတ်သက်လို့ ကျွန်တော်ခင်မင်ခွင့် ရခဲ့ရာမှာ ဘဝင်စူးငြိတဲ့ ဆက်စပ်မှု ကလေးများပါပဲ။

နောက်တခုကတော့ ကျွန်တော့် ရုပ်ရှင်ရိုက်ကူးမှုနဲ့ ပတ်သက်လို့ပဲ။ ဦးလေးလှနဲ့ စကားစပ်မိတော့ တခါက ဦးလေးလှရဲ့ ဇာတ်လိုက် ချစ်သဲအဖြစ် ကျွန်တော်သရုပ်ဆောင် ခွင့်ရလုနီးနီး ဖြစ်ခဲ့ပုံကို ပြောပြမိတယ်။ ညွန့်မြန်မာရုပ်ရှင်က အဲဒီချစ်သဲအသွင်ကို ကျွန်တော်သရုပ်ဆောင်ယင် ထူးခြားမယ်လို့ ထင်ခဲ့တယ်။ နောက်တော့လဲ



www.myanmarcupid.net

အကြောင်းမညီညွတ်လို့ မဖြစ်မြောက်ခဲ့ဘူးပေါ့။ အဲဒါကို သိရတော့ ဦးလေးလှက ဒီလိုသဘော မျိုးတွေ ကမ္ဘာအနှံ့ရော၊ ကိုယ့်တိုင်းပြည်အနှံ့မှာရော ဖြစ်နေတတ်တာပါပဲတဲ့။ မောင်ဝင်းဦးလဲ စာရေးဆရာ တယောက်ပဲ ကိုယ့်ဟာကိုယ် အဲသလို ဇာတ်လမ်းတွေ ဖန်တီးပြီး ရိုက်နိုင်ယင် ရိုက်ပါတဲ့။ ဒါနဲ့ပဲ 'အတွယ်အတာ' ဆိုတဲ့ လူဆိုး သူခိုး လူသတ်သမား ဇာတ်ကားတခုကို ရိုက်ဖြစ်ခဲ့ပါတယ်။

အတွယ်အတာကို ရိုက်တဲ့အခါမှာ မုသာဝါဒနဲ့ ပတ်သက်လို့ ကိုယ်သိချင်တာတွေ အမရပူရက ဆရာတော် အရှင်ဇနကာဘိဝံသထံမှာ ကျွန်တော် လျှောက်ထား မေးမြန်းခဲ့ဖူးတယ်။ ဆရာတော်က ကျွန်တော် လိုအပ်တာကို ဟောပြောပို့ချပြီးတဲ့နောက် ကျွန်တော်သတင်းစာထဲမှာ ကြော်ငြာတဲ့ ကြော်ငြာတခုနဲ့ ပတ်သက် လို့ သြဝါဒစကားတခု မိန့်ကြားတယ်။ ကျွန်တော်က ဘယ်လိုကြော်ငြာသလဲဆိုတော့ ကျွန်တော့်ကို မန်းသင်္ကြန်မှာစောင့်ရှောက်ကြတဲ့ မိဘပြည်သူ ရဟန်းရှင်လူများကို ကျေးဇူးအနန္တနဲ့ ရှိခိုးပါတယ်ပေါ့။ ဒါကိုဆရာတော်က ဘုန်းကြီးတွေ လူမှုကိစ္စမှာ ပါဝင်အောင် ရေလာမြောင်းပေး မလုပ်စေချင်ဘူးတဲ့။ တကာဝင်းဦးက ဘုန်းကြီး တွေကို ကြည်ညိုတာ ကြည်ညိုပါ။ လူတို့ကိစ္စမှာ ပါဝင်အောင်တော့ မဆွဲဆောင်ပါနဲ့လို့ အမိန့်ရှိပါတယ်။ ဒါကို

www.myanmarcupid.net

ကြုံကြိုက်လို့ ဦးလေးလှကို ပြောပြတဲ့အခါမှာ ဆရာတော်ရဲ့ အပြောမှာ ဘဝင်ကျ လှကြောင်း ပြောတယ်။ ကျွန်တော့်ဇာတ်ကားကိုလည်း မန္တလေးမှာ ပြတဲ့အခါ ကြည့်ချင်သတဲ့။ ကျွန်တော်က ကိုယ်စားလှယ်နဲ့တော့ စီစဉ်ခဲ့တာပဲ။ ဦးလေးတို့ ဒေါ်ဒေါ်တို့ ကြည့်ဖြစ် မကြည့်ဖြစ်ကိုတော့ ခုထိ မသိရဘူး။

ဦးလေးလှကစာပေနယ်က မည်သူနဲ့တွေ့တွေ့၊ ထိုသူရဲ့ စာပေအကြောင်း မေးတယ်၊ သူဖတ်ထားတာ ဆိုယင်လဲ အရသာ ရှိရှိနဲ့ သုံးသပ်ပြတယ်။ သူရေးတဲ့စာတွေကိုလဲ ဘယ်သူပဲဖြစ်ဖြစ် ဝေဖန်သုံးသပ်တာကို လိုလားတယ်၊ သူက အရက်သမားအမှားတထောင်ဆိုတဲ့ စာအုပ်ကိုရေးတော့ ကျွန်တော်က ဒီခေတ်မှာ ဘိန်းဖြူ သမားတွေ အများကြီး ရှိနေပြီ။ ဦးလေးလှ အဲဒါကို သုံးသပ်ကြည့်သင့်ပြီလို့ပြောတယ်။ ဦးလေးလှက သူသတိထားမိပြီး ပါပြီတဲ့။ အကွက်စေ့စေ့လေ့လာရဦးမတဲ့။ပြည့်စုံတဲ့အခါကျတော့ ရေးမှာပါလို့ပြောတယ်။ တကယ်ပါ ဦးလေးလှရဲ့ ဘိန်းဖြူ သမားအမှားကမ္ဘာ စာအုပ်ဟာ ယနေ့ထိ ကျွန်တော်တို့ တိုင်းပြည်မှာ အချက်အလက် အစုံလင်ဆုံး ဖြစ်ပါတယ်။ အဲဒီနောက်တော့ ဦးလေးလှတို့ဆီ သိပ်မရောက်ဖြစ်တော့ဘူး။

www.myanmarcupid.net

စာပေဝိုင်းကလေးတွေတော့ မန္တလေးမှာ လုပ်နေကြလေရဲ့။ မောင်ဝင်းဦး စိတ်ဝင်စားယင် ဝင်ခဲ့ပေါ့လို့ ပြောပေမယ့် မရောက်ဖြစ်တော့ဘူး။ ကိုယ့်ဘဝ ခိုင်ကျည်ဖို့အတွက် တိုက်ခတ် လာတဲ့ မုန်တိုင်းတွေကို ကျွန်တော့် မှာကြံ့ကြံ့ခံနိုင်အောင် ကြိုးပမ်းနေရလို့ပဲကိုး။

ဟော ဦးလေးလှ ဆုံးပြီလို့ကြားတော့ တယ်လီဖုံးတော့ ဆက်ပါရဲ့။ ဒေါ်ဒေါ်မှာ ကိုယ်တိုင်ဖုံးမကိုင်နိုင် ရှာဘူး။ တခြားဧည့်သည်များကို ဧည့်ခံရမှာလဲရှိ၊ ဈာပနအတွက် စီမံစရာတွေကလဲရှိပေသကိုး။ မဂ္ဂဇင်းတွေက ဝမ်းနည်းကြောင်း အသီးသီးဖုံးဆက်တဲ့အထဲ စန္ဒာကလဲ ဆက်ပါတယ်လို့ အမှာစကားဆင့်လိုက်ရပါတယ်။ နောက်တော့ လူကိုယ်တိုင် ရောက်တော့မှပဲ ဒေါ်ဒေါ့်ကို ဝမ်းနည်းစကား ကိုယ်တိုင် ပြောလိုက်နိုင်ပါတယ်။

ခုဒီဆောင်းပါးကလေး ကျွန်တော်ရေးနေတဲ့ အချိန်အခါဟာ သီတင်းကျွတ်၊ တန်ဆောင်တိုင်ဆီမီးတွေ မြိုင်ပြီးစ အခါပဲဖြစ်တယ်။ သီတင်းကျွတ်၊ တန်ဆောင်တိုင်ရဲ့ အငွေ့အသက်တွေ မကုန်သေးဘူး။ ဒီလိုအခါမျိုး မှာ ဒီဆောင်းပါးကလေးရေးဖြစ်တာ သိပ်ဝမ်းသာတယ်။ ဟိုတုန်းက ဦးလေးလှကို အသက်ရှင်စဉ်က လက်နဲ့ ကန်တော့ခဲ့ရတာ၊ အခုတခါ ဦးလေးလှဘဝတပါး ပြောင်းသွားပြီးမှ မိမိရဲ့စာနဲ့

www.myanmarcupid.net

ကန်တော့ရတာ။ လူလူချင်း မာန်လျှော့ပြီး ကန်တော့တာဟာ ကောင်းမြတ်တယ်လို့ဆိုပါတယ်။ စာရေးသူအချင်းချင်း ကန်တော့ရ တာဟာလဲ ကောင်းမြတ်တာပဲမဟုတ်လား။ ဦးလေးလှက စာရေးဆရာဆိုတော့ စာရေးဆရာတွေ ကန်တော့တာ ခံထိုက်တဲ့ အရည်အချင်းတွေရှိလို့ပေါ့။ စာပေအကျိုး သယ်ပိုးခဲ့သူဖြစ်လို့ပေပဲပေါ့။ သူရေးတဲ့စာတွေ ဟာ စာပေဂုဏ် မြောက်ခဲ့လို့ပေပဲပေါ့။

ကျွန်တော့်ကိုလဲ ရပ်ထဲရွာထဲက တပည့်တပန်းတွေက လာလာပြီး ကန်တော့ကျင့်ရှိလာကြပြီ၊ အသက် အရွယ်ကလဲ ရောက်လာပြီကိုး။ ဒါပေမယ့် စာရေးဆရာတယောက်အနေနဲ့ စာရေးသူ တွေကလာပြီး ကန်တော့ရလောက်အောင် အခြေတော့ မရောက်သေးဘူး။ ဘယ်တော့မှ ရောက်မယ်လို့လဲ ကိုယ့်ဟာကိုယ် မခန့်မှန်းတတ်ဘူး။ ဒါက ကိုယ့်လုပ်ရပ်ပေါ်မှာ တည်ပါလိမ့်မယ်၊ လုပ်ရပ်ဆိုတာ ဘာလဲ၊ စာရေးတာပဲဖြစ်တယ်။

စာရေးတဲ့သူကို တခြားစာရေးတဲ့သူက ဘာကြောင့် ကန်တော့တယ် ဆိုတာကိုတော့ ဦးလေးလှကြောင့် အခု ကျွန်တော်သိလာပါပြီလို့ ဆိုပါရစေ။

ဝင်းဦး

၁၃၄၅ ခု၊ တန်ဆောင်မုန်းလဆုတ် (၃)ရက်။

www.myanmarcupid.net



# ဦးလေးရဲ့ ပုံပြင်များ

ကျော်အောနိုင်

*“ပုံပြင်ဆိုတာ ငယ်လဲ ငယ်တဲ့အလျောက် ခံစားနိုင်တယ်၊ ကြီးလဲ ကြီးတဲ့အလျောက် ခံစားနိုင်တယ်။ ခံစားချက်ချင်း မတူတဲ့အထဲက အရွယ်နဲ့အပ်စပ်ရာ ‘အသိ’ တခုခုကို ပုံပြင်က ပေးနိုင်တယ်။ ပုံပြင်ဆိုတာ လူမျိုး တမျိုးရဲ့ ယဉ်ကျေးမှု အစဉ်အလာပဲ”*

www.myanmarcupid.net

-၁-

နိုင်ငံတကာ တက္ကသိုလ်တွေ၊ အင်စတီကျူတွေ တော်တော်များများမှာ ရိုးရာယဉ်ကျေးမှု မဟာဌာနကြီး တွေ ဖွင့်လှစ်သင်ကြားနေကြပါတယ်။ အဲဒီထဲမှာ ရိုးရာပုံပြင်နဲ့ပတ်သက်တဲ့ Folklore ပညာလည်း ပါတာပေါ့၊ Folkatrs ရိုးရာအနုပညာလဲ ပါတာပေါ့။ ပါမောက္ခတွေ၊ ပါရဂူတွေ အဆင့်အထိထားပြီး တခုတ်တရကို လေ့လာ သုတေသနပြုနေကြတာတွေကို ကုလသမဂ္ဂ ယူနက်စကိုစာစောင် တွေမှာကနေ့ အများအပြား တွေ့နေရပါတယ်။ တချို့နိုင်ငံတွေက ဖောင်ဒေးရှင်းခေါ်တဲ့ ငွေကြေးရံပုံငွေတွေ စုဆောင်းထားပြီး သုတေသနလုပ်ငန်းတွေ လုပ်ရာ မှာ ရိုးရာ ပုံပြင်တွေစုဆောင်းတဲ့ သုတေသီတွေကို ထောက်ပံ့ကြေးပေးပြီး စုခိုင်း ရှာခိုင်း၊ ရေးခိုင်းနဲ့ အရေးပေး ဆောင်ရွက်နေတာတွေလဲ တွေ့နေရပါတယ်။ တလောကပဲ ဂျပန်ပြည် နစ်ဆန်းဖောင်ဒေးရှင်းက ဂျပန်လူမျိုးတွေရဲ့ ရိုးရာပုံပြင် တွေကို သုတေသန လုပ်ကြဖို့ ထောက်ပံ့ကြေး ရံပုံငွေတရပ် ဖွင့်ထားလိုက်ပြီဆိုတာ ဖတ်ရှုရတယ်။ ရိုးရာပုံပြင် ပညာရှင်တွေကိုလဲ ကမ်းလှမ်းဖိတ်ခေါ်နေပါတယ်။

ဒီနေ့ ကမ္ဘာမှာရှိတဲ့ လူမျိုးတိုင်း၊ နိုင်ငံတိုင်းဟာ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံရဲ့ ရိုးရာအမွေအနှစ် ပုံပြင်တွေ စုပြီး အဲဒီပုံပြင်

www.myanmarcupid.net

ထဲကရတဲ့အသိနဲ့ ယဉ်ကျေးမှုခိုင်မာအောင် ထူထောင်နေကြပါပြီ။ တကယ်တော့ ရိုးရာပုံပြင်တွေ ဆိုတာဟာ နိုင်ငံတနိုင်ငံ၊ လူမျိုးတမျိုးရဲ့ သမိုင်းလို၊ မနုဿဗေဒ အမြင်လို၊ ယဉ်ကျေးမှုလို အရေးပါတဲ့ အခန်း မှာ ရှိနေတယ်ဆိုတာ ဘယ်သူမှ ငြင်းလို့မရပါဘူး။ ဒီနေ့လို တက္ကသိုလ်တွေက ဌာနတွေဖွင့်လို့၊ ဖောင်ဒေးရှင်း တွေက ထောက်ပံ့ကြေးတွေ ပေးလို့၊ ရိုးရာပုံပြင် သုတေသန မလုပ်ခင် ဆယ်စုနှစ်တစု နှစ်စု စောပြီး မြန်မာပြည်မှာ သုတေသီ တယောက်တည်းက ကိုယ့်စရိတ်ကိုယ်စား၊ ကိုယ့်လမ်း ကိုယ်ထွင်ပြီး ရှာဖွေထုတ်နုတ် သုတေ သနလုပ်သွားခဲ့ဖူးပါတယ်။ အများသိကြတဲ့ 'သူ'က ကျွန်တော်တို့က ဦးလေးလို့ခေါ်တဲ့ လူထုဦးလှ ပါပဲ။

-၂-

လူထုဦးလှရဲ့ စာကို သုတေသီပညာရှင်တွေက လေ့လာကြပေမယ့် သူရဲ့ ပုံပြင်တွေကိုတော့ တခါတခါ သတိမထားမိ ဖြစ်ရတယ်။ လူထုဦးလှရဲ့ စာပေအတ္ထုပ္ပတ္တိဟာ သံမဏိသက်ရှည်လှပါတယ်။ အသက် ၂၃နှစ် အရွယ်မှာ ကြီးပွားရေးမဂ္ဂဇင်းကို ဦးစီးနေပါပြီ။ နောက် ၁၂နှစ် အကြာ ၁၉၄၅ ခုနှစ်မှာ လူထုဂျာနယ်၊ ၁၉၄၆ ခုနှစ်မှာ လူထုသတင်းစာကို တည်ထောင် ထုတ်ဝေခဲ့ပါတယ်။

www.myanmarcupid.net

ကြီးပွားရေး မဂ္ဂဇင်းကို စထုတ်လို့ ကြီးပွားရေး ဦးလှလို့တွင်ရာကနေ 'လူထု' ကိုဖော်ထုတ်လိုက်တော့ 'လူထုဦးလှ' ဖြစ်လာရတယ်။ နောက်တော့ လူထုနဲ့ အမည်ရင်းဟာ ခွဲမရပဲ တွဲပြီး 'လူထုဦးလှ'လို့ လူသိများလာခဲ့ပါတော့တယ်။ လူထုဦးလှရေးခဲ့တဲ့ စာရေးသက် ၅၀ မှာ စာအမယ်စုံ အပုဒ် ၄၀၀ ကျော်ကို ရေးနိုင်ခဲ့တဲ့အပြင် လုံးချင်းစာအုပ် ၅၀ လောက်လဲ ရေးထုတ်နိုင်ခဲ့ပါတယ်။ ဒိလောက် ရေးအားကောင်းတဲ့အထဲမှာ ရိုးရာပုံပြင် စုဆောင်းဖော်ထုတ်ရေး အစီအစဉ်မပါသေးဘူး။ ပုံပြင်စာအုပ်၄၈အုပ် ကိုပါ ပေါင်းထည့် လိုက်ယင်တော့ လူထုဦးလှရဲ့စာဟာ အံ့သြစရာ ကောင်းလောက်အောင် များတာ တွေ့ရပါမယ်။ ဒီစာတမ်းမှာ ကျွန်တော် ပြောချင်တာက ရိုးရာပုံပြင်တွေအကြောင်းဖြစ်တော့ တခြားစာတွေကို ခဏထားပြီး 'ရိုးရာပုံပြင်'တွေ အကြောင်းသီးခြား ပြောရအောင်။ လူထုဦးလှဟာ ၁၉၆၂ ခုနှစ်က စပြီး ပုံပြင် စာအုပ်ပေါင်း ၄၈ အုပ် ထုတ်ခဲ့ပါတယ်။ အားလုံး မန္တလေး ကြီးပွားရေးပုံနှိပ်တိုက်ကချည်းပါပဲ။ အဲဒီ ၄၈ အုပ် မှာ ခေါ်မပုံပြင်ရယ်၊ ဟိန္ဒူပုံပြင် နှစ်တွဲရယ်နဲ့ အပြည်ပြည်မှ ပုံပြင်များရယ် ၅အုပ်ကို ဖယ်လိုက်ယင် ရိုးရာပုံပြင်စာအုပ်က ၁၉၆၂ခုနှစ်က၁၉၇၇ ထိမှာ ၄၃အုပ်ရှိပါတယ်။ ဒီ၄၃အုပ်ကို



www.myanmarcupid.net

'ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ၏ ပုံပြင်များ' လို့ စာစဉ်နံမယ် တပ်ပြီး ရိုးရာပုံပြင် စာအုပ်တွေကို ၁၉၆၂ ခုနှစ်က စထုတ်ဝေခဲ့ပါ တယ်။

လူထုဦးလှဟာ ဒီရိုးရာပုံပြင် စုဆောင်းရေးလုပ်ငန်းကို စိတ်ဝင်စားတကြီး လုပ်ခဲ့ပါတယ်။ စီမံကိန်း ချပြီး ကိုယ့်စားရိတ်ကိုယ် အကုန်အကျခံပြီး နယ်စုံလှည့် ရှာဖွေစုဆောင်းပါတယ်။ အောင်မြင်တဲ့ သတင်းစာ သမားပီပီ သတင်းစုံစမ်းသလို ပုံပြင်တွေကိုလည်း တတ်နိုင်သမျှ စုံစမ်းရှာဖွေပါတယ်။ သူ့ရဲ့ အပင်ပန်းခံမှု၊ ဇွဲ ကြီးမှု၊ အကုန်အကျခံနိုင်မှုတွေကြောင့်လဲ ဒီပုံပြင် ၄၃အုပ်ကို ကျွန်တော်တို့ ဝမ်းပန်းတသာဖတ်နိုင်ခဲ့တာပေါ့။ ဒါ့ကြောင့်လဲ ဒီနေ့မှ ကမ္ဘာ့နိုင်ငံတွေမှာ လှုပ်ရှားစပြုတဲ့ ပညာနယ်ပယ်သစ်ကို လူထုဦးလှ တယောက်တည်း နှစ်အတော်တော်စောစောကတည်းက လုပ်နေထုတ်နေ ခဲ့တယ်လို့ ကျွန်တော်ပြောတာပါ။

—၃—

နောင် လူထုဦးလှရဲ့ စာတွေကို လေ့လာမယ့်သူတွေ အလွယ်တကူ သိရအောင် ဒီရိုးရာပုံပြင်စာအုပ် ၄၃အုပ်ကို စာရင်း လုပ်ပြချင် ပါတယ်။ ဒီစာရင်းကို ပြည်ထောင်စု



www.myanmarcupid.net

တိုင်းရင်းသား လူမျိုးများ၏ ပုံပြင်များ စာစဥ် နံပါတ်အလိုက် ဖော်ပြမှာ ဖြစ်တယ်။

စာစဥ်

၁။ ကရင်ပုံပြင်များ ၁၉၆၂ ခုနှစ် (ဒုကြိမ် ၁၉၆၄)

၂။ ရခိုင်ကျေးလက်ပုံပြင်များ ၁၉၆၃ ခုနှစ် (ဒုကြိမ် ၁၉၆၅)

၃။ ကရင်ပုံပြင်များ ၂ ၁၉၆၃ (ဒုကြိမ် ၁၉၆၅)

၄။ ကရင်ပုံပြင်များ ၃ ၁၉၆၄ ခုနှစ်

၅။ မွန်ပုံပြင်များ ၁၉၆၄ ခုနှစ် (ဒုကြိမ် ၁၉၆၅)

၆။ မွန်ပုံပြင်များ ၂ ၁၉၆၄ ခုနှစ်

၇။ ရခိုင်ပုံပြင်များ ၂ ၁၉၆၄ ခုနှစ်

၈။ ကချင်ပုံပြင်များ ၁၉၆၄ ခုနှစ် (ဒုကြိမ် ၁၉၆၅)

၉။ ရှမ်းပုံပြင်များ ၁၉၆၄ ခုနှစ် (ဒုကြိမ် ၁၉၆၅)

၁၀။ အညာကျေးလက်ပုံပြင်များ ၁၉၆၅ ခုနှစ် (ဒုကြိမ် ၁၉၆၆)

၁၁။ ချင်းပုံပြင်များ ၁၉၆၅ ခုနှစ်

၁၂။ မြန်မာပုံပြင်များ ၁၉၆၅ ခုနှစ်

၁၃။ ပလောင်ပုံပြင်များ ၁ ၁၉၆၅ ခုနှစ်

၁၄။ ကျောင်းကန်အနီးမှ မြန်မာပုံပြင်များ ၁၉၆၅ ခုနှစ်

၁၅။ လူရှေ့ပုံပြင်များ ၁၉၆၆ ခုနှစ်

၁၆။ ချင်းပုံပြင်များ ၂ ၁၉၆၆ ခုနှစ်

၁၇။ ပလောင်ပုံပြင်များ ၂ ၁၉၆၆ ခုနှစ်

www.myanmarcupid.net

၁၈။ ရခိုင်ပုံပြင်များ ၃ ၁၉၆၆ ခုနှစ်

၁၉။ ဆွမ်မရာနာဂပုံပြင်များ ၁၉၆၆ ခုနှစ်

၂၀။ ကရင်ပုံပြင်များ ၄ ၁၉၆၆ ခုနှစ်

၂၁။ ကရင်ပုံပြင်များ ၅ ၁၉၆၆ ခုနှစ်

၂၂။ အင်းလေးပုံပြင်များ ၁၉၆၆ ခုနှစ်

၂၃။ မြန်မာပုံပြင်များ ၃ ၁၉၆၆ ခုနှစ်

၂၄။ ကျောင်းကန်အနီးမှ မြန်မာပုံပြင်များ ၁၉၆၇ ခုနှစ်

၂၅။ မွန်ပုံပြင်များ ၃ ၁၉၆၇ ခုနှစ်

၂၆။ ပလောင်ပုံပြင်များ ၃ ၁၉၆၇ ခုနှစ်

၂၇။ တိုင်းခမ်းတီးပုံပြင်များ ၁၉၆၇ ခုနှစ်

၂၈။ တန်ခွန်နာဂပုံပြင်များ ၁၉၆၇ ခုနှစ်

၂၉။ အညာကျေးလက်ပုံပြင်များ ၂ ၁၉၆၇ ခုနှစ်

၃၀။ ကရင်ပုံပြင်များ ၆ ၁၉၆၈ ခုနှစ်

၃၁။ လီဆူးပုံပြင်များ ၁၉၆၈ ခုနှစ်

၃၂။ မွန်ပုံပြင်များ ၄ ၁၉၆၈ ခုနှစ်

ကျောင်းကန်အနီးမှ မြန်မာပုံပြင်များကို မြန်မာပုံပြင်များ၂ လို့ ယူပါ။

၃၃။ ရခိုင်ပုံပြင်များ ၄ ၁၉၆၈ ခုနှစ်

၃၄။ အရှေ့ပိုင်း ကရင်ခလောက်နို့ပုံပြင်များ ၁၉၆၈ ခုနှစ်

၃၅။ တောင်ရိုးပုံပြင်များ ၁၉၆၈ ခုနှစ်

www.myanmarcupid.net

၃၆။ မြန်မာပုံပြင်များ ၄ ၁၉၆၈ ခုနှစ်

၃၇။ ချင်းပုံပြင်များ ၃ ၁၉၆၉ ခုနှစ်

၃၈။ အင်းလေးပုံပြင်များ ၂ ၁၉၆၉ ခုနှစ်

၃၉။ ယောနယ်ရှေးတင်းများ ၁၉၆၉ ခုနှစ်

၄၀။ ရဝမ်ပုံပြင်များ ၁၉၇၀ ပြည့်နှစ်

၄၁။ လိုင်းနောင်နာဂ ပုံပြင်များ ၁၉၇၁ ခုနှစ်

၄၂။ ကချင်ပုံပြင်များ ၂ ၁၉၇၅ ခုနှစ်

၄၃။ ပအိုဝ့်ပုံပြင်များ ၁၉၇၇ ခုနှစ်

ဒီပုံပြင်စာအုပ် ၄၃အုပ်က ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ ပုံပြင်များ စာစဉ်ဝင် ပုံပြင်တွေဖြစ်တယ်။ တခြားပြည်ပပုံပြင်တွေ စုဆောင်းထုတ်ဝေတာလဲ ရှိတယ်။ အဲဒါတွေက....

၁။ ခေါမပုံပြင်များ ၁၉၆၂ ခုနှစ်

၂။ အပြည်ပြည်မှ ပုံပြင်များ ၁၉၆၂ ခုနှစ်

၃။ ဟိန္ဒူပုံပြင်များ ၁ ၁၉၆၇ ခုနှစ်

၄။ ဟိန္ဒူပုံပြင်များ ၂ ၁၉၇၀ ခုနှစ်

၅။ အီတလီ ပုံပြင်များ ၁၉၈၀ ရှုလိုင်

တို့ ဖြစ်တယ်။ စုစုပေါင်း ပုံပြင်ပုဒ်ရေ ၂၇၅ ပုဒ် ဖြစ်တယ်။

www.myanmarcupid.net

လူထုဦးလှဟာ ၁၉၆၂ ခုနှစ်ကနေ ၁၉၇၇ ခုနှစ်အထိ ပုံပြင်ပေါင်း ၄၃ အုပ်ကို ထုတ်ရာမှာ စုစုပေါင်း ပုံပြင်ပုဒ်ရေ ၁၅၉၇ ပုဒ်ဖြစ်တယ်။ တိုင်းရင်းသားအလိုက် ခွဲကြည့်ယင်....

မြန်မာပုံပြင် ၇ အုပ်မှာ ပုံပြင်ပေါင်း ၄၃၅ ပုဒ်၊

ကချင်ပုံပြင် ၄ အုပ်မှာ ပုံပြင်ပေါင်း ၁၀၄ ပုဒ်၊

ကရင်ပုံပြင် ၇ အုပ်မှာ ပုံပြင်ပေါင်း ၁၈၀ ပုဒ်၊

ချင်းပုံပြင် ၄ အုပ်မှာ ပုံပြင်ပေါင်း ၁၄၇ ပုဒ်၊

ပလောင်ပုံပြင် ၃ အုပ်မှာ ပုံပြင်ပေါင်း ၁၀၄ ပုဒ်၊

ပအိုဝ့်ပုံပြင် ၁ အုပ်မှာ ပုံပြင်ပေါင်း ၅၇ ပုဒ်၊

မွန်ပုံပြင် ၄ အုပ်မှာ ပုံပြင်ပေါင်း ၁၂၅ ပုဒ်၊

ရခိုင်ပုံပြင် ၄ အုပ်မှာ ပုံပြင်ပေါင်း ၁၁၆ ပုဒ်၊

နာဂပုံပြင် ၄ အုပ်မှာ ပုံပြင်ပေါင်း ၁၁၆ ပုဒ်၊

ရှမ်းပုံပြင် ၁ အုပ်မှာ ပုံပြင်ပေါင်း ၂၃ ပုဒ်၊

တောင်ရိုးပုံပြင် ၁ အုပ်မှာ ပုံပြင်ပေါင်း ၇၂ ပုဒ်၊

ယောနယ်ပုံပြင် ၁ အုပ်မှာ ပုံပြင်ပေါင်း ၄၁ ပုဒ်၊

အင်းလေးပုံပြင် ၂ အုပ်မှာ ပုံပြင်ပေါင်း ၆၇ ပုဒ်။

ပေါင်းလိုက်တော့ ပုံပြင် ၄၃ အုပ်မှာ ပုံပြင်ပုဒ်ရေ ၁၅၉၇ ပုဒ် ရှိပါတယ်။ ဒီလောက်များပြားလှတဲ့ ပုံပြင် အရေအတွက်ကို လူထုဦးလှက စုံစမ်းရှာဖွေ တွေ့ရှိခဲ့တာမို့ ရိုးရာပုံပြင်

www.myanmarcupid.net

သုတေသီအဖြစ် ကျွန်တော်တို့ ကောင်းစွာ အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

အဖွဲ့နဲ့ အသင်းနဲ့ စီမံကိန်းနဲ့ ရံပုံငွေနဲ့ လုပ်ပိုင်ခွင့်နဲ့မှ လုပ်နိုင်မယ့် ဒီလို သုတေသနစီမံကိန်းမျိုးကို လူထုဦးလှဟာ တယောက်တည်း ကျားကုတ်ကျားခဲ အောင်မြင်အောင် လုပ်သွားနိုင်ခဲ့တာကိုပဲ အလွန်ကျေးဇူး များလှပါပြီ။ လူထုဦးလှဟာ ရိုးရာပုံပြင်တွေကို ဘယ့်ကလောက် စိတ်ဝင်စားသလဲဆိုယင် ၁၉၆၂ ခုနှစ် နိုဝင်ဘာ လ ၁၇ ရက်က ၂၁ ရက်ထိ ရန်ကုန် ကမ္ဘာအေးကုန်းမြင့်မှာ လုပ်တဲ့ စာပေညီလာခံမှာ 'လူမျိုးစုပုံပြင်နှင့် တေးကဗျာများ' ဆိုတဲ့ ခေါင်းစဉ်နဲ့စာတမ်းတစောင် ဖတ်ပါတယ် (ကရင်ပုံပြင် ၂၊ ၁၉၆၃ နောက်ဆက်တွဲကြည့်)။ လူမျိုးစုတွေရဲ့ ပုံပြင်တွေကို စုဆောင်းဖော်ထုတ်ပြီး ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့တွေရဲ့ ကောင်းမြတ်ချက်တွေကို ထိန်းသိမ်းကြဖို့ တိုက်တွန်းခဲ့ပါတယ်။ ဒါ့အပြင် ပုံပြင်နဲ့ပတ်သက်လို့ စာတမ်း ၂စောင် ဖတ်ခဲ့သေးတယ်၊ အဲဒီ ထဲက ကျွန်တော် မီလိုက်တာက ၁၉၇၀ ပြည့်နှစ် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ စီးပွားရေး တက္ကသိုလ်တွေမှာလုပ်တဲ့ မြန်မာနိုင်ငံ သုတေသနဆွေးနွေးပွဲမှာ လူမှုရေးသိပ္ပံ ပညာရပ်ဆိုင်ရာ၊ သုတေသနအဖွဲ့ အစီအစဉ် အရဖတ်တဲ့ 'တိုင်းရင်းသားပုံပြင်များ' စာတမ်း ဖြစ်ပါတယ်။

www.myanmarcupid.net

"ပုံပြင်ဆိုတာ ငယ်လဲ ငယ်တဲ့အလျောက် ခံစားနိုင်တယ်၊ ကြီးလဲ ကြီးတဲ့အလျောက် ခံစားနိုင်တယ်။ ခံစားချက်ချင်း မတူတဲ့အထဲက အရွယ်နဲ့အပ်စပ်ရာ 'အသိ' တခုခုကို ပုံပြင်က ပေးနိုင်တယ်။ ပုံပြင်ဆိုတာ လူမျိုး တမျိုးရဲ့ ယဉ်ကျေးမှု အစဉ်အလာပဲ" လို့ ဆွေးနွေးပွဲအပြီးမှာ ပြောနေတဲ့အသံကို အခုထိ ကြားမိနေဆဲပါ။ ဒီစာ တမ်းအပြင် နောက်တခုက (နောက်ဆုံးလို့ထင်တယ်) ပုံပြင်အရသာ စာတမ်းဖြစ်တယ်။

၁၉၇၅ခုနှစ် ဇူလိုင်လ ၅ ရက်နေ့က မန္တလေး ဘိုးဝဇီရ ခန်းမမှာ လုပ်ပြီး 'စနေစာပေဝိုင်း'မှာ ဖတ်တဲ့ 'ပုံပြင်အရသာ'စာတမ်းဖြစ်တယ်။ ဒီစာတမ်းကို ပြန်ဖတ်ကြည့်ယင် ပုံပြင်တခုက် ဘယ်လို အရသာယူ ဖတ်နိုင် တယ်ဆိုတာ သိရမှာပါပဲ။

တကယ်တော့ ပုံပြင်ဆိုတာ ကြီးကြီးငယ်ငယ် စိတ်ဝင်စားစရာပဲ။ ပုံပြင်ဟာ ကလေးသူငယ်တွေ အတွက်ပဲလို့ ပစ္စလက္ခတ် လွှတ်ထားယင် ရိုးရာယဉ်ကျေးမှု ပျောက်သွားမှာ သေချာပါတယ်။ တခြားပယောဂ တွေနဲ့ ဒွေးရောယှက်တင် ပေါင်းစပ်တဲ့ စပ်ပုံပြင်တွေ ဖြစ်လာမှာပေါ့။ အဲဒီ စပ်ပုံပြင်တွေကို ကလေးတွေရဲ့ အသိမှာ ထည့်ပေးလိုက်မိယင် ရိုးရာ ဆိုတဲ့ ယဉ်ကျေးမှု စရိုက်လက္ခဏာတွေပပျောက်ကုန်ပါလိမ့်မယ်။ အဲဒီ

www.myanmarcupid.net

အန္တရာယ်ကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ လူထုဦးလှဟာ တိုင်းရင်းသားတွေရဲ့ ရိုးရာပုံပြင် အစစ်အမှန်တွေကို မရမနေ ရှာဖွေစုဆောင်း မှတ်တမ်းတင် ထားလိုက်နိုင်ခဲ့ပါတယ်။

ပုံပြင်ဟာ ကလေးအတွက်ပဲဆိုပြီး လျစ်လျူရှု ထားမိယင် ကိုယ့်ယဉ်ကျေးမှု မဟုတ်တဲ့ စရိုက်တွေနဲ့ ဖွဲ့ထားတဲ့ ပြည်တွင်းဖြစ်နိုင်ငံခြားပုံပြင်တွေ လွှမ်းမိုးကုန်ပါလိမ့်မယ်။ လူထုဦးလှက တိုင်းရင်းသားတွေရဲ့ ရိုးရာ ပုံပြင်တွေကို စုစည်းပေးခဲ့ပါပြီ။ အဲဒီ စုစည်းပေးခဲ့တဲ့ ပုံပြင်တွေကို သုတေသီ ပညာရှင်တွေက ကဏ္ဍခွဲပြီး သုတေသန လုပ်သင့်ကြပါတယ်။ ပုံပြင်တွေထဲက ရတဲ့အသိတွေကို ခွဲခြမ်းစိတ်ဖြာ လေ့လာ သင့်ကြပါတယ်။

–၄–

ပုံပြင်ဆိုတာ အက္ခရာ မပေါ်ခင်ထဲက ရှိနှင့်ပြီးဖြစ်ပါတယ်။ အက္ခရာနဲ့၊ စာနဲ့ပေနဲ့မရှိခင် စကားပြော တတ်ချိန် ကာလလောက် ထဲကပေါ်ပြီးသား ရှိနေပါတယ်။ ဒါ့ကြောင့် ပုံပြင်ဟာ အက္ခရာမဲ့ ဘာသာစာပေ တရပ် လို့ ပြောမယ်ဆိုပြောနိုင်ပါတယ်။ အခုတော့ အဲဒီပုံပြင်တွေကို အက္ခရာနဲ့ စာနဲ့ပေနဲ့ မှတ်တမ်းတင်လာနိုင်ခဲ့ ပါပြီ။ နောက်ပြီး ယဉ်ကျေးမှု ပြန့်နှံ့တတ် အတုံ့အပြန် စီးဝင်တတ်တဲ့ သဘောကိုလည်း ပုံပြင်တွေမှာ တွေ့ရ ပါတယ်။ ဒါ့ကြောင့်

www.myanmarcupid.net

ပုံပြင်ဟာ ယဉ်ကျေးမှုသယ်ဆောင်တဲ့ ခရီးသယ်တွေလို့လဲ ပြောနိုင်ပါတယ်။ ဒါတွေကို သိလာကြတဲ့ နိုင်ငံတွေက ရိုးရာပုံပြင်တွေကို လေ့လာတဲ့ သုတေသနဌာနတွေ ဖွင့်လာကြတယ်။ ငွေနဲ့ကြေးနဲ့ အကူအညီပေးပြီး သုတေသန ပြုခိုင်းလာတယ်။ ပုံပြင်အတွက် ငွေကုန်ကြေးကျခံပြီး လေ့လာ လာကြတယ်။ လူထုဦးလှဟာ ဒါတွေကို ဆယ်စုနှစ် တစုနှစ်စုလောက်စောပြီး ကြိုမြင်ခဲ့တယ်လို့ ဆိုရပါမယ်။ ကိုယ်ပိုင်ငွေ အကုန် အကျခံပြီး စုဆောင်းပါတယ်။ စာအုပ်ထုတ်ပါတယ်။ အဲဒီအတွက် ဒီနေ့ ကျွန်တော်တို့ အချိန်ကုန်ခံပြီး သိပ်ရှာစရာ မလိုတော့ဘူး။ လူထုဦးလှမှာ ပုံမနှိပ်ရသေးပဲ ကျန်တဲ့ပုံပြင်တွေ ထပ်ထုတ်နိုင်ဖို့ ကြိုးပမ်းကြရ ပါဦးမယ်။ ပြောရယင် ကျွန်တော်သိသလောက် ရိုးရာ ပုံပြင်တော်တော်များများဟာ လူထုဦးလှ စုဆောင်း ထုတ်ဝေမှ စာနဲ့ ပေနဲ့ ဖြစ်လာတာပါ။

ဦးလေးက အင်္ဂလိပ်စာသင်ကြားတဲ့ ကျောင်းသား လူငယ်တွေကို အထောက်အကူ ဖြစ်စေတော့ဆိုတဲ့ စေတနာနဲ့ ပုံပြင်တွေကို အင်္ဂလိပ်လို ဘာသာပြန်ပြီးလဲ ထုတ်ဝေသေးတယ်၊ ကေဆိုတဲ့ ကလောင်နာမည်ခံ ဦးခင်ဇော် ဘာသာပြန်တဲ့–

1-Folk Tales of Burma (၁၉၇၉ဒီဇင်ဘာ) ပုံပြင်ပေါင်း ၃၅၊ ၂–မန်းတက္ကသိုလ် အင်္ဂလိပ်စာဌာနမှူး

www.myanmarcupid.net

ကက်သလင်းဖော့ဘ် ဘာသာပြန်ပြီး မြန်မာနဲ့ တွဲရက်ထုတ်တဲ့ ပတ္တမြားမင်းသားကတအုပ်၊ ပေါင်း ၂အုပ် ရှိပါတယ်။ ပတ္တမြားမင်းသားကို ၁၉၈၀ ဒီဇင်ဘာမှာ ထုတ်ဝေပြီး ပုံပြင်ပုဒ်ရေ ၂၁ပုဒ် ပါပါတယ်။

ဒီစာတမ်းမှာ ဦးလေးကို လူထုဦးလှ၊ လူထုဦးလှနဲ့ ရေးရတာ အဂါရဝဖြစ်မယ်ဆိုယင် ခွင့်လွှတ်ကြပါ။ ဦးလေးရဲ့ ကျေးဇူးတရားကို အောက်မေ့ယင်း၊ ဦးလေးရဲ့ 'လူထုဦးလှ' စွမ်းဆောင်ချက်တွေကို တသယင်း ထင်း ကနဲနေအောင် ရှင်းရှင်းပြချင်လို့ပါ။

ဒီစာတမ်းကိုရေးရာမှာ ပုံပြင်နဲ့ပတ်သက်လို့ လက်လှမ်းမီသမျှ စာရွက်စာတမ်းတွေ ဖတ်ခဲ့ပါတယ်။ ဒါပေမယ့် အများဆုံးယူသုံးမိတာက ရန်ကုန်တက္ကသိုလ် ဗဟိုစာကြည့်တိုက်က စာကြည့်တိုက်ဒီပလိုမာအတွက် တင်တဲ့ 'လူထုဦးလှ စာစုစာရင်း' ကျမ်းပါပဲ။ ဒါ့အတွက် အဲဒီကျမ်းရေးတဲ့ 'ကိုဘုန်းမြင့်' ကို များစွာ ကျေးဇူးတင်ပါတယ်။

ကျော်ဇောနိုင်

www.myanmarcupid.net



# ဦးလေးလှသို့ အမှတ်ရချက်များ

မောင်နေဝင်း

မန္တလေး လူထုတိုက်သို့ ကျွန်တော် ရောက်လာသောအခါ ဦးလေးလှ မရှိပါ။ သတင်းစာ အရေးအသား ကြောင့်ဆိုကာ အကျဉ်းချထားခြင်း ခံနေရသည်။ မန္တလေးထောင်မှ ရန်ကုန်ထောင်သို့ ပြောင်းရွှေ့ထားလိုက်ပြီ ဟုသိရသည်။ လူထုသတင်းစာ အယ်ဒီတာချုပ်ဖြစ်သူ ဆရာကြီး ရွှေဥဒေါင်းကား မန္တလေးထောင်တွင် ရှိနေ ပါသည်။

–၁–

www.myanmarcupid.net

ကြီးပွားရေးမဂ္ဂဇင်းကို ငယ်စဉ်ကစ၍ ဖတ်ခဲ့နှစ်သက်ခဲ့ပါသည်။ ကြီးပွားရေး ဦးလှကို မတွေ့မမြင် ခဲ့ဖူးပါ။ စစ်ပြီးကာလ၌ လူထု သတင်းစာကို မှန်မှန်ဖတ်ခဲ့သည်။ လူထုဦးလှကို မတွေ့ဖူး မမြင်ဖူးခဲ့ပါ။ ကြီးပွားရေး ဦးလှမှ လူထု ဦးလှအဖြစ် နာမည်ကျော်ကြား ထင်ရှားနေသော ထိုပုဂ္ဂိုလ်ကြီး အကြောင်းကို သိချင် နေသည်။ တွေ့ဖူးမြင်ဖူးချင်နေသည်။ သို့ရာတွင် ကျွန်တော့်ဆန္ဒမပြည့်ဝခဲ့။ နောက်ပိုင်းတွင် စာပေကိစ္စ၊ ငြိမ်းချမ်းရေး ကိစ္စများအကြောင်း ဟောပြောနေသော လူထု ဦးလှ၏ ရုပ်ပုံကို တွေ့ဖူးလာပါသည်။ မွန်မြတ် သော ယင်းကိစ္စများ၌ တက်ကြွစွာ ဆောင်ရွက်နေသော သူ့သတင်းတွေကို ကြားရသည်၊ မြင်တွေ့ရသည်မှ အပ များစွာ ရင်းနှီးခင်မင်ခြင်း မရှိခဲ့ပါ။

အကြောင်းတိုက်ဆိုင်သည်ဟု ဆိုရလေမလားမသိ။ ၁၉၅၄ ခုနှစ်တွင် ကျွန်တော်သည် ရုံးတရုံး၏ အောက်တန်း စာရေးကလေးအဖြစ်မှ အပြီးအပိုင် နှုတ်ထွက်ကာ မန္တလေး လူထုသတင်းစာ၌ လက်ထောက် ဘာသာပြန် အယ်ဒီတာအဖြစ် အလုပ် ဝင်လုပ်ခွင့် ရရှိခဲ့ပါသည်။ သတင်းစာလောကသို့ ဝင်ရောက်ရန် အခွင့် အခါ စောင့်ဆိုင်းသော ကျွန်တော့်အတွက် ဤမျှကောင်းမွန်သည့် အခွင့်အရေးကို လက်လွှတ်မခံနိုင်ပါ။

www.myanmarcupid.net

ထို့ကြောင့် မန္တလေးသို့ ကျွန်တော် ယောင်ပေပေနှင့် ရောက်လာခဲ့ပါသည်။

မန္တလေး လူထုတိုက်သို့ ကျွန်တော် ရောက်လာသောအခါ ဦးလေးလှ မရှိပါ။ သတင်းစာ အရေးအသား ကြောင့်ဆိုကာ အကျဉ်းချထားခြင်း ခံနေရသည်။ မန္တလေးထောင်မှ ရန်ကုန်ထောင်သို့ ပြောင်းရွှေ့ထားလိုက်ပြီ ဟုသိရသည်။ လူထုသတင်းစာ အယ်ဒီတာချုပ်ဖြစ်သူ ဆရာကြီး ရွှေဥဒေါင်းကား မန္တလေးထောင်တွင် ရှိနေ ပါသည်။ ကျွန်တော်လည်း မန္တလေး လူထုသတင်းစာတွင် အလုပ်ဝင်၍ ရက်ပိုင်းမျှရှိသေးသည်၊ ထိုစဉ်က အလွန်ခေတ်စားနေသော နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေး အက်ဥပဒေ ပုဒ်မ ၅(က)၁(ခ)ဖြင့် မြို့မရဲဌာန၊ သူရဲဈေး ရဲဌာနတို့မှ တဆင့် မန္တလေးထောင်သို့ ဝင်ရပါသည်။ မန္တလေးထောင်တွင် ၁နှစ်ခန့် ထားပြီးသောအခါ ရန်ကုန် ဗဟိုစံပြအကျဉ်းထောင်သို့ ပို့ပြန်သည်။ ထိုအခါကျမှသာလျှင် ကျွန်တော် အလွန်တွေ့လို၊ မြင်လို၊ သိကျွမ်းလို လှသော ဦးလေးလှနှင့် ဆိုက်ဆိုက်မြိုက်မြိုက် သွားတွေ့ရပါတော့သည်။

"အေး....မောင်နေဝင်းလာမယ်ဆိုလို့ ဦးလေးတို့ စောင့်နေကြတာ"

www.myanmarcupid.net

ရန်ကုန်ထောင်၏ အမှတ်၅ အဆောင်သို့ ကျွန်တော်ဝင်သွား ရသည်နှင့်တပြိုင်နက် ဦးလေးလှက အပြုံးဖြင့် ဆီးကြိုနှုတ်ဆက်ပါသည်။ ဦးလေးလှနှင့် အတူ ဗန်းမော်တင်အောင်၊ ရွှေမား၊ လင်းယုန်မောင်မောင်၊ ဆန်းညွန့်ဦး ဦးလှခင်၊ စောလင်း စသော စာရေးဆရာတွေကို တစုတဝေးတည်း တွေ့ရသဖြင့် ကျွန်တော် အားတက်သွားပါသည်။ အမှတ် ၅ အဆောင် အထက်ထပ်တွင် ကျွန်တော် နေရသည်။ ကျွန်တော်နှင့် မျက်နှာ ချင်းဆိုင်တွင် ဗန်းမော်တင်အောင်အခန်း၊ ကျွန်တော်နှင့် ဘေးချင်းယှဉ်လျက် တခန်းကျော်မှာ ဦးလေးလှအခန်း ဖြစ်သည်။ ထိုအချိန်ကစ၍ ၂နှစ်မျှသော ကာလပတ်လုံး ဦးလေးလှနှင့် ကျွန်တော် တရင်းတနှီးနေခွင့် ရခဲ့ပါ တော့သည်။ ကျွန်တော် နှစ်ပေါင်းများစွာ တောင့်တခဲ့ရသော အခွင့်အရေးကိုကားရခဲ့ပြီဟု ဆိုနိုင်ပါသည်။ သို့ရာတွင် နှစ်ယောက်စလုံးအကျဉ်းထောင်တဲ ရောက်နေစဉ်မှ ထိုအခွင့်အရေး ရရှိခဲ့သည်ကား ကံတရား၏ အလှည့် အပြောင်းတကွက်ဟုသာ ဆိုရပါတော့မည်။

ဦးလေးလှသည် တိုင်းချစ်ပြည်ချစ် ပုဂ္ဂိုလ်တဦးဖြစ်ကြောင်း ကျွန်တော် အထူးဖော်ပြရန်မလိုပါ။ တိုင်းချစ် ပြည်ချစ်စိတ်ထက်သန်သလောက် လူမှုရေး ကျေပွန်ကာ၊

www.myanmarcupid.net

ဘာသာရေး ကိုင်းရှိုင်းသော ပုဂ္ဂိုလ်ဖြစ်ပါ သည်။ အမျက်ဒေါသ ကင်းစင်သူလည်း ဖြစ်ပါသည်။

အဆောင် အမှတ်၅၏ အပေါ်ထပ်ထောင့် အစွန်ခန်းကို ဘုရားခန်းအဖြစ် တခမ်းတနားပြင်ဆင် ပါသည်။ အဆောင် ၅တွင် ရှိနေကြသည့် လူလတ်ပိုင်း၊ လူကြီးပိုင်းတွေနှင့်စုကာ ဝတ်တက်ခြင်း၊ ဝတ်ပြုခြင်း မှန်မှန်လုပ်ပါသည်။ အသက် ၂၄နှစ်သာ ရှိသေးသော ကျွန်တော့်ကိုလည်း ဘုရားရှိခိုးခိုင်းပါသည်။ အတင်း အကြပ်ခိုင်းခြင်း မဟုတ်ပဲ "မောင်နေဝင်း ဘုရားလေးဘာလေး ဝတ်ပြုလေ"ဟု ချိုချိုသာသာ သိမ်သိမ်မွေ့မွေ့ ခိုင်းခြင်းဖြစ်သည်။ တနေ့တွင် ကျွန်တော်က အိမ်သို့ မေမြို့ပန်းစည်းကြီး တစည်း ဦးလေးလှ ဘုရားတင်ရန် အတွက် ပို့ပေးဖို့ မှာပါသည်။

"ဦးလေး ဘုရားတင်ဖို့ ကျွန်တော့် အိမ်ကပို့လိုက်တယ်"ဟုဆိုကာ မေမြို့ပန်းစည်းကြီးကို ကိုင်လျက် ဦးလေးလှ အခန်းဝတွင် ကျွန်တော်သွားရပ်သည်။ ဦးလေးလှက ဖတ်လက်စ စာအုပ်ကိုချလျက်၊ မေမြို့ ပန်းစည်းကိုင်ကာ ရပ်နေသော ကျွန်တော့်ကို ပြုံး၍ ကြည့်ယင်း ထိုင်ရာမှထလာသည်။ ကျွန်တော်က ပန်းစည်း ကို ယူမည်ဟု ထင်နေသည်။ သို့ရာတွင် ဦးလေးလှက ပန်းစည်းကို မယူပဲ–

www.myanmarcupid.net

"အေး လှလိုက်တဲ့ပန်းတွေ၊ လာလာ မောင်နေဝင်းကိုယ်တိုင် ဘုရားမှာကပ်" ပြောပြောဆိုဆို ကျွန်တော့် ရှေ့မှထွက်သွားသည်။ ကျွန်တော်လည်း ပန်းစည်း ကိုင်ကာထက်ချပ်မကွာ လိုက်သွားရသည်။ ဦးလေးလှ ဘုရား ခန်းတံခါးကို ဖွင့်ပေးပြီး ကျွန်တော့်ဘက်သို့လှည့်ပြန်ကာ "ကဲ ဝင် မင်းကိုယ်တိုင်ကပ်၊ ဆုလေး ဘာလေးတောင်း" ကျွန်တော် ဘုရားခန်းတွင်း ရောက်သွားသည်။ ဆင်းတုတော်ရှေ့တွင် ထိုင်ချကာ လက်၌မေမြို့ပန်းစည်း ကိုကိုင်ယင်း ဝတ်ပြုပါသည်။ အမှန်ပြောရလျှင် ဘုရားပန်းကပ်ရာ၌ အဘယ်ပုံ ရွတ်ဆိုကပ်ရမည်ကို ကျွန်တော် မသိပါ။ ဦးလေးလှ တံခါးနားတွင်ရပ်ကာ ကျွန်တော့်ကို စောင့်ကြည့်နေသည်ဟူသော အသိကြောင့် ရေရေရာရာ မရှိသော ဆုတောင်းများကို ရွတ်ဆိုကာ ဦးချပြီး ညောင်ရေအိုး၌ မေမြို့ပန်းစည်းကို ထိုးစိုက် ထည့်လိုက် ပါသည်။ ကျွန်တော် နောက်သို့လှည့်လိုက်သောအခါ တံခါးဝ၌ အပြုံးဖြင့် ရပ်စောင့်နေသော ဦးလေးလှကို တွေ့ရပါသည်။

"အေး.... အဲဒါ မင်းအတွက်ရော၊ အိမ်သားတွေ အတွက်ရော ကုသိုလ် ရတာပေါ့။ ကုသိုလ်ရတဲ့ အလုပ် ဆိုတာ ကောင်းတာချည်းပဲ" ဟု အခန်းဆီသို့ ပြန်လျှောက်လာကြယင်း ကျွန်တော့်ပခုံးကို ကိုင်၍ ပြောပါသည်။ ကုသိုလ်အလုပ်

www.myanmarcupid.net

မှန်သမျှ လူတိုင်း လုပ်သင့်ကြောင်း၊ ကျွန်တော်ကိုယ်တိုင်လည်း လုပ်သင့်ကြောင်းကို ဦးလေး လှက ချိုသာသိမ်မွေ့စွာ အဆုံးအမ ပေးခဲ့ခြင်းဖြစ်သည်ဟု နောက်ပိုင်းတွင် ကျွန်တော် သဘောပေါက်လာမိပါသည်။ ရန်ကုန် စံပြအကျဉ်းထောင် အတွင်း ကျွန်တော်တို့တတွေ အငြိမ်မနေနိုင်ကြပါ။ တန်ဆောင်တိုင်ပွဲ၊ သင်္ကြန်စသော ပွဲတွေလုပ်ကြသည်။ နတ်တော်လဆန်းဆိုလျှင် စာဆိုတော်နေ့ ကျင်းပကြသည်။ ကျွန်တော်တို့ လုပ်လိုသော အခမ်းအနားတိုင်းအတွက် ရံပုံငွေကောက်တိုင်း ဦးလေးလှကို ပူဆာကြသည်။ ဦးလေးလှက သူ့ထုံးစံအတိုင်း ခပ်ပြုံးပြုံးပင်။ ကျွန်တော်တို့နှင့်အတူ

အိပ်ဆောင်အစေ့အလှူခံလိုက်လေ့ရှိသည်။ ကျွန်တော် နှင့် လင်းယုန်မောင်မောင်က ပန်းချီကျောင်းဟု အမည်ပေးကာ ဂစ်တာ၊ မင်ဒိုလင် သင်တန်းပေးသည်။ ကျွန်တော်တို့ နှစ်ယောက်စလုံး ဟုတ္တိ ပတ္တိ တီးတတ်သည် မဟုတ်။ သို့သော် ကျွန်တော်တို့လောက် မတတ်သူ တွေကို သင်ပေးခြင်း ဖြစ်သည်။ ကျွန်တော်တို့၏ ပန်းချီကျောင်းမှာ ဦးလေးလှအခန်းနား ကပ်လျက်သား ဖြစ်နေသည်။ တဒင်ဒင် တဒေါင်ဒေါင်မြည်နေသော သူ့ဘေးကပ်လျက်သား ပန်းချီကောင်းကို ဦးလေးလှက မငြိုငြင်ပါ။ တခါတရံ



www.myanmarcupid.net

နားငြီးဟန်တူသည်။ အခန်းတွင်းမှ ထွက်လာကာ ကျွန်တော်တို့ ပန်တျာဝိုင်းက မြည်ချင် သလိုမြည်နေသော အသံတွေကို "အေး မောင်နေဝင်းတို့၊ ကိုမောင်မောင်တို့ ပန်တျာကျောင်းက မဆိုးပါဘူး၊ နားထောင်ရတာ အကောင်းသား"ဟု ပြုံးပြုံးကြီး ချီးကျူးပါသည်။

အမှန်ကတော့ ဦးလေးလှနားငြီးမှန်း ကျွန်တော်တို့သိပါသည်။ သို့ရာတွင် အခြားဘယ်အခန်းကမှ လက်မခံသည့်အတွက် မသိဟန်ပြုကာ ဤအခန်းမှာပင် ပေတေ၍ ဆက်လက် တီးကြ ဆိုကြသည်။ အတန်ကြာ လာသောအခါ ကျွန်တော်တို့ သင်တန်းစသည်နှင့် တပြိုင်နက် ဦးလေးလှက အခြားအခန်းများသို့ မသိမသာ အလည်အပတ် သွားထိုင်ကာ စကားစမြည် ပြောဆိုနေလေ့ရှိသည်။ ဦးလေးလှကမူ နားငြီးကြောင်း တခွန်း တလေမှ မညည်းညူပါ။ သို့ရာတွင် ကျွန်တော်တို့ ဦးလေးလှ၏ သည်းခံမှုတရားကို အားနာလှပါပြီ။ သို့ဖြင့် ကျွန်တော်တို့၏ ပန်တျာကျောင်းကို ကျွန်တော်တို့ ဘာသာ ရက်အကန့်အသတ်မရှိ ပိတ်လိုက်ပါသည်။

အကျဉ်းခံနေရစဉ်အတွင်း စိတ်ပြေ လက်ပျောက် ဆိုသလို ကျွန်တော်တို့ လူငယ် အချင်းချင်း စကြ နောက်ကြလေ့ ရှိပါသည်။ အကျဉ်းခံ မိတ်ဆွေတဦးမှာ လူပျိုကြီးဖြစ်သည်။ နောက်ကြရွှတ်ကြယင်း ထောင်က လွတ်လျှင် ထိုလူပျိုကြီးကို

www.myanmarcupid.net

အိမ်ထောင်ပြုရန်နားချကြသည်။ ကျွန်တော့်ဇနီးတွင် အဒေါ်တဦးရှိသည်။ အဒေါ် ဆိုသော်လည်း အစ်မအရွယ်သာ ရှိသေးပြီး အပျိုကြီးဖြစ်သည်။ စားနိုင်သောက်နိုင် အဆင့်အတန်းရှိသည်ဟု ဆိုကာ သူနှင့်ဝိုင်းနားချကြရာ နောက်ဆုံး ထိုလူပျိုကြီးက သဘောတူလိုက်သည်။ ဒီလိုဆိုယင် စိတ်ချရအောင် အခုထဲကစေ့စပ်တဲ့သဘော အသိအမှတ်ပြုထားဖို့ လုပ်ကြရအောင်ဟု ဝိုင်းမြှောက်ပေးရာ သူကသဘောတူလိုက်ပြီး တလအတွက် သူရစရာ နို့ဆီ သကြားနှင့် ကော်ဖီမှုန့်ကို အဆောင်မှူးထံမှစုထုတ်လျက် လက်ဖက်ရည်ပွဲကလေးတခု ကျင်းပရန် သဘောတူကြသည်။ "တဆောင်လုံးကို လက်ဖက်ရည်တိုက်တာတော့ ဟုတ်တယ်ဗျာ၊ ဒါပေမယ့် ဦးလေးလှတို့လို လူကြီး တွေရှေ့မှာ တရားဝင် ပြောဦးမှကောင်းမယ်"ဟု အဆိုပါ လူပျိုကြီးက တောင်းဆိုသည်။ ကျွန်တော်တို့ကလည်း ကတိပေးလိုက်သည်။ လက်ဖက်ရည်ပွဲအချိန်တွင် ဦးလေးလှအပါအဝင် လူကြီးတွေ စုံလင်စေချင်သည်။ ထိုအချိန် မတိုင်မီကလေးတွင်ပင် ဦးလေးလှကို ကျွန်တော်တို့ အကျိုးအကြောင်း သွားရှင်းပြရာ ဦးလေးလှက ဟက်ဟက်ပက်ပက် ရယ်မောယင်း –

www.myanmarcupid.net

"မင်းတို့ကလဲ တော်တော်နောက်တာကိုး။ ဒါထက်နေပါအုံးမောင်နေဝင်းရ၊ မင်းဇနီးမှာက အဒေါ် အပျို ကြီးတကယ်ရှိလို့လား"

"မရှိဘူး ဦးလေး"

"ဒါဖြင့် ဟိုလူပျိုကြီးက ဘယ်လိုသဘောကျတာလဲ"

"ကျွန်တော်တို့ ဓာတ်ပုံပြလိုက်တယ်လေ"

"ဘယ်သူ့ဓာတ်ပုံလဲကွာ"

ဦးလေးလှက စိတ်လေးလာဟန် တူပါသည်။ မြောင်းမြသား ကိုထိန်လင်း တယောက် ထောင်တွင်း၌ သူ့ဇနီးဓာတ်ပုံကို စားပွဲ၌တင်ထားသည်။ ကိုထိန်လင်းကို တောင်းပန်ကာ ချောချောလှလှ ဖြူဖြူသွယ်သွယ် သူ့ဇနီးဓာတ်ပုံကို ကျွန်တော့်ဇနီး၏ အဒေါ့်ပုံဖြစ်သည်ဟု ပြခဲ့ကြောင်း၊ ထို့ကြောင့် လူပျိုကြီးက သဘောကျခြင်း ဖြစ်ကြောင်း ကျွန်တော်က ရှင်းပြပါသည်။

"နို့ ကိုထိန်လင်းဆီမှာ ဒီ ဓာတ်ပုံသွားတွေ့နေယင် ဘယ့်နှယ် လုပ်ပါ့မလဲ" ဟု ဦးလေးလှက ထပ်မေး သည်။

"ဒီဓာတ်ပုံကို သေတ္တာထဲ ထည့်ထားပါလို့ ကိုထိန်လင်းကို ကျွန်တော်တို့ ပြောပြီးပြီ၊ သူကလဲ သဘော တူတယ်ဦးလေး၊ အစီအစဉ်အားလုံးပြီးပြီ။ ဦးလေးသာ ကျွန်တော့်အခန်းကိုကြွပါ"

www.myanmarcupid.net

“ဟာ မင်းတို့ဟာက ဟုတ်မှလဲလုပ်ပါကွယ်၊ တတ်လဲတတ်နိုင်တဲ့ လူတွေပဲ”

လက်ဖက်ရည်ပွဲအချိန်၌ အခြားသော လူကြီးများနှင့်အတူ ဦးလေးလှလည်း ပြုံးပြုံးပြုံးပြုံးဖြင့် ရောက်လာပါသည်၊ ကျွန်တော်တို့က လူပျိုကြီး၏တလစာ လက်ဖက်ရည်ကော်ဖီ ရိက္ခာများအကုန်ခံလျက် တဆောင်လုံးကို လက်ဖက်ရည်ပွဲ ကျင်းပရခြင်း အကြောင်းရင်းကို ရှင်းပြပြီး လူကြီးများက ဩဝါဒပေးရန် မင်သေသေဖြင့် တောင်းပန်ပါသည်။

အားလုံးကလဲ စိတ်ပြေလက်ပြောက် ဆိုသလို သဘောထားကာ ရယ်စရာက နောက်တော့ အရွှတ်ဇာတ်လမ်းတခုပမာ သဘောထားလာကြပြီ ဖြစ်သည့် အလျောက် ဩဝါဒပေးရန် ဦးလေးလှကိုသာ ဝိုင်းဝန်း တောင်းပန်ကြသည်။ ဦးလေးလှသည် ကျွန်တော်တို့ ရှင်းပြထားပြီး၍ အကျိုးအကြောင်းအားလုံး သိပြီးဖြစ်သည့် အလျောက် အခက်တွေ့ကာ အနေရကြပ်လျက်ပါရှိသည်။ ရယ်လည်းရယ်ချင် နေဟန်တူပါသည်၊ ဦးလှက ပြောမှပေါ့ဟု ဗန်းမော်တင်အောင်ကလည်း ခပ်တည်တည်ဖြင့် တိုက်တွန်းသည်။ နောက်ဆုံး မတတ်သာတော့ သည့်အလျောက် ဦးလေးလှက “အေးလေ.... ဦးလေးတို့ကတော့ အိုအောင်မင်းအောင် ချစ်ချစ် ခင်ခင်ပေါင်းသင်း နိုင်ကြ



www.myanmarcupid.net

ပါစေလို့ ဆုတောင်းတာပါပဲ”ဟု ရယ်ချင်စိတ်ကို မနည်းချုပ်တည်းကာ ပြောပါသည်။ ပြုံးစစနဲ့ ဖြစ်နေသော ဦးလေးလှ၏ ထိုစဉ်ကမျက်နှာကိုယခုတိုင် ကျွန်တော် မြင်ယောင်မိပါသေးသည်။ ထိုညတွင် သူ့အခန်းသို့ ကျွန်တော်တို့ကို ခေါ်ကာ စိတ်ပြေလက်ပျောက်အခုလောက် နောက်တာနဲ့ပဲ တော်လောက်ပါပြီကွယ်၊ သူ့ခများအလကား စိတ်ဒုက္ခရောက်နေပါ့မယ်ဟုပြောပါသည်။

ဦးလေးလှကား လိုက်လျောတတ်သူ၊ အားနာတတ်သူ ဖြစ်သည့်အတိုင်း ကျွန်တော်တို့ ပျော်ပွဲကလေး တွင် ဤသို့လျှင်ဝင်၍အလိုလိုက်ခဲ့ပါသည်။ ထို့နောက်ပိုင်း၌ လက်ဖက်ရည်ပွဲ အကြောင်းကို ပြန်ပြောကြတိုင်း ဦးလေးလှ အားပါးတရ ရယ်မောနေလေ့ ရှိပါသည်။

-၂-

၁၉၆၀ ခုနှစ်လောက်တွင် ဦးလေးလှ ရန်ကုန်သို့ ခေတ္တရောက်စဉ် ထိုစဉ်က ဗုဒ္ဓဟူးနေ့တိုင်းကျင်းပ သော ဝန်ကြီးချုပ် သတင်းစာရှင်းလင်းပွဲသို့ ကြုံကြိုက်ခိုက် တက်ရောက်ပါသည်။ ရန်ကုန် လူထုတိုက်ခွဲ မန်နေဂျာ ကိုတင်မောင်နှင့် ကျွန်တော်လည်း ပါသည်။ သတင်းစာရှင်းလင်းပွဲတွင် မေးခွန်းများ မေးမြန်းလေ့ ရှိကြသည့်အတိုင်း ကိုတင်မောင်က ငြိမ်ဝပ်ပိပြားရေး



www.myanmarcupid.net

ကိစ္စတခုနှင့်စပ်လျဉ်း၍ မေးခွန်းထမေးရာ သတင်းစာရှင်းလင်းပွဲအပြီးတွင် ဝန်ကြီးချုပ်၏ အကြံပေးအရာရှိက ဦးလေးလှကို လက်တို့ခေါ်၍ "ခင်ဗျား တူကို ပြောထား ပါအုံး၊ ဒီလိုမေးခွန်းမျိုး မေးဖို့မကောင်းဘူး"ဟု တိုင်ကြားပါသည်။ ကိုတင်မောင် (ဝင်းမော်ဦး)မှာ ဦးလေးလှ၏ တူဖြစ်ပါသည်။ သတင်းစာ ရှင်းလင်းပွဲအပြီး ကျွန်တော်တို့ ပြန်လာကြသည်။ ကားနောက်ပိုင်းတွင် ဦးလေးလှ နှင့်ကျွန်တော်၊ ရှေ့ပိုင်းတွင် ကားမောင်းသူနှင့် ကိုတင်မောင်တို့ ထိုင်လာကြသည်။ ဦးလေးလှက အပါဟု ခေါ်ဝေါ်လေ့ရှိသောကိုတင်မောင်ကို ဒေါသတကြီး ဆူပူတော့မည်ဟု ကျွန်တော် ထင်နေမိသည်။ ကျွန်တော်ရော ကိုတင်မောင်ပါ တိတ်ဆိတ်နေကြသည်။

"ဟုတ်သားပဲအပါရယ်၊ မေးတာ မြန်းတာတွေကို ကိုယ့်ဘက်ကလဲ သတိထားမှပေါ့၊ ဒီလိုဖြစ်တာ ဦးလေး မကြိုက်ဘူး"။

ကိုတင်မောင်က ရှေ့ခန်းတွင်ငြိမ်နေ၍ ဦးလေးလှ နံဘေးက ကျွန်တော် လည်းမလှုပ်၊ တစုံတခု ပြန် ဆင်ခြေတက်လျှင် ဦးလေးလှ ပိုစိတ်တိုမှာစိုးသဖြင့် ကျွန်တော်တို့နှစ်ယောက်စလုံးက ရေငုံနှုတ်ပိတ် နေကြခြင်းဖြစ်သည်။ အမှန်ဆိုရလျှင် ဦးလေးလှစိတ်ဆိုးနေပါသည်။ သူ့တူ ကိုတင်မောင်ကဖြစ်စေ၊ ကျွန်တော်က ဖြစ်စေ တခုခု



www.myanmarcupid.net

ပြန်ဆင်ခြေပေးလျှင် ကျွန်တော်တို့အပေါ် အနည်းဆုံးဆက်၍ဆူစရာ ရှိကောင်းရှိမည်။ သို့ရာတွင် ကျွန်တော်တို့က ဘာမျှပြန်မပြောသောအခါ ဦးလေးလှကလည်း ဘာမျှဆက်ပြောစရာမရှိ။ သို့ရာတွင် စိတ်ကလည်း မပြေသေး။ ကားရှေ့ခန်းတွင် ကိုတင်မောင် ဆေးပြင်းလိပ်ဖွာကာ ခပ်မဆိတ်ရှိနေသည်။ ဘာကိုမျှ ဆက် ဆူစရာမရှိသော ဦးလေးလှက ဆေးပြင်းလိပ်ဖွာနေသည့် ကိုတင်မောင်အား "ဟေ့ အပါ၊ မင်းဆေးပြင်းလိပ်ကြီး က နံလိုက်တာ၊ လွှင့်ပစ်လိုက်စမ်းကွာ" ဟုလှမ်းပြောလိုက်လေ၏။ ကိုတင်မောင်လည်း သောက်လက်စ ဆေးပြင်းလိပ် ကို ကားအပြင်ဘက်သို့ ချက်ချင်း လွှင့်ပစ်လိုက်သည်။ ဦးလေးလှ ဒေါသထွက် စိတ်ဆိုးသည်မှာ ဤမျှသာပါတည်း။

-၃-

အရက်သေစာနှင့်လုံးဝကင်းရှင်းသော ဦးလေးလှက ကျွန်တော်အရက် သောက်လေ့ရှိသည်ကို မကြိုက်။ သို့ရာတွင် အရက်တွေ ဘာတွေ သိပ်မသောက်နဲ့ မောင်နေဝင်းရယ်၊ အကျိုးမရှိပါဘူး ဟူ၍လောက်သာ သတိ ပေးတတ်ပါသည်။ တခါက ဦးလေးလှ ရန်ကုန်ရောက်ခိုက် ကျွန်တော်တို့နှင့်အတူ နိုင်ငံခြား သံတမန်ညစာခံပွဲတခုသို့ တက်ရောက်ပါသည်။ ဦးလေးလှ ပါနေသဖြင့် ဘီယာကြိုက်သော ကျွန်တော်က



www.myanmarcupid.net

ဘီယာခွက်ကိုပင် မယူပဲ လက်ဖက်ရည် ခွက်ကလေး ကိုင်ကာ တပြုံးပြုံးလုပ်နေသည်ကို ဦးလေးလှ သတိထားမိသည်။ "မောင်နေဝင်း ဘီယာလေး ဘာလေးကြိုက်တယ်မဟုတ်လား၊ နည်းနည်းပါးပါး တော့သောက်ပေါ့၊ အများကြီးသောက်ယင်မကောင်းဘူး၊ လူကို ထိခိုက်တယ်" ဟု ဦးလေးလှက အနားကပ်၍ တီးတိုးပြောပါသည်။ ကျွန်တော် အနေရကြပ်မည်စိုး၍ ဖေးဖေးမမ ပြောခြင်းဖြစ်ကြောင်း ကျွန်တော်ချက်ချင်း နားလည်လိုက်ပါသည်။

လူထုသတင်းစာ မရှိတော့သည့်နောက်ပိုင်း မန္တလေးသို့ရောက်တိုင်း ဦးလေးလှထံ ကျွန်တော် ဝင်ပါသည်။ မန္တလေးတွင် ကျွန်တော့်မိတ်ဆွေ တွေကလည်း များပြားလှသည်ဖြစ်ရာ ဘီယာဝိုင်းတွေကလည်း ဆက်နေတတ်ပါသည်။ အကြိမ်တော်တော်များများ ဘီယာနံ့ကလေး တသင်းသင်းဖြင့် ကျွန်တော် ဦးလေးလှ ထံသို့ ရောက်သွားတတ်သည်။ ထိုကဲ့သို့သော အခါများ၌ပင် ဦးလေးလှက မသိချင်ဟန်ဆောင်ကာ စကား စမြည် ပြောသည်။ တခါတရံ "အမာရေ…မောင်နေဝင်းဖို့ လက်ဖက်ကလေးဘာလေး လုပ်ပါဦး"ဟုပြောကာ လက်ဖက်ဖြင့် ဧည့်ခံတတ်သည်။ နောင်သောအခါ ကျွန်တော်အရက်သောက်လေ့ရှိသည်ကို မကြိုက်သော



www.myanmarcupid.net

ဦးလေးလှက ဤကိစ္စနှင့် စပ်လျဥ်း၍ ဘာမျှ မပြောတော့သော်လည်း ကျွန်တော့်တသက်တာ၌ မေ့နိုင်ဖွယ်ရာ မရှိသော အပြုအမူတရပ်ဖြင့် ဆုံးမခဲ့လေသည်။ ယင်းကား အခြားမဟုတ်။ ဦးလေးလှက သူရေးသည့် 'အရက်သမား အမှားတထောင်'စာအုပ်ကို စာတိုက်မှ ပါဆယ်ဖြင့် သီးသီးခြားခြား ကျွန်တော့်ထံသို့ ပို့လိုက်ခြင်း ဖြစ်ပါသည်။ ဦးလေးလှနှင့် ဒေါ်အမာတို့၏ စာအုပ်တွေထွက်တိုင်း ဝင်းမော်ဦးစာအုပ်တိုက်တွင် ကျွန်တော် အချိန်မရွေး သွားယူနိုင်သဖြင့် ကျွန်တော့်ထံသို့ သီးခြားပို့ပေးလေ့မရှိပါ။ ယခု သီးသီးခြားခြားရောက်လာသော စာအုပ်ထုပ်တွင် 'အရက်သမား အမှားတယောင်' ပါလာပါသည်။ ရှေ့ဆုံးစာမျက်နှာတွင် 'မောင်နေဝင်းတို့ မိသားစု ဖတ်ရှုရန် မောင်လှ' ဟုသူကိုယ်တိုင်လက်ရေးဖြင့် လက်မှတ် ထိုးထားပါသည်။

"ဦးလေးက အဲဒ်ရှင့်ကို သတိပေးတာ" ဦးလေးလှစာအုပ်နှင့် လက်ရေးကို မြင်မြင်ချင်း ဇနီးဖြစ်သူက သူ့ဘက်က အနိုင်မဲတမဲ ရသည့်အလား ပြောပါတော့သည်။

-၄-

ဗန်းမော်တင်အောင်တယောက် ဆေးရုံတက်ရပြီဆိုသောအခါ ဦးလေးလှထံမှ စာတစောင် ကျွန်တော့်ထံ ရောက်လာပါသည်။

www.myanmarcupid.net

ဤစာတွင် "ကိုတင်အောင်ကျန်းမာရေးအတွက် ဦးလေးစိတ်ပူတယ်။ သမားတော်ကြီး ဦးလှမြင့်က ကိုတင်အောင့်ရောဂါဟာ ကင်ဆာပါပဲလို့ ဦးလေးကိုပြောသွားတယ်။ ဘာပဲဖြစ်ဖြစ် မောင်နေဝင်း တို့ဝိုင်းပြီး ဂရုစိုက်ကြပါ။ ဆေးဝါးကအစ လိုတာရှိယင် ဦးလေးဆီမှာပါ။ ရန်ကုန်ကို ဆင်းဖို့လိုမယ်ဆိုယင်လဲ ဦးလေးဆင်းလာခဲ့မယ်" စသည်ဖြင့် ရေးထားပါတယ်။ ဦးလေးလှ၏ အလိုဆန္ဒနှင့် ဆန့်ကျင်စွာ ဗန်းမော် တင်အောင်ကို သေမင်းက ခေါ်ယူသွားခဲ့ပါသည်။

ဦးလေးလှကိုယ်တိုင်လည်း ကျွန်တော်တို့အားလုံး၏ အလိုဆန္ဒနှင့် ဆန့်ကျင်စွာ သေခြင်းတရားနောက် ကောက်ကောက်ပါအောင်လိုက်သွားခဲ့ရပြီ။

ကျွန်တော်တို့အားလုံးက ဦးလေးလှ ကျန်းမာရေးကို ဂရုစိုက် ကြောင်း၊ အစားအသောက် အနေအထိုင်မှစ၍ အထူးသတိထားကြောင်း ကောင်းစွာသိထားကြသဖြင့် ဦးလေးလှ တော်တော်နှင့် မသေနိုင်ဟု ယေဘုယျအားဖြင့် ယုံကြည်ထားကြ၊ မျှော်လင့်ထားကြသည်။

၁၉၈၂ ခုနှစ်၊ ဩဂုတ်လ ၇–ရက်နေ့ နံနက်ပိုင်းတွင် ဦးစိန်ဝင်း (အေ–ပီသတင်းဌာန)ထံမှ ဖုံးလာ သည်။ "ကိုနေဝင်းရေ– ဦးလှတော့ ဆုံးရှာပြီ"ဟု ဦးစိန်ဝင်းက အသံကိုထိန်း၍

www.myanmarcupid.net

ပြောပါသည်။ ကျွန်တော်ကား ထိုအချိန်တွင် ဗိုင်ရယ်ဟက်ပတိုက်တစ်ခေါ်သည့် ဗိုင်းရပ်ပိုးကြောင့် အသည်းရောင် ရောဂါဖြင့် အလူးအလဲ ခံနေ ရချိန်ဖြစ်ရာ တယ်လီဖုံးကို ပြန်ချပြီးနောက် အိပ်ယာထက်၌ မောဟိုက်လွန်းလှသဖြင့် လှဲချကာ မှိန်းနေမိပါ သည်။

ဦးလေးလှ ဆုံးပြီဟုသာ အိမ်သူအိမ်သားတွေကို ပြောနိုင်သည်။ ဦးလေးလှဆုံးပြီကြားတော့မှ ဦးလေးလှ၏ အစဉ်ပြုံးနေသော ရုပ်သွင်သဏ္ဍာန်၊ ဦးလေးလှ၏ မွန်ရည်သိမ်မွေ့သော အပြောအဆို အမူအရာတွေ အားလုံးကို မျက်စိထဲက မထွက်နိုင်လောက်အောင် ပြန်လည် မြင်ယောင်နေမိပါသည်။

တယ်လီဖုံးရှိရာသို့ သားတွေကို အတွဲခိုင်းကာ မန္တလေးသို့ ဖုံးဆက်သည်။ သမီး သန်းရင်မာနှင့် တွေ့ရ သည်။ သန်းရင်မာရေ သတင်းကြားပြီးပြီ၊ အစ်မကြီးသာ ပြောလိုက်ပါတော့ ဟုသာဆိုနိုင်သည်။ ကျွန်တော်စကား ဆက်ပြောမရတော့ပါ။ ကျွန်တော့်ရောဂါကြောင့် ဦးလေးလှ၏ နောက်ဆုံးခရီးကို လိုက်မပို့နိုင်ခဲ့ပါ။

ဆရာဇဝနက သူမကွယ်လွန်မီလပိုင်းကလေးတွင် “ကိုနေဝင်းရေ ကိုလှဆုံးတော့ ကျွန်တော့်စိတ်ထဲ တမျိုးကြီးဗျာ”ဟု ကျွန်တော့်ကို ပြောခဲ့ပါသည်။ ငယ်ပေါင်းကြီးဖော်မို့ ဆရာဇဝန စိတ်ထိခိုက်နေကြောင်း ထင်ရှားပါသည်။

www.myanmarcupid.net

ကျွန်တော်တို့အားလုံးလည်း အလားတူပင် ဖြစ်ပါသည်။ ဦးလေးလှ၏ နိုင်ငံရေး၊ လူမှုရေး၊ စာပေရေးရာ ဆောင်ရွက်ချက်များကို သမိုင်းက မှတ်တမ်းတင်ပြီး ဖြစ်သည်။ ကျွန်တော် အထူးရေးရန် မလိုပါ။ ဦးလေးလှသည် ကျွန်တော်တို့ ချီးကျူးနိုင်သည်ထက်ပို၍ ကြီးမြတ်သောသူ၊ ကိုယ်ပိုင်သမိုင်းမှတ်တိုင် စိုက်ထူ သွားသော ပုဂ္ဂိုလ်တဦး ဖြစ်ပါသည်။

သေခြင်းတရားကို ကျွန်တော်နားလည်ပါသည်။ ကြိုးယ်မရွေး သေကြရမည်မှာ ဓမ္မတာဖြစ်ကြောင်း သဘောပေါက်ပါသည်။ ဤတရား၊ ဤဓမ္မတာကိုနာကြည်းစွာ နှလုံးသွင်းယင်း ဦးလေးလှ ကွယ်လွန်သွားရပုံကို စိတ်မပါ လက်မခံချင်စေကာမူ လက်ခံရပါတော့မည်။ အကျဉ်းထောင်၌ လည်းကောင်း၊ မန္တလေးလူထုတိုက်၌ လည်းကောင်း လက်ပွန်းတတီး အတူတကွနေခဲ့၊ အလုပ်လုပ်ခဲ့ရပုံတွေကို ပြန်ပြောင်း အောက်မေ့ တသသော အားဖြင့် စိတ်ကူး၌ပေါ်သမှ ရေးဖွဲ့သော ဤစာစုဖြင့် ကျွန်တော်ချစ်သော ဦးလေးလှကို ဦးချကန်တော့လိုက်ပါ သည်။

မောင်နေဝင်း

နိုဝင်ဘာ ၂၀၊ ၁၉၈၃

ခေတ္တ၊ မေမြို့။

www.myanmarcupid.net



# ဦးလေးလှ အကြောင်း

မောင်မိုးသူ

*တော်လျှင်မကောင်းတတ်၊ ကောင်းလျှင်လည်း မတော်တတ်သော ဤလောကတွင် ဦးလေးလှသည် တော်လည်းတော်၊ ကောင်းလည်း ကောင်းသောသူ တဦးဖြစ်ပါသည်။ ထိုအကြောင်း ဦးလေးနှင့် ခေတ်ပြိုင်ပုဂ္ဂိုလ်များက၊ ဦးလေးနှင့်အတူ သွားလာလုပ်ကိုင်ခဲ့သူများက ရေးကြပါလိမ့်မည်။ ဤအချက်ကား အလွန်ထင်ရှားမြင်သာ ပေါ်လွင်လွန်းလှသော အချက်ဖြစ်ပါသည်။*

www.myanmarcupid.net

လူဆိုသည်မှာ သေမျိုးဖြစ်ပါသည်။ လူတိုင်းတနေ့နေ့မှာ သေရမည်သာ ဖြစ်ပါသည်။ ကြီးကြီး ငယ်ငယ် အရွယ်သုံးပါးမရွေး သေဆုံးကြရစမြဲ ဖြစ်ပါသည်။ သို့သော် ဦးလေးလှ ဆုံးပါးပြီ ဆိုသောသတင်းကို ကျွန်တော် ကြားသိရသောအခါ အလွန်အံ့ဩပါသည်။ မယုံမကြည်လည်း ဖြစ်သွားပါသည်။ ဦးလေး၏ အမြဲ နုပျိုလန်းဆန်းနေသော ကိုယ်နှုတ်အမူအရာတို့ကို မျက်စိထဲတွင် မြင်ယောင်နေလျက်ရှိပြီး ဦးလေးလှ ဆုံးပြီဆို သောသတင်းစကားကို မယုံနိုင်အောင် ဖြစ်နေပါသည်။ ကျွန်တော်ကလေးဘဝ ဦးလေး ဒေါ်ဒေါ်တို့ သတင်းစာတိုက်သို့ ရောက်သောအခါက ဦးလေးပုံပန်းမှာ နုပျိုလန်းဆန်းစွာ တွေ့မြင်ခဲ့ဖူးပါသည်။ ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝတွင် ဦးလေး၏ နုပျိုလန်းဆန်းရှုံ့မှုမက တက်ကြွသော အားမာန် အပြည့်ကို တွေ့မြင်ခဲ့ရပါသည်။ ထိုကာလသည်ပင် ယခုသော ရာစုနှစ်၏ လေးပုံ တပုံဖြစ်သော ၂၅နှစ် ကျော်ခဲ့ပြီ ဖြစ်ပါ သည်။ လွန်ခဲ့သောနှစ်များက မန္တလေးကိုရောက်တိုင်း ဦးလေး ဒေါ်ဒေါ်တို့ထံ ဝင်ပါသည်။ ဦးလေးကို ထုံးစံ အတိုင်း နုပျိုလန်းဆန်း၍ အားမာန်အပြည့်နှင့် စာရေးနေသည်ကို တွေ့ခဲ့ရပါသည်။ သို့သော် ကျွန်တော်ကိုယ် တိုင်မည်သို့ပင်



www.myanmarcupid.net

မယုံနိုင်ဖြစ်နေသော်လည်း လူသားတိုင်း ကြုံတွေ့ရမည့် သေခြင်းတရားသည် ကျွန်တော်တို့ ချစ်သော ဦးလေးကို ခေါ်ဆောင်သွားခဲ့ပြီ ဖြစ်ပါသည်။

ဦးလေးဆုံးပါးသော သတင်းစကားကြားသည်နှင့် ရန်ကုန်ရှိ နီးစပ်ရာ မိတ်ဆွေ အပေါင်းအသင်း များကို လိုက်လံ အကြောင်းကြားပြီး မန္တလေးသို့ အသုဘအမီ သွားရောက်နိုင်ရေးများကို ကျွန်တော် လိုက်လံ နှိုးဆော်ပါသည်။ သို့သော် ကျွန်တော်ကိုယ်တိုင်ကမူ တမင်ပင် မသွားပဲ နေခဲ့ပါသည်။ လူမှုရေး ဝတ္တရား ပျက်ကွက်သည်ဟု အပြစ်တင်လျှင် ကျွန်တော်ခံပါမည်။ ကျွန်တော့်စိတ်၊ ကျွန်တော့်ကိုယ်၊ ကျွန်တော့် ဆုံးဖြတ် ချက်နှင့်ကျွန်တော် မသွားခြင်း ဖြစ်ပါသည်။ ထိုသို့ မသွားခဲ့ခြင်းမှာ အကြောင်းနှစ်ချက်ကြောင့် ဖြစ်ပါသည်။ ၎င်းအကြောင်းများကို ထုတ်ဖော်ပြောဆိုရန်လည်းကောင်း၊ ရေးသားဖော်ပြရန် ကိုလည်းကောင်း ကျွန်တော် လုံးဝ မရည်ရွယ်ခဲ့ပါ။ သို့သော် ဒေါ်ဒေါ်က ဦးလေးအကြောင်း မိတ်ဆွေ တူသား ရဲဘော် ရေးဘော်များက ရေးသား သည့်စာမူများကို စာအုပ်တအုပ်အဖြစ် ထုတ်ဝေမည်ဆိုသောကြောင့် ယခုကဲ့သို့ ရေးသားထုတ်ဖော်မိခြင်း ဖြစ်ပါ သည်။ ကျွန်တော်၏ အကြောင်းမှာ နှစ်ချက်ရှိပါသည်။ ဆုံးပါးသွားသူမှာ

www.myanmarcupid.net

ဆုံးပါးသွားပြီ ဖြစ်ပါသည်။ ကျွန်တော့် စိတ်အသွင်၌ အမြဲရှင်သန် နေပျိုနေသော ဦးလေး၏ ရုပ်အသွင်ကို အသက်မရှိတော့သည့် ရုပ် ကလာပ်အဖြစ် ကျွန်တော် မမြင်မတွေ့လိုသည်မှာ ပထမ အကြောင်းဖြစ်ပါသည်။ (ကျွန်တော်၏ဖခင် ဆုံးပါး စဉ်က ကျွန်တော်သည် ဖခင်၏ ရုပ်ကြွင်းကို မမြင်လိုက်ရပါ၊ ဤသို့ဖြင့် ကျွန်တော့်ဖခင်၏ ရှင်သန်လှုပ်ရှားနေ သောရုပ်သဏ္ဍာန်သာ ကျွန်တော့် အာရုံအမြင်၌ ကျန်ရစ်ပါသည်)။ ဒုတိယအကြောင်းမှာ ကျွန်တော်က အမေလို ချစ်ခင်သော ဒေါ်ဒေါ်၏ ပရိဒေဝသောကမီး တောက်လောင်ဆဲ အချိန်ကာလအတွင်း ဒေါ်ဒေါ့်ကို ကျွန်တော် မတွေ့မဆုံချင်ပါ။ ထိုအကြောင်းနှစ်ချက်ကြောင့် ကျွန်တော် မန္တလေးသို့ မသွားပဲနေခဲ့ပါသည်။

ဦးလေးဆုံးပါးပြီးနောက် သုံးလေးလအကြာ ကျွန်တော်မန္တလေးသို့ သွားပါသည်။ ဒေါ်ဒေါ်နှင့် တွေ့ပါသည်။ ဦးလေးအကြောင်း ဝမ်းနည်းစကား မပြောကြားခဲ့ပါ။ ဦးလေးနှင့် ပတ်သက်သည့် စကားများ မပြော ခဲ့ပါ။ ရန်ကုန်လက်ရှိ အခြေအနေများ၏ ပေါက်တတ်ကရ ရယ်စရာမောစရာများသာ ပြောခဲ့ပါသည်။ ကျွန်တော်၏ ပေါက်တတ်ကရစကားများကို နားထောင်ယင်း

www.myanmarcupid.net

ဒေါ်ဒေါ်ရယ်မောပါသည်။ "မောင်စိန်မြင့် (ကျွန်တော်၏လူနာမည်) မင်းလာမှ ငါရယ်ဖြစ်တယ်ကွာ၊ လာခဲ့အုံးနော်"ဟု ကျွန်တော့်ကို မှာပါသည်။ ထိုသို့ ဖြင့် နောက်နောက် အခေါက်များတွင်လည်း ကျွန်တော်ဒေါ်ဒေါ့်ထံ အမြဲရောက်၍ ပေါက်တတ်ကရများ ဆက်ပြောခဲ့ပါသည်။ ပြီးခဲ့သော လေးငါးလကျော်ကျော်က ရောက်သောအခါ "မင်းတို့ ဦးလေးအကြောင်း မိတ်ဆွေတွေ ရေးကြတဲ့ စာ ကဗျာတွေကို စုစည်းပြီး စာတအုပ်ထုတ်မယ်၊ မင်းတို့လည်းရေးကြ၊ ရန်ကုန်က မင်းရဲ့လူတွေ (ကျွန်တော်ရဲ့ လူတွေဆိုသည် တင်မိုး၊ မောင်စွမ်းရည်၊ မောင်သာနိုး စသူတို့ဖြစ်ပါသည်) ကိုလဲပြောလိုက်" ဟုမှာပါသည်။ ကျွန်တော်သည် ကောင်းပါပြီဟု အာမဘန္တေခံ၍ ရန်ကုန်ပြန်ခဲ့ပါသည်။ သူငယ်ချင်း များအားလည်း အကြောင်းကြားပါသည်။ သူတို့ ကိုယ်တိုင်လည်း ထိုသတင်းကို ရကြပြီးဖြစ်ပါသည်။ အားလုံး ရေးကြမည်ဟု ပြောကြသည်။

ပြီးခဲ့သောလက မန္တလေးကို ကျွန်တော်ရောက်ပါသည်။ ထုံးစံအတိုင်း ဒေါ်ဒေါ့်ထံသွားပါသည်။ ဒေါ်ဒေါ့်စားပွဲပေါ်တွင် ဦးလေးအကြောင်း ရေးသားထားကြသည့် စာမူတထပ်ကြီး တွေ့ပါသည်။ ဦးလေး မိတ်ဆွေ၊ ရဲဘော်ရေးဖော်များစွာ အလွှာစုံ၊ လူစုံထံမှ စာမူများဖြစ်ပါသည်။ ထိုအချိန်ထိ

www.myanmarcupid.net

အရင်းဆုံးဖြစ်သည့် ကျွန်တော်တို့ ရဲလေးဖော်၏ စာမူများ မပါသေးပါ၊ ကျွန်တော်ကပင် ကျန်ရှိနေသူများအား လှုံ့ဆော်တိုက်တွန်း ရန်တာဝန်ယူ၍ ရန်ကုန်ပြန်ခဲ့ပါသည်။ ဒဂုန်တာရာ၊ မြသန်းတင့်၊ ဦးထွန်းငြိမ်း၊ မောင်နေဝင်း၊ ပန်းချီဦးဘကြည်၊ ကိုသာနိုး၊ ကိုတင်မိုး နှင့် မောင်စွမ်းရည် တို့ကို လှုံ့ဆော်ပေးခဲ့ပါသည်။ ထိုနည်းတူ ရရှိပြီးသရွေ့ စာမူများ စာပေစိစစ်ရေး အဖွဲ့သို့ တင်ပြရာ၌ ဒေါ်ဒေါ်ခိုင်းသမျှ ကျွန်တော်လုပ်ကိုင်ပေးခဲ့ပါသည်။ သို့သော် ဦးလေးအကြောင်း ကျွန်တော်ရေးရမည့် စာမူကား ရေးလိုက် စိတ်တိုင်းမကျလိုက်၊ ရေးလိုက်မအောင်မြင်လိုက် နှင့် ဘယ်နှစ်ကြိမ် လောက်အထိ ကျွန်တော်ရေးမိသည်ကို မမှတ်မိတော့ပါ။ သို့သော် ရေးတိုင်း အလိုမကျခဲ့သည် ချည်းဖြစ်ပါသည်။ စကားပြေ ဆောင်းပါးရေးမရ၍ ကျွန်တော်ကဗျာရေးကြည့်ပါသည်။ ပို၍ဆိုးပါသည်။

ကျွန်တော် ဦးလေးအကြောင်း ဘာရေးချင်ပါသနည်း။ ဘယ်ပုံစံနှင့် ရေးချင်ပါသနည်း။ မည်ကဲ့သို့ တင်ပြချင်ပါသနည်း၊ ရေးရမည့်ပုံစံက ဦးလေးအကြောင်း ဖြစ်ပါသည်။

ဦးလေးကို ကျွန်တော်ငယ်စဉ်က ကျွန်တော်၏ ဖေဖေ၏မိတ်ဆွေ အဖြစ်သိပါသည်။ ကျွန်တော် အရွယ်

www.myanmarcupid.net

ရောက်လာသောအခါ ဦးလေးတယောက် အဖြစ် ရင်းနှီးခွင့်ရပါသည်။ ဦးလေး ဒေါ်ဒေါ်တို့အိမ်မှာ ကျွန်တော်၏ စားအိမ်သောက်အိမ်ဖြစ်ပါသည်။ ထမင်းစားချိန်ကြုံလျှင် မိသားစုနှင့်အတူ ကျွန်တော်ထမင်းအမြဲ ဝင်စား ပါသည်။ ဦးလေး၏သားသမီးများ အားလုံးကိုလည်း ကျွန်တော်အလွန်ချစ်ပါသည်။ ကျွန်တော့်ကိုလည်း ချစ်ကြ ပါသည်။ ကျွန်တော်၏ စာပေစိတ်၊ အနုပညာစိတ်များ ဖွံ့ဖြိုးလာအောင် ပြုစုပေးခဲ့သူများမှာလည်း ဦးလေးနှင့် ဒေါ်ဒေါ်တို့ဖြစ်ပါသည်။ ကျွန်တော် မင်္ဂလာဆောင်သောအခါ ဖိတ်စာကို ဦးလေးဒေါ်ဒေါ်တို့၏ ကြီးပွားရေး ပုံနှိပ်တိုက်က ရိုက်ပေးပါသည်။ မင်္ဂလာစကားပြောသူမှာ ဦးလေးလှ ဖြစ်ပါသည်။ ဦးလေးနှင့်အတူ မင်္ဂလာ စကားပြောခဲ့သော အခြားနှစ်ဦးမှာ ဦးချမ်းမြ(မြကေတု)နှင့် ဦးကြည်မြ (ကြည်မြ)တို့ ဖြစ်ကြပါသည်။ (ထိုမင်္ဂလာပွဲသည်ပင် ယခုသော် ၂၅နှစ် တင်းတင်းပြည့်ရန် လပိုင်းရက်ပိုင်းမျှသာ လိုပါတော့သည်)။ ထို့နောက် ကျွန်တော့်ဘဝခရီး ဖြစ်သော စာရေးခြင်း၊ စာပေထုတ်ဝေခြင်း၊ ရုပ်ရှင်ရိုက်ကူးခြင်းတို့တွင်လည်း ဦးလေး ဒေါ်ဒေါ်တို့က အမြဲမေးမြန်း အားပေးခဲ့ပါသည်။ သည်တော့ ဦးလေးအကြောင်း ရေးစရာတွေက အများကြီး ဖြစ်ပါသည်။

www.myanmarcupid.net

ကိုယ့်ငါးချဉ်ကိုယ်ချဉ်သည်ဟု ပြောလိုက ပြောနိုင်ကြပါသည်။ ကျွန်တော်၏ ဦးလေး 'လူထုဦးလှ' သည် ရှားရှားပါးပါးထူးခြားလှသည့် လူတော်လူကောင်း တယောက်ဖြစ်ပါသည်။ တော်လျှင်မကောင်းတတ်၊ ကောင်းလျှင်လည်း မတော်တတ်သော ဤလောကတွင် ဦးလေးလှသည် တော်လည်းတော်၊ ကောင်းလည်း ကောင်းသောသူ တဦးဖြစ်ပါသည်။ ထိုအကြောင်း ဦးလေးနှင့် ခေတ်ပြိုင်ပုဂ္ဂိုလ်များက၊ ဦးလေးနှင့်အတူ သွားလာလုပ်ကိုင်ခဲ့သူများက ရေးကြပါလိမ့်မည်။ ဤအချက်ကား အလွန်ထင်ရှားမြင်သာ ပေါ်လွင်လွန်းလှသော အချက်ဖြစ်ပါသည်။ နောက်တချက်မှာ ဦးလေးသည် အလွန်အလုပ်လုပ်သော ပုဂ္ဂိုလ်တဦးဖြစ်ပါသည်။ ထို အချက်သည်လည်း ဦးလေး ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်တာများနှင့် ဦးလေးပြုစုခဲ့၊ ရေးသားခဲ့သော အလွန်များပြားလှသည့် စာအုပ်စာရင်းများက ရှင်းရှင်းကြီး သက်သေပြနေပါသည်။ ဦးလေးဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်တာ အားလုံးနီးပါးသည် ဦးလေးက စိတ်စေတနာ ထက်ထက်သန်သန် ဖြူဖြူစင်စင်နှင့် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြောင်း ထင်ရှားလှစွာ ပြသနေပါသည်။ ထိုနည်းတူ ဦးလေးရေးသားပြုစု ခဲ့သော

www.myanmarcupid.net

စာအုပ်များစွာ တို့သည်လည်း မြန်မာစာပေလောက အတွက်သာမက ကမ္ဘာ့စာပေလောက အတွက်ထိ အကျိုးပြုအားထားလောက်သည့် စာများဖြစ်ကြောင်း ထင်ရှားလှပါသည်။ ဤအကြောင်းများကို ကျွန်တော်သည် “ဆင်ခေါင်းခွေးမချီနိုင်သလို” ဖြစ်နေ၍ မရေးလိုတော့ပါ။

ကျွန်တော်၏ မိဘသဖွယ်ဖြစ်သော ဦးလေး၏ စကားကို ကျွန်တော် နားမထောင်ခဲ့ခြင်း၊ ဇီလာ ဆန့်ကျင်ပြုခဲ့မိခြင်းတို့ကိုမူ ကျွန်တော့်ဘဝ၏ ထူးခြားမှုများဖြစ်၍ ကျွန်တော်ရေးလိုက်ချင်ပါသည်။

လွန်ခဲ့သောနှစ်ပေါင်းအစိတ် (၂၅နှစ်)ကျော်ကျော်က ဦးလေးသည် တက္ကသိုလ် ဟောပြောပွဲတခုတွင် အချိန်နာရီသည် အရေးကြီးကြောင်း၊ တန်ဖိုးရှိကြောင်း၊ လူတဦးသည် တနေ့လျှင် တနာရီခန့် အချိန်မှန်မှန် ရေးသားသွား၍ ဘယ်စာအုပ်ကြီးကို ရေးသားပြီးစီးသွားကြောင်း၊ တနေ့ တနာရီခန့် ကျက်မှတ်သွား၍ ဘယ်လောက်ထူထဲသော စာအုပ်ကြီးတအုပ် အာဂုံဆောင်နိုင်ခဲ့ကြောင်း ဟောကြားပါသည်။ အလွန်ကောင်းမွန် အကျိုးရှိသော အဆိုအမိန့်ဖြစ်ပါသည်။ သို့သော် ကျွန်တော်ကမူ ဦးလေး၏ ထိုအဆိုအမိန့်ကို ဆန့်ကျင်လိုက် ပါသည်။ အချိန်နာရီသည် သတ်မှတ်ချက်ဖြစ်၍ ကျွန်တော်လေးစားလိုက်နာခြင်း

www.myanmarcupid.net

မလုပ်လိုပါ။ အချိန်နာရီကို သတိပေးသော နာရီကိုလည်း ကျွန်တော် အသိအမှတ် မပြုချင်ပါ။ ထို့ကြောင့် ကျွန်တော့်မေမေ ဝယ်ပေးထားသော လက်ပတ်နာရီ (Sandoz)ကလေးကို စားပွဲပေါ်မှာ ပစ်တင်လိုက်ပြီး ကျွန်တော် နာရီမပတ်တော့ပဲ နေသည်မှာ ယနေ့တိုင်ဖြစ်ရာ နှစ်ပေါင်း အစိတ် ကျော်သွားပြီဖြစ်ပါသည်။ ကျွန်တော်သည် သတ်မှတ်ထားသော အချိန်နာရီ၏ ချုပ်ချယ်မှုမခံတော့ ဟူသော ကြောင်တောင်တောင်ဆုံးဖြတ်ချက်နှင့် ထိုအချိန်မှစ၍ နာရီမပတ်ခဲ့ခြင်း ဖြစ်ပါသည်။ မိတ်ဆွေများက အချိန်နာရီ သိဖို့လိုတဲ့အခါ မရှိဘူးလား မေးကြပါသည်။ ကျွန်တော်က ရှိကြောင်း ပြန်ဖြေပါသည်။ ထိုအခါမျိုး တွင် ဘယ့်နှယ်လုပ်သလဲ မေးသောအခါ အနားမှာ နာရီရှိတဲ့ လူတယောက်ကို မေးလိုက်တာပေါ့ဟု ကျွန်တော် ကြောင်စီစီနှင့် ဖြေခဲ့ပါသည်။ ဤသို့ဖြင့် အမြဲ ကောင်းရာ ကောင်းကြောင်းကို ပြောဟောဆုံးမလေ့ရှိသော ဦးလေး၏ စကားကို ဆန့်ကျင်ခဲ့ပါသည်။

ဦးလေးသည် အရက်သောက်ခြင်းကို လုံးဝ မကြိုက်ပါ။ သူကိုယ်တိုင်က မသောက်ရုံသာမက၊ သူတကာကိုလည်း ပါးစပ်နှင့် ဆုံးမရုံသာမက စာနှင့် ပေနှင့်လည်း 'အရက်သမား အမှားတထောင်'စသော စာအုပ်များကို ရေးသားခဲ့ပါသည်။

www.myanmarcupid.net

သို့သော် ဦးလေး၏ ကွယ်ရာတွင် ကျွန်တော်တို့လူစု အရက်သောက်ကြ ပါသည်။ ထိုလူစုထဲတွင် ကျွန်တော်က နည်းနည်းပိုပါသည်။ ကျွန်တော် အရက်သောက်ခြင်းနှင့်ပတ်သက်၍ တွေ့တိုင်း ဦးလေးက ဆိုဆုံးမပါသည်။ ကျွန်တော်သည် ဦးလေး၏ အဆိုအမိန့်ကို မိုက်မဲစွာ ဆန့်ကျင်၍ အရက်သောက်ခဲ့ပါသည်။ အနှစ်အစိတ်နီးပါး ဖြစ်ပါသည်။ နောက်ဆုံး ညနေပိုင်း အရက်မသောက်ဖြစ်ပါက စားသောက်မကောင်းခြင်း၊ အိပ်၍မပျော်ခြင်း စသည့် အရက်၏ ဩဇာရိပ် ကြီးမားလာသည်အထိ ဖြစ်ပါ သည်။ အချုပ်အချယ် ဆိုလျှင် မည်သည့် အချုပ်အချယ်ကိုမှ မခံယူလိုသော ကျွန်တော့်ဘဝတွင် အရက်က စတင်ချုပ်ချယ်လာသည်ကို ခံလာရပါသည်။ သည်ချိန်၌ ကျွန်တော်သည် အရက်သောက်ခြင်းကိုလည်းကောင်း၊ အရက်သောက်ခြင်း၏ စည်းစိမ်ကိုလည်းကောင်း ဟိုရှေးယခင်က ကဲ့သို့ စွဲလမ်းခုံမင်ခြင် းသိပ်မရှိတော့ပါ။ သို့သော် သွေးသားထဲမှာ ရောက်ရှိနေသော အရက်ဓာတ်ကြောင့် သွေးတောင်းစပြုခြင်းသာ တွေ့ရပါသည်။ ဤသို့ အရက်၏ ချုပ်ချယ်ခြင်းကို မခံလို၍ ကျွန်တော်အရက်သောက်ခြင်းကို နားလိုက်ပါသည်။ ကျွန်တော် အရက်မသောက်တော့ကြောင်း ဦးလေးထံသို့

www.myanmarcupid.net

ဦးလေးမဆုံးမီတနှစ်က သွားပြောပါသည်။ ဦးလေးက ကောင်းကောင်း ယုံကြည်ချင်ပုံ မရပါ။ ကျွန်တော်က အတော်ခိုင်ခိုင်မာမာပြောမှ ဦးလေး ဝမ်းသာသွားပုံရပါ သည်။ သို့တိုင် ကျွန်တော်သည် ဦးလေးကဲ့သို့ အရက်ဆန့်ကျင်ရေး ဝါဒသမားတဦး ဖြစ်မလာပဲ အရက်၏ ချုပ်ချယ်မှုကို မခံနိုင်သော သူတဦးသာ ဖြစ်လာခဲ့ပါသည်။

ကျွန်တော်နှင့် ဦးလေး၊ ဦးလေးနှင့် ကျွန်တော်.... စသည်ဖြင့် ကျွန်တော်–ကျွန်တော်နှင့် ရှေ့ကပါခြင်း၊ နောက်က ပါခြင်းများမရှိသော ဦးလေးအကြောင်းကို ကျွန်တော် စဉ်းစား ကြည့်ပါသည်။ သည်အခါတွင် ဦးလေးသည် မိမိကိုယ်မိမိ တည်ဆောင် ပျိုးထောင်လာသူပုဂ္ဂိုလ်တဦး ဖြစ်ကြောင်း ဆိုသည့်အချက်မှာ အထင်း သားပေါ်လာပါသည်။ ကျောင်းသားအရွယ် လူမမယ်ကလေး မောင်လှ မည်သို့မည်ပုံ ကြိုးစား တည်ဆောက်ခဲ့သည်၊ ကျောင်းသားလေး မောင်လှမှ သည် လောကဓာတ်ခုံထက်တွင် မိမိခြေထောက်ပေါ်မှာ မိမိရပ်တည်၍ ကိုလှ ဖြစ်လာအောင် တည်ဆောက်နိုင်လာခဲ့ပုံ၊ ကိုလှမှသည် ဦးလှဖြစ်လာအောင် မည်ကဲ့သို့ ရုန်းကန် လှုပ်ရှား ခဲ့ပုံများသည် စံနမူနာယူဖွယ် ကောင်းလှမည်မှာ သေချာလှပါသည်။ မောင်လှမှသည် ကိုလှ၊ ကိုလှမှသည် ဦးလှစသည်ဖြင့် အရွယ်သုံးပါးကို ဦးလေး ဖြတ်သန်းကျော်လွှား



www.myanmarcupid.net

ကြိုးစားခဲ့ရစဉ်အတွင်း ဦးလေး၏ စေတနာ၊ ဦးလေး၏ လုပ်ရပ်၊ ဦးလေး၏ စာပေများအကြောင်း ဂဃနဏ အတ္ထုပ္ပတ္တိကြီး တစောင်တဖွဲ့ ရှိဖို့ကောင်းသည် ဟု ကျွန်တော်ယုံကြည်ပါသည်။ ထိုအတ္ထုပ္ပတ္တိစာအုပ်ကို နောင်လာ နောက်သား လူငယ်များ အားကျအတုယူနိုင် မည်ဟု ကျွန်တော် ယုံကြည်ပါသည်။

သည်တော့....

ဒေါ်ဒေါ် (လူထုဒေါ်အမာ)ခင်ဗျား၊ ဒေါ်ဒေါ်သည် အနုပညာသည်များ၏ အတ္ထုပ္ပတ္တိများကို ရေးသား ပြုစုရာတွင် အလွန်ထင်ရှားအောင်မြင်လှပါသည်။ ဦးလေး၏ အတ္ထုပ္ပတ္တိကို ရေးသားပြုစုပေးခြင်းဖြင့် ဦးလေးကို အကြီးမားဆုံး ဂုဏ်ပြုမှု ထမ်းဆောင်ပေးခြင်း မည်သည်သာမက စာဖတ်သူတိုင်း အတွက်လည်း အလွန်အကျိုးရှိ သောရလဒ်ကြီးတခု ပေးစွမ်းနိုင်ပြီးသား ဖြစ်သွားပါလိမ့်မည်ခင်ဗျား....ဟူ၍ အနူးအညွတ် တိုက်တွန်း ယင်းဖြင့်.....

မောင်မိုးသူ

၂၅–၁၀–၈၃

www.myanmarcupid.net



# ဟိုက်စကူးကျောင်းသားကိုလှ

## မြန်မာ့လမ်းစဉ် ဦးစိန်ဝင်း

*ကိုလှသည် ကျောင်းမှာနေစဉ်ကပင် စာပေ အရေးအသား ဝါသနာထုံသူ ဖြစ်သည်။ လစဉ်ထုတ်ဝေသော ကျောင်းမဂ္ဂဇင်းတွင် အများဆုံး ရေးသားသူဖြစ်သည်။ ကျွန်တော်ကောင်းကောင်းမှတ်မိသော အင်္ဂလိပ်လို ရေးသည့် ဆောင်းပါး ၂ခုတွင် ကျွန်တော့်အား ကျီစယ်ထားသော အခန်း၌..*

www.myanmarcupid.net

ရန်ကုန်အစိုးရ ဟိုက်စကူကျောင်းကို ၁၈၇၁–ခုတည်ထောင်သောနှစ်မှစ၍ ပြည်သူပိုင်သိမ်းသည့်နေ့အထိ ရန်ကုန်မြို့သူမြို့သား အားလုံးက 'ဟိုက်စကူး' ဟုသာခေါ်ဝေါ် အသိအမှတ်ပြုကြသည်။ ကိုလှသည် ၁၉၂၆ ခုနှစ်လောက်ကပင် ယင်းဟိုက်စကူးကျောင်းသို့ ကျွန်တော်နှင့် မရှေးမနှောင်း ရောက်လာသည်။ ထိုနှစ်မှ အစပြု၍ ကိုလှနှင့်ကျွန်တော် ခင်မင်ရင်းနှီးခဲ့ကြသည်။

ကိုလှသည် ထိုအခါက အင်္ဂလန်၊ အမေရိကန်မှထုတ်ဝေသော အားကစား စာစောင်များ၊ ရုပ်ရှင်စာစောင် များကို အမြဲတမ်းဝယ်ယူဖတ်ရှုလေ့ရှိသည်။ ရုပ်ရှင်မင်းသား ရော်နယ်ကိုးလ်မင်း၊ ရေမွန်နဗာဘာရိုး၊ ဆွီဒင်သူ မင်းသမီးဂရီတာဂါဘိုး၊ ဟံဂေရီသူ ဗီ(လ)မာဗင်ကီး တို့အား အလွန် နှစ်သက်သည်။ ထို့ကြောင့် အသိုင်းအဝိုင်း များက သူ့အား အမေရိကန်ဖိုးဖေဟု ကျီစယ်ခေါ်ဝေါ် ကြလေသည်။ သူ၏အားကစား စာအုပ်စာတန်းများကို အကြောင်းပြု၍ သူငယ်ချင်းတော်တော်များများမှာ သူပါဝင်သော အမေရိကမှ Health and strength league "ကျန်းမာရေး နှင့် ခွန်အား" အသင်းဝင်တွေဖြစ်ကုန်ကြရာ ကျွန်တော်ပင် အသင်းဝင်တယောက် ဖြစ်သွားသည်။ ကိုလှ၏ သွေးဆောင်တိုက်တွန်းမှု ကောင်းသောကြောင့် ကျွန်တော်လည်း

www.myanmarcupid.net

အားကစားသမားတယောက် ဖြစ်လာ လေသည်။ ကိုလှသည် ကျောင်းမှ ပထမတန်း ဘော့လုံးသင်းတွင် ရှေ့တန်းအတွင်းလူ အဖြစ်ကစားသည်။ သူ့ဆရာ ဦးဘသန်းတင်က ညာအစွန်လူ၊ ဆရာကြီး ကလူး(စ)မင်းက ၂ယောက်တန်း နောက်ခံလူအဖြစ် ကစားပြီး ဗိုလ်မှူးအေးငွေ (စာရေးဆရာ ဒဂုံမြတ်လေးနွယ်)၊ တန်းခုန်ပြေးမြန်မာပြည်ချန်ပီယံ ကိုကျန်ဟုန် (ဖြူးဦးမောင်မောင်)တို့က သုံးယောက်တန်းနှင့် ရှေ့တန်းအလယ်လူ၊ ကိုငွေဂိုင် (ဂိုက်တရာအပြေးသမား၊ မြန်မာပြည်ချံပီယံ နှင့် ရုပ်ရှင်မင်းသမီး မေလွင်၏ဖခင်)တို့နှင့် တွဲဖက်ကစားရသည်။ သိပ်အမှားမခံသော ဆရာ ၂ယောက် ကြပ်မတ်ခံကာ ကစားရသော ကိုလှအတွက် သိပ်မစားသာပါချေ။ ၁၀တန်းအောင်သွားသောအခါ ကိုလှသည် ရန်ကုန်မြို့၊ ဘီအေအေ (ယခုအောင်ဆန်းကွင်း)တွင် ဖြူနီစပယ် ပထမတန်းအသင်းမှ ဆက်လက် ကစားသည်။ ကျောင်း၏ရှေ့ဆောင် ဘော့လုံးအသင်းသာမက ဘားစကက်ဘော နှင့် ဘော့(စ်)ဘောအသင်းများ တွင်လည်း ကိုလှ ကစားရသည်။

ဟိုက်စကူးတွင် အားကစား၌ ထူးချွန်သူများအား မြှောက်စားသော အလေ့အထတခု ရှိသည်။ ထူးချွန် ၍ထင်ပေါ်သော ၁၀တန်းကျောင်းသားများကို

www.myanmarcupid.net

ကျောင်းခေါင်းဆောင် School Captain ၁ ဦးနှင့် ပရီဖက်ခေါ် လူကြီးလေးယောက်ရွေးချယ်ကာ အထူးအရေးပေးလေ့ရှိသည်။ ယင်းလူကြီး များအား ကျောင်းသားများကမဲစနစ်ဖြင့် ရွေးချယ်တင်မြှောက်ကြရသည်။ ထိုလူကြီးများ အုပ်စုတွင်းသို့ ကိုလှ ပါမသွားရ၊ ကျောင်းအာဏာပိုင်များက သူ့အား စပယ်ရှယ်ပရီဖက်အဖြစ် သတ်မှတ်ခန့်ထားပြီးလျှင် ပထမတန်းမှ သတ္တမ တန်းထိ ကျောင်းအိပ်ကျောင်းစားအဖြစ် ပညာသင်ကြားနေကြသော ကျောင်းသားငယ်များကို အုပ်ချုပ်စေ ခဲ့သည်။ ထို့ကြောင့် ကိုလှနှင့် ကျွန်တော် သည် တတန်းတည်း၊ တခန်းတည်း၊ တစားပွဲတည်း ထမင်းစားခဲ့ရာမှ ကွဲသွားရသည်။ သူက ကျောင်းချင်းဝင်းထရံသာခြားသော ယူနီဗာစီတီ နယ်မြေ တွင်းရှိ သစ်တောကောလိပ် အဆောက်အအုံသို့ ပြောင်းရွှေ့ရပြီး အထူး ပရီဖက်အဖြစ်နှင့် ကျောင်းသားငယ်ကလေးများအား စောင့်ရှောက်ရ တော့၏။ ကိုလှ ထိန်းသိမ်းစောင့်ရှောက်ရသော ကျောင်းသားငယ်ကလေးများသည် နောင်သောအခါ လူလား မြောက်လာကြပြီး ရန်ကုန်မြို့တွင် တော်တော်များများ ရာထူးဌာနန္တရနှင့် လူတွင်ကျယ်လုပ်နေကြသည်ကို တွေ့ရသည်။ ထိုသူများထဲမှ မန္တလေးသို့ ထူးထူးခြားခြားရောက်လာသူတဦးမှာ ၁၉၅၈ဆီလောက်က



www.myanmarcupid.net

အရေးပိုင် ရုံးတွင် နယ်ပိုင်ဝန်ထောက်အဖြစ် အမှုထမ်းသွားသော ကိုမောင်မောင်ဖြစ်သည်။ သို့နှင့် ၁၀တန်းမအောင်သေးပဲ ယူနီဘာစီတီ နယ်ထဲကို ပြောင်းသွားရသော ကိုလှအားကျွန်တော်တို့က ကောလိပ်ဂျင် ဟုခေါ်ကာ ကလိကြသည်။ ကျွန်တော်တို့ ဟိုက်စကူးကျောင်းသားများသည် ကောလိပ်ကျောင်းနှင့် ဝင်းထရံသာ ခြားနေသည့်အလျောက် အခါခပ်သိမ်း ကောလိပ်ကျောင်းသား အစစ်များနှင့် ပုံမှားကျိတ်လေ့ရှိကြသည်။ အခြား ကျောင်းများမှ ကျောင်းသားများမနာလိုဝန်တိုစရာ ကိစ္စတရပ်ရှိသေးသည်။ ၎င်းကိစ္စမှာ ကျွန်တော်တို့ ၁၀တန်း ကျောင်းသား များအား ၁ ပတ်လျှင် ၁ ကြိမ် ယူနီဘာစီတီသို့ သွားရောက်ခါ အင်္ဂလိပ်စာသင်တန်း တက်ကြရသော အခွင့် အရေးရရှိခဲ့ခြင်း ဖြစ်ပါသည်။ ယင်းအခွင့်အရေးကို အခွင့်အရေးဟု မယူဆပဲ ဝန်ထုပ်ဝန်ပိုးဟု အားလုံးက သတ်မှတ်ကြသည့် အထဲတွင် ကိုလှက ပို၍ပြင်းထန်ပါသည်။ အကြောင်းကတော့ အခြားမဟုတ်၊ ထိုစဉ်အခါက ယူနီဘာစီတီကျောင်းအား လက်ရှိပြည်လမ်းသို့ ဌာနတခုချင်း ရွှေ့ပြောင်းနေဆဲ ဖြစ်ရာ ဆရာအတတ်သင် ကျောင်းက ယခု ကော်မရှင်နာလမ်းတွင်



www.myanmarcupid.net

ကျန်ရစ်နေသေးသည်။ သိပ္ပံသမားများလည်း ကျန်ရစ်နေဆဲ ဖြစ်ပါ သည်။

ကျွန်တော်တို့အား အင်္ဂလိပ်စာ ပို့ချသူများမှာ အင်္ဂလိပ်စာပေဌာနများမှ ပရောဖက်ဆာများ မဟုတ်ကြပဲ ဆရာအတတ်သင် ကျောင်းမှ ဒေါက်တာကလပ်နှင့် မစ္စစကော့ဆိုသူ အမျိုးသမီးကြီးဖြစ်ပြီး စင်စစ် ကျွန်တော်တို့က ကုန်ကြမ်းများသာ ဖြစ်ကြသည်။ ဆရာအတတ်သင် ကျောင်းသား ကျောင်းသူများ ရှေ့မှောက်တွင် ကျွန်တော်တို့အား ဖော်ပြပါပုဂ္ဂိုလ်ကြီးများက စာပေပို့ချပုံ၊ သင်ကြားပုံတို့ကို လက်တွေ့ပြနေခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ ကုန်ကြမ်းများက ဆရာအတတ်သင် ကျောင်းသား ကျောင်းသူများရှေ့ဝယ် ငြိမ်သက်စွာ သင်တန်းတက်ခံ နေကြရသူတွေ ဖြစ်သည်။ အဆိုးဆုံးကတော့ ယူနီဘာစီတီ ကျောင်းသားများကို သင်တန်း ဖြုတ်ချိန်မှာ ဝရုန်းသုန်းကားထွက်ချင်သလို ထွက်၍မရခြင်း ဖြစ်ပါသည်။ ဒီငတိတွေ ကောလိပ်ကျောင်းသား တွေ ဘယ်ဟုတ်လို့လဲဆိုတာကို ကောလိပ်ကျောင်းသူ ကျောင်းသားများရှေ့မှောက်၌ ဆိုင်းဘုတ်တပ်ရသည့် ကိစ္စ ဖြစ်ပါသည်။ ကောလိပ်ကျောင်းသူ ကျောင်းသားအစစ်တွေလို လေပန်း တိုးဇော့ဆူညံကာ စည်းမဲ့ကမ်းမဲ့ မသွားလာရပဲ

www.myanmarcupid.net

အားလုံးတန်းစီပြီး ကိုယ့်ကျောင်းမှ ကိုယ့်အတန်းကို သေသေဝပ်ဝပ် ပြန်ရခြင်းဖြစ်ရာ ကိုလှက သိက္ခာအကျဆုံးဟု ငြီးပါသည်။ ယူနီဘာစီတီနယ်မြေမှာ နေရသူအဖို့သာပြီး အကျနာသည်ဟု ခဏခဏ ပြော လေ့ရှိသည်။

ကိုလှသည် ကျောင်းမှာနေစဉ်ကပင် စာပေ အရေးအသား ဝါသနာထုံသူ ဖြစ်သည်။ လစဉ်ထုတ်ဝေသော ကျောင်းမဂ္ဂဇင်းတွင် အများဆုံး ရေးသားသူဖြစ်သည်။ ကျွန်တော်ကောင်းကောင်းမှတ်မိသော အင်္ဂလိပ်လို ရေးသည့် ဆောင်းပါး ၂ခုတွင် ကျွန်တော့်အား ကျီစယ်ထားသော အခန်း၌..

“ထောင်ထောင်မောင်းမောင်း အညာသားဂိုက်နှင့် လူချောကလေး” ဟု ကျီစယ်ဖူးပြီး သူနှင့် ကစားဘက် ဂိုးသမား မောင်လွင်အား..

“မြန်မာပြည်သည် လွန်စွာပူပြင်းသော တိုင်းပြည်ဖြစ်ရာ အသားအရေကို နေလောင်ခြင်းမရှိပဲ အားကစား သမားကောင်းတယောက် ဖြစ်လာရန် လွန်စွာခဲယဉ်းသည် ဖြစ်ရကား ကျွန်ုပ်တို့၏ ဂိုးသမားကြီးမှာ မဲမှောင် လျက်ရှိသည်” ဟု ရေးသားဖူးသည်။

ကိုလှသည် စီးပွားရေးနယ်ပယ်တွင် အလွန်အရေးပါသောသူများနှင့် ရင်းနှီးသလို၊ အုပ်ချုပ်ရေး

www.myanmarcupid.net

နယ်ပယ်တွင်လည်း ရင်းနှီးသူများရှိသည်။ သူ့အနိစ္စမရောက်မီ နှစ်က စင်ကာပူမှလာသော ကျားသဘေၤ၏ သမက် မစ္စတာ ကျီရှန်မှာ ၁၀တန်းတွင် သူနှင့်အတူ တတန်းတည်းနေခဲ့ရသူ ဖြစ်သည်။ စင်ကာပူကိုရောက်တိုင်း ဒိုင်ခံပြုစုသည်။ သူ့ထောင်ထဲမှာ ရှိစဉ်က ထောင်မင်းကြီး IGP မှာ တတန်းတည်းသား (ရဲမင်းကြီး ဦးဘမောင်သား) ကိုသန်းနွဲ့ဖြစ်၍ ကျောင်းကြီး အနှစ် ၁၀၀ပြည့် အထိမ်းအမှတ်ပွဲတွင် ကိုလှမိန့်ခွန်းပြောရာ၌ သူသည် နှစ်ပေါင်းများစွာ ကိုသန်းနွဲ့၏ ရိက္ခာတော်ကို ခံယူခဲ့ရကြောင်း ကို ထည့်၍ ပြောသွားရာ အလွန်သဘောကျကြသည်။ ကိုသန်းနွဲ့ အနားယူသွားသောအခါ ကိုငြိမ်းလှိုင် ရောက် လာသည်။ ကိုလှသည် ကိုငြိမ်းလှိုင်၏ ရိက္ခာတော်ကို ခံယူလိုက်ရဟန် မတူပေ။

ကိုလှအမှုကို ရန်ကုန် တရားရုံးတခုတွင် စစ်ဆေးသောအခါ ကျွန်တော်က သက်သေ။ တတန်းတည်း သားချင်း ဖြစ်ခဲ့သော ပန်းတနော် ပါလီမန်အမတ် ကိုအေးမောင်က သူ့ဝတ်လုံဖြစ်သည်။ ကိုလှ ထောင်မှထွက်သောနေ့တွင် ကျွန်တော်ရန်ကုန်ကို သွားပြီးကြိုသည်။ နောက်တနေ့တွင် သူနှင့်ကျွန်တော် ၂–ဦးတည်း ရွှေတိဂုံ စေတီတော်ကြီးအား တက်ရောက်ဖူးမြော်ကြပြီး ယခုအခါ မီးလောင်မြေခ



www.myanmarcupid.net

သွားပြီဖြစ်သော ကျောင်းကြီးသို့ဝင်ကာ ရေးဖြစ်ဟောင်းများကို အောက်မေ့လျက် နေ့ခင်းအိပ်မက်မက်ကြသေးသည်။ ကိုလှနှင့် ကျွန်တော်တို့မှာ ဆရာကောင်းများ၏ တပည့်များဖြစ်ကြသည်။ ကွယ်လွန်အနိစ္စ ရောက်ကုန်ကြပြီဖြစ်သော ဆရာများအနက် ဒေါက်တာဂွမ်လျှောင်၊ ဆရာကြီးကလူးစမင်း၊ ဦးဘသန်းတင်နှင့် ဆရာကြီး ဦးကံမြင့်တို့အား မမေ့နိုင်အောင် ရှိသည်။ ယခု အသက်နှင့် ထင်ရှားရှိသော ဆရာ၂ဦးမှာ ပညာမင်းကြီး ဦးဟုတ်ထိန်နှင့် အမြတ်တော်မင်းကြီး ဟောင်း ဦးသာဒင်တို့ ဖြစ်ကြသည်။

တကြိမ်က မန္တလေးတွင် ဟိုက်စကူးကျောင်းသားဟောင်းများ တစုတဝေးကြီး ဆုံဆည်းမိခဲ့ကြသည်။ ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက်ဝမ်းသာကြသည်မှာ ပြောဖွယ်မရှိပါ။ ဆုံဆည်းသူများမှာ တရားသူကြီးချုပ်ကိုစိန်သင်း၊ သူက ကျွန်တော်တို့ထက် ငယ်ပါသည်။ တွဲဖက်စက်ရှင်မင်းကြီး ကိုမောင်မောင်ကြီး (ကွယ်လွန်) က ကျွန်တော်တို့ထက် ၁တန်းကြီးသည်။ ရဲဝန်ကြီး ဦးသန်းဖေက ကိုလှနှင့် တသင်းတည်း ဘော့လုံးကစားဘက်၊ မြို့မဝန်ထောက်ကြီး (ရဲ)ကိုသိန်းတန်က အတူတူ၊ ရဲမင်းကြီး ဦးလှတောက ၃နှစ်လောက် စောသည်။ အရေးပိုင်မင်း ကိုဘအောင်က ၃နှစ်လောက် နောက်ကျသည်။ ဒေါက်တာလျှမ်းက ၅ နှစ်ခန့်



www.myanmarcupid.net

စောသည်။ ဖော်ပြပါ ကျောင်းနေဘက် ဟောင်းများ ဆုံဆည်းရသဖြင့် ကျွန်တော်တို့ ပျော်မဆုံးပါ။ ကျောင်းသား ဘဝက ကိုလှ၏ အပေါင်းအသင်းများထဲမှ နောင်တွင် နာမည်ကြီး လာကြသူများမှာ ဗိုလ်မှူးအေးမွှေးနှင့် အကို ဒဂုံကိုလှဘူး၊ အေဝမ်းကိုတင်မောင်၊ တက္ကသိုလ်ဖေစန်း၊ ပြည်လှဖေ၊ မိုးနက်ဝတ္ထုများရေးသူ ကိုသန်းတင် (ရွှေပြည်စိုး)၊ ကိုဘသောင်း (မောင်သုတ)၊ ကိုစိန်ဘွား (သံအမတ်ကြီး) တို့ ဖြစ်ကြသည်။

ကျောင်းနောက်ဆုံးနှစ်တွင် ယနေ့တိုင် မမေ့နိုင်သော ဖြစ်ရပ်တရပ်နှင့် ဆုံဆည်းရသည်။ ကျွန်တော်တို့ သူငယ်ချင်း ကိုစည်သူသည် သူ၏ရည်းစားဖြစ်သူ မခင်ရီနှင့်အတူ ရန်ကုန်မြစ်တွင်းသို့ လက်ချင်းပူး၍ ချည်ကာ ခုန်ချသေဆုံးလိုက်သော အဖြစ်တရပ်ပင် ဖြစ်သည်။ မရှေးမနှောင်း စာမေးပွဲကြီးကလည်း ပြီးဆုံးသွား ရာ ကျောင်းသားတွေ မိမိရပ်ရွာကို ပြန်ကြသည်။ ကျွန်တော်တို့ ဓာတုဗေဒ လက်တွေ့သမား ၄–၅ ယောက် လောက်သာ ကျန်ရစ်၏။ ကိုစည်သူမှာ ကျောင်းအိပ်ကျောင်းစား မဟုတ်စေကာမူ ကျွန်တော့်ထံသို့ မကြာခဏ အလည်လာတတ်သူဖြစ်၍ ကျွန်တော်တို့ မနေဝံ့ မအိပ်ဝံ့ အတော်ဒုက္ခရောက်ပါသေးသည်။ ကိုလှကတော့ တချိုးတည်း

www.myanmarcupid.net

လစ်ပါတော့သည်။ နောက်ဆုံးပိတ် ကျွန်တော့်ဖြစ်ရပ်တခုကတော့ ကျောင်းရှေ့တွင် လူတယောက် သေဆုံးနေသည်ကို တခုသော နံနက်တွင် တွေ့ရှိရပြန်ရာ စာမေးပွဲကလည်း ပြီးဆုံးပြီမို့ ကျွန်တော်လည်း လစ်ပါတော့သည်။

ထိုသေဆုံးနေသူမှာ ဆရာကြီး ပီမိုးနင်း၏သား နာမည်ကျော် ရုပ်ရှင်မင်းသား ကျော်စိုးဖြစ်ကြောင်း မန္တလေးရောက်ခါမှ သိရသည်။

ကိုလှနှင့် ကျွန်တော်ထိုအချိန်မှစ၍ ကွဲကွာခဲ့ကြရာ စစ်အတွင်းတွင် မင်းကွန်းသို့ အာရှလူငယ် စည်းရုံးရေးတာဝန်နှင့်ရောက်လာပြီး ကျွန်တော့်ကို ဥက္ကဋ္ဌဆွဲခန့် သွားသောအကြိမ်တွင်မှ တခါပြန်တွေ့ရသည်။ စစ်ကြီးမဖြစ်မီ သူနှင့်ကျွန်တော် မန္တလေးတွင် ခေတ္တဆုံမိကြသေးသည်။ သူက ကျွန်တော့်အရင် ၁၅ရက်စောပြီး ဒေါ်အမာနှင့် အိမ်ထောင်ကျသည်။ ကျွန်တော်က ၁၅ရက်ခန့် နောက်ကျပြီး အိမ်ထောင်ကျခဲ့သည်။ သူနှင့် ကျွန်တော် အတော်ရေစက်ကြီးကြသည်။ စစ်ကြီး ပြီးသောအခါ သူသတင်းစာဆရာကြီးတယောက် ဖြစ်၍လာပြီး ကရင်အရေး တော်ပုံ ပြီးဆုံးသောအခါ ကျွန်တော်လည်း သတင်းစာဆရာ ဖြစ်လာသည်။

www.myanmarcupid.net

နံနက်တိုင်း ကျုံးပတ်လည်တလျှောက် ဒေါ်အမာနှင့်အတူ သူလမ်းလျှောက် လေ့ရှိရာ ကျွန်တော်နှင့် တွေ့တိုင်း ကျောင်းတုန်းကလို ကျန်းမာရေးကိစ္စတွေ အရေးထားဖို့ အမြဲအားပေးလေ့ရှိပါသည်။ တရက် ၂ရက်ခန့် သူပျောက်သွားပြီး ကွယ်လွန်သွားကြောင်းကို ကြားရသော ကျွန်တော့်မှာ အတော်ယူကြုံးမရ ဖြစ်ခဲ့ရသည်။ ပေါင်းသင်းဆက်ဆံရေးတွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဦးသန့် နှင့် တူလှသည်ဟု အသိုင်းအဝိုင်း သတ်မှတ်ခြင်း ခံရသူ ကိုလှ၊ စာပေလောကတွင် ပြောင်မြောက်သူ ကိုလှ၊ သူကား လူမှုရေးနှင့် သူမြတ်နိုးသော စာပေလောကကို ကျောခိုင်းခဲ့လေပြီ။ စာပေလောက၏ ကြယ်တပွင့် ကြွေခဲ့လေပြီးတကား..။

၁၉၃၀ခုခေတ် ၏ အမြင် အခေါ်အဝေါ် အသုံးအနှုန်း တို့ဖြင့်လည်းကောင်း၊ သူငယ်ချင်းများအား ရင့်ရင့်သီးသီး ခေါ်ဝေါ်၍လည်းကောင်း ရေးသားဖော်ပြ ထားပါကြောင်း။

စိန်ဝင်း

www.myanmarcupid.net



# ဦးလှနှင့် ကရင်ပုံပြင်

## မန်းနဲစံ (ဘားအံ)

*နာဂအမျိုးသားများကို အခြားသော တိုင်းရင်းသားများက ရှေးအခါက အထင်မကြီးကြ၊ ယဉ်ကျေးမှုအဆင့် နိမ့်နေသေးသည်ဟု ထင်နေကြသည်။ သို့သော် ၎င်းတို့၏ ယဉ်ကျေးမှုရှိရာ ပုံပြင်များ ထွက်ပေါ်လာသောအခါ သူတို့၏ ယဉ်ကျေးမှုဆိုင်ရာ အတွေးအခေါ်များသည် အဆင်းအတန်းမနိမ့်၊ အထင်သေးစရာမဟုတ်၊ လေးစားဖွယ်ရာကောင်းသည်တို့ကို ယင်းတို့၏ ပုံပြင်များက ဖော်ပြနေသည်ကို တွေ့နိုင်ပေသည်။ ထို့အတူပင် အခြားသော တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်း ရှိးရာပုံပြင်များကို ကြည့်၍လည်း ဤနည်းနှင်နှင် လေးစားချစ်ကြည်ဘွယ်ရာ ဖြစ်နေပေသည်။*

www.myanmarcupid.net

ဦးလှ(လူထု)နှင့် ရင်းနှီးလာခဲ့သည်မှာကြာပါပြီ။ လူချင်း မတွေ့ဖူးသေးသည့် အချိန်ကပင် သူနှင့်ရင်းနှီး လာခဲ့ပါ၏။ မှတ်မိသလောက် ဆိုလျှင် သူနှင့် အစဦး မိတ်ဆက်ပေးသူမှာ ဦးတင်ဟိန်း(မောင်မဲ)ပင် ဖြစ်သည်။ ဦးတင်ဟိန်းနှင့် တရပ်တည်းသားလိုဖြစ်၍ သူက မကြာခဏဆိုသလို ဦးလှ ရေးသည့် စာအုပ်များ၊ လူထုဂျာနယ်မှ ဦးလှရေးသော ဆောင်းပါးများကို ယူလာပြီး ဖတ်စေသည်ကအစ ဦးလှ၏ စာပေအရေးအသား များကို အဆက်မပြတ် ဖတ်ရှုခွင့်ရခဲ့သည်။ ထို့ကြောင့် ဦးလှနှင့်လူချင်း မတွေ့ဆုံရ သေးမီကပင် လေးစားခင်မင် လာခဲ့ရခြင်းဖြစ်သည်။

## ဦးလှနှင့် ကရင်ပုံပြင်

တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ရိုးရာ ပုံပြင်များကို ထုတ်ဝေလိုသည်ဆို၍ ဦးတင်ဟိန်း(မောင်မဲ)နှင့် ပေါင်းပြီး ကောင်းနိုးရာရာ ကရင်အမျိုးသား ပုံပြင်များကို ရှာဖွေစုဆောင်းပေးယင်း ဦးလှနှင့် လူချင်းတွေ့ဆုံ ခင်မင်ရင်းနှီးလာခွင့် ရခဲ့သည်။ တိုင်းရင်းသားများ၏ ယဉ်ကျေးမှု အတွေးအခေါ်များသည် မည်မျှ ယဉ်ကျေးသိမ်မွေ့ လေးနက်မှု ရှိသနည်းဆိုသည်ကို သိလိုလျှင် ယင်းတို့၏ ရိုးရာပုံပြင်များကို လေ့လာကြည့်ခြင်းဖြင့် ချင့်မှန်းနိုင်ပေသည်သာဖြစ်၏။တိုင်းရင်းသား အချင်းချင်း

www.myanmarcupid.net

ရင်းနှီးခင်မင် လေးစားမှု ရရှိရေးအတွက် တဖက်တလမ်းမှ ၎င်းတို့၏ ရိုးရာ ယဉ်ကျေးမှု ပုံပြင်များဖြင့် မိတ်ဆက်ပေးလိုသည့် ဆန္ဒ ဦးလှတွင် ပြင်းပြစွာရှိနေသည်ကို တွေ့ရသည်။ မိမိမှာ လည်း ထို့အတူ (ကရင်အမျိုးသား တိုင်းရင်းသားတဦး ဖြစ်သည့်အလျောက်) ကရင်အမျိုးသား တိုင်းရင်းသား များနှင့် အခြားညီနောင်တိုင်းရင်းသားတို့ အချင်းချင်းချစ်ကြည် လေးစားမှုများ ဖြစ်စေလိုသည့် ဆန္ဒအခံရှိနေသည်။ ဆန္ဒချင်း တူညီနေသဖြင့်လည်း ကရင်ပုံပြင် ကို ဆဌမတွဲအထိ ထုတ်ဝေနိုင်အောင် ဦးလှကို ကူညီစုဆောင်းရှာဖွေပေးခဲ့ပါ၏။ သူ၏ဆောင်ရွက်ချက်၊ ရေးသား ထုတ်ဝေ ဖြန့်ချိချက်ကြောင့် တိုင်းရင်းသား ညီနောင်ချင်းများ ဖြစ်ကြသည့် ချင်း၊ ကရင်၊ ကချင်၊ ပအိုဝ့်၊ မြန်မာ၊ နာဂစသည့် လူမျိုးများ၏ ပုံပြင်များကို ကြည့်ပြီး တဦးပေါ်တဦး နားလည်လာခဲ့ရသည်။ လေးစားချစ်ကြည် လာခဲ့ရသည်။ အထင်အမြင်သေးသည့် စိတ်ဓာတ်များ ပပျောက်ခဲ့ရပါ၏။

ဥပမာ– နာဂအမျိုးသားများကို အခြားသော တိုင်းရင်းသားများက ရှေးအခါက အထင်မကြီးကြ၊ ယဉ်ကျေးမှုအဆင့် နိမ့်နေသေးသည်ဟု ထင်နေကြသည်။ သို့သော် ၎င်းတို့၏ ယဉ်ကျေးမှုရိုးရာ ပုံပြင်များ

www.myanmarcupid.net

ထွက်ပေါ်လာသောအခါ သူတို့၏ ယဉ်ကျေးမှုဆိုင်ရာ အတွေးအခေါ်များသည် အဆင်းအတန်းမနိမ့်၊ အထင်သေးစရာမဟုတ်၊ လေးစားဖွယ်ရာကောင်းသည်တို့ကို ယင်းတို့၏ ပုံပြင်များက ဖော်ပြနေသည်ကို တွေ့နိုင်ပေသည်။ ထို့အတူပင် အခြားသော တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်း ရိုးရာပုံပြင်များကို ကြည့်၍လည်း ဤနည်းနှင်နှင် လေးစားချစ်ကြည်ဘွယ်ရာ ဖြစ်နေပေသည်။ ဤအကျိုးတရား များကို ကြိုတင်မြင်၍ ဦးလှက ထိုထိုဤဤ၊ အလီလီသော တိုင်းရင်းသား ရိုးရာပုံပြင်များကို စာအုပ်ရေမြောက်များစွာ ထွက်လာသည်အထိ ရေးသား ထုတ်ဝေခဲ့သဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရေးအတွက် များစွာ အထောက်အကူပြုခဲ့ကြောင်း ထင်ရှားနေပေသည်။

"လူထုဦးလှဟာ ကရင်လူမျိုးဘဲ၊ အစကသူ့ကို ကရင်လူမျိုးမှန်းမသိခဲ့ဘူး။ ဒို့ကရင်ပုံပြင်တွေကို သူက စုဆောင်းဖော်ထုတ်ပေးလိုက်လို့ပေါ့၊ နို့မဟုတ်ရင် နမျောစရာကောင်းတဲ့ ရှေးကရင်လူကြီးသူမတွေ ဆုံးမချက်၊ သွန်သင်ချက်၊ ရိုးရာပုံပြင်တွေဟာ ပျောက်ကွယ်သွားရချေရဲ့၊ အခုတော့ သူဟာကရင်အမျိုးသား ရိုးရာ ယဉ်ကျေးမှုတွေကို တဖက်တလမ်းက စာပေနဲ့ဖော်ထုတ်ပေးလိုက်တယ်၊



www.myanmarcupid.net

ဖြန့်ချီပေးလိုက်တယ်လေ"။

"မဟုတ်ပါဘူး- သူကနာဂအမျိုးသားဘဲ။ နာဂပုံပြင်တွေကို ရေးသား ထုတ်ဝေခဲ့တယ်၊ စာအုပ်တအုပ်မှာ သူကိုယ်တိုင် နာဂတိုင်းရင်းသား တွေနဲ့ တွဲပြီးဓာတ်ပုံရိုက်ထားတာ တွေ့ရတယ်၊ သူ့သားလည်း အဲဒီမှာ နာဂဝတ်စုံ...." စသည်ဖြင့် ဦးလှုကို ဝေဖန်ကြသည်များရှိသည်။ အထူးသဖြင့် ဖွဲ့ကပင်တောင်ခြေမှ ကရင်အမျိုးသားများက "ဦးလှုဟာ ကရင်အမျိုးသား ဖြစ်မှာဘဲ" ဟု ဝေဖန်ကြသည်ကိုကြားရသည်။ ၎င်းတို့ ဝေဖန်ကြမည်ဆိုလည်း ဝေဖန်စရာ ဖြစ်နေသည်။ ကရင့်မျက်နှာ၊ ကရင့်ကိုယ်ထည် ကိုယ်ဖန်နှင့်၊ ကရင်ဝတ်စုံ ကိုဝတ်ပြီး၊ ဖွဲ့ကပင်တောင်ခြေတွင် စာပေအကြောင်း ဟောပြောခဲ့သည့် ဦးလှုကို ရုတ်တရက်ကရင်အမျိုးသားဟု ထင်ပြီး ဝေဖန်ကျမည်မှာ အမှန်ပင် ဖြစ်ပေသည်။

## စာဆိုပွဲ ကျင်းပစဉ်က

၁၉၆၈-ခုနတ်တော်လတွင်ဖြစ်သည်။ ထိုစဉ်က ဤစာရေးသူနှင့် အပေါင်းအသင်းများက ဦးဆောင်ပြီး ကရင်ပြည်နယ် ဘားအံမြို့အပိုင်၊ အောက်ရေတံခွန် ဘုန်းတော်ကြီးကျောင်းတွင်၊ စာဆိုတော်ဂုဏ်ပြုပွဲ ကျင်းပခဲ့ စဉ်ကဖြစ်ပေသည်။ သက္ကရာဇ်၁၂၀၀ ပတ်ဝန်းကျင်လောက်တွင် ထင်ရှားခဲ့သော



www.myanmarcupid.net

ကရင်အမျိုးသား စာဆိုတော် များဖြစ်ကြသည့် 'ဖူးစာသန့်'၊ 'ဖူးနဲစဗို'၊ 'ဖူးနဲမိုက်ခါ'၊ 'ဖူးစာဖော့'စသော ကရင်စာပေကျေးဇူးရှင် စာဆိုတော် များကို ဂုဏ်ပြုသည့်ပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်၊ "စာဆိုအတ္ထုပ္ပတ္တိစာတမ်း" ၎င်းတို့ရေးသားပြုစုခဲ့ကြသည့် စာပေ များအကြောင်း စာတမ်းများကို တင်ပြဘတ်ကြားကြမည်။ ထိုစာဆိုဂုဏ်ပြုပွဲသို့လာနိုင်လျှင် လာခဲ့စေ လိုကြောင်း မန္တလေးမှ လူထုဦးလှနှင့်ဒေါ်အမာတို့ကို ဘိတ်ကြားရန် စီစဉ်ကြသည်။ ဤမျှဝေးလံသောခရီးနှင့် တောခေါင် ခေါင်ကရင်တို့ဒေသသို့ လာနိုင်ကြလိမ့်မည်ဟု မည်သူမျှ မျှော်လင့်မထားကြ။ သို့သော်.. စာဆိုဂုဏ်ပြုပွဲကို ဦးဆောင်ကျင်းပကြသော ကရင်အမျိုးသား ဘုန်းတော်ကြီးများနှင့် လူငယ်များက ကရင်ရိုးရာပုံပြင်များကို ရေးသား ဖော်ထုတ်ပေးသူ ဦးလှကို တွေ့လို၊ မြင်လိုနေကြသည်။ လာနိုင် လိုလာနိုင်ငြား ဘိတ်ခေါ်ယူရန် ဆုံးဖြတ်လိုက်ကြ၏။

"တချို့က ဦးလှတို့လိုမြို့ကြီးသားများ၊ နာမည်ကျော်ကြား အထက်တန်းစား ပုဂ္ဂိုလ်များသည် တကယ်တမ်း ရောက်လာသောအခါ သူတို့အတွက် မည်သူက တာဝန်ယူပြီး ၎င်းတို့နှင့် ထိုက်ထိုက်တန်တန် မည်ကဲ့သို့ ဧည့်ခံမည်နည်း၊

www.myanmarcupid.net

ကရင်တို့၏ "တာလပေါ့"ဟင်းကို သူတို့စားနိုင်မည်လား။ ကရင်ဒေသမှ ဆန်များမှာလည်း ကြမ်းပါဘိသနှင့်....စသည်....စသည်ဖြင့် ကြိုတင်စိုးရိမ်အားနာနေကြသည်။

အောက်ရေတံခွန်ကျောင်းတွင် စာဆိုပွဲမပြုလုပ်မီ ၄ ရက်ခန့်အလိုတွင် ဦးလှ ဒေါ်အမာနှင့် ဦးတင်ဟိန်း (မောင်မဲ)တို့ လာဖြစ်ကြလိမ့်မည်ဟု ကြိုတင်အကြောင်းကြားချက်ကို ရရှိသည်။ ဝမ်းသာဂုဏ်ယူကြပါ၏။ ၎င်း တို့၏ အကြောင်းကြားစာတွင် မန္တလေးမှ လာကြမည်မဟုတ်၊ အောက်မြန်မာပြည်မြို့အနှံ့စာပေဟောပြောပွဲများ သို့လှည့်လည်ပြီး ဟောပြောယင်း ရန်ကုန်မှတဆင့် ကရင်ပြည်နယ် ဘားအံမြို့သို့ ဆက်ပြီး လာခဲ့မည်ဟု အကြောင်းကြားလာခဲ့သည်။ ဂုဏ်ပြုပွဲမပြုလုပ်မီ တရက်အလိုတွင် ရန်ကုန် ဘားအံ လေယာဉ်ဖြင့် သူတို့ရောက်လာကြသည်။ ထိုစဉ်က ကရင်ပြည်နယ်ဥက္ကဌဖြစ်သူ ဒေါက်တာစောလှထွန်း၏ မော်တော်ကားကို အကူအညီတောင်းပြီး ကိုတင်ထွန်း(ဘားအံသတင်းထောက်) နှင့်အတူ ဘားအံလေယာဉ်ဆိပ်သို့ သွားရောက်ကြိုဆိုကြသည်။ လေယာဉ် ဆိုက်လာသည်နှင့် လေယာဉ်ပေါ်မှဆင်းလာသော

www.myanmarcupid.net

ဦးလှကို ရှေးဦးစွာ တွေ့မြင်ရသည်။ နောက်မှ ဒေါ်အမာဆင်းလာသည်။ နှစ်ပေါင်းများစွာ ခွဲခွာရ၍ ယခုမှ ဆွေမျိုးသားချင်းများထံ ပြန်ရောက်ကြသည့်နှယ် ပြုံးရွှင်သော မျက်နှာအမူအရာကို ပြကြပါ၏။ ကြိုဆိုသူများကို ရွှင်ပြစွာနှုတ်ဆက်ကြသည်။ ရွှင်လန်းချမ်းမြေ့သည့်အမူအရာကို ပြကြသော်လည်း ပင်ပန်းနွမ်းနယ်လာကြသည့် အရိပ်အရောင်ကား မသိမသာ ပေါ်လွင်လျက်သာရှိကြသည်။ ဒေသအနှံ့ တမြို့ပြီးတမြို့ စာပေဟောပြောပွဲများသို့ တက်ရောက်ခဲ့ပြီး အနားယူရန် ပြင်လိုက်ခါမှ ပင်ပန်းမှုကို ဖယ်ထားလိုက်ပြီး ခရီးဆက်လာကြခြင်းဖြစ်၍ နွမ်းနယ်လာကြမည်မှာ အမှန်ဖြစ်ပေမည်။

**အောက်ရေတံခွန်တွင်**

ဦးလှတို့အဖွဲ့ကို အောက်ရေတံခွန်ကျောင်း ဇရပ်အိုတဆောင်တွင် နေရာချထားလိုက်ရသည်။ စားရေးသောက်ရေးအတွက် အထူးစီစဉ်ထားခြင်း မရှိသော်လည်း၊ ဦးလှတို့၏ ဆန္ဒအရ လူထုစတုဒီသာ ကျွေးမွေးသည့်နေရာမှာပင် ကျွေးမွေးရန် စီစဉ်ထားလိုက်ရသည်။ လူထုဦးလှနှင့် လူထုဒေါ်အမာတို့သည် တိုင်းရင်းသား လူထုစားသောက်ကြသည့်ကြားမှာပင် စားသောက်ကြ၏။ နေရေးထိုင်ရေးအတွက်ရော၊ စားသောက်ရေးအတွက်များပါ



www.myanmarcupid.net

အထူးသီးသန့် မစီစဉ်လိုက်ရခြင်းအတွက် စိတ်ထဲတွင် မကြေမနပ်ဖြစ်ရသော်လည်း လူထုဇနီးမောင်နှံတို့သည် တိုင်းရင်းသားလူထုအတွင်း ဝင်ရောက်ကာ နေထိုင်စားသောက်ကြသည့်အကြားတွင် ကိုယ်တိုင်ဝင်ရောက် ရောနှောနေထိုင် စားသောက်ကြသည်ဖြစ်၍ လူတွေနှင့် တသားတည်းဖြစ်ကာ ကြေနပ်နှစ်သိမ့်နေကြသည့် အသွင်ကို မြင်ရသဖြင့်လည်းကောင်း၊ သူတို့ အတွက် ဘာမျှအားနာမှုမထားပဲ စာပေဟောပြောပွဲကိုသာ အာရုံစိုက်ကြပါရန် ပြောသည့်အတွက်လည်းကောင်း၊ စိတ်သက်သာရာရပါ၏။

**စာပေဟောပြောပွဲ**

နောက်တနေ့ စာဆိုဂုဏ်ပြုဟောပြောပွဲတွင် ကရင်အမျိုးသား ရဟန်းတော်များ နှင့် စာပေမြတ်နိုးသူ လူငယ်မောင်မယ်အချို့တို့က (စီစဉ်ထားချက်အရ) စာဆိုတော်ဖူးစာဖော့၏ အတ္ထုပ္ပတ္တိစာတမ်း၊ ၎င်းရေးသားခဲ့ သည့်စာပေစာတန်း များကို လက်တန်းဟောပြော၍လည်းကောင်း၊ ကဗျာလင်္ကာဖြင့် ရွတ်ဆိုဂုဏ်ပြု ကြ၍တဖုံ၊ စာတမ်းများဖြင့် ပြုစုဘတ်ကြား ကြ၍တနည်းဖြင့် ပျော်ရွှင်စွာ စာဆိုဂုဏ်ပြုပွဲကို ပြုလုပ်ကြသည်။ ထိုပွဲတွင် လူထုဦးလှကလည်း

www.myanmarcupid.net

မြန်မာစာပေအကြောင်းနှင့် လူထုဒေါ်အမာက မြန်မာစာဆိုတော်တဦးဖြစ်သူ သခင်ကိုယ်တော်မှိုင်း၏ စာပေရေးရာများကို ဗဟုသုတဖြစ်ဖွယ်ရာ ဟောပြောသွားကြ၏။ မြန်မာ့ဗဟုသုတများကို ဖြန့်ဝေခဲ့ကြပေသည်။

ဟောပြောပွဲမှာ ၎င်းနေ့ညနေ ၄ နာရီလောက်တွင် ချောမောအောင်မြင်စွာ ပြီးဆုံးသွားသည်။ ပြီးနောက် ကရင်ယဉ်ကျေးမှု ဒုံးရိုးရာအကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြပေသည်။

**ကွောင်စေ၊ ဗကွာင်ထွန့်**

ကွောင်စေ၊ ကွောင်ထွန့်မှာ ကရင်အမျိုးသား ရိုးရာပုံပြင်တွင် ကရင်တို့မရှိနိုင်အောင် ပြောဆိုနေကြ သည့် ရွှေဖားစည်နှင့် ငွေဖားစည်တို့၏ အမည်များဖြစ်သည်။ ၎င်းမှာ ဒေသန္တရပုံပြင် ဖြစ်နေ၍ ယင်းပုံပြင် ဖြစ်ပေါ်လာရာဌာနမှာ ထိုစာဆိုဂုဏ်ပြုပွဲပြုလုပ်ရာ အောက်ရေတံခွန် တွင်ဖြစ်သည်။ ရေတံခွန်စီးထွက်ရာ ကျောက်ဂူအတွင်း သို့ဝှက်လိုက်ကြသဖြင့် ယနေ့တိုင်ရှာဖွေ၍ မတွေ့နိုင်တော့သည့် ဖါးစည်၂လုံးအကြောင်းကို ဖွဲ့နွဲ့ပြီး လွမ်းပုံပြင်တပုဒ် ထိုနေရာတွင် စလာခဲ့ခြင်း ဖြစ်သည်။ ဒုံးရိုးရာအက တဖွဲ့ပြီးတဖွဲ့ ကပြဖျော်ဖြေနေကြစဉ်

www.myanmarcupid.net

လှုထုဒေါ်အမာက တိုင်းရင်းသား ကရင်အမယ်ကြီး တဦးနှင့် ယှဉ်ထိုင်ကာ ဒုံးအကများကိုကြည့်နေရင်း၊ စကားလက်ဆုံကျနေစဉ်တွင် ဦးလှသည် ကရင်အဘိုးအို ၃–၄ဦးနှင့်အတူ ကွောင်စေ၊ကွောင်ထွန့်ပုံပြင်စတင်ရာ ရေတံခွန်စမ်း ကျောက်ဂူဝသို့ သွားရောက်ကြည့်ရှု နေကြပေသည်။ နောက်မှသိရသည်မှာ ယင်းအဘိုးအိုများထံတွင်ပင် ကရင်ပုံပြင်များကို ဦးလှက ထပ်မံပြီး စုဆောင်းယူဖြစ်အောင် (အချိန်အနည်းငယ်အတွင်း) ယူလိုက်ပေသေးသည်။

**မောင်ကျော်လှ**

"အော်ဆွန်း လာဆိုက် မောင်ကျော်လှ"

ညပိုင်းဖျော်ဖြေသည့် ဒုံးအကကို ဦးလှနှင့် စာရေးသူတို့ စိတ်ဝင်စားစွာ ကြည့်နေစဉ် နောက်နားဆီမှ လူငယ်တဦးက ဦးလှကို ထိုဒေသသုံး ကရင်ဘာသာဖြင့် နှုတ်ဆက်လိုက်သည်။ ထိုလူငယ်ကား ကရင်စကား စာဆိုဂုဏ်ပြုပွဲ ကျင်းပရေးအမှုဆောင်အဖွဲ့ဝင် လူငယ်တဦးဖြစ်သည်။ ဦးလှ၏ စာပေများ ကရင်ပုံပြင်များကို ဘတ်ပြီး ဦးလှကို ချစ်ကြည်ရင်းနှီးမှုရှိနေသည့် လူငယ်တဦးဖြစ်ပေသည်။ သို့ကြောင့် ဦးလှဆီလာပြီး တရင်း တနှီး "အောာဆွန်း လာဆိုက် မောင်ကျော်လှ" ဟု နှုတ်ဆက်လိုက်ခြင်း ဖြစ်သည်။

www.myanmarcupid.net

ရုတ်တရက် ဦးလှက ထိုသူငယ်ကိုကြောင်ပြီးကြည့်နေသည်။ ထိုသို့နှုတ်ဆက်လိုက်သည်ကို ဦးလှ ရုတ်တရက်နားမလည်လိုက်သည်ကို သိသဖြင့် "ဒီလိုပါ၊ အခုလူငယ်က ဦးလှကို ကျန်းမာပါစေဦးလှ (ဦးလှကျန်းမာပါစေ)လို့ဆိုပြီး နှုတ်ခွန်း ဆက်တာပါ။ အော်ဆွန်းလာဆိုက်ဆိုတာက (ကျန်းမာပါစေ)၊ မောင်ကျော်က (ဦးလေး)ပေါ့။ အော်ဆွန်းလာဆိုက်မောင်ကျော်လှ ဆိုတာက ကျန်းမာပါစေဦးလေးလှလို့ အဓိပ္ပါယ်ရပါတယ်" ဟု ရှင်းပြလိုက်ရသည်။ ထိုအခါ ဦးလှက ဝမ်းသာအားရဖြင့် "အေးကွယ်–မင်းတို့လည်း ကျန်းမာကြပါစေ"ဟု ပြန်လည်နှုတ်ဆက်ရင်း ထိုလူငယ်နှင့် စကားလက်ဆုံ ကျသွားတော့သည်။

ဤသည်မှာ ဦးလှ တိုင်းရင်းသား ကရင်လူထုတွင်းသို့ ရောက်ခဲ့စဉ်က အောက်မေ့ဘွယ်ရာ တကွက်ကို ဖော်ထုတ်လိုက်ခြင်း ဖြစ်သည်။ တိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးညီညွတ်ရေးကို လိုလားသူ မောင်ကျော်လှ (ဦးလေးလှ)ကို ဝတ္ထု၊ ဆောင်းပါးရေးသူ စာရေးဆရာတဦးထက် ပုံပြင်ရေးစာရေးဆရာတဦးအဖြစ် ပိုပြီး ထင်ထင်ပေါ်ပေါ် မြင်ရသည်။ တိုင်းရင်းသား ယဉ်ကျေးမှု ရိုးရာပုံပြင်များကို

www.myanmarcupid.net

ဖော်ထုတ်ရေးသားခြင်းဖြင့် တိုင်းရင်းသား အချင်းချင်း ယုံကြည်မှု၊ ချစ်ကြည်လေးစား ခင်မင်ရင်းနှီးမှုကို လိုလားသူအဖြစ်နှင့်လည်း မြင်မိပါ၏။ သူသာ အသက်ရှည်စွာ နေရဦးမည်ဆိုလျှင် တိုင်းရင်းသားချစ်ကြည်ရေးအတွက် ဆက်လက် ဆောင်ရွက်ခွင့်ကို ရယူလိမ့် ဦးမည်ထင်ပါသည်။ ယခုသော်.... သူ၊ မောင်ကျော်လှ (ဦးလေးလှ) မရှိတော့ပြီ။ မသိနိုင်သော ဂတိတခုသို့ ထွက်ခွာသွားခဲ့ပြီ ဖြစ်၏။ သူ၏ဆန္ဒ၊ သူ၏လုပ်ရပ်တို့သည် ဤတွင် စခမ်းရပ်လိုက်ပေပြီ။ သို့တစေ....သူဆောင်ရွက်ခဲ့သည့် တိုင်းရင်းသားချင်း ချစ်ကြည်ရေးကို ဖြစ်စေသည့် လုပ်ဆောင်ချက်တို့သည် မှေးမှိန်ပြီး ပျောက်ကွယ်မသွား စကောင်းပေ။ ကျန်ရစ်ကြသော သူ၏ မိတ်ဆွေရောင်းရင်း၊ ရေးဘော် ရေးဘက်များသည် သူနှင့်ဆန္ဒတူညီစွာ ဆက်လက်ဆောင်ရွက်ရန်သာ ရှိတော့သည်။ ဦးလှကား မသိကောင်းသော ဂတိတခုသို့ ထွက်ခွာသွားခဲ့ပြီ ဖြစ်၏။ သို့ပါသော်လည်း သူ့ကို မမေ့ပျောက်သင့်သေးသည်မှာ အမှန်ပင် ဖြစ်သည်။

မန်းနဲစန်

(ဘားအံ)

www.myanmarcupid.net



# လူထုဦးလှ၏ စာနှစ်စောင်

## ကိုပညာ (အမရပူရ)

ထိုစာရေးဆရာများ ဩဝါဒခံယူပွဲတွင် ဆက်လက်၍ ဆရာတော်က ယမကာ စာရေးဆရာများကို ဟာသနှော၍ သတိပေးခဲ့သေးသည်။

"စာရေးဆရာများဟာ စာရေးယင် ဦးနှောက်ကြည်ဆေးကလေး သောက်ရမှ ရေးဖြစ်တယ်လို့ ပြောကြ တယ်၊ ဘုန်းကြီးတော့ စာရေးနေတာကြာပြီ ခုချိန်ထိ ဦးနှောက်ကြည်ဆေး မသောက်ပဲနဲ့ ရေးဖြစ်နေတယ်....."

www.myanmarcupid.net

"စာမှန်သမျှ သမိုင်းကို ပြောနေကြသည်" ဟုဆိုလျှင် "သတင်းစာများသည် သမိုင်းကိုပြောနေကြသည်။" စာအုပ်ကို ပြုစုသူ သတင်းစာဆရာကြီးဦးလှက ကန့်လန့်ပြောသည်ဟု ထင်ကောင်းထင်ပေမည်။ သို့သော်လည်း၊ "သူ့စာများကပြောတဲ့ သိပ္ပံမောင်ဝ"ကို ရေးသူတယောက် အနေဖြင့်မူ သဘောတူမည်ဟု ထင်သည်။ ယခု သူ့စာ နှစ်စောင်က ပြောပြသည့် သမိုင်းဖြစ်စဉ်ကို တင်ပြလိုပေသည်။ စာရေးသူသည် ငယ်စဉ်ကပင် စာတိုပေစများကို စုလေ့စုထရှိခဲ့သည်။ ယခုလည်း စုဆဲဖြစ်၏။ လွန်ခဲ့သည့် တနှစ်ကျော်ခန့်က ကြည်အောင်နှင့် ကိုလေး (အင်းဝဂုဏ်ရည်) တို့ထံမှ ကဗျာစာမူများ ရောက်လာသည်။ ရွှေကိုင်းသား(ဆရာတော် ဦးသောဘိတ) နှစ် ၇၀-ပြည့် မင်္ဂလာမွေးနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေရန် စာမူ တောင်းသဖြင့် သူတို့ နှစ်ယောက်ကစာမူပို့ကြ၏။ သူတို့လက်ရေးစာမူ ကလေးတွေကို သိမ်းထားချင်သဖြင့် သူတို့ စာမူနှင့်တူအောင် ထပ်ကူးယူ၍ ဆိုင်ရာသို့ပို့ပေးလိုက်သည်။ သူတို့လက်ရေးကလေးတွေကို သိမ်းဆည်းရန် နေရာရှာမိ၏။ တဆက်ထည်းပင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ လက်ရေးစာမူကို သိမ်းထားသည့် စာအိတ်ကိုသတိရသည်။ စာအုပ်တွေ ကြားထဲမှာ ချွေးပြန်အောင်ရှာမှ

www.myanmarcupid.net

စာမူစာအိတ်ကိုတွေ့၏။ အိတ်ကိုဖွင့်လိုက် လျှင်ပင် လူထုသတင်းစာတိုက်တံဆိပ်နှင့် စာအိတ်ကလေးကျလာသည်။ လူထုဦးလှ၏ စာနှစ်စောင်ပါသည့် စာအိတ်ဖြစ်၏။ ဖွင့်ကြည့်မိပြန်၏။ သမိုင်းကို စိတ်ဝင်စားသူပီပီ ရက်စွဲကို ဂရုစိုက်ကြည့်မိသည်။ တစောင်က ၁၃၂၀–ခု ကဆုန်လဆန်း ၉–ရက်(၂၆၊၄၊၅၈)၊ တစောင်က ၁၃၂၀–ခု၊ကဆုန်လဆုတ် ၇–ရက်၊ (၉၊၅၊၅၈)နေ့စွဲ နှင့် အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ကြီးထံ မောင်လှ၊ တကာလှ (နောက်တစောင်က ဒကာလှ) က ရေးပို့သည့် စာနှစ်စောင်ဖြစ်သည်။ ဆက်၍လည်း သတိရမိ၏။ မဟာဂန္ဓာရုံဆရာတော်ကြီး ပျံတော်မူသည့် နောက်တနေ့ မနက်တွင် ဦးလှနှင့်တွေ့၏။ ဆရာတော်ကြီးထံ ဦးလှပေးသည့် စာ၂–စောင် စာရေးသူသိမ်းထားကြောင်း၊ အသုံးပြုမည်ဆိုလျှင် ပြုနိုင်ကြောင်း ပြောပြ၏။ ဦးလှက 'နောက်မှ ကြည့်လုပ်ကြတာပေါ့၊ ဆက်သာ သိမ်းထားပါ' ဟု ပြောခဲ့သည်။ ထို့ကြောင့် စာရေးသူသည် ဆရာတော်ကြီး လက်ရေးမူစာ တရွက်နှင့်အတူ လူထုဦးလှ၏ စာ၂–စောင်ကိုလည်း သိမ်းဆည်းထားသည်ကို သတိရမိခြင်းဖြစ်သည်။ ယခု ထိုစာ ၂–စောင်ကို ထပ်မံသတိရသဖြင့် ထပ်၍ဖတ်ကြည့်သည်။ လူထုနေ့စဉ်သတင်းစာတိုက် တံဆိပ်ပါသည့် စာရွက်နှင့်ပင် ရေးထားသည်။ ဤစာ ၂–

www.myanmarcupid.net

စောင်ကို ဖတ်ခဲ့သည်မှာ ၁၀–ကြိမ်ထက်မက ရှိပေမည်။ ယခုအကြိမ်တွင်တော့ စာဖတ်သူပါ ဖတ်ဖြစ် အောင် မူရင်းအတိုင်း ရေးကူးပြချင်ပေသည်။

**ပထမစာ။**

နေ့စွဲ ၁၃၂၀–ခု၊ ကဆုန်လဆန်း ၉–ရက်

၂၆–၄–၅၈

ဆရာတော် ဦးဇနက

မဟာဂန္ဓာရုံကျောင်းတိုက်

အမရပူရ

ရှိသေစွာလျှောက်ထားအပ်ပါသည်ဘုရား။

အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်းဝင်များက လျှောက်ထားသော နေ့ရက်မှာ နက်ဖန် ၁၃၂၀–ခု၊ ကဆုန်လဆန်း ၁၀–ရက် (၂၇၊၄၊၅၈) တနင်္ဂနွေနေ့ ဖြစ်ပါသည်ဘုရား။

ဆရာတော် ဩဝါဒမိန့်ခွန်းပေးမည့် အချိန်ကို ညနေ ၃–နာရီခွဲဟု သတ်မှတ်ထားပါသည်။ ထို့ကြောင့် ဆရာတော်ဘုရားအား ၃–နာရီ အချိန်ခန့်တွင် တပည့်တော်များ လာရောက်ပင့်ရန် စီစဉ်ထားပါသည်ဘုရား။

www.myanmarcupid.net

မောင်လှ

(ဒကာလှ)

**ဒုတိယစာ။**

နေ့စွဲ ၁၃၂၀–ခု၊ ကဆုန်လဆုတ် ၇–ရက်

၉–၅–၅၈

ဆရာတော် ဦးဇနကာဘိဝံသ

ဆရာတော်ဘုရား

တိုင်းရေးပြည်ရေးများကြောင့် ဆရာတော်အား

သတင်းစာနေ့စဉ်လှူလိုပါသည်။ မည်သည့်လိပ်စာဖြင့်

ပို့ပေးရမည်ကို အမိန့်ရှိတော်မူပါဘုရား။

ညောင်လေးပင်တောရဆရာတော်ထံမှ လူကြုံနှင့်ပို့လိုက်သော

သင်္ကန်းနှင့်စာကိုလည်း ယခုစာနှင့်အတူ တပည့်တော်၏

တပည့်အား ကပ်ခိုင်းလိုက်ပါသည်ဘုရား။

တကာလှ

လူထုဦးလှ၏ စာ၂–စောင် ရက်စွဲကိုကြည့်၍ နှစ်ကိုတွက်လိုက်လျှင် ၂၅–နှစ် သက်တမ်းရှိနေပေပြီ။ ငွေရတုသဘင် ဆင်ယင်နိုင်သည့် ဤစာရွက်ကလေး တွေထဲမှ အသံကလေးတွေ ထွက်လာသည်။ မဝေးလှသည့် အတိတ်ကိုလည်း ပြန်၍ပြောနေသည်။

www.myanmarcupid.net

၁၃၂၀–ခုနှစ်၊ ကဆုန်လဆန်း ၉–ရက်နေ့သည် ကဆုန်ကျက်ကျက် မုယင်းတက်သည့် ကာလဖြစ်၏။ ရာသီဥတုက ချွေးဒီးဒီးကျအောင် ပူလှသည်။ တောင်သမန်အင်း မုယင်းလယ်ကွက်မှ စာချောက်သံတို့က ဆူနေ သည်။ မဟာဂန္ဓာရုံဆရာတော်ကြီးသည် နေ့ ၁၂–နာရီခွဲ စာဝါပို့ချရန် ထိုင်နေ၏။ ထိုအချိန်က အမရပူရမဟာဂန္ဓာရုံကျောင်းတိုက်ကြီးသည် ယခုလောက် ခမ်းနားကြီးကျယ်မှုမရှိသေး။ တိုက်ကြီးတာကြီးတွေဝေး၍ ဆရာတော် ရည်မှန်းသည့် ကမ္ဘဌာန်းကျောင်းကလေးတွေပင် မပေါ်ပေါက်သေးပေ။ တောပတ်လည် ဝိုင်းရံနေသည့် ဆရာတော်သီတင်းသုံးသော ကျောင်းငယ်ကလေးအပြင်ဘက်တွင်သာ စာချနေရခြင်းဖြစ်သည်။ ကျောင်းကလေး တွင် မှန်ပြတင်းများ မတတ်ရသေး၊ ဝါးကပ်တချပ်သာလျှင် ဆရာတော်ထိုင်သည့်နေရာကို နေရောင်မထိုးအောင် ကာ,ရသေးသည်။ ဆရာတော်ကြီးသည် စာမချမီ စကားဦးစတင် အမိန့်ရှိသည်မှာ–

"နက်ဖြန် ဘုန်းကြီးသွားစရာရှိတယ်။ လူထုဦးလှဆီက စာလာတယ်။ နက်ဖြန်ညနေ၃–နာရီခွဲမှာ စာရေးဆရာတွေကို သြဝါဒပေးရမယ်။ စာရေးဆရာတွေဟာ ပညာရှိတွေဖြစ်တယ်၊

www.myanmarcupid.net

သူတို့ကို သြဝါဒ ပေးရမှာဆိုတော့ သူတို့နဲ့ သင့်တော်မယ့်စာ ရှာကြည့်ရဦးမယ်။ အခု ဘုန်းကြီး သူတို့နဲ့ သင့်တော်မယ် ထင်တဲ့ "မေဃဒူတ" ကိုတော့ ကြည့်ထားတယ်။ မေဃဒူတဆိုတာ ကဗျာရှည်ကြီး တပုဒ်ပဲ။ ဘုန်းကြီး ကတော့ အောင်တမန်မိုးလို့ နာမည်ပေးထားတယ်။ မင်းတို့ ကြိုးစားကြ၊ စာတွေ သိပ်ကောင်းတယ်၊ တနေ့ ဘုန်းကြီးသင်ပေးမယ်၊ (လက်ထဲမှစာအုပ်ကို ကိုင်ပြ၍) ဒီကျမ်းစာတွေပြီးမှ သင်ပေးမယ်၊ ခုချိန် မင်းတို့ ဒီစာမျိုး ဖတ်လို့မသင့်သေးဘူး၊ (ဆရာတော်ကြီးသည် မေဃဒူတကို သက္ကတဘာသာမှ ပြန်ဆိုကြည့်ရှုခြင်းဖြစ်ပေသည်)။ ဒီစာက ဘုရားဟောတော့မဟုတ်ဘူး။ ဒါပေမယ့် အလင်္ကာသဘော တော့ပါတယ်၊ အဖွဲ့အနွဲ့ကောင်းတယ် စသည်ဖြင့် မေဃဒူတ ကဗျာရှည်ကြီးအကြောင်းကို အမိန့်ရှိ လေသည်။ ထိုသို့ အမိန့်ရှိပြီးသည်မှ နောက်တနေ့၏ နောက်တနေ့သတင်းစာများတွင် ဆရာတော်ကြီး၏ သြဝါဒသည် သတင်းစာများမှတဆင့် မြန်မာပြည် တနံတလျား ပြန့်နှံ့သွားလေသည်။ အောက်မြန်မာနိုင်ငံ စာရေးဆရာ သန်းဆွေက သူ၏ဝတ္ထုတိုတပုဒ်တွင် "အမရပူရအရှင်ဇနကာဘိဝံသ ကတော့ 'အောင်တမန်မိုး'ဟု အမည်ပေးသည်၊ သူကတော့ 'မိုးဦးတမန်' လို့ဆိုချင်သည်"ဟု

www.myanmarcupid.net

ဆိုလေသည်။ ထိုစာရေးဆရာများ သြဝါဒခံယူပွဲတွင် ဆက်လက်၍ ဆရာတော်က ယမကာ စာရေးဆရာများကို ဟာသနှော၍ သတိပေးခဲ့သေးသည်။ “စာရေးဆရာများဟာ စာရေးယင် ဦးနှောက်ကြည်ဆေးကလေး သောက်ရမှ ရေးဖြစ်တယ်လို့ ပြောကြ တယ်၊ ဘုန်းကြီးတော့ စာရေးနေတာကြာပြီ ခုချိန်ထိ ဦးနှောက်ကြည်ဆေး မသောက်ပဲနဲ့ ရေးဖြစ်နေတယ်.....”

၁၃၂၀–ခု၊ကဆုန်လဆန်း ၁၀–ရက် တနင်္ဂနွေနေ့ (၂၇၊၄၊၅၈) ညနေ ၃–နာရီခွဲတွင် သြဝါဒပေးနေသော ဆရာတော်ကြီး၏ရုပ်ပုံလွှာသည် လူထုဦးလှ ရေးခဲ့သော လက်တဝါးခန့် စာရွက်ကလေးတွင် ပေါ်ထင်လာသည်။ ရှေ့တန်းတွင်ထိုင်၍ ရိုကျိုးစွာ သြဝါဒကို နာယူနေသည့် အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌလူထုဦးလှ၏ ရုပ်ပုံလွှာကိုလည်း လှမ်း၍မြင်လာသည်။ ၂၅–နှစ်ကျော်က ဆရာဒကာ စာပေလှူပ်ရှားမှု သမိုင်းလေးတွေ ကို ဤစာရွက်ကလေးက ပြောပြနေပေသည်။ ဒုတိယ စာရွက်ကလေးကလည်း လှုပ်ရှားလာပြန်၏။ အသံတော့ ကောင်းကောင်းမထွက်။ သို့ပေမင့် ဤစာရွက်ကလေး လှုပ်ရှားမှုက ဤစာရေးသူနှင့်ပါ ပတ်သက်နေသည်။

www.myanmarcupid.net

"တိုင်းရေးပြည်ရေးများကြောင့် ဆရာတော်အား သတင်းစာနေ့စဉ် လှူလိုပါသည်။ မည်သည့်လိပ်စာ ဖြင့် ပို့ပေးရမည်ကို အမိန့်ရှိတော်မူ ပါဘုရား….."တဲ့။ ထိုအချိန်က ဆရာတော်ကြီးမှာ သတင်းစာ ကောင်းကောင်းမဖတ်ရ။ ရက်ကျော်သတင်းစာများကိုသာ ဖတ်ရရှာသည်။ ထိုရက်ကျော်သတင်းစာများ ကိုလည်း စာရေးသူက နေ့စဉ်ပို့ရ၏။ (သတင်းစာများကို ဖ.ဆ.ပ.လ ဥက္ကဋ္ဌ ဦးကံထူးထံမှရ၏။) ယခု လူထုဦးလှက သတင်းစာလှူတော့မည်ဆို၍ စာရေးသူဝမ်းမြောက်သွား သည်။ ငယ်ချစ်ဆရာတော် ဖြစ်ငြားသော်လည်း၊ ဣန္ဒြေသိက္ခာ အရှိန်အဝါက ကြီးမားလှသဖြင့် လူငယ်ပီပီ ဆရာအရှင်နှင့် နေ့စဉ်တွေ့ရမည်ကို ကြောက်စိတ်ဝင်ခဲ့သည်။ ဦးလှကလှူလျှင် စာရေးသူက နေ့တိုင်း ပို့စရာ မလိုတော့၊ လူကိုယ်တိုင် မမြင်ဘူးသေးသည့် သတင်းစာအလှူရှင် လူထုဦးလှကိုလည်း အထူးကျေးဇူးတင်မိ သည်။ စကားလုံးကြီးကြီးဖြင့် ပြောရမည်ဆိုလျှင်၊ လူထုဦးလှသည် ဆရာအရှင်အား အများနှင့်မတူသည့် အသဒိသ ဒါနအမှုကို ပြုခဲ့သည်ဟုပင် ဆိုချင်သည်။

၂၅–နှစ်တာ ကာလ ယန္တရားကြီး လည်ပတ်ရာ အတိတ်လမ်းကြောင်းထဲသို့ စာရေးသူအား "လူထုဦးလှ ၏

www.myanmarcupid.net

စာ၂–စောင်က ဆွဲခေါ်သွားသဖြင့် ပစ္စုပ္ပန်ကာလနှင့် ခဏငယ်မှ အဆက်ပြတ်သွားသည်။ ငွေရတု စာရွက် ကလေး ၂–ရွက်ကိုင်၍ ငိုင်နေမိသည်။ ၂၅–နှစ်ကျော်က သမိုင်းကို ဤစာရွက်လေးတွေက ပြောနေကြသည် မဟုတ်ပါလား။ ဆရာတကာလက်တွဲ၍ စာပေလှုပ်ရှားမှုပြုခဲ့သည် မဟုတ်ပါလား။ စိတ်အစဉ်သည် ပစ္စုပ္ပန်ကာလထဲသို့ ပြန်လည်ရောက်ရှိ လာသည်။ စာရွက်ထဲမှ အသံကလေးများ၊ ရုပ်ပုံလွှာကလေးများသည် မှုံဝါးသွား၏။ ထို့နောက် ပျောက်ကွယ်သွား၏။ အိပ်မက်မှ နိုးထသူကဲ့သို့ ခံစား လိုက်ရသည်။ ရင်ထဲတွင်ဟာသွားသည်။ ဝမ်းနည်းစိတ်သည် ဝင်လာသည်။ ယခု ပစ္စုပ္ပန်ကာလတွင် ဆရာ အရှင် ကျေးဇူးရှင်လည်းမရှိတော့၊ နောင်တချိန်တွင် စာရေးသူနှင့် ရင်းနှီးကြွမ်းဝင်ရသည့် ဆရာအရှင်၏ တကာလှလည်း မရှိတော့။

ဆရာအရှင်သည် ၁၃၃၉–ခု၊ သက်တော် ၇၈–နှစ်၊ နတ်တော်လပြည့်ကျော် ၂–ရက် (၂၇၊၁၂၊၇၇) အင်္ဂါနေ့ညနေတွင်ပျံလွန်ခဲ့၏။

ဆရာအရှင်၏ တကာလှသည် ၁၃၄၄–ခု၊ အသက် ၇၃–နှစ်၊ ဒုတိယဝါဆိုလဆုတ် ၃–ရက် (၇–၈–၈၂)စနေနေ့တွင် ကွယ်လွန်ခဲ့၏။

www.myanmarcupid.net

ဝမ်းနည်းစိတ်ကို မျိုသိပ်၍ သမိုင်းတစိတ်တဒေသကို ပြောနေသည့် စာရွက်ကလေး ၂–ရွက်ကို တယု တယ ခေါက်၍သိမ်းမိ၏။ "စာမှန်သမျှသည် သမိုင်းကိုပြောနေကြသည်။"ဟုလည်း စိတ်မှ ရေရွတ်နေမိ၏။

*ကျေးဇူးရှင် မဟာဂန္ဓာရုံ ဆရာတော်နှင့်*


*တကာတော် လူထုဦးလှတို့အား*

*ဤစာငယ်ကလေးဖြင့်*

*လွမ်းရပါ၏။*

ကိုပညာ (အမရပူရ)

www.myanmarcupid.net



# ဪ – – ဦးလေးလှ

**မောင်သာနိုး**

*ကျွန်တော်တို့ ဦးလေးနဲ့ တဆောင်ထဲကြာကြာ မနေလိုက်ရဘူး။ မကြာခင် အဆောင်ပြောင်းကြရတယ်။ ကြိုးတိုက်ထဲမှာ တယောက်တခန်းနေရာချပေးထားပြီး၊ ရေချိုးချိန် ညနေလမ်းလျှောက်ချိန်မှ အတူဆုံခွင့် ပေးတယ်။ အဲဒီလို ညနေညနေ ကျွန်တော်တို့ကျောင်းသားတွေ စုပေါင်းလမ်းလျှောက်ကြချိန်မှာ ဦးလေးလှ တယောက် ထောင်တွင်းစေတီလေးမှာ ပန်းဆီမီးတွေ...*

www.myanmarcupid.net

ဦးလေးရဲ့ "စစ်၊အချစ်နဲ့ထောင်" ဝတ္ထုကို အင်္ဂလိပ်လို ဘာသာပြန်သူများက ဝတ္ထုနာမည်ကို "သားကောင်" (the Victim) ရယ်လို့ ပြောင်းလိုက်ကြတယ်။ ဦးလေးအကြောင်းကို ပြန်စဉ်းစားမိတဲ့အခါ ဒီစကားလုံးလေးဟာ ကျွန်တော့် နှလုံးသားထဲ ဝင်ရောက်လာတယ်။ ၁၉၅၃ ဆောင်းလတလ၊ အမင်္ဂလာ တနေ့ရာမှာ အတူရောက်ကြတော့ ကျွန်တော် ဦးလေးကိုကြည့်ပြီး ရင်ထုမနာ ဖြစ်ခဲ့ရတယ်။ ဩဘဲ– ဦးလေးလှ၊ ကံတရားရဲ့ ဝါ ဘဝရဲ့ ဝါ.....

၁၉၅၃ အောက်တိုဘာလမှာ တက္ကသိုလ် ကျောင်းသားတွေရဲ့ ကျောင်းတလပိတ်ရေး တောင်းဆို တိုက်ပွဲဝင်မှု ပေါ်ပေါက်ခဲ့တယ်။ အကျိုးဆက်အဖြစ် မန္တလေးတက္ကသိုလ်က ကျောင်းသားသုံးဦး၊ အထက်တန်း ကျောင်းသားသုံးဦးနဲ့ အရပ်သားလူကြီးနှစ်ဦး အဖမ်းခံ ခဲ့ရတယ်။ တက္ကသိုလ်ကျောင်းသားသုံးဦးထဲမှာ တဦးက ကျွန်တော်၊ အရပ်သားလူကြီးထဲက တဦးက ဦးလေးလှ။ ထောင်ထဲရောက်လို့ ဒီလူကြီးနှစ်ဦးကို ဖမ်းထားတာတွေ့လိုက်ရ တာနဲ့ ကျွန်တော်အံ့အားသင့်သွားမိတော့တယ်။ ဟယ်– ဘာဖြစ်လို့ ဒီလူကြီးတွေဖမ်းလာပါလိမ့်။ အဲဒီတုန်းက မန္တလေးတက္ကသိုလ် ကျောင်းသားတွေထဲမှာ ကျွန်တော်က ထိပ်ပိုင်းက ပါဝင်လုပ်ဆောင် နေတာပါ။ ကျွန်တော်

www.myanmarcupid.net

သိပ်သိတာပေါ့။ ကျွန်တော် ဆွေးနွေးခဲ့တာပဲ။ ကျွန်တော် စည်းရုံးလုပ်ဆောင်ခဲ့တာပဲ။ ဘယ်သူတွေက ခေါင်းဆောင်တွေ၊ ဘယ်သူတွေက ဘာမှမဆိုင်ဘူးဆိုတာ ကျွန်တော် မသိပဲရှိပါ့မလား။ ဒီလူကြီးနှစ်ဦးနဲ့ ကျွန်တော်တို့ ကျောင်းသားတွေ ဘာမှမဆိုင်ဘူး။

အဲဒီတုန်းက လူကြီးတဦးက ဒို့ဘုရင်ဦးဘရင်။ ဖဆပလခေါင်းဆောင်တဦး။ ဒါပေမယ့် သူ့သားက တောခိုကျောင်းသား ခေါင်းဆောင်တဦး။ သူ့သမီးနှစ်ဦးကလဲ ကျောင်းသားအရေး၊ လူငယ်အရေးတွေမှာ ပါဝင် လုပ်ဆောင်နေတယ်။ အဲဒီတော့ သူ့ကို မသင်္ကာမယ်ဆို မသင်္ကာစရာပါပဲ။ ဒါပေမယ့် ဖအေလုပ်သူက ယုံကြည် ချက်တမျိုး၊ သားသမီးတွေက ယုံကြည်ချက်တမျိုး၊ အဲသလို အဖြစ်မျိုးတွေ ဇာတ်လမ်းတွေကလဲ အဲဒီခေတ်က ဒုနဲ့ဒေးရယ်။ နောက်တော့လဲ ဖဆပလခေါင်းဆောင်တွေဟာ သဘောပေါက်သွားတယ်နဲ့တူပါတယ်။ ဒို့ဘုရင် ဦးဘရင်ကို ကျွန်တော်တို့ကျောင်းသားတွေအရင်ပဲ လွှတ်ပေးလိုက်ပါတယ်။ တော်တော်နဲ့မလွှတ်ပဲ ကျွန်တော်တို့ ကျောင်းသားတွေ (တနှစ်ခွဲအကြာ)လွှတ်တာတောင် မန္တလေးက ရန်ကုန်ထောင် ပြောင်းရွှေ့ပြီး ဆက်လက်ဝင်္ခံ နေရရှာတာကတော့ ဦးလေးလှ။

www.myanmarcupid.net

ထုံးစံအတိုင်း သက်ဆိုင်ရာများက ကျွန်တော်တို့ အဖမ်းခံကျောင်းသားတွေကို စစ်ဆေးမေးမြန်းတဲ့အခါ ဦးလေးလှအကြောင်း မေးပါတယ်။ ကျွန်တော်တို့က ဦးလေးလှနဲ့ ကျွန်တော်တို့ ဘာမှမဆိုင်ကြောင်း၊ အမှန် အတိုင်းထုတ်ဖော်အစစ်ခံခဲ့ကြပါတယ်။ လူကြီးမင်းများ ကျေနပ်ပုံမရကြပါဘူး။ ကျောင်းသားအရေးနဲ့ မပတ် သက်လဲ တခြားလက်ဝဲနိုင်ငံရေးတခုခုမှာ ပတ်သက်ပါဝင်နေမှာပဲလို့ စွဲလန်းနေကြတယ်။ အမေရိကန်ပြည်မှာ မဂ္ဂါသီဝါဒ ခေတ်စားနေချိန် မြန်မာပြည်မှာ လာဂယက်ရိုက်တာပါပဲ။

ဦးလေးကို ကျွန်တော်တက္ကသိုလ်မရောက်ခင် စစ်ကိုင်းမှာ အထက်တန်းကျောင်းသားဘဝနဲ့ရှိစဥ်က တည်းက စတင်သိကျွမ်းခဲ့တာပါ။ ကျွန်တော်တို့ ကျောင်းသားတွေ မခံမရပ်နိုင်ဖြစ်ရတဲ့ ကိစ္စလေးတခုကို လူထုသတင်းစာတိုက်မှာ လာပြီး သတင်းပေးရင်း တွေ့ဖူးမြင်ဖူးခဲ့တာပါပဲ။ (အဲဒီတုန်းက ကျွန်တော် ကျောင်းသားသမဂ္ဂမလုပ်သေးဘူး။ သာမန်စာကြိုးစားတဲ့ ကျောင်းသားတဦးမျှ) နောက် လူထုဂျာနယ်က ဆောင်းပါးပြိုင်ပွဲတခုမှာ ကျွန်တော်ဝင်ပြိုင်ခဲ့တယ်။ တက္ကသိုလ်ရောက်လာတော့ မြို့ထဲလာရင်း လမ်းကြုံလို့ လူထုတိုက်ကို ဝင်တဲ့အခါ စကားပြောဖူးတယ်။ ဒါတောင် အဲဒီတုန်းက

www.myanmarcupid.net

သတင်းစာတိုက်ပိုင်ရှင်ဦးလှထက် တိုက်မှာအမြဲလိုရှိနေတတ်တဲ့ သက်န်းဘိုသိဘတ်သီနဲ့ ဘုန်းကြီးအသျှင်ဉာဏိသရနဲ့ ပိုလို့ရင်းနှီးသွားတယ်။ ဒါကြောင့်နောင်များမှာ အသျှင်ဉာဏိသရလူထွက်ပြီး ဦးဆန်းထွန်းဖြစ်သွားတဲ့အကြောင်း စကားစပ်မိရင် ဦးလေးက ကျွန်တော့်ကို "မင့်ဆရာလေ"လို့ ပြုံးပြီးပြောလေ့ရှိတယ်။ လူထုတိုက်ကို ဝင်ထွက်နေပေမယ့်လို့ ဦးလေးနဲ့ရော အသျှင်ဉာဏိသရနဲ့ပါ နိုင်ငံရေးအကြောင်း စကားမစပ်မိဖူးဘူး။ တဖြည်းဖြည်းနဲ့ ကျောင်းသား အရေးတွေလုပ်၊ အဲဒီကမှ ပြင်ပနိုင်ငံရေးတွေထဲ ရောက်သွားရင်းနဲ့ ကျွန်တော်ဟာ မန္တလေးက ပုဂ္ဂိုလ်တော်တော် များများ အကြောင်းသိလာရသလို လူထုဦးလှအကြောင်းကိုလဲ အတွင်းကျကျ သိထားရပါပြီ။ အရင်ကတော့ ကျွန်တော်လဲ ဖဆပလကြီးများထင်သလိုပဲ လူထုသတင်းစာဆိုတာ လက်ဝဲသတင်းစာ၊ လူထုဦးလှဆိုတာ လက်ဝဲပါတီ တခုခုကပုဂ္ဂိုလ်တဦး၊ ဒီလိုထင်ခဲ့တာကိုး။ ကိုယ်တိုင်လက်ဝဲပါတီတွေအတွင်း ရောက်သွားတော့မှ လူထုသတင်းစာဟာ ဘယ်ပါတီရဲ့ အာဘော်မှ မဟုတ်သလို၊ ဦးလှဆိုတာလဲ ဘယ်ပါတီရဲ့အဖွဲ့ဝင်မှမဟုတ်၊ တသီးပုဂ္ဂလတဦးဆိုတာ ကျွန်တော်သိလာရတော့တယ်။

www.myanmarcupid.net

ရှင်းရှင်းပြောရရင်တော့ အဲဒီတုန်းက လက်ဝဲဆိုတဲ့ ပုဂ္ဂိုလ်များက ဦးလေးလှကို အထင်သေးကြတာများပါတယ်။ ကြောက်တယ်။ မပြတ်သားဖူး၊ အချောင်ခိုတယ် ဆိုတာမျိုးတွေနားမဆန့်အောင်ကြားနေရတယ်။ တချို့ကတော့လဲ သူ့ဘာသာသူနေတတ်သလိုနေပါစေလေ၊ အသုံးချတန်သရွေ့ အသုံးချသွားကြရမှာပလို့ ပြောကြရဲ့။ သူတို့အဖွဲ့ထဲပြေကောင်းဝင်ဖို့ ဦးလှကို ကပ်ဆွေးနွေး နေတယ်ဆိုတဲ့ ပါတီလက်သစ်တခုရဲ့ သတင်းကိုလဲ ကြားရသေးတယ်။

၁၉၅၃ အောက်တိုဘာလ အရေးအခင်းဆိုတာက ပြင်ပလူတွေမပြောနဲ့ ကျွန်တော်တို့ ကျောင်းသား ခေါင်းဆောင်တွေတောင် ဘာမှန်းမသိလိုက်ရပဲ ပေါ်ပေါက်လာမှ မီးစင်ကြည့်ကကြရတဲ့ ကိစ္စ။ (ဒီအကြောင်းကို အဲဒီတုန်းက မန္တလေးတက္ကသိုလ် ကျောင်းသားခေါင်းဆောင် တဦးဖြစ်တဲ့ မောင်သာရက ဝတ္ထုတပုဒ် ရေးပြီးပါပြီ)၊ လူထုဦးလှ၊ ဒို့ဘုရင်ဦးဘရင်ဆိုတဲ့ လူကြီးတွေခမျာ အပြင်ကသာလှမ်းသတင်းနားစွင့်နေရချိန် ကျွန်တော်တို့ ကျောင်းသားခေါင်းဆောင်တွေ ဆိုတာလဲ မြို့ထဲထွက်လာဖို့ အချိန်မရ။ တက္ကသိုလ်ပရဝုဏ် အတွင်းမှာပဲနေ့မအားညမအား ရောက်ရက်ခတ်နေရချိန်။ ဒီလိုရှိနေပါရက်နဲ့ ထောင်ထဲကျတော့

www.myanmarcupid.net

ဦးလေးလှကို တွေ့လိုက်ရတာ ကျွန်တော်ဘယ်မှာ မအံ့သြပဲနေပါ့မလဲ။

အဲဒီ ၁၉၅၃ ဆောင်းလတရက်ရဲ့ မနက်ခင်းကို ကျွန်တော်ပြန်လည်မြင်ယောင်မိတယ်။ ညမှာဖမ်း၊ မြို့ထဲက ရဲဌာနတခုမှာထားပြီး မနက်ကျမှ ထောင်ထဲရောက်သွားရတာကိုး။ ထောင်တွင်းမှာ ရုတ်တရက် အဆောင်မစီစဉ်နိုင်သေးတော့ ကျွန်တော်တို့ကျောင်းသားတွေကို ထောင်ဆေးရုံမှာပဲဆဏထားတယ်။ အဲဒီမှာ ဦးလေးလှတို့ ရောက်နှင့်နေတာကို တအံ့တသြသွားတွေ့ရတာပါပဲ။ ချက်ချင်းပဲလူကြီးတွေတော့ အခြောက်တိုက် ခံကြရရှာပြီလို့ စဉ်းစားမိပြီး ကျွန်တော်သနားနေမိတယ်။ ဒါပေမယ့် ဦးလေးဟာ မျက်နှာညှိုးငယ်ပေမယ့် ကျွန်တော်တို့ကို ဟန်မပျက်ဆီးကြိုမေးမြန်းတယ်။ နေရာချပေးနေတယ်။ ကုတင်၊ မွေ့ယာ၊ ခြင်ထောင် စတာ တွေဟိုမေးဒီတောင်း လုပ်နေတယ်။ စားစရာသောက်စရာ အစီအစဉ်တွေ စီမံနေတယ်။ အဲဒီမှာရှိနေတဲ့ (ဗိုလ်ချုပ်အောင်ဆန်းဇနီး ဒေါ်ခင်ကြည်ရဲ့မောင်)ဦးသိန်းက ဦးလေးလှနဲ့ သိဟောင်းကျွမ်းဟောင်းဆိုတော့ အကူ အညီရပါတယ်။ နေရာလေး ဘာလေးရ၊ လဖက်ရည်လေး မုန့်လေးစားပြီးတဲ့အခါမှာတော့ ဦးလေးက ကျွန်တော် တို့ကို

www.myanmarcupid.net

စိတ်လက် ကြည်ကြည်လင်လင်ထားဖို့၊ ကျန်းမာရေးဂရုစိုက်ကြဖို့ ဆုံးမနေတယ်။ ကျွန်တော်တို့က ဦးလေးတို့ အခုလို အခြောက်တိုက် ပါလာရတာ စိတ်မကောင်းတဲ့အကြောင်း ပြောတော့ "ဒီလိုပေါ့ကွယ်၊ နောက်တော့လဲရှင်းသွားမှာပါ"လို့ပဲပြောပြပါတယ်။

ကျွန်တော်တို့ ဦးလေးနဲ့ တဆောင်ထဲကြာကြာ မနေလိုက်ရဘူး။ မကြာခင် အဆောင်ပြောင်းကြရတယ်။ ကြိုးတိုက်ထဲမှာ တယောက်တခန်းနေရာချပေးထားပြီး၊ ရေချိုးချိန် ညနေလမ်းလျှောက်ချိန်မှ အတူဆုံခွင့် ပေးတယ်။ အဲဒီလို ညနေညနေ ကျွန်တော်တို့ကျောင်းသားတွေ စုပေါင်းလမ်းလျှောက်ကြချိန်မှာ ဦးလေးလှ တယောက် ထောင်တွင်းစေတီလေးမှာ ပန်းဆီမီးတွေ ပူဇော်ကာဝတ်ပြုနေလေ့ရှိတာကို အခုတိုင် မြင်ယောင်မိနေ တယ်။ အဲဒီတုန်းကကျွန်တော်တို့ကအရင်လွတ် သူ့ခမျာနောက်အကြာကြီးဆက်ပြီး ဒီလိုသားကွဲမယားကွဲ ထောင်ထဲမှာ နေရစ်ရှာရဦးမှာပါလားလို့ ကျွန်တော်တို့ ဘယ်ထင်မိလိမ့်မလဲ။ ဒီ ဘာမှအပြစ်မရှိတဲ့၊ ဘယ်နိုင်ငံ ရေးပါတီနဲ့မှလဲ မပတ်သက်တဲ့ ကျွန်တော်တို့ကျောင်းသားတွေလို ဆူလားပူလားလုပ်ဖို့ စိတ်တောင်မကူးရှာတဲ့ လူကြီးအပေါ် ဖဆပလကြီးတွေ

www.myanmarcupid.net

မကျေနိုင်မချမ်းနိုင် အငြိုးကြီးလိမ့်မယ်လို့ ကျွန်တော် မထင်ခဲ့မိဘူး။

ဦးလေးမဆုံးခင်တနှစ်က ကျွန်တော်မန္တလေး အလည်ပြန်ရောက်ခိုက် ဦးလေးဆီသွားရာမှာ ဦးလေးက သူ့ကိုဟိုစဉ်က ပြည်ထဲရေးဝန်ကြီးလုပ်ခဲ့သူလူကြီးက (၂၈–၁၁–၇၉)နေ့က လာပြီးကန်တော့သွားတဲ့အကြောင်း ကျွန်တော့်ကိုပြောပြပါတယ်။ ဦးလေးဟာ အပြုံးတွေဝေကာ ရယ်ရယ်မောမောကျေကျေနပ်နပ်ပဲ ကျွန်တော့်ကို ပြောပြနေတယ်။

“ဦးလေးလဲသူ့ကိုဆုတွေအကြာကြီးပေးလိုက်သကွာ၊သူ တကယ်နောင်တရနေတာပါ။ ခုတော့သူလဲ တရားတွေဘာတွေ ထိုင်နေတယ်တဲ့။”

ဦးလေးပြောနေပုံက ထောင်ထဲမှာ သုံးလေးနှစ် (၁၉၅၃ကနေ ၁၉၅၆ အထိ) မေ့မေ့ပျောက်ပျောက် ချုပ်နှောင်ထားခဲ့တာကိုပဲ ဘာမှမဖြစ်လောက်တဲ့ကိစ္စလေးလို၊ ဗွေမယူစကောင်းတဲ့ ကိစ္စလေးလို သဘောထားနေ ပုံပါ။ တကယ် သူပြီးခဲ့တာတွေကို ခဝါချထားလိုက်ပုံပါ။

ခုနှစ်အတိအကျတော့ ကျွန်တော်မမှတ်မိတော့ဘူး။ ဦးလေးထောင်ကလွတ်လာပြီးလို့ ထောင်အတွေ့ အကြုံစာတွေရေး၊ စာအုပ်တွေအတော်ထုတ်ပြီးချိန်ဖြစ်တယ်။

www.myanmarcupid.net

တနေ့လယ်ကျွန်တော်ဦးလေးဆီရောက်သွားတယ်။ ဦးလေးရဲ့အခန်းထဲမှာ ဦးလေးနဲ့မျက်နှာချင်းဆိုင် ကုလားထိုင်တလုံးပေါ်မှာ လူတယောက်ထိုင်နေတယ်။ မြို့သား လဲမဟုတ်၊ တောသားလဲမကျလှ၊ စာပေသမားလဲ ဟုတ်ဟန်မတူ၊ မြို့ရေးရွာရေး ခေါင်းဆောင်လဲဖြစ်ပုံမရတဲ့ ဂိုက်မျိုးပဲ။ ဦးလေးဆီ လာနေကျဧည့်သည်မျိုးတော့ မဟုတ်ဘူးဆိုတာ ကျွန်တော်ရိပ်မိပြီး ဘေးကုလားထိုင် တလုံးမှာ အသာဝင်ထိုင်နေလိုက်တယ်။ ဦးလေးဟာ စားပွဲမှာအလုပ်လုပ်နေပေမယ့် စိတ်ကြည်လင်ပုံမရပါ။ အကြံအိုက်နေပုံလဲပေါ်နေတယ်။ အထူးကိစ္စနဲ့လာတာမဟုတ်တဲ့ ကျွန်တော်လဲ ဘာမှနှုတ်မဆက် စကားမဆိုပဲ ကိုယ့်ဘာသာကိုယ် စာအုပ်တအုပ်ယူကာ လှန်လှောနေမိတယ်။ အချိန်အတော်လေးကြာသွားတယ်။ ဘသူမှ စကားမဆို။ ဦးလေးလဲစာရေးလိုက်၊ ထပြီးစာအုပ်စာတန်းရှာလိုက် ပြန်ထိုင်၊ စာရေးလိုက်၊ ကျွန်တော်လဲ စာအုပ် ကိုလှန်လှောမြဲ။ ဟိုလူလဲငုတ်တုတ်၊ ကျွန်တော့်ကိုလဲအရေးမလုပ်၊ ဦးလေးကိုပဲ စိုက်ကြည့်နေမြဲ။

"ဟေ့ ချစ်သဲ၊ ပြန်တော့ကွာ"

www.myanmarcupid.net

ဦးလေးရဲ့ မာကျောသလိုလို ချော့သလိုလို စကားသံက ဆိတ်ငြိမ်ခြင်းကို ဖြိုခွင်းလိုက်တယ်။ ကျွန်တော် စိတ်လှုပ်ရှားသွားပြီး နားစွင့်နေမိတယ်။

"ကျွန်တော်ပြောတာမရရင်တော့ မပြန်နိုင်ဘူး၊ ဦးလေး"

"မင့်ငါခုပေးထားတာ တော်ပြီလို့ငါပြောထားပြီပဲ။ မင်းခုလိုခဏခဏလာညှဉ်းနေတာ ဘာကောင်းလဲ။ သွားတော့"

"ကျွန်တော်မသွားနိုင်ဘူး ဦးလေး၊ ကျွန်တော်ပြောတာရမှ သွားနိုင်မယ်"

အချိန်အတော်ကြာသွားပြန်တယ်။

"ချစ်သဲ"

ဦးလေးဆီက အသံထွက်လာပြန်တယ်။

ငနဲကမဖြေ။

"တော်ကြာ ရဲတွေဘာတွေ ငါခေါ်လိုက်ရရင် အခြေအနေပိုဆိုးကုန်မယ်"

"ဦးလေးအဲဒီလိုရဲတွေဘာတွေ ရှုတ်ရှုတ်ရက်ရက် လုပ်မယ်ဆိုရင်တော့ ကျွန်တော် ဦးလေးကို အန္တရာယ် ပြုရလိမ့်မယ်။ ဒါပဲ။ ဦးလေးပေးမှာသာပေး။ မပေးရင်မသွားဘူး။"

ဦးလေးဘာမှမပြော။ စာပဲဆက်ရေးနေတယ်။ ကျွန်တော် ငနဲသားရဲ့စကားကြောင့် အတော်ဒေါပွသွားမိ တယ်။ ဒါပေမယ့်



www.myanmarcupid.net

ဦးလေးကတော့ ဘာမှမလုပ်၊ စိတ်ဆိုးပုံလဲမပြ၊ စာပဲဆက်ရေးနေတယ်။ တယ်လီဖုန်းလဲ ကောက်မကိုင်။ ကျွန်တော်အနေရကြပ်လာတယ်။ ဦးလေးက အကျဉ်းထောင်ပြုပြင်ရေးတွေဘာတွေရေးနေသူ ဆိုတော့ သူ့လူနဲ့သူကြည့်စခန်းသွားမှာပါပဲလို့သာ စိတ်ထဲအတွေးဝင်လာတယ်။ ဆက်ပြီး ကြည့်ချင်စိတ်တော့ မရှိတော့ဘူး။ ဒါနဲ့ အသာအခန်းထဲက ထွက်လာခဲ့တယ်။ နောက်တော့ရဲကိုခေါ်ပြီးတော့မှပဲ ကိစ္စပြီးသွားတယ် လို့သိရတယ်။

ဒီအဖြစ်အပျက်လေးကို ပြန်စဉ်းစားမိရင် ကျွန်တော့်စိတ်ထဲ "ဩော်–ဦးလေးလှ"လို့ ရေရွတ်လိုက်မိ တယ်။

ဦးလေးလှဟာ ကျွန်တော်တို့ မမွေးခင်၊ လူလားမမြောက်ခင်ကတည်းက ကြီးပွားရေးအသင်းတွေ ထောင်ပြီး လူမှုပြုပြင်ရေးလုပ်ငန်းတွေလုပ်ခဲ့သူပါ။ သူ့ကြီးပွားရေးအသင်းဆိုတာ နိုင်ငံရေးမလုပ်ရလို့ စည်းကမ်းကန့်သတ်ချက်ရှိတယ်လို့ ကြားဖူးတယ်။ ဒီလိုပြုပြင်ရေးလုပ်ရင်းက နောက်တော့လဲ ပြုပြင်ရေးဆိုတာ နိုင်ငံရေးမပါပဲမရဘူးလို့ အတွေ့အကြုံက သွန်သင်တယ်နဲ့တူပါတယ်။ ဖဆပလထူထောင်စမှာ ဦးလေးလှ



www.myanmarcupid.net

ပါဝင်လာခဲ့တယ်။ ဆိုရှယ်လစ်အတွေးအခေါ်တွေ ဘာတွေကိုလဲ လေ့လာယုံကြည်လာပုံရပါတယ်။ သူ့ကြီးပွားရေးမဂမဂ္ဂဇင်းဖိုင်တွဲကြီးထုတ်ပြပြီး၊ ဆိုဗီယက်ရှုသျှက ပညာရေးအကြောင်း ဆောင်းပါးတွေ ထောက်ပြ ကာ "တို့က ကြီးပွားရေးတုန်းကတည်းက ဆိုရှယ်လစ်ပညာရေးတွေ ဘာတွေဖော်ပြနေတာပါကွ"လို့ ကျွန်တော့် ကိုပြောပြဘူးတယ်။

ဒီလိုနဲ့ ပြုပြင်ရေးအားသန်တဲ့ ဦးလေးလှခမျာ ထောင်ထဲရောက်သွားတော့ သူ့ယုံကြည်ရင်း၊ သူ့စေတနာအတိုင်း ထောင်ပြုပြင်ရေးကိစ္စမှာ တတပ်တအားမှ ပါစေတော့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အကျဉ်းသမားတွေဘဝကိုလေ့လာ၊ သူတို့ခုလိုဖြစ်ခဲ့ရပုံတွေစုံးစမ်းရင်း ဒါတွေကို နောင်စာပေအဖြစ် ရေးချတော့တာပါပဲ။ ကျွန်တော်တို့လဲ ငယ်နုစဉ်ကတော့ ဦးလေးလှလို ယုံကြည်တာပါပဲ။ "ရာဇဝတ်ကောင်ဆိုတာ မွေးဖွားလာတာ မဟုတ်ဘူး၊ ပတ်ဝန်းကျင်က ဖန်တီးလိုက်တာ"ဆိုတဲ့ အဆိုအမိန့်ကို ကျွန်တော်တို့ သိပ်သဘောကျခဲ့သပေါ့။ လူဟာမွေးစက ပကတိသန့်စင်တယ်၊ လူ့အဖွဲ့အစည်းပတ်ဝန်းကျင်က ဆိုးအောင်မိုက်အောင် ဖန်တီးပေးလိုက် တာဖြစ်တယ်ဆိုတဲ့ ရှုဆိုးတို့ ရောမန္တိက ဝါဒီတွေရဲ့ အယူအဆကို အဟုတ်မှတ်နားစွဲနေခဲ့တာကိုး။

www.myanmarcupid.net

နောင်စာတွေ ဖတ်၊ ကိုယ်တိုင်အတွေ့အကြုံကလဲ ရင့်လာတော့မှ၊ မဟုတ်သေးဘူး၊ ပတ်ဝန်းကျင် ကချည့်မဟုတ်သေးဘူး။ ဗီဇ ဆိုတာလဲ ရှိသေးတယ်။ ဆိုးဗီဇရှိတဲ့လူကို ဘယ်လိုမှ ပြုပြင်လို့ မရဘူးဆိုတာကို သဘောပေါက်လာခဲ့ရ တော့တယ်။

ကျွန်တော့်ထက် အသက်ရော အတွေ့အကြုံပါ အများကြီးရင့်တဲ့ ဦးလေးလှကကော ဘယ်လိုလဲ၊ ကိုယ်တွေ့အရ သဘောပေါက်မသွားဘူးလား။ လူချင်းတွေ့စဉ်မှာတော့ ဒီအကြောင်းကို ကျွန်တော်တခါမှ မမေး မိဘူး။ စကားကိုမစပ်မိဘူး။ ဒါပေမယ့် သူ့ "စစ်၊ အချစ်နဲ့ထောင်" ဘာသာပြန်မှာ ရေးထားတဲ့အမှာစာကို ဖတ်လိုက်ရတော့ ကျွန်တော်ပြုံးမိတယ်။ သူရေးထားပုံက–

"ကျွန်တော်ဟာ အကျဉ်းသမားတွေအကြောင်း အများကြီးရေးတဲ့အတွက် ကျွန်တော့်ကို ရာဇဝတ် ကောင်တွေဖက်က လုံးလုံးရပ်တည်နေတယ်လို့ စာဖတ်သူက မယူဆစေလိုပါ။ ကျွန်တော်ရှင်းလင်းတင်ပြချင် တာက သူတို့ဟာ ရက်စက်တဲ့ရာဇဝတ်မှုတွေ ကျူးလွန်ကြပေမယ့်၊ တိရစ္ဆာန်တွေမဟုတ်ဘူး၊ နောင်တတရား ရကြယင်ပြည်သူတွေကြားပြန်လည်လက်ခံကြဖို့ အခွင့်အရေး ရသင့်တယ်လို့ ကျွန်တော်စွဲစွဲမြဲမြဲ ယုံကြည်မိပါ တယ်"တဲ့။

www.myanmarcupid.net

ကျွန်တော်ကျောင်းသားဘဝကထွက်လာ၊ စာရေးဆရာအသင်းမှာ ဝင်လုပ်တဲ့အခါမှာတော့ ဦးလေးလှနဲ့ အများဆုံး တွဲမိတော့တာပါပဲ။ အတူတူဆွေးနွေးပွဲထိုင်ရ၊ အစည်းအဝေးတက်ရ၊ ဟောပြောပွဲတွေမှာ ဟောရပြောရ၊ ခရီးထွက်ရ။ ဦးလေးလှနဲ့ အတူလုပ်ကိုင်ရ၊ သွားရလာရတာဟာ ပညာရသလို ပျော်စရာလဲ ကောင်းတယ်။ လူတိုင်းနဲ့ အဆင်ပြေအောင် ပြောတတ်ဆိုတတ်ပြီး အမြဲတမ်းအပြုံးမပျက်၊ ရယ်စရာမောစရာ ကြံဖန်ပြောကာ၊ ကြုံရသမျှကို ပျော်ပျော်ပါးပါး ရင်ဆိုင်တတ်တာဟာ ဦးလေးလှရဲ့ ပုဂ္ဂိုလ်အရည်အချင်းတခု ပါပဲ။ ကျွန်တော်တို့က ကျောင်းသားလှုပ်ရှားမှုက လာသူတွေဆိုတော့ လူ့လောက ထဲဝင်ရာမှာ အတွေ့အကြုံ မရှိဘူး။ ဒီနေရာမှာ ဦးလေးလှကိုအတုယူရတယ်။ နောင်ဦးလေးလှမပါပဲ ခရီးသွားရ၊ ဒေသစိမ်း တခုကိုရောက်ရရင် ကျွန်တော်တို့ ဦးလေးလှကို သတိရမိတယ်။ ဒီလိုနေရာမှာ သူဘာပြောမလဲ။ ဘယ်လိုပြုမူမလဲ ကိုယ့်စိတ်ထဲ မေးကြည့်တယ်။ ပြီးတော့ သူ့နည်းကိုသုံးပြီး အဆင်ပြေအောင် နေလိုက်တာပါပဲ။ ဦးလေးလှဟာ အဲသလို စံနမူနာနဲ့တင် သင်ပြတာမဟုတ်ပဲ ကျွန်တော့်ကို ပါးစပ်ကပါထုတ်ဖော်ပြီး သွန်သင်ခဲ့တာ

www.myanmarcupid.net

မျိုးလဲရှိခဲ့တယ်။ တချို့ ကိစ္စတွေမှာ ရယ်စရာတောင် ကောင်းနေတယ်။

မှတ်မှတ်ရရ တခါက နိုင်ငံခြားသားမိတ်ဆွေတဦးကို မန္တလေးမြင်းပွဲအသင်းက ညစာတည်ခင်းဧည့်ခံ တယ်။ ကျွန်တော်ဦးလေးလှနဲ့လိုက်သွားတယ်။ ကျွန်တော်က အဲဒီတုန်းက ဥရောပအစားအစာ၊ သူတို့စရိုက်တွေ ကို ဘာမှနားလည်တာမဟုတ်ဘူး။ ကိုယ့်ရှေ့မှာ စားစရာလာချတော့ အကုန်စားချည့်ပစ်နေတယ်။ အဲဒီအခါမှာ ဦးလေးလှက ကျွန်တော့်ကို တိုးတိုးကလေး "မင်းအကုန်စားပစ်မနေနဲ့ နောက်ထပ်လာဦးမှာ၊ ဒါ Course နဲ့ကျွေးတာကွ"ဆိုပြီး လက်တို့ပြောပြတယ်။ ဒါပေမယ့် ကျွန်တော်က ပထမလာချတာမှာပဲ တော်တော်စားပစ် ထားမိပြီ။ နောက်ကျွေးတာတွေကို ဘာမှမတတ်နိုင်တော့ဘူး။ ကျွန်တော် ကောင်းကောင်းမှတ်မိနေတယ်။ အဲဒီ တုန်းက Nine Coursr Dinner ပါ။

ကျွန်တော်က ကျောင်းသားလူပ်ရှားမှုက လာတာဆိုတော့ စကားပြောရင် အာဘောင်အာရင်းသန်သန်နဲ့ လက်သီးလက်မောင်းတန်းပြီး ပြောတာမျိုးအကျင့်ပါနေတယ်။ အေးအေးလူလူ ယဉ်ယဉ်ကျေးကျေး ပြောရတာ မျိုးဆိုရင်ဟန်မကျတော့ဘူး။ စကားအစီအစဉ်



www.myanmarcupid.net

အသံအနေအထားဟာ မမှန်သလို ကိုယ်ဟန်ကလဲ ထိန်းမရဘူး။ ခေါင်းတရမ်းရမ်း လည်တခါခါ ဖြစ်နေတတ်တယ်။ ပြောရတာ အားမှမရတာကိုး။ ဒါကို ဦးလေးလှ သတိပြုမိ တယ်။ တနေ့တော့ ကိုတင်မိုးတို့၊ ကိုစွမ်းရည်တို့လဲ ရှိတယ်ထင်ပါတယ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း အကြောင်း ပြောကြဆိုကြရင်းက ဦးလေးလှက "ဆရာကြီးက မောင်သာနိုးအတွက်ပါ ကဗျာဖွဲ့ခဲ့တာကွ၊ ခေါင်းကလေးတခါခါနဲ့ ဆတ်လှစွာသောတဲ့...." အားလုံး တဝါးဝါးနဲ့ ပွဲကျသွားတော့တယ်။ ကျွန်တော်လဲ အဲဒီ ကစပြီး စကားပြောရင် ခေါင်းမရမ်းမိအောင် သတိထားခဲ့တော့တယ်။

ဦးလေးဟာ ဟောပြောပွဲမှာ ကျွန်တော်တို့ ပြောတာဆိုတာတွေကိုလဲ ဂရုတစိုက်နားထောင်လေ့ရှိတယ်။ ဘယ်ဟာကောင်းတယ်၊ ဘယ်ဟာမကောင်းဘူး၊ ထောက်ပြလေ့ရှိတယ်။ မှတ်မိတာတခုကတော့ ကျွန်တော်က ဟောပြောပွဲတခုမှာ ယေဘုယျသဘောမဟုတ်တော့ပဲ ကာတွန်းစာအုပ်တွေအကြောင်းကို စုံစုံစေ့စေ့ အချက် အလက် အထောက်အထားတွေပါထောက်ပြပြီး ထည့်ပြောလိုက်တယ်။ ပရိသတ်ကလဲ တဝါးဝါးနဲ့ သဘောကျ ကြတယ်။ ဟောပြောပွဲပြီးတော့ ကျွန်တော့်ကို ဦးလေးလှက

www.myanmarcupid.net

"မင်းဟောပြောရင် အဲသလို အချက်နဲ့ အထောက် အထားနဲ့ စုံစုံစေ့စေ့ ပြောရတယ်ကွ။ နောက်အဲသလိုချည့်ပြော၊ သိပ်ယေဘုယျဆံဆံမပြောရဘူး"လို့ ပြောပြပါ တယ်။ ဒါပေမယ့် ဦးလေးလှဟာ လူကြီးပြီပြီ သူကချည့် ဆုံးမနေတာမျိုးမဟုတ်ပါဘူး။ ကျွန်တော်တို့လူငယ် တွေကိုလဲပြောစေတယ်။ ထင်မြင်ချက်ကို တောင်းခံတယ်။ ကျွန်တော်တို့တင်ပြတာကောင်းတယ်၊ မှန်တယ်ထင် ရင် လက်ခံတယ်။ အောင်မြင်အောင်အတူတကွလုပ်ခဲ့ကြတာပဲ။ ဒီလိုနဲ့ အထက်မြန်မာနိုင်ငံစာရေးဆရာအသင်း ရဲ့ စာအုပ်စာတန်းတွေ ထွက်လာခဲ့တယ်။ စာဆိုတော်နေ့ စာတမ်းဖတ်ပွဲတွေ ညှိနှိုင်းရေးသား ပြုလုပ်ခဲ့ကြတယ်။ ကဏ္ဍအလိုက်တဦးစီ တာဝန်ပေးရုံမက အပြန်အလှန်ဝေဖန်ပြုပြင်တာတွေ လုပ်ခဲ့ကြတယ်။ "စကားပြောသလို စာရေးဖို့"ဆိုတာ အဲသလို အပြန်ပြန်အလှန်လှန်တင်ပြကြ၊ ဆွေးနွေးကြပြီးစတင်ခဲ့တာပါပဲ။ အဲသလိုလူငယ်တွေ နဲ့ တန်းတူရည်တူဒိုးတူပေါင်းဖက်နေခဲ့တဲ့ ဦးလေးလှဟာ လူကြီးသူမကို ရိုသေလေးစားရမယ်ဆိုတဲ့ ရိုးရာယဉ် ကျေးမှု အစဉ်အလာကောင်းကိုလဲ တကယ်စွဲစွဲမြဲမြဲ ယုံကြည်သလို စိုက်လိုက် မတ်တတ်လဲ လုပ်သွားသူဖြစ် တယ်။

www.myanmarcupid.net

ကျွန်တော်တို့လဲ အဲသလိုနုနယ်စဉ်တုန်းကလို ရိုးရာယဉ်ကျေးမှုကို ပစ်ပစ်ပယ်ပယ်ကြီးတော့ မဟုတ်ပါ ဘူး။ လူကြီးဆိုလူကြီးမှန်း သိတတ်ခဲ့ပါတယ်။ ဒါပေမယ့်ဦးလေးလှလူကြီးတွေကိုဆည်းကပ်ပုံကို တွေ့ရတဲ့အခါမှာတော့ အံ့အားသင့်ရတယ်။ သူ့ကြောင့်ပဲ မန္တလေးမှာ နှစ်စဉ်စာဆိုတော်နေ့ အခမ်းအနား လုပ်တိုင်း စာရေးဆရာလူအိုကြီးတွေ စုံစုံလင်လင်ဖြစ်ရတယ်။ ကျွန်တော်တို့ချည့်သာဆိုရင် ဝတ်ကျေတန်းကျေ အနီးအနားကရတတ်ရာ စာရေးဆရာကြီးတွေနဲ့တင်ပြီးမှာ။ ဦးလေးလှ ဝါယမစိုက်ထုတ်မှုကြောင့် မြစ်သားအကျော့တို့၊ ကျောက်စာဝန် ဦးမြတို့စာဆိုတော်ပွဲတွေမှာ ပါလာရတာပါ။ မန္တလေးအနီးအနားကတင် မဟုတ်သေးဘူး ရန်ကုန်က ဆရာကြီး ဦးဖေမောင်တင်ကိုတောင် လှမ်းပြီး ကန်တော့ ကြရသေးတယ်။ ကျွန်တော်တို့ ရန်ကုန်ရောက်နေတော့တောင် ဦးလေးလှရဲ့ တာဝန်ပေးချက်ကြောင့် ရန်ကုန်ကဆရာကြီး ဟံသာဝတီ ဦးဘရင်၊ ဒဂုန် နတ်ရှင်တို့ကို ကျွန်တော် က ရန်ကုန်က မန္တလေး အသွားအပြန် တာဝန်ယူ စောင့်ရှောက်ပို့ပေးခဲ့ရသေးတယ်။

မန္တလေးမှာ ဆရာကြီး ရွှေပြည်ဦးဘတင်ဆုံးစဉ်က မြင်ကွင်းကလေးကိုလဲ ကျွန်တော်သတိရနေမိတယ်။ ဆရာကြီး

www.myanmarcupid.net

ဆုံးတယ်ဆိုတော့ ကျွန်တော်တို့လူငယ်တစုလဲ ဦးလေးလှနဲ့အတူ ဆရာကြီးရဲ့အိမ်ကို ရောက်သွားကြ ပါတယ်။ ဦးလေးလှဟာ ဆရာကြီးဦးဘတင်ရဲ့ ရုပ်ကလာပ်ကို စိုက်ကြည့်ရင်း ဝမ်းပန်းတနဲဖြစ်ကာ မျက်ရည် တွေလည်နေတော့တယ်။ နောင်ဒီအကြောင်းပြောပြတော့လဲ "ဆရာကြီး အသက်ဆုံးပြီး လဲလျောင်းနေတာဟာ လေ အသာအိပ်နေသလိုလေးပဲ လှလိုက်တာ"ဆိုပြီး မျက်ရည်တွေ တွေတွေကျလာတော့တယ်။ တကယ်လို့သာ ရွှေပြည်ဦးဘတင်ဆိုတာက သြဇာတိက္ကမကြီးမားတဲ့ ပုဂ္ဂိုလ်တဆူဆိုရင်တော့ ဦးလေးလှရဲ့မျက်ရည်တွေကို မိကျောင်းမျက်ရည်တွေလို့ အမနာပ ပြောလိုသူတို့ ပြောနိုင်စရာ ဖြစ်မှာပဲ။ ခုတော့ ရွှေပြည်ဦးဘတင်ဆိုတာ ဘာတန်ခိုးအာနုဘော်မှမရှိရှာတဲ့ သာမန်အနုပညာသည် သူအိုကြီးတယောက်မျှပါ။ ဦးလေးလှဟာ တကယ် ကြည်ညိုရင်းစွဲမို့ တကယ်နှမြောကာ ယူကျုံးမရ ဖြစ်ရှာတာပါပဲ။

ဩဇာ်–ဦးလေးလှ၊ နောင် သူကိုယ်တိုင် ဆုံးပါးခဲ့ရတော့လဲ စာပေပညာရှင်တဦးတော့ တိုင်းပြည်က ဆုံးပါးရလေပြီဆိုပြီး တကယ်နှမြောကာ တကယ်ယူကျုံးမရ

www.myanmarcupid.net

ဖြစ်ရသူတွေ ဒုနဲ့ဒေး ဖြစ်နေလိမ့်မယ်ဆိုတာ အဲဒီ တုန်းက သူဘယ်တွေးမိလိမ့်မလဲ။

တင်မိုး၊ မောင်စွမ်းရည်၊ ကြည်အောင်စတဲ့ လူငယ် စာပေသမားတွေနဲ့ ဦးလေးလှ မန္တလေးမှာ စာပေ လုပ်ငန်းတွေ အပူးပူးတတွဲတွဲနဲ့လုပ်ကြ၊ သွားကြလာကြနဲ့ နည်းတဲ့အချိန်ကာ မဟုတ်ပေဘူး။ ဒီတော့ တဦးကိုတဦး ဖြစ်ပေါ်ပေါက်ဖွားလာတဲ့ သံယောဇဉ်ကလဲ နဲတဲ့သံယောဇဉ် မဟုတ်ပေဘူး။ ဒါပေမယ့် အကြောင်းအမျိုး မျိုးကြောင့် တင်မိုး၊ မောင်စွမ်းရည်နဲ့ ကျွန်တော်တို့ဟာ မန္တလေးကနေ ရန်ကုန်ကို ပြောင်းခဲ့ကြရတယ်။ ဦးလေး လှဟာ ရန်ကုန်ရောက်တိုင်း ကျွန်တော်တို့နဲ့ ဆုံဖြစ်အောင်စုံဖို့ ကြိုးစားတယ်၊ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြ၊ ပြန်ဆုံကြရတာ ကြည်နူးစရာကောင်းလှတယ်။ ကျွန်တော်တို့က မန္တလေးသားမို့ အကြောင်းတိုက်ဆိုင် လို့ရောက်ရင်လဲ ဦးလေးလှဆီ သွားဖြစ်အောင် သွားတွေ့တာပါပဲ။ ကိုတင်မိုး မြစ်ကြီးနားဖက်၊ မိုးမိတ်ဖက် စသည်သွားရင်း မန္တလေးမှာ ဦးလေးနဲ့ ဒေါ်ဒေါ်နဲ့ တွေ့ခဲ့ရတာ ပြန်လာတော့ ပြောပြတယ်။ မောင်စွမ်းရည် မြင်းခြံသွားရင်း လူထုတိုက်ဝင်ခဲ့တာ ပြန်လာတော့ စမြုံ့ပြန်တယ်။

www.myanmarcupid.net

ကျွန်တော်က နွေရာသီတိုင်း တလကျောင်းပိတ်ရက် အညာကိုပြန်တယ်။ ပြန်ရင်ဦးလေးလှဆီ တကြိမ်မက ရောက်တာပေါ့လေ။ တခါရောက်သွားယင်လဲ နေ့လည်ကဟာ ညနေမှလူချင်းခွဲတာချည့်၊ ပြောစရာတွေကလဲအနန္တ၊ ပြောလို့မဝ၊ ဦးလေးတလှည့်၊ ဒေါ်ဒေါ်တလှည့်၊ ကျွန်တော်တလှည့်၊ ဟိုမေး၊ ဒီမေး၊ ဟိုအကြောင်းပြော၊ ဒီအကြောင်းပြော။ တနှစ်က ကျွန်တော် အညာပြန်ရာမှာလဲ ဦးလေးလှဆီ ရောက်ခဲ့တယ်။ အဲဒီတခေါက်မှာတော့ လူထုတိုက်မှာ ဦးလေးလှချည့် တယောက်ထဲတွေ့ရတယ်။ "မင့်ဒေါ်ဒေါ်တော့ ညှဲ့သည်တွေနဲ့ မေမြို့လိုက်သွားလေရဲ့"လို့ ဦးလေးကရှင်းပြတယ်။ ပြီးကျွန်တော့်ကို မင်းထမင်းစားခဲ့ပလား လို့ မေးတယ်။ မစားခဲ့ရသေးဘူးလို့ ပြောပြလိုက်တော့ "အေး– ပြီးတော့ စားကြရအောင်၊ မင့်ဒေါ်ဒေါ်က မုံ့တီ လုပ်ပေးခဲ့တယ်ကွ"။

ကျွန်တော်ရောက်သွားချိန်က ၁၁–နာရီလောက်ပါ။ ၁၂– နာရီလောက်ကျတော့ ကျွန်တော်တို့ ဒေါ်ဒေါ် လုပ်ပေးသွားတဲ့ မုံ့တီကို ထမင်းလွတ်စားကြတယ်။ ကော်ဖီသောက်ကြတယ်။ ရေနွေးကြမ်းသောက်ကြတယ်။ မစားခင်ကလဲပြော၊ စားရင်းလဲ ပြော၊ စားပြီးတော့လဲပြောနဲ့ဟာ၊ ညနေစောင်းလာတာတောင်

www.myanmarcupid.net

မရိပ်မိလိုက်ကြဘူး။ စာအကြောင်း ပေအကြောင်း လူတွေအကြောင်း။

ဘာလို့မှန်းမသိ၊ အဲဒီတုန်းက ဦးလေးနဲ့ တွေ့ဆုံစကားပြောရတာဟာ ထူးခြားနေတယ်လို့ အဲဒီတုန်းက ပဲကျွန်တော့်စိတ်ထဲမှာ ခံစားနေမိတယ်။ ကျွန်တော် ရန်ကုန်ရောက်သွားပြီးမှ အညာကိုပြန်အလာတွေ့ဆုံကြ တာလဲ တကြိမ်မကတော့ဘူး။ ဘာ့ကြောင့်လဲ ကျွန်တော်စဉ်းစားလို့ မရခဲ့ဘူး။ ကျွန်တော်ထမပြန်ခင်တချိန်မှာ ဦးလေးက စကား အဆက်အစပ်မရှိ "မင်း–တို့ဆီက ဘာများလိုချင်တာရှိသလဲ" လို့ ထူးထူးဆန်းဆန်း မေးပါလေတော့တယ်။ အံ့အားသင့်လွန်းလို့ သူဘာဆိုလိုမှန်းတောင် ကျွန်တော်ဖြုံးကနဲ နားမလည်လိုက်ဘူး။ နောက်မှ ခရီးသွားလာနေခိုက် ငွေရေးကြေးရေး အခက်အခဲများရှိသလား မေးချင်တာ ထင်ပါရဲ့လို့ စဉ်းစားမိပြီး "မလိုပါ ဘူး ဦးလေးရယ်၊ ကျွန်တော် ခရီးထွက်မယ်ဆိုကတည်းက ပိုက်ဆံလေးဘာလေး အလုံအလောက် စုဆောင်းပြီး လာခဲ့တာပါ" လို့ ဖြေလိုက်ရတယ်။ ဒါပေမယ့် ဦးလေးကြည့်ရတာ ကျွန်တော့်ကို တခုခု ပေးချင်နေပုံရတယ်လို့ စဉ်းစားမိပြန်တာနဲ့– "စစ်ကိုင်းက ကျွန်တော့်တူမလေးတွေ စာဖတ်တတ်နေကြပြီ၊

www.myanmarcupid.net

သူတို့အတွက် ဦးလေးပုံပြင် စာအုပ်လေးတွေ ယူသွားချင်တယ်”လို့ ပြောလိုက်တယ်။

ဦးလေးချက်ချင်း ထိုင်ရာကထ၊ ဘေးကစာအုပ်စင်တွေမှာ ဟိုဖိုင်တွေချ၊ ဒီစာအုပ်တွေဖယ် လုပ်ရှာပါတော့တယ်။ တကယ်တော့ စာရေးဆရာ တယောက်ဆီမှာ သူရေးတဲ့စာအုပ်ဟာ အမြဲရှိနေတာ မဟုတ်ပါဘူး။ (စာရေးဆရာမဟုတ်တဲ့ လူတွေက အဲသလိုထင်တတ်တယ်၊ အမြဲသူ့ဆီသွားတောင်းရင် သူ့စာအုပ် ရရမယ်ချည့်အောက်မေ့တတ်ကြတယ်) ရောင်းကုန် သွားတတ်တာမျိုးမဟုတ်လား။ ဟိုရှာဒီရှာ ရှာလိုက်တာ လေးငါးအုပ်ထွက်လာပါတယ်။ တော်တော်ကြာတော့ နေလဲကျနေပြီ၊ စစ်ကိုင်းကားပိတ်သွားမှာစိုးရတယ်ဆိုပြီး ကျွန်တော်ဦးလေးကို နှုတ်ဆက်လိုက်တယ်။ ဦးလေးဟာ ထုံးထုံးခြားခြား သူ့အခန်းကလေးထဲကနေ ကျွန်တော် နဲ့အတူထွက်ခဲ့ကာ တိုက်ပေါက်ဝထိ လိုက်လာတယ်။ ခါတိုင်းဆို အခန်းထဲမှာ စာရေးရင်း ကျန်ရစ်တာ။

ကျွန်တော်လမ်းကို ဖြတ်ကူးပြီး လမ်းတဖက်ရောက်တော့ တက္ကသိုလ်မောင်ထွန်းဝေနဲ့ ဘဏ်ကိုကိုကြီး ကိုသွားတွေ့ ရတယ်။ မောင်ထွန်းဝေရဲ့ရှင်ပြုကို ဦးလေးလှကို လာဖိတ်ကြတာတဲ့။ ဒါနဲ့လမ်းတဖက်ကို လှမ်း

www.myanmarcupid.net


ကြည့်လိုက်တော့ ဦးလေးလှရယ် တိုက်အဝမှာလေ မတ်တတ်ကြီးရပ်ပြီး ပြုံးကြည့်နေတယ်။ မောင်ထွန်းဝေနဲ့ ကိုကိုကြီး လမ်းဖြတ်ကူးပြီး သူ့ဆီသွားကြတယ်။ ကျွန်တော် ရပ်ကြည့်နေတယ်။ မောင်ထွန်းဝေတို့နဲ့ တိုက်ထဲ ပြန်မဝင်ခင် ဦးလေးလှကျွန်တော့်ကို နှုတ်ဆက်လိုက်သေးတယ်။ ကျွန်တော် တုန့်ပြန်လိုက်တယ်။ သူတို့သုံးယောက်သား တိုက်ထဲဝင်သွားကြတာကို ကြည့်ရင်း ကျွန်တော်ရပ်နေမိတယ်။ အတန်ကြာမှ စစ်ကိုင်းကား ရောက်လာတာနဲ့ ကျွန်တော် စစ်ကိုင်းဖက် လိုက်လာခဲ့ပါတော့တယ်။

မောင်ထွန်းဝေရဲ့ ရှင်ပြုကို ကျွန်တော် မသွားနိုင်တော့ဘူး။ ကျွန်တော်ပြန်တဲ့ရက် နောက်မှကျင်းပမှာမို့ လွဲသွားတယ်။ ဦးလေးလှတော့ သွားမှာပါပဲ။ ကျွန်တော်ဟာ ရထားလက်မှတ် ဝယ်ပြီးတာ မဟုတ်လို့ ရှင်ပြုပွဲ သွားဖြစ်ရင်တော့ ဦးလေးလှနဲ့ မန္တလေးက လူငယ်တစုနဲ့ အခမ်းအနားမှာဆုံကြ စကားပြောဖြစ်ကြဦးမှာ မုချ။

ခုတော့ အဲဒီနေ့က လူထုတိုက်မှာ တွေ့ခဲ့ရတာဟာ ဦးလေးလှကို နောက်ဆုံး တွေ့လိုက်ရတာပါပဲ။

ဩဘာ် ဦးလေးလှ၊ သူ့ခမျာ အဲဒီတုန်းက ဒါ နောက်ဆုံးတွေ့ရတာလို့ ဘယ်ထင်ရှာလိမ့်မလဲ။ ကျွန်တော်ကိုယ်တိုင်လဲ မထင်ခဲ့မိပါဘူး။ မောင်သာနိုး

www.myanmarcupid.net



# ဦးလှ နှစ်သက်မှာပဲ

**ဒေါက်တာ သန်းထွန်း**

*လူထုဦးလှကို သတိရတဲ့အထိမ်းအမှတ်၊*
*စာအုပ်တအုပ်စုပေါင်းရေးသားထုတ်ဝေမယ်ဆိုရင် ကျွန်တော်*
*လဲစာတပုဒ်ထဲ့ချင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်*
*ရေးတဲ့စာမဟုတ်ဘူး။ သူများရဲ့ဆောင်းပါးကို မြန်မာဘာသာ*
*ပြန်တာဖြစ်တယ်။ ဒါမျိုးရေးပို့ရင် ဦးလှနှစ်သက်မှာပဲဆိုတဲ့*
*ထင်ကြေးနဲ့ လုပ်လိုက်တာဖြစ်ပါတယ်။*

www.myanmarcupid.net

အောက်တိုဘာ ၁၀–ရက်၊ ၈၃–ခု၊

ဒေါ်အမာ ခင်ဗျား....

လူထုဦးလှကို သတိရတဲ့အထိမ်းအမှတ်၊ စာအုပ်တအုပ်စုပေါင်းရေးသားထုတ်ဝေမယ်ဆိုရင် ကျွန်တော် လဲစာတပုဒ်ထဲ့ချင်ပါတယ်။ ကျွန်တော်ကိုယ်တိုင် ရေးတဲ့စာမဟုတ်ဘူး။ သူများရဲ့ဆောင်းပါးကို မြန်မာဘာသာ ပြန်တာဖြစ်တယ်။ ဒါမျိုးရေးပို့ရင် ဦးလှနှစ်သက်မှာပဲဆိုတဲ့ ထင်ကြေးနဲ့ လုပ်လိုက်တာဖြစ်ပါတယ်။ ၎င်း ကာတော ရေးတဲ့ ဂျပန်နိုင်ငံရှိ ဗုဒ္ဓခြေတော်ရာ ဖြစ်တယ်။ ၃၁၊ ဩဂုတ်၊ ၁၉၈၃–က၊ ၇၊ စက်တင်ဘာ ၁၉၈၃–ထိ၊ ဂျပန်မြို့ကြီးနှစ်မြို့ဖြစ်တဲ့ တိုကျိုနဲ့ ကျိုတိုမှာကျင်းပတဲ့ ၃၁–ကြိမ်မြောက် အာရှ အာဖရိက လူမှုသိပ္ပံကွန်ဂ ရက်မှာ ဖတ်တဲ့စာတန်းဖြစ်ပါတယ်။

ဂျပန်ရောက်စကပဲ အမိန့်တော်ပေါင်းချုပ် စာတအုပ်ဖြစ်အောင် ကြိုးစားခဲ့တာ အခု ၅–၁၀–၈၃က ပထမတွဲထွက်ပါပြီ။ ရှေ့ပိုင်းက Introductions, Notes, English Summary of Each Order. တွေက စာမျက်နှာ ၁၄၀၊ နောက်ပိုင်းက မြန်မာဘာသာအတိုင်း အမိန့်တော်တွေက စာမျက်နှာ ၃၅၀ ဖြစ်တယ်။ စာအုပ်နာမည်က The Royal Orders of Burma, A.D. 1598-1885. Part One, A.D. 1598-1648. ဖြစ်ပါတယ်။ Part Two, A.D. 1649-1752. က ရှေ့နှစ်ဇွန်လလောက်ထွက်မယ်။ ဒီလိုအစီအစဉ်နဲ့ Part Three,



www.myanmarcupid.net

Part Four, Part Five, Part Six, ဆိုပြီး ဆက်ထုတ်သွားမယ်။ နောက်ဆုံးပိတ် ဒီအမိန့်တော်တွေကရတဲ့ သမိုင်းအထောက်အထားကို ကျွန်တော် ကစာတအုပ် Part Six, မှာရေးမယ်။ အခု Part One, ကိုပုံနှိပ်ပြီးမြင်ရလို့ မိတ်ဆွေတွေ သိပ်ဝမ်းသာကြမယ် ထင်ပါတယ်။ လူကြုံရရင် ပို့မယ်။

သတိရလျက်


သန်းထွန်း

www.myanmarcupid.net

# ကျွန်တော် ထိတွေ့ခဲ့ရသမျှ

# လူထုဦးလှ

## လင်းယုန်မောင်မောင်



*သို့သော် ထို "ကြီးပွားရေး ဦးလှ"ဆိုသူကို တခါဘူးမျှ မမြင်ဘူး၊ မတွေ့ဘူးခဲ့။ ဖြူသလား၊ မည်းသလား၊ ပိန်သလား၊ ဝသလား လုံးဝမသိ။ တဖန် စစ်ကြီး အတွင်းက စာပေလေ့လာလိုက်စားသူ လူငယ်တဦးအနေဖြင့် "ရှုံ့နှင့်စစ်သား" "ပန်းနှင့်စစ်သား"စသော စာအုပ် များကို နှစ်ခြိုက်လွန်းလှ၍၊ တဖွဖွ တသသ ဖြစ်ခဲ့မိသော်လည်း ထိုစာအုပ်များကိုပြန်ဆိုရေးသားခဲ့သည့် ဦးလှ ကို ထိုအချိန်အထိ မမြင်ဘူး၊ မတွေ့ဘူးသေး။*

www.myanmarcupid.net

"တခါတုန်းက၊ ရွာတရွာမှာ လယ်သမားတယောက်ဟာ၊ တောရွာဓလေ့ထုံးစံအတိုင်း၊ တမိုးတွင်းစာ အတွက် ထင်းခုတ်ဖို့ လှည်းတစီးနဲ့ မနက်စောစော တောထဲထွက်လာခဲ့သတဲ့။ အဲဒီအချိန်မှာ သူ့ဇနီးကလဲ၊ ကိုယ်ဝန်အရင့်အမာနဲ့ နေ့လားညလား မွေးတော့ဖွားတော့မယ့် ဆဲဆဲမို့ သူ့ယောကျ်ားကို တရက်နှစ်ရက် လောက် စောင့်ပါအုံး။ သူမီးဖွားပြီးမှ စိတ်ချလက်ချ ထင်းခုတ်သွားပါ"လို့ တောင်းပန်သတဲ့။ ဒါပေမယ့် ယောကျ်ားလုပ်သူက "ကိစ္စမရှိပါဘူးကွာ၊ အိမ်မှာ မင်းသား ဖိုးခွေးလဲရှိသားပဲ၊ ဗိုက်နာလို့ အကြောင်းကိစ္စရှိယင် ဒီကောင်ကို အိမ်နီးနားချင်းတွေ ခေါ်ခိုင်းပေါ့၊ ငါထင်းထုတ်သွားတာလဲ ကြာမှမှမဟုတ်ပဲ၊ ဆွမ်းခံပြန်ချိန် လောက် ပြန်ရောက်မှပဲ" ဆိုပြီး လှည်းတစီးနဲ့ ရွာကထွက်သွားတယ်။

ဒီလိုနဲ့ ယောကျ်ားလုပ်တဲ့လူ တောထဲထွက်သွားလို့ နာရီဝက်လောက်လဲ ကြာရော၊ သူ့မိန်းမဟာ ကမ္ဘဇလေ လှုပ်ရှားပြီး မွေးတော့ဖွားတော့မလို ဖြစ်လာလို့ ဆယ်နှစ်သားအရွယ်လောက်ရှိတဲ့ သူ့သားကလေး ဖိုးခွေးကို အိမ်နားနီးချင်းတွေ ခေါ်ခိုင်းပြီး၊ မီးဖွားဖို့ အလောသုံးဆယ် ပြင်ဆင်ကြရသတဲ့။ နောက်ဆုံးတော့ တနာရီလောက် အကြာမှာ

www.myanmarcupid.net

ရောရောရှုရှုနဲ့ သားယောကျ်ားလေး တယောက်ကို အလွယ်တကူပဲ မွေးလို့ဖွားလို့ ပြီးသွားသတဲ့။

အဲဒီအချိန်မှာပဲ၊ တောထဲထင်းခုတ်သွားတဲ့ ယောကျ်ားဟာ လှည်းတစီးတိုက် ထင်းခုတ်ပြီးအပြန် လမ်းတဝက်လောက်မှာ လှည်းကုန်းစီးပြတ်သွားလို့ ပြင်နေရတာနဲ့ ဆွမ်းခံပြန်ချိန် ၉– နာရီလောက် ရွာပြန် ရောက်ဖို့ဟာ မရောက်တော့ပဲ နောက်ကျပြီး ဆွမ်းစားချိန် ၁၀–နာရီခွဲလောက်မှ ရွာပြန်ရောက်လာသတဲ့၊ အဲဒီမှာ တင် အဖေလုပ်တဲ့လူ ပြန်လာနိုးနိုးနဲ့ ရွာထိပ်က သွားစောင့်နေရတဲ့ သူ့သားကလေးဟာ ထင်းလှည်းကြီးကို တအိအိမောင်းလာတဲ့ သူ့အဖေလဲမြင်လိုက်ရော "အဘကလဲဗျာ၊ ထင်းလှည်းကလေးတစီး သွားခုတ်တာများ ကြာလိုက်တာ လွန်ပါရော"လို့ ဆီးဟောက်သတဲ့။ ဒီတော့ သူ့အဖေက "လမ်းမှာ လှည်းကုန်းစီးပြတ်သွားလို့ ပြင်နေရတာနဲ့ နည်းနည်းကြာသွားတာပါသားရယ်၊ သိပ်အကြာကြီးမဟုတ်ပါဘူး"လို့ ပြန်ပြောသတဲ့။ ဒီမှာတင် တမနက်ခင်းလုံး ရွာထဲမှာ အပြေးအလွှားနဲ့ အလုပ်များပြီး ခုချိန်အထိ မနက်စာမစားရသေးတဲ့ ဖိုးခွေးက ဒေါ်ပွ ပွနဲ့ ဘာပြန်ပြောလိုက်သလဲဆိုတော့ "အဘကသာ

www.myanmarcupid.net

မကြာဘူးပြောနေ၊ အမေဖြင့် အိမ်မှာ ကလေးတယောက် တောင် မွေးပြီးနေပြီ....”တဲ့။

အခုလဲ အဲဒီ ထင်းခုတ်သွားတဲ့ လယ်သမားလို၊ ကိုမောင်မောင် တယောက်ဒီထောင်ထဲမှာ တနှစ်ခွဲ နှစ်နှစ်လောက် ကျွန်တော်တို့နဲ့အတူ နေလာခဲ့ရတာ ဘာမှ မကြာလိုက်ဘူးလို့ ထင်ရပေမယ့် အခုလောက် ဆိုယင် သူ့ဇနီးလည်း အိမ်မှာ ကလေးတယောက် နောက်ထပ်မွေးများ မွေးပြီးနေပလား မပြောတတ်ဘူး....။

စကားမဆုံးသေးသော်လည်း ပုံပြင်ကလေးအဆုံးတွင် ပရိသတ်အားလုံး ဝါးကနဲပွဲကျသွားသည်။ ပရိသတ်ဟုဆိုရသော်လည်း များများစားစားတော့မဟုတ်။ အပြေးအလွှား ရေတွက်လိုက်ပါမှ စုစုပေါင်း သုံးဆယ်ကျော် လေးဆယ်နီးပါးလောက်သာ ရှိမည်။ သို့သော်....

သို့သော် ကျွန်တော်တို့အဖို့ရာ၌မူ၊ ထိုနေ့ ထိုရက် ထိုအချိန်နှင့် ထိုနေရာကလေးကိုလည်းကောင်း၊ ထိုအခမ်းအနားလေးနှင့် ထိုပရိသတ်ကိုလည်းကောင်း၊ ထိုပုံပြင်လေးနှင့် ထို“ပုံပြောဆရာ”ကိုလည်းကောင်း၊ တသက်တာတွင် “ယနေ့တိုင်မမေ့နိုင်စရာ”ဖြစ်နေခဲ့သည်။ အဘယ့်ကြောင့်ဟူမူ....

www.myanmarcupid.net

ထိုနေ့ထိုရက်ထိုအချိန်ဖြစ်သော ၁၉၅၇–ခု (လွန်ခဲ့သည့် ၂၅–နှစ်ကျော်)နိဝင်ဘာလ ၁၇–ရက်နေ့ည ၈–နာရီခန့်တွင်၊ ရန်ကုန်ထောင်ကြီးအတွင်း နိုင်ငံရေးသမားများနှင့် ပုဒ်မ ၅၊ အကျဉ်းသားများ ချုပ်နှောင်ထားရှိ ရာ အဆောင် ၅ (ယခုစိန်ပွန်းဈေးတောင်ဘက်ခြမ်း)အပေါ်ထပ်၌ နက်ဖြန်နံနက် ၁၀–နာရီခန့်တွင် ထောင်မှ လွတ်တော့မည်ဖြစ်သော ကျွန်တော့်အား တဆောင်တည်းနေ ရဲဘော်များက နှုတ်ဆက်သည့် အခမ်းအနား ကလေး တခုပြုလုပ်ကျင်းပခဲ့ကြသည်။ ဤတွင် ရဲဘော်အားလုံးကိုယ်စား လူထုဦးလှက ကျွန်တော့်အား နှုတ်ဆက်စကား ပြောကြားယင်း၊ ခင်မင်ရင်းနှီးစွာဖြင့် အထက်ဖော်ပြပါ မြန်မာ့ရိုးရာ ဟာသပုံပြင်ကလေးကို ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သောကြောင့်တည်း။

တနည်းဆိုရလျှင် နောင် ၁၀–နှစ်ခန့်အကြာ (၁၉၆၇–ခုနှစ်တဝိုက်)တွင် မြန်မာနိုင်ငံတဝန်းလုံးသာမက နိုင်ငံရပ်ခြားတိုင်းတပါးသို့တိုင်အောင် ထင်ရှားကျော်ကြားလာမည့် မြန်မာပြည်ထောင်စုဘွား တိုင်းရင်းသား ရိုးရာ ပုံပြင်စာအုပ်ပေါင်းမြောက်များစွာတို့ကို ရေးသားပြုစုခဲ့သော “ပုံပြောဆရာကြီး” လူထုဦးလှ၏ ရှေးဦး ပုံပြင်တခုကို



www.myanmarcupid.net

(ကလောင်ဖျားမှ မရေးသားမီ)နှုတ်ဖျားမှ ဦးဦးဖြားဖြား၊ ထိုနေ့၊ ထိုရက်က ကျွန်တော် ကြားနာခဲ့ရ ခြင်းပင် ဖြစ်ပါသတည်း....။

(၂)

စင်စစ် ကျွန်တော်သည် ဦးလှနှင့် ရန်ကုန်ထောင်ထဲတွင် ခင်မင်ရင်းနှီးခဲ့သည် မှန်သော်လည်း၊ ဦးလှ အားကျွန်တော် စတင်သိကျွမ်းခဲ့ရသည်မှာ မန္တလေးထောင်တွင်ဖြစ်၍၊ ပို၍ တိတိကျကျပြောရလျှင် "လူထုဦးလှ" ဆိုသော ပုဂ္ဂိုလ်ကို မန္တလေးထောင်ရောက်မှ ကျွန်တော်ပထမဆုံး စတင်တွေ့မြင်ခဲ့ဖူးခြင်း ဖြစ်၏။

ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီက မျိုးချစ်စိတ်ထက်သန်သော လူငယ်တဦးအနေဖြင့် ကြီးပွားရေးမဂ္ဂဇင်း ကို တွေ့ရာကြုံရာ အရပ်တွင် စွဲစွဲလမ်းလမ်း ဖတ်ခဲ့မှတ်ခဲ့သော ကျွန်တော်သည် ကြီးပွားရေးဦးလှကို ထိုစဉ်က ပင် စတင်၍ မသိမသာ လေးစားစိတ်များ ကိန်းအောင်းလာခဲ့၏။ သို့သော် ထို "ကြီးပွားရေး ဦးလှ"ဆိုသူကို တခါဘူးမျှ မမြင်ဘူး၊ မတွေ့ဘူးခဲ့။ ဖြူသလား၊ မည်းသလား၊ ပိန်သလား၊ ဝသလား လုံးဝမသိ။ တဖန် စစ်ကြီး အတွင်းက စာပေလေ့လာလိုက်စားသူ လူငယ်တဦးအနေဖြင့် "ရွှံ့နှင့်စစ်သား" "ပန်းနှင့်စစ်သား"စသော စာအုပ် များကို နှစ်ခြိုက်လွန်းလှ၍၊ တဖွဖွ တသသ ဖြစ်ခဲ့မိသော်လည်း

www.myanmarcupid.net

ထိုစာအုပ်များကိုပြန်ဆိုရေးသားခဲ့သည့် ဦးလှ ကို ထိုအချိန်အထိ မမြင်ဘူး၊ မတွေ့ဘူးသေး။

တွေ့မယ့်တွေ့တော့ စစ်ပြီးခေတ်၊ ၁၉၄၇–ခုနှစ် ပုဒ်မ ၅၊ အကျဉ်းသားအဖြစ် မန္တလေးထောင်ထဲ ရောက်တော့မှ ဦးလှကို စတင်တွေ့မြင်ခဲ့ရ၏။ ထိုအချိန်တွင် ဦးလှသည် "ကြီးပွားရေးဦးလှ"မဟုတ်တော့။ လူထုဦးလှ ဖြစ်နေခဲ့ပြီ။ သို့သော် စစ်မဖြစ်မီက "ကြီးပွားရေးမဂ္ဂဇင်း"ထက်၊ စစ်ပြီးခေတ် လူထုသတင်းစာနှင့် လူထုဂျာနယ်ကို ပို၍ တန်ဘိုးထားလာမိခဲ့သော ကျွန်တော်သည် ကြီးပွားရေးဦးလှကို မသိမသာ လေးစားခဲ့ရာမှ လူထုဦးလှကိုမူ သိသိသာသာ လေးစားနေပြီဖြစ်၏။

စကားအလျဉ်းသင့်သဖြင့် ထိုသို့လူထုဦးလှအား မန္တလေးထောင်တွင်စတင် သိ"ကြွမ်း"ခဲ့ရသည်ဟူ၍ အထက်ပါစာပိုဒ်တပိုဒ်၌ ရေးရိုးရေးစဉ်ရေးလိုက်မိသော်လည်း အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ဝန်ခံရမည် ဆိုပါက၊ သိ"မြင်"ခဲ့ရသည်ဟူ၍သာ ရေးရမည်ဖြစ်၏။ တကယ့်လက်တွေ့တွင်လည်း ကျွန်တော်သည် ထိုစဉ်က ဦးလှကိုသိရုံသာ သိခဲ့ရ၍ မြင်ရုံသာမြင်ခဲ့ရ၏။ သို့သော် မကြွမ်းခဲ့ရ။ ကြွမ်းနိုင်လောက်အောင် အခွင့်အရေး လည်းမရှိ။ ကြွမ်းရလောက်အောင် အခြေအနေလည်းမပေး။

www.myanmarcupid.net

အဘယ့်ကြောင့်ဆိုသော် ထိုစဉ် (၁၉၄၇–၄၉)က ကျွန်တော့်မှာ မန္တလေးထောင်တွင် ပုဒ်မ ၅ အကျဉ်းသားတဦးဖြစ်၍ ဦးလှမှာမူ မန္တလေးထောင်ကို ကြည့်ကြပ် ကွပ်ကဲ၍ လေ့လာစစ်ဆေးရသည့် မြို့မိမြို့ဖ ထောင်ကော်မတီဝင်တဦး ဖြစ်နေသောကြောင့်တည်း။

သို့သော် ဦးလှနှင့် ကျွန်တော့်ကို မန္တလေးထောင်က ထိုသို့မိတ်ဆက်ရုံမျှ မိတ်ဆက်ပေးလိုက်သော် လည်း ရန်ကုန်ထောင်ကမူ ကျွန်တော်တို့နှစ်ယောက်အား ကြွမ်းဝင် ခင်မင်ရင်းနှီးအောင် ဆောင်ကျဉ်းပေးခဲ့သည် ဟု ဆိုရမည်ဖြစ်၏။

ဖြစ်ပုံမှာ ထောင်ဇာတာ ပါနေဟန်တူသော ကျွန်တော်သည် ၁၉၄၇–ခုနှစ်မှ ၁၉၄၉–ခုနှစ်အထိ ထိုသို့ မန္တလေးထောင်တွင် ကျခံနေခဲ့ရပြီး၊ တဖန် ၁၉၅၅–ခုနှစ်တွင် ရန်ကုန်ဘားလမ်းအချုပ်ထောင်နှင့် အင်းစိန် ထောင်၊ ထိုမှတဆင့် ၁၉၅၆–ခုနှစ်တွင် ရန်ကုန်ထောင်ကြီးသို့ ရောက်ခဲ့၏။ ဤတွင် ရန်ကုန်ထောင်ထဲ ရောက် လျှင်ရောက်ခြင်း ဦးလှအား မမျှော်လင့်ပဲ ဘွားကနဲ တွေ့လိုက်ရ၏။ သို့သော် သည်တခါတွင်မူ ဦးလှအား ထောင်ကော်မတီဝင်အဖြစ် တွေ့လိုက်ရခြင်းမဟုတ်ပဲ၊ ပုဒ်မ ၅ အကျဉ်းသားအဖြစ် တွေ့လိုက်ရခြင်း ဖြစ်ရာ ဦးလှနှင့်

www.myanmarcupid.net

ခင်မင်ရင်းနှီးလိုလှသော ကျွန်တော့်မှာ ရုတ်တရက် စိတ်ထဲတွင် ကျိတ်၍ ဝမ်းသားသလိုလိုပင် ဖြစ် သွား၏။ မည်သို့ပင်ဖြစ်စေ နောက်ပိုင်းတွင် ပုဒ်မ ၅၊ အကျဉ်းသား လူထုဦးလှနှင့် မတရားသင်း ပုဒ်မအကျဉ်း သား ကျွန်တော်တို့သည် ရန်ကုန်ထောင်ကြီး၏ ဆက်သွယ်ဆောင်ကျဉ်းပေးမှုကြောင့် ခင်မင်ရင်းနှီးမှုများ တနေ့ တခြား ပွားသည်ထက်ပွား၊ များသည်ထက် များလာခဲ့ကြ၏။ အထူးသဖြင့် မုံရွာထောင်၊ မန္တလေးထောင်၊ အင်းစိန်ထောင်စသည့် ထောင်များတွင် ကျင်လည်ကျက်စားခဲ့ဖူးပြီး ထောင်အတွေ့အကြုံများလှ၍ "လက်ကောက်" ကျနေပြီဖြစ်သော ကျွန်တော့်အတွက် ရန်ကုန်ထောင်သည် "ဘဝတက္ကသိုလ်"တခုပမာ ဖြစ်နေ ခဲ့ရာ၊ စာပေအနုပညာ အဖြာဖြာနှင့် အထွေထွေဗဟုသုတ ပြည့်စုံကြွယ်ဝလှသော လူထုဦးလှသည် ရန်ကုန် ထောင်ထဲတွင် ကျွန်တော့်အတွက် "တက္ကသိုလ်"ဆရာတဦးပင်ဖြစ်ခဲ့၏။

သို့သော်ကျွန်တော်သတိထားမိသလောက်၊ ဦးလှသည်သူ့ကိုယ်သူဘယ်တော့မှ ဆရာဂိုက်မဖမ်း၊ ဘယ်သူ့အပေါ်မှ "ဆရာချိုး"မချိုး။ သူနှင့် ကြုံတွေ့ဆက်ဆံရသမျှ လူတိုင်းအပေါ်တွင် ဆွေမျိုးရင်းချာလို ဆက်ဆံတတ်သူဖြစ်၏။ အထူးသဖြင့် ကျွန်တော်တို့ လူငယ်လူရွယ်များနှင့် ဆက်ဆံပြောဆိုရာ၌တကယ့်တူရင်း

www.myanmarcupid.net

သားရင်းညီငယ်ရင်းပမာ ချိုသာသိမ်မွေ့လှ၏။ သို့ဖြင့်ရန်ကုန်ထောင်ထဲတွင် နေ့စဉ်ထိတွေ့ဆက်ဆံခဲ့ရ၍ တနေ့တခြား ခင်မင်ရင်းနှီးလာသည်နှင့်အမျှ ယခင်က ကျွန်တော်လေးစားခဲ့ရသော ဦးလှသည် ကျွန်တော့် အတွက် ကြည်ညိုစရာပုဂ္ဂိုလ်တဦးဖြစ်လာခဲ့၏။ တကယ်တော့ ဦးလှသည် ကျွန်တော့်ထက် အသက် ၁၇–နှစ် ခန့်ကြီး၍ ဦးလေးအရွယ်ဟု ဆိုရမည်ဖြစ်သည်။ (ပို၍အတိအကျပြောရလျှင် ဖခင်အရွယ်ဟူ၍ပင် ဆိုနိုင်ကောင်းရာ၏။ အဘယ့်ကြောင့်ဆိုသော ငယ်ငယ်ရွယ်ရွယ် အိမ်ထောင်ပြုခဲ့သော ကျွန်တော့်ဖခင်သည် ကျွန်တော့်ထက် ၁၇–နှစ်သာလျှင် ကြီးနေသောကြောင့်ပင်)။ သို့သော် ဦးလှသည် တူအရွယ်သားအရွယ်ဟု ဆိုနိုင်သော ကျွန်တော့်အား ဘယ်သောအခါမျှ “မင်းနှင့်ငါနှင့်”မပြော။ “ခင်ဗျားကျွန်တော်နှင့်”သာ အမြဲပြော၏။ ခေါ်လျှင်လည်း “ကိုမောင်မောင်”ဟူ၍ပင် သူ့ထုံးစံ သူ့လေသံအတိုင်း ချိုချိုသာသာ ခေါ်လေ့ပြောလေ့ရှိ၏။ ရုံဖန်ရံခါ ရန်ကုန်ထောင်ထဲသို့ အပြင်အပမှ သတင်းထူး သတင်းဆန်းကလေးများ ကြိုကြားကြိုကြား စိမ့်ဝင်လာသည့် အခါများ၌ “ကိုမောင်မောင်ရေ––ကြားပြီးပြီလား....”ဟုဆိုကာ

www.myanmarcupid.net

ကျွန်တော့်အား ထိုသတင်းထူး သတင်းဆန်းကလေးများကို တရင်းတနှီး ဖောက်သည်ချတတ်၏။

ထိုစဉ်က ရန်ကုန်ထောင်အတွင်း ကျွန်တော်တို့ အဆောင် ၅-တွင် အခါကြီးရက်ကြီးများ (သီတင်း ကျွတ်၊ တန်ဆောင်တိုင်၊ သင်္ကြန်စသည်များ)၌ ပျော်ပွဲရွှင်ပွဲများ ကျင်းပလေ့ရှိကြသလို၊ အထိမ်းအမှတ် နေ့ကြီး ရက်ကြီးများ (လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အောက်တိုဘာတော်လှန်ရေးနေ့၊ မတ်လတော်လှန်ရေးနေ့၊ သခင်ကိုယ်တော်မှိုင်းမွေးနေ့ စသည်များ)တွင်လည်း ဟောပြောပွဲများ စည်းဝေးပွဲများနှင့် ပြေး-ခုန်-ပစ် ပြိုင်ပွဲ များစသည်ဖြင့် ကျင်းပပြုလုပ်ခဲ့ကြသည်။ ထိုအချိန်၊ ထိုအခါမျိုး၌ ဟိုကော်မတီ၊ သည်ကော်မတီများတွင် ပါဝင် ခဲ့ကြရသော ဦးလှနှင့်ကျွန်တော်သည် အပြင်အပသို့ ဝေးဝေးလံလံ မသွားရ၊ မထွက်ရပါပဲလျက် လေးဘက်လေး တန်အုတ်နံရံထဲမှာပင် နှစ်ယောက်သား အပြေးအလွှားဖြင့် အလုပ်များနေတတ်သည်။ အထူးသဖြင့် ထိုသို့သော ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေး ကိစ္စများနှင့်ပတ်သက်၍လည်းကောင်း၊ ရံဖန်ရံခါ ကြုံတွေ့ရတတ်သော ထောင် တွင်းပြဿနာရပ်များနှင့်ပတ်သက်၍သော်လည်းကောင်း၊

www.myanmarcupid.net

အရေးတကြီး တိုင်ပင်ဆွေးနွေးစရာ ရှိပြီဆိုလျှင် ခါတိုင်းကျွန်တော့်အား "ကိုမောင်မောင်ရေ .."ဟုခေါ်တတ်သော ဦးလှသည် "ရေ ...."ဟူသောနေရာတွင် "ဝစ္စနစ်လုံး"ပေါက်ထည့်ကာ "ကိုမောင်မောင်ရေး...."ဟူ၍ လေးလေးပင်ပင်ခေါ်ပြီး လေးလေးနက်နက် တိုင်ပင်ဆွေးနွေးတတ်၏။ (ကိုမောင်မောင်ရေး -- ဟူသော ဦးလှ၏အသံကို ယခု ဤစာရေးဆဲမှာပင် ကြားယောင်လာမိပါသည်။)

(၃)

မှတ်မိပါသေးသည်။

ရန်ကုန်ထောင်ထဲတွင် ကျွန်တော်နှင့်ဦးလှ၊ ထိုမျှလောက် တရင်းတနှီး ဖြစ်လာခဲ့ရသည့် အကြောင်း ရင်းများအနက် တခုသောအကြောင်းရင်းမှာ တယောက်နှင့်တယောက် အခန်းချင်းကပ်လျက် နေခဲ့ကြရသော ကြောင့်ဖြစ်၏။ ရန်ကုန်ထောင်အဆောင် ၅ အပေါ်ထပ်တွင် ကျွန်တော်က အခန်းနံပါတ် ၇၉၊ ဦးလှက ၈၀။

ဤတွင် အဆောင် ၅ အပေါ်ထပ် လက်ယာဘက်လှေကားထိပ်တွင် အခန်းချင်းကပ်နေကြသော ကျွန်တော်တို့နှစ်ယောက်သည် နေ့စဉ်တနေ့လုံး မတွေ့ချင်အဆုံး၊ မမြင်ချင်အဆုံး မြင်တွေ့နေခဲ့ကြ၏။ ရံဖန်

www.myanmarcupid.net

ရုံခါ အိပ်ဆောင်ပိတ်ပြီးနောက်၊ ညဥ့်ဦးပိုင်းအချိန်များတွင် ဦးလှအခန်းသို့ ကျွန်တော်သွား၍ စာအကြောင်း ပေအကြောင်း သောင်းပြောင်းထွေလာများကို ပြောနေတတ်သလို ဦးလှကလည်း ကျွန်တော့်အခန်းသို့ မကြာ ခဏလာ၍ ဗမာ့အရေး၊ ကမ္ဘာ့အရေးများကို ဆွေးနွေးလေ့ရှိ၏။ ထိုသို့ ဦးလှနှင့်ကျွန်တော် အခန်းချင်းကပ်နေကြ ရာမှ တနေ့တွင် ကျွန်တော်တို့နှစ်ယောက်ကြား "ဟားကွက်"တခု ပေါ်ပေါက်လာခဲ့သည်ကို ကောင်းကောင်းကြီး မှတ်မိနေသည်။ ဖြစ်ပုံကသည်လို....

ငယ်စဥ်ကပင် မယ်ဒလင်၊ ဘင်ဂျိုစသည့် တူရိယာများကို ခေါက်တတ်၊ တီးတတ်၍ ဂီတဝါသနာထုံခဲ့ သော ကျွန်တော်သည် ရန်ကုန်ထောင်ထဲတွင် သရောထိုးသင်ခဲ့၏။ အများသိပြီးဖြစ်ကြသည့်အတိုင်း တူရိယာ များအနက် နှဲ၊ သရော စသည့် တူရိယာများသည် မမှုတ်တတ်၊ မထိုးတတ်ပဲ လေ့ကျင့်စ၊ သင်ကြားစအချိန်များ တွင် ဘေးလူအတွက် အလွန်နားကလောစရာကောင်းလှသည်။ သို့ဖြစ်ရာ ရန်ကုန်ထောင်ထဲရောက်ပြီး ၆–လခန့် အကြာတွင် သရောထိုးစတင်၍ လေ့ကျင့်ခဲ့သော ကျွန်တော်၏ "သည်မောင့်လက်သံ"သည် တဘက်ခန်းမှ ဦးလှ အတွက် အော့ကြောလံအောင် နားကလောစရာ ဖြစ်နေခဲ့ဟန်တူသည်။

www.myanmarcupid.net

ပြီး–ပို၍ဆိုးသည်မှာ တခါတခါ ညဥ့်ဦး ပိုင်းတွင် ဟိုအခန်း သည်အခန်းများသို့သွား၍ လေးပန်းနေခဲ့ပြီး၊ ည ၉–နာရီကျော် ၁၀–နာရီခန့်တွင်မှ ကိုယ့် အခန်းသို့ပြန်ရောက်လာတတ်သော ကျွန်တော်သည် ထိုအချိန်ကျမှ ထောင်တွင်းလုပ် သရေပြားလေးကို ထုတ်ကာ တကျိကျိ တအီအီဖြင့် လက်စွမ်းပြလေ့ရှိသည်။ ဖြစ်ချင်တော့ သည်အချိန်မှာမှ တိတ်တိတ်ဆိတ်ဆိတ် နားအေးပါးအေး စာရေးလေ့ရှိသော ဦးလှအတွက် ကျွန်တော့်သရေသံသည် ဇကန်မုချ အညာတခွင် ဖုတ်တော ထဲတွင် လှည်းအိုကြီးကို ဆီမထိုးပဲ နွားပိန်တရှဉ်းတပ်၍ မောင်းလာသည့်နှယ် အကြီးအကျယ် နားငြီးစရာ ဖြစ်နေပုံရသည်။ သို့ဖြင့် သည်းမခံနိုင်သည့်အဆုံး တခုသောညတွင် ကိုယ့်သရေသံနှင့်ကိုယ် နားဝင်ပီယံ အဖြစ်ကြီးဖြစ်နေသော ကျွန်တော်သည် တဘက်ခန်းမှ ဦးလှ၏အသံကို ကြားလိုက်ရသည်။

"ကိုမောင်မောင်မအိပ်သေးဘူးလားဗျ၊ လာလေဗျာ၊ ထိုးမုံ့လေး လာမြည်းပါအုံး၊ ဒေါ်အမာ မန္တလေးက ပို့လိုက်လို့ နေ့ခင်းကမှရောက်လာတာ၊ လာပါဗျ"

သို့ဖြင့် ကျွန်တော်သည် သရေပြားကလေးကို အိပ်ရာပေါ်အသာချကာ၊ ဦးလှအခန်းသို့ကူးလာခဲ့ပြီး၊ လှကလေးစိန်ထိုးမုံ့ကို ရေနွေးကြမ်းနှင့် မြည်းခဲ့ရ၏။

www.myanmarcupid.net

သည်နှစ်ခြားတခါ၊ သုံးရက်ခြားတခါဆိုသလို၊ စိတ်ကူးရ၍ဂီတပိုးထသည့်ညများတွင်လူခြေတိတ်ချိန်တွင်မှသရောထိုးကျင့်လေ့ရှိသော ကျွန်တော်သည်တဘက်ခန်းမှ ဦးလှ၏ဖတ်ခေါ်ကျွေးမွေးသည့် ထိုးမုန့်၊လမုံ့၊သစ်ကြားသီးစသည့် မန္တလေးစာများကို ရန်ကုန်ထောင်ထဲမှ မုန်မုန်ကြီး စားနေခဲ့ရ၏။

သို့သော် တကယ့်အဖြစ်မှန်မှာ ဦးလှသည် ကျွန်တော့်အား ထို(သရေစာ)သွားရေစာများကို စေတနာဗလပွဖြင့် ဒါနပြုနေခြင်းထက် ကျွန်တော့်သရောသံကို နားမခံနိုင်လွန်း၍ ပညာရှိပီပီတဘက်လှည့်ဖြင့် ကျွန်တော့်အား မုံ့ကျွေးပြီး သရောမထိုးဖြစ်အောင် စည်းရုံးနေခြင်းဖြစ်ကောင်းဖြစ်တန်ရာ၏။ (ဤနေရာတွင် အကယ်၍သာ ဦးလှမဟုတ်ပဲ အခြားလူတယောက်ယောက်ဆိုပါက ကျွန်တော့်အား မုချကတောက်ကဆတ် ပြောမည်မှာ သေချာသည်။ သို့သော်ဦးလှသည် သည်လိုလူစားမျိုးမဟုတ်။ လူတဘက်သားအပေါ် ကတောက် ကဆတ်ဖြစ်မည့် စကားမျိုးကို ဘယ်သောအခါမျှ ပြောသူမဟုတ်။ ဤသည်ပင်လျှင် ဦးလှ၏ ကြည်ညိုဖွယ် လေးစားဖွယ်ကောင်းလှသည့် အရည်အချင်းတခုဖြစ်သည်။)

www.myanmarcupid.net

သို့သော် ကျွန်တော်ဆိုသော ကျွန်တော်ကလည်း အ,လိုက် န,လိုက်တုံးလိုက်သည်မှာ ထိုသို့ကျွန်တော် သရောမထိုးဖြစ်အောင် ဦးလှက မုံ့ပဲသွားရေစာများကျွေး၍ တဖက်လှည့်ဖြင့် စည်းရုံးနေသည်ကို တစက်ကလေး မျှမရိပ်မိ။ တဘက်ခန်းမှ ဦးလှခေါ်ကျွေးသည့်မုံ့များကိုစားပြီး စကားစမြည်ပြောယင်းအတန်ငယ်ညဥ့်နက်လာ သည်နှင့် ကိုယ့်အခန်းကိုယ်ပြန်ကာ၊ ထိုညအဖို့ သရောထိုးဆက်မကျင့်တော့ပဲ အိပ်ရာဝင်လေ့ရှိသည်။ သည်တော့မှ ဦးလှတယောက် နားအေးပါးအေးဖြင့်စာရေးရတော့သည်။ သို့ဖြင့်ကျွန်တော့်မှာ ဦးလှ၏ လှည့်ကွက်ထဲသို့ ဝင်မှန်းမသိ ဝင်နေခဲ့သည်။ ဦးလှကလည်း ကျွန်တော့်အားနာလို့ပဲလား၊ ဒါမှမဟုတ် ကျွန်တော်ရက်သွားမှာစိုးလို့လားမသိ။ ကျွန်တော့်ကိုသည်ကိစ္စနှင့်ပတ်သက်၍ ဘာတခွန်းမျှမဟ၊ ဘာမျှမပြော၊ ပြောမည့်ပြောတော့ တပတ်ကျော်နှစ်ပတ်ခန့်အကြာ အဆောင် ၅ မှ တခုသောအခန်းတွင် ဗန်းမော်တင်အောင်၊ ကိုအုံးမောင်(လေထီး)၊ဆန်းညွန့်ဦး ဦးလှခင် စသည့်ရဲဘော်များဖြင့် စည်စည်ကားကား ရှိနေခိုက် (ထိုနေ့က ထိုဝိုင်းတွင် ကျွန်တော်မရှိ)ဦးလှက

ညဘက်လူခြေတိတ်ချိန်မှာမှ သရောသံဖြင့် လက်စွမ်းပြပြနေသော ကျွန်တော့်အား သရောမထိုးဖြစ်အောင် မုံ့ခေါ်ကျွေးပြီး "ချွေးသိပ်"နေရကြောင်းများကို ဟာသနှောကာပြောပါ လေတော့သည်။ သို့ဖြင့် ကျွန်တော်၏သရောသံမှာ ကျွန်တော့်ကွယ်ရာတွင် ရဲဘော်များအတွက် ဟားကွက်ဖြစ် နေခဲ့သည်။

သို့သော် နေ့စဉ်နှင့်အမျှ သည်ထောင် သည်အဆောင်တွင် သည်လူတွေ သည်ရဲဘော်တွေကို တွေ့မြင်ပေါင်းသင်းနေကြရသည်ဖြစ်ရာ၊ သည်သတင်းနှင့် သည်ဟားကွက်သည် ၂၄ နာရီမပြည့်မီ ကျွန်တော့် နားသို့ ပေါက်ကြားလာတော့သည်။ ကျွန်တော့်မှာ အစပထမတွင် ဦးလှကို အတော်အားနာသွားသည်။ ကျွန်တော့်သရောသံကြောင့် ညဘက်တွင် ဦးလှတယောက် စာရေးပျက်ရလောက်အောင် အနှောက်အယှက်ဖြစ်ခဲ့ ရသည်ကို အတော်စိတ်မကောင်း ဖြစ်သွားမိသည်။ သို့ဖြင့် တပတ်လောက် အတွင်းညဘက်တွင် သရောပြား ကလေးကို လုံးဝမကိုင်ပဲနေခဲ့သည်။ သည်တပတ်အတွင်း ကျွန်တော်ဘာ့ကြောင့် သရောမထိုးသည်ကို ဦးလှက လည်းမမေး၊ကျွန်တော်ကလည်းဘာမျှမပြော။ သို့သော်တပတ်ကျော်သွားသောအခါ ဦးလှ၏စိတ်ကိုစမ်းကြည့်

www.myanmarcupid.net

လို၍တကြောင်း၊ ကျွန်တော့်သရောသံအတွက် ဟားကွက်ဖြစ်နေကြသော ရဲဘော်များ၏ ပြောကြားချက် မှန်မမှန် အတိအကျ သိလို၍တကြောင်း၊ တညတွင် သရောပြားကလေးကိုကောက်ကိုင်ကာ 'ပန်းမြိုင်လယ်'အကွက်ဆန်း ကို စမ်းကြည့်လိုက်သည်။ ဘာမျှမကြာလိုက်ပါ။ တဘက်ခန်းမှ ဦးလှ၏ ဖိတ်ခေါ်သံကိုကြားလိုက်ရပြီး တခဏ ချင်းမှာပင် ကျွန်တော်သည်ဦးလှအခန်းထဲတွင်အမြိန့်သားထိုင်ကာ သစ်တော်သီးများကို တဂျွတ်ဂျွတ်ဝါးယင်း အငြိမ့်သား စားနေရပါတော့သည်။

ထိုအချိန်မှစ၍ ဦးလှသည်ကျွန်တော့်အကွက်ထဲ ဝင်မှန်းမသိ ဝင်လာခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် နောက်ရက်များ၌ ကျွန်တော်သည် ညဘက်ညဘက်တွင် ဝမ်းဟာ၍ တခုခုစားချင်စိတ် ပေါက်လာသည့်အခါ တိုင်း၊ သရောပြားလေးကိုအသာမ၍ လက်စွမ်းပြတော့သည်။ ထိုသို့လက်စွမ်းပြတိုင်းပြတိုင်း ဦးလှထံမှ စားစရာ တခုခု အမြဲတစေစားနေရသည်သာတည်း။ သို့ဖြင့်တနေ့သောအခါ တခုသောအခန်းထဲတွင် ဦးလှရော ကျွန်တော်ပါရှိနေခိုက် အခြားရဲဘော်များအား ကျွန်တော်က ဤအကြောင်းကို ဖော်ကောင်လုပ်၍ဖွင့်ချခဲ့ရာမှ နောင်တွင်အဆောင်၅

www.myanmarcupid.net

တခုလုံးအတွက်ဤအဖြစ်အပျက်ကလေးမှာ "ဇာတ်လမ်းပမာ ဟားစရာ"ဖြစ်ခဲ့ရသည်။

ရန်ကုန်ထောင်ထဲတွင် ဦးလှနှင့်ထိတွေ့ခဲ့သမျှ ကျွန်တော်တို့နှစ်ယောက်အကြား မှတ်မှတ်သားသား ဖြစ်စရာ အခြားအချက်ကလေးများလည်း ရှိခဲ့သေးသည်။

တခုသော ပွဲတော်ရက် ထမနဲပွဲ၊ တပို့တွဲလပြည့်တွင် ထောင်တွင်းဒိုးပတ်ဝိုင်းအတွက် ကျွန်တော်က သံချပ်များ၊ ဗုံထောက်များရေးစပ်ပေးခဲ့ရသည်။ ထိုသံချပ် ဗုံထောက်များကို ဦးလှက အမှတ်တရတောင်းသဖြင့် ကျွန်တော်ကူးပေးခဲ့ရသည်။ နောင်အခါဦးလှ ထောင်မှလွတ်သွားခဲ့ပြီး ထောင်တွင်းအတွေ့အကြုံ မှတ်တမ်းများ ကို တအုပ်ပြီးတအုပ်ရေးထုတ်ခဲ့ရာ တခုသောစာအုပ် (ဇနီးနှင့်သားသမီးများသို့ ထောင်တွင်းမှပေးစာများ စာအုပ်)ထဲတွင်ထိုသံချပ် ဒိုးပတ်များကို ကျွန်တော်တွေ့လိုက် ဖတ်လိုက်ရသည်။ တဖန်တခုသော တန်ဆောင်တိုင် ပွဲတော်ရက်တွင် ထောင်ထဲမှအနုပညာဝါသနာရှင်များစုစည်း၍၊ "လှောင်ချိုင့်ထဲက ငှက်ငယ်မ" ဟူသောအမည်ဖြင့် အရိပ်ပြဇာတ် (Shadow Play) တခုကို ကျွန်တော်ကိုယ်တိုင် ဒါရိုက်တာလုပ်၍တင်ဆက်ခဲ့သည်။ ထိုအရိပ်ပြဇာတ်မှာ၊ ရန်ကုန်ထောင်ထဲတွင် အထူးပင်ကျော်ကြားသွားခဲ့ရာ၊

www.myanmarcupid.net

ထောင်အာဏာပိုင်များကိုယ်တိုင်က ခွင့်ပြုခဲ့သဖြင့် ညဘက်တွင် အခြား အဆောင်များသို့ပင် လှည့်လည်ပြသခဲ့ရသည်။ ဦးလှကလည်း ထိုပြဇာတ်ကို အလွန်သဘောကျ နှစ်ခြိုက်ခဲ့သည်။ သို့ဖြင့် ဦးလှထောင်မှလွတ်သောအခါ၊ သူ၏စာအုပ်တအုပ်ကို "လှောင်ချိုင့်ထဲက ငှက်ငယ်များ"ဟူ၍ အမည်ပေးခဲ့သည်။

ဦးလှနှင့် ကျွန်တော်တို့နှစ်ယောက်အကြား ခင်မင်ရင်းနှီးသော ဆက်ဆံရေးမှာ သည်မျှလည်းမက သေးပါ။ ထိုစဉ်က ရန်ကုန်ထောင် အဆောင် ၅ တွင် နေ့ထူးနေ့မြတ်အထိမ်းအမှတ်အခမ်းအနားများ၊ စည်းဝေးပွဲ၊ ဟောပြောပွဲများ မကြာခဏ ကျင်းပခဲ့ကြသည်။ မှတ်မှတ်ရရ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ တခုသော မွေးနေ့အခမ်းအနားတွင် ဆရာကြီးအကြောင်းကျွန်တော်တတ်သလောက် မှတ်သလောက် ဟောပြော ခဲ့ရသည်။ ထိုဟောပြောပွဲ၏သဘာပတိမှာ ဦးလှပင်ဖြစ်သည်။

တခါတွင်လည်းအဆောင် ၅ မှ ရဲဘော်များထွေထွေဗဟုသုတ ရရှိရေးအတွက် "သတင်းစာပညာ" အကြောင်း ဟောပြောပွဲတခု ကျင်းပပြုလုပ်ခဲ့ကြရာ အဓိကဟောပြောရမည့် ကျွန်တော်သည်

www.myanmarcupid.net

သတင်းစာပညာ တွင် ကျွန်တော့်ထက်အဆပေါင်းများစွာ အတွေ့အကြုံကြွယ်ဝနေသော ဦးလှထံမှ အချက်အလက်အတော် များများကို မေးမြန်းစုဆောင်းမှတ်သားခဲ့ရသည်။ သို့ဖြင့် ရန်ကုန်ထောင်ထဲတွင် တနှစ်ခွဲကျော်ကျော် (လပေါင်း ၂၀မျှ)အတူတကွတရင်းတနှီး နေလာခဲ့ရသော ဦးလှနှင့်ကျွန်တော်သည်၊ အပြင်လောကတွင် နှစ်ပေါင်း ၂၀မျှ ပေါင်းသင်းလာခဲ့ရသော ရဲဘော်ရင်းခြာ မိတ်ဆွေဟောင်းပမာ ဖြစ်လာခဲ့ကြသည်။ သို့ဖြစ်၍လည်း ကျွန်တော် ရန်ကုန်ထောင်ထဲတွင် နောက်ဆုံးအိပ်ခဲ့ရသည့်ညက၊ ကျွန်တော့်အတွက် ရဲဘော်များက နှုတ်ဆက်သည့် အခမ်း အနားတွင် ဦးလှကိုယ်တိုင် အားလုံးကိုယ်စား နှုတ်ဆက်စကားများကို တရင်းတနှီး ပြောကြားခဲ့ခြင်းဖြစ်သည်။

(၄)

တော တောအလိုက်၊ တောင် တောင်အလိုက်ဆိုသော စကားပမာ၊ ထောင် ထောင်အလိုက် ရင်းရင်း နှီးနှီး နီးနီးကပ်ကပ်နေလာခဲ့ကြသော ဦးလှနှင့်ကျွန်တော်သည် သူရောကျွန်တော်ပါအပြင်သို့ ရောက်သွားသော အခါ၊ အတော်ကလေး အနေဝေးသွားခဲ့ကြသည်။ ဦးလှကမန္တလေး၊ ကျွန်တော်ကရန်ကုန် တခါတခါမှသာ



www.myanmarcupid.net

ဆုံကြတွေ့ကြရတော့သည်။ သို့သော်တဦးနှင့်တဦး ခင်မင်ရင်းနှီးမှုမပျက်၊ အဆက်အသွယ်မပျက်ခဲ့ကြ။ အထူး သဖြင့် ရန်ကုန်ထောင်မှလွတ်ခဲ့ပြီး၊ စာနယ်ဇင်းလောကသို့ ခြေစုံပစ်၍ ဝင်လာခဲ့မိရာမှ စာရေးဆရာဖြစ်မှန်းမသိ ဖြစ်လာခဲ့သော ကျွန်တော်သည် စာအုပ်စာပေကို အခြေပြု၍ ဦးလှနှင့်ဆက်သွယ်မှုများ ရှိနေခဲ့ကြသည်။ "ကို မောင်မောင်သို့....မောင်လှ"ဟူ၍ စာလုံးကြီးကြီး၊ လက်ရေးရှင်းရှင်းဖြင့် လက်မှတ်ထိုးထားသော ဦးလှ၏စာအုပ် များကိုမကြာခဏ ကျွန်တော်ရရှိခဲ့သလို၊ ကျွန်တော်ရေးသားပြုစုသည့် စာအုပ်များကိုလည်း၊ လူကြုံဖြင့်ဖြစ်စေ၊ တခါတခေါက်မန္တလေးသို့ သွားရောက်လျှင်ဖြစ်စေ ဦးလှနှင့်ဒေါ်အမာတို့ထံ လက်ဆောင်ဝင်ပေးခဲ့သည်။

ရံဖန်ရံခါ ရန်ကုန်သို့ ဦးလှဆင်းလာသည့် အခါများတွင်လည်း ဗန်းမော်တင်အောင်၊ မောင်နေဝင်း၊ ကျွန်တော်စသည်တို့နှင့် မောင်စွမ်းရည်၊ တင်မိုး၊ မောင်သာနိုးစသည့် ရန်ကုန်ရောက်မန္တလေးသား စာရေးဆရာ များက တရုတ်စားသောက်ဆိုင်တခုခုတွင် ဦးလှအား ဖိတ်၍ကျွေးမွေးပြုစုခဲ့ကြသည်။ ကျွန်တော် ကိုယ်တိုင် လည်း နှစ်တိုင်းလိုလို အထက်အညာတခွင် စာပေဟောပြောပွဲ

www.myanmarcupid.net

ခရီးစဉ်တလျှောက်မန္တလေးသို့တထောက်ဝင်နား ယင်းဦးလှနှင့်ဒေါ်အမာတို့အိမ်သို့ ထမင်းဝင်စား၊ လဘက်ရည်ဝင်သောက်ကာ ရန်ကုန်မှနောက်ဆုံးသတင်းများကို ဖေါက်သည်ချလေ့ရှိသည်။ သည်ကြားထဲမှာပင် ဦးလှနှင့်ခင်မင်ရင်းနှီးမှု ရေစက်မကုန်သေးသော ကျွန်တော်သည်၊ တခုသောစာဆိုတော်ရက်၊ တခုသောစာပေဟောပြောပွဲတွင် ဆုံမိအောင်ဆုံ ကြုံမိအောင်ကြုံခဲ့ ကြရပြန်သည်။ ထိုစာပေဟောပြောပွဲမှာလည်းမှတ်မှတ်ရရပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုနှစ် (၁၉၆၉ ခု)တွင်ပြည်မြို့ရွှေဘုန်းပွင့်ပိဋကတ်တိုက်မှ ဥက္ကဋ္ဌဦးကြိုင်က ထူးထူးခြားခြား မန္တလေးမှစာရေးဆရာနှစ်ဦးနှင့် ရန်ကုန်မှစာရေးဆရာနှစ်ဦးကို ပြည်မြို့တွင်ဆုံ၍ စာပေဟောပြောပွဲ ပြုလုပ်ကျင်းပခဲ့သောကြောင့်ဖြစ်သည်။ ဤတွင် မန္တလေးမှလူထုဦးလှနှင့်ဒေါ်အမာ ရန်ကုန်မှဆရာသုခနှင့် ကျွန်တော်တို့ပြည်မြို့တွင်ဆုံကြရသည်။

ကျွန်တော်တို့ ၄ ဦးစလုံးမှာ တဦးနှင့်တဦး ခင်မင်ရင်းနှီးပြီး ဖြစ်ကြသည့်အလျောက်၊ ၄ယောက်သား စကားလက်ဆုံ ပြောမကုန်အောင်ဖြစ်နေခဲ့ကြသည်။ သရေခေတ္တရာမြို့တော်ဟောင်းသို့ ရောက်တုံးရောက်ခိုက်၊

www.myanmarcupid.net

ဥက္ကဋ္ဌကြီးဦးကြိုင်၏ လိုက်လံပို့ဆောင်မှုကြောင့် စေတီဘုရားပုထိုးများ၊ မြို့ရိုး၊ ကျုံးရိုးဟောင်းများနှင့်ပြတိုက်များသို့ အနှံ့လှည့်လည်ကြည့်ရှုကြယင်း၊ စာပေ၊ ရုပ်ရှင်၊ ဂီတသဘင်စသည့် အနုပညာနှင့်ပတ်သက်သမျှ ရှေးဟောင်းနှောင်းဖြစ်များပါမကျန် သောင်းပြောင်းထွေလာ ပြောချင်ရာရာများကို အားပါးတရတဝကြီး ပြောခဲ့ ကြသည်။ အထူးသဖြင့် ဦးလှနှင့်ကျွန်တော်တို့နှစ်ယောက်မှာ ထောင်လောက အတွေ့အကြုံ၊ ဗဟုသုတအဖုံဖုံ တို့ကို တဝါးဝါးတဟားဟားဖြင့် ပြောမကုန်အောင် ဖြစ်နေကြသည်။ ကျွန်တော်တို့နှစ်ယောက်၏ ထောင်တွင်း ရှေးဟောင်းနှောင်းဖြစ် အတွေ့အကြုံများမှာ ဟိုဟိုသည်သည်၊ သွားယင်း လာယင်း စားယင်းသောက်ယင်း ပြောမကုန်အောင်ဖြစ်နေခဲ့ရာမှ အရှိန်မသေသေးပဲဖြစ်နေဟန်တူသော ဦးလှသည်၊ စာပေဟောပြောပွဲ စင်မြင့်ပေါ် မှာပင် ကျွန်တော်နှင့် ရန်ကုန်ထောင်တွင် တွေ့ကြုံဆုံစည်းခဲ့ရပုံများကို ဟာသနှော၍ပြောသွားခဲ့ရာ ပရိသတ်မှာ တဝေါဝေါဖြစ်နေခဲ့ကြသည်။

ဤတွင် ကျွန်တော့်အလှည့်သို့ ရောက်သောအခါကျွန်တော့်မှာ မနေသာတော့ပဲ၊ ဦးလှခင်းသွားသော အကွက်များကိုပင် နင်း၍ ထောင်တွင်း



www.myanmarcupid.net

အတွေ့အကြုံများကို မှတ်စရာ ဟားစရာများဖြင့် အဖြည့်ခံသဘောမျိုး ပြောခဲ့ရသည်။ ပြီးမှ ထောင်အကြောင်းတွေ များလွန်းနေပြီကိုသတိရ၍ ဘရိတ်အုပ်ယင်း၊ ဥက္ကဋ္ဌကြီးဦးကြိုင်ကို လှမ်းနောက်လိုက်ရသည်။

"ပြောယင်းပြောယင်းနဲ့ ပရိသတ်ကြီးကတော့ ရွှေဘုန်းပွင့် ဥက္ကဋ္ဌကြီးဦးကြိုင်ကို ဒေါပွနေကြတော့မှာပဲ၊ ဘာကြောင့်လဲဆိုတော့၊ စာဆိုတော်နေ့ဟောပြောပွဲအတွက် စာရေးဆရာတွေဖိတ်ခဲ့ပါဆိုတာ အခုတော့ ဘယ်က ထောင်ထွက်တွေ ခေါ်လာသလဲမသိဘူးဆိုပြီး ပြောနေကြမှာ သေချာတယ်"

ကျွန်တော့်စကားအဆုံးတွင် ပရိသတ်မှာ အုန်းကနဲပွဲကျသွားသည်။

(၅)

ဤသို့လျှင်ဦးလှနှင့်ရင်းနှီးစွာထိတွေ့ဆက်ဆံ၍ ခင်မင်စွာပေါင်းသင်းနေထိုင်ခဲ့ရသော ကျွန်တော်သည်၊ ဦးလှ၏ဈာပနကို ရန်ကုန်မှ မန္တလေးသို့အပြေးအလွှားသွား၍လိုက်ပါပို့ဆောင်ခဲ့ပြီးနောက် … ဦးလှအတွက် အမှတ်တရစာအုပ်တွင် ဤသို့လျှင် အမှတ်တရ ရေးခဲ့သည်။

www.myanmarcupid.net

စာအားဖြင့် ရေးသားဖော်ပြခြင်းငှာ မတတ်စွမ်းနိုင်သော…ဆိုတဲ့ တင်စားချက်ရဲ့ အနက်အဓိပ္ပါယ်ကို ဦးလှအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းရေးရာမှာ

ဒက်ထိသဘောပေါက်ခံစားမိပါတယ်။

ရန်ကုန်ထောင် ပုဒ်မ ၅ အဆောင်မှာအခန်းချင်းကပ်ပြီး နေထိုင်ခဲ့ရတာတွေ၊ တခါက ပြည်စာဆို တော်ပွဲမှာ အတူနွှဲခဲ့ကြရတာတွေကို

အောက်မေ့တသသတိရလျက်ပါ။

မောင်မောင် (လင်းယုန်)

၉–၈–၈၂

www.myanmarcupid.net



*မန္တလေး စာပေအသိုင်းအဝိုင်းမှာ အကြမ်းအားဖြင့် ပရိသတ်သုံးမျိုး ပါနေပါတယ်။ တက္ကသိုလ်ပညာရှိ အသိုင်းအဝိုင်း၊ တက္ကသိုလ်ကျောင်းထွက် လူငယ်စာရေးဆရာအသိုင်းအဝိုင်းနဲ့ ပြင်ပ သတင်းစာဆရာ၊ သတင်း ထောက်လောကထဲကထွက်တဲ့ အသိုင်းအဝိုင်းတို့ ဖြစ်ပါတယ်။ ကိုယ်နွယ်ရာနွယ်ရာ နိုင်ငံရေးဂိုဏ်းများက အစုကလေးများလဲ နဲနဲပါးပါးရှိပါတယ်။ သူ့အစုကလေးနဲ့သူ ရှိနေကြရာက အထက်မြန်မာနိုင်ငံ စာရေးဆရာ အသင်းမှာ လာရောက် ပူးပေါင်းမိကြပါတယ်။*

# ကျွန်တော်တို့ရဲ့ ဦးလေး

## မောင်စွမ်းရည်

www.myanmarcupid.net

ကျွန်တော်စာဖတ်တတ်ခါစက၊ ကျွန်တော်တို့အိမ်မှာ ကြီးပွားရေးမဂ္ဂဇင်း အဟောင်းတွေကိုဖတ်ခဲ့ရဖူး တယ်။ ကြီးပွားရေးမဂ္ဂဇင်းဆိုတဲ့ အသံကိုကြားရတိုင်း၊ ကျေးလက်ပြုပြင်ရေး၊ လမ်းလျှောက်ခြင်း၊ ကိုပြူးနဲ့မပြုံး ကာတွန်း၊ အလေးမတဲ့ ဖော်ဝိတ်ကြီး၊ နေသူရိန်၏မကြောက်တရား အစရှိသည်တို့ကိုလည်း တပါတည်း ထင်ယောင်မြင်ယောင် လာခဲ့ရပါတယ်။ ကျွန်တော် အလယ်တန်းကျောင်းသား အရွယ်ရောက်လို့ စာမှန်းပေမှန်း သိရှိစ အရွယ်ကျတော့၊ ကျွန်တော်တို့အိမ်မှာ တခြားစာနယ်ဇင်းများနဲ့အတူ လူထုဂျာနယ်၊ လူထုသတင်းစာတို့ လဲပါလာခဲ့တယ်။ ဒီလိုနဲ့ကျွန်တော့်အသိဉာဏ်၊ ကျွန်တော့်စာရိတ္တကို တလျှောက်လုံး စောင့်ရှောက်ပြုပြင်၊ ထိန်းကျောင်းပေးလာခဲ့ကြတဲ့ စာနယ်ဇင်းတွေထဲမှာ ကြီးပွားရေးနဲ့ လူထုဂျာနယ် လူထုသတင်းစာတို့ဟာ ရှေ့တန်းက ပါဝင်လာခဲ့ပါတော့တယ်။

ကြီးပွားရေးမဂ္ဂဇင်း အဟောင်းတွေကိုဖတ်ပြီးလို့၊ နှစ်ပေါင်းအတော်ကွာခြားသွားမှ လူထုဂျာနယ်ကို ဖတ်လာရတဲ့အခါ၊ တစုံတရာဆက်စပ်မှု အငွေ့အသက်ကိုခံစားရတယ်။ ကွဲကွာသွားတဲ့

www.myanmarcupid.net

ငယ်သူငယ်ချင်းတဦးကို ကြီးမှနာမည်တမျိုးနဲ့ ပြန်ပြီးတွေ့ရသလို နေမှာပါပဲ။ ကြီးပွားရေးမဂ္ဂဇင်းကို တည်းဖြတ်ထုတ်ဝေသူနဲ့ လူထု ဂျာနယ်ကို တည်းဖြတ်ထုတ်ဝေသူဟာ အတူတူပဲလို့ သိလာရတဲ့အခါ ဝမ်းသာသွားခဲ့ရတယ်။ လူထုသတင်းစာ ထဲက "ဖော်လဂါမှဂင်္ဂါသို့"ဆိုတဲ့ အခန်းဆက်ဘာသာပြန်စာတွေကို စုပေါင်းချုပ်ထားတဲ့ စာအုပ်တအုပ်လဲ အိမ်မှာရှိပါသည်။ အဲဒီစာအုပ်ကိုတော့ ပုံပြင်စာအုပ်အမှတ်နဲ့ ပွေ့ပိုက်ခဲ့ရပါတယ်။ ဒီစာနယ်ဇင်းတွေ ဖတ်ရတဲ့ ကာလက ဒုတိယကမ္ဘာစစ်ကာလနဲ့ ပြည်တွင်းစစ်ကာလအစပိုင်းပါ။ ၁၉၅၃ မှာ ကျွန်တော် မြင်းခြံကနေ မန္တလေးကိုပြောင်းပြီး ကျောင်းနေရတယ်။ မန္တလေးရွှေမြို့တော်ရဲ့ လမ်းမကြီးဖြစ်တဲ့ ၈၄ လမ်းပေါ်က လူထု သတင်းစာတိုက်ကို တွေ့ရယင်ပဲ ကိုယ့်အိမ် ကိုယ့်ကျောင်းကို မြင်ရသလိုခံစားရတယ်။ လူထုတိုက်အနီးကို တရစ်ဝဲဝဲရောက်ခဲ့တယ်။ သတင်းစာတိုက်ဆိုတာ အထဲကိုလူတိုင်းဝင်လို့ ရတယ်ဆိုတာရယ်၊ လူထုတိုက်ထဲမှာ စာအုပ်ဆိုင်လဲရှိတယ် ဆိုတာရယ်သိလာရတော့ တိုက်ထဲကို ခဏခဏဝင်တော့တာပါပဲ။

လူထုတိုက် စာအုပ်ဆိုင်ခန်းကကျယ်ဝန်းလေတော့ စာအုပ်တွေကို ဖြန့်ခင်းပြထားပါတယ်။ လူထုတိုက်



www.myanmarcupid.net

ထုတ်တွေအပြင်ဆိုဗီယက်နဲ့ တရုတ်စာအုပ်တွေလဲရှိနေတယ်။ မဝယ်နိုင်တာတွေကိုတိုက်ထဲမှာပဲ ရပ်ကြည့်ယင်း အဝင်အထွက် ခြေသံတွေကြားရတိုင်း၊ လူထုဦးလှ ဒေါ်အမာ၊ ရွှေဥဒေါင်း အစရှိတဲ့ပုဂ္ဂိုလ်ကြီးတွေထဲက ဘယ်သူများ ထွက်လာလေမလဲလို့ မော့မော့ကြည့်ခဲ့ရတယ်။ တိုက်ထဲကထွက်လာတဲ့ တခြားလူတွေကတော့ ကိုယ့်လမ်းကို ဆက်သွားလိုက်ကြတာချည်းပါပဲ။

လူထုဦးလှအခန်းထဲကထွက်လာပြီဆိုမှဖြင့်၊ စာအုပ်ဆိုင်ခန်း ထဲက ကျောင်းသားလူငယ်လေးတွေကိုရပ်ကြည့်၊ ပြုံးပြနှုတ်ဆက်ပြီး 'ကြည့်ကြ၊ကြည့်ကြ'လို့ စာအုပ်တွေကြည့် ဖို့အားပေးသွားတာကို ကြုံရမြဲပါပဲ၊ အဲသလိုကြုံရယင် ကျွန်တော်တို့ အလွန်ကြည်နူးအားတက်ကြရတယ်။ စာအုပ်တွေ စာနယ်ဇင်းတွေထဲမှာသာ မြင်ဖူး၊ကြားဖူးတဲ့ ပုဂ္ဂိုလ်ကြီးတဦးကို လူကိုယ်တိုင်မြင်ရတာဆိုတော့ ကျွန်တော်တို့မပျော်ပဲနေပါ့မလား။ အဲဒီလို ပုဂ္ဂိုလ်ကြီးတဦးရဲ့ နှုတ်ဆက်အပြုံးကိုရလိုက်တယ်ဆိုတော့၊ ကျွန်တော်တို့ မကြည်နူးပဲ၊ အားမတက်ပဲနေပါ့မလား။

၁၉၅၆–ခုနှစ်ကျတော့ ကျွန်တော် ၁၀ တန်းအောင်လို့ မန္တလေးတက္ကသိုလ်ကို ဆက်တက်တယ်။ မောင်မယ်သစ်လွင်နေ့အခမ်းအနားမှာ လူထုဦးလှ၊

www.myanmarcupid.net

ဒေါက်တာထွန်းရွှေ၊ အမ်အေဒေါ်အုန်း၊ ပွဲကုန်း ဖ၊ဆ၊ပ၊လ အမတ်ဦးလှဖေ အစရှိတဲ့ပုဂ္ဂိုလ်ကြီးများကလဲ ဩဝါဒစကားများပြောကြပါတယ်။ သူတို့ရဲ့ကျောင်းသားဘဝ အကြောင်းတွေကို ရုံးပြင်ကနားသံမပါ၊ အခမ်းအနားသံမပါပဲ ထည့်သွင်းပြောပြသွားကြတဲ့အခါ ကျောင်းသား တွေအလွန်သဘောကျကြပါတယ်။

လူထုဦးလှကတက္ကသိုလ်ဆီးနိတ်အဖွဲ့ဝင်တဲ့။

အမ်အေဒေါ်အုန်းဆိုတာက သပိတ်မှောက်ကျောင်းသူဟောင်း မအုန်းတဲ့။ မအုန်းရဲ့သူငယ်ချင်း သပိတ်မှောက်ကျောင်းသူမအမာဆိုတာ ကြီးပွားရေးမဂ္ဂဇင်းမှာ မြမဥ္ဇူအမည်နဲ့ စာတွေရေးယင်း ဦးလှနဲ့နဖူးစာဆုံခဲ့ကြတာတဲ့။ စသဖြင့် လူငယ်တွေ စိတ်ဝင်စားဖွယ် ဇာတ်လမ်းကလေးများကိုလည်း ကြားလာကြရပါတယ်။

၁၉၅၆–ခုနှစ်မှာ ကိုသာနိုး၊ ကိုဝင်းမောင်(တက္ကသိုလ်ဝင်း)တို့လဲ ၁၉၅၃ခု၊ ဖ၊ဆ၊ပ၊လ အစိုးရ လက်ထက် အောက်တိုဘာကျောင်းသားအရေးတော်ပုံမှာ ကျောင်းထုတ်ခံထားရာက ကျောင်းပြန်တက်ခွင့်ရလို့၊ ကျောင်းသားကြီးများ အဖြစ်နဲ့ တက္ကသိုလ်ကို ပြန်ရောက်လာကြတယ်။ သူတို့ဟာ လူထုဂျာနယ်မှာ ကလောင် သွေးနေကြသူတွေဆိုတာသိရတော့ လေးစားခဲ့ရတယ်။

www.myanmarcupid.net

ဝမ်းသာခဲ့ရတယ်။ အဲဒီနှစ်မှာ ကဗျာဆရာကြည်အောင်၊ ကဗျာဆရာဝင်းကြွယ်၊ခုအခါ ဘာသာပြန်ဆရာလုပ်နေတဲ့ ရုပ်ရှင်ဒါရိုက်တာဟောင်းမောင်မိုးသူ၊အင်းဝညွန့်အေး စသူတွေလဲ ၁၀တန်းအောင်လာကြတယ်။ နောက်တနှစ်မှာတော့ မြန်မာစာဂုဏ်ထူးနဲ့ ၁၀တန်းအောင်ထား ကြတဲ့ ကိုဘဂျမ်း(တင်မိုး)နဲ့ ကိုသိန်းနိုင်(ဂုဏ်ထူးဦးသိန်းနိုင်) တို့လဲရောက်လာကြတယ်။ ကိုဘဂျမ်းဆိုတာလဲ လူထုဂျာနယ်မှာ ကဗျာအမြဲရေးနေတဲ့ ‘ကန်မြဲနန်းမြင့်နွယ်’လို့လဲ သိလာရတယ်။ ဒီလိုနဲ့ မန္တလေးတက္ကသိုလ်မှာ စာပေဝါသနာအိုး ကျောင်းသားတွေတခေတ်တည်း တနှစ်တည်းမှာ အများဆုံး ဆုံမိကြပြီး၊ မန္တလေးတက္ကသိုလ် က ကလောင်ရှင်အသင်းလဲ အင်အားကြီးထွားလာခဲ့တယ်။

ကျွန်တော်တို့တတွေဟာ တက္ကသိုလ်မှာကျောင်းဆောင်သဟာယနဲ့ စာဖတ်အသင်းကနေ ကျောင်းသား သမဂ္ဂထိ အသင်းအဖွဲ့တကာမှာ “နေရာတကာကိုပါရာ”ဆိုသလို “ပါရာ”ခဲ့ကြတယ်။ အသင်းအပင်းကိစ္စတွေ သတင်းပို့စရာရှိယင် ပြန်ကြားရေးမှူး၊ ညဏဗလမှူးဆိုတဲ့ရာထူးတွေ လက်ကိုင်လုပ်ထားတဲ့ ကျွန်တော်တို့ တတွေပဲ သတင်းစာတိုက်တွေကိုသွားကြရတယ်။ အလှူခံစရာရှိလဲ ကျွန်တော်တို့ပဲ သတင်းစာတိုက်တွေကို



www.myanmarcupid.net

သွားကြရတယ်။ လူထုသတင်းစာတိုက်ကိုရောက်ယင်၊ လူထုဦးလှက ဖော်ဖော်ရွေရွေဧည့်ခံပြီး အားပေးစကား တွေ ပြောတတ်တယ်။ ဒီလိုနဲ့ လူထုဦးလှဟာ ကျွန်တော်တို့ရဲ့ ဦးလေးဖြစ်လာခဲ့ပါတော့တယ်။ အဲဒီတုန်းက မန္တလေးတက္ကသိုလ်ကလောင်ရှင်အသင်းဟာ မန္တလေးတက္ကသိုလ်မှာ ကျောင်းသားသမဂ္ဂကလွဲယင် အင်အား အကြီးဆုံး၊ ဩဇာအရှိဆုံးဖြစ်နေခဲ့ပါတယ်။ တပ်ဦးနဲ့ ဒီ–အက်စ်–အို နှစ်ဖက်စလုံးက ကျောင်းသားတွေလဲ ဒီအသင်းမှာ အရောင်ဖျောက်ပြီး ပါဝင်လာကြပါတယ်။ နှစ်စဉ်စာဆိုတော်နေ့ကန်တော့ပွဲတွေမှာ ဦးလှနဲ့တကွ ပြင်ပက ရွှေကိုင်းသားဆရာတော်ဦးသောဘိတ၊ စစ်ကိုင်းဦးဖိုးသင်း၊ ရွှေပြည်ဦးဘတင်၊ ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီးမြမျိုးလွင် အစရှိတဲ့စာရေးဆရာကြီးတွေကိုပါဖိတ်ကြားပြီးကန်တော့ကြပါ တယ်။ တက္ကသိုလ်နဲ့ ပြင်ပ စာပေသမားများရဲ့ ဆက်စပ်မှုဟာလဲ ပိုပြီးများလာခဲ့ပါတယ်။ အဲဒီတုန်းကတက္ကသိုလ်ဆီးနိတ်အဖွဲ့ဝင် လူထု ဦးလှဟာ ကျွန်တော်တို့ကိုရည်စူးပြီးထင်ပါရဲ့၊ လူထုဦးလှ၊ ဒေါ်အမာမြန်မာစာ ထူးချွန်ဆုဆိုတာမျိုး ရွှေတံဆိပ် တခု ထားပေးခဲ့ဖူးပါတယ်။ ကျွန်တော်မရ။ ကျွန်တော်တို့ထဲကလဲ တယောက်မှမရ၊ ဘယ်သူရခဲ့သလဲသတိ မထားမိလိုက်တော့ပါ။

www.myanmarcupid.net

ရွှေတံဆိပ်မရတဲ့ကျွန်တော်တို့ကတော့လူထုဝိုင်းတော်သားတွေ ဖြစ်လာခဲ့ကြတယ်။ အဲဒီ အချိန်ကပျက်ယွင်းနေခဲ့တဲ့ အထက်မြန်မာနိုင်ငံစာရေးဆရာအသင်းကိုလဲ ကျွန်တော်တို့အင်အားနဲ့ဖြည့်ပြီး ဦးလေးကပြန်လည်အသက်သွင်းခဲ့ပါတယ်။ လူကြီးလူငယ်အစုံပါဝင်နိုင်အောင် ဦးလေးပဲစိတ်ရှည်လက်ရှည် စည်းရုံးရှေ့ဆောင်ခဲ့ပါတယ်။

၁၉၆၀–ခုနှစ်များမှာအထက်မြန်မာနိုင်ငံ စာရေးဆရာအသင်း ပြန်လည်ထူထောင်ကာစက အမှတ်တရ ဆောင်ရွက်ဖြစ်ခဲ့တာကတော့၊ စာပေပြိုင်ပွဲနဲ့ နိုင်ငံတော်သီချင်းရဲ့ရှေ့ပြေးဖြစ်တဲ့ တို့ဗမာသီချင်းကို မူလရေးခဲ့သူ ဝိုင်–အမ်–ဘီ– သခင်တင် ဂုဏ်ပြုအထိမ်းအမှတ်ပွဲပါပဲ။ အဲဒီပွဲမှာ ကျွန်တော်တို့တတွေ အားလုံးပဲ ဇာတ်စင်ပေါ် တက်ခဲ့ကြပါတယ်။ အဲဒီကာလက စာဆိုတော်နေ့များမှာ တပြည်လုံးပဲ ဒီလိုလုပ်လေ့ရှိပါတယ်။ ဂျပန်ခေတ်မှာ ပြဇာတ်ကခဲ့ကြတဲ့အမွေပါပဲ။

ဦးလေးက ဇာတ်ကရတာ လူတွေပင်ပန်းသလောက် အကျိုးမများဘူးလို့ မှတ်ချက်ချခဲ့တယ်။ ဒိနောက် ဇာတ်မကတော့ပဲ လယ်ကွင်းတွေ၊ ဖေါင်လုပ်ငန်းတွေမှစလို့ အလုပ်သမား၊ လယ်သမားဘဝလေ့လာရေးခရီး တိုများ

www.myanmarcupid.net

ထွက်ခဲ့ကြပါတယ်။ စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီအစရှိတဲ့ အနုပညာရှင်တွေ ပူးပေါင်းထွက်ခဲ့ကြတဲ့ လေ့လာရေးခရီးတွေပါ။ ဦးလေးရှေ့ဆောင်ခဲ့ပါတယ်။ ဒီနောက်မှာတော့ စာဆိုတော်နေ့တွေမှာ စာဆိုတော် ကန်တော့ပွဲနဲ့အတူ စာတမ်းဖတ်ပွဲများကိုပဲ လုပ်ကြပါတော့တယ်။

၁၉၆၀ နောက်ပိုင်းမှာ ကျွန်တော်တို့တတွေလဲ နှစ်ခါကျယင် ကျောင်းထွက်ရတဲ့ "တူးအက်ဖ်" စနစ် ကြောင့် အားလုံးလိုလို တက္ကသိုလ်အပြင် ရောက်ကုန်ကြပြီး၊ ပြင်ပမှာ အလွတ်ပညာသင်ဆရာတွေ ဖြစ်ကုန်ကြ ပါတော့တယ်။ ကိုယ့်ရပ်ကိုယ့်ရွာကိုလဲ မပြန်ကြတော့ပဲ၊ စာမေးပွဲတွေကို ပြင်ပကဖြေကြယင်း မန္တလေးမှာပဲ အိုးအိမ် ထူထောင်လိုက်ကြပါတော့တယ်။ ဒီတော့ ကျွန်တော်တို့တတွေလဲ အထက်မြန်မာနိုင်ငံစာရေးဆရာ အသင်းလုပ်ငန်းမှာ ပိုပြီးလုပ်ဆောင်နိုင်လာကြပါတယ်။ အလွတ်ကျောင်းတွေက ကျောင်းဆရာတွေကျောင်းသား တွေရဲ့ အင်အားဟာလဲ အသင်းရဲ့အင်အားလိုဖြစ်လာခဲ့ပါတယ်။ စာဆိုတော်နေ့ စာတန်းဖတ်ပွဲတွေဟာလဲ ရဟန်းရှင် လူ၊ ဆရာ ကျောင်းသားတွေ စုစုဝေးဝေးနဲ့ အလွန်မြိုင်ဆိုင်လာခဲ့ပါတော့တယ်။ စာဆိုတော်နေ့တွေ

www.myanmarcupid.net

ပြီးသွားတာနဲ့ စာပေလုပ်ငန်းတွေလဲ ပြီးပြီးပျောက်ပျောက် ဖြစ်သွားရတာမျိုးကို ဦးလေးက မလိုလားဘူး။ မကြာခဏတွေ့ဆုံ၊ မကြာခဏလှုပ်ရှားနေဖို့ စီစဉ်ပေးပါတယ်။ အဘဂျမ်း၊ အမေပု၊ ဦးတင်မောင်စတဲ့ ရုပ်သေးပညာ ရှင်တွေ၊ ဒေါ်စောမြအေးကြည်၊ ဦးခင်မောင်ဒွေး အစရှိတဲ့မဟာဂီတပညာရှင်တွေ၊ ဦးဖေမောင်တင်၊ သခင် ဘသောင်း၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ဇေယျ၊ ဦးသုခ၊ ဦးညိုမြ၊ ဗန်းမော်တင်အောင်၊ ယောဆရာကြီး ဦးကြာထွန်း၊ ဦးစက္ကိန္ဒ၊ ဦးဝင်းဖေ(မြဇင်)တို့လို ရန်ကုန်နဲ့ တခြားရပ်ဝေးဒေသတွေကလာတဲ့ စာပေသမားတွေ၊ အဲသလိုပုဂ္ဂိုလ် ကြီးတွေနဲ့ စာပေအနုပညာ ဆွေးနွေးဝိုင်းကလေးတွေ ဖြစ်အောင်လဲ ဦးလေးက အမြဲမပြတ်ဆိုသလို ဖန်တီးပေး တတ်ပါတယ်။

နှစ်စဉ် စာဆိုတော်နေ့တွေမှာ ဟောပြောပွဲတွေ လုပ်ကြတာဟာ မန္တလေးမြို့ပေါ်မှာသာမကတော့ပဲ တဖြည်းဖြည်းနဲ့ ကျယ်ပြန့်လာခဲ့တယ်။ အညာတခွင် အမြို့မြို့အရွာရွာက ဖိတ်ကြားလာယင်၊ လူထုတိုက်က ကားကိုအသုံးပြုပြီး၊ ကိုယ့်စရိတ်နဲ့ကိုယ် သွားကြတာ များပါတယ်။ စာပေဟောပြောပွဲ ဖြစ်စေချင်တဲ့ ရပ်ရွာက ငွေကုန်ကြေးကျသိပ်ခံရတာမျိုး ဦးလေးကမကြိုက်ပါဘူး။

www.myanmarcupid.net

စာအုပ်ရိုက်တဲ့အခါရတဲ့ ငွေကိုလဲ အသင်းရံပုံငွေ အဖြစ်ထားပြီး၊ တခါတရံ အဲဒီငွေနဲ့လဲ ခရီးစရိတ်လုပ်ကြပါတယ်။ တခါတလေ ဟောပြောပွဲ ခရီးထွက်ယင် ဟောပြောကြမယ့် စာရေးဆရာတွေသာမက စာပေဝါသနာရှင် နီးစပ်ရာရာတွေပါ အကုန်ခေါ်သွားတတ်ကြ ပါတယ်။ မိသားစုလိုက်ရင်လဲ ပါလာတတ်ပါတယ်။

မန္တလေးတက္ကသိုလ်ကို ဦးကျော်ရင်က ပါမောက္ခချုပ်အဖြစ်၊ ဒေါက်တာ သန်းထွန်းက သမိုင်းပါမောက္ခ အဖြစ် ရောက်လာတဲ့အခါ၊ ဦးလေးသိသိသာသာ အားတက်ခဲ့ပါတယ်။ သုံးယောက်ပေါင်း လောင်းကျော်ဆို သလို၊ လူကြီးသုံးယောက်ဟာ စာပေကိစ္စ ပညာရေးကိစ္စတွေမှာ တတွဲတွဲဖြစ်လာခဲ့ကြပါတယ်။ ကျွန်တော်တို့ စာပေဟောပြောပွဲခရီးဟာလဲ ဟောပြောရုံသာ မကတော့ဘဲ၊ ပုရပိုက်၊ ပန်းချီ အစရှိတာတွေ ရှာဖွေလေ့လာတဲ့ သမိုင်း သုတေသနခရီးတွေလဲ ဖြစ်လာခဲ့ပါတော့တယ်။ ကျောင်းအို ကျောင်းပျက်၊ ဘုရားအို ဘုရားပျက် ရှိတဲ့ အရပ်ကို သွားမယ်ဆိုယင် ဒေါက်တာသန်းထွန်းနဲ့ ဦးမောင်မောင်တင် တို့ကို ဦးစားပေးပြီး ခေါ်ကြပါတယ်။ အဲဒီတုန်းက ဟောပြောပွဲတွေ များလွန်းလို့ စာဆိုတော်နေ့ ဟောပြောပွဲတွေကနေ စာဆိုတော်လ ဟောပြောပွဲ ရယ်လို့

www.myanmarcupid.net

ဖြစ်လာခဲ့ရတယ်။ ၁၉၆၀ — က ၇၀ — ခုနှစ်အတွင်း ဖြစ်ပါတယ်။

ဦးလေးနဲ့ အတွဲညီတဲ့ ပါမောက္ခချုပ် ဦးကျော်ရင်ဆိုတာ အခြားမဟုတ်ပါဘူး။ ဒုတိယကမ္ဘာစစ်အတွင်း၊ ဖက်ဆစ်တော်လှန်ရေး လေထီးတပ်သား ရခိုင်ဦးကျော်ရင်ပါ။ ရန်ကုန်မကျမီ၊ မန္တလေးကို မဟာမိတ်တွေ သိမ်းပြီးစမှာ ဖ–ဆ–ပ–လ ဆိုင်းဘုတ် ဦးဦးဖျားဖျားတင်ပြီး ဦးလေးနဲ့ ဦးကျော်ရင်တို့ လက်တွဲလုပ်ခဲ့ ကြဖူးပါ တယ်။ အဲဒီခေတ်က အထူးကျော်ကြားတဲ့ လူထုစစ်ဆိုတဲ့ သီချင်းကို မန္တလေးက အေဝမ်းဆရာညွှာကြီးနဲ့တွဲပြီး၊ ဦးကျော်ရင်နဲ့ ဦးလေးတို့က စာသားပေး ရေးစပ်ခဲ့ကြတာပါ။ ဦးလေးရဲ့ သားသမီးအကြီးတွေကလဲ ဦးကျော်ရင် ရဲ့လက်ပေါ်ကြီးခဲ့ကြတာဆိုတော့ လူပုဂ္ဂိုလ်ချင်းလဲ အင်မတန် သံယောဇဉ်ကြီးကြပါတယ်။

ဒေါက်တာသန်းထွန်းကိုတော့ အလုပ်နဲ့လက်နဲ့ မပြတ်တဲ့ သုတေသီအဖြစ်နဲ့ လေးစားပါတယ်။ ပန်ကာအောက်နဲ့ ကတ္တရာလမ်းတလျှောက်သာ အလုပ်လုပ်သူတဦး မဟုတ်တဲ့အပြင် အလုပ်ကို စနစ်ရှိရှိ လုပ်သူတဦးအဖြစ်နဲ့လဲ ဆရာ့ကို ဦးလေးက အားထားခင်မင်တယ်။ အားပေးကူညီတယ်။ ဒေါက်တာသန်းထွန်း မန္တလေးမှာ

www.myanmarcupid.net

ပါမောက္ခမဖြစ်ခင်က သူ့တပည့်တွေနဲ့ အညာကို သုတေသန ခရီးထွက်လာရာမှာ ဦးလေးနဲ့ ကျွန်တော်တို့တတွေက မန္တလေးနဲ့ ပတ်ဝန်းကျင်က ရောက်သင့်ရောက်ထိုက်တဲ့ နေရာတွေကို လိုက်ပြအပြီး အငြိမ့်နဲ့ ဂုဏ်ပြုဧည့်ခံခဲ့ဖူးပါတယ်။ အဲဒီတုန်းက ဇာတ်စင်ရှေ့တည့်တည့်မှာ ဒေါက်တာသန်းထွန်းက တခေါခေါအိပ်ပျော်နေတာကိုတွေ့ရတော့ ဦးလေးက သူ့လူရဲ့ အမူအကျင့်ကို အင်မတန် သဘောကျခဲ့တယ်။ နောင်အခါ မန္တလေးကို ဒေါက်တာသန်းထွန်းပြောင်းလာတော့၊ ဦးလေးရယ်၊ ဦးကျော်ရင်ရယ်၊ ဒေါက်တာ သန်းထွန်းရယ် အင်မတန်အတွဲညီခဲ့ပါတယ်။ သူတို့သုံးဦး လက်တွဲမဖြုတ်တမ်း ချစ်ခင်ကြပုံကိုကြည့်ပြီး၊ ကျွန်တော်တို့လူငယ်တွေ အားတက်ကြည်နူးခဲ့ကြရတယ်။ ဦးကျော်ရင်ဆုံးတော့ ဦးလေးအလွန်စိတ်ထိခိုက်တယ်၊ နှမြောတယ်။ ဦးလေးဆုံးတော့ ဘယ်ကိစ္စမှာမှ မျက်နှာပျက်လေ့မရှိတဲ့ ဒေါက်တာသန်းထွန်းလဲ မျက်နှာပျက်ခဲ့ တယ်။ ဦးလေးအတွက် ရက်လည်ဆွမ်းကပ်တဲ့နေ့မှာ မန္တလေးလူထုနဲ့ မန္တလေးဆရာ ကျောင်းသားများက ဂျပန်သွားမယ့် ဒေါက်တာသန်းထွန်းကို နှုတ်ဆက်တဲ့ပွဲနဲ့ တိုက်ဆိုင်ခဲ့ပါတယ်။ ဦးလေးရှိယင်၊ အခမ်းအနား သဘာပတိအဖြစ်နဲ့

www.myanmarcupid.net

စကားတွေဝေဝေဆာဆာပြောပြီး၊ နှုတ်ဆက်မှာပဲ။ ခုတော့ ဦးလေးမရှိလို့ ဆရာလဲအာဝဇ္ဇန်း မရွှင်နိုင်ရှာတော့ပါဘူး။

မန္တလေး စာပေအသိုင်းအဝိုင်းမှာ အကြမ်းအားဖြင့် ပရိသတ်သုံးမျိုး ပါနေပါတယ်။ တက္ကသိုလ်ပညာရှိ အသိုင်းအဝိုင်း၊ တက္ကသိုလ်ကျောင်းထွက် လူငယ်စာရေးဆရာအသိုင်းအဝိုင်းနဲ့ ပြင်ပ သတင်းစာဆရာ၊ သတင်း ထောက်လောကထဲကထွက်တဲ့ အသိုင်းအဝိုင်းတို့ ဖြစ်ပါတယ်။ ကိုယ်နွယ်ရာနွယ်ရာ နိုင်ငံရေးဂိုဏ်းများက အစုကလေးများလဲ နဲနဲပါးပါးရှိပါတယ်။ သူ့အစုကလေးနဲ့သူ ရှိနေကြရာက အထက်မြန်မာနိုင်ငံ စာရေးဆရာ အသင်းမှာ လာရောက် ပူးပေါင်းမိကြပါတယ်။ ပူးပေါင်းခရီးသွားကြတယ်။ ပူးပေါင်းလေ့လာကြတယ်။ အသင်း ပြင်ပမှာလဲ ရင်းနှီးချစ်ခင်လာကြပါတယ်။ ကိုယ့်အစုလေးတွေရဲ့အသံကို ရှေ့တန်းမတင်ကြပဲ အသင်းရဲ့ စာပေ အလုပ်တွေကိုသာ အကောင်အထည်ဖော်နိုင်အောင် ကျက်သရေရှိရှိ ဝိုင်းဝန်းကြိုးပမ်းခဲ့ကြပါတယ်။

၁၉၆၀ — နဲ့ ၁၉၇၀ — ခုနှစ်များအတွင်းမှာ ကျွန်တော်တို့ အသင်းရဲ့ လှုပ်ရှားမှုတွေဟာ ရေချိန်အမြင့် ဆုံးပါ။ ဦးလေးရဲ့ ဦးဆောင်စီစဉ်မှုနဲ့ နှစ်စဉ် စာဆိုတော်နေ့တိုင်း စာတမ်းဖတ်ပွဲတွေ လုပ်ခဲ့ကြတယ်။

www.myanmarcupid.net

ဟောပြော တာတွေ၊ ဖတ်ကြားတာတွေ လေထဲကို ပျောက်ပျက်မကုန်အောင် စာအုပ်တွေ ပုံနှိပ်ထုတ်ဝေကြတာကိုတော့ အများသိကြတဲ့အတိုင်းပါပဲ။ ဒီစာတမ်းတွေ၊ ဒီစာအုပ်တွေက ဝေဖန်သုံးသပ်ချက်တွေမှာ အပြင်းအပျော့၊ အနီး အဝေးမြင်ကြပုံ၊ သဘောထားကြပုံတွေမှာ တခြားပုဂ္ဂိုလ်တွေနဲ့ မတူနိုင်စရာတွေ၊ မှုချပါရှိနေမှာပဲဖြစ်ပါတယ်။ ဒါပေမယ့် အချက်အလက်တွေကတော့ စာပေသမိုင်း အထောက်အထားတွေ၊ ခေတ်ပြိုင်စာပေအမြင် ထင်ဟပ် ချက်တွေအဖြစ် မှတ်တမ်းတင်ကျန်ရစ်ခဲ့မှာပါပဲ။ ဒီအလုပ်တွေကို ဦးလေးပဲ စည်းရုံးရှေ့ဆောင်ခဲ့ပါတယ်။ အဲဒီ အခါတုန်းက ဘယ်အသင်းအဖွဲ့ကမှ စာတမ်းတွေ စာအုပ်တွေ မထုတ်ဖြစ်ခဲ့ပါဘူး။ လှုပ်လှုပ်ရှားရှား သိပ်မရှိခဲ့ ကြပါဘူး။ ခုလိုကျွန်တော်တို့ တနှစ်မှ တအုပ်လောက်သာ ထွက်နိုင်တာကို တော်သေးရဲ့လို့ ကျွန်တော်တို့ကလဲ ရောင့်ရဲနေမိပါတယ်။ ဦးလေးကတော့ အားမရနိုင်ပါဘူး။ အသင်းပိုင် စာအုပ်တိုက်ကြီးတတိုက် ဖြစ်လာအောင် အထိ မျှော်မှန်းခိုင်းပါတယ်။ "သမဝါယမ စာအုပ်ထုတ်ဝေရေးလုပ်ငန်း လုပ်ကြကွာ၊ ဦးလေးတို့လဲ ငွေထည့် ဝင်မယ်။ အသင်းသားတွေရဲ့ အသက်မွေးဝမ်းကျောင်း

www.myanmarcupid.net

စီးပွားရေးလုပ်ငန်းအဖြစ် အားထားနိုင်တဲ့ ထုတ်ဝေရေး လုပ်ငန်းဖြစ်လာသည်အထိ လုပ်နိုင်ရမယ်”လို့ အမြဲတမ်း တိုက်တွန်းလျက်ပါပဲ။

ဦးလေးက အင်မတန်အလုပ်လုပ်တယ်။ အလုပ်နဲ့လက်နဲ့မပြတ်တဲ့ကြားက ဆေးရုံကိစ္စ၊ တက္ကသိုလ်ကိစ္စ၊ ဘိုးဘွားရိပ်သာကိစ္စ၊ ယဉ်ကျေးမှုကိစ္စ အစရှိတဲ့ လူမှုဝန်ထမ်း ကိစ္စတွေကိုလဲ မပျက်မကွက် တက်တက်ကြွကြွလုပ်တယ်။ ဒီကြားထဲက မိတ်ဆွေအပေါင်းအသင်းတွေ၊ တပည့်တပန်းတွေရဲ့ လူမှုရေးကိစ္စတွေမှာလဲ အလွန် တာဝန်ကျေပွန်လိုက်ချင်ပါသေးတယ်။ ကျွန်တော်တို့လူငယ်တွေကိုတော့ ဝီရိယနည်းလှတယ်ရယ်လို့ အားမရဖြစ်ခဲ့ရှာပါတယ်။ “မင်းတို့တတွေမှာ တဲလင့်တော့ရှိတယ်။ ဝီရိယကျတော့ တယ်နည်းသကိုးကွယ်”လို့ မကြာခဏ ညည်းတွားပါတယ်။

တနှစ်တနှစ်ကို ကလေးစာပေနှစ်၊ ကဗျာနှစ်၊ ဝတ္ထုတိုနှစ်၊ ရိုးရာတေး၊ ရိုးရာပုံပြင် စုဆောင်းတဲ့နှစ် ဆိုတာမျိုး သတ်မှတ်ပြီးတော့ တနှစ်လုံး အလုပ်လုပ်သွားကြဖို့ ဦးလေးကအကြံပေးပါတယ်။ ဒါ အသင်းအဖွဲ့ ကိုအကြံပေးတာပါ။ တယောက်ချင်း အနေနဲ့လဲ ရေးပါ၊ ချွတ်ပါ၊ သုတေသနလုပ်ပါစသဖြင့် အမြဲတိုက်တွန်းခဲ့ ပြီး၊

www.myanmarcupid.net

ကျွန်တော်တို့မှာ ထိုက်ထိုက်တန်တန်လေးတွေ ရေးထားတာရှိယင်လဲ၊ ကြီးပွားရေးစာအုပ်တိုက်က ထုတ်ဝေပေးဖို့ (ဦးလေးရဲ့ စာအုပ်တွေ ထုတ်ဖို့တောင် စက္ကူမလောက်တဲ့ကြားက) အမြဲလက်ကမ်းလျက်ရှိခဲ့ ပါတယ်။ ယူနက်စကိုက “ကလေးများနှစ်”ရယ်လို့ မသတ်မှတ် မကြေငြာခင်ကတည်းကပဲ ဦးလေးရဲ့ တိုက်တွန်း ချက်နဲ့ ကျွန်တော်တို့တတွေ ကလေးစာပေနှစ်ရယ်လို့သတ်မှတ်ပြီး တနှစ်တာ လုပ်ငန်းစဉ်ကလေးတခု ချမှတ် လုပ်ဆောင်ကြည့်ခဲ့ဖူးပါတယ်။ ကလေးစာပေနှစ်မှာ ကလေးကဗျာတွေ ဝိုင်းရေးကြဖို့၊ ပုံပြင်သစ်တွေ ဝိုင်းဝန်း ပြုစုကြဖို့၊ အသင်းအနေနဲ့ တပြည်လုံးကို ကြေငြာခဲ့ပါတယ်။ အသင်းဝင်တွေ၊ အမှုဆောင်တွေကတော့ မလုပ် မနေ လုပ်ကြရမယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်ကြပါတယ်။ ကဗျာတွေကတော့ လိုသည်ထက်ပိုအောင်ရပေမယ့် ပုံပြင်တော့ အလုံအလောက် မရရှိခဲ့ပါဘူး။ ဒါ့ကြောင့်မို့ ဖိုးလမင်းဆိုတဲ့ ကလေးကဗျာ စာအုပ်ကလေးတအုပ်ပဲ ထုတ်ဖြစ်ခဲ့ကြပါတယ်။ ကလေးကဗျာလေးတွေမှာ မောင်သာနိုးနဲ့ ဖိုးသံချောင်းတို့က ရုပ်ပုံကလေးတွေနဲ့ တန်ဆာဆင်ပေးခဲ့ပါတယ်။ ဦးလေး အမှာစာရေးပါတယ်။

www.myanmarcupid.net

ကျေးလက်ရိုးရာတေးတွေ၊ ကျေးလက်ပုံပြင်တွေ၊ စကားထာတွေကိုလဲထုတ်ကြမယ်လို့ဦးလေးက ကြံစည်ထားပါတယ်။ ဦးလေးအနေနဲ့ ကြီးပွားရေးမဂ္ဂဇင်းခေတ် ၁၉၃၃–၄၁၊ လောက်ကတည်းက ဒီစိတ်ကူးတွေ ရှိခဲ့နိုင်တယ်လို့ ကျွန်တော်တို့ ခန့်မှန်းမိပါတယ်။ ကြီးပွားရေးမဂ္ဂဇင်းမှာ ဆရာတော် ဦးသောဘိတက "ရတနာပုံ ဖိုးမှတ်စု"အမည်နဲ့ ရွှေဘိုဗုံကြီးသံတွေ၊ မောင်းထောင်းတေးတွေကို စုဆောင်းဖော်ထုတ်ခဲ့တယ်။ သူရိယကန္တိ ဆိုတဲ့ဆရာဝန် စာရေးဆရာကြီးကလဲ ကြီးပွားရေးမဂ္ဂဇင်းမှာပဲ ရခိုင် ကျေးလက်ရိုးရာတေးတွေကို စုဆောင်း ဖော်ထုတ်ခဲ့တယ်။ ဒေါက်တာမောင်ဖြူးကလဲ ဒီကိစ္စမှာပါဝင်ပြီးဝေဖန်ချက်တွေ ပေးထားတာကိုတွေ့ရပါတယ်။ ဒါတွေကိုဦးလေးစတင်စည်းရုံးထုတ်ဖော်ခဲ့တာပါ။

ဦးလေးထံမှာတိုင်းရင်းသားရိုးရာတေးတွေ စုဆောင်းထားတာ အတော်အတန်ရှိနေပါတယ်။ သုတေသန စာတမ်းဖတ်ပွဲ တခုမှာအနည်းအကျဉ်းတင်ပြဖူးပါတယ်။ တိုင်းရင်းသားပုံပြင်တွေရဲ့ရှေ့က မိတ်ဆက်အမှာတွေ မှာလဲ ထည့်သွင်းဖော်ပြဖူးပါတယ်။ ဦးလေးဆီမှာရှိသမျှ ကောက်စိုက်တေးတွေ၊ ဗုံကြီးသံတွေနဲ့ သျှိုးလိုက်ရတု များကိုတော့၊ ဦးလေးကကျွန်တော့ကိုအလုပ်အမွေပေးခဲ့ပါတယ်။

www.myanmarcupid.net

ရှိသမျှ ကျွန်တော့လက်အပ်ပြီး၊ မင်းက ကဗျာ သမားဆိုတော့ မင်းပဲဆက်လုပ်ပါလို့ လွှဲပါတယ်။ ဦးလေးကို ရွှေဘိုနယ်က စုဆောင်းပေးကြတဲ့ရိုးရာတေးတွေ ထဲမှာ ဇာတ်ဖုံကြီးသီချင်းတွေနဲ့ သျှိုးလိုက်ရတုတွေလဲပါပါတယ်။ ကျွန်တော်တို့က ကောက်စိုက်သီချင်းတွေ၊ ဖုံကြီးသံတွေကိုပဲ ပထမရွေးထုတ်ယူပါတယ်။ ဒေါ်ဒေါ် (ဒေါ်အမာ)နဲ့ ကျွန်တော်လဲ ကျောက်ဆည်ဘက်ကို ထွက်ပြီး ကွင်းဆင်းစုဆောင်းခဲ့ကြပါတယ်။ တခြားအသင်းသားများကလဲ စုဆောင်းပေးကြပါတယ်။ ဒီလိုနဲ့ အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်းရဲ့ စာစဉ်အဖြစ်နဲ့ "လယ်ကွင်းထဲက လူထုတေးသံများ" စာအုပ်ကလေး တအုပ် ထွက်ပေါ်လာခဲ့ပါတယ်။ ကျွန်တော်တို့ကို အားကျလို့ဆိုပြီး၊ အင်းသားကျောင်းသားလူငယ်တွေ၊ တောင်ရိုးခနကျောင်းသားလူငယ်တွေကလဲ သူတို့ရဲ့ရိုးရာတေးများကို စုဆောင်းဖော်ထုတ်ဖြစ်လာကြပါတယ်။ အင်းလေးတိုက်တေးနဲ့ တောင်ရိုးခနတေးစာအုပ်ငယ်များကို အင်းလေးမောင်တင်မြိုင်တို့ လက်ဆောင်ပေးလာ တော့၊ ဦးလေးအင်မတန်ကြည်နူးပါတယ်။ မောင်တင်မြိုင်တို့ကို ချီးကျူးအားပေးပါတယ်။ နောင်ကျတော့ မောင်တင်မြိုင်တို့နဲ့လဲ

www.myanmarcupid.net

ကျွန်တော်တို့လို တူသားအရင်းလိုခင်မင်လာခဲ့ပါတယ်။ (မောင်တင်မြိုင်ကလဲ ဦးလေးနဲ့ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ရှာပါပြီ၊ မောင်တင်မြိုင်ဟာ အသက်ငယ်ရွယ်တုန်းမှာပဲ ဦးလေးအရင် ဆုံးပါးပါတယ်။)

ကျွန်တော်တို့တတွေ ကျေးလက်ရိုးရာတေးတွေ၊စုဆောင်းထုတ်ဝေကြတာကို ဆရာဦးခင်ဇော်တို့၊ ဆရာ မင်းသုဝဏ်တို့ကလဲ အားပေးကြပါတယ်။ ဆရာမင်းသုဝဏ်က “မင်းတို့သေခါနီး အောက်မေ့စရာ ကောင်းမှု ကုသိုလ်အဖြစ် သဘောထားပြီး အလေးအနက် ဆက်လုပ်ကြကွာ”လို့ ကျွန်တော်တို့ကို ပြောပါတယ်။ ဒါကို ကျွန်တော်က ဦးလေးကို စာနဲ့ရော၊ လူကိုယ်တိုင်ရော ပြောပြတော့၊ ဦးလေးကခေါင်းတငြိမ့်ငြိမ့်နဲ့ ကြည်နူးနေခဲ့ ပါတယ်။ ကျွန်တော်တို့တအုပ်က ကဗျာသန်ကြပါတယ်။ ဦးလေးက၊ ကဗျာသန်သူကို ကဗျာစာအုပ်တွေ၊ ပန်းချီ သန်သူကို ပန်းချီစာအုပ်တွေ သူ့ရှိတာ ထုတ်ပေးလေ့ရှိပါတယ်။ ကျွန်တော်တို့တတွေ ဦးလေးပေးလို့ ဂျပန်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ တရုတ်အစရှိတဲ့ ကဗျာတွေ လေ့လာဖတ်ရှုခွင့်ရခဲ့ပါတယ်။ ကဗျာသမားက များပြား လေတော့၊ ကဗျာကိုဘယ်လို အားပေးရမလဲဆိုတာကို ဦးလေးကအမြဲစိတ်ကူး ထုတ်နေသူပါ။ ကျွန်တော်တို့

www.myanmarcupid.net

တတွေစုပေါင်းပြီး "အညာဖြေ ခေတ်ကဗျာ"ဆိုတဲ့ ကဗျာစာအုပ်ကလေး ထုတ်ဖြစ်ခဲ့ပါတယ်။ အဲဒီကဗျာစာအုပ်ကလေးဟာ ခေတ်ကဗျာလှုပ်ရှားမှုထဲမှာသဲတပွင့်အဖြစ် ပါခဲ့မယ်လို့ယူဆပါတယ်။ ဦးလေးတို့အနေနဲ့ လူထုသတင်းစာ၊ တနင်္လာအချပ်ပိုမှာ ကဗျာကဏ္ဍတခုဖွင့်ပြီး လူငယ်တွေကိုအားပေးခဲ့ပါတယ်။ တင်မိုးကို တည်းဖြတ်ခိုင်းပါတယ်။ ကျွန်တော်တို့ နယ်ပြောင်းသွားလို့ မဆိုစလောက်ပဲ ကူညီခဲ့ရပါတယ်။ ၁၉၆၆ အထိပါ။

"မင်းတို့တတွေ စကားပြေလဲ ရေးတတ်ကြပါတယ်၊ စကားပြေလဲရေးကြပါ"လို့လဲ ဦးလေးက အမြဲ တိုက်တွန်းခဲ့ပါတယ်။ ကျွန်တော်တို့ စာဖတ်နေးတာ၊ စာရေးနှေးတာကိုလဲ အမြဲသတိပေးပါတယ်။ ဦးလေးရဲ့ သောင်းပြောင်းထွေလာရေးချင်ရာအခန်းမှာလဲစာအမြန်ဖတ်နည်း ၊ စာလေ့လာနည်း၊ စာအလွယ်ရေးနည်းတွေကို မကြာခဏရေးခဲ့ပါတယ်။ ဦးလေးအနေနဲ့ ၁၉၆၀–ခုလောက်ကတည်းက ကျွန်တော်တို့တတွေကိုလူထုမှာ စာပေဝေဖန်ရေးဆောင်းပါးတွေ ရေးကြဖို့ဖိတ်ခေါ်ခဲ့ပါတယ်။ စာပေဝေဖန်ရေးကိုလဲမလွဲမသွေလုပ်သွားကြရမယ်လို့ ယုံကြည်တဲ့အတိုင်း အားပေးပါတယ်။ စစ်မဖြစ်မီ ကြီးပွားရေးမဂ္ဂဇင်းမှာ စာပေဝေဖန်ရေး ဆောင်းပါးတွေကို

www.myanmarcupid.net

ဦးလေးတခမ်းတနားသုံးခဲ့ပါတယ်။ သိပ္ပံမောင်ဝနဲ့ဆရာဇော်ဂျီတို့ ကြီးပွားရေးမဂ္ဂဇင်းမှာ စာပေဝေဖန်ရေး ဆောင်းပါးတွေ မြိုင်မြိုင်ကြီး ရေးခဲ့ကြတာကို၊ ကျွန်တော်တို့ပြန်ဖတ်ရတိုင်း အားရကြည်နူး ရပါတယ်။ ကြီးပွားရေးမဂ္ဂဇင်းမှာ ဆရာဇော်ဂျီနဲ့ ဆရာကြီးမဟာဆွေတို့စာပေဝေဖန်ယင်း၊ အပြန်အလှန်ရေးကြတာတွေဟာ အဆင့်အတန်းမြင့်ပြီး၊ ဖတ်လို့လဲကောင်းလှပါတယ်။ စာပေဝေဖန်ရေးကိုလဲ ဦးလေး ဟိုအရင်ကတည်းက စည်းရုံးလမ်းဖွင့်ခဲ့ပါတယ်။ ကျွန်တော်တို့တတွေကို ဦးလေးက စာဆိုတော်နေ့ စာတမ်းဖတ်ပွဲတိုင်း စာပေဝေဖန် ရေးလုပ်ငန်း၊ စာပေသုတေသနလုပ်ငန်းတွေ မလုပ်ဖြစ် လုပ်ဖြစ်အောင် နှိုးဆော်ခဲ့ရာက၊ ကျွန်တော်တို့တတွေမှာ စာပေဝေဖန်ရေး အတွေ့အကြုံတွေ၊ သုတေသန အတွေ့အကြုံတွေ အများကြီးရလာခဲ့ပါတယ်။ သုတေသီတွေ၊ ပညာရှိတွေနဲ့ တွေ့ဆုံပွဲလေးတွေလုပ်ပေးခြင်းဟာလဲကျွန်တော်တို့အတွက် အဖိုးမဖြတ်နိုင်ပါဘူး။ လူထုစာအုပ် ဝေဖန်ခန်းအစမှာ ကျွန်တော်တို့တတွေ ဘယ်သူမဆိုရေးဖို့ပါပဲ။ ပထမပိုင်းမှာကြည်အောင်တို့၊ မောင်သိန်းနိုင်တို့ ကိုလဲ

www.myanmarcupid.net

ရေးခိုင်းခဲ့ပါသေးတယ်။ ကျွန်တော် စွဲစွဲမြဲမြဲရေးလာတော့မှ ကျွန်တော့်ကိုပဲတာဝန်ယူစေတာဖြစ်ပါတယ်။

လူထုမှာ ကျွန်တော် စာအုပ်ဝေဖန်ရေး ဆောင်းပါးတွေ ရေးနေတဲ့ကာလတလျှောက်မှာ ဦးလေးက စာမူ ကိစ္စနဲ့ဆိုယင် တခါပဲ ခေါ်တွေ့ခဲ့ဖူးပါတယ်။ ဝင်ရောက်သြဇာပေးတာမျိုး၊ ဖြတ်တောက်ပြင်ဆင်တာမျိုး ဘယ်တော့မှမလုပ်ခဲ့ပါဘူး။ မလောက်လေး မလောက်စားရယ်လို့လဲ ဘယ်တုန်းကမှ မဆက်ဆံခဲ့ပါဘူး။ ခုလို မေးတာကလဲအရေးကြီးတဲ့ဆောင်းပါးဖြစ်လို့ပါ။ ဦးသိန်းဖေမြင့်ရဲ့ ဝတ္ထုတိုများကို ဝေဖန်တဲ့ဆောင်းပါးပါ။ ဆောင်းပါးကို ဒေါ်ဒေါ်က အရင်ဖတ်ပါတယ်။ ဒေါ်ဒေါ်ကဦးလေးကို အကျိုးအကြောင်း ပြောပြတဲ့အခါ၊ သုံးဦး သုံးခေါင်းဆိုင်ပြီး စဉ်းစားကြတဲ့သဘောပါပဲ။ “ကိုသိန်းဖေကတော့ ချက်ချင်း တုံ့ပြန်မှာပဲကွဲ့၊ ဒါမျိုးငြိမ်နေမှာ မဟုတ်ဖူး။ ခိုင်လုံရဲ့လား”လို့ ဦးလေးကမေးပါတယ်။ ဒေါ်ဒေါ်က သူရေးယင် မင်းပြန်ရေးစရာရှိသလား၊ ရေးနိုင် ပါ့မလားလို့ ဝင်ပြီး မေးပါတယ်။ “ကျွန်တော့်ဘက်က အကြောင်းပြခိုင်လံတယ်၊ ပြန်ရေးနိုင်တယ်”လို့ ပြန်ဖြေ လိုက်ပါတယ်။ အေး–ဒါဖြင့်ပြီးတာပဲ၊ ဒို့ထည့်လိုက်မယ်လို့ပြောပြီး

www.myanmarcupid.net

ကျွန်တော့်ကိုခေါ်တွေ့တဲ့ကိစ္စပြီးသွား ပါတယ်။ “ဦးသိန်းဖေမြင့်ကပြန်လဲမရေးပါလားဦးလေးလို့”ဆောင်းပါးပါပြီး အတော်ကြာလို့ ကျွန်တော်ကပြော တဲ့အခါ၊ ဦးလေးက ‘အေး–ကိုသိန်းဖေ ဘယ်တော့မှဒီလိုငြိမ်မနေဖူးဘူး’လို့မှတ်ချက်ချပါတယ်။

ဦးသိန်းဖေမြင့်က ကျွန်တော်ရန်ကုန်လာတော့ လူချင်းတွေ့ချင်ကြောင်း၊ ကိုကျော်အောင်၊ ကိုမင်းကျော်၊ ကိုတင်မိုးတို့ကိုပါဖိတ်ပြီး ထမင်းစားယင်း မိတ်ဖြစ်ဆွေဖြစ် ဆွေးနွေးပွဲလေးလုပ်လိုကြောင်း၊ ကိုကျော်အောင်၊ ကိုမင်းကျော်တို့ကတဆင့်မှာကြားခဲ့ဖူးပါတယ်။ ကျွန်တော်တို့တတွေ စာရေးကြတာရော၊ ကိုဝင်းဖေ၊ ကိုပေါ်ဦး ပန်းချီကာတွန်းရေးကြတာတွေရော၊ ကိုယ့်အယူအဆနဲ့ကိုယ်ပါ။ ကျောင်းသားဘဝက အသင်းအပင်းတွေမှာ ကိုဝင်းဖေ၊ ကိုပေါ်ဦးတို့ကတဘက်၊ ကျွန်တော်တို့ကတဘက်နေခဲ့ကြပြီးမှ လူထုမှာလာပြီးဆုံကြတာပါ၊ ဦးလေး တို့နဲ့ ကျွန်တော်တို့တတွေရော ကိုဝင်းဖေ၊ ကိုပေါ်ဦးတို့နဲ့ရော စကားဝိုင်းတွေမှာ တဦးကိုတဦး ချစ်ချစ်ခင်ခင် လေးလေးစားစားနဲ့ အနုပညာကိစ္စတွေကိုဆွေးနွေးခဲ့ကြပါတယ်။ ဦးလေးကလူကြီးအနေနဲ့ရော၊ အယ်ဒီတာအနေ နဲ့ရော ကျွန်တော်တို့အသင်းရဲ့ဥက္ကဋ္ဌအနေနဲ့ရော

www.myanmarcupid.net

လူငယ်စာပေအနုပညာရှင်တွေအပေါ်မှာ ချုတ်ချုတ်ချယ်ချယ် မလုပ်ခဲ့ဖူးပါဘူး။ ဒါ့ကြောင့် ကျွန်တော်တို့တတွေ စိတ်ချမ်းချမ်းသာသာနဲ့ စာရေးခဲ့၊ပုံဆွဲခဲ့ကြရပါတယ်။ အသင်းအဖွဲ့မှာ စုပေါင်းအကြံပေး၊ စုပေါင်းဆွေးနွေး၊ စုပေါင်းလုပ်ဆောင်ယင်း အလုပ်ဖြစ်လာခဲ့ကြတာပါ။

“မြန်မာစာအရေးအသားသစ်စာတမ်း”ဆိုယင် လူငယ်တွေကပဲ စတင်စီစဉ် တင်သွင်းခဲ့ကြတာပါ။ ဦးလေးက လူငယ်တွေရဲ့ အာဘော်ကိုလဲ ကိုယ့်အာဘော်လို လက်ခံပြီး၊ ရှေ့ဆောင်မှုပေးခဲ့ပါတယ်။ ဒီကိစ္စမှာ ဒေါ်ဒေါ်က အတန်ကြာ လက်တွန့်နေခဲ့သေးပေမယ့် ဦးလေးက လက်မတွန့်ခဲ့ပါဘူး။ သူ့နဂိုမူလအယူအဆကိုက စာရေးယင် လွယ်လွယ်ရေးရမယ်ဆိုတဲ့ မူနဲ့လဲကိုက်ညီတဲ့အတွက် လူကြီးတချို့နဲ့ မိတ်ဆွေတချို့ရဲ့ အငြိုအငြင် ကိုခံပြီး၊ လူငယ်တွေကို ထောက်ခံအားပေးခဲ့ပါတယ်။ အရေးအသားသစ်ကိစ္စမှာ ပါမောက္ခချုပ်ဦးကျော်ရင်၊ သမိုင်းပါမောက္ခဒေါက်တာသန်းထွန်းနဲ့အတူဦးလေးက ရှေ့က မားမားမတ်မတ်ရပ်ခဲ့တာပါ။ တကယ်တော့ ဒီကိစ္စမျိုးဟာ မြန်မာလူကြီးမင်းများအနေနဲ့ တထောင်တယောက် မတို့ရဲတဲ့ကိစ္စမျိုး မဟုတ်ပါလား။

www.myanmarcupid.net

တချို့က ဦးလေးနဲ့ ကျွန်တော်တို့တတွေရဲ့ ဆက်ဆံရေးကို မိသားစုဆက်ဆံရေးလို့ မြင်ကြပါတယ်။ ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမယ့် ဒိထက်လေးနက်ပါတယ်။ ဆရာတပည့် ဆက်ဆံရေးလဲမဟုတ်ပါဘူး။ ဒိထက်ထူးခြားပါတယ်။ တိုင်းပြည်ကိစ္စ၊ စာပေကိစ္စတွေမှာ ယုံကြည်ချက်တူမျှသူချင်း ဆက်ဆံရေး၊ ရဲဘော် ရဲဘက် ဆက်ဆံရေးဖြစ်ပါတယ်။ ဦးလေးကို ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ စာပေအဖွဲ့အစည်းခေါင်းဆောင်၊ စည်းရုံးရေးခေါင်းဆောင်အဖြစ် လေးစားချစ်ခင်ပြီး တန်ဖိုးထားပါတယ်။ ဦးလေးက ကျွန်တော်တို့ကို ရဲဘော် ရဲဘက်တွေ၊ တူသားတွေအဖြစ်နဲ့ ယုံမှတ်ချစ်ခင်မှုနဲ့ ဆက်ဆံပါတယ်။ လူထုက ကျွန်တော်တို့ ရောက်ရာအရပ် ကိုသတင်းစာပို့ပေးပါတယ်။ စာမူခလဲ သူများထက်မနည်းအောင် ပေးခဲ့ပါတယ်။ ထွက်သမျှ စာအုပ်တွေကိုလဲ ဦးဦးဖျားဖျား ပို့ပေးပါတယ်။ တခါတော့ဦးလေးရဲ့စာအုပ်တွေ ချုပ်ဆဲလုပ်ဆဲ မဖြန့်ရသေးခင်မှာပဲ လူထုတိုက်ကို ကျွန်တော်တို့ ရောက်သွားခဲ့ပါတယ်။ ဦးလေးကသူ့ဖို့ အတ်ပေပါစာရွက်ချောနဲ့ နမူနာချုပ်ထားတဲ့ စာအုပ် ကလေးတအုပ်ကို

www.myanmarcupid.net

ပြကာပြကာနဲ့၊ဒေါ်ဒေါ်ကိုကြည့်ကွက်ကြည့်ကွက်လုပ်ပါတယ်။ ဒေါ်ဒေါ်ကလဲ မသိချင်ယောင် ဆောင်နေပါတယ်။ ဦးလေးစိတ်ထဲမှာ ဘာရှိတယ်ဆိုတာ ဒေါ်ဒေါ်မသိပဲ နေပါ့မလား။ ကြာတော့ ဦးလေးက မအောင့်နိုင်တော့ဘူး။ "မင့်တူတွေကို စာအုပ်ပေးရအောင်"လို့ ဖွင့်ပြောလိုက်ပါတယ်။ ဒီတော့ ဒေါ်ဒေါ်က "အို–ပြီးမှမပြီးသေးပဲ။နေပါအုံး"လို့ ပြန်ပြောလိုက်ပါတယ်။ ဒီအခါမှာဦးလေးက "ကွယ်–မင်းကလဲ သူတို့လဲလိုချင် မှာပေါ့"လို့ ထပ်ပြောပါတယ်။ "သူတို့လိုချင်တာလား၊ ကိုယ်ကပေးချင်တာလား၊ မင်းတို့ဦးလေးဒီလိုချည်းပဲ" လို့ ဒေါ်ဒေါ်ကပြောပြီး၊ အင်တာကွန်း (အိမ်တွင်းပြော တယ်လီဖုန်း)နဲ့ စာအုပ် ယူခိုင်းလိုက်ရပါတော့တယ်။

ဒီလိုကိစ္စမျိုးက ဒီတခါလဲမဟုတ်၊ နှစ်ခါလဲမဟုတ်ပါဘူး။ ဟို အရင် ကိုအောင်ဆန်းတို့၊ ကိုဗဟိန်းတို့ လက်ထက်ကတည်းက ဦးလေးက ဒီအတိုင်းပါပဲတဲ့။ ဒေါ်ဒေါ်ကလဲတအုပ်မှစမရောင်းရသေးယင်၊ဒီလိုပဲငြင်း ဒီလိုပဲညည်းညူပြီး၊ ဒီလိုပဲလိုက်လျောခဲ့တာပါပဲတဲ့။ ဖွဲ့ဦးထွန်းရှိန်ကဆိုယင် မောင်ရင်တို့ဦးလေးလှ မန္တလေးက ပို့ပေးတဲ့စာအုပ်လက်ဆောင်တွေကို ရန်ကုန်တမြို့လုံးကျုပ်လိုက်ဝေရတာ ကြာတော့၊



www.myanmarcupid.net

မတတ်နိုင်တော့တာနဲ့ ကျုပ်မှာ စာအုပ်လက်ဆောင် ယူရမယ့်လူစာရင်းကို သတင်းစာက ကြေငြာယူရတယ်လို့ မကြာခဏ နောက်ကြောင်းပြန်ပြောတာကို ကြားရတော့ ကိုယ်တွေ့ဖြစ်တဲ့ ကျွန်တော်တို့မှာ ဖွဲကြီးပြောတိုင်းပြုံးကြရတယ်။ ဦးလေးနဲ့ဒေါ်ဒေါ် ရန်ကုန်ကို နောက်ဆုံးလာကြတဲ့ အခေါက်တုန်းကတောင် ဒေါ်ဒေါ်ကပြောပြပါသေးတယ်။ ဒီတခေါက် ရထားပေါ်မှာတွေ့ပြီး မိတ်ဆွေဖြစ်လာတဲ့ ကလေးပေါက်စကိုလဲ စာအုပ်ပေးတယ်။ ဟို သူငယ် ငယ်က ကစားဖက်သူငယ်ချင်းတွေဆီကိုလဲ စာအုပ်ပို့ခိုင်းတယ်။ စာအုပ်မကုန်မှာတော့ မပူရဘူးဟော့လို့ ကြွား လိုက်ပါတယ်။ ဘာပဲဖြစ်ဖြစ် စာအုပ်ကော် မခြောက်ခင် ဒေါ်ဒေါ့်ရှေ့မှာ ဦးလေးဆီက စာအုပ်တောင်းရတာ လောက် ပျော်စရာကောင်းတာ မရှိပါဘူး။

မောင်မိုးသူ၊ မောင်သာနိုး၊ တင်မိုး၊ ပန်းချီ ဝင်းဖေ၊ ပေါ်ဦးသက်၊ စန္ဒယားသိန်းမောင်၊ ကလေးကဗျာ ရေးတဲ့ မောင်သန်းဌေး၊ မောင်မျိုးမြတ်၊ ကိုရင်မိုးကြည် စသည်ဖြင့် ဦးလေးရဲ့တူတွေ တယောက်ပြီးတယောက် ရန်ကုန်ကို ပြောင်းသွားကြတဲ့အခါ၊ ဦးလေးတို့ရဲ့အပါးမှာ လူရင်းဆိုလို့ ကျွန်တော်နဲ့ ကိုစောလွင်ပဲ ကျန်ရစ်ပါ တော့တယ်။

www.myanmarcupid.net

ဒီကောင်တွေ ရေကြည်ရာမြက်နုရာ သွားကြတာလေလို့ ဦးလေးက ဒေါက်တာသန်းထွန်းကို သမိုင်းဘာသာ စကားနဲ့ ပြောလေ့ရှိပါတယ်။ ဒေါက်တာသန်းထွန်းကတော့ "မန္တလေးက နံပါတ်နှစ်နေရာပဲ၊ ရန်ကုန်ကနံပါတ်တစ်နေရာမဟုတ်လား။ 'သွားသာသွားကြ' ကျုပ်ကတော့ လန်ဒန်သွားမယ်"လို့ ဦးလေးကို ပြန်ပြောလေ့ရှိပါတယ်။ ဒီလိုပြောပြီလားဆိုယင်၊ "ဆရာကတော့လေ၊ ပြောရော့မယ်"လို့ ဦးလေးက ပြန်ပြောတတ်ပါတယ်။

ရန်ကုန်က ဟံသာဝတီကို ကိုဝင်းတင်ရောက်လာတော့ ဦးလေးမှာ တူတယောက် အစားပြန်ရပါတယ်။ ဦးဝင်းတင်ကို ဦးလေးက ဆိုးတိုင်ပင် ကောင်းတိုင်ပင် တိုးတိုးဖော်တယောက်လို ခင်ပါတယ်။ ဦးလေးက လူကြီးဖြစ်ပေမယ့် လူငယ်ဖြစ်သူဦးဝင်းတင်အတွက်ဆိုယင်၊ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးအတွက် အမြဲ ကြောင့်ကြနေတာပါပဲ။ ဦးဝင်းတင်မှာ သတင်းစာတာဝန်က သိပ်ကြီးတာဆိုတော့ စာပေဟောပြောပွဲလိုဟာမျိုး ဆိုယင် သိပ်မလိုက်နိုင်ပါဘူး။ ကျွန်တော်ကတော့ မရှိသုံးအဖြစ်နဲ့ အမြဲလိုလိုပါနေရပါတယ်။ ကျွန်တော် စကား ပြောညံ့တာကို ဦးလေးက အားမလိုအားမရ ဖြစ်ရပါတယ်။ ဦးလေးကတော့ ကြီးပွားရေးအသင်းတို့၊ အာရှ လူငယ်အသင်းတို့မှာ

www.myanmarcupid.net

ရှေ့ဆောင်ရှေ့ရွက် ပြုခဲ့စဉ်က လူငယ်တွေ ပရိသတ်ရှေ့မှာ စကားပြောတတ်ဖို့ကို အသင်း လုပ်ငန်းစဉ်တခုလို လုပ်လာခဲ့တာမဟုတ်လား။ ဦးလေးဟာ စာရေးရာမှာ သက်တောင့်သက်သာ လွယ်လွယ် ကူကူနဲ့ ရေးလေ့ရှိသလို စကားပြောရာမှာလဲ ပေါ့ပေါ့ပါးပါး အေးအေးဆေးဆေးနဲ့ ပြောလေ့ရှိပါတယ်။ ဟာသလဲ အင်မတန်းကြွယ်ပါတယ်။ ကျွန်တော်တို့ အင်မတန် အားကျပါတယ်။

ဦးလေးမှာ ကြီးပွားရေးအသင်း လူငယ်တွေ၊ အာရှလူငယ်အသင်းလူငယ်တွေနဲ့ အပွဲပွဲနွှဲခဲ့သမျှ ကျွန်တော်နဲ့ကျမှ ဒုက္ခရောက်ရမလို ခဏခဏ ကြုံရရှာပါတယ်။ ကျွန်တော်စကားပြောယင်၊ အ,ထစ် အ,ထစ်နဲ့ တောက်တဲ့လှည်းနင်းသလို ပြောတဲ့အပြင် ပြောယင်းလဲ မေ့မေ့သွားတတ်ပါတယ်။ ဦးလေးက ကျွန်တော်စကား ပြောနေတာကို တထိတ်ထိတ်နဲ့ စောင့်ကြည့်ယင်းက ကျွန်တော်မေ့သွားယင် ထောက်ထောက်ပေးပါတယ်။ ကျွန်ဏ်ကလဲ “ဦးလေး ကျွန်တော် ဘာဆက်ပြောရမလဲလို့ လှည့်လှည့်မေးတတ်ပါတယ်။ ပရိသတ်ကတော့ တခါတလေ ဒါကိုပဲ ပွဲကျနေလေရဲ့။ ဦးလေးရဲ့ ဟောပြောပွဲတွေမှာ ကျွန်တော့်ထက် ပူပန်ရသူကတော့ ဦးလေးရဲ့ ညီတော်မောင် ဒေါက်တာသန်းထွန်းပါ။ ဆရာက စကားပြောတော့

www.myanmarcupid.net

မညံ့ပါဘူး။ ဒါပေမယ့် ပြုံးပြုံးပြုံးပြုံးနဲ့ နတ်နေကိုင်းပါမချန် အကျီစားသန်တတ်လို့ပါ။ နောင်တော့ ဦးလေးလေ့ကျင့်သင်ကြားပေးလို့၊ ကျွန်တော်လဲ အတန်အသင့် ပြောလို့ရလာပါတယ်။ ဦးလေးက လူငယ်တွေ နှုတ်မှုပညာကိုလဲ အဋ္ဌာရသ ပညာဝင်တရပ်အနေ နဲ့တတ်ရမယ်လို့ ယူဆတဲ့အတိုင်း လူထုသတင်းစာ သောင်းပြောင်းထွေလာ ရေးချင်ရာ အခန်းကနေပြီး လူငယ် တွေ ပရိသတ်ရှေ့ စကားပြောနည်းကို ဆောင်းပါး တပုဒ် နှစ်ပုဒ်ထက်မတည်း ရေးလိုက်ပါသေးတယ်။ မနှစ်က စာဆိုတော်လမှာ အမရပူရကိုရောက်တော့၊ တောင်သမန်အင်းဘေးက ဦးဇင်း ဦးပညာကျောင်းမှာ ဦးလေးရဲ့ အသံတိတ်ခွေကို ဖွင့်ပြပါတယ်။ ကျွန်တော် ဆုံးအောင်နားထောင်နိုင်စွမ်း မရှိခဲ့ပါဘူး။

ကျွန်တော်တို့လဲ ဦးလေးရဲ့ မျက်စိအောက်မှာပဲ စားယင်းသောက်ယင်း ပြေးပြေးလွှားလွှားနဲ့ ဝဝလာခဲ့ ပါတယ်။ ဦးလေးတို့ရန်ကုန်လာယင် ဘာကိစ္စနဲ့ပဲလာလာ ကျွန်တော်တို့တတွေနဲ့ တွေ့ဖြစ်အောင်တွေ့ပါတယ်။ ဦးလေးနဲ့ဒေါ်ဒေါ်တို့က တင်မိုးနဲ့ကျွန်တော့်ကို တယောက်က ဝပြီးဖောင်းလာတယ်၊ တယောက်ကတော့ ဖောင်းပြီး၊ ဝလာတယ်လို့ အမြဲမှတ်ချက်ချလေ့ရှိပါတယ်၊ ဒေါ်ဒေါ်က

www.myanmarcupid.net

မင်းတို့ဝိရှော့အုံးလို့ ပြောယင် ဦးလေးက သူ့ကိုပါ စောင်းမြောင်းတယ်လို့ ယူဆတတ်ပါတယ်။ "ကွယ်– လူသာကြီးပြီး အချိန်မစီးဘူးလို့ အပြောခံနေရပါ မယ်။ ဝကြပါစေ"လို့ ဝင်ဟန့်တတ်ပါတယ်။ ဦးလေးရယ်၊ ဒေါက်တာသန်းထွန်းရယ်၊ ကျွန်တော်ရယ် တန်းစီ ထိုင်နေရင် ဘေးလူတွေက ညီအကိုသုံးယောက်လိုပဲလို့ ပြောတတ်ကြပါတယ်။ ခပ်ဝဝတွေ ချည်းမို့ပါ။ "အမာ ရေ– ဒီကောင်ငါနဲ့မတူဘူးလားကွ"လို့ ဦးလေးက ကျွန်တော့်ကိုကြည့်ယင်း၊ ဒေါ်ဒေါ့်ကို လှမ်းမေးလေ့ရှိပါတယ်။ လူရင်းတွေချည်း စုမိကြယင် "သူ့အမေလာတုန်းကလဲ သူ့သားကိုငါနဲ့တူကြောင်း သူ့အမေကိုယ်တိုင်က ပြော သွားခဲ့တာကွာ"လို့လဲမကြာခဏပြောပြီး ကျွန်တော့်ကိုစလေ့ရှိပါတယ်။

ဦးလေးက အစားဝါသနာပါပါတယ်။ ကျန်းမာရေးအထူးဂရုပြုပြီး အမြဲလမ်းလျှောက်တယ်။ ဂေါက်သီး လဲကစားတယ်။ စာရေးယင် အညောင်းမမိအောင် မတ်တပ်ရပ်ပြီး ရေးဖို့ စာရေးခုံမြင့်တခုလဲလုပ်ထားတယ်။ အရှင်ဇနကာဘိဝံသနည်းလို့ ပြောပါတယ်။ အဝမလွန်အောင်တော့ တဖက်တလမ်းက အစားအသောက် ဆင်ခြင်ပါတယ်။ ဦးလေးက ကော်ပါတဲ့

www.myanmarcupid.net

ဂျုံ၊ဆန်၊အာလူးတွေကိုလျှော့စားပြီး သား၊ ငါး၊ ဟင်းသီးဟင်းရွက်ကို များများစားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့သွားယင် ကျွန်တော်တို့နဲ့ရောပြီး ကော်ပါတဲ့အစာတွေ စားတတ် ပါတယ်။ တခါတော့၊ တင်မိုး၊ ကိုကိုကြီး (ဒွါရဝတီဘုန်းလူ)၊ သိန်းနိုင်၊ ကိုသစ်လွင်တို့နဲ့ ထင်ပါတယ်။ ကျွန်တော်ရယ် ငါးယောက်သား ဦးလေးအလုပ်ခန်းထဲ ဝင်သွားတော့၊ ဒေါ်ဒေါ်လဲ နောက်ကပါလာပါတယ်။ "ကဲ–အမာရေ၊ မင့်တူတွေစားဖို့ ဆီချက်ခေါက်ဆွဲ ခြောက်ပွဲမှာလိုက်ပါကွာ"လို့ ဆီးပြောပါတယ်။ လူငါးယောက်လာတာ ဘာဖြစ်လို့ ခြောက်ပွဲမှာမလဲလို့ပြောပြီး ငါးပွဲပဲမှာပါတယ်။ "ကွယ်–အိမ်ရှင်ကပါ မစား ယင်၊ သူတို့ခမျာ များမှာ ကြောင်နေမှာပေါ့"ဆိုပြီး၊
ခြောက်ပွဲပဲမှာခိုင်းပါတယ်။ဒေါ်ဒေါ့်ခမျာလဲ ထုံးစံအတိုင်း ငြင်းယင်း၊ ငြီးယင်းနဲ့ပဲ ဒေါ်ဒေါ့်ဖို့ပါ ခုနစ်ပွဲမှာလိုက်ရပါတော့တယ်။ "မင်းတို့ ဝသေးဟန်မတူပါဘူး"ဆိုပြီး တော့လဲ ဦးလေးကထပ်မှာတတ်ပါသေးတယ်။ တခါတလေနေ့လဲ ဒေါ်ဒေါ် မတားသာအောင် အပြင်ထွက်စား ကြပါတယ်။

www.myanmarcupid.net

အဲဒီအခါမျိုးကျတော့၊ ဦးလေးက ပုံနှိပ်စာအုပ်ထဲ မပါနိုင်တဲ့ ပုံတိုပတ်စကလေးတွေကို ပြောပြ တတ်လေရဲ့။

ဦးလေးဟာ ဖော်ရွေတယ်၊ ဟာသရှိတယ်။ ဖြောင့်မတ်တယ်။ သူများကိုအလွန်ကူညီတတ်တယ်၊ ဆက်ဆံရေးမှာ ပျော့ပျောင်းတယ်။ လူငယ်တွေရော၊ ရဟန်းရှင်လူ သက်ကြီးရွယ်အိုများပါမကျန် ကူညီစောင့် ရှောက်နေရမှ နေသာထိုင်သာရှိတဲ့ ပုဂ္ဂိုလ်မျိုးပါ။ တဦးချင်း ရင်းနှီးသူတွေရဲ့ ကိစ္စများမှာသာမက၊ အများလူထုရဲ့ ကောင်းကျိုးကိစ္စတွေကိုလဲ အမြဲနှလုံးသွင်းပြီးဆောင်ရွက်နေတတ်ပါတယ်။ ဘိုးဘွားရိပ်သာကိစ္စ တိုင်းရင်းဆေး သိပ္ပံတည်ထောင်ဖွင့်လှစ်ဖို့ကိစ္စ၊ တက္ကသိုလ်ကိစ္စတွေမှာ ဦးလေးရှေ့တန်းကပါခဲ့ပါတယ်။ ဆေးရုံကိုလေးအေး စက်တွေလှူဖို့၊ သွေးလှူဘဏ်ကို သွေးလှူဖို့ကိစ္စတွေမှာ ဦးလေးကပဲ စတင်ပြီး သတင်းစာကနေ ဝါဒဖြန့် ဆော်ဩခဲ့တယ်လို့ပဲ ကျွန်တော်ကအမှတ်ထားခဲ့ပါတယ်။ ဦးလေးကို ပုံပြောဆရာကြီးအဖြစ်နဲ့ ကလေးတွေက ချစ်သလို၊ ဆရာတော်၊ သံဃာတော်များကလဲ သူတို့ရဲ့ ဆွမ်းကွမ်းတကာအဖြစ် အားထားကြပါတယ်။ မြို့မျက်

www.myanmarcupid.net

နှာဖုံးအဖြစ် ဦးလေးသြဇာရှိတာကို ဟိုတခေတ် နိုင်ငံရေးသမားတချို့က အမတ်နေရာ ပြိုင်လုမှာမျိုးအထိ စိုးရိမ် ပူပန်တာကြောင့်တကြောင်း၊ မနာလိုမရှုစိမ့်တာကြောင့်တကြောင်း အဲသလို အကြောင်းတွေနဲ့ ဦးလေးကို ချောင်း မြောင်းလုပ်ကြံဖို့တောင် စီစဉ်ခဲ့သေးတယ်လို့ ဆိုတာကို ကာယကံရှင်တဦးက ထုတ်ဖော်ပြောကြားလို့ မကြာခင် ကမှပဲ ကျွန်တော်တို့ သိရတော့ အံ့သြခဲ့ရတယ်။

ဦးလေးက သူ့ကိုယ်သူ "မယားပါ မန္တလေးသား"လို့ အမြဲကြွေးကြော်ပါတယ်။ မန္တလေးမြို့မှာ မြို့မျက် နှာဖုံးအဖြစ်နဲ့ ထင်ရှားပေမဲ့၊ ဘုရားကိစ္စ အလှူအတန်းကိစ္စတွေမှာတော့ ထင်ထင်ပေါ်ပေါ် လုပ်နေလေ့ မရှိပါဘူး။ စကားဝိုင်းတွေမှာ ဘုရားစကား၊ တရားစကားတွေနဲ့လဲ ဧည့်ခံလေ့မရှိပါဘူး။ ဦးလေးတို့ လူထုတိုက် အပေါ်ထပ်မှာ ဘုရားခန်းအကြီးကြီး ရှိပါတယ်။ ဦးလေး ဘုရားဝတ်ပြုယင်၊ အင်မတန်လဲ အချိန်ယူတတ် ပါတယ်။ တခါတော့ ဦးလေးနဲ့ ဒေါ်ဒေါ် ကျွန်တော့်အိမ်ဝင်လာပြီး ကျွန်တော်ရော၊ ကျွန်တော့် သားငယ် နှစ်ယောက်ကိုပါ ကားနဲ့တင်ပြီး မန္တလေးတောင်ခြေကို ဘုရာဖူးဖို့ ခေါ်သွားပါတယ်။ ကနောင်မင်းသားကြီးရဲ့ ဂူနေရာရှိတဲ့ စန္ဒာမုနိဘုရားပေါ်မှာ ထင်ပါတယ်။

www.myanmarcupid.net

ဦးလေးဝတ်ပြုနေတာ နာရီနဲ့ချီပြီး ကြာပါတယ်။ ဒေါ်ဒေါ်နဲ့ ကျွန်တော်တို့က ကလေးတွေကစားတာ စောင့်ကြည့်နေယင်း စကားကောင်းနေလိုက်တာ တမေ့တမောပါပဲ။ ဦးလေးကလဲ ဘုရားဝတ်ပြုနေခဲ့တာ တမေ့တမောပါပဲ။

ဦးလေးကို ပျော်ပျော်ပါးပါး ပြောဆိုတတ်သူအဖြစ် အများကသိထားကြပေမဲ့ ဦးလေး မပျော့ပျောင်းခဲ့တာတွေကိုလဲ ကျွန်တော်တို့ မကြာခဏဆိုသလိုကြုံခဲ့ရဖူးပါတယ်။ ငွေရေးကြေးရေး မရှင်းမရှင်းလုပ်တတ်သူ မိန်းမပွေတတ်သူအစရှိတဲ့ စာရိတ္တချို့တဲ့သူများကိုဆိုယင်ဦးလေးက အင်မတန် စက်ဆုတ်တတ်ပါတယ်။ အဲလိုလူမျိုးတွေကလဲ ဆင်ဖြူမျက်နှာ ဆင်မဲမကြည့်ဝံ့ဆိုသလို ဖြစ်နေပြီး ဦးလေးကို ဝေးဝေးက ရှောင်တတ်ကြပါတယ်။ ဦးလေးကို အကောင်းပြောလေ့လဲ မရှိကြပါဘူး။ စာနယ်ဇင်းသိက္ခာအဖြစ် ဦးလေး အထူးထိန်းတဲ့ကိစ္စကတော့ ဂျာမန် အားတိုးဆေး၊ ပဋိသန္ဓေတားဆေးအစရှိတဲ့ မဟုတ်တရုတ် ဆေးကြော်ငြာမျိုးတွေ၊ အညှီအဟောက်သတင်းတွေနဲ့ လောင်းကစားကြော်ငြာတွေကို မထဲ့ဘူးဆိုတဲ့မူပါပဲ။ ဒီလိုကိစ္စမျိုးတွေမှာ ဦးလေးက အင်မတန်တင်းမာပါတယ်။

ကျွန်တော် ရန်ကုန်ပြောင်းတော့မယ်ဆိုတော့ ဒေါ်ဒေါ့်ကို ကျွန်တော် အရင်အသိပေးပါတယ်။ ဒေါ်ဒေါ် က

www.myanmarcupid.net

"မင်းကွယ်..ရာထူးတိုးတာလဲမဟုတ်၊ ဝင်ငွေတိုးတာလဲမဟုတ်ပဲနဲ့၊ ရန်ကုန်လိုနေရာမျိုးမှာ ဘာဖြစ်လို့ သွားနေချင်ရတာလဲ၊ ဒီမှာနေယင်လဲ စာရေးလို့ဖြစ်တာပဲ။ ရန်ကုန်ဆိုတာ အိမ်မရှိ၊ ယာမရှိ၊ ကားမရှိ၊ ဖုန်းမရှိတဲ့ လူမျိုးတွေ နေဖို့မကောင်းဘူး။ မင်းစိတ်ညစ်ရမယ်"လို့ ပြောပါတယ်။ ဦးလေးအလုပ်ခန်းဆီ ခေါ်သွားပြီး တော့လဲ ပြောပြတိုင်တည်ပါတယ်။ ဦးလေးက အတန်ကြာအောင်ပဲ ကျွန်တော့်ကို ငေးကြည့်နေပြီးမှ "အင်း... ဗထူးကွင်းက လေ့ကျင့်ပေးလိုက်တဲ့ ဘော့လုံးသမားကောင်းလေးတွေဟာ တနေ့ကျယင် အောင်ဆန်းကွင်းကို ပြောင်းသွားကြတာပါပဲကွယ်"လို့ ဒေါ်ဒေါ့်ကို တရားချလိုက်ပါတယ်။ ဦးလေးက နာမည်ကျော် ဘော့လုံးသမား လဲဖြစ်ခဲ့၊ မန္တလေးဗထူးကွင်းက လူကြီးတဦးလဲ ဖြစ်ခဲ့လေတော့ ဘော့လုံးစကားနဲ့ တင်စားလိုက်တာပါ။ ကျွန်တော်လဲ မျက်စိမှိတ်ပြီး ကွင်းပြောင်းခဲ့တယ်။ ကွင်းသစ်မှာ ခေါက်ဆွဲစားတာမျိုးတွေနဲ့ ကြုံနေရတော့ စိတ်ညစ်ရတယ်။

ကျွန်တော်တို့ ရန်ကုန်ရောက်တော့လဲ ဦးလေးတို့ဆီကစာမပြတ်လာပါတယ်။ ဦးလေးတို့ စာအုပ်တွေ ထွက်ယင်လဲ မပြတ်ပို့ပေးပါတယ်။ လိပ်စာမသိလဲ ဖြစ်တဲ့နည်းနဲ့ ရောက်အောင်ပို့ပေးပါတယ်။ ကျွန်တော်တို့

www.myanmarcupid.net

လူငယ်တွေက စာရေးတဲ့တာဝန် ပျက်ကွက်ခဲ့ပေမယ့် ဦးလေးတို့ကတော့ စာရေးတာကို လူ့ယဉ်ကျေးမှုတရပ် အနေနဲ့ ဂရုတစိုက် လေးလေးစားစား လုပ်လေ့ရှိပါတယ်။ သူတို့မိတ်ဆွေတွေဆီကိုလဲ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အရေးတခုခုနဲ့ စာမပြတ်ရေးနေတာပါပဲ။ ကျားဘငြိမ်းဆုံးတော့ သွေးသောက်မဂ္ဂဇင်းမှာ ပြန်လည် ဖော်ပြတဲ့ ကျားဘငြိမ်းဆီ ဦးလေးရဲ့ပေးစာတွေကို ဖတ်ရတဲ့အခါ ဦးလေး လူတဖက်သားအတွက် အကြောင့်ကြ များပုံကို သဘောပေါက်ရတယ်။

ဆရာကြီး ဦးမြ၊ မြမျိုးလွင်၊ ရွှေဥဒေါင်း၊ ဆရာတော် ဦးသောဘိတ၊ စစ်ကိုင်း ဦးဘိုးသင်း အစရှိတဲ့ စာပေလောကထဲက ပုဂ္ဂိုလ်ကြီးတွေရဲ့ ကျန်းမာရေး၊ ရုပ်သေး၊ ဇာတ်သဘင်၊ ပန်းချီလောကထဲက ပုဂ္ဂိုလ်ကြီးတွေ ရဲ့ကျန်းမာရေး၊ အားကစားလောကထဲက ပုဂ္ဂိုလ်ကြီးတွေရဲ့ ကျန်းမာရေးကစပြီး ဆရာတော် သံဃာတော်ကြီးတွေ ရဲ့ ကျန်းမာရေးအထိ ဆရာဝန်ကြီးတွေနဲ့ တပူးတွဲတွဲ မြို့လုံးပတ်လည်လှည့်ပြီးအမြဲဂရုစိုက်နေတာပါ။ ဒီကြား ထဲက ကိုယ့်ကျန်းမာရေးကိုလဲ မလစ်ဟင်းစေရပါဘူး။ စာတွေလဲမပြတ်ရေးလို့ချည်းပါပဲ။ မိတ်ဆွေတွေဆီလဲ ပေးစာတွေ အမြဲရေးလျက်ချည်းပါပဲ။

www.myanmarcupid.net

ဦးလေး ဆရာကြီးစစ်ကိုင်းဦးဘိုးသင်းကို ဆေးကုပေးရတုန်းက အတော်အခက်အခဲတွေ့ခဲ့ရတယ်။ အဲဒီတုန်းက မန္တလေးလေးဆေးရုံကြီးက သမားတော်ကြီးတယောက် လုပ်နေတဲ့ ဦးလေးမိတ်ဆွေ ဆရာဝန်ကြီး ဦးတင်အောင်ဆွေနဲ့ မန္တလေးကနေ စစ်ကိုင်းသွားပြီးလူနာကြည့်ရတာပေါ့။ ဟိုကျတော့ ဆရာကြီးက ခေတ်ဟောင်းမျိုးချစ်ကြီးပီပီ ဂန္ဒီလိုပဲ နိုင်ငံခြားဆေး သူမသုံးဘူးဆိုပြီး တင်းခံနေပါတယ်။ ဒီအရွယ်ရောက်မှ တော့ သေချင်သေပစေတော့၊ တိုင်းရင်းဆေးပဲသုံးတော့မယ်လို့ဆိုပြီးငြင်းပါတယ်။ ဆရာကြီး သား,မြေးတွေလဲ ဘာမှမတတ်နိုင်ကြောင်း ဦးလေးကိုပြောပြကြပါတယ်။ ဒီတော့ ဦးလေးက ဒီဆရာဝန်ကြီး ဦးတင်အောင်ဆွေ ဟာမြန်မာလူမျိုးပါ။ ဟောဒီဆေးပုလင်းကစာတွေလဲ ဆရာကြီးဖတ်ကြည့်ပါ၊ ဘီ–ပီ–အိုင်ဆိုတဲ့ မြန်မာဆေး ထုတ်လုပ်ရေးဌာနကထုတ်တာပါလို့ ဖြတ်ထိုးဉာဏ်နဲ့ ရှင်းပြလိုက်ပါတယ်။ ဦးလေးရဲ့အားထုတ်မှုနဲ့ အဖိုး ဦးဖိုးသင်းလဲ အတော်ကြာ အသက်ပိုရှည်သွားနိုင်ခဲ့ပါတယ်။

ဗန်းမော်တင်အောင် ကွယ်လွန်ခါနီးမှာဆေးရုံတက်တော့ ကျွန်တော်လဲ အရေမကြီးလှတဲ့ ရောဂါတခု အကြောင်းပြုပြီး

www.myanmarcupid.net

ဆေးရုံတက်နေရတာနဲ့ ကြုံပါတယ်။ ဗန်းမော်တင်အောင်ရဲ့အပါးမှာ နောက်ဆုံးတပည့်ရဲဘော်တဦးအဖြစ်နဲ့ ချဉ်းကပ်ပြုစုခွင့် အနည်းအကျဉ်းရလိုက်ပါတယ်။ ဗန်းမော်တင်အောင် အတသဆုံးက ဦးလေးနဲ့ ဆရာဇဝနပါ။ "ကိုကြီးလှရဲ့ကျန်းမာရေးကို အားကျတယ်ဗျာ။ ကိုကြီးလှက လူတဖက်သားအပေါ် သိပ်တာဝန် ကျေတာ"ဆိုတဲ့ စကားမျိုးကိုတဖွဖွပြောပါတယ်။

၁၉၇၈ — ခုမှာ ဦးလေးနဲ့ ဒေါ်ဒေါ်တို့ နှစ်ယောက်လုံး အထိန်းသိမ်းခံလိုက်ရပါသေးတယ်။ ဦးလေးက စောပြီး ပြန်ထွက်လာခဲ့တယ်။ ခုအကြိမ်နဲ့ပါဆိုယင် ဟိုအထဲကို ဦးလေးငါးကြိမ် ငါးခေါက်ရောက်ခဲ့ပါပြီ။ စတုတ္ထအကြိမ်တုန်းကထောင်အကြောင်းစာအုပ်တွေဦးလေးရေးခဲ့တာ ၉ အုပ်တောင်ရှိပါတယ်။ ထောင်စာအုပ်နဲ့ စာပေဗိမာန်ဆုရခဲ့ဖူးတဲ့အပြင်၊ ယူနက်စကိုဆုလဲရခဲ့ပါတယ်။ ဒီစာအုပ်တွေဟာ စစ်ပြီးခေတ် သရုပ်မှန်စာပေ (ဘဝသရုပ်ဖော်စာပေ) အခန်းကဏ္ဍကိုချဲ့ထွင်ရာမှာ ကြီးမားတဲ့အခန်းက ပါခဲ့ကြတယ်ဆိုတာကို နောက် တခေတ် စာပေသမိုင်းပညာရှင်များက လေ့လာတွက်ချက်ပြကြရပါလိမ့်မယ်။ အဲဒီအခါတုန်းက ထောင်ကျဖူးတဲ့ စာရေးဆရာတွေ၊ သရုပ်မှန်စာပေ

www.myanmarcupid.net

ကြွေးကြော်ခဲ့ကြတဲ့ စာရေးဆရာတွေ အများကြီးရှိခဲ့ပါတယ်။ အားလုံးသော ပုဂ္ဂိုလ်ကြီးများဟာ ဦးလေးရဲ့ ရဲဘောာတွေချည်းပါပဲ။ ကျွန်တော်တို့ရဲ့ ရှေ့သွားဆရာသမားတွေချည်းပါပဲ။ ဒါပေ မယ့် ဘယ်သူမှ ဦးလေးလောက်ထောင်အတွေ့အကြုံစာအုပ်တွေ များများစားစားမရေးဖြစ်၊ မထုတ်ဖြစ်ခဲ့ကြ ပါဘူး။ ဦးလေးလောက်လဲ အခွင့်မသာခဲ့ကြဘူးပေါ့။ အဲဒီတုန်းက ဦးလေးရဲ့ ကြွေးကြော်သံကတော့ "ဖိုးသူတော် မျက်စိလည်လေ၊ ဆန်များများရလေ"ပါပဲတဲ့။

ဦးလေးကဟာသရှိတယ်မဟုတ်လား။ သူဒုက္ခရောက်တာကိုပဲ ဘုရားသခင်က တဖက်လှည့်နဲ့ ဆုချတာဆိုတာမျိုးဖြစ်အောင် ဖြေရှာတာပါ။ ဟိုအထဲကြာကြာနေရလေလေ၊ စာရေးစရာတွေ များများရလေပါပဲတဲ့။ ခုနောက်ဆုံးအကြိမ်မှာတော့ ဘာမှရေးသွားချိန်မရလိုက်တော့ပါဘူး။

တနေ့မှာ တင်မိုးရယ်၊ ခင်ဆွေဦးရယ်၊ ကျွန်တော်ရယ် မိုးမိတ်စာပေဟောပြောပွဲကအပြန် မန္တလေး ရောက်တော့၊ ဦးလေးကိုဝင်တွေ့ခဲ့ကြတယ်။ ကျွန်တော်တို့အနေနဲ့ ဦးလေးတယောက်ထီးတည်းကို အဖော်မဲ့ကြုံ ရတာဒီတခါပထမဆုံးနဲ့နောက်ဆုံးပါ။ ဒေါ်ဒေါ်က နန်းမြို့ရိုးထဲက ထွက်ခွင့်မရသေးပါဘူး။ ဦးလေးက

www.myanmarcupid.net

ကျန်းမာရေးမကောင်းလို့ဆိုထင်ပါရဲ့ အရင်ထွက်လာခဲ့ပါတယ်။ ဦးလေးကဟာသသမားဆိုတော့ သူ့တူ၊တူမတွေကိုဟာသစကားနဲ့ပဲဆီးကြိုပါတယ်။ "မင်းတို့ဒေါ်ဒေါ်ကကွယ်၊ ဦးလေးသွားရာဆိုယင်နေရာတကာ လိုက်ချင် တတ်တယ်။ ဦးလေး ဟိုအထဲသွားတာကိုတောင်မှ မဖြစ်မနေ လိုက်ဖြစ်အောင်လိုက်လာခဲ့သေးတယ်။ ခုဦးလေး ပြန်ထွက်လာတော့ သူမလိုက်နိုင်ခဲ့ပြန်ဘူး"တဲ့။ ခါတိုင်းလို ဘယ်သူမှလိုက်ပြီးမပြုံးနိုင်ခဲ့ပါဘူး။ ဟာသစကားပြောတဲ့ဦးလေးကိုယ်တိုင်လဲ အပြုံးနဲ့တူအောင်မပြုံးနိုင်ခဲ့ပါဘူး။

ခု–ကျွန်တော်တို့ရဲ့ဦးလေး ခရီးရှည်တခုကိုထွက်သွားခဲ့ပြီ။ လိုက်မဖြစ်တဲ့ခရီးပါ။ ဦးလေးကျွန်တော်တို့ကိုတာဝန်တွေတထမ်းကြီးနဲ့ ထားခဲ့ပါပြီ။ ဦးလေးကိုချစ်တဲ့၊ ဦးလေးကလဲချစ်တဲ့ကျွန်တော်တို့တတွေ ဦးလေးလို စေတနာ၊ ဦးလေးလိုဝီရိယနဲ့ ဦးလေးလိုအလုပ်လုပ်ကြပါစို့။

မောင်စွမ်းရည်

၂၅–၁၁–၈၃

www.myanmarcupid.net

# ကျွန်တော်သိသော ဦးလှ

ဦးထွန်းငြိမ်း



*ဦးလှနှင့်ပတ်သက်၍ စုပေါင်းဖော်ပြရပါမူ၊*

*သူ၏ပြုမူဆက်ဆံမှုများအားလုံးတို့သည် ယူဧယ ဃသူနခအနိ ညေိ*

*ဃသမမနခအ တည်ငြိမ်သည်၊ အုပ်အုပ်ထိန်းထိန်းရှိသည်၊*

*မှန်ကန်မှုရှိသည်ဟု ဖော်ပြမှသာ ပြည့်စုံမည်ဖြစ်ပါသည်။*

www.myanmarcupid.net

ကျွန်တော် ဦးလှကိုစတင်သိရှိသောအချိန်အခါမှာ စစ်ကြိုခေတ် ၁၉၄၀–ခုနှစ်ထဲတွင်ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်တွင် (၂) နှစ်ပညာသင်ကြားပြီးနောက် ဆရာဖြစ်ကောလိပ်တွင် အဆင့်မြင့် ကိုယ်လက်ကြံ့ခိုင်ရေးသင်တန်း တက်ရောက်နေစဉ် အခါက ဖြစ်သည်။ ထိုစဉ်က ကျွန်တော်သိသောဦးလှမှာ ကြီးပွားရေး ဦးလှပါ။ ကြီးပွားရေးမဂ္ဂဇင်းကိုတာဝန်ယူထုတ်ဝေနေသောအချိန်အခါတွင် ကာယဗလ ဦးနေဝင်းမှတဆင့် သိရှိ ရခြင်းဖြစ်ပါသည်။ ထိုအချိန် ထိုအခါများတွင် တိုင်းပြည်၏လူငယ်များကို အဘက်ဘက်မှတိုးတက်ကြီးပွားစေ လိုသောဆန္ဒဖြင့် မျိုးချစ်ပုဂ္ဂိုလ်များသည် မိမိတို့အသိဖြင့် အခက်အခဲများအကြားမှ တတ်နိုင်သည့်ဘက်မှ နိုးကြားအောင် ဆောင်ရွက်နေချိန်ဖြစ်လေရာ အမြို့မြို့အနယ်နယ်တွင် လူငယ်များ ကြီးပွားရေးအသင်းများ ပေါ်ပေါက်လာလျက်၊ စာကြည့်တိုက်ကလေးများ အလျှိုအလျှိုပေါ်ပေါက်လာသော အချိန်အခါ ဖြစ်ပါသည်။ ကျွန်တော်သည် ဦးလှကို သိရုံသာသိရှိပြီး လူချင်းမတွေ့ဆုံရသေးပါ။ ထိုစဉ်အခါက ကမ္ဘာ့လက်ဝှေ့လောက တွင်၊ ကိုယ်အလေးဆုံးအတန်း၌၊ အမေရိကန်ကပ္ပလီဂျိုးလူဝီသည် မျက်နှာဖြူချန်ပီယံများကို

www.myanmarcupid.net

တယောက်ပြီး တယောက် အလဲထိုးအနိုင်ယူလျက်၊ ကြေးစားလက်ဝှေ့သရဖူကို ရယူထားချိန်ဖြစ်ပါသည်။

ကျွန်တော်သည် ကာယဗလဦးနေဝင်း၏ တိုက်တွန်းချက်အရ ဂျိုးလူဝီအကြောင်းကို ပြန်ဆိုရေးသားလျက် ကြီးပွားရေးမဂ္ဂဇင်းတိုက်သို့ပို့ခဲ့ပါသည်။ ဤဆောင်းပါးသည် ကျွန်တော့်အတွက် ပထမဆုံးအကြိမ် စာပေနယ်ပယ်သို့ ရောက်ရှိအောင် အရှိန်ပြုပေးသော ဆောင်းပါးဖြစ်ပါသည်။ ကြီးပွားရေးမဂ္ဂဇင်းတွင် ဆောင်းပါးပါရှိလာသည့် အခါ၌လူချင်းမမြင်ဘူးသေးစေကာမူ တာဝန်ခံကြီးပွားရေးဦးလှအား ကျေးဇူးတင် မိခဲ့ပါသည်။ ထို့နောက်တွင်ကား ဆရာဦးဇော်ဝိတ်ရေးသားသော ကာယဗလဆောင်းပါးများ၌ ကျွန်တော်နှင့် ကိုမောင်မောင် (ဗိုလ်မှူးကြီးမောင်မောင်အငြိမ်းစား)တို့ တတွေ၏ ရုပ်ပုံများနှင့် ကာယဗလ လှုပ်ရှားမှုများကို ကြီးပွားရေးမဂ္ဂဇင်းတွင်ဆက်လက်ထည့်သွင်းဖော်ပြခဲ့သည့်အတွက် ကြီးပွားရေးမဂ္ဂဇင်းနှင့် ကြီးပွားရေးဦးလှအား ထိုစဉ်က သိရှိခဲ့ခြင်း ဖြစ်ပါသည်။ ထိုစဉ်အခါကပင် လူငယ်များ၏ ကြီးပွားတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြသည့်၊ ဆရာဦးဇော်ဝိတ်၊ ကြီးပွားရေးဦးလှနှင့် ကာယဗလ ဦးနေဝင်းတို့တတွေသည် တဦး

www.myanmarcupid.net

နှင့်တဦးခင်မင်ရင်းနှီးမှုရှိကြကြောင်းကိုလည်းသိရှိလာရပါသည် ။ သူတို့တတွေသည် ထိုစဉ်အခါက အသက် အရွယ်အားဖြင့် (၃၀) ပတ်ဝန်းကျင်တွင်သာ ရှိနေကြပါသေးသည်။

ဦးလှကို လူချင်းတွေ့ဆုံလျက် ခင်မင်ရင်းနှီးလာခြင်းသည်၊ လွတ်လပ်ရေးရခါစ ၁၉၄၈ ခုနှစ်အချိန် ကာလလောက်တွင် စတင်ခဲ့ပါသည်။ ဤအကြိမ်၌လည်း ကာယဗလဦးနေဝင်းမှတဆင့် တွေ့ဆုံရခြင်းဖြစ်ပါ သည်။ ဦးလှနှင့်တွေ့ဆုံရင်းနှီးခြင်းတွင်၊ အထူးသဖြင့် ကာယဗလနှင့် စာပေအကြောင်းများကို အခြေပြုလျက် ရင်းနှီးလာရခြင်းဖြစ်ပါသည်။ ဤသို့ လူချင်းခင်မင်ရင်းနှီးသော အချိန်တွင် ဦးလှသည်၊ ကြီးပွားရေးမဂ္ဂဇင်းကို မထုတ်ဝေတော့ပါ။ လူထုသတင်းစာနှင့် လူထုဂျာနယ်ကို တာဝန်ယူလုပ်ဆောင်နေပါသည်။ ထို့ကြောင့် ယခုတကြိမ် ကျွန်တော်သိရှိလာသောဦးလှမှာ လူထုဦးလှအဖြစ်ဖြင့် သိရှိလာခြင်းဖြစ်ပါသည်။ ဦးလှအား သိရှိရင်းနှီးလာခြင်းတွင်၊ ဆရာဦးဇော်ဝိတ်နှင့် ကာယဗလဦးနေဝင်းတို့နှင့် ရင်းနှီးခြင်းလို နီးနီးကပ်ကပ် ရင်းနှီးခြင်း မျိုးမဟုတ်သော်လည်း၊ ကျွန်တော့်အနေဖြင့် စိတ်ချယုံကြည်စွာ၊ ကိုယ်ရေးကိစ္စများကိုပင် တိုင်ပင်အားထားနိုင် လောက်သော လေးစားစွာ

ကိုးစားနိုင်သည့် ရင်းနှီးမှုမျိုးဖြင့် ဆက်ဆံနိုင်ခဲ့ပါသည်။ ကျွန်တော့်အနေဖြင့် အကြောင်းကြောင်းကြောင့် မန္တလေးသို့ရောက်ရှိသည့်အခါတိုင်း၊ ဦးလုနှင့်ဒေါ်အမာတို့ထံ ဝင်ရောက်လျှက် ခေတ္တခဏလောက်တော့ ပြောဆိုနှုတ်ဆက်ခဲ့ပါသည်။ ကျွန်တော့်အနေဖြင့် သူတို့အားခင်မင်ခြင်းသည်၊ သူတို့ အပေါ်တွင် လူကိုခင်မင်လေးစား၍ ခင်မင်ခြင်းသာဖြစ်ပါသည်။ သူတို့ကလည်း၊ ကျွန်တော့်အပေါ်တွင် ခင်မင် ခြင်းသည်၊ ကျွန်တော့်နည်းတူဖြစ်သည်ဟု ကျွန်တော်ခံယူထားပါသည်။ အကြောင်းအမျိုးမျိုးကြောင့် အချိန်အခါ နှင့် အခြေအနေတို့သည် ပြောင်းလဲနေစေကာမူ၊ ကျွန်တော်သည် သူတို့ထံသို့ ဝင်ထွက်ဆက်ဆံခြင်းကို မပျက်ကွက်စေခဲ့ပါ။

ကျွန်တော်၏ စစ်မှုထမ်းဘဝ၊ အားကစားနှင့် ကာယပညာ၌ တာဝန်ယူရသော ဘဝတွင်သာမကပါ။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၌ လုပ်ကိုင် ဆောင်ရွက်နေသော ဘဝတွင်လည်း ပုံမှန်ပင် ဝင်ထွက်ဆက်ဆံခဲ့ ပါသည်။ ကြက်ခြေနီအသင်းသို့ ရောက်ရှိလာပြီးသည့်အခါ၌ ကယ်ဆယ်ရေးကိစ္စများအတွက် မန္တလေးသို့ ပိုမို၍ မကြာခဏ ရောက်ရှိခဲ့ပါသည်။ ဦးလုသည် မန္တလေးတောင်ခြေရှိ လူအိုရှိဘိုးဘွားရိပ်သာတွင်၊ ကြီးကြပ်သူအဖွဲ့ ဝင်



www.myanmarcupid.net

လူကြီးတဦးဖြစ်နေသည့်အတွက်၊

ကျွန်တော်မန္တလေးရောက်၍ဘိုးဘွားရိပ်သာသို့ လာရောက်တိုင်း ထိုနေရာ တွင်လည်း ဦးလှအား တွေ့ဆုံခဲ့ရပါသည်။ ဆွီဒင်နိုင်ငံကြက်ခြေနီအသင်းမှ ဧည့်သည်များ ပါရှိလာသည့်အခါက် တွင် ဦးလှသည် ကယ်ဆယ်ရေး ကိစ္စများ ဆွေးနွေးနေသည့်အကြားမှ၊ သူဝါသနာပါသော ဆွီဒင်တိုင်းရင်းသား ပုံပြင်များအကြောင်း ကိုလည်းဆွေးနွေး ခဲ့ပါသေးသည်။ ကျွန်တော့်အနေဖြင့် ဦးလှအား နောက်ဆုံး တွေ့ရှိလိုက်ရ သော အချိန်မှာ ၁၉၈၂–နှစ် ဇန်နဝါရီလထဲတွင်ဖြစ်ပါသည်။ ထိုစဉ်က ဆွီဒင်နိုင်ငံ ကြက်ခြေနီအဖွဲ့သားများအား ထားဝယ်မြို့၌ သူတို့လှူဒါန်းသော သိလှောင်ရုံဖွင့်ပွဲ တက်ရောက်ရန် ခေါ်ဆောင်သွားစဉ်၊ ဦးလှနှင့် ဒေါ်အမာ၊ ဦးသုခတို့သည်လည်း ထားဝယ်မြို့သို့ ခရီးထွက်ရန်လာကြစဉ်၊ လေယာဉ်ပျံကွင်း၌ တွေ့ဆုံခြင်း ဖြစ်ပါသည်။ ကျွန်တော့်အတွက်ဦးလှတို့နှင့် လေယာဉ်ပျံအတူစီးလျက်ရှေ့ခုံနောက်ခုံထိုင်၍ လိုက်ပါလာခြင်း သည်၊ ဦးလှအားနောက်ဆုံးတွေ့လိုက်ရခြင်း ဖြစ်ပေလိမ့်မည်ဟု မခန့်မှန်းမိခဲ့ပါ။

ထို့နောက်တွင် မန္တလေးသို့ရောက်ရှိခဲ့ပြီး ဦးလှ–ဒေါ်အမာတို့အိမ်သို့ဝင်ရောက်ခဲ့ပါသေးသည်။ ထိုစဉ် က

www.myanmarcupid.net

ဦးလှသည် သူ့ရောဂါအတွက်ဆေးထိုးနေချိန်နှင့် ကြုံကြိုက်နေသည့်အတွက် မတွေ့ဆုံလိုက်ရပါ။ ဦးလှ ကွယ်လွန်ကြောင်း သတင်းစာများမှ သိရှိရလိုက်သည့်အခါ၌ ကျွန်တော့်အတွက် ရင်းနှီးသောမိတ်ဆွေတဦး ဆုံးပါးသွားရခြင်းအဖြစ် ခံစားလိုက်ရပါတော့သည်။ ဦးလှအားသိရှိခဲ့ခြင်းတွင် သူ၏စာပေရေးသားမှု၊ ဟောပြောမှု၊ နေထိုင်ဆက်ဆံမှုတို့မှလည်း သိရှိခွင့်ရခဲ့ပါသေးသည်။ သူ၏စာပေရေးသားမှုသည် ရိုးရိုးရှင်းရှင်း နှင့်ဖတ်ရှုသူ လွယ်လွယ်ကူကူနားလည်နိုင်အောင် ရေးသားထားသည်ကို တွေ့ရှိကြရပါမည်။ သူ၏စကားပြော ဆိုခြင်း၊ ဟောပြောခြင်းများတွင် အေးအေးဆေးဆေး၊ တည်တည်ငြိမ်ငြိမ်ရှိသည်ကို တွေ့ကြရပါမည်။ သူ၏ ကိုယ်အမူအရာ၊ စိတ်အမူအရာတို့တွင်၊ ဘယ်သောအခါတွင်မှပြာပြာသလဲ ပုံပန်းမျိုးကို တွေ့ရှိရမည်မဟုတ်ပါ။ စိတ်ဆိုးမာန်ဆိုးဖြင့် ဒေါသသံပါသော အသုံးအနှုန်းမျိုးကို ကြားကြရမည်မဟုတ်ပါ။

ဦးလှနှင့်ပတ်သက်၍ စုပေါင်းဖော်ပြရပါမူ၊ သူ၏ပြုမူဆက်ဆံမှုများအားလုံးတို့သည် Clam, Collected and Correct တည်ငြိမ်သည်၊ အုပ်အုပ်ထိန်းထိန်းရှိသည်၊ မှန်ကန်မှုရှိသည်ဟု ဖော်ပြမှသာ ပြည့်စုံမည်ဖြစ်ပါသည်။

www.myanmarcupid.net

ကျွန်တော်သည် ဆရာဦးရှိန်၊ ဆရာဦးဇော်ဝိတ်နှင့် ကာယဗလဦးနေဝင်းတို့တတွေအား လေးစားကြည်ညိုသလို၊ ဦးလှအပေါ်တွင် ခင်မင်လေးစားကြည်ညိုသူတဦးဖြစ်ပါသည်။ ဤပုဂ္ဂိုလ်များအား လေးစားကြည်ညိုခြင်းမှာ သူတို့တတွေသည် လေးစားကြည်ညိုထိုက်သော ပုဂ္ဂိုလ်များ ဖြစ်ခြင်းကြောင့်ဖြစ်ပါသည်။ ဤပုဂ္ဂိုလ်များသည် သူတို့ခေတ် တလျှောက်လုံးတွင် တိုင်းပြည်၏ လူငယ်များအတွက် ကောင်းသောလမ်းကို ညွှန်ပြရုံမကပဲ၊ မိမိတို့ ကိုယ်တိုင်သည်လည်း၊ နမူနာပြ နေထိုင် ကျင့်ကြံနိုင်သောပုဂ္ဂိုလ်များဖြစ်ကြပါသည်။

တိုင်းပြည်မလွတ်လပ်ခင်က ဤပုဂ္ဂိုလ်မျိုးအများအပြား လိုအပ်နေခဲ့သလို၊ ယခုအခါတွင်လည်း အမြို့ မြို့အရွာရွာတွင် လိုအပ်နေသေးသည်သာဖြစ်ပါသည်။ လူငယ်များကြီးပွားရေး၊ တိုးတက်ရေးအတွက် မိမိအသိ ဖြင့် ဆောင်ရွက်ခဲ့ခြင်းများကို သတိရသောအားဖြင့်လည်းကောင်း၊ ရှေ့ဆောင်လမ်းထွင် ခဲ့ခြင်းများအတွက် ကျေးဇူးတရားကို သိရှိဂုဏ်ပြု လိုခြင်းကြောင့်လည်းကောင်း ဤဆောင်းပါးကို ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

ထွန်းငြိမ်း

www.myanmarcupid.net

*ကျွန်တော်ကလဲ သိပ်တရားရှိတဲ့ကောင်မဟုတ်ဘူး။*

*တရားနဲ့ဘာနဲ့ မဖြေတတ်ဘူး။ စိတ်မခိုင်ဘူး။*

*သူများငိုတာမြင်ရယင်၊ ရင်ထဲတမျိုးဖြစ်လာတယ်။*

*ကိုယ်ပါမျက်ရည်မလည်ဖြစ်ယင်တောင် အသက်ရှူ ကြပ်*

*လာသလို၊ မောတောဆို့တို့ကြီး ဖြစ်လာတတ်တယ်။*

# ကွေးသောလက်ကို မဆန့်မီ
# ဆန့်သောလက်ကို မကွေးမီ

**မောင်သာရ**



www.myanmarcupid.net

သတင်းစာတွေထဲမှာ ဆောင်းပါးမရေးတာကြာတော့၊ အကျင့်လဲပျက်သွားတယ်ထင်ပါရဲ့။ ဆောင်းပါး တွေဘာတွေ သိပ်မရေးချင်တော့ဘူး။ ဒါ့ကြောင့် ဦးလေးလှရဲ့ အကြောင်းကို၊ ရေးမယ်ဆိုတော့ ဒေါ်ဒေါ်မာကို သာ ဂတိပေးလိုက်တာ လက်ကသိပ်မသွက်ချင်ဘူး။

ဒါပေမယ့် ဒါကအခိကအကြောင်း မဟုတ်ပါဘူး။ အခိကအကြောင်းက အထူးသဖြင့် သည်အကြောင်း ကို ကျွန်တော်မရေးချင်ဘူး။ ဦးလေးလှဆုံးပြီးနောက် ဒေါ်ဒေါ်မာနဲ့ တခါတွေ့ဖြစ်ပါသေးတယ်။ အဲသည် တုန်းကလဲ ဒေါ်ဒေါ်မာက ကျွန်တော့်ကိုမြင်တာနဲ့တပြိုင်နက် မျက်ရည်ကလေး တစမ်းစမ်းနဲ့။ စကားပြောတာတောင် ကောင်းကောင်း မပြောနိုင်ဘူး။ ရှိုက်သံတွေ ပါလာရော။

ကျွန်တော်ကလဲ သိပ်တရားရှိတဲ့ကောင်မဟုတ်ဘူး။ တရားနဲ့ဘာနဲ့ မဖြေတတ်ဘူး။ စိတ်မခိုင်ဘူး။ သူများငိုတာမြင်ရယင်၊ ရင်ထဲတမျိုးဖြစ်လာတယ်။ ကိုယ်ပါမျက်ရည်မလည်ဖြစ်ယင်တောင် အသက်ရှူ ကြပ်လာသလို၊ မောတောဆို့တို့ကြီး ဖြစ်လာတတ်တယ်။

ခက်တာက ဦးလေးလှရဲ့ အဖြစ်ကလည်း ဖြုန်းစားကြီး။ ကျွန်တော်နဲ့ ထိုင်စကားပြောနေတုန်း။ သွေး တွေအန်တာ။ ကျွန်တော့လက်ပေါ်မှာတွင်။ ကျွန်တော့်မျက်စိရှေ့မှာတွင်။

www.myanmarcupid.net

ကြုံကြိုက်ချင်တော့လဲ ကြုံဖန်ကြုံကြိုက်ရတာ။

ပြောရယင် ဦးလေးလှနဲ့ကျွန်တော် မတွေ့ဖြစ်တာလဲကြာပြီ။ ငယ်ငယ်တုန်းကတော့၊ ကျောင်းသားဘဝ တုန်းကတော့ဦးလေးလှဆိုတာ ကျွန်တော်တို့လို တိုးတက်တဲ့၊ စာပေဝါသနာပါတဲ့ လူငယ်တွေအပေါ်မှာ ထီးလို မိုးပေးထားတဲ့ပုဂ္ဂိုလ်ပါ။ မန္တလေးမှာလဲ ဈေးချိုက နာရီစင်လို ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်ပါ။ သိတဲ့အတိုင်း၊ လူထုသတင်းစာရယ်၊ လူထုဂျာနယ်ရယ်ကလဲ ထုတ်ဝေခဲ့တော့၊ ကျွန်တော်တို့ ဝင်ထွက်သွားလာ စားသောက်နေ ခဲ့တဲ့အိမ်ပါ။

သူများတော့မသိဘူး။ ကျွန်တော်တော့ အဲသလို ဝင်ထွက်သွားလာရုံမကဘူး။ မုံ့ဘိုးမရှိယင်တောင်၊ တောင်းသေးတယ်။

ဦးလေးလှကလဲ ကျွန်တော့်ကို တူသားတယောက်လို ချစ်ပါတယ်။ ရဲဘော်တယောက်လိုလဲ ရိုင်းပင်းပါ တယ်။ နောက်ပိုင်းကျတော့၊ ရေးဘော်တယောက်လိုပါ သံယောဇဉ်တွယ်ပါတယ်။

နောက်ဆုံး ဦးလေးလှမဆုံးခင် ရန်ကုန်တခေါက် ရောက်လာကြသေးတယ်။ အဲသည်တုန်းကလဲ ကျွန် တော်နဲ့ တွေ့ဖြစ်လိုက်သေးတယ်။ မဆုံးခင်

www.myanmarcupid.net

တပတ်မရှိတရှိလောက်ကပေါ့။ အဲသည်တုန်းက ဦးလေးလှမှာ ခါး နာနေတယ်။ ခေတ်မှန်ရိုက်ကြည့်တော့ကျောက်ကပ်ထဲမှာ ကျောက်ခဲကလေး တွေ့ထားတယ်ဆိုလား ပြောတယ်။ ဒါပေမယ့် ခွဲစိတ်ကုသဖို့မလိုပါဘူးတဲ့။ ခပ်ပေါ့ပေါ့ပဲပြောတယ်။ လူကလဲကောင်းလို့ပဲ။ လန်းလန်းဆန်းဆန်း၊ ပြုံးပြုံးရွှင်ရွှင်။

အဲသည်တုန်းက ကျွန်တော့်ကို ဆုံးမလိုက်သေးတယ်။

"မင်းလဲ သိပ်အသုံးအစွဲကြီးတယ်လို့ ဦးလေး သတင်းကြားတယ်။ ရတုန်းကို စုထားကွဲ့နော်၊ မင့်အသက်လဲ ငယ်တော့တာမဟုတ်ဘူး"

မော်တော်ကားပေါ်မှာရတဲ့အခိုက်အတန့်ကလေးအတွင်း၊ ဆုံးမခဲ့သေးတယ်။ ဒေါ်ဒေါ်မာကတောင်စိုးရိမ် လို့။ ကျွန်တော်မကြိုက်မှာစိုးလို့ထင်ပါရဲ့။ ဝင်ဖြေပြောသေးတယ်။

"မင်းဦးလေးလဲ လူကြီးဖြစ်လာပြီဆိုတော့ လူငယ်တွေနဲ့တွေ့ရယင်၊ ဆုံးမချင်နေတာကွ......တဲ့"။

ကျွန်တော်နားလည်ပါတယ်။ အဖေလို၊ ဘကြီးလို နေလာခဲ့တဲ့လူပဲ။ ဘာပြောပြော၊ ဘယ်လိုဆုံးမဆုံးမ ရပါတယ်။ ဒါကစေတနာနဲ့ ပြောတာပဲ။

မကြာပါဘူး

ကျွန်တော်တို့ မန္တလေးသွားကြတယ်။

www.myanmarcupid.net

ဘယ်နေ့ဘယ်ရက်မှာ ကျွန်တော်တို့ လာခဲ့မယ်လို့လဲဦးလေးလှကို ပြောလိုက်ပြီးပြီ။

ကိစ္စတခုရှိတယ်။ တိုယိုတာဖောင်ဒေးရှင်းက ဂျပန်အမျိုးသမီးတယောက်က ဦးလေးလှနဲ့ တွေ့ချင် တယ်။ သူ့ကိုလိုက်ပို့ပေးပါ။ အစီအစဉ်လဲလုပ်ပေးထားပါ။ သူ ဂျပန်ကဘယ်နေ့ဘယ်ရက် ထွက်လာပြီး၊ ဘယ်နေ့ဘယ်ရက်ရန်ကုန်ရောက်မယ်လို့လဲကြိုတင်စာရေးထား တယ်။

သည်လိုပါ။ ကျွန်တော်တို့ မြန်မာစာရေးဆရာတွေရဲ့ လုံးချင်းဝတ္ထုတွေကို ဂျပန်က ဘာသာပြန်ဖို့ အစီ အစဉ်ရှိတယ်။ တိုယိုတာဖောင်ဒေးရှင်းက "အိမ်နီးချင်းနိုင်ငံများနှင့်ချစ်ကြည်နားလည်ရေး" အစီအစဉ်အရ မြန်မာဝတ္ထုတွေကို ဘာသာပြန်တာပါ။

ဘာသာပြန်ဖို့ ရွေးထားတဲ့ စာအုပ်တွေထဲမှာ ဦးလေးလှရဲ့ "လေနဲ့အတူ"ရယ်၊ "သံလွင်ဖောင်စီး"ရယ် နှစ်အုပ်ပါတယ်။ လေနဲ့အတူကတော့ ဂျပန်ဘာသာနဲ့ စာအုပ်အဖြစ်ထွက်နေပါပြီ။

အဲသည်အစီအစဉ်အရဦးလေးလှနဲ့ တွေ့ချင်တယ်၊ အင်တာဗျူးလုပ်ချင်တယ်လို့ ဂျပန်အမျိုးသမီးက ပြောတယ်။ ဒါနဲ့ ကျွန်တော်က မန္တလေးလိုက်ပို့ရတယ်။ ဦးလေးနဲ့ တွေ့ပေးရပါတယ်။

www.myanmarcupid.net

မှတ်မှတ်ရရ၊ အဲသည်နေ့က ဒုတိယဝါဆိုလပြည့်နေ့။

ကျွန်တော်တို့က ရထားလက်မှတ်မရလို့ တရက်နောက်ကျသွားတယ်။ ညရထားနဲ့ ရှိုးရှိုးတန်းက ထိုင်လိုက်သွားရတယ်။

ဒါပေမယ့် မန္တလေးရောက်ရောက်ချင်း မနားပါဘူး။ ရေမိုးချိုးပြီး မြင်းလှည်းကလေးနဲ့ လူထုတိုက်ကို သွားကြတယ်။ တိုက်ရောက်တော့ ဦးလေးလှရော၊ ဒေါ်ဒေါ်မာရောမရှိကြဘူး။ မနက် ၈–နာရီခွဲလောက်ရှိနေပြီ။ ဉပုသ်ဇရပ်သွားကြတယ်တဲ့။ မှာထားခဲ့တယ်တဲ့။ ရောက်လာယင်၊ ခဏစောင့်ပါတဲ့။ မကြာခင်ပြန်လာပါလိမ့် မယ်တဲ့။

ကျွန်တော်တို့လဲ ဧည့်ခန်းထဲမှာ ထိုင်စောင့်နေကြတယ်။ ဧည့်ခန်းထဲမှာလဲ ပန်းချီကားတွေ၊ ပန်းပုရုပ် တွေ၊ စာအုပ်တွေနဲ့ဆိုတော့ နိုင်ငံခြားကလာတဲ့ အနုပညာ ဧည့်သည်အဖို့ကတော့ မပျင်းပါဘူး။ တောင်လျှောက် ကြည့်၊ မြောက်လျှောက်ကြည့်နဲ့ပေါ့ တောင်မေး၊ မြောက်မေးနဲ့ပေါ့။

ဒါပေမယ့် ဧည့်သည်က မှတ်ချက်တခုတော့ချတယ်။ သည်စာရေးဆရာကတော့ ချမ်းသာတယ် ထင်ပါ တယ်တဲ့။ ဟုတ်တာပ။ နေ့ သူတွေ့ဖူးခဲ့တဲ့ မြန်မာစာရေးဆရာအများစုဟာ ဆင်းရဲကြတာကိုး။ သည်လို

www.myanmarcupid.net

မြို့လည်ကောင်မှာ ကိုယ်ပိုင်တိုက်ကြီးနဲ့၊ ခမ်းနားတဲ့ ဧည့်ခန်းကြီးနဲ့ ဘယ်နေနိုင်ကြပါ့မလဲ။

ပြောလို့သာပြောတာပါ။ ဦးလေးလှရဲ့ အကြောင်းကို သည်ဂျပန်အမျိုးသမီးက တော်တော်များများသိပြီး ပါပြီ။ ဂျပန်လိုလဲ ဖတ်ဖူးမှတ်ဖူးတာတွေ ရှိတယ်လို့ ပြောပါတယ်။ ဦးလေးလှဆိုတဲ့ လူထုဦးလှက မြန်မာ့ နယ်နမိတ်ကိုကျော်ပြီး၊ ထင်ရှားတဲ့ စာရေးဆရာတယောက်ပဲ။ ဦးလေးလှရဲ့ တချို့စာအုပ်တွေကို၊ ဂျပန်လိုရော၊ ဂျာမန်လိုရော၊ အင်္ဂလိပ်လိုရော၊ ရုရှလိုရော၊ ပြင်သစ်လိုရော ဘာသာပြန်ခဲ့ဘူးပါတယ်။

ထားပါတော့။

ဆယ်မိနစ်လောက်ပဲ စောင့်လိုက်ရတယ်။

ပထမ သံပုရာရည်နဲ့ မုံ့ပွဲတွေရောက်လာတယ်။

ဒုတိယ တိုက်ရှေ့ခန်းထဲက.... "ဟောပြန်လာကြပြီ" ဆိုတဲ့ အမျိုးသမီးကလေးတယောက်ရဲ့ အသံကို ကြားလိုက်ရတယ်။

"ဧည့်သည်တွေ ရောက်နေတယ်၊ စောင့်နေကြတယ်............"လို့ အဲသည်အမျိုးသမီးလေးက လှမ်းသ တင်းပို့တယ်။

"ဟေ–ဘယ်သူတွေတုန်း"

www.myanmarcupid.net

"............................"

"အော်–မောင်သာရတို့လား၊ အေး–အေး..."ဆိုတဲ့ အသံနဲ့အတူ ဦးလေးလှလဲ ဧည့်ခန်းထဲ ဝင်လာ တယ်။

ဦးလေးလှဝင်လာတော့၊ ကျွန်တော်တို့က မိတ်ဆက်ပေးဖို့အတွက် မတ်တတ်ရပ်ပြီး၊ ခရီးဦးကြိုလိုက် တယ်။

ဒါပေမယ့်၊ ဦးလေးလှဟာ ကျွန်တော့်ကို မြင်ပုံမရဘူး ပါးစပ်ကပြုံးပြီး နှုတ်ဆက်နေပုံရပေမယ့် မျက်စိက ကျွန်တော်တို့ကို သဲသဲကွဲကွဲ မြင်ပုံမရဘူး။

ဘာပြုလို့တုန်းဆိုတော့၊ ကျွန်တော်တို့ရှိတဲ့ နေရာကို လှမ်းလာနေပေမယ့်၊ မျက်နှာပေး ထားတာက တလွဲဖြစ်နေတယ်။ ဒါပေမယ့် အဲသည်တုန်းကတော့ သိပ်အလေးအနက် မထားမိဘူး အပြင်နေပူထဲက ပြန်လာ တဲ့အခါ၊ မှောင်ထဲရောက်ယင်၊ ဘယ်သူဖြစ်ဖြစ် ရုတ်တရက်သဲသဲကွဲကွဲ မမြင်တတ်ကြဘူး။ မဟုတ်လား။ ရုပ်ရှင်ရုံထဲ ဝင်ခါစလို နေမှာပေါ့လို့ပဲ ထင်လိုက်မိတယ်။

ဒါပေမယ့် အဲသည်အချိန်ကတည်းက ဦးလေးလှရဲ့ ဝေးနာကတော့ ဖောက်ပြန်စ ပြုနေပါပြီ။ ပြောလဲ ပြောတယ်လေ။ ဥပုသ်ဇရပ်ကအထွက်

www.myanmarcupid.net

လမ်းကြားထဲရောက်ကထဲက မူးတယ်လို့ ဦးလေးလှက ပြောလာတာတဲ့ ဒေါ်ဒေါ်မာကပြောတယ်။

ရောက်စဆိုတော့မိတ်ဆက်ပေးတာနဲ့၊ ဘယ်တုန်းကရောက်လဲ၊ ဘယ်မှာတည်းသလဲဆိုတဲ့ အလ္လာပ သလ္လာပတွေ ပြောကြဆိုကြနဲ့ အားလုံးကပြုံးပြုံးရွှင်ရွှင်ပါပဲ။ ဦးလေးလှလဲ ကျွန်တော်နဲ့မျက်နှာချင်းဆိုင် ကုလား ထိုင်မှာ ထိုင်တယ်။ ဂျပန်အမျိုးသမီးက ဦးလေးလှရဲ့ဘယ်ဘက်က ဒေါ်ဒေါ်မာက ညာဘက်က။ ဦးလေးလှ ကျွန်တော်တို့အတွက် ဧည့်ခံထားတဲ့ သံပုရာရည်ကိုကြည့်ပြီး.....

"အမာရေ – ငါ့ဖို့လဲ သံပုရာရည် တခွက်လောက် လုပ်ခိုင်းကွာ၊ ဆေးကလေးလဲ ယူခဲ့အုံး"လို့ ပြောတယ်။

ဒေါ်ဒေါ်မာကလဲ ချက်ချင်းပဲ ဆေးယူပေးတယ်။ ပြီးတော့ နောက်ဖေးဘက်ကို အိမ်တွင်းသုံး တယ်လီဖုန်း နဲ့ သံပုရာရည် မှာလိုက်တယ်။

သည်အချိန်မှာတော့၊ ဦးလေးလှရဲ့ အခြေအနေက သိပ်မဆိုးသေးပါဘူး။ ရင်ခေါင်းထဲမှာ ဦးခေါင်းထဲ မှာ မအီမသာဖြစ်နေတာကလွဲလို့ သိပ်လဲ ဝေဒနာခံစားနေရပုံမပေါ်ဘူး။ မျက်နှာကို ပြတင်းပေါက်က အလင်း ရောင်နဲ့ မြင်ရတာကလဲ ကြည်ကြည်လင်လင်ပါပဲ။

www.myanmarcupid.net

အဲ....စကားစပြောကြတယ်။ ဂျပန်အမျိုးသမီးက ဘာမှမမေးရသေးခင် ဦးလေးလှက စာအုပ်တွေထုတ် ပြတယ်။ ဂျပန်လို ဘာသာပြန်ထားတဲ့ ဦးလေးလှရဲ့ ပုံပြင်စာအုပ်ရယ်၊ တခြား ဦးလေးလှရဲ့အကြောင်းကို ရေးထားတဲ့ ဂျပန်စာရေးဆရာတယောက်ရဲ့ ခရီးသွားမှတ်တမ်းစာအုပ်ရယ်။ ....စသဖြင့်ပေါ့လေ။ စာအုပ်တွေကို ထုတ်ပြတယ်။ ဒေါ်ဒေါ်မာကို ယူခိုင်းလို့၊ ဒေါ်ဒေါ်မာက တဖက်ခန်းထဲ သွားယူပေးရတယ်။ ဒေါ်ဒေါ်မာကလဲ အဲသည်နေ့က သိပ်သွက်လက်ဖြတ်လပ်တာပဲ။ ပီဘိ အတွင်းရေးမှူး အမျိုးသမီးကလေး တယောက်လိုပဲ။ နိုင်ငံ ခြားသားတွေ အထင်တကြီး လေးလေးစားစားနဲ့ ဆက်ဆံကြတဲ့ ကိုယ့်ယောကျ်ားကို မိန်းမတယောက်အနေနဲ့ ဘယ်လောက် ပါရမီဖြည့်တယ်ဆိုတာ ပေါ်နေတယ်။

ဒါပေမယ့် ဦးလေးလှကတော့ စိတ်တိုနေပုံရတယ်။ ဝေဒနာက ခံစားနေရတော့၊ ဦးလေးလှလဲ စိတ်မကြည်တော့ဘူးနဲ့ တူပါရဲ့။ ဂျပန်အမျိုးသမီးက ဗမာစကားမတတ်တော့၊ ဗမာလိုဆူတယ်။ ဒေါ်ဒေါ့်ကို မကျေမနပ်နဲ့ပြောတယ်။ သူ့ဖို့ဖျော်ခိုင်းထားတဲ့ သံပုရာရည် ခုထက်ထိ မရသေးဘူးလား......တဲ့။

www.myanmarcupid.net

သနားဖို့ကောင်းတာက ဦးလေးလှက သံပုရာရည်ကို သိပ်တမ်းတနေတယ်။ သည်လို သံပုရာရည် အေးအေးလေးကိုသာ သောက်လိုက်ရယင်၊ သူ့ရင်ထဲက နောက်နေတာတွေ ချက်ချင်း ယူပစ်သလို ပျောက်သွားလိမ့်မယ်လို့ ယူဆယုံကြည်နေပုံရတယ်။ အဲဒါအိမ်နောက်ဖေးကလဲ ဘာဖြစ်လို့ ကြာနေသလဲ မပြောတတ်ဘူး။ ရုတ်တရက် ရောက်မလာဘူး။ ဒေါ်ဒေါ်မာ တခေါက်ပြန်ထွက်သွားရပြန်တယ်။ သံပုရာရည်ကို ကိုယ်တိုင်သွား ယူမယ်ပေါ့။

အဲသည်အချိန်မှာပါပဲ။

ဘာကြာသလဲ။ ရောက်လို့ ဆယ်မိနစ် မကြာသေးပါဘူး။ စကားတောင် ကောင်းကောင်း မပြောရသေး ဘူး။ ဂျပန်အမျိုးသမီးကလဲ ဦးလေးလှထုတ်ပြတဲ့ စာအုပ်တွေကိုသာ ဖတ်ကြည့်တုန်း ဓါတ်ပုံလဲ မရိုက်ရသေး ဘူး။ မေးခွန်းတွေလဲ မမေးရသေးဘူး။

ဦးလေးလှကိုကြည့်လိုက်တော့ ဦးလေးလှက သူ့ခေါင်းကိုသူ့လက်နှစ်ဖက်နဲ့ထိန်းပြီး၊ နောက်ကျောက အုတ်နံရံကိုမှီထားတယ်။ မျက်စိတွေကိုလဲ မှိတ်ထားတယ်။ “မူးလိုက်တာ”လို့ ဖွင့်မပြောပေမယ့်၊ မူးနေတဲ့ သဘောနဲ့တူပါရဲ့။ ကျွန်တော်ကတော့



www.myanmarcupid.net

ဦးလေးလှနေမကောင်းဘူးဆိုတာကို ရိပ်မိပါတယ်။ ဒါပေမယ့် သိပ်ပူပူ ပန်ပန်တော့မဖြစ်မိဘူး။ ဘာပြုလို့တုန်းဆိုတော့၊ ဦးလေးလှဟာ ကျန်းမာရေးကို သိပ်ဂရုစိုက်တယ်။ ကိုယ့်ကိုကိုယ် အမြဲသတိထားဆင်ခြင်တယ်။

ထောင်ထဲမှာ အတူနေခဲ့ရတုန်းက နေရတဲ့ အိပ်ဆောင်ကိုနေ့စဉ်အပတ်တရာ ပတ်ပြေးခဲ့တဲ့ဦးလေးလှ။ အပြင်ဘက်မှာကျတော့လဲ နေ့စဉ်ကျန်းမာရေး လှုပ်ရှားမှုလုပ်နေတဲ့ ဦးလေးလှ၊ ပြီးတော့လဲ အစားအသောက် သိပ်ဆင်ခြင်တဲ့ဦးလေးလှ။ ကိုယ်အလေးချိန် မတက်အောင် ညနေစာထမင်းမစား ဟင်းသီးဟင်းရွက်နဲ့ အသား ပဲစားခဲ့တဲ့ဦးလေးလှ။ ကျွန်တော့်ကို ထောင်ထဲမှာတုန်းကလဲပြောဖူးတယ်။ အပြင်မှာလဲတွေ့တိုင်းသတိပေး တယ်။ ကျွန်တော်က ကျန်းမာရေးမကောင်းမှန်း၊ နှလုံးရောဂါရှိမှန်းသိနေတော့ "မင်းလဲကျန်းမာရေးဂရုစိုက်ဦး နော်....."တဲ့။

ကျွန်တော်သိတယ်။ နောက်ဆုံးအခေါက် ရန်ကုန်ရောက်လာတုန်းကလဲ မေးလိုက်ဖြစ်သေးတယ်။ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဘာမှမရှိဘူးတဲ့။ မကြာခဏဆေးစစ်တယ်တဲ့။ အဲသည်ခါးနာတာကလေးတခုပဲရှိ တယ်တဲ့။

www.myanmarcupid.net

ခါးနာတယ်ဆိုတာကတော့၊ ဘာဆန်းသလဲ၊ အသက်နေနဲ့အဝေးကြီးပဲ။ သိပ်ဂရုစိုက်စရာမလိုဘူးပေါ့။ ဒါ့ကြောင့်လဲအခုလို မျက်စိမှိတ်ထားပြီးနောက်အုတ်နံရံကိုခေါင်းနဲ့မှီထားတော့သိပ်စိတ်မပူဖြစ်ဘူး။ အော်..တခုခု များ စဉ်းစားသလားပေါ့။

ဒါပေမယ့် အဲသည်လိုမှီထားရာကခေါင်းကို ထိန်းထားတဲ့လက်နှစ်ဖက်ဟာ ရုတ်တရက် အောက်ပြုတ်ကျလာတယ်။ သစ်ကိုင်းကျိုးကျသလိုပဲ။ ပြိုင်တူ။

သတိမေ့သွားတယ်ထင်ပါရဲ့။ ကျွန်တော်လဲ လန့်သွားတယ်။

သည်အချိန်မှာ ဦးလေးလှ မျက်လုံးပွင့်လာတယ်။ ပြီးတော့ မျက်လုံးတွေက အထက်လန်သွားတယ်။

ဟိုက် ..... ဘာလုပ်ရမလဲ။

ကျွန်တော်ရုတ်တရက်ထလိုက်တယ်။ ဆရာဝန်လဲမဟုတ်တော့ ဘာလုပ်တတ်မှာလဲ။ ဘာဖြစ်မှန်းလဲ မသိ။ လေဖြတ်တယ်ဆိုတာမျိုးများလား။ ဦးနှောက်သွေးကြောပြတ်တယ်ဆိုတာမျိုးများလား။ ကြားဖူးနားဝနဲ့ ရင်ဘတ်ကို ဖိထိန်းပေးထားတယ်။ ရှေ့ငိုက်ပြီးကျလိုက်ယင်ဒုက္ခ။ ကိုယ်ခန္ဓာကြီးကို မလဲအောင်၊ တတ်နိုင်သမျှ

www.myanmarcupid.net

ပက်လက်အနေအထားမျိုးရောက်အောင်
နည်းနည်းပြုပြင်ပေးလိုက်တယ်။

ဂျပန်အမျိုးသမီးကလဲ မဆိုးပါဘူး။ ကူညီထိန်းပေးရှာပါတယ်။ ဒါပေမယ့် သူကတော့ သိပ်အတွေ့အကြုံရှိပုံမရဘူး။ ကြောက်နေတယ်။

"ဦးလေးလှ....ဦးလေးလှ"

ကျွန်တော်အသံပေးတယ်။ ဒါပေမယ့် ဘယ်လိုမှ မတုံ့ပြန်ဘူး။ ကျွန်တော်ဘာလုပ်ရမလဲ။

ဦးလေးလှကိုလဲ ထိန်းထားရသေးတယ်။ တဖက်ခန်းတွေထဲ ပြေးပြီး အကူအညီခေါ်ရအောင်လဲ ဦးလေးလှကို ဧည့်သည်နဲ့ထားပစ်ခဲ့လို့မဖြစ်။ ဆရာဝန်...ဆရာဝန် ခေါ်ဖို့သတိရတယ်။ သန်းရင်မာကိုလဲ သတိရတယ်။ ဒါပေမယ့် သမီးဆရာဝန်သန်းရင်မာက ဘယ်မှာနေမှန်းသိတာမဟုတ်ဘူး။ နယ်မှာလား။ တခြားမှာလား။

သည်အချိန်မှာ ဦးလေးလှရဲ့ပါးတွေက ဖေါင်းလာတယ်။ တအားဖောင်းလာတယ်။ ပြီးတော့ဖူးကနဲ လေမှုတ်ထုတ်လိုက်တယ်။ လက်တွေကတော့ မလှုပ်တော့ဘူး။ ဒါပေမယ့် ခြေထောက်တဖက်က အကြောဆွဲနေ တယ်။ ဒုက္ခ။

www.myanmarcupid.net

မတတ်နိုင်တော့ဘူး။ ကျွန်တော်လဲ ညှော်သည်ကိုခဏကိုင် ထိန်းထားဖို့ အမူအရာနဲ့ အပ်ထားခဲ့ပြီး၊ တဖက်ခန်းထဲ ပြေးလာခဲ့ရတယ်။

"ဒေါ်ဒေါ်မာ ဒေါ်ဒေါ်မာ.....လာပါအုံး၊ ဦးလေးလှ ဘာဖြစ်မှန်းမသိဘူး"

ကျွန်တော်ထွက်ပြီးအော်ခေါ်တာကတခန်း။ ဒေါ်ဒေါ်မာက တခြားအခန်းတခန်းထဲကပြေးပြီး ထွက်လာ တယ်။

ဒေါ်ဒေါ်မာလဲဘာတတ်နိုင်မှာလဲ။ ကျွန်တော့်လိုပဲ ယောင်တောင်တောင်ကြောင်တက်တက်ပေါ့။ ဘာ လုပ်ရမှန်းမသိဘူး၊ ကိုလှ....ကိုလှနဲ့တော့ နာမည်ခေါ်တာပေါ့လေ။

ခေါ်မရတော့ ဒေါ်ဒေါ်မာက ဆရာဝန်ခေါ်ဖို့ထင်ပါရဲ့။ တခါပြန်ထွက်မလို့လုပ်တယ်။ တယ်လီဖုန်းပြော မလို့လား။ သန်းရင်မာကိုခေါ်မလို့လား။

အဲ......ဒေါ်ဒေါ်မာလဲ လေးငါးလှမ်းလောက် ရောက်သေးတယ်။ သည်အချိန်မှာပဲ ဦးလေးလှက သွေးတွေ အန်ချလိုက်ပါတယ်။ ပက်လက်သဘောမျိုးဖြစ်အောင် ပက်လက်ကုလားထိုင်မှာ ထိုင်တဲ့ အနေအထား နဲ့ဆိုတော့ အန်ချလိုက်တဲ့ သွေးတွေဟာ ဦးလေးလှရဲ့ ရင်ဘတ်တခုလုံး ရွှဲနစ်သွားတယ်။ ရင်ဘတ်တခုလုံး ဘယ်ကမလဲ။

www.myanmarcupid.net

ရှေ့ကြမ်းပြင်ပေါ်မှာလဲအိုင်ထွန်းလို့။

ကျွန်တော့်ပုဆိုးမှာလဲစွန်းလို့။ ရှေ့တလံလောက်အထကို ရောက်တယ်။ ပြီးတော့ သွေးတွေထဲမှာ သွေးခဲတွေလဲပါတယ်။ မနည်းဘူး။ ထွေးခံနဲ့တလုံးစာလောက်ရှိလိမ့် မယ်ထင်တယ်။

ဟာ ဘာပြောကောင်းမလဲ။ ကျွန်တော်ဒေါ်ဒေါ်မာကိုအော်ခေါ်ထားတာကြောင့်တချို့အိမ်သားတွေလဲ ရောက်လာကြတယ်။ ဝိုင်းပြီးပြုစုကြ၊ နှိပ်ကြ။ ခေါ်ကြပေါ့။ အဝတ်တွေလဲပေးကြတယ်။ သွေးတွေသုတ်ပေးကြတယ်။

သည်အချိန်မှာ ဦးလေးလှ သတိပြန်ရလာတယ်။ မျက်လုံးဖွင့်ကြည့်တယ်။ ဒေါ်ဒေါ်မာကိုမြင်တယ်ထင် ပါရဲ့။

"အမာရေ….ငါဘယ်ရောက်နေတာလဲ"….တဲ့။

ဒေါ်ဒေါ်မာကလဲ ပြန်ဖြေတယ်။

"ဂျပန်က ဧည့်သည်တွေနဲ့ စကားပြောနေတယ်လေ….."တဲ့။

ဒါပေမယ့် ဦးလေးလှကတော့ ကြားမယ်မထင်ပါဘူး။ နေရာပြောင်းပြီး ခုတင်ပေါ်ရွှေ့ဖို့ ပြင်ဆင်နေကြ တုန်းမှာပဲ တခါထပ်ပြီး အန်ပြန်တယ်။ သွေးတွေကတော့ မနည်းပါဘူး။ တယောက်က ထွေးခံပြေးယူပြီး ကျုံး ထဲ့တယ်။

www.myanmarcupid.net

အဝတ်တွေဆိုတာလဲ ပေလို့။ ဘာရောဂါရယ်မသိဘူး။ စိတ်မချမ်းသာစရာ။

အဝတ်တွေ ထပ်လဲကြပြန်တယ်။

ပြီးတော့ တဖက်ခန်းထဲမှာရှိတဲ့၊ နေ့ခင်းနေ့လယ်ဘက်မှာအနားယူတဲ့ သစ်သားကုတင်ပေါ် ပြောင်းကြ တယ်။

ဦးလေးလှကို မတ်တတ်ရပ်ဖို့ (အလုပ်သမား ထင်ပါရဲ့) ယောကျာ်းကြီး တယောက်နဲ့ ကျွန်တော်က ချိုင်းနှစ်ဖက်က ထမ်းပြီးထူကြတော့ ဦးလေးလှက အလိုက်သင့်ထလာတယ်။ သိပ်မလေးဘူး။ သတိရလာ တယ်။ သတိရသမှ ချွတ်ထားတဲ့ဖိနပ်ကိုတောင် စွပ်ဖို့ကြိုးစားနေသေးတယ်။

ဒါပေမယ့် အဲဒါကအရေးမကြီးပါဘူးဆိုပြီး နှစ်ယောက်သားတွဲထမ်း ရွှေ့လာကြတယ်။ ဦးလေးကလဲ ခြေလှမ်းတွေဘာတွေလှမ်းလို့။

ဒါပေမယ့် ဧည့်ခန်းအဝလဲလွန်ရော။ ဦးလေးလှ အရုပ်ကြိုးပြတ် ဖြစ်သွားတယ်။ ကျွန်တော်တို့ ပုခုံး ပေါ်မှာ။ သိတဲ့အတိုင်း ဦးလေးလှရဲ့ကိုယ်အလေးချိန်က နည်းတာမှမဟုတ်ပဲ။ ပေါင် ၂၀၀လောက်တော့ ရှိလိမ့် မယ်ထင်တယ်။ ကျွန်တော် ဘယ်နိုင်မှာတုန်း။ ထမ်းထားရုံပဲ ထမ်းထားနိုင်တော့တယ်။ ရွှေ့မလှမ်းနိုင်တော့ဘူး။

www.myanmarcupid.net

ဟိုက်..... လုပ်ကြပါအုံး။

ငိုတဲ့လူက ငိုကြတယ်။

ဝိုင်းကုတဲ့လူကလဲ ဝိုင်းကူပေါ့။

သည်လိုနဲ့ ခုတင်ပေါ် ရောက်သွားရော ဆိုပါတော့။

သန်းရင်မှာ ရောက်လာတယ်။ ဆံပင်ဖါးလျားနဲ့။ အိပ်ရာက ထလာရသလား မပြောတတ်ပါဘူး။

ဆရာဝန်ဆိုပေမယ့်၊ သန်းရင်မှာက သမီးပဲ။ သူလဲ လက်တွေ ခြေတွေတုန်လို့။ နားကြပ်နဲ့စမ်းတာ တောင် ကြားရမယ် မထင်ပါဘူး။ နှလုံးခုန်တာက ရင်ဘတ်ပေါ်မှာ မြင်နေရတာပဲ။ အခုန်မြန်နေတယ်။ ပြင်းနေ တယ်။

သူ ဒီ၊ ဒဗလျူသွင်းတယ်။ ဆေးရုံကို လှမ်းဖုန်းဆက်တယ်။ လပြည့်နေ့ ရုံးပိတ်ရက်ဆိုတော့၊ ဆေးရုံ မှာလဲ ဆရာဝန်ကြီးတွေ မရှိကြဘူးနဲ့တူပါရဲ့။

ဦးလေးလှကတော့ သတိရနေပါတယ်။

ဦးလေးလှတို့ရဲ့ မော်တော်ကားကလဲ ဝယ်ပြီးခါစ။ သဘော်သသားကား။ အမိုးမတပ်ရသေးဘူး။ အဲသည် ပေါ်မှာပဲ သင်ဖြူးခင်း အိပ်ရာခင်း။ ဦးလေးလှကို ဆေးရုံပို့လိုက်ကြရတယ်။

www.myanmarcupid.net

ကျွန်တော်လဲ နိုင်ငံခြားဇည့်သည်နဲ့ဆိုတော့ နှုတ်ဆက်ပြီး လှည့်ပြန်ခဲ့ရတယ်။ ဆေးရုံကိုတောင် လိုက်မကြည့်နိုင်ဘူး။ နောက်တနေ့ လူထုတိုက်သွားပြီး သတင်းမေးကြသေးတယ်။

အခြေအနေမကောင်းဘူး ကြားရတယ်။

စိတ်မကောင်းဘူး။

ဒါပေမယ့် ရန်ကုန်ပြန်ခဲ့ကြရတယ်။ ဧည့်သည်မှာက အလုပ်တွေလဲရှိသေးတယ်။ မြန်မာပြည်မှာကလဲ တပတ်ပဲ နေခွင့်ရတယ်ဆိုတော့ ပြန်ရတယ်။

အဲ ... ရန်ကုန်ရောက်ပြီး နောက်တနေ့ စာပေလုပ်သားအဖွဲ့နဲ့ တွေ့ဖို့ စာပေဗိမာန်အဆောက်အအုံကို ရောက်နေတုန်း၊ သတင်းကြားရတယ်။ မန္တလေးမှာ လူထုဦးလှ ဆုံးပြီတဲ့။

ဂျပန်က စာပေမိတ်ဆွေကတော့ တုန်လှုပ်သွားတယ်။ သူ့ဘဝမှာ သည်လိုအဖြစ်မျိုး သည်တခါပဲ တွေ့ဖူးတယ်တဲ့။ သည်တခါပဲ တွေ့ဖူးချင်ပါတယ်တဲ့။ နောက်ထပ် မတွေ့ပါရစေနဲ့တဲ့။ ပြောသွားတယ်။ မန္တလေးကိုလဲ ဝမ်းနည်းကြောင်း သံကြိုးရိုက်လိုက်တယ်။

သည်လိုပါပဲ။

ကျွန်တော် စိတ်ထိခိုက်ရတယ်။


www.myanmarcupid.net

ဆုံးရှုံးရတယ်ဆိုတာ ထုံတော့ ထုံနေပါပြီ။ လောကအနေနဲ့ နိုင်ငံအနေနဲ့ သားကောင်းရတနာတွေ ဆုံးရှုံးရတယ်ဆိုတာ သိပ်တော့လဲ မဆန်းတော့ပါဘူး။ ဒါပေမယ့် ဘယ်သူ ဆုံးရှုံးခံချင်မလဲ။

သူလိုလူမျိုး နောက်တယောက်ဖြစ်လာအောင် မွေးယူဖို့ လုပ်လူဖို့ဆိုတာကလဲ လွယ်တာမှမဟုတ်ပဲ။

မောင်သာရ

www.myanmarcupid.net



# လူဖြစ်ကျိုးနပ်တဲ့ ဦးလေး

## တက္ကသိုလ် မောင်စောလွင်

*ထောင်အကြောင်းကိုတော့ ထောင်ကျဘူးတဲ့လူတွေသိပါတယ်။ ဘယ်လောက် အနေရ အထိုင်ရ ခက်တယ်။ ဘယ်လောက်ကျဉ်းကျပ်တယ်ဆိုတာ၊ မလွတ်လပ်ဘူး ဆိုတာပေါ့။ ဒါတောင် ဦးလေးလှဟာ စိတ်ဓာတ်အားကောင်း၊ သမာဓိအားကောင်းတော့ ရောက်တဲ့နေရာမှာ အကျိုးရှိအောင်နေထိုင်သွားနိုင်တာ တွေ့ရပါတယ်။ ဦးလေးလှ ထောင်ကထွက်လာပြီးမှ ရေးတဲ့စာတွေဟာ ပိုလို့တောင် ကောင်းလာတယ်လို့ဆိုရမလားပဲ။ နိုင်ငံတကာစာပေဆုတွေဘာတွေတောင် ရပါသေးတယ်။*

www.myanmarcupid.net

"မောင်စောလွင်ရေ မင့်ဦးလေး မရှိတော့ဘူးကွဲ့"–ဆိုကာ ဆေးရုံပေါ်မှာ ဒယိမ်းဒယိုင် လျှောက်လာတဲ့ ဒေါ်ဒေါ်ကိုဆီးပြီး ဖေးမထားလိုက်ရပါတယ်။ ကျွန်တော့်ရင်ထဲမှာလည်း ဆို့နစ်နေပြီး စကားလုံးတလုံးတောင် ထွက်လို့မရပါ။ ဦးနှောက်အသိမှာတော့ တိုင်းပြည်အတွက် ဆုံးရှုံးမှုကြီးတရပ် ဖြစ်ရလေပြီလို့ သိလိုက်ပြီးတဲ့ နောက် ကျွန်တော်ပါ လဲကျမသွားဖို့ စိတ်ဓါတ်ကို အတင်းစုစည်း အားတင်းပြီး ထိန်းထား လိုက်ရပါတယ်။

ပတ်ဝန်းကျင်ဟာ မှုန်ဝါးပြီး တိတ်ဆိတ်လွန်းနေပါတယ်။ အနီးအနားမှာလည်း ငြိမ်ငြိမ်သက်သက် လှုပ်ရှားနေကြပါတယ်။ ဦးလေးရဲ့ ရုပ်ကလာပ်ကို ကိုညိုတို့တတွေ ပွေ့ချီမပြီး ဆေးရုံအောက်ကို သယ်လာ ပါတယ်။ ဒေါ်ဒေါ်ကိုကျွန်တော် သတိထားပြီး ဂရုတစိုက် ထိန်းထားနေရပါတယ်။ ကိုညိုတို့ ရုပ်ကလာပ်ကို ကားပေါ်တင်တဲ့အခါ ဒေါ်ဒေါ်ဟာ ကျွန်တော်ဖေးမထိန်းထားရာက အတင်းရုန်းထွက်ပြီး 'ငါပါလိုက်မယ်' ဆိုပြီး ကားရှိရာကိုပြေးထွက်သွားပါတယ်။ ကျွန်တော်တို့တတွေ ပြေးလိုက်သွားပြီး ကားတံခါးဖွင့်ကာ ဒေါ်ဒေါ့်ကိုပါ တင်ပေးလိုက်ရပါတယ်။

www.myanmarcupid.net

ကားတွေထွက်သွားတဲ့အခါ ကျွန်တော် ကျန်ရစ်ခဲ့ပါတယ်။ ဆရာ့ကို အိမ်ပြန်ပို့ရပါ အုန်းမယ်။

၇–၈–၈၂ ၊ ဒီနေ့မနက် မန္တလေးဘူတာကြီးမှာ ဆရာ့ကို ကြိုနေရပါတယ်။ ဆရာ (သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း)က ဦးလေးလှ ဆေးရုံတက်နေရတာကို မသိပါ။ ဆရာ ကားပေါ် ကျွန်တော့်ဘေး ထိုင်မိ တဲ့အခါ အေးအေးဆေးဆေးပဲ လူထုဦးလှ ဆေးရုံတင်ထားရတယ်ဆရာ– လို့ ပြောမိပါတယ်။

အခြေအနေ ဘယ်လိုလဲဗျ။

မနက် ၅–နာရီလောက်က ကိုညိုဖုန်းဆက်တယ်ဆရာ၊ သွေးလိုလို့ အိုသွေးရဖို့ သွေးလှူရှင် စုထားပေး ဖို့ ပြောပါတယ်၊ ကျွန်တော်တို့ ခုတခါတည်း ဆေးရုံကို ဝင်ရအောင်လား ဆရာ။

ဆေးရုံဝင်ဗျာ။

ဦးလေးလှ ဆေးရုံတက်ရတဲ့အချိန်ကို ကျွန်တော်မသိပါ။ နောက်မှ ဒေါ်ဒေါ်ပြောပြတာက "(၄–၈–၁၉၈၂)နေ့မနက်က ယပ်ဝင်းထဲက ဓမ္မာရုံကို ဒို့နှစ်ယောက်သွားပြီး သီလယူကြတယ်။ သီလယူပြီးတော့ နဲနဲ မူး နောက်နောက်နေတယ်ဆိုလို့ အိမ်ပြန်လာကြတယ်။ အိမ်ရောက်တော့ ဧည့်ခန်းထဲမှာ စာရေးဆရာ မောင်သာရနဲ့

www.myanmarcupid.net

ဂျပန်ဧည့်သည် ရောက်နေတယ်ကွဲ့။ မင်းသိတဲ့အတိုင်း မင့်ဦးလေးက အားနာတတ်တယ်မဟုတ်လား၊ အဲဒီတော့ ဝင်ထိုင်ပြီး ဧည့်ခံစကားပြောလေရဲ့၊ အဲဒီလို စကားပြောယင်းမှာပဲ ပါးစပ်ထဲက သွေးပါလာလို့ သန်းရင်မာခေါ် ပြီး ဆေးရုံတင်ရတာ”တဲ့၊ ဆေးရုံတင်တာက မနက်ပိုင်း (၄–၈–၁၉၈၂)။

ကျွန်တော် ညမှသိပါတယ်။ ညဆေးရုံသွားတော့ ဦးလေးလှ အခြေအနေကောင်းတာ တွေ့ရပါတယ်။ ကျွန်တော်နဲ့ ဇနီးစိန်စိန်ရီတို့ ဦးလေးကို ခြေဆုတ်လက်နယ်ပြုရင်း စကားစမြည်ပြောနိုင်ပါတယ်။ ထုံးစံအတိုင်း၊ မင်းတို့မိုးချုပ်နေမယ်၊ ပြန်ကြ၊ ပြန်ကြလို့ ဦးလေးက ပြောပါတယ်။ ကျွန်တော်တို့စိတ် ပေါ့ပေါ့ပါးပါးနဲ့ ပြန်ခဲ့ ကြပါတယ်။ ဦးလေးအနားရတာပေါ့လို့ တွေးနေမိပါတယ်။ နောက်တနေ့ ကျွန်တော်တို့ဇနီးမောင်နှံနဲ့ ကိုဟန်ထွန်းတို့ ဇနီးမောင်နှံတို့ ဆေးရုံကိုသွားကြပါတယ်။ ဒေါ်ဒေါ်က အမြဲတမ်း ဦးလေးအနားမှာရှိနေပါ တယ်။ ဦးလေးလှက ခေါင်းထဲက ထိုးထိုးနေတယ်ကွာဆိုလို့ ကိုဟန်ထွန်းက ခေါင်းကိုနှိပ်ပေးပါတယ်။ ကိုဟန်ထွန်း နှိပ်ပေးနေတုန်း ရယ်စရာမောစရာတွေ ပြောနိုင်ပါတယ်။ ဦးကျောက်လုံး ဒိုင်ပြနှိပ်ခိုင်းတာမျိုး

www.myanmarcupid.net

ဖြစ်နေပါအုန်းမယ်ကွာလို့လဲ ပြောပါသေးတယ်။ အဲဒီနေ့က တော်တော်မိုးချုပ်မှ ကျွန်တော်တို့ပြန်ခဲ့ကြပါတယ်။ ဦးလေးအတွက် စိုးရိမ်စိတ်မရှိ၊ မကြာခင်နေကောင်းလာမှာပဲလို့ ထင်မိကြပါတယ်။

နောက်တနေ့ ကျွန်တော်ဆေးရုံရောက်တော့ ဒေါ်ဒေါ်နဲ့ သမီး ဒေါက်တာသန်းရင်မာတို့ ခေါက်ဆွဲစား နေတာ တွေ့ရပါတယ်။ "မောင်စောလွင်ရေ၊ ငါလဲဒီနေ့မှ ခေါက်ဆွဲလေးစားနိုင်တယ်ကွယ်၊ မင့်ဦးလေးလဲ သက်သာလာတယ်။ အခြေအနေစောင့်ကြည့်ပြီး ခွဲစိပ်သင့် ခွဲစိပ်ပေးလိမ့်မယ်၊ မင်းလဲ ခေါက်ဆွဲစားသွားအုန်း ကွာ"လို့ ပြောပါတယ်။ ကျွန်တော် တော်တော် စိတ်ချမ်းသာ သွားပါတယ်။ ဒေါ်ဒေါ်လဲ ကနေ့မှပဲ အစာစားနိုင် ရှာပါတယ်။ ဦးလေးလုနဲ့ ဒေါ်ဒေါ်မာတို့ ဇနီးမောင်နှံကို (ဘုရားသွားတော့အတူတူ၊ ကျောင်းသွားတော့အတူတူ၊ စိတ်တူကိုယ်တူ၊ ကြည်ဖြူမောင်မယ်တွေ)ဆိုတဲ့ တေးစာသားထဲကလို မှတ်တမ်းတင်ခံနိုင်တဲ့ ဇနီးမောင်နှံအဖြစ် သိရှိကြပါတယ်။ သာရေးနာရေး အလှူမင်္ဂလာ ပွဲနေပွဲထိုင်မှာ အမြဲတူမကွာ ဦးလေးနဲ့ဒေါ်ဒေါ်တို့စုံတွဲကို မြင်တွေ့နိုင်ပါတယ်။ ရှေ့သွားနောက်လိုက် ညီရှုံသာမက

www.myanmarcupid.net

တန်းတူရင်ဘောင်တန်းနိုင်တဲ့ ဇနီးမောင်နှံအဖြစ် ကျွန်တော်တို့က မှတ်ယူထားကြပါတယ်။

ဆေးရုံဝင်ဗျာဆိုတဲ့ ဆရာသန်းထွန်းစကားအတိုင်း ကျွန်တော်တို့ဆေးရုံကို ဝင်ကြပါတယ်။ ကျွန်တော်၊ ဆရာသန်းထွန်း၊ ဆရာကတော် မမရီနဲ့ သွေးလှူကြမယ့် မဟာဝိဇ္ဇာတန်း ကျောင်းသားတချို့ပါ ပါတယ်။ အချိန်က မနက် ၇–နာရီ၊ ၄၅–မိနစ်။ ၁၉၈၂ ဩဂုတ်လ ၇–ရက် စနေနေ့။

ဆေးရုံပေါ်ကို ကျွန်တော်တို့ရောက်တဲ့အခါ တိတ်ဆိတ်နေပါတယ်။ အဲဒီနေ့မြင်ကွင်းကို ကနေ့တိုင် မြင်နေမိပါတယ်။

ဒေါ်ဒေါ်မာက ကုလားထိုင်ပေါ်မှာ ညှိုးငယ်လှတဲ့ မျက်နှာနဲ့ ကျွန်တော်တို့ကို ကြည့်နေပါတယ်။ စကား တခွန်းမှမဆိုပါ။ ဦးလေးလှရဲ့ ခြေရင်း၊ ခေါင်းရင်းမှာ ဆရာဝန်ကြီးတွေ ဆရာဝန်ကလေးတွေ သူနာပြု တွေ အလုပ်များနေကြပါတယ်။ ဆရာဝန်ကြီး ဦးစံဘော်နဲ့ ဆရာဝန်မကြီး ဒေါ်မြင့်မြင့်ခင်တို့ကိုယ်တိုင် ကြပ်မတ်ပြီး ကြိုးစားကုသနေကြပါတယ်။ ဒေါက်တာ သန်းရင်မာနဲ့တခြားဆရာဝန်တွေ၊ သူနာပြုတွေဟာ လှုပ်လှုပ်ရှားရှား သက်ဆိုင်တဲ့ တာဝန်တွေကို

www.myanmarcupid.net

လုပ်ဆောင်နေကြပါတယ်။ ကိုညို၊ မတင်ဝင်း၊ ရှေ့နေကြီး ဦးမောင်လေး၊ ကိုမောင်မောင်နဲ့ ဆွေမျိုးသားချင်းများလည်း အသံတိတ် ကြည့်ရှုနေကြပါတယ်။ မြင်ကွင်းက မလှမပဖြစ်နေပါတယ်။ ကျွန်တော် မျက်ရည်လည်လာပါတယ်။ ဦးလေး ပြန်လည်ကျန်းမာလာနိုင်ပါစေ၊ ကျန်းမာလာနိုင်ပါစေလို့ စိတ်ထဲမှာ တဖွဖွရေရွတ်နေမိပါတယ်။ ကျွန်တော် တဖြေးဖြေးနဲ့ ရှေ့ကိုတိုးသွားတော့ နောက်ဆုံးမှာ ဦးလေးရဲ့ ခြေရင်းနား ရောက်သွားပါတယ်။ ကျွန်တော်ဘေးမှာ ကိုညိုရှိပါတယ်။ ကျွန်တော် ဦးလေး ရဲ့ခြေဖဝါးကို လက်နဲ့ကိုင်စမ်းကြည့်တဲ့အခါ ခြေဖဝါးက အေးနေပါတယ်။ ဦးလေးရဲ့ အသက်ရှူသံကလဲ ပြင်းလှပါတယ်။ ကြည့်နေတုန်းမှာပဲ အသက်ရှူတကြိမ် ရပ်သွားလို့ ဆရာဝန်လူရွယ်တဦးက နှလုံးကိုဖိပြီး (အာတီဖီရှယ်ရက်စ်ပီရေးရှင်း အသက်ပြန်ရှူလာအောင်) လုပ်ပေးနေရပါတယ်။ ဆရာဝန်မကြီး ဒေါ်မြင့်မြင့်ခင် ကလဲ အသက်လုပြီး ကုသပေးနေပါတယ်။ ကျွန်တော် ကိုညိုရဲ့ လက်ကနာရီကိုကြည့်မိတော့ ၈–နာရီ ၅–မိနစ် ရှိနေပါပြီ။ ဒေါက်တာသန်းရင်မာက ပစ္စည်းတွေကို လိုက်လံစုဆောင်းနေပါပြီ။ အခြေအနေမဟန်တော့လို့ ကျွန်တော် မြင်လာမိပါတယ်။

www.myanmarcupid.net

ကျွန်တော့်ဆန္ဒမပြည့်နိုင်တော့ပါ။ မနက် ၈–နာရီ ၁၅–မိနစ်မှာ ဦးလေး အသက်ရှူရပ်သွားပါတယ်။ အသံတွေငြိမ်ကျသွားပါတယ်။ ကျွန်တော့်မျက်လုံးများ ပြာသွားပြီး ခေါင်းထဲ သွေးရောက်သွားပါတယ်။ ကိုယ်ခန္ဓာတခုလုံး ထုံဆေးထိုးလိုက်သလို ထုံထုံထိုင်းထိုင်းကြီးလိုလို ဖြစ်သွားပါ တယ်။ ကျွန်တော်မျက်စိမှိတ်ပြီး အုန်နံ့ရံကိုင်ကာ မိုက်ကနဲ ဖြစ်သွားပါတယ်။

ဦးလေးလှမရှိတော့ပြီ။

လူ့လောကကို ကောင်ကျိုးပြုသူတဦး ဆုံးသွားရပြီ။

ကျွန်တော်ငယ်ငယ်ကကင်းထောက်လူငယ်(ဘွိုင်းစကောက်)လုပ်ငန်းမှာ တက်တက်ကြွကြွ လုပ်ဆောင် ပါတယ်။ ကင်းထောက်လုပ်ငန်းဆိုတာကသူတထူးကိုမေတ္တာစေတနာနဲ့အကူအညီပေးဖို့က အဓိကဖြစ်ပါတယ်။ သေးသေးမွှားမွှား လုပ်ငန်းလို့ ဆိုရမယ့် လမ်းပေါ်ကဆူးခက်တွေ ဖယ်တာကအစ ကုဋ္ဌနူနာ ကိုယ်ရေရောဂါ သယ်တွေအတွက် အဝတ်အထည် အဟောင်းအသစ်တွေကို တအိမ်တက်ဆင်းအလှူခံပြီး ကိုယ်တိုင်ကိုယ်ကျ ထမ်းပိုး ပေးပို့တဲ့ အလုပ်အထိ ပါဝင်ပါတယ်။ ဦးလေးလှဟာ ကင်းထောက်အသင်းရဲ့ နာယကကြီးတဦး ဖြစ်ပါတယ်။ မန္တလေးမြို့ပေါ်မှာရှိတဲ့

www.myanmarcupid.net

လူမှုရေးလုပ်ငန်းတွေမှာ ဦးလေးလုဝင်ရောက်ကူညီလုပ်ဆောင်ချက်တွေက အလွန့်အလွန် များပြားပါတယ်။ ကင်းထောက်စိတ်ဓာတ်ရှိတဲ့ လူကြီးတဦးဆိုပြီး၊ ထိုစဉ်ကတည်းကခင်မင်လေး စားခဲ့ရပါတယ်။ ဒါဟာ ၁၉၅၀ — ခုတဝိုက် ခပ်ဝေးဝေးကအမြင်ဖြစ်ပါတယ်။ ၁၉၅၃–ခု မန္တလေးယူနီဗာစီတီ ကောလိပ် ပညာသင်ကြားနေတုန်းကာလအထိ ဦးလေးနဲ့အနီးကပ် ထိတွေ့မှုမရှိသေးပါ။ ကျွန်တော်က ကျောင်းသားလုပ်ငန်းတွေမှာ အချိန်ပေးနေရတော့ ဦးလေးနဲ့ မဆုံဆည်းနိုင်ခဲ့ပါ။ ဦးလေးကလဲ ၁၉၅၃ခုနှစ်က စပြီး (၃–နှစ်၊ ၃လ–နဲ့ ၇–ရက်)ကြာ ရန်ကုန် ဗဟိုစံပြထောင်မှာ နေနေရပါတယ်။ (၁၄–၁–၁၉၅၇)အထိပေါ့။ ဒီကာလတွေဟာ ကျွန်တော်တို့ မန္တလေးတက္ကသိုလ်မှာလဲ ကျောင်းသားလှုပ်ရှားမှုတွေနဲ့ မအားရတဲ့အချိန် ဖြစ်ပါတယ်။ ဒေါ်ဒေါ်မာကတော့ တော်တော်ပင်ပင်ပန်းပန်းရုန်းကန်လှုပ်ရှားနေရတဲ့အချိန်ပါ။ ဦးလေးလှ ပထမ အကြိမ်အဖမ်းခံရတော့ ဒေါ်ဒေါ်မာက ကမ္ဘာ့အမျိုးသမီးများညီလာခံတက်နေတဲ့အချိန်။ ဒိန်းမတ်နိုင်ငံကိုပင် ဟောဂင်မြို့မှာ ရောက်နေပါတယ်။ မြန်မာပြည် ပြန်ရောက်တော့လဲ ဒေါ်ဒေါ်တယောက်ထဲ



www.myanmarcupid.net

လူထုသတင်းစာနဲ့ ဂျာနယ်ကို ဦးစီးပြီး ကျုံးလုပ်နေရပါတယ်။ ဒီအချိန်မှာ ဦးလေးကတော့ ရန်ကုန်ဗဟိုစံပြထောင်မှာရောက်နေပါ တယ်။ ထောင်အကြောင်းကိုတော့ ထောင်ကျဘူးတဲ့လူတွေသိပါတယ်။ ဘယ်လောက် အနေရ အထိုင်ရ ခက်တယ်။ ဘယ်လောက်ကျဉ်းကျပ်တယ်ဆိုတာ၊ မလွတ်လပ်ဘူးဆိုတာပေါ့။ ဒါတောင် ဦးလေးလှဟာ စိတ်ဓာတ်အားကောင်း၊ သမာဓိအားကောင်းတော့ ရောက်တဲ့နေရာမှာ အကျိုးရှိအောင်နေထိုင်သွားနိုင်တာ တွေ့ရ ပါတယ်။ ဦးလေးလှ ထောင်ကထွက်လာပြီးမှ ရေးတဲ့စာတွေဟာ ပိုလို့တောင် ကောင်းလာတယ်လို့ဆိုရမလားပဲ။ နိုင်ငံတကာစာပေဆုတွေဘာတွေတောင် ရပါသေးတယ်။

ဒီနေရာမှာ ဦးလေးလှရဲ့ မွန်မြတ်တဲ့ စိတ်ဓာတ်အကြောင်းဖော်ပြပါရစေ။ ဦးလေးလှရေးတဲ့ “ဇနီးနဲ့ သားသမီးများသို့ ထောင်တွင်းမှပေးစာများ”စာအုပ်မှာ၊ ၁၅-၉-၅၄ နေ့စွဲနဲ့ ပေးစာမှာ “...... ဒါပေမယ့် အထူး ဂရုစိုက်မှ တော်ရုံရှိတာမျိုးမို့ အမှားအယွင်းမရှိအောင် ဂရုစိုက်ကြရမယ်။ ရေးသားတာ၊ ဘော်ပြတာတွေဟာ စေတနာဆိုးနဲ့မဟုတ်ကြောင်း စေတနာကောင်းနဲ့သာ

www.myanmarcupid.net

ဖြစ်ကြောင်း သိသာဘို့လဲလိုပါတယ်။ အဲဒါမျိုး အထူး သတိရှိကြပါ”။ (စာမျက်နှာ ၃၀)

အဲဒီလိုစေတနာကောင်းနဲ့ အများပြည်သူတွေ အကျိုးအတွက် သတင်းစာ ထုတ်ဝေတယ်ဆိုတာ သိသာ ထင်ရှားပါတယ်။ ကျွန်တော့်ကိုယ်တွေ့လဲဖြစ်ပါတယ်။ ဘယ်သူ့အပေါ်မှာမှ အာဃာတတရားမထားပဲ မွန်မြတ်တဲ့စိတ်ဓာတ်ထားနိုင်ပါတယ်။

၁၉၅၉ — ခုနှစ်မှာ လူထုသတင်းစာမှာ အလုပ်ဝင်ရောက်လုပ်ဖို့ ကျွန်တော် ဦးလေးလှနဲ့ တွေ့ရပါတယ်။ အဲဒီမှာ ဦးလေးလှရော၊ ဒေါ်ဒေါ်မာရောက ကျွန်တော့်ကို ကိုယ်တိုင်ကိုယ်ကျစစ်ဆေးမေးမြန်းပါတယ်။ သတင်းရေးခိုင်းပါတယ်။ ဘာသာပြန်ခိုင်းပါတယ်။ နောက်ပြီး ဖတ်ရမယ့် စာအုပ်တွေပေးလိုက်ပါတယ်။ ကျေနပ်တဲ့အခါ ကျွန်တော့်ကိုအလုပ်ပေးဖို့ခေါ်ပါတယ်။ တလ လခ ၂၀၀ိနဲ့ လုပ်နိုင်မလုပ်နိုင်မေးပါတယ်။ ကျွန်တော့်မှာက ငွေရေးကြေးရေးကအဓိကမဟုတ်၊ ပညာရရေးက အဓိကဖြစ်နေတော့ဝမ်းသာအယ်လဲအလုပ် လက်ခံခဲ့ပါတယ်။ လူထုသတင်းစာမှာ အလုပ်လုပ်ရတော့ ဦးလေးနဲ့အနီးကပ်ထိတွေ့နေရပြီဖြစ်ပါတယ်။ ဦးလေးလှဟာ အလွန်အလုပ်လုပ်နိုင်သူဖြစ်ပါတယ်။



www.myanmarcupid.net

ဒေါ်ဒေါ်မာလဲအတူတူပါပဲလေ။ ဒါပေမယ့် ဦးလေးလုက အယ်ဒီတာချုပ်ဆိုတော့ ပိုပြီးအပင်ပန်းခံရတာတွေ့ရပါတယ်။ သတင်းစာလုပ်ငန်းဟာ ဝါသနာပါရင်အလွန်ပျော်စရာကောင်းပါတယ်။ ဒါပေမယ့်တာဝန်ကြီးပါတယ်။ ဦးလေးလုဟာအလုပ်စားပွဲမှာ ည၁၂–နာရီအထိ ထိုင်ပြီး၊ နောက်ဆုံးသတင်းတည်းဖြတ်မှုကို ကြည့်ပါတယ်။ ဒါတင်မကမနက် ၂–နာရီထပြီးလိုတိုးပိုလျှော့လုပ်ပါသေးတယ်။ ဖြုတ်သင့်တယ်ထင်တဲ့သတင်းကိုဖြုတ်ပြီးရိုက်တော့ဆိုမှ ရိုက်ကြရပါတယ်။စေ့စပ်သေချာတဲ့နေရာမှာ စံယူလောက်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ကလဲ အသက်ငယ်ငယ်ဆိုတော့ သိပ်ပြီးစဉ်းစဉ်းစားစား မလုပ်ပဲ မှန်တဲ့သတင်းဆိုရင် တွယ်စရာရှိ တွယ်တတ်ပါတယ်။ ဒါတွေကို ဦးလေးက ထိန်းထိန်းသိမ်းသိမ်း အင်မတန်လုပ်တတ်ပါတယ်။ အဆင်ခြင် အစဉ်းစားဉာဏ်ပြည့်ပါတယ်။ ကျွန်တော်တို့က အဲဒီတုန်းကတော့ (ခုခေတ် စကားနဲ့ဆိုရင် သိပ်မကြည်ဘူးပေါ့)။ အသက်အရွယ်ရလာမှ ဦးလေးရဲ့ ဟိုဖက်ဒီဖက်၊ ကိုယ့်ဖက်သူ့ဖက် ကြည့် တတ်တဲ့ စိတ်ဓာတ်ကို လေးစားမိလာရပါတယ်။

ကျွန်တော် လူထုသတင်းစာကထွက်ပြီးတဲ့နောက် ဦးလေးလုနဲ့ အထက်မြန်မာနိုင်ငံ စာရေးဆရာများ အသင်းမှာ

www.myanmarcupid.net

အမြဲတန်းထိတွေ့ရပါတယ်။ ဦးလေးကို အနီးကပ်ဆက်ဆံရတဲ့အခါအလွန်မှုမှုတတ ဆက်ဆံနိုင်တာ တွေ့ရပါတယ်။ ကျွန်တော်တို့ကလူငယ်စိတ်ဓာတ်နဲ့ တုံးဆိုတိုက် ကျားဆိုကိုက် ဆိုတာမျိုးလုပ်မယ်ဆိုရင် ဦးလေးက နူးနူးညံ့ညံ့လုပ်ဖို့ အေးအေးဆေးဆေး ဆွေးနွေးပြပါတယ်။ အထက်မြန်မာနိုင်ငံ စာရေးဆရာ အသင်းမှာ ဦးလေးလုရဲ့ ဒီစိတ်ဓာတ်တွေရှိလို့မို့ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်လုပ်နိုင်ကြတာပါ။ ဦးလေး ဟာ ဘယ်သူတွေကို အများပြည်သူတွေအတွက် ဘယလိုအကျိုးရှိအောင် လုပ်ခိုင်းရမယ်ဆိုတာလဲ ထိုးထွင်းသိ ပါတယ်။ တက္ကသိုလ်က ပါမောက္ခတွေ၊ ဆရာတွေ၊ စာပေပညာရှင်တွေကို အများပြည်သူတွေ အကျိုးရှိဖို့ အတွက်ဖိတ်ခေါ်ဟောပြောနိုင်အောင် စီစဉ်ပေးပါတယ်။ နောက်ပြီး အလားအလာကောင်းတဲ့ လူငယ်လူရွယ် တွေကိုလဲ လက်တွဲခေါ်ပြီး အများပြည်သူနဲ့ ထိတွေ့ခိုင်းပါတယ်။ လူရွယ်တွေထဲကဆိုရင် သိန်းသန်းထွန်း၊ တင်မိုး၊ ဘုတလင်ချစ်လေး၊ မောင်တင်ရွှေ၊ မောင်စွမ်းရည်၊ မောင်သိန်းနိုင်၊ မောင်မိုးသူ၊ မောင်သာနိုး၊ တိုးလှ၊ သန်းထွတ်၊ မမြို့မိုးကြည်၊ ဒွါရာဝတီဘုန်းလူ၊ ကြည်အောင်၊ ကိုလေး (အင်းဝဂုဏ်ရည်)၊ မောင်သစ်လွင် (လူထု)၊ မောင်မျိုးမြတ်၊

www.myanmarcupid.net

မောင်သန်းဌေး၊ တက္ကသိုလ်မောင်ထွန်းဝေ၊ ဝင်းဇော်ရွှေသော်တို့ဟာ စာပေဖက်က ထူးချွန်တဲ့ လူရွှယ်တွေဖြစ်ပါတယ်။ ဒီလူရွှယ်တွေနဲ့ သိုင်းသိုင်းဝန်းဝန်းလက်တွဲလုပ်ဆောင်တာဟာ ဦးလေးလှရဲ့ အမြော်အမြင်ကြီးမှုဖြစ်ပါတယ်။

ဦးလေးဟာ.....

သုခုမ အနုပညာ
တေးဂီတ ဇာတ်သဘင်
သိပ္ပံရုပ်ရှင် ပညာတတ်
ပြဇာတ်နဲ့ ပန်းချီ
သုတေသီ ကဗျာ စာပေ
ကျွန်တော်တို့တတွေကို
တပ်လှန့်ပြီး
ကျယ်ကျယ်ပြန့်ပြန့်စုစည်းမှု
အားထုတ်လို့ပြုခဲ့ပါတယ်။

ကျွန်တော် တဦးထဲအပေါ် ကူညီစောင့်ရှောက်ခဲ့တဲ့ မေတ္တာစေတနာတွေကတော့ များပါတယ်လို့ ရေးရရင် ပုဂ္ဂလိကအမြင်ပဲဖြစ်နေမလား။ အမှန်ပါ။ ဦးလေးရော၊ ဒေါ်ဒေါ်ရောမိသားတစုလုံးကရောဆိုပါတော့ စေတနာထားကြပါတယ်။ ကျွန်တော်မှာက

www.myanmarcupid.net

ကျန်းမာရေးနဲ့ပတ်သက်လာရင် တော်တော်ရင်လေးရတဲ့ အဖြစ်တွေ ရှိခဲ့ဘူးပါတယ်။ ကားတိုက်ခံရတာက ၂ ခါ၊ ဆေးရုံ လချီပြီးတက်နေရပါတယ်။ ကားမှောက်တာကတခါ၊ ကားပေါ်ကလိမ့်ကျပြီး တင်ပဆုံရိုးကျိုးတာကတခါ၊ နားခွဲရ၊ ဗိုက်ခွဲရနဲ့ ဆေးရုံနဲ့ တော်တော်အကျွမ်းတဝင်ဖြစ် လိုက်ရပါတယ်။ အဲဒီလိုဆေးရုံရောက်ရတဲ့အခါတွေမှာ ဦးလေးနဲ့ဒေါ်ဒေါ်တို့ ဂရုစိုက်ပုံတွေကတော့ ရေးမပြနိုင် လောက်အောင်ပါပဲ။ ကျွန်တော်ဒီစာရေးရင်း ဦးလေးလှကို သတိရပြီး မျက်ရည်ကျမိပါတယ်။ ဦးလေးလှ ရေး လိုက်တဲ့ စာကလေးတစောင်ကိုလဲ ဖော်ပြလိုက်ပါတယ်။

လူထုဦးလှ

ဖုန်း ၁၃၆၊

၂၂၁၊ ၈၄လမ်း၊ လက်ဆည်ကန်၊ မန္တလေး

နေ့စွဲ ၁၈၊၁၀၊၇၅။

မောင်စောလွင်၊

မင်းကျန်းမာရေးနဲ့ပတ်သက်ပြီး ဆရာဝန်ကြီး ဦးစံဘော်ဆီကတဆင့် တို့သိနေရပါတယ်။ ကောင်းကောင်းလမ်းလျှောက်နိုင်မှ၊ ဆရာက

www.myanmarcupid.net

ဆင်းတော့ဆိုမှဆင်းခဲ့ပါ။ ဘာမှနောက်ဆန်တင်းမနေပါနဲ့၊ ကျန်းမာရေးဟာအရေးအကြီးဆုံးဘဲ။

မောင်တင်မိုးက မင်းနဲ့တွေ့ကြောင်း မင်းဆီရောက်ကြောင်း စာရေးလိုက်ပါတယ်။

တို့ နေကောင်းကြပါတယ်။ စိန်စိန်တို့နေကောင်းကြောင်းလဲ မောင်နီမောင်က ပြောပြသွားပါတယ်။ မင်းဒေါ်ဒေါ်လဲ သူ့စာအုပ်အတွက်ပင်ပန်းနေပါတယ်။

မင်းမေမေလဲ နေကောင်းတယ်ဟုတ်လား။

မောင်လှ

ဦးလေးလှမှာ ဟာသဓာတ်ခံရှိပါတယ်။ လူအများကိုကြည်နူးရွှင်မြူးလာအောင် ဟောတတ်ပြောတတ်ပါတယ်။ တရားဟောစင်မြင့်မှာသာမဟုတ်ပဲ သွားရင်းလာရင်းစားရင်းလဲ ရယ်စရာပြောတတ်ပါတယ်။ တကယ် ကြည်နူးဖို့ကောင်းပါတယ်။ ဒီအချက်ကလေးတွေဟာလဲ ဦးလေးလှကို မမေ့နိုင်တဲ့ အချက်ကလေးတွေ ဖြစ်ပါ တယ်။

ဦးလေးလှဟာလူအများအတွက်ဘက်ပေါင်းစုံကနေပြီးေကောင်းကျိုးတွေကို ပြုခဲ့သူအဖြစ် ကျွန်တော်သိ နိုင်ခဲ့ပါတယ်။

www.myanmarcupid.net

လူတဦးတယောက်ဟာ သူ့ဟာသူ မိုးထိအောင် တော်နေပါစေ၊ လူအများကို အကျိုးမပြုဘူး ဆိုရင်တော့ဒီလူဟာ လူအဖြစ်မွေးဖွားလာရကျိုးမနပ်ဘူးလို့ ဆိုရမယ်ဖြစ်ပါတယ်။ ဦးလေးလှဟာ လူ့ဘဝမှာ လူဖြစ်ကျိုးနပ်အောင်နေထိုင်သွားတဲ့သူအဖြစ် ကျွန်တော်တို့တတွေ မမေ့နိုင်အောင်ဖြစ်ကြရပါတယ်။ ကျွန်တော် မမေ့နိုင်တဲ့ဦးလေးကို ကဗျာဆရာတင်မိုးရဲ့ ကဗျာနဲ့မှတ်တမ်းတင်ပါရစေ။

လူသားအားလုံး ပန်ပါစေ
ပန်းဆိုသည်မှာ
ပွင့်ချိန်မှာပွင့် ရင့်ချိန်မှာကြွေ
မဆန်းချေ။
တရက်မျှသာ ပွင့်ရပါလည်း
ချမ်းသာပျော်ရွှင် ပွင့်မည်ပင်။
ပွင့်ရသည့်ခိုက် အဖိုးထိုက်၏
အမြိုက်အရသာ မှန်သည်ပင်။
ကြွေချိန်ကိုတွေး တဆွေးဆွေးနှင့်
ငေးမောနေက ပွင့်သစ်စတွင်
ရသဘယ်မှာရှိတော့အံ့။
ပွင့်ချိန်ကျလျှင်

www.myanmarcupid.net

လှလှပပ ပွင့်ပါမှ

ကြွေချိန်ရောက်လျှင်

မကြောက်ရွံ့ဖို့ ကြွေရမြဲကို

ရဲရဲကြွေကျလိုက်ပါမှ။

ပန်းမျိုးဖြစ်လျှင်

ပွင့်သစ်ရမည် ကြွေရမည်

တစက္ကန့်မျှ ပွင့်ချိန်ရလျှင်

လှလှပပ ပွင့်ပါလေ။

လူသားအားလုံး ပန်ပါစေ။

တက္ကသိုလ် မောင်စောလွင်

၂၆–၇–၁၉၈၃

www.myanmarcupid.net



# Mr. Handsome of The Masses

K

ကော

*I wish I know the cure*
*For broken hearted you,*
*I wish all things endure;*
*Oh I wish it is not true*
*That we are far apart*
*A ma, do not rue,*
*Let him in peace depart,*
*He, his worldly task has done,*
*And now to Parnassus has gone.*

www.myanmarcupid.net

31st August 1983

Dear M. Adamant

From the time your letter arrived, I've been trying to write, type-write, hand write with only poor success because my eyes are no good. When Mr. Handsome of the Masses left us I composed for you this.

I wish I know the cure
For broken hearted you,
I wish all things endure;
Oh I wish it is not true
That we are far apart
A ma, do not rue,
Let him in peace depart,
He, his worldly task has done,
And now to Parnassus has gone.

Meaning to write an article on him and send both along to you. Alas frustration was my fate. Inspiration and perspiration wrestled to overcome expiration because where as normally after writing one sentence the next sentence or clause is ready in the mind. Now at the conclusion of one sentence is a blank while the

www.myanmarcupid.net

mind is busy with the physical decrepitude of old-age. Even before your letter asks for it that article was to be ready to be sent to you as a pleasant surprise, the poem as a tender solace.

I think the line "He his worldly task has done truly describes Hla, because you notice how his numerous tales have begun to spill over the frontiers of Burma to take their place in international collections and anthologies. So also the subject themes of his publications, from folktales to Burmese occupations and scenes, especially his first person singular narratives of brokers, race goers, timber men and loggers, the one in the last category 'I the raft-toter' was so much of real national interest that I was going to translate it. Unfortunately I loaned it to a patient in a military hospital to whom I was indebted, and never had the heart to get it back.

If I would describe our Hla, it would be the word indefatigable, tireless, industrious. He was the opposite of me. I once translated a volume and there started Eravati of letters. printers proofs, fresh pages and reminders etc, from Mandalay to Rangoon urging me, encouraging me, in face driving me from over four hundred

www.myanmarcupid.net

miles away till my eyes felt the strain and had to beg him for respite. I consulted my beloved eye specialist Dr. Chan Taik "what's wrong with them?". "Just age" he said and wrote me a prescription for a pair of ready glasses.

Dear Hla! How fond he was of Mohingar when he and A ma are coming to or passing through Rangoon, he wrote ahead to me and we invited the busy couple to visit us of a morning to be regaled with Mohinga. Even when they could not visit our house we had to arrange to visit them at the place where they are staying, of course Mohinga accompany us there in a tiffin carrier. As I write this I was reminded of his gifts of his own books which lined several shelves of my almirahs all together and I had to go and survey them in gratefulness and say Ahmya! Ahmya! Ahmya! to U Hla. May he be well and happy in his present abode on the Burmese, equivalent of Mount PARNASSUS.

www.myanmarcupid.net



# a Man of That Gentleness

A humble tribute to late Ludu U Hla

Khin Myo Chit

ခင်မျိုးချစ်

*Where can I find words to say of the late U Hla, words that would do him justice? My husband called him, even to his face "uncrowned king of Mandalay". And U Hla was no less.*

www.myanmarcupid.net

One of the worst moments in a writer's life is when he/she wishes to pay tribute to a royal wedding wearing old shabby clothes. Now, here I stand, clad only in my usual thread-bared clichés, when the occasion calls for the noblest and the best.

Where can I find words to say of the late U Hla, words that would do him justice? My husband called him, even to his face "uncrowned king of Mandalay". And U Hla was no less.

More than four decades ago, when a debonair young man from down under ______ as the southern part of Burma is called _______ won the hand of the beautiful talented daughter of a distinguished Mandalay family, no one knew that he was soon to win the hearts of all Mandalay.

A young political activist and editor-manager of one of the best-selling monthlies of the 1930s, he became a dependable man of deeds in the Mandalay community. His young wife was already making her name in the literary circles, and theirs was a marriage of true minds, each sharing the aspirations of the other.

www.myanmarcupid.net

The Ludu Daily Newspaper was an outstanding result of their partnership and the joint name Ludu U Hla – Daw Ah Mar became a prestigious household word that be speaks of a happy marriage a successful professional life, and a place of honour in community.

It was indeed no small shock to friends and those who only knew him by repuration, to hear of his sudden death an adored husband, a much loved father, a staunch friend a much involved citizen, a prolific writer, it is hardly possible to cover the extent of the tragic loss.

Never have I left so inadequate to express myself. Hence I could only borrow from Richard Whittinton, a contemporary of Sir Thomas More, (1475-1538) of whom he wrote ------"I know not his fellow. For where is the man of that gentleness, lowliness, and affability?"

All I could say is that to know such a man was one of the best things that could happen to anyone, and without which one's life certainly be poorer.

Khin Myo Chit

23-9-83

www.myanmarcupid.net

# Saya U Hla as I know Him

## C.T. Aung

**စီတီအောင်**



*There is another thing I like about U Hla. He kept himself busy all the time. A writer never retires. He dies in harness of with his boots on. There were two eminent personalities in Mandalay whom I took the opportunity to call on whenever I happened to be there. They were Dr. R.L.Soni, the famous writer of books and articles on Buddhism and "Ludu" U Hla.*

www.myanmarcupid.net

We do not have a family name system in Burma. Different members of a family have different names. Just by hearing a person's name we cannot know to which family he belongs. The names Maung Maung, Maung Ba and Maung Hla are very common here just as the names Smith, Brown and Jones are common among the English-speaking peoples.

For easy indetification, birth-places are prefix to the names like Myanaung U Tin< Henzada U Mya and so on. By virtue of the name of the newspaper he founded, the late Saya U Hla came to be known as "Ludu" U Hla.

U Hla was very fond of collecting folktales belonging to all peoples of Burma, His travels sometimes took him to the remotest areas, where the only means available was by mule. He visited the people listened to what they said and wrote about their traditions, beliefs and folk tales of the Pa-o's. I do not remember the folk tales themselves but I do remember narration of an event very clearly. In a description about the Pa-o people, Saya U Hla wrote that some fifty years ago a number of Pa-o people living in the vicinity of Thaton migrated to Htantabin near Taungoo in

www.myanmarcupid.net

search of greener pastures. They were led by a monk and like every migrant, they carried whatever valuables they had on their bullock-carts. So that nobody would loose his way or he left behind, a gong was struck at the head of the caravan. When they reached their destination, they settled down at the same place. This account made a deep impression on my mind because I belong to the former Thaton District and also because the devotion of the simple people to their religious leader was so striking.

U Hla was a well-known journalist and author not only in Burma but abroad also. As far as I know, some of his books have been translated into German and Japanese.

To foster brotherhood and solidarity among the different ethnic groups in the country, an understanding of their cultures and traditions is a first requisite. By his ceaseless efforts to collect and write on the folk tales of the many racial groups of Burma, U Hla made a great contribution to national solidarity.

Through my reviews of some of the books written by U Hla and Daw Ah Mar, we got acquainted with one another. During my

www.myanmarcupid.net

extremely rare visit to Mandalay on duty, I made it a point to call on U Hla and Amagyi. They cordially asked me for dinner but I never had occasion to accept it because I was a guest of the Mandalay City Development Committee. To be completely honest with everybody, I must confess that was not the only reason. U Hla was a teetotaler as well as a non-smoker. Although I am much junior to him in age as well as in learning, I was not free from either of the two vices.

In our conversations I told them that between 1962 and 1965 I was stationed at the Burmese Embassy in Peking and that during that time I had occasion to visit the Burmese Department of Beijing University. At that time I saw the students learning Daw Ah Mar's articles as part of their lessons. U Hla told me that among the buildings constructed during the times of the Chinese emperors, there was some teak wood imported from Burma. According to U Hla's advice for me to write articles in Burmese also for the benefit of the younger generation, I tried once or twice but as the result was rather

www.myanmarcupid.net

unsatisfactory, I decided not to pursue the matter and further.

The well-known sculptor U Han Tin is an admirer of Daw Ah Mar for her writings. He therefore volunteered to make a statue of her. The famous couple came down to Rangoon so that a statue of Daw Ah Mar could be made by the sculptor. a few friends like myself were invited to the studio at North Okkalapa. When the moulding was completed, there was a lunch followed by speeches (How little did we realize that the subject of the statue would outlive her husband).

The last time I saw U Hla was at a novitiation ceremony in Rangoon. He and Daw Ah Mar had just returned from a visit to Mon State. They had spent two days at Setse beach, U Hla told me. He apparently was in good health and enjoyed his trip very much.

U Hla and Daw Ah Mar were an ideal couple. They were full of understanding for each other. Daw Ah Mar said on one occasion that had lived together for so long, she understood everything that motivated him. If we younger people want

www.myanmarcupid.net

to build happy marriages, there are many lessons which we should take from them.

There is another thing I like about U Hla. He kept himself busy all the time. A writer never retires. He dies in harness of with his boots on. There were two eminent personalities in Mandalay whom I took the opportunity to call on whenever I happened to be there. They were Dr. R.L.Soni, the famous writer of books and articles on Buddhism and "Ludu" U Hla. After each meeting with them I felt that I was some what spiritually uplifted. Both of them are now no more and both passed away rather unexpectedly.

One consolation we can take is that both of them led exemplary lives. They served the caused they believed in earnestly and unflinchingly. A writer's life is measured by the books he has written and the materials he has collected for prosperity. We never know when we cease to breathe. The only sure way of having a useful life is to spend our time for the good of humanity as long as we can.

May the being that was Saya U Hla attain ever lasting peace and Tranquillity.

www.myanmarcupid.net



စာလုံး အပေါက်အကျ များ နှင့် အထား အသိများ

အစီအစဉ်မကျ မတော်တဆ လွဲမှားနေသည်များ ရှိပါက

ခွင့်လွှတ်ကြပါကုန်...။

ကျေးဇူး အထူး တင်ရှိပါသည်။

ဤပီဒီအက်ဖ်စာအုပ်ဒီဇိုင်းတွင်ပါရှိသော ရုပ်ပုံများအားလုံးကို
http://www.fotosearch.com မှ ရယူပါသည်။

ဘဘလူထုဦးလှ နှင့် အမေလူထုဒေါ်အမာတို့အား

ရှိသေလေးစားစွာ ဂါ၀ရပြု ဦးညွှတ်ကန်တော့လျက်...

စာအုပ်ဒီဇိုင်းနှင့် ပီဒီအက်ဖ် စီစဉ်သူ

စုချစ် (SuuChit)

မြန်မာကျူးပစ် —myanmarcupid.net

www.myanmarcupid.net

This eBook is for the use of anyone anywhere at no cost. Commercial use of this book will be at your OWN RISK!

# လူထုချစ်သမျှ လူထုဦးလှ

၂၇ – ၀၉ – ၂၀၀၈

(ပထမအကြိမ်)

www.myanmarcupid.net